
# အင်တာနက်ကို အာဏာသိမ်းခြင်း
# - အရှေ့တောင်အာရှဒေသများတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှု၊ ထင်မြင်ယူဆမှုနှင့် အွန်လိုင်းသတင်း အချက်အလက်များရယူမှုတို့အား တားမြစ်ကန့်သတ်ခြင်း



icj
International Commission of Jurists

ကမ္ဘာ့ဒေသအားလုံးမှ အထင်ကရ တရားသူကြီးများနှင့် ရှေ့နေများ စုစုပေါင်း ၆၀ ဦးဖြင့် ဖွဲ့စည်း ထားသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ကော်မရှင် (International Commission of Jurists – ICJ) သည် တရားဥပဒေစိုးမိုးရေးမှတစ်ဆင့် ၎င်း၏ ထူးခြားသော ဥပဒေရေးရာ ကျွမ်းကျင်မှုကို အသုံးပြုပြီး ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်မှုစနစ်များကို ဖွံ့ဖြိုးခိုင်မာ စေခြင်းဖြင့် လူ့အခွင့်အရေးများကို တိုးမြှင့်ကာကွယ်လျက်ရှိပါသည်။ ၁၉၅၂ ခုနှစ်တွင် တည်ထောင် ခဲ့ပြီး ကမ္ဘာ့တိုက်ကြီး ငါးတိုက်တို့တွင် တက်ကြွစွာ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့် ICJ အနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ နှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာမှုဥပဒေကို စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်စေပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်အပါဝင် နိုင်ငံသား၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊စီးပွားရေး နှင့် လူမှုရေးဆိုင်ရာ အခွင့်အရေးများကို သေချာစွာ အကောင်အထည်ဖော်ရန်၊ အာဏာခွဲဝေပိုင်းခြား ကျင့်သုံးမှုကို အကာအကွယ်ပေးရန် နှင့် တရားစီရင်ရေး နှင့် ဥပဒေရေးရာ အသက်မွေးဝမ်းကြောင်းမှုတို့၏ လွတ်လပ်မှုကို အာမခံချက် ပေးနိုင်ရန် ရည်ရွယ်ပါသည်။

® အင်တာနက်ကို အာဏာသိမ်းခြင်း - အရှေ့တောင်အာရှဒေသများတွင် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုမှု၊ ထင်မြင်ယူဆမှုနှင့် အွန်လိုင်း သတင်းအချက်အလက်များရယူမှုတို့အား တားမြစ် ကန့်သတ်ခြင်း

© မူပိုင်ခွင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ကော်မရှင်

ဒီဇင်ဘာလ ၂၀၁၉

ICJ ၏ ရေးသားထုတ်ဝေမှုများမှ ထုတ်နုတ်ဖော်ပြချက်များကို ပြန်လည်ဖြန့်ဝေမည်ဆိုပါက ထိုသို့ ပြုလုပ်ရာတွင် ICJ အား အသိအမှတ်ပြု ပေးရမည် ဖြစ်ပြီး အဆိုပါ ကောက်နုတ်ချက်ပါဝင်သည့် ထုတ်ဝေမှု မိတ္တူတစ်စုံကို ကျွန်ုပ်တို့၏ ရုံးချုပ် သို့ အောက်ပါလိပ်စာအတိုင်း ပေးပို့ရပါမည်။

International Commission of Jurists

P.O. Box 1740

Rue des Buis 3

CH 1211 Geneva 1

Switzerland

t: +41 22 979 38 00

f +41 22 979 38 01

www.icj.org

# မာတိကာ


**အနှစ်ချုပ်**.....5

**၁။ နောက်ခံအကြောင်းအရာ**.....9

**၂ ။ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စံနှုန်းများ**.....21

**၁။လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် သတင်းအချက်အလက်များ ရရှိခွင့် အခွင့်အရေး**.....24

**၂။လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ထင်မြင်ယူဆခွင့်အခွင့်အရေးအပေါ် ဖြစ်နိုင်ခြေရှိသောကန့်သတ်ချက်များ**.....28

**၄။ထိရောက်သောကုစားမှု ခံယူခွင့်အခွင့်အရေး**.....33

**၅။လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် အွန်လိုင်းသတင်းအချက် အလက်ရရှိခွင့် အခွင့်အရေးများကို ကာကွယ်ခြင်း**.....34

**၆။လုံခြုံမှု အခွင့်အရေး**.....42

**၇။နယ်နိမိတ်ပြင်ပ ရှိနေမှု**.....47

**၈။ငြိမ်းချမ်းစွာ စုဝေးခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊နှင့် နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားခွင့် အခွင့်အရေးများ**.....50

**၉။ အင်တာနက်ကန့်သတ်ချက်များ၊ ဖြတ်တောက်မှုများနှင့် စပ်လျဥ်းသည့် နိုင်ငံတကာ စံနှုန်းများနှင့် ဝေဖန်သုံးသပ်ချက်**.....55

**၁၀။ဆိုက်ဘာနယ်ပယ်ကို ထိန်းကျောင်းသည့် အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများ ပေါ်ပေါက်လာစေရန် အခြားအားထုတ်မှုများ**.....59

**၃။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် အွန်လိုင်း သတင်း အချက်အလက် ရရှိခွင့်များကို မတော်မတရားကန့်သတ်ရန် ဥပဒေ မူဘောင်များကို အသုံးပြုခြင်း**.....63

**(က) တည်ဆဲ ဥပဒေ မူဘောင်များ**.....69

**၁။ တရားဝင် လူပုဂ္ဂိုလ်များ၏ ဂုဏ်သိက္ခာကို ကာကွယ်ရန် ရည်ရွယ်ထုတ်ပြန်ထားသော ဥပဒေများ**.....69

**ဖိလစ်ပိုင်နိုင်ငံ.....71**

**မြန်မာနိုင်ငံ ....................................................................................................73**

**ထိုင်းနိုင်ငံ....................................................................................................80**

**အင်ဒိုနီးရှားနိုင်ငံ ....................................................................................................90**

**စင်ကာပူနိုင်ငံ ....................................................................................................94**

**၂။ သက်ဦးဆံပိုင် ဘုရင်စနစ်၏ ဂုဏ်သိက္ခာကို ကာကွယ်ရန် ရည်ရွယ်ထုတ်ပြန်ထားသော ဥပဒေများ**
....................................................................................................100

**ထိုင်းနိုင်ငံ.................................................................................................... 102**

**ကမ္ဘောဒီးယားနိုင်ငံ.................................................................................................... 115**

**မလေးရှားနိုင်ငံ.................................................................................................... 118**

**၃။ နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု ဥပဒေများ** ....................................................................................................124

**မလေးရှားနိုင်ငံ.................................................................................................... 127**

**ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ.................................................................................................... 133**

**ဖိလစ်ပိုင်နိုင်ငံ.................................................................................................... 136**

**၄။ နိုင်ငံတော်လုံခြုံရေး ကာကွယ်ရန် (သို့) ငြိမ်ဝပ်ပိပြားမှုဖြစ်စေရန် ရည်ရွယ် ထုတ်ပြန်ထားသော ဥပဒေများ**....................................................................................................142

**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ (Loa PDR) .................................................................................................... 144**

**ဗီယက်နမ်နိုင်ငံ.................................................................................................... 149**

**မြန်မာနိုင်ငံ .................................................................................................... 157**

**၅။ တရားရုံးကို ကာကွယ်ရန်ရည်ရွယ်ထုတ်ပြန်ထားသော ဥပဒေများ**....................................................................................................161

**စင်ကာပူနိုင်ငံ .................................................................................................... 162**

**မလေးရှားနိုင်ငံ.................................................................................................... 167**

**ထိုင်းနိုင်ငံ.................................................................................................... 170**

**(ခ) အသစ်ပေါ်ပေါက်လာသော ဥပဒမူဘောင်များ** ....................................................................................................176

**၆။ အွန်လိုင်းသတင်းအချက်အလက်များကို ထိန်းချုပ်ရန် ရည်ရွယ်ထုတ်ပြန်ထားသော ဥပဒေများ**176

မလေးရှားနိုင်ငံ.......... 178

ဖိလစ်ပိုင်နိုင်ငံ.......... 185

ကမ္ဘောဒီးယားနိုင်ငံ.......... 190

၇။ အွန်လိုင်းသတင်းအချက်အလက်မှားပြန့်ပွားမှုထိန်းချုပ်နိုင်ရန် ရည်ရွယ်ထုတ်ပြန်ထား သော ဥပဒေများ..........192

မလေးရှားနိုင်ငံ.......... 194

စင်ကာပူနိုင်ငံ .......... 198

ဖိလစ်ပိုင်နိုင်ငံ.......... 205

လာအိုနိုင်ငံ.......... 207

၈။ ဆိုက်ဘာလုံခြုံမှုကာကွယ်ရန် ရည်ရွယ်ထုတ်ပြန်ထားသော ဥပဒေများ..........209

ဗီယက်နမ်နိုင်ငံ .......... 211

ထိုင်းနိုင်ငံ.......... 219

ကမ္ဘောဒီးယားနိုင်ငံ.......... 227

၉။ အင်တာနက်ဖြတ်တောက်ခြင်းသည် တရားမျှတမှုရှိကြောင်းပြရန်အတွက် အလွဲသုံးစား အသုံးပြုခံရသည့် ဥပဒေများ..........230

မြန်မာနိုင်ငံ .......... 232

ဖိလစ်ပိုင်၊ ဗီယက်နမ် နှင့် အင်ဒိုနီးရှားနိုင်ငံ .......... 236

၄။ အလွဲသုံးစားပြုမှု ပုံစံများ..........240

၁။ "နိုင်ငံတော်လုံခြုံရေး" နှင့် "ငြိမ်ဝပ်ပိပြားရေး" ..........241

၂။ ရေရာမှုမရှိသော၊ ဝေဝါးကျယ်ပြန့်လွန်းသော ဥပဒေပြဌာန်းချက်များ..........244

၃။ ပြင်းထန်သော ပြစ်ဒဏ်များ..........247

၄။ လွတ်လပ်ပြီး အမှီအခိုကင်းသော ကြီးကြပ်မှုယန္တရား မရှိခြင်း ..........249

၅။ ထိရောက်သော ပြန်လည်ကုစားမှု (သို့မဟုတ်) တာဝန်ခံမှုပေးရန် ပျက်ကွက်ခြင်း..........252

၆။ နယ်နိမိတ်ပြင်ပ ကျော်လွန်၍ အသုံးချမှု ..........254

**၅။ ရှေ့ဆက်လမ်းစဉ်** ........ 260

**၆။ သုံးသပ်ချက်** ........ 265

**၇။ နောက်ဆက်တွဲ** ........ 270

**ဤအစီရင်ခံစာတွင် ရည်ညွှန်းထားသော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေ ကြမ်းများ** ........ 270

**ဤအစီရင်ခံစာတွင် ရည်ညွှန်းထားသော အမှုဖြစ်ရပ်များတွင် အောက်ပါ လူပုဂ္ဂိုလ်များ ပါဝင်သည်** ........ 273

## အနှစ်ချုပ်

အင်တာနက်သည် ကမ္ဘာပေါ်တွင် ထိရောက်အားကောင်းမှုအရှိဆုံး ဆက်သွယ်ရေး နည်းလမ်းဖြစ်သည်။ ကမ္ဘာ့လူဦးရေအများစုအတွက် ၎င်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် သတင်းအချက်အလက်များရရှိခွင့်နှင့် အများပြည်သူဘဝတွင် ပါဝင် ပတ်သက်ခွင့် အစရှိသည်တို့ကို ကျင့်သုံးနိုင်ရန်အတွက် သိသာထင်ရှားသည့် နည်းလမ်းတစ်ခု ဖြစ်သည်။

သို့သော် အင်တာနက်သည် အသွားနှစ်ဖက်ပါသောဓားအဖြစ်လည်း အသုံးချခံရနိုင်သည်။ ပြည်သူလူထုသည် ယခုအခါ သတင်းအချက်အလက်များကို မကြုံစဖူး လက်လှမ်းမီရရှိ ခံစားနိုင်ပြီ ဖြစ်သည်။ တချိန်တည်းမှာပင် အမုန်းစကားများပျံ့နှံ့လာခြင်း၊ အကြမ်းဖက်မှုကို လှုံ့ဆော်ခြင်း၊ သတင်းအမှား/လုပ်ကြံသတင်း ဖြန့်ခြင်း (သို့မဟုတ်) ဝါဒဖြန့်ခြင်းများနှင့် နိုင်ငံတော်နှင့် အခြား အဖွဲ့အစည်းဆိုင်ရာ အခြေခံအဆောက်အအုံများအပေါ် ဆိုက်ဘာတိုက်ခိုက်မှုအန္တရာယ်များသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် သတင်းအချက်အလက်များရရှိခွင့်တို့ကို သာမက လုံခြုံမှု၊ ဘာသာရေးလွတ်လပ်ခွင့်နှင့် သက်ဝင်ယုံကြည်ပိုင်ခွင့်၊ နှင့် အများပြည်သူ ပါဝင်ပတ်သက်ခွင့်တို့အပါအဝင် အခြားအခွင့်အရေးများ စသည်တို့ကို ခြိမ်းခြောက်မှုများ ဖြစ်စေသည်။

ဤစိန်ခေါ်မှုများသည် စစ်မှန်သော ဥပဒေနှင့် မူဝါဒဆိုင်ရာ တုံ့ပြန်မှုများကို လိုအပ်သည်။ သို့သော်လည်း အရှေ့တောင်အာရှနိုင်ငံများတွင်မူ စိန်ခေါ်မှုများကိုဖြေရှင်းရန်အတွက် အစိုးရများက ထုတ်ပြန်ထားသည့် ဥပဒေပြဋ္ဌာန်းချက်များနှင့် ၎င်းဥပဒေများအားလိုက်နာ အကောင်အထည် ဖော်မှုများသည် လူ့အခွင့်အရေးဥပဒေအရ တာဝန်ဝတ္တရားများကို ချိုးဖောက်မှုကိုဖြစ်စေပြီး တရားဥပဒေစိုးမိုးမှုကို အားနည်းစေသည့်နည်းလမ်းများဖြင့် ထုတ်ဖော်ပြောဆိုမှုနှင့် ဝေဖန်မှုများအား ဖိနှိပ်ရန်အတွက် အသုံးပြုခံနေရသည်။

ဒေသတွင်းရှိ ဥပဒေမူဘောင်များနှင့် ရွေးချယ်ထားသောဖြစ်ရပ်များကို လေ့လာဆန်း စစ်ခြင်းအားဖြင့်[1] ဤအစီရင်ခံစာသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့်

[1] ဤအစီရင်ခံစာပါ အချက်အလက်များသည် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့အထိ မှန်ကန်တိကျသည်။

အွန်လိုင်း သတင်းအချက်အလက်များရရှိခွင့်ကို ကန့်သတ်ထားသည့်နည်းလမ်းဖြင့် ဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်နေသည့် ဒေသတွင်းရှိ ယေဘုယျအလွဲသုံးစားမှုပုံစံများကိုဖော်ပြ ထားသည်။

ဤကဲ့သို့ဖြစ်ပျက်မှုပုံစံသည် အသစ်အဆန်းမဟုတ်ပဲ အရှေ့တောင်အာရှ အစိုးရများသည် ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်များရရှိခွင့်ကို ကန့်သတ်ရန် ဆယ်စုနှစ်ပေါင်းများစွာ တိုင်အောင် ဥပဒေများကို ဖန်တီးကာ ပြဋ္ဌာန်းအကောင်အထည်ဖော်ခဲ့ကြပြီး ဖြစ်သည့်အပြင် ယခုနှစ်ကာလများတွင်လည်း ဤချိုးဖောက်မှုပုံစံဟောင်းများကို အွန်လိုင်းနယ်ပယ်သို့ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

အသရေဖျက်မှု၊ မင်းမျိုးမင်းနွယ်များအား စော်ကားမှု၊ နိုင်ငံတော်အပေါ် အကြည်ညိုပျက်စေမှု၊ တရားရုံးကို မထီမဲ့မြင်ပြုမှု (သို့မဟုတ်) "နိုင်ငံတော်ပုန်ကန်မှုများ" များကို တားမြစ်သည့် ဥပဒေများအပါအဝင် အင်တာနက်ခေတ်မတိုင်မီတွင် ပြဋ္ဌာန်းခဲ့သော ဥပဒေများသည် ထုတ်ဖော်ပြောဆိုခွင့်နှင့် အွန်လိုင်း သတင်းအချက်အလက်များရရှိခွင့်တို့ကို စိစစ်ဖြတ်တောက်ရန် ပြင်ဆင်ရည်ရွယ်ကာ ဖြည့်စွက်ခံခဲ့ရသည်။ အင်တာနက်ပေါ်တွင် သတင်းအချက်အလက်များကို ထိန်းကျောင်းရန်၊ သတင်းအမှား/လုပ်ကြံသတင်း ပြန့်ပွားမှုများကိုထိန်းချုပ်ရန်၊ ဆိုက်ဘာလုံခြုံရေးကို သေချာစေရန်နှင့် အင်တာနက်ပိတ်ခြင်းကို တရားမျှတကြောင်းပြရန် အဆိုအရ မိတ်ဆက်ပေးခဲ့သော မကြာသေးမီကထုတ်ပြန်ခဲ့သော ဥပဒေများသည်လည်း အလားတူရည်ရွယ်ချက်များအတွက် အသုံးချမှုခံခဲ့ရသည်။

ဤမူဘောင်များတွင် တိကျရေရာမှုမရှိပဲ ကျယ်ပြန့်လွန်းသော ဥပဒေရေးရာပြဋ္ဌာန်းချက်များ၊ ပြင်းထန်ပြီး တရားမျှတဆီလျော်မှုမရှိသည့် ပြစ်ဒဏ်များ၊ လွတ်လပ်သော ထိန်းကျောင်းကြီးကြပ်ရေး လုပ်ငန်းစနစ်များမရှိခြင်း၊ နှင့် ထိရောက်သော ပြန်လည်ကုစားမှု (သို့မဟုတ်) တာဝန်ခံမှုပေးရန် ပျက်ကွက်ခြင်းတို့ ပါဝင်သည်။ "နိုင်ငံတော်လုံခြုံရေး" နှင့် "ငြိမ်ဝပ်ပိပြားရေး" စသည့်ယူဆချက်များအား အာဏာရအစိုးရ၏အကျိုးစီးပွားများ (သို့မဟုတ်) အခြားအင်အားကြီးမားသော အကျိုးစီးပွားများဖြစ်သည့် (သို့) လိုလားသည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုအား ပစ်မှတ်ထားကန့်သတ်ရာတွင် ပုံမှားရိုက်ပေါင်းစပ်အသုံးပြုလျက်ရှိသည်။

ထွန်းသစ်လာသည့် ဥပဒေများသည် နယ်နိမိတ်ပြင်ပအသုံးချမှုကို ခွင့်ပြုထားပြီး အချို့သောဖြစ်စဉ်များတွင် လူသိရှင်ကြားထုတ်ဖော်ပြောဆိုမှုများအပေါ် သက်ရောက်မှုရှိရုံသာမက ပုဂ္ဂလိကဆက်သွယ်ရေးအထိပါ လွှမ်းခြုံသက်ရောက်မှုရှိရန် ၎င်းတို့၏အကျုံးဝင်မှုကို တိုးချဲ့ရန် ကြိုးပမ်းထားပါသည်။ ဤမူဘောင်များသည် အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်မှု ဖြစ်စေပြီး တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်သည့် တရားဥပဒေနှင့်ကိုက်ညီမှု၊ မရှိမဖြစ်လိုအပ်မှုနှင့် မျှတဆီလျော်မှုဆိုင်ရာမူများ တရားမျှတဆီလျော်မှုနှင့်အညီ သမာသမတ်ကျကျ ရည်ရွယ်ဆောင်ရွက်နိုင်ခြင်းမရှိပေ။

ဤအစီရင်ခံစာသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေသည် အွန်လိုင်းပေါ်တွင်သာမက အော့ဖ်လိုင်းတွင်ပါ အခွင့်အရေးများအားကျင့်သုံးမှုကို ကာကွယ်ရန် ယနေ့ဒစ်ဂျစ်တယ်ခေတ်တွင် သက်ဆိုင်မှုရှိနေဆဲဖြစ်သည်ကိုသာမက ယခင်ကထက်ပို၍ ၎င်းဥပဒေအားအသုံးချရန် လိုအပ်ကြောင်း အခိုင်အမာပြသခြင်းဖြင့် ကောက်ချက်ချထားသည်။

၎င်းသည် အရှေ့တောင်အာရှရှိ နိုင်ငံများအား လက်ရှိတည်ဆဲ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းမူဘောင်များအား ၎င်းတို့၏ အပြည်ပြည်ဆိုင်ရာတာဝန်ဝတ္တရားများနှင့်ကိုက်ညီစေရန် ဖျက်သိမ်းရန်၊ ပြင်ဆင်ရန် (သို့မဟုတ်) တစ်နည်းအားဖြင့် ပြုပြင်ရန် တောင်းဆိုထားသည်။ လူ့အခွင့်အရေးကို လေးစားလိုက်နာမှုသည် ကမ္ဘာ့အသိုင်းအဝိုင်းမှ အဖွဲ့ဝင်များအားလုံး ၎င်းတို့၏လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် သတင်းအချက်အလက်များရရှိခွင့်များကို အပြည့်အဝ ခံစားနိုင်ရန်နှင့် ကျင့်သုံးနိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည်သာမက လူ့အခွင့်အရေးအသုံးအနှုန်း များဖြင့် ရေးဆွဲထားသည့် ဥပဒေပြဌာန်းမှုများသည်လည်း အမုန်းစကားများပြန့်ပွားမှု၊ အွန်လိုင်းမှ သတင်းအချက်အလက်အမှားများ ပြန့်ပွားမှု၊ ဆိုက်ဘာတိုက်ခိုက်မှုများနှင့် အခြားဆိုက်ဘာရာဇဝတ်မှုများကြောင့်ဖြစ်ပေါ်လာသည့် အမုန်တကယ်ခြိမ်းခြောက်မှုများမှ ကာကွယ်ရန် အကောင်းဆုံးနှင့်အထိရောက်ဆုံးနည်းလမ်းဖြစ်သည်ဟု အစီရင်ခံစာကဆိုထားသည်။

**အင်တာနက်ကို အာဏာသိမ်းခြင်း။ အရှေ့တောင်အာရှတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် အွန်လိုင်းသတင်းအချက်အလက်ရရှိခြင်းကို ကန့်သတ်ခြင်း**

ဤအစီရင်ခံစာသည် အရှေ့တောင်အာရှရှိ အစိုးရများသည် အွန်လိုင်းတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းနှင့် အကြောင်းအရာများကို ကန့်သတ်ထိန်းချုပ်သည့် ဥပဒေကို မည်သို့မည်ပုံ အသုံးပြု၍ လူတစ်ချင်းစီ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် ရယူခွင့်ကို ထိခိုက်နစ်နာစေသည်ကို ခွဲခြမ်းစိတ်ဖြာထားသည်။ နိုင်ငံတော်လုံခြုံရေးကို ကာကွယ်ရန်နှင့် ငြိမ်ဝပ်ပိပြားရေးအတွက် အသရေဖျက်မှု၊ မင်းမျိုးမင်းနွယ်များအား စော်ကားမှု၊ နိုင်ငံတော်အပေါ် အကြည်ညိုပျက်စေမှု၊ တရားရုံးကို မထီမဲ့မြင်ပြုမှု (သို့မဟုတ်) "နိုင်ငံတော်ပုန်ကန်မှုများ" ကို ရာဇဝတ်ပြစ်မှုကျူးလွန်ခြင်းအဖြစ် ဆယ်စုနှစ်များစွာ ဥပဒေတွင် ပြဋ္ဌာန်းဖော်ပြထားသည်။ လက်တွေ့ တွင် အခြားအင်အားကြီးမားသော အကျိုးစီးပွား (သို့မဟုတ်) အစိုးရ၏ အကျိုးစီးပွားအတွက် အစိုးရများသည် နိုင်ငံတော်လုံခြုံရေးကို ပုံမှားရိုက်ပေါင်းစပ် အကြောင်းပြကာ အွန်လိုင်း နှင့် အောဖ့်လိုင်း နှစ်ခုစလုံးမှ လူတစ်ဦးချင်းစီ၏ ထုတ်ဖော်ပြောဆိုသည့် သဘောထားကွဲလွဲမှုများ အပါအဝင် အမြင်အမျိုးမျိုးကို ပစ်မှတ်ထားခဲ့ကြသည်။ လူတစ်ဦးချင်းစီ၏ လွတ်လပ်စွာရေးသား ထုတ်ဖော်ပြောဆိုခွင့်၊ သတင်းအချက်အလက်ရရှိခွင့်၊ သီးခြားလွတ်လပ်စွာ နေထိုင်ခွင့်၊ ရုပ်ပိုင်းဆိုင်ရာ သမာဓိရှိခြင်း နှင့် လုံခြုံခွင့်တို့ကို ချိုးဖောက်ရန်အတွက် အသုံးပြုနေခြင်းဖြစ်သည်။ ဤကဲ့သို့သော အလွဲသုံးစားမှုသည် ဆက်လက်ဖြစ်ပွားလျက်ရှိပြီး မကြာသေးမီနှစ်များတွင် အွန်လိုင်းသတင်းအချက်အလက်များကို ထိန်းကျောင်းရန်၊ အွန်လိုင်းပေါ်တွင် သတင်းအမှားများ ပြန့်ပွားမှုကို ထိန်းချုပ်ရန်နှင့် ဆိုက်ဘာလုံခြုံရန်အတွက် ငြိမ်ဝပ်ပိပြားမှုကို အကြောင်းပြကာ ရံဖန်ရံခါ အင်တာနက်ဖြတ်တောက်မှုကို ခွင့်ပြုနိုင်သည့် ဥပဒေအသစ်များကို ပြဋ္ဌာန်းခြင်းမှတဆင့် အွန်လိုင်းနယ်ပယ်လောကသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

အမုန်းစကား၊ အကြမ်းဖက်မှုကျူးလွန်စေရန် အွန်လိုင်းပေါ်မှ လှုံ့ဆော်မှုနှင့် ဆိုက်ဘာ တိုက်ခိုက်ခြင်းတို့အပါအဝင် အခြားသောသူများ၏ ဂုဏ်သိက္ခာ (သို့မဟုတ်) အခွင့်အရေးများကို

နစ်နာစေသည့် အကြောင်းအရာ ပြန့်ပွားမှုတို့သည် အရေးကြီးသော ပြဿနာများဖြစ်ကာ ၎င်းတို့အတွက် အရေးပေါ်ဥပဒေနှင့် မူဝါဒဆိုင်ရာ အဖြေများ လိုအပ်သည်ကို အိုင်စီဂျေ (ICJ) အနေဖြင့် အသိအမှတ်ပြု လက်ခံပါသည်။[2] သို့သော်လည်း အရှေ့တောင်အာရှရှိ အစိုးရများသည် အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ဥပဒေပြုရေးကြိုးပမ်းမှုများသည် ယေဘုယျအားဖြင့် သဘောရိုးနည်းလမ်းဖြင့်စတင်ခြင်းမဟုတ်ပဲ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့် ကိုက်ညီမှုမရှိသော နည်းလမ်းများဖြင့်လုပ်ဆောင်ခြင်းဖြစ်သည်။ အိုင်စီဂျေ (ICJ) အနေဖြင့် ဤအစီရင်ခံစာအား လူ့အခွင့်အရေးနှင့် လိုက်လျောညီထွေမှုရှိသော မူဝါဒအဖြေများကို အထောက်အကူပြုရန်ရည်ရွယ်ကာ အတိတ်မှ ချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်းနှင့် လက်ရှိ ဥပဒေမူဘောင်များ၏ ပြဿနာဖြစ်စေသော ရှုထောင့်များကို ဖော်ထုတ်ခြင်းအားဖြင့် နည်းပညာအသစ်များမှ ဆောင်ကြဉ်းလာသော လူ့အခွင့်အရေးများနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ဖြေရှင်းပေးနိုင်သော ဥပဒေမူဘောင်အသစ်များကို ရေးဆွဲကြိုးပမ်းမှုများတွင် အပြုသဘောဆောင်ပြီး အထောက်အကူပြုစေရန် ရည်ရွယ်သည်။

## ၁။ နောက်ခံအကြောင်းအရာ

အင်တာနက်သည် ကမ္ဘာပေါ်တွင် ထိရောက်အားကောင်းမှုအရှိဆုံး ဆက်သွယ်ရေးနည်းလမ်းဖြစ်သည်။ ၎င်းသည် ကမ္ဘာ့လူဦးရေ၏ အများစုအတွက် အဝေးမှ ဆက်သွယ်ပြောဆိုခြင်းကို လက်ခံရရှိ၊ ပေးပို့ခြင်း နှင့် အများပြည်သူဘဝတွင် ပါဝင်ပတ်သက်ခြင်းတို့တွင် အဓိက နည်းလမ်းတစ်ခုဖြစ်သည်။ ပြည်သူလူထုသည် ၎င်းတို့၏ လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များကို အွန်လိုင်းပေါ်တွင်လည်း အော့ဖ်လိုင်းတွင်ကဲ့သို့ပင် ကျင့်သုံးကြသည်။[3] ၂၀၁၉

[2] ယင်းတွင် အသရေပျက်စေသည့် အကြောင်းအရာများ၊ ဥပမာအားဖြင့် ရွေးကောက်ပွဲများ အခြေအနေတွင် ပိုင်ရှင်၏ခွင့်ပြုချက်မရှိဘဲ လူတစ်ဦးတစ်ယောက်၏ လုံခြုံမှုအခွင့်အရေး၊ မဲပေးပိုင်ခွင့် အခွင့်အရေး (သို့မဟုတ်) ထင်မြင်ယူဆချက်များကို ဝင်ရောက်စွက်ဖက်ခံရခြင်းမရှိဘဲ ထိန်းသိမ်းခွင့် နှင့် သတင်းအချက်အလက်များကို ရှာဖွေပိုင်ခွင့်၊ လက်ခံရရှိပိုင်ခွင့်နှင့် ဝေမျှပိုင်ခွင့် အခွင့်အရေးများစသည့် သူ (သို့မဟုတ်) သူမ၏ အခြားအခွင့်အရေးများကို ကျင့်သုံးနိုင်စွမ်းအပေါ် ဆိုးကျိုးသက်ရောက်စေနိုင်သည့် သတင်းအမှား/လုပ်ကြံသတင်း (သို့မဟုတ်) ဝါဒဖြန့်မှုစသည့် ပုဂ္ဂလိကကိုယ်ရေးကိုယ်တာ အကြောင်းအရာပြန့်ပွားမှု ပါဝင်နေသည်။

[3] Miniwatts Marketing Group ၊ "အင်တာနက်တိုးတက်လာမှု စာရင်းဇယား" ၊ ၂၀၁၉ မေ ၉ ၊ https://www.internetworldstats.com/emarketing.htm တွင်ကြည့်ရှုနိုင်သည်။ လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်အခွင့်အရေးကို မြှင့်တင်ခြင်းနှင့်ကာကွယ်ခြင်းဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၊ ၂၀၁၈ ဧပြီ ၆ ၊ A/HRC/38/35 ၊ စာပိုဒ် ၁။

ခုနှစ် ဧပြီလ အထိ ကမ္ဘာ့လူဦးရေ၏ ၅၈ ရာခိုင်နှုန်းသည် အင်တာနက် အသုံးပြုနေကြပြီဖြစ်ပြီး ၄၅ ရာခိုင်နှုန်းသည် လူမှုကွန်ယက်ပလက်ဖောင်းများကို တက်ကြွစွာအသုံးပြုသူများဖြစ်ကြသည်။[4] လူအများသည် ၎င်းတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် သတင်းအချက်အလက်များ ရရှိခွင့် အခွင့်အရေးများကို ကျင့်သုံးရန်အတွက် အွန်လိုင်းပလက်ဖောင်းများသို့ လှည့်လာသည်နှင့် အမျှ နိုင်ငံများအနေဖြင့် အွန်လိုင်းနယ်ပယ်တွင် လူ့အခွင့်အရေးကို ကာကွယ်ရန်နှင့် ဖြည့်ဆည်းရန် ၎င်းတို့၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် မဖြစ်မနေလိုအပ်လာသည်။[5] ယင်းတွင် ဒီဂျစ်တယ်လက်လှမ်းမီမှုနှင့် အွန်လိုင်းပေါ်တွင် သတင်းအချက်အလက်များစီးဆင်းမှုကို ဆက်သွယ်ပေးပြီး ထိန်းကျောင်းပေးသည့် ဆက်သွယ်ရေးဆိုင်ရာပံ့ပိုးသူများနှင့် လူမှုကွန်ယက်ပလက်ဖောင်း များကဲ့သို့သော ပုဂ္ဂလိကကဏ္ဍ အချို့၏လုပ်ဆောင်မှုများကို ထိန်းကျောင်းရန်အဆင့်များကို စတင် လုပ်ဆောင်ခြင်းတို့ပါဝင်သည်။ ထိုပုဂ္ဂလိကကုမ္ပဏီများကိုယ်တိုင်သည်လည်းထိုအခွင့်အရေးများကို လေးစားကာကွယ်ရမည်ဖြစ်သည်။

လူ့အခွင့်အရေးရှုထောင့်မှကြည့်လျှင် အင်တာနက်သည် အသွားနှစ်ဖက်ပါသောဓားပင် ဖြစ်သည်။ ပြည်သူလူထုသည် ယခုအခါ သတင်းအချက်အလက်များကို မကြုံစဖူး လက်လှမ်းမီမှုနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးရန် အင်အားကြီးမားသော နည်းလမ်းသစ်များကို ရရှိခံစားနိုင်ပြီဖြစ်သည်။ တစ်ချိန်တည်းမှာပင် အကြမ်းဖက်သော ထုတ်ဖော် ပြောဆိုမှုများသည် အမုန်းစကား (သို့မဟုတ်) အကြမ်းဖက်မှုကို လှုံ့ဆော်သည့်

---

[4] International Telecommunications Union ၊ " ITU မှ ၂၀၁၈ ခုနှစ် ကမ္ဘာလုံးဆိုင်ရာနှင့်ဒေသတွင်းဆိုင်ရာ အိုင်စီတီခန့်မှန်းချက်များထုတ်ပြန်ခဲ့သည် " ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၇ ရက် ၊ https://www.itu.int/en/mediacentre/Pages/2018-PR40.aspx တွင်ကြည့်ရှုနိုင်သည်။ Simon Kemp ၊ " ၂၀၁၉ ခုနှစ် ဒစ်ဂျစ်တယ်အခြေအနေ - သင်သိရှိရန်လိုအပ်သည့် ကိန်းဂဏန်းများ " ၊ We Are Social ၊ ၂၀၁၈ ခုနှစ် ဧပြီလ ၆ ရက်၊ https://wearesocial.com/blog/2019/04/the-state-of-digital-in-april-2019-allthe-numbers-you-need-to-know တွင်ကြည့်ရှုနိုင်သည်။

[5] လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်အခွင့်အရေးကို မြှင့်တင်ခြင်းနှင့်ကာကွယ်ခြင်းဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ အစီရင်ခံစာကို ကြည့်ပါ၊ ၂၀၁၇ ခုနှစ် မတ်လ ၃၀ ရက်၊ A/HRC/35/22 (‘A/HRC/35/22’) ၊ စာပိုဒ် ၁၊ ၃ ; လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်အခွင့်အရေးကို မြှင့်တင်ခြင်းနှင့်ကာကွယ်ခြင်းဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ အစီရင်ခံစာ၊ ၂၀၁၈ ခုနှစ် ဧပြီလ ၆ ရက် ၊ A/HRC/38/35 (‘A/HRC/38/35’) ၊ စာပိုဒ် ၁ တို့ကို ကြည့်ပါ။

သတင်းအချက်အလက် နှင့် သတင်းအချက်အလက်အမှား/လုပ်ကြံသတင်းများပြန့်နှံ့လာခြင်း[6] (သို့မဟုတ်) ဝါဒဖြန့်ခြင်း[7] ( သတင်းအချက်အလက်များရရှိခွင့်၊ ထင်မြင်ယူဆပိုင်ခွင့် နှင့် လုံခြုံမှုအခွင့်အရေးများကို ဝင်ရောက်စွက်ဖက်နိုင်သည့် ) စသော ထိန်းသိမ်းရန်ခက်ခဲသည့် နည်းလမ်းများဖြင့် မြင့်မားလျက် ရှိသည်။ အချို့ဖြစ်ရပ်များတွင် ၎င်းတို့သည် စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းကျောင်း မခံရသင့်ပါ။[8] ထို့အပြင် အင်တာနက်အသုံးပြုခြင်းသည်

---

[6] ဤစာတမ်းသည် "သတင်းအချက်အလက်အမှား/လုပ်ကြံသတင်း ၊ disinformation" ဟူသောအဓိပ္ပါယ်ဖွင့်ဆိုချက်အား " ဘေးထွက်ဆိုးကျိုးဖြစ်စေရန် သိလျက်နှင့် တမင်တကာမျှဝေသည့် မှားယွင်းသော သတင်းအချက်အလက်" အဖြစ်လည်းကောင်း၊"သတင်းအချက်အလက်အမှား ၊ misinformation" အား "မှားယွင်းသော သတင်းအချက်အလက်ကိုမျှဝေသော်လည်း မည်သည့်ဘေးထွက်ဆိုးကျိုးမှမဖြစ်သောသတင်းအချက်အလက်" ဟု လည်းကောင်း အသီးသီးအဓိပ္ပါယ်ဖွင့်ဆိုထားချက် လက်ခံအသုံးပြုထားပါသည်။ ယင်းသည် ဥရောပပါလီမန် မှတာဝန်ပေးထားသည့် အွန်လိုင်းလူမှုကွန်ယက် ဝက်ဘ်ဆိုက်များမှတစ်ဆင့် ဖြန့်ဝေသည့် သတင်းအချက်အလက်အမှား/လုပ်ကြံသတင်း နှင့် ဗျူဟာမြောက်နိုင်ငံရေးဝါဒဖြန့်မှုများ၏ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီနှင့် အခြေခံအခွင့်အရေးများအပေါ်သက်ရောက်မှုအား လေ့လာမှုမှ လက်ခံထားသည့် Wardle နှင့် Derakhshan တို့မှ အဆိုပြုထားသည့် အုပ်စုခွဲခြားခြင်းဖြစ်သည်။ Policy Department for Citizens' Rights and Constitutional Affairs ၏ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ထုတ် " သတင်းအချက်အလက်အမှား/လုပ်ကြံသတင်း နှင့် ဝါဒဖြန့်မှုများ - EU နှင့် အဖွဲ့ဝင်နိုင်ငံများ၏ တရားဥပဒေစိုးမိုးရေးလုပ်ဆောင်မှုအပေါ်သက်ရောက်မှုကို http://www.europarl.europa.eu/RegData/etudes/STUD/2019/608864/IPOL_STU(2019)608864_EN.pdf စာမျက်နှာ ၂၆ တွင်ကြည့်ပါ။ Wardle, C. နှင့် Derakhshan H တို့၏ "သတင်းအချက်အလက်ပျက်ယွင်းခြင်း : ကျွမ်းကျင်မှုနယ်ပယ်စုံပါဝင်သောမူဘောင်ဆီသို့" Council of Europe ၊ ၂၀၁၇ ခုနှစ်၊ စာမျက်နှာ ၂၂ ကိုရည်ညွှန်း၍။

[7] ဤအစီရင်ခံစာတွင် "ဝါဒဖြန့်ခြင်း"ကို "ထင်မြင်ယူဆချက်၊ ခံယူချက်၊ လုပ်ဆောင်ချက် သို့မဟုတ် အပြုအမူများအား လက်ခံမှုကို လွှမ်းမိုးခြင်း၊ ခြယ်လှယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ မြင့်တင်ခြင်း၊ ပြောင်းလဲခြင်း၊ ဆွဲဆောင်ခြင်း (သို့မဟုတ်) ရရှိခြင်းပညာရပ်" ဟုယေဘုယျအားဖြင့် အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်ဟူ၍ ဥရောပပါလီမန်၏ စောင့်ကြည့်လေ့လာမှုအားဖြင့် ဖော်ပြထားသည်၊ ၂၀၁၉ ခုနှစ်ဖေဖော်ဝါရီလ၊ စာမျက်နှာ ၂၆ ။ Martin, J. 'ဝါဒဖြန့်ခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက် "အပြည်ပြည်ဆိုင်ရာ ဝါဒဖြန့်ခြင်း : ၎င်း၏ဥပဒေရေးရာနှင့်သံတမန်ရေးရာထိန်းချုပ်မှု" ' University of Minnesota Press ၊ ၁၉၅၈ ခုနှစ်၊ စာမျက်နှာ ၁၀ ကိုရည်ညွှန်း၍။

[8] ၂၀၁၇ ခုနှစ်ပူးတွဲ ကြေငြာချက်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူး ကိုယ်စားလှယ် နှင့် အလားတူလုပ်ပိုင်ခွင့်အာဏာအပ်နှင်းခံထားရသည့် ဒေသတွင်းအထူးကိုယ်စားလှယ်သုံးဦးတို့သည် "သတင်းအချက်အလက်အမှား/လုပ်ကြံသတင်းနှင့် ဝါဒဖြန့်ချိမှုများသည် လူထုအား လှည့်ဖြားရန်နှင့် ပြည်သူလူထု၏ သိပိုင်ခွင့် အခွင့်အရေးနှင့် လူတစ်ဦးချင်းစီ၏ သတင်းအချက်အလက်နှင့် အမျိုးမျိုးသောအတွေးအခေါ်များကို ရှာဖွေပိုင်ခွင့်နှင့် လက်ခံရရှိပိုင်ခွင့်အပြင် ဝေမျှပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်ရန် စီစဉ်ကာ မကြာခဏ အကောင်အထည်ဖော်နေကြသည်" နှင့် "အချို့သော သတင်းအချက်အလက်အမှား/လုပ်ကြံသတင်းနှင့် ဝါဒဖြန့်ချိမှုပုံစံများသည် လူတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာနှင့် လုံခြုံမှုကို ဆိုးကျိုးသက်ရောက်စေသည်၊ သို့မဟုတ်

အသုံးပြုသူများကို အစိုးရအာဏာပိုင်များ၏ စောင့်ကြည့်ခြင်း (သို့မဟုတ်) စီးပွားဖြစ်ရည်ရွယ်ချက်များအတွက် ကုမ္ပဏီများမှ ကိုယ်ရေးကိုယ်တာအချက်အလက်များကို အသုံးပြုခြင်းများမှ တဆင့်ဖြစ်စေ လုံခြုံမှုနှင့် လုံခြုံရေးဆိုင်ရာအခွင့်အရေးများအပါအဝင် ၎င်းတို့၏အခွင့်အရေးများအား ချိုးဖောက်မှုများနှင့် အကြမ်းဖက်ခံရမှုများကို သက်ရောက်စေသည်။ နိုင်ငံတော်နှင့် အခြားအဖွဲ့အစည်းဆိုင်ရာ အွန်လိုင်းအခြေခံအဆောက်အအုံများအပေါ် ဆိုက်ဘာတိုက်ခိုက်မှုများသည်လည်း စစ်မှန်သော ဥပဒေနှင့် မူဝါဒဆိုင်ရာ တုံ့ပြန်မှုများကို လိုအပ်သည်။ ဤပြဿနာများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် သတင်းအချက်အလက်များရရှိခွင့်အခွင့်အရေးများကို ကျင့်သုံးခြင်း၊ လုံခြုံမှု၊ ဘာသာရေးလွတ်လပ်ခွင့်နှင့် သက်ဝင်ယုံကြည်ခွင့်၊ နှင့် အများပြည်သူ ပါဝင်ပတ်သက်ခွင့်အပါအဝင် အခြားအခွင့်အရေးများအပေါ် ခြိမ်းခြောက်မှုများကို ဖြစ်စေသည်။[9]

အရှေ့တောင်အာရှတွင် ဤပြဿနာများသည် အကြောင်းရင်းအမျိုးမျိုးကြောင့် များစွာ စိုးရိမ်ဖွယ်ရာဖြစ်နေသည်။ ၎င်းဒေသတွင် အင်တာနက်အသုံးပြုသူ သန်းပေါင်း ၄၀၀ ကျော်ရှိသည်။[10] တစ်ချိန်တည်းမှာပင် နိုင်ငံအနှံ့နှင့် နိုင်ငံများအတွင်းတွင် လူမှုကွန်ယက်များအား လက်လှမ်းမီမှုနှင့်စပ်လျဉ်း၍လည်း ကြီးမားသောကွာဟမှုများရှိနေသည်။ အင်တာနက်ကို လက်လှမ်းမီအသုံးပြုနိုင်လာခြင်းသည် ယခင်ကသီးခြားဖြစ်နေသောလူမှုအသိုင်းအဝန်းများကို အနည်းအကျဉ်းမျှသော ကြိုတင်ပြင်ဆင်မှုဖြင့်သာ ကမ္ဘာလုံးဆိုင်ရာ မီဒီယာဂေဟစနစ်၏

---

လူ့အဖွဲ့အစည်းအတွင်းမှ ခွဲခြားသတ်မှတ်နိုင်သော လူအုပ်စုဝင်များအပေါ် အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှု သို့မဟုတ် ရန်လိုမှုတို့ကို လှုံ့ဆော်ပေးသည်" ဟုမှတ်ချက်ပြုထားသည်။ လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်အခွင့်အရေးကို မြှင့်တင်ခြင်းနှင့်ကာကွယ်ခြင်းဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၊ ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း (OSCE)၏ မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ ကိုယ်စားလှယ်၊ အမေရိကန်ပြည်ထောင်စုအဖွဲ့အစည်း (OAS) ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ် နှင့် လူ့နှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိကကော်မရှင် (ACHPR) ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ကို လက်လှမ်းမီခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်တို့၏ 'လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်နှင့် "သတင်းအတုများ"၊ သတင်းအချက်အလက်အမှား/လုပ်ကြံသတင်းနှင့် ဝါဒဖြန့်ချိမှုများအပေါ် ပူးတွဲကြေငြာချက်'၊ ၂၀၁၇ ခုနှစ် မတ်လ ၃ ရက် ၊ ကို https://www.osce.org/fom/302796?download=true တွင်ကြည့်* https://www.osce.org/fom/302796?download=true တွင်ကြည့်ရှုနိုင်သည်။

[9] A/HRC/38/35 ၊ စာပိုဒ် ၅။

[10] ASEAN UP ၊ "၂၀၁၉ ခုနှစ် အရှေ့တောင်အာရှ ဒစ်ဂျစ်တယ်၊ လူမှုရေးနှင့် မိုဘိုင်းဆက်သွယ်ရေး " ၂၀၁၉ ခုနှစ် ဇူလိုင်လ ၃၁ ရက် ကို https://aseanup.com/southeast-asia-digital-social-mobile/ တွင်ကြည့်ပါ။

သက်ရောက်မှုအပြည့်အဝသို့ ထိတွေ့စေခဲ့သည်။ အချို့သောဖြစ်စဉ်များတွင် ထိုအချက်သည် နှစ်အနည်းငယ်ကာလအတွင်းတွင် ဖြစ်ပေါ်ခဲ့သည်။ ဒေသတွင်း၌ လူထုဟောပြောချက်များကို လုံးဝနီးပါးထိန်းချုပ်ထားနိုင်သည့် အာဏာရှင်နိုင်ငံများအပါအဝင် အုပ်ချုပ်မှုစနစ်အမျိုးမျိုးလည်း ရှိနေသည်။ ထိုအစိုးရအများစုသည် အင်တာနက်ကို လက်လှမ်းမှီအသုံးပြုနိုင်လာခြင်းကြောင့် ၎င်းတို့၏ ပြည်သူလူထုကို ထိန်းချုပ်ရန်နှင့် အစိုးရအာဏာပိုင်များကို ဝေဖန်သည့် မိန့်ခွန်းများပါဝင်နိုင်သည့် ပြည်သူလူထု၏ ထုတ်ဖော်ပြောဆိုမှုများကို ဖိနှိပ်ရန် စွမ်းဆောင်နိုင်မှုအပေါ် အကြီးအကျယ်သက်ရောက်မှုများရှိလာနိုင်ခြင်းအတွက် ကြိုတင်ပြင်ဆင်ထားခြင်း မရှိပါ။ ဤအချက်သည် အမုန်းစကား၊ အသရေဖျက်မှု၊ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံမှု နှင့် ဆိုက်ဘာလုံခြုံမှု စသည့် ကျိုးကြောင်းညီညွတ်သောစိုးရိမ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အပြင်ပန်းအားဖြင့် ရည်ရွယ်သည့်ဥပဒေများကို အလျင်အမြန်ရေးဆွဲပြဋ္ဌာန်းမှုကို ဖြစ်စေသော်လည်း ယင်းဥပဒေများသည် ဝေဖန်မှုများကို ပစ်မှတ်ထားရန်နှင့် လူထု၏လွတ်လပ်စွာပြောဆိုမှုနယ်ပယ်ကို ဘောင်ခတ်ရန်အတွက် ပိုမို၍ မကြာခဏအသုံးချခံနေရသည်။

အင်တာနက်အခြေပြုဆက်သွယ်ရေးနည်းလမ်းများနှင့် လူမှုကွန်ယက်များတိုးတက်လာမှုသည် ရှိရင်းစွဲလူမှုရေးတင်းမာမှုများကို ပိုမိုဆိုးရွားလာစေသည်။ အင်အားကြီးမားသော အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် ခေါင်းပုံဖြတ်အမြတ်ထုတ်ရန် ကိရိယာအသစ်များကို ဖြစ်ပေါ်စေပြီး ထိရောက်စွာ လုပ်ငန်းလည်ပတ်နိုင်ရန်အတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှု နှင့် နိုင်ငံရေးအရ ကြိုးကိုင်ခြယ်လှယ်ခံရခြင်းမှ ကင်းလွတ်ခွင့်တို့ လိုအပ်သော လူထုအခြေပြု အဖွဲ့အစည်းများ၊ တရားစီရင်ရေးအဖွဲ့အစည်းများ နှင့် အခြားအဖွဲ့အစည်းများအတွက် အသစ်သော ထိခိုက်နိုင်မှုအားနည်းချက်များ ဖြစ်ပေါ်စေပါသည်။ ၎င်းတို့တွင် အမုန်းစကားများကို အကာအကွယ်မဲ့ဖြန့်ဝေခြင်း၊ အထူးသဖြင့် အကြမ်းဖက်မှုကို လှုံ့ဆော်ခြင်း၊ သတင်းအချက်အလက် အမှား/လုပ်ကြံသတင်းများဖြန့်ဖြူးခြင်းမှတစ်ဆင့် ရွေးကောက်ပွဲများနှင့် အခြားဒီမိုကရေစီ ဖြစ်စဉ်များကို ကြိုးကိုင်ခြယ်လှယ်ခြင်းတို့တွင် လူမှုကွန်ယက်များ၏အခန်းကဏ္ဍ နှင့် ဆိုက်ဘာနယ်ပယ်နှင့်ဆက်နွယ်သော လုံခြုံရေးဆိုင်ရာ ပြဿနာအသစ်တို့ပါဝင်သည်။

မြန်မာနိုင်ငံတွင် လူမှုကွန်ယက်စာမျက်နှာများပေါ်တွင် အမုန်းစကားများ အလျင်အမြန် တိုးပွားပျံ့နှံ့လာခြင်းသည် လူမျိုးရေးနှင့် ဘာသာရေးလူနည်းစုဝင်များအပေါ် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုများကို ဖြစ်ပေါ်လာစေခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ

လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်သည် ရိုဟင်ဂျာလူနည်းစုများအား "အလွန်အကျူးအကြမ်းဖက်ခြင်း" နှင့် "နှိမ်ခြင်း/ပယ်ထုတ်ခြင်းနှင့် ခွဲခြားခြင်း" တို့သည် "လူမှုကွန်ယက်ပလက်ဖောင်းများ၏ ကြီးမားသောအထောက်ပံ့များဖြင့်" "အစိုးရအာဏာပိုင်များမှ ပါဝင်ပတ်သက်ပြီး ခွင့်ပြုထားသည့် တညီတညွတ်တည်း အမုန်းတရားစည်းရုံးလှုံ့ဆော်ခြင်းများ" မှ များစွာအထောက်အကူပြု ခဲ့ကြောင်း တွေ့ရှိခဲ့သည်။[11] ထိုနည်းတူစွာပင် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်က ဖေ့စ်ဘွတ်သည် ၎င်း၏ စာမျက်နှာများပေါ်တွင် အကြမ်းဖက်မှုနှင့် အမုန်းတရား လှုံ့ဆော်မှုများ အလျင်အမြန် တိုးပွားပျံ့နှံ့လာစေပြီး "ရက်စက် ကြမ်းကြုတ်သော သတ္တဝါကြီးအဖြစ်သို့ ပြောင်းလဲသွားပြီ" ဟု သတိပေးခဲ့သည်။[12] ထိုတစ်နှစ်တည်းတွင်ပင် ရိုက်တာသတင်းဌာနမှအစီရင်ခံစာတစ်ခုအရ ဘာသာစကားဆိုင်ရာ အတားအဆီးများနှင့် ထိုအတားအဆီးများကို ကိုင်တွယ်ဖြေရှင်းရန်အတွက်

[11] ကုလသမဂ္ဂအထွေထွေညီလာခံ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်၊ တတိယအကြိမ်မြောက် ကော်မတီ၏ သဘာပတိ Mr. Marzuki Darusman ၏ ထုတ်ပြန်ကြေညာချက်၊ ၂၀၁၈ အောက်တိုဘာ ၂၃၊ ကို https://www.ohchr.org/EN/HRBodies/HRC/Pages/NewsDetail.aspx?NewsID=23800&LangID=E တွင်ကြည့်ရှုနိုင်သည်။ Darusman ကလည်း ဖေ့စ်ဘွတ်ခ်သည် "ပြည်သူလူထုအတွင်း မပြေလည်မှု၊ ပြင်းပြင်းထန်ထန် သဘောကွဲလွဲမှုနှင့် ပဋိပက္ခအတိုင်းအတာများကို ထိထိရောက်ရောက်ပံ့ပိုးပေးနေသည်။ အမုန်းစကားသည် အမှန်ပင် ယင်း၏အစိတ်အပိုင်းဖြစ်သည်။" Tom Miles 'ကုလသမဂ္ဂ၏ စုံစမ်းစစ်ဆေးရေးအရာရှိများသည် မြန်မာနိုင်ငံ၏အကျပ်အတည်းတွင် ဖေ့စ်ဘွတ်ခ်၏အခန်းကဏ္ဍကို ဖော်ပြသည်' ရိုက်တာ၊ ၂၀၁၈ မတ် ၁၃၊ https://uk.reuters.com/article/us-myanmar-rohingya-facebook/u-n-investigators-citefacebook-role-in-myanmar-crisis-idUKKCN1GO2PN တွင်ကြည့်ရှုနိုင်သည်။

[12] BBC ၊ 'ကမ္ဘာ့ကုလသမဂ္ဂ: မြန်မာနိုင်ငံတွင်ဖေ့စ်ဘွတ်သည် ရက်စက်ကြမ်းကြုတ်သော သတ္တဝါကြီးအဖြစ်သို့ ပြောင်းလဲသွားပြီ' ၂၀၁၈ မတ် ၁၃၊ https://www.bbc.com/news/technology-43385677 တွင်ကြည့်ရှုနိုင်သည်။ မြန်မာနိုင်ငံရှိလူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ အစီရင်ခံစာ၊ ၂၀၁၉ မတ် ၅၊ A/HRC/40/68 ၊ စာပိုဒ် ၅၄-၅၅။ အိန္ဒိယတွင် ဒုက္ခသည်များအဖြစ် ခိုလှုံနေသောရိုဟင်ဂျာမူဆလင်များအား ပစ်မှတ်ထားသည့် ဖေ့စ်ဘွတ်ပေါ်မှ အကြမ်းဖက်မှုနှင့် အမုန်းတရားများကိုလှုံ့ဆော်ခြင်းသည် မြန်မာနိုင်ငံပြင်ပရှိ ပြဿနာကြီးတစ်ခုဖြစ်သည်၊ Vindu Goel, Shaikh Azizur Rahman 'ရိုဟင်ဂျာ ဒုက္ခသည်များ အိန္ဒိယသို့ ထွက်ပြေးသွားသော်လည်း ဖေ့စ်ဘွတ်ပေါ်မှ အမုန်းတရားများလည်း ၎င်းတို့နောက်လိုက်လာကြသည်'၊ New York Times ၊ ၂၀၁၉ ဇူလိုင် ၁၄ https://www.nytimes.com/2019/06/14/technology/facebook-hate-speech-rohingya-india.html?te=1&nl=morning-briefing&emc=edit_

MBAE_p_20190616&section=whatElse?campaign_id=7

&instance_id=10252&segment_id=14352&user_id=3f72f2845ba8594bb0e4459957511f9b&regi_id=87

913927ion=whatElse တွင်ကြည့်ရှုနိုင်သည်။

ဖေ့စ်ဘွတ်ခ်မှ အရင်းအမြစ်များနှင့် အလေးထားအာရုံစိုက်ဆောင်ရွက်မှု နည်းပါးခြင်းတို့သည် ထိုကဲ့သို့အလျှင်အမြန်တိုးပွားပျံ့နှံ့လာခြင်းကို ဖြစ်နိုင်စေကြောင်းနှင့် ဖေ့စ်ဘွတ်ခ်သည် ထိုစိန်ခေါ်မှုများကို ရင်ဆိုင်နေရသည့် တစ်ခုတည်းသောလူမှုကွန်ယက် ပလက်ဖောင်း မဟုတ်ကြောင်း တွေ့ရှိဖော်ပြခဲ့သည်။[13] အမုန်းစကားသည် ဥပဒေရေးရာနှင့် နည်းပညာပိုင်းဆိုင်ရာ တုန့်ပြန်မှုများကို ဖော်ထုတ်ဖြေရှင်း ရန်လိုအပ်သည့် အပူတပြင်းစိုးရိမ်စရာတစ်ရပ်ဖြစ်သည်။ ကံမကောင်းစွာဖြင့်ပင် ဤအစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ယနေ့ချိန်အထိ အစိုးရများက စတင်မိတ်ဆက်လာသော ကြိုးပမ်း အားထုတ်မှုများသည် လူနည်းစုများအားဆန့်ကျင်သည့် တိုက်ခိုက်မှုများနှင့် လှုံ့ဆော်မှုများကို တန်ပြန်တုံ့ပြန်ခြင်းထက် နိုင်ငံရေးအရမလိုလားအပ်သည့် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုမှုကို ဖိနှိပ်ရန် ပိုမိုအံဝင်ခွင်ကျစီမံထားပုံရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ရွေးကောက်ပွဲများမတိုင်မီနှင့် ရွေးကောက်ပွဲကာလများအတွင်း အွန်လိုင်း ပေါ်တွင် သတင်းအမှား/လုပ်ကြံသတင်းများ ပျံ့နှံ့လာခြင်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ တရားဝင်မှုကျဆင်းစေရန် ခြိမ်းခြောက်မှုရှိလာပြီး ဝိသေသလက္ခဏာအခြေခံပြု နိုင်ငံရေးအရ နှစ်ခြမ်းကွဲမှုကို ပိုမိုဆိုးရွားလာစေသည်။ ၂၀၁၇ ခုနှစ်၊ ဂျကာတာမြို့တော်အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲများ မတိုင်မီကာလတွင် ထိုအချိန်ကအုပ်ချုပ်ရေးမှူးဖြစ်သူ တရုတ်လူမျိုး ခရစ်ယာန် ဘာသာဝင် ဘာဆုကုတဟယာပုရှုနာမာက အချို့သောကုရ်အာန်ကျမ်းပိုဒ်များသည် မူဆလင်များကို မိမိအားမဲပေးခြင်းမှ ဟန့်တားရန် မတော်မတင့်ကိုးကားခံနေရသည်ဟု မှတ်ချက်ပေးခဲ့သည်ဟု ယူဆရနိုင်သည့် မှားယွင်းတင်ပြခဲ့သော မမှန်မကန်ဗီဒီယို အွန်လိုင်းပေါ်တွင် ပျံ့နှံ့သွား သည့်နောက် ဘုရားသခင်နှင့်မြင့်မြတ်သောအရာများကို အသရေဖျက်မှုပြုသည်ဟု စီရင်ချက်ချခံရပြီး ထောင်ဒဏ် ၂ နှစ်ချမှတ်ခံခဲ့ရသည်။[14] အမှန်တကယ်ဗီဒီယိုပြုလုပ်သူအား ပုရှုနာမာ ရွေးကောက်ပွဲ များတွင်ရှုံးနိမ့်ပြီး သူ၏ထောင်ဒဏ်ပြစ်ဒဏ်ကိုကျခံပြီးနောက်မှသာ ဖော်ထုတ်အရေးယူနိုင်ခဲ့

---

[13] Steve Stecklow ၊ ' ဖေ့စ်ဘွတ်ခ်၏ မြန်မာနိုင်ငံအတွင်း လုပ်ငန်းလည်ပတ်မှု : Hatebook ရိုက်တာအထူးအစီရင်ခံစာ ' ရိုက်တာ ၊ ၂၀၁၈ ဩဂုတ် ၁၅ ၊ ကို https://www.reuters.com/investigates/special-report/myanmar-facebook-hate/ တွင်ကြည့်နိုင်သည်။

[14] Asian Correspondent ၊ ' အဟုတ်ခ်သည် ဘုရားသခင်နှင့်မြင့်မြတ်သောအရာများကို အသရေဖျက်မှု ဥပဒေများ၏ အခွင့်အာဏာများနှင့်စပ်လျဉ်း၍ ကသိကအောက်နိုင်သော သတိပေးချက်ကို ထုတ်ပြန်ခဲ့သည် ' ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၄ ရက် ကို https://asiancorrespondent.com/2019/01/ahoks-release-anuncomfortable-reminder-of-the-power-of-blasphemy-laws/ တွင်ကြည့်ရှုနိုင်သည်။

သည်။[15] အင်ဒိုနီးရှားနိုင်ငံ၏ ၂၀၁၉ခုနှစ် အထွေထွေရွေးကောက်ပွဲများမတိုင်မီတွင်လည်း သတင်းအမှား/လုပ်ကြံသတင်းများပုံ့နှံ့လာခြင်းသည် ကြီးမားသောပြဿနာများကို တစ်ဖန်ဖြစ်ပေါ်စေခဲ့သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းဖြစ်သည့် MAFINDO မှ ၂၀၁၈ ဒီဇင်ဘာလ နှင့် ၂၀၁၉ ဇန်နဝါရီလအကြားတွင် အွန်လိုင်းပေါ်၌ သတင်းအမှား/လုပ်ကြံသတင်းများ ၆၁ ရာခိုင်နှုန်း အထိ မြင့်တက်လာခဲ့ပြီး၊ ထိုကဲ့သို့သော မှားယွင်းသောသတင်းအချက်အလက်များ၏ ထက်ဝက်နီးပါးသည် ဖေ့စ်ဘွတ်ခ်တွင်ဖြန့်ဝေခံခဲ့ရသည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။ [16]

စင်ကာပူနိုင်ငံတွင် ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှုသည် လူတစ်ဦးချင်းစီ၏ လုံခြုံမှုအခွင့်အရေးများကို ထိပါးစေနိုင်သည့် လျှို့ဝှက်သတင်းအချက်အလက်များကို ပေါက်ကြားစေခဲ့ပြီး အခြားအခွင့်အရေးများ ချိုးဖောက်ခံရနိုင်ချေ မြင့်တက်စေခဲ့သည်။ စင်ကာပူနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အစည်းများ၏ အကြီးဆုံးအုပ်စုအပေါ် ၂၀၁၈ ခုနှစ် ဇွန် နှင့် ဇူလိုင်လအတွင်း ဆိုက်ဘာတိုက်ခိုက်မှုသည် လူနာ ၅ သိန်း၏မှ လျှို့ဝှက်အချက်အလက်များကိုခိုးယူခံရခြင်းနှင့် ၎င်းတို့၏ လုံခြုံမှု ကျိုးပေါက်ခြင်းသို့ ဖြစ်စေခဲ့သည်။[17] ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ကျန်းမာရေးဝန်ကြီးဌာန၏ အိပ်ချ်အိုင်ဗွီ (HIV) မှတ်ပုံတင်ဌာနသည် တိုက်ခိုက်ခံခဲ့ရပြီး၊ အိတ်ချ်အိုင်ဗွီပိုးရှိသူ ၁၄,၂၀၀ ၏ လျှို့ဝှက်အချက်အလက်များပေါက်ကြားစေခဲ့ကာ ထိခိုက်လွယ်သောအသိုင်းအဝိုင်းအား အထူးသဖြင့် ကျန်းမာရေး၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး စသည်တို့တွင် ၎င်းတို့၏အခွင့်အရေးများကို ကျင့်သုံးခြင်းနှင့် ပတ်သက်၍ ခွဲခြားဆက်ဆံခံရမှု အန္တရာယ်များ မြင့်တက်စေခဲ့သည်။ [18]

---

[15] Ibid.

[16] Kate Lamb ၊ ' အင်ဒိုနီးရှားနိုင်ငံတွင် ရွေးကောက်ပွဲများမတိုင်မီ သတင်းအတုများ ထောင်တက်လာသည် '၊ The Guardian ၊ ၂၀၁၉ ခုနှစ် မတ်လ ၂၀ ရက် ကို https://www.theguardian.com/world/2019/mar/20/fake-news-spikes-in-indonesiaahead-of-elections တွင်ကြည့်ရှုနိုင်သည်။ MAFINDO – Masyarakat Anti Fitnah Indonesia အွန်လိုင်းပေါ်မှ သတင်းအတုများကို တိုက်ဖျက်ရန် ဦးဆောင်ကြိုးပမ်းမှုကို အောက်ခြေလှုပ်ရှားမှုအဖြစ် စတင်ခဲ့သည်။ https://www.mafindo.or.id/about/ တွင်ကြည့်ပါ။

[17] Irene Tham ၊ ' SingHealth တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ ထိပ်တန်းလျှို့ဝှက်အစီရင်ခံစာကို ဆိုက်ဘာလုံခြုံရေးတာဝန်ခံ ဝန်ကြီးထံသို့ တင်ပြခဲ့သည် ' Straits Times ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက် ၊ ကို https://www.straitstimes.com/singapore/top-secret-report-on-singhealth-attack-submitted-to-minister-in-charge-of-cybersecurity တွင်ကြည့်ရှုနိုင်သည်။

[18] Salma Khalik ၊ ' အိပ်ချ်အိုင်ဗွီပိုးရှိသူ ၁၄,၂၀၀ ၏အချက်အလက်များသည် စင်ကာပူမှပြန်ပို့ခံခဲ့ရသော အမေရိကန်နိုင်ငံသား လိမ်လည်မှုကျူးလွန်သူများကြောင့် အွန်လိုင်းပေါ်တွင်ပေါက်ကြားခဲ့သည် '၊ Straits Times ၊ ၂၀၁၉ ခုနှစ်

ဆိုက်ဘာတိုက်ခိုက်မှုများ၏ ခြိမ်းခြောက်မှုများနှင့် အွန်လိုင်းပေါ်တွင် သတင်းအမှား/လုပ်ကြံသတင်းများနှင့် အမုန်းစကားများ ပျံ့နှံ့လာမှုသည် ပြဿနာစင်စစ်များပင်ဖြစ်ပြီး မူဝါဒဆိုင်ရာအရေးပေါ်ဖြေရှင်းချက်များကို လိုအပ်နေသည်။ အိုင်စီဂျေ (ICJ) အနေဖြင့် ထိုကဲ့သို့သော မူဝါဒများသည် လူ့အခွင့်အရေးနှင့်လိုက်လျောညီထွေရှိပြီး ဤကိစ္စရပ်များအား လူ့အခွင့်အရေးဆိုင်ရာပြဿနာများအဖြစ်သတ်မှတ်ကာ အပြည်အပြည်ဆိုင်ရာဥပဒေအရ ချဉ်းကပ်မှုပေးနိုင်သည့် ခွဲခြမ်းစိတ်ဖြာရေး ကိရိယာ/နည်းလမ်းများနှင့် တာဝန်ခံမှုလုပ်ငန်းစနစ်များကို အသုံးပြုပါက အလွန်တိုးတက်လာလိမ့်မည်ဟု ယုံကြည်သည်။ ဤအစီရင်ခံစာတွင် အရှေ့တောင်အာရှကိုသာ အာရုံစိုက်ထားသော်လည်း ဤကိစ္စရပ်များသည် ရှင်းလင်းစွာပင် တစ်ကမ္ဘာလုံးဆိုင်ရာ အလေးထားပူပန်စရာများဖြစ်နေပြီး၊ အများစုသည် ကမ္ဘာလုံးဆိုင်ရာအဆင့် ဖြေရှင်းမှုများ လိုအပ်လိမ့်မည်ဖြစ်သည်။[19]

*************

ဤအစီရင်ခံစာသည် အရှေ့တောင်အာရှအစိုးရများက အကြောင်းအရာများကို ဆင်ဆာဖြတ်တောက်ရန် (သို့မဟုတ်) အခြားနည်းဖြင့် စည်းကမ်းထိန်းသိမ်းရန်နှင့် ၎င်းတို့၏ကိုယ်ပိုင်သြဇာအာဏာနှင့် လုပ်ပိုင်ခွင့်အာဏာများကို ရေရှည်တည်တံ့စေရန် ထိန်းသိမ်းခြင်း အပါအဝင် အဓိကအားဖြင့် နိုင်ငံရေးဆိုင်ရာ အကြောင်းပြချက်များအတွက် အွန်လိုင်းပေါ်တွင် မည်သည့်အရာများကို "တရားဝင်" ထုတ်ဖော်ပြောဆိုခွင့်ရှိသည်ကို သတ်မှတ်ပြဋ္ဌာန်းရန်အတွက် ဥပဒေများနှင့် ဥပဒေရေးရာမူဘောင်များကို အတိတ်ကာလများတွင် မည်ကဲ့သို့အသုံးပြုခဲ့သည်ကို ရှင်းလင်းဆွေးနွေးခြင်းဖြင့် စတင်ထားသည်။ အရေးကြီးသည်မှာ ဒေသတွင်းရှိ အစိုးရများ၏

ဇန်နဝါရီလ ၂၈ ရက် ၊ ကို https://www.straitstimes.com/singapore/data-of-14200-singapore-patients-with-hivleaked-online-by-american-fraudster-who was တွင်ကြည့်ရှုနိုင်သည်။ Sharanjit Leyl ၊ ' စင်ကာပူနိုင်ငံတွင် အိပ်ချ်အိုင်ဗွီနှင့်ဆိုင်သော အချက်အလက် ပေါက်ကြားမှုသည် ထိခိုက်လွယ်သောအသိုင်းအဝိုင်းကို တုန်လှုပ်စေသည် ' ၊ BBC ၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက် ၊ ကို https://www.bbc.com/news/world-asia-47288219 တွင်ကြည့်ရှု နိုင်သည်။

[19] လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်မှ အွန်လိုင်းပေါ်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ခြင်းသည် “တစ်ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်” ဖြစ်နေပြီဟု မီးမောင်းထိုးပြခဲ့သည်။ Al Jazeera ၊ ' ကုလစုံစမ်းစစ်ရေးအရာရှိ ဒေးဗစ်ကေး ၊ ဖေ့စ်ဘွတ်ခ်နှင့် ဂူဂဲလ်ကို လမ်းခွဲပါ ' ကို https://www.aljazeera.com/programmes/talktojazeera/2019/06/special-rapporteur-freedom-speech-190608101807323.html တွင်ကြည့်ရှုနိုင်သည်။

ဥပဒေပြုရေးကြိုးပမ်းအားထုတ်မှုများသည် ၎င်းတို့၏ အိမ်နီးချင်းနိုင်ငံများ၏ အလားတူ အားထုတ်မှုများကို ထောက်ခံပေးပြီး အားဖြည့်ပေးလေ့ရှိခဲ့သည်။ အွန်လိုင်းသတင်းစကားများ အပေါ် ပိုမို၍ထိန်းချုပ်မှုကို ကျင့်သုံးဆောင်ရွက်မှုပုံစံသည်ဖြစ်စဉ်များစွာတွင် ဝေဖန်သော အသံများကို ဖိနှိပ်ရန် အတိတ်ကကြိုးပမ်းခဲ့မှုများမှ သဘာဝအလျောက်ဆင့်ကဲပြောင်းလဲလာမှု တစ်ခုဖြစ်ပြီး၊ ယခင်က လူ့အခွင့်အရေးကာကွယ်သူများ အသုံးပြုခဲ့သော တူညီသည့် ဥပဒေနှင့် စည်းရုံးလှုံ့ဆော်ရေးနည်းလမ်းများစွာဖြင့် ကိုင်တွယ် ဖြေရှင်းနိုင်သည်။ အခြားဖြစ်စဉ်များတွင် နည်းပညာအသစ်များသည် ဆိုက်ဘာလုံခြုံရေးနှင့် အွန်လိုင်းဆက်သွယ်ရေးများကို ထိန်းကျောင်းမည့် ပိုမိုပြည့်စုံခြုံငုံသည့် ဥပဒေစနစ်များကို စတင်ပြဋ္ဌာန်းခြင်းစသည့် ပိုမိုသိသာထင်ရှားသောနည်းလမ်းဖြင့် စကားဝိုင်းများအား ပြောင်းလဲစေပြီး ပိုမိုဖန်တီးနိုင်စွမ်းရှိသော ဥပဒေရေးရာနှင့် နည်းပညာဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ချက်များလိုအပ်လေသည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် သတင်းအချက်အလက်များရရှိခွင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရာတွင် အရှေ့တောင်အာရှသည် ကမ္ဘာပေါ်တွင် အားအနည်းဆုံးဒေသတစ်ခုအဖြစ် တောက်လျှောက် အဆင့်သတ်မှတ်ခံရလျက်ရှိ သည်။ ၂၀၁၉ ခုနှစ်တွင် မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ခုဖြစ်သည့် နယ်စည်းမခြား သတင်းထောက်များအဖွဲ့၏ အစီရင်ခံစာတွင် အရှေ့တောင်အာရှကို ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်အညွှန်းကိန်းတွင် အောက်ဆုံးမှရေတွက်လျှင် အဆင့် ၃ တွင် အဆင့်သတ်မှတ်ထားပြီး[20] ၂၀၁၈ ခုနှစ်မှစ၍ ဒေသတွင်းနိုင်ငံ ၁၀ နိုင်ငံအနက် ၆ နိုင်ငံသည် မီဒီယာ လွတ်လပ်ခွင့်တွင် အဆင့်ကျဆင်းခဲ့သည်ဟု မှတ်ချက်ပြုခဲ့သည်။[21] အခွင့်အရေးများကာကွယ် စောင့်ရှောက်မှုဆိုင်ရာ ဒေသတွင်းနောက်ပြန်ဆုတ်ယုတ်မှုများသည် အစိုးရများမှ အမုန်းစကား၊

---

[20] RSF ၏နှစ်စဉ်ထုတ်ပြန်သော ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်ညွှန်းကိန်းသည် ၂၀၀၂ ခုနှစ်မှ စတင်ပြီးထုတ်ပြန်ခဲ့ကတည်းက အရှေ့တောင်အာရှသည် အောက်ဆုံးမှရေတွက်လျှင် အဆင့် ၃ အောက်တွင် တစ်သမတ်တည်းကျရောက်နေခဲ့သည် ၊ RSF ၊ ' ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်ညွှန်းကိန်း ' https://rsf.org/en/world-press-freedom-index တွင်ကြည့်ရှုနိုင်သည်။

[21] Southeast Asian Press Alliance ၊ ' အာဏာရှင်အစိုးရများက မီဒီယာအပေါ်တင်းကြပ်စွာချုပ်ကိုင်မှုကြောင့် [ဒေသတွင်း] စာနယ်ဇင်းသမားများ၏ လုံခြုံမှု နည်းပါးလာသည် —RSF ' ၊ ၂၀၁၉ ခုနှစ် ဧပြီလ ၁၈ ရက် ၊ https://www.seapa.org/regionaljournalist-safety-declines-as-authoritarian-regimes-tighten-grip-on-media-rs တွင်ကြည့်ရှုနိုင်သည်။

သတင်းအမှား/လုပ်ကြံသတင်း နှင့် ဆိုင်ဘာတိုက်ခိုက်မှုများကို တိုက်ဖျက်ရန်လိုအပ်ချက်ကြောင့်ဟု အကြောင်းပြကာ အွန်လိုင်းပေါ်တွင်ထုတ်ဖော်ပြောဆိုခြင်းနှင့် သတင်းအချက်အလက်များရရှိခွင့် တို့ကို ပစ်မှတ်ထား ဖိနှိပ်သည့် ဥပဒေများကို ပြဋ္ဌာန်းလာခြင်းကြောင့် မကြာသေးမီနှစ်များအတွင်း ပိုမိုပြင်းထန်လာခဲ့သည်။

ဤအသစ်တိုးတက်ဖြစ်ပေါ်လာမှုများသည် တစ်ကမ္ဘာလုံးဆိုင်ရာ ဖြစ်ပျက်မှု ပုံစံ၏ တစိတ်တပိုင်းသာဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုရေးသားခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်သည် အစိုးရများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် အွန်လိုင်းသတင်းအချက်အလက်များရရှိခွင့်များအပေါ် ဝင်ရောက်စွက်ဖက်မှု မြင့်မားလာခြင်း၏ "တစ်ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်”ကို မီးမောင်းထိုးပြခဲ့သည်။[22] ၂၀၁၉ ခုနှစ်တွင် အချက်အလက်နှင့် ထိခိုက်ဆုံးရှုံးနိုင်ချေ ခွဲခြမ်းစိတ်ဖြာမှု ကုမ္ပဏီ Verisk Maplecroft သည် "အစိုးရများအနေဖြင့် ၎င်းတို့၏ကိုယ်ပိုင်အကျိုးစီးပွားများကို ကာကွယ်ရန် သတင်းအချက်အလက် လုံခြုံမှု၊ သတင်းထောက်များနှင့် တက်ကြွလှုပ်ရှားသူများအား အစုလိုက်အပြုံလိုက် စောင့်ကြည့်ခြင်းနှင့် တိုက်ခိုက်ခြင်း စသည့်ကိစ္စရပ်များနှင့် ပတ်သက်ပြီး ပို၍ပြင်းထန် အစွန်းရောက်သော လုပ်ဆောင်မှုများပြုလုပ်ရန် သဘောထားယိမ်းယိုင်မှု ပိုမိုမြင့်တက်လာခြင်း"ကို မီးမောင်းထိုးပြခဲ့ပြီး ခန့်မှန်းခြေအားဖြင့် ကမ္ဘာ့လူ ဦးရေ၏ (၄၅) ရာခိုင်နှုန်းသည် ၎င်းတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သတင်းအချက်အလက်များရရှိခွင့်နှင့် လုံခြုံမှု အခွင့်အရေးများမှာ "ပြင်းထန်အစွန်းရောက်သော အန္တရာယ်"တွင်ရှိနေသည့် နိုင်ငံ ၅၈ နိုင်ငံတွင် နေထိုင်ကြသည်ဟု သတ်မှတ်ခဲ့သည်။[23]

---

[22] မှတ်ချက်အမှတ် ၁၉ ကိုကြည့်ပါ။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်သော Freedom House ၏ အစီရင်ခံစာတစ်ခုတွင် အကဲဖြတ်ခဲ့သည့် နိုင်ငံ ၆၅ နိုင်ငံအနက် ၃၃ နိုင်ငံတွင် ၂၀၁၈ ခုနှစ် ဇွန်လမှစတင်၍ အင်တာနက်လွတ်လပ်ခွင့်များ ကျဆင်းလာမှုကို တွေ့ရှိခဲ့ရသည်ဟု မှတ်ချက်ပြုထားသည်။ Adrian Shahbaz, Allie Funk ' အင်တာနက်ပေါ်တွင် လွတ်လပ်မှု ၂၀၁၉ ခုနှစ်' https://www.freedomonthenet.org/report/freedom-on-the-net/2019/the-crisis-of-social-media တွင်ကြည့်ရှုနိုင်သည်။

[23] Sofia Nazalya ' Strongmen စနစ်များသည် လွတ်လပ်စွာပြောဆိုခွင့်နှင့် လုံခြုံမှုတို့ကိုဆန့်ကျင်လျက် တရားစွဲဆိုမှုများသို့ ဦးတည်စေသည် ၊ Human Rights Outlook 2019 '၂၀၁၉ ခုနှစ် ဩဂုတ်လ ၇ ရက် ကို ၊ https://www.maplecroft.com/insights/analysis/strongmen-regimes-lead-charge-against-freedom-of-speech-and-privacy/ တွင်ကြည့်ရှုနိုင်သည်။

လူမှုကွန်ယက်စာမျက်နှာများ၏ အရေးပါလှသော အခန်းကဏ္ဍနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာရသည့် ထိုစာမျက်နှာများပေါ်မှ သတင်းအချက်အလက်များကို ထိန်းချုပ်ရန် အစိုးရများနှင့် ပုဂ္ဂလိကအိုင်စီတီကုမ္ပဏီများအကြား ထိပ်တိုက်တွေ့ဆုံမှုများမှာ ဤစာတမ်း၏ ခွဲခြမ်းစိတ်ဖြာမှုကို သရုပ်ဖော်မည့် အဓိကအကြောင်းရင်းလည်းဖြစ်သည်။ အစိုးရများသည် လူမှုကွန်ယက်စာမျက်နှာများအား ပိုမိုတိုးချဲ့ပေါင်းစပ်လျက်ရှိသည်။ ၂၀၁၉ ခုနှစ်တွင် အောက်စ်ဖို့ အင်တာနက်အင်စတီကျု၏ အစီရင်ခံစာအရ နိုင်ငံရေးရည်မှန်းချက်များအတွက် လူမှုကွန်ယက်များကို ကြိုးကိုင်ခြယ်လှယ်ခြင်းသည် ၂၀၁၇ တွင် ၂၈ နိုင်ငံ နှင့် ၂၀၁၈ တွင် ၄၈ နိုင်ငံရှိခဲ့ရာမှ ခုန်တက်လာပြီး နိုင်ငံပေါင်း ၇၀ တွင် ပြုလုပ်ဆောင်ရွက်ခဲ့ကာ ဖေ့စ်ဘွတ်သည် ကြိုးကိုင်ခြယ်လှယ်ရန်အတွက် မကြာခဏ ပစ်မှတ်ထားခံရသည့် ကြားခံ ပလက်ဖောင်း ဖြစ်နေသည်ဟု တွေ့ရှိခဲ့ရသည်။[24] နိုင်ငံပေါင်း ၂၆ နိုင်ငံတွင် လူမှုကွန်ယက်သည် "အခြေခံလူ့အခွင့်အရေးများကို ဖိနှိပ်ရန်၊ နိုင်ငံရေးပြိုင်ဘက်များကို သိက္ခာချရန်နှင့် သဘောထားအမြင်ကွဲလွဲမှုများကို ဖယ်ထုတ်ပစ်ရန်"အတွက် ကြိုးကိုင်ခြယ်လှယ်ခံနေရသည်ဟူ၍လည်း တွေ့ရှိခဲ့ရသည်။[25] တစ်ချိန်တည်းမှာပင် အစိုးရများသည် လူမှုကွန်ယက်စာမျက်နှာများပေါ်တွင် သတင်းအချက်အလက်ဖြန့်ဝေခြင်းကို ထိန်းကျောင်းရန်နှင့် ထိန်းချုပ်ရန်လည်း ကြိုးစားနေကြသည်။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် ဥရောပတရားရုံးမှ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြည်တွင်းဥပဒေအရ ဥပဒေနှင့်ဆန့်ကျင်သည်ဟု မှတ်ယူနိုင်သော

[24] Bradshaw, S. နှင့် Howard, P.N ' ၂၀၁၉ ခုနှစ် ကမ္ဘာလုံးဆိုင်ရာသတင်းအမှား/လုပ်ကြံသတင်း အမိန့်၊ စနစ်တကျစီစဉ်ထားသော လူမှုကွန်ယက်ကြိုးကိုင်ခြယ်လှယ်မှု၏ ကမ္ဘာလုံးဆိုင်ရာစစ်တမ်း " ၊ Oxford Internet Institute ၊ တွက်ချက်ဝါဒဖြန့်မှုဆိုင်ရာ သုတေသနစီမံကိန်း ၊ ၂၀၁၉ ခုနှစ် ၊ ('Bradshaw and Howard, 2019') စာမျက်နှာ ၂။ အစီရင်ခံစာသည် ၎င်း၏နိဒါန်းတွင် " ကမ္ဘာတဝှမ်းလုံးတွင် အစိုးရအာဏာပိုင်များသည် လူထုဆန္ဒကို လုပ်ကြံဖန်တီးရန်၊ ဖိနှိပ်ချုပ်ချယ်မှုများကို အလိုအလျောက်ပြုလုပ်ရန်နှင့် အစွန်းမရောက်သော အပြည်ပြည်ဆိုင်ရာ အစီအစဉ်ကို ယုံကြည်မှုကိုအားနည်းလာစေရန် လူမှုကွန်ယက်များကို အသုံးပြုနေကြသည်။ လူမှုကွန်ယက်များမှတစ်ဆင့် လူထု၏သဘောထားကို ပုံသွင်းရန် တွက်ချက်ဝါဒဖြန့်မှုအား အသုံးပြုမှုများသည် အနည်းငယ်သော ဆိုးဝါးသည့် လုပ်ဆောင်မှုများထက် များစွာကျော်လွန်၍ ခေတ်ရေစီးကြောင်းသဖွယ်ဖြစ်လာသည်။ များပြားသော သတင်းအချက်အလက် ပမာဏ နှင့် သုံးစွဲသူများ၏ အာရုံစိုက်မှုနှင့် ယုံကြည်မှု အတိုင်းအတာ အကန့်အသတ်ရှိသည့် သတင်းအချက်အလက်ဝန်းကျင်တွင် တွက်ချက်ဝါဒဖြန့်ချိရေး၏ကိရိယာများနှင့် နည်းစနစ်များသည် ဒစ်ဂျစ်တယ် မဲဆွယ်စည်းရုံးရေးနှင့် လူထုဆက်ဆံရေး ပရိယာယ်တို့အတွက် အသုံးများသော- နှင့် မည်သို့ပင်ဖြစ်စေ မရှိမဖြစ်လိုအပ်သော - အစိတ်အပိုင်းတစ်ခု ဖြစ်လာသည် " ဟုမှတ်ချက်ပြုထားသည်။

[25] Bradshaw and Howard ၊ ၂၀၁၉ ခုနှစ် စာမျက်နှာ ၅ ။ ထိုနိုင်ငံများတွင် ကမ္ဘောဒီယား၊ ထိုင်းနှင့် ဗီယက်နမ် တို့ပါဝင်သည်။

အကြောင်းအရာများ - အသရေဖျက်မှုဆိုင်ရာအကြောင်းအရာ စသဖြင့် - ကို ပြည်တွင်း၌သာမက ကမ္ဘာတစ်ဝှမ်းရှိ ဖေ့စ်ဘွတ် စာမျက်နှာတစ်လျှောက်တွင် ဖြုတ်ချပစ်ရန် ဖေ့စ်ဘွတ်အား တွန်းအားပေးနိုင်ခွင့်ပြုသည့် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပြီး အွန်လိုင်းပေါ်တွင် လွတ်လပ်စွာ ပြောဆိုခွင့်အပေါ် ၎င်းဆုံးဖြတ်ချက်၏ သက်ရောက်မှုနှင့် ပတ်သက်၍ စိုးရိမ်မှုများကို မြင့်တက်လာစေခဲ့သည်။[26]

ထို့ကြောင့် ဤစာတမ်းတွင် မီးမောင်းထိုးပြထားသော ဥပဒေရေးရာ ဖြစ်ပျက်မှု ပုံစံ၊အထင်ကရဖြစ်ရပ်များနှင့် ၎င်းတို့နှင့်ဆက်စပ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အဆိုပြုထားသည့် အကြံပြုချက်များစသည်တို့သည် ဒေသတွင်းကျော်လွန်ပြီး ကမ္ဘာလုံးဆိုင်ရာ သက်ဆိုင်မှုရှိသင့်လေသည်။

*************

## ၂ ။ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စံနှုန်းများ


ဤအစီရင်ခံစာပါ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာများ (ICT) ကို ထိန်းကျောင်းသည့် တည်ဆဲဥပဒေများနှင့် အသစ်ပြဋ္ဌာန်းလာသည့် ဥပဒေများအား ခွဲခြမ်းစိတ်ဖြာလေ့လာမှုကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် သတင်းအချက်အလက်များရရှိခွင့်

[26] Adam Satariano ' ကမ္ဘာတစ်ဝှမ်းရှိ အကြောင်းအရာများကို ပယ်ဖျက်ရန် ဖေ့စ်ဘွတ်ခ်အားဖိအားပေးနိုင်ခြင်း : E.U ၏ထိပ်တန်းတရားရုံး ဥပဒေ' ၊ New York Times ၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၃ ရက် ၊ https://www.nytimes.com/2019/10/03/technology/facebook-europe.html တွင်ကြည့်ရှုနိုင်သည်။ ဤစီရင်ချက်တွင် နိုင်ငံ့တရားရုံးများမှ ၎င်းတို့၏ဆုံးဖြတ်ချက်များသည် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ကိုက်ညီမှုရှိကြောင်း သေချာစေရန် ဝတ္တရားရှိသည်ဟု အရေးတကြီးဆိုထားသော်လည်း လက်တွေ့တွင် မည်ကဲ့သို့အကောင်အထည်ဖော်ပြဋ္ဌာန်းမည်ဆိုသည့်အချက်တွင် ဤစီရင်ချက်သည် အထူးသဖြင့် တရားစီရင်ပိုင်ခွင့်များအကြား မျှဝေသည့် သတင်းအချက်အလက်အပေါ် နယ်နိမိတ်ပြင်ပအသုံးချမှုနှင့်ပတ်သက်၍ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အွန်လိုင်းသတင်းအချက်အလက်များရရှိခွင့်တို့ အပေါ်တွင် ဆိုးကျိုးသက်ရောက်စေနိုင်သည်ဟူသော စိုးရိမ်မှုများကို ဖြစ်ပေါ်လာစေသည်။ အလားတူစိုးရိမ်ပူပန်မှုများအား စင်ကာပူနိုင်ငံ၏ အွန်လိုင်းပေါ်မှ အမှားများနှင့် ကြိုးကိုင်ခြယ်လှယ်မှုများမှ ကာကွယ်ရေး အက်ဥပဒေ စသည့် နယ်နိမိတ်ပြင်ပအသုံးချမှုကို ခွင့်ပြုသည့် အရှေ့တောင်အာရှတွင်ပြဋ္ဌာန်းထားသော ဥပဒေများတွင်လည်း တွေ့မြင်နိုင်သည်။

အခွင့်အရေးများကို စိုးမိုးသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးမူဘောင်တွင် အခြေပြု ထားသည်။ ဤစာတမ်းတွင် ထင်ရှားမြင်သာမည့်အတိုင်း ထိုဥပဒေများမှ တင်ပြထားသည့် နောက်ခံလူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများသည် အောဖ့်လိုင်းသတင်းစကားများကို ဖိနှိပ်ရန် ယခင်ကြိုးပမ်းခဲ့မှုများနှင့် အခြေခံအားဖြင့် ကွဲပြားမှုမရှိကာ အမှန်စင်စစ်တွင် ချိုးဖောက်မှုပုံစံ ဟောင်းများကို အွန်လိုင်းနယ်ပယ်သို့ ချဲ့ထွင်ဆောင်ရွက်ရုံမျှသာဖြစ်သည်။

ဤအပိုင်းတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကြေငြာစာတမ်း (UDHR) အပိုဒ် ၁၉ တွင် ဖော်ပြထားသည့် လူ့အခွင့်အရေး ဥပဒေများနှင့် အခြေခံမူများအပေါ် အကျဉ်းချုပ် ခြုံငုံသုံးသပ်မှု နှင့် နိုင်ငံသား နှင့် ၎င်းတို့၏ နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (ICCPR) အပိုဒ် ၁၉ နှင့် ဓလေ့ထုံးတမ်း အပြည်ပြည်ဆိုင်ရာ ဥပဒေတို့တွင် တရားဝင်သဘောတူစာချုပ်စာတမ်းပါ ဝတ္တရားများအဖြစ် ရှင်းလင်း ဆွေးနွေးထားခြင်းဖြင့် စတင်ထားသည်။ ထို့နောက် လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်၊ နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားခွင့်နှင့် လုံခြုံမှု အခွင့်အရေးတို့အပေါ် သက်ရောက်မှုများ အပါအဝင် အွန်လိုင်းပေါ်တွင် ထုတ်ဖော်ပြောဆိုခြင်း ဆိုင်ရာ အခြေအနေနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသောပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် အပြည်ပြည်ဆိုင်ရာအဆင့် ဖြစ်ပေါ် ပြောင်းလဲ တိုးတက်မှုများကို ထည့်သွင်းစဉ်းစားထားသည်။

ဤအစီရင်ခံစာတွင် အိုင်စီတီစည်းမျဉ်းစဉ်းကမ်းဥပဒေများအရ ထိန်းချုပ်မှုများ၏ လုံခြုံမှု အခွင့်အရေးအပေါ် သက်ရောက်မှုများအား ဦးတည် ခွဲခြမ်းစိတ်ဖြာထားမှု မပါဝင်ပါ။ မည်သို့ပင်ဆိုစေကာမူ လုံခြုံမှုအခွင့်အရေးကို ရပိုင်ခွင့်သည် အရေးပါလှစွာချိတ်ဆက်နေပြီး ဤအခြေအနေအတွင်းတွင်မဆို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ဤအပိုင်းတွင် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စံနှုန်းများအရ သတ်မှတ်ထားသည့်အတိုင်း လုံခြုံမှု အခွင့်အရေးဆိုင်ရာအကျဉ်းချုပ်ကိုလည်း ဖော်ပြထားသည်။


international LAWS
he
he

## ၁။လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် သတင်းအချက်အလက်များ ရရှိခွင့် အခွင့်အရေး

အပြည်ပြည်ဆိုင်ရာဥပဒေသည် ထင်မြင်ယူဆချက်များကို ဝင်ရောက်စွက်ဖက်ခံရခြင်းမရှိဘဲ လွတ်လပ်စွာလက်ဝယ်ထားရှိခွင့်၊ မည်သည့်မီဒီယာဖြင့်မဆို နယ်နိမိတ်အကန့်အသတ်မရှိပဲ သတင်းအချက် အလက်နှင့် အတွေးအခေါ်များကို ရှာဖွေပိုင်ခွင့်နှင့် လက်ခံရရှိပိုင်ခွင့်နှင့် ဝေမျှပိုင်ခွင့်တို့အပါအဝင် လူတစ်ဦးစီ၏လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့်နှင့်လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အခွင့်အရေးကို ဤဒေသရှိ ဓလေ့ထုံးတမ်း အပြည်ပြည်ဆိုင်ရာဥပဒေကို ထင်ဟပ်သည်ဟု ယေဘုယျအားဖြင့် ယူဆ နိုင်သည့် ICCPR အပိုဒ် ၁၉ နှင့် UDHR အပိုဒ် ၁၉ တို့အရ ကာကွယ်ပေးသည်။ ၎င်းအချက်အား လူ့အခွင့်အရေးဆိုင်ရာ အမေရိကန်သဘောတူစာချုပ်၊ လူနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိကပဋိညာဉ်စာတမ်း၊ လူ့အခွင့်အရေးဆိုင်ရာ အာရပ်ပဋိညာဉ် စာတမ်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ဥရောပသဘောတူစာချုပ်များအပါအဝင် ဒေသတွင်း လူ့အခွင့်အရေးစာချုပ်စာတမ်းများဖြင့်လည်း ကာကွယ်ထားပါသည်။

အရှေ့တောင်အာရှရှိ နိုင်ငံများအားလုံးမဟုတ်သော်ငြားလည်း အများစုသည် ICCPR အရ အကာအကွယ်ပေးထားသော အထွေထွေအခွင့်အရေးများအဖြစ် တစ်ကမ္ဘာလုံးဆိုင်ရာ အကာအကွယ်ပေးမှုကို ခံရသော ဤအခွင့်အရေးများကို လေးစားရန်နှင့် ကာကွယ်ရန် ဥပဒေဆိုင်ရာ အထူးတာဝန် ဝတ္တရားများရှိသည်။[27]နိုင်ငံများအနေဖြင့် ICCPR တွင်ပါဝင်မှု ရှိမရှိနှင့်မသက်ဆိုင်ပဲ မည်သို့ပင်ဖြစ်စေ ဤအခွင့်အရေးများသည် အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေအရ ကာကွယ်မှုခြင်းခံရမည်ဖြစ်သည်။ အရှေ့တောင်အာရှရှိ နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများသည် ဤကတိကဝတ်ကို များစွာသော ကြေငြာထုတ်ပြန်ချက်များနှင့် ကုလသမဂ္ဂနှင့် အခြားအစိုးရများ အကြား ဆုံးဖြတ်ချက်များတွင် ထပ်လောင်းအတည်ပြုခဲ့ကြသည်။ သာဓကအနေဖြင့် ၁၉၉၃ ခုနှစ် တွင် လူ့အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ညီလာခံ၌ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံး၏ သဘောတူညီမှုဖြင့် အတည်ပြုခဲ့သည့် ဗီယင်နာ ကြေငြာစာတမ်းနှင့် လုပ်ဆောင်မှုအစီအစဉ်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်

[27] ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ်တို့သည် ICCPR ကို အတည်ပြု လက်မှတ်ထိုး (သို့မဟုတ်) လက်ခံထားပြီးဖြစ်သော်လည်း ဘရူနိုင်းဒါရူဆလမ်၊ မလေးရှား၊ မြန်မာနှင့် စင်ကာပူတို့သည် လက်ခံမှုမရှိသေးပါ။

အခွင့်အရေးအပါအဝင် "လူ့အခွင့်အရေးနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ စာချုပ်စာတမ်းများနှင့်အညီ လွတ်လပ်ခွင့်များအားလုံးကို လေးစားခြင်း၊ လိုက်နာခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းကို မြှင့်တင်ရန် နိုင်ငံများအားလုံးသည် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန် ကတိကဝတ်ပြုမှု ကိုထပ်လောင်းအတည်ပြုခဲ့ကြသည်။"[28]

ICCPR အပိုဒ် ၁၉ တွင် အထူးဖော်ပြထားသည်မှာ

*"၁။ လူတိုင်းသည် ဝင်ရောက်စွက်ဖက်ခံရမှုမရှိပဲ ထင်မြင်ယူဆချက်ကို လက်ဝယ်ထားရှိ ခွင့် အခွင့်အရေးရှိရမည်။*

*၂။ လူတိုင်းသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေး ရှိရမည်။ ထိုအခွင့်အရေးတွင် အမျိုးမျိုးသော သတင်းအချက်အလက်နှင့် အတွေးအခေါ်များကို နယ်နိမိတ်အကန့်အသတ်မရှိ၊ ကန့်သတ်ချုပ်ချယ်ခံရခြင်းမရှိပဲ နှုတ်စကားဖြင့်သော်လည်းကောင်း၊ လက်ရေးစာမူ (သို့မဟုတ်) ပုံနှိပ်စာဖြင့်သော်လည်းကောင်း၊ ၊ အနုပညာပုံစံတစ်ခုခုဖြင့်သော်လည်းကောင်း (သို့မဟုတ်) တစ်စုံတစ်ဦး၏ရွေးချယ်ရာ အခြားသောကြားခံဆက်သွယ်ရေး တစ်နည်းနည်းအားဖြင့်သော်လည်းကောင်း ရှာဖွေပိုင်ခွင့်နှင့် လက်ခံရရှိပိုင်ခွင့်နှင့် ဝေမျှပိုင်ခွင့်တို့ပါဝင်သည်။*

*၃။ ဤအပိုဒ်၏ စာပိုဒ် ၂ တွင် ဖော်ပြထားသော အခွင့်အရေးများကို ကျင့်သုံးခြင်းကို ၎င်း၏ အထူးတာဝန်နှင့် ဝတ္တရားများဖြင့် တာဝန်ယူထမ်းဆောင်သည်။ ထို့ကြောင့် ၎င်းသည် အချို့သော ကန့်သတ်ချက်များကို ချမှတ်နိုင်သော်လည်း ထိုကန့်သတ်ချက်များသည် ဥပဒေအရပြဋ္ဌာန်းထားပြီး အောက်ပါအချက်တို့အတွက် မရှိမဖြစ်လိုအပ်မှုရှိရရမည်ဖြစ်သည်။*

*(က) အခြားသူများ၏ အခွင့်အရေးများ (သို့မဟုတ်) ဂုဏ်သိက္ခာကို လေးစားရန်။*

*(ခ) နိုင်ငံတော်လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေး၊ ပြည်သူ့ကျန်းမာရေး (သို့မဟုတ်) ပြည်သူ့ ကိုယ်ကျင့်တရားများကို ကာကွယ်ရန်။"*

---

[28] စာရေးသူ၏ အလေးအနက်ပြောခြင်း၊ ဗီယင်နာ ကြေငြာစာတမ်းနှင့် လုပ်ဆောင်မှုအစီအစဉ် ၊ ၁၉၉၃ ခုနှစ် ဇွန်လ ၂၅ ရက် ၊ ကို https://www.ohchr.org/en/professionalinterest/pages/vienna.aspx တွင် ကြည့်ရှုနိုင်သည်။

ICCPR အရ ၎င်း၏ အကောင်အထည်ဖော်မှုကို ကြီးကြပ်ရန်နှင့် ပြဋ္ဌာန်းချက်များကို အနက်ဖွင့်ရန် လုပ်ပိုင်ခွင့်အပ်နှင်းခံထားရသည့် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီမှ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ထင်မြင်ယူဆခွင့်သည် မည်သူမဆို (သို့မဟုတ်) လူ့အဖွဲ့အစည်းတိုင်း၏ တိုးတက်မှုအတွက် "မရှိမဖြစ်သော အခြေအနေများ" ဖြစ်ကြောင်းကို ရှင်းလင်း ပြောကြားခဲ့သည်။[29] လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရယူနိုင်ခွင့် တို့သည် ပြောင်းလဲ တိုးတက်လာမှုနှင့် ထင်မြင်ယူဆချက်များကိုဖလှယ်ခြင်းအား လွယ်ကူချောမောစေသဖြင့် ထိုအခွင့်အရေးများသည် ရောယှက်နေပြီး အပြန်အလှန်အားဖြင့် "ပွင့်လင်းမြင်သာရှိမှုနှင့် တာဝန်ခံမှုဆိုင်ရာ အခြေခံမှုများ"သည် လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းအတွက် မရှိမဖြစ်အရေးပါလှသည်။ [30] ၎င်းတို့သည်" လွတ်လပ်စွာစုဝေးခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့် နှင့် မဲပေးပိုင်ခွင့် အခွင့်အရေးကို ကျင့်သုံးခြင်း" အပါအဝင် ယေဘုယျအားဖြင့် အခြားအခွင့်အရေးများ ရရှိခံစားမှုများနှင့် ဆက်စပ်လျက်ရှိသည် ။[31]

ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီမှ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ထင်မြင်ယူဆချက်များကို ကာကွယ်မှုသည် နှုတ်စကားဖြင့်မဟုတ်သောနည်းလမ်းများ နှင့် "အီလက်ထရောနစ်နှင့် အင်တာနက်အခြေပြု ထုတ်ဖော်ပြောဆိုမှုနည်းလမ်းများ" မှတဆင့် အပါအဝင် " ပြည်သူ့ရေးရာကိစ္စများ၊ မဲဆွယ်စည်းရုံးခြင်း၊ လူ့အခွင့်အရေး၊ စာနယ်ဇင်းနှင့် ဘာသာရေးဆိုင်ရာ ဟောပြောချက်များအား ဆွေးနွေးခြင်းများစသဖြင့် နိုင်ငံရေးဟောပြောချက် နှင့် ထင်မြင်ယူဆချက်ပြုချက်များ " အထိကျယ်ပြန့်သင့်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေး ကော်မတီမှ ရှင်းလင်းသတ်မှတ်ခဲ့သည်။[32]ထို့အပြင် "အင်တာနက်နှင့် မိုဘိုင်းဖုန်းအခြေပြု အီလက်ထရောနစ်သတင်းအချက်အလက် ဖြန့်ဖြူးခြင်းစနစ်များတွင် တိုးတက်လာမှုများ" သည် သတင်းအချက်အလက်ဖလှယ်ရေးအတွက် " တစ်ကမ္ဘာလုံးဆိုင်ရာကွန်ယက်" ကိုတည်ဆောက်မှု ဖြစ်စေခဲ့ပြီး နိုင်ငံများအနေဖြင့် သတင်းမီဒီယာထုတ်လွှင့်ခြင်း ဝန်ဆောင်မှုများသည်

---

[29] ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ၊ အထွေထွေမှတ်ချက် အမှတ် ၃၄ ၊ CCPR/C/GC/34 ၊ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၂ ရက် ('CCPR / C / GC / 34')၊ စာပိုဒ် ၂ ။

[30] CCPR/C/GC/34 ၊ စာပိုဒ် ၂ ၊၃ ။

[31] CCPR/C/GC/34 ၊ စာပိုဒ် ၄ ။

[32] CCPR/C/GC/34 ၊ စာပိုဒ် ၁၁ ။

သီးခြားလွတ်လပ်စွာလုပ်ဆောင်နိုင်ခြင်းနှင့် လူတစ်ဦးချင်းစီမှ အလွယ်တကူ လက်လှမ်းမီနိုင်မှု ရှိကြောင်း သေချာစေရန်ဆောင်ရွက်သင့်သည်ဟု မှတ်ချက်ပြုခဲ့သည်။[33] ဤကိစ္စနှင့်စပ်လျဉ်းပြီး ကော်မတီသည် " နိုင်ငံသားများ၊ ကိုယ်စား လှယ်လောင်းများနှင့် ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်များအကြား သတင်းအချက်အလက်နှင့် ဆွေးနွေးပြောဆိုချက်များကို လွတ်လပ်စွာ ဆက်သွယ်ရေး" သေချာစေရန် နှင့် " အများပြည်သူ၏ အမြင်သဘောထားပြုနိုင်ရေး အသိပေး ရန် " လွတ်လပ်ပြီး ဆင်ဆာဖြတ်တောက်ခံထားရခြင်းမရှိသည့် မီဒီယာများ၏ အရေးပါလှသော လုပ်ငန်းတာဝန်ကို အတည်ပြုထားသည်။[34]

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် သတင်းအချက်အလက်များကိုရရှိခွင့် အခွင့်အရေးများကို လေးစားရန်နှင့်ကာကွယ်ရန် နိုင်ငံတိုင်း၏ဝတ္တရားကို အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးစသည့်နိုင်ငံအစိုးရများ၏ ခက်မအားလုံးနှင့် အခြားလူထု (သို့မဟုတ်) အစိုးရအဖွဲ့အစည်းများက လိုက်နာထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ၎င်းသည် သီးခြား လူပုဂ္ဂိုလ်များ (သို့မဟုတ်) အဖွဲ့အစည်းများအကြား အသုံးချနိုင်ရန် အလားအလာရှိသည့် အတိုင်းအတာအထိ လွတ်လပ်ခွင့်များ ခံစားခွင့်အား ထိခိုက်စေမည့် သီးခြားလူပုဂ္ဂိုလ်များ (သို့မဟုတ်) အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များမှ လူတစ်ဦးချင်းစီအတွက် အကာအကွယ် ပေးမှုအထိ သက်ရောက်စေသည်။[35] ထိုအခွင့်အရေးများကို ချိုးဖောက်ခံရသည့်အခါ ပြန်လည်ကုစားမှုများအတွက် ပြဋ္ဌာန်းချက်များအပါအဝင် ထိုအခွင့်အရေးများကို ပြည်တွင်း ဥပဒေအရ အကာအကွယ်ပေးထားရမည်ဖြစ်ကြောင်း ဤတာဝန်ဝတ္တရားအရ သတ်မှတ်ထားပါသည်။[36]

ဤကိစ္စရပ်တွင် " လူတစ်ဦးအား ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ ရုံးတင်စစ်ဆေးခြင်း သို့မဟုတ် ထောင်ချခြင်းတို့အပါအဝင် နှောက်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အသရေပျက် ဂုဏ်သိက္ခာကျဆင်းစေခြင်း" သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ထင်မြင်ယူဆခွင့် အခွင့်အရေးကို ကျင့်သုံးမှုအား လုံးဝဥဿုံ ချိုးဖောက်မှုကို ဖြစ်ပေါ်စေပြီး "မည်သည့်ထင်မြင် ယူဆချက်ကိုမဆို ဆုပ်ကိုင်ထားရန် (သို့မဟုတ်) ဆုပ်ကိုင်ထားမှုမပြုရန်

[33] CCPR/C/GC/34 ၊ စာပိုဒ် ၁၅ ၊ ၁၆ ။

[34] CCPR/C/GC/34 ၊ စာပိုဒ် ၁၃ ။

[35] CCPR/C/GC/34 ၊ စာပိုဒ် ၇ ။

[36] CCPR/C/GC/34 ၊ စာပိုဒ် ၈ ။

အတင်းအကျပ်ခိုင်းစေသည့် ကြိုးပမ်းမှုမည်သည့်ပုံစံကိုမဆို" ICCPR အရ တားမြစ်ထားလေသည်။[37]

## ၂။လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ထင်မြင်ယူဆခွင့်အခွင့်အရေးအပေါ် ဖြစ်နိုင်ခြေရှိသောကန့်သတ်ချက်များ

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ရမည်ဖြစ်သော်လည်း ၎င်းသည် အခြားအခြေခံ လွတ်လပ်ခွင့်များကဲ့သို့ အကြွင်းမဲ့သည့် အခွင့်အရေးမဟုတ်သဖြင့် ကန့်သတ်အခြေအနေများတွင် လိုက်လျောညီထွေရှိရန် ကျဉ်းမြောင်းစွာပြုထားသည့် ချွင်းချက်များရှိနိုင်ပါသည်။ ICCPR ၏ အပိုဒ် ၁၉ (၃) တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ထင်မြင်ယူဆခွင့်အခွင့်အရေးကို အချို့သော အခြေအနေများတွင် ကန့်သတ်ချက် နိုင်သည်ဟုဖော်ပြထားသည်။ သို့သော်လည်း ထိုကန့်သတ်ချက်များကို ဥပဒေအရပြဋ္ဌာန်းရမည်ဖြစ်ပြီး (၁) အခြားသူများ၏အခွင့်အရေးများ (သို့ မဟုတ်) ဂုဏ်သိက္ခာကိုလေးစားမှုရှိကြောင်းသေချာစေခြင်း၊ (သို့မဟုတ်) (၂) နိုင်ငံတော်လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေး၊ ပြည်သူ့ကျန်းမာရေး (သို့မဟုတ်) ကိုယ်ကျင့်တရား တို့ကိုကာကွယ်ခြင်း စသည့် တရားဝင်မျှတသည့် ရည်ရွယ်ချက်များအတွက် လိုအပ်ရမည်ဖြစ်သည်။

### *ဥပဒေအရပြဋ္ဌာန်းခြင်း*

အပိုဒ် ၁၉ (၃) တွင် အခွင့်အရေးတစ်ရပ်အပေါ် မည်သည့်ကန့်သတ်မှုကိုမဆို ဥပဒေအရပြဋ္ဌာန်းရ မည်ဟု လုပ်ပိုင်ခွင့်အပ်နှင်းသည့် တရားဥပဒေနှင့်ညီညွတ်မှု၏ ယေဘုယျအခြေခံသဘောတရားကို ဖော်ပြထားသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ထင်မြင်ယူဆခွင့်ကို ကန့်သတ်ချက်များ ချမှတ်သော ဥပဒေများသည် လူတစ်ဦးချင်းအနေဖြင့် ၎င်းတို့၏အပြုအမူများကို လိုက်လျောညီထွေစွာ ပြုမူနေထိုင်နိုင်ကြောင်းနှင့် ဥပဒေများကို အကောင်အထည်ဖော်ရန် တာဝန်ရှိသူများကို မည်ကဲ့သို့သော ထုတ်ဖော်ပြောဆိုမှုများသည် ကန့်သတ်ချက်များအောက်တွင် ကျရောက်နေပြီး မည်သည်တို့သည် ကျရောက်မှုမရှိသည်ကို

[37] CCPR/C/GC/34 ၊ စာပိုဒ် ၉ ၊ ၁၀ ။

လေ့လာစိစစ်နိုင်ကြောင်း သေချာစေရန် သက်ဆိုင်ရာ လမ်းညွှန်မှုပေးရမည်ဖြစ်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေး ကော်မတီမှ လမ်းညွှန်ချက်များ ပေးခဲ့သည်။ ထိုကဲ့သို့သောဥပဒေများသည် "ယင်းဥပဒေကို အကောင်အထည်ဖော်မှုဖြင့် တရားစွဲဆိုခံရသူများအပေါ် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ခြင်းအတွက် အကြွင်းမဲ့ဆုံးဖြတ်ပိုင်ခွင့်" ကိုခွင့်မပြုသင့်ပါ။ တစ်နည်းအားဖြင့် ဥပဒေများသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေများနှင့် စံနှုန်းများကို ဆန့်ကျင် ချိုးဖောက်ခြင်းမပြုရပါ။ [38]

### ***မရှိမဖြစ်လိုအပ်မှုနှင့် တရားမျှတဆီလျော်မှု***

မည်သည့်ကန့်သတ်ချက်မျိုးမဆို တရားနည်းလမ်းကျသော ရည်ရွယ်ချက်အတွက် ဖြစ်ရမည်ဖြစ်ပြီး ၎င်းရည်ရွယ်ချက် ပြည့်မီရန်အတွက် အပိုဒ် ၁၉ (၃) ၏ တိကျသောဝေါဟာရများအရ အနည်းဆုံးကန့်သတ်ထားသော နည်းလမ်းများကို လိုအပ်မည်ဖြစ်သည်။ ထိုကဲ့သို့သော အကန့်အသတ်ထားခြင်းအား တရားနည်းလမ်းကျသည်ဟူသော ရည်ရွယ်ချက်ကို ဖော်ထုတ်ထားလျှင်သော်မှ မရှိမဖြစ်လိုအပ်မှုနှင့် တရားမျှတဆီလျော်မှုအခြေခံမူများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် (သို့မဟုတ်) ထင်မြင်ယူဆခွင့်ကို ကန့်သတ်ခြင်း (သို့မဟုတ်) အကန့်အသတ်ထားခြင်းအား လမ်းညွှန်ရမှုပေးရမည်ဖြစ်သည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီမှ မရှိမဖြစ်လိုအပ်မှုအား စမ်းသပ်ရာတွင် အခြေခံလွတ်လပ်ခွင့်များကို ကန့်သတ်မထားသော အခြားအစီအမံများမှတဆင့် ကာကွယ်မှုကိုပေးအပ်နိုင်လျှင် ကန့်သတ်ချက်များချမှတ်ခြင်း မပြုနိုင်ပါ တရားမျှတဆီလျော်မှုအား စမ်းသပ်ရာတွင် ကန့်သတ်ချက်များသည် ၎င်းတို့၏တာဝန်နှင့် အချိုးညီမျှသင့်ပြီး ကျယ်ပြန့်လွန်းမှု မဖြစ်စေရန်နှင့် "၎င်းတို့၏အကာအကွယ်ပေးမှုကို ရရှိရန်အတွက် အခြားသူများအကြားတွင် အနှောင့်အယှက်အနည်းဆုံးဖြစ်စေသော ပြဌာန်းမှုဖြစ်စေရန် လမ်းညွှန် ထားသည်ဟု သတ်မှတ်ထားသည်။[39]

ထိုကဲ့သို့သောကန့်သတ်ချက်များချမှတ်ရန်ကြိုးပမ်းနေသည့်နိုင်ငံများသည် " ခြိမ်းခြောက်မှု၏ တိကျသော သဘောသဘာဝနှင့် အသေးစိတ်အရေးယူဆောင်ရွက်မှု၏ မရှိမဖြစ်လိုအပ်မှုနှင့်

---

[38] CCPR/C/GC/34 ၊ စာပိုဒ် ၂၅ ၊ ၂၆ ။

[39] CCPR/C/GC/34 ၊ စာပိုဒ် ၃၃ မှ ၃၅ ။

တရားမျှတဆီလျော်မှုကို အထူးသဖြင့် ထုတ်ဖော်ပြောဆိုချက်နှင့် ခြိမ်းခြောက်မှုအကြား တိုက်ရိုက်နှင့် အနီးစပ်ဆုံးဆက်နွယ်မှုကို တည်ဆောက်ချမှတ်ခြင်းအားဖြင့် အသေးစိတ်နှင့် သီးခြားဟန်ပန်ဖြင့် လက်တွေ့ဆောင်ရွက်ရမည်ဖြစ်သည်။"[40] ကန့်သတ်ချက်များသည် "အခွင့်အရေး ကိုယ်၌အား အန္တရာယ်မဖြစ်စေရကာ" အပိုဒ် ၁၉ အရ တရားနည်းလမ်း ကျသော ရည်ရွယ်ချက်များအတွက်သာ ၎င်းတို့ကို ကျဉ်းမြောင်းစွာ အကောင်အထည်ဖော်ရမည် ဖြစ်သည်။[41]

နိုင်ငံအစိုးရများမှ နိုင်ငံတော်လုံခြုံရေး ရည်ရွယ်ချက်များအပေါ်တွင်အခြေခံ၍ ကန့်သတ်ချက် ချမှတ်ရန် လုပ်ဆောင်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီက နိုင်ငံတော်ပုန်ကန်မှု/နိုင်ငံတော်သစ္စာဖောက်မှု ဥပဒေများ နှင့် နိုင်ငံတော်လုံခြုံရေးဆိုင်ရာ အလားတူပြဌာန်းချက်များသည် တရားဝင်လျှို့ဝှက်ချက်များ (သို့မဟုတ်) နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုဥပဒေများ (သို့မဟုတ်) အခြား နည်းအားဖြင့် ဖော်ပြခြင်းခံရခြင်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ICCPR ၏ပုဒ်မ ၁၉ (၃) ပါ တင်းကျပ်သောလိုအပ်ချက်များနှင့်အညီ ရေးဆွဲပြုလုပ်၍ အသုံးပြုကြောင်း" သေချာစေရန် "အလွန်အမင်း ဂရုပြုရမည်" ဟု ရှင်းလင်းပြောကြားထားသည်။[42] ထို့အပြင် ၎င်းသည် “ နိုင်ငံရေး နယ်ပယ်နှင့် အများပြည်သူဆိုင်ရာအဖွဲ့အစည်းများရှိ နာမည်ကျော် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်းပြီး အများပြည်သူဆိုင်ရာ ဆွေးနွေးငြင်းခုံမှု အခြေအနေများတွင် တားမြစ်ပိတ်ပင်ထားခြင်းမရှိသော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ပဋိညာဉ်၏တန်ဖိုးထားမှုသည် အထူးမြင့်မားသည်” ဟူ၍လည်း လမ်းညွှန်ချက်ပေးခဲ့သည်။[43] ထိုနည်းတူစွာပင် ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီသည် ၎င်း၏ဆုံးဖြတ်ချက် ၁၂/၁၆ တွင် နိုင်ငံများအနေဖြင့် "အစိုးရ၏ မူဝါဒများကို ဆွေးနွေးခြင်းနှင့် နိုင်ငံရေးဆိုင်ရာ ဆွေးနွေးငြင်းခုံမှုများ ၊ လူ့အခွင့်အရေး၊ အစိုးရ၏ လုပ်ဆောင်မှုများနှင့် အစိုးရအုပ်ချုပ်သူများ၏ အဂတိလိုက်စားမှုများကို အစီရင်ခံခြင်း ၊ ရွေးကောက်ပွဲဆိုင်ရာလှုပ်ရှားမှုများ၊ ငြိမ်းချမ်းရေး (သို့မဟုတ်) ဒီမိုကရေစီရေးအတွက်အပါအဝင် ငြိမ်းချမ်းစွာဆန္ဒပြခြင်း (သို့မဟုတ်) နိုင်ငံရေးလှုပ်ရှား မှုများတွင် ပါဝင်ခြင်း ၊ နှင့် လူနည်းစုဝင်များနှင့် ထိခိုက်လွယ်သောအုပ်စုများမှ လူများအပါအဝင်တို့၏ ထင်မြင်ယူဆချက်နှင့်

---

[40] CCPR/C/GC/34 ၊ စာပိုဒ် ၃၅ ။

[41] CCPR/C/GC/34 ၊ စာပိုဒ် ၂၁ မှ ၂၂ ။

[42] CCPR/C/GC/34 ၊ စာပိုဒ် ၃၀ ။

[43] CCPR/C/GC/34 ၊ စာပိုဒ် ၃၈ ။

သဘောထားကွဲလွဲမှု၊ ကိုးကွယ်သည့်ဘာသာ (သို့မဟုတ်) သက်ဝင်ယုံကြည်မှု တို့ကို ထုတ်ဖော်ပြသခြင်း" တို့ကို ကန့်သတ်ခြင်းမှ ရှောင်ကြဉ်သင့်ကြောင်း အလေးအနက် ပြောကြားခဲ့သည်။[44]

## (၃) ထုတ်ဖော်ပြောဆိုခွင့်နှင့် ထင်မြင်ယူဆခွင့်အား ကန့်သတ်နိုင်သည့်အရာများကို ကာကွယ်ရန် ဝတ္တရားများ

ICCPR ၏ အပိုဒ်၂၀ တွင် နိုင်ငံများအား လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ထင်မြင်ယူဆခွင့်ကို ကန့်သတ်ရန် ခွင့်ပြုရုံသာမက ဝတ္တရားရှိစေသည့် အခြေအနေနှစ်ခုကို ဖော်ပြထားသည်။ အပိုဒ် ၂၀ တွင် တိတိကျကျဖော်ပြသည်မှာ :

*"(၁) စစ်ပွဲအတွက် ဝါဒဖြန့်မှုများကို ဥပဒေအရတားမြစ်ရမည်။*

*(၂) ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု (သို့မဟုတ်) အကြမ်းဖက်မှုများကိုလှုံ့ဆော်ပေးသော အမျိုးသားရေး၊ လူမျိုးရေး (သို့မဟုတ်) ဘာသာရေးမုန်းတီးမှုများကို လှုံ့ဆော်ခြင်းကို ဥပဒေအရတားမြစ်ရမည်။"* ဟူ၍ဖြစ်သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီက ICCPR ၏အပိုဒ် ၁၉ နှင့် ၂၀ သည် " အပြန်အလှန် သဟဇာတဖြစ်ကာ ဖြည့်ဆည်းပေးနေပြီး" အပိုဒ် ၂၀ အရ တားမြစ်ထားသောလုပ်ရပ်များသည် အပိုဒ် ၁၉ (၃) အရ ကန့်သတ်ခံရပြီး အပိုဒ် ၁၉ အား "တိကျစွာ ကိုက်ညီမှု" ရှိခြင်းကို မှန်ကန်ကြောင်း ထင်ရှားစွာပြနိုင်ရဖြစ်သည်ဟု ရှင်းလင်းပြောကြားခဲ့သည်။[45]

---

[44] ယင်းကို နိုင်ငံတော်အပေါ် အကြည်ညိုပျက်စေမှုကို ရာဇဝတ်ပြစ်မှု အဖြစ်သတ်မှတ်သည့် အိန္ဒိယရာဇသတ်ကြီး ပုဒ်မ ၁၂၄ က နှင့် ဆက်စပ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ နှင့် အိန္ဒိယအစိုးရထံ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၏ အခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်တို့၏၊ သတင်းပေးပို့ချက်အမှတ် IND 15/2015 တွင် မီးမောင်းထိုးပြခဲ့သည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်။ https://spcommreports.ohchr.org/TMResultsBase/DownLoadPublicCommunicationFile?gId=1598 3 တွင်ကြည့်ရှုနိုင်သည်။

[45] CCPR/C/GC/34 ၊ စာပိုဒ် ၅၀၊ ၅၂။

တစ်နည်းအားဖြင့်ဆိုသော် အပိုဒ် ၂၀ တွင် အသေးစိတ်ဖော်ပြထားသော ဥပဒေရေးရာ တားမြစ်ချက်များကို အကောင်အထည် ဖော်ခြင်း သည် တရားဥပဒေနှင့် ညီညွတ်မှု၊ တရားဝင်မှု၊ မရှိမဖြစ်လိုအပ်မှုနှင့် တရားမျှတ ဆီလျော်မှု အခြေခံမှုများနှင့် ကိုက်ညီရမည်ဖြစ်သည်။

လူမျိုးရေးခွဲခြားဆက်ဆံမှု ပုံစံများအားလုံး ပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ် (ICERD) ၏ပုဒ်မ ၄ တွင်လည်း" လူမျိုးရေးမုန်းတီးမှု(သို့မဟုတ်) ခွဲခြားဆက်ဆံမှု" သို့မဟုတ်" အမုန်းစကား" များကို လှုံ့ဆော်ပေးသည့် ထုတ်ဖော်ပြောဆိုမှုများကိုလည်း အလားတူ တားမြစ် ထားသည်။ ခွဲခြားဆက်ဆံမှုများ၊ ရန်လိုမှုများ သို့မဟုတ် အကြမ်းဖက် မှုများကို လှုံ့ဆော်မှုပြုစေသော အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးမုန်းတီးမှုများ လှုံ့ဆော် ဖန်တီးခြင်း တားမြစ်သည့် ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့သော ရာဘတ် လုပ်ငန်းစီမံချက်တွင်လည်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ထင်မြင်ယူဆခွင့် အခွင့်အရေးကို ဟန်ချက်ညီစေရန်နှင့် အမုန်းစကားများ အား တားမြစ်ရာတွင် နိုင်ငံများ၏ ဆောင်ရွက် ချက်များသည် အပိုဒ် ၁၉ (၃)ကို တင်းကြပ်စွာ လိုက်နာရန် လိုအပ်သည်ဟု ရှင်းလင်းစွာ သက်သေပြ ထားသည်။[46]

၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်သော အွန်လိုင်းပေါ်မှအမုန်းစကားများကို ထိန်းကျောင်းခြင်း နှင့်စပ်လျဉ်းသည့် အစီရင်ခံစာတွင် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်သည် ICCPR အပိုဒ် ၁၉၊ ၂၀၊ ICERD အပိုဒ် ၄ နှင့် ရာဘတ်လုပ်ငန်းစီမံချက်တို့အား အွန်လိုင်းနယ်ပယ်တွင် အသုံးချနိုင်မှုကို ထပ်လောင်း အတည်ပြုခဲ့ပြီး အွန်လိုင်းပေါ်မှအမုန်းစကားများကို တားဆီးရန်အတွက် တည်ဆဲ (သို့မဟုတ်) ပေါ်ပေါက်လာမည့် ပြည်တွင်းဥပဒေများသည် ထိုစာချုပ်စာတမ်းများ၏ လမ်းညွှန်မှုကိုခံယူရမည် ဖြစ်ကြောင်း၊ တရားဝင်မှု၊ မရှိမဖြစ်လိုအပ်မှုနှင့် တရားမျှတ ဆီလျော်မှု၊ တရားဥပဒေနှင့်

---

46 ခွဲခြားဆက်ဆံမှုများ၊ ရန်လိုမှုများ သို့မဟုတ် အကြမ်းဖက်မှုများကို လှုံ့ဆော်မှုပြုစေသော အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးမုန်းတီးမှုများကိုလှုံ့ဆော်ခြင်းအား တားမြစ်သည့် Rabat Plan (ရာဘတ်စီမံချက်) ၊ https://www.ohchr.org/Documents/Issues/Opinion/SeminarRabat/Rabat_draft_outcome.pdf တွင်ကြည့်ရှုနိုင်သည်။

ညီညွတ်မှုတို့ကို လိုက်နာရန် နှင့် အားကောင်းသော ပြည်သူလူထုပါဝင်မှုရှိရန်လိုအပ်ကြောင်း အလေးထားပြောကြားထားသည်။[47]

## ၄။ထိရောက်သောကုစားမှု ခံယူခွင့်အခွင့်အရေး

လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအတွက် ထိရောက်သောကုစားမှု ခံယူခွင့်သည် ဥပဒေ၏ ယေဘုယျအခြေခံမှု ဖြစ်သည်။ နိုင်ငံများအနေဖြင့် အခွင့်အရေးချိုးဖောက်ခံရသည့် နစ်နာသူများကို တရားမျှတမှုအား တန်းတူညီမျှပြီး ထိရောက်သော လက်လှမ်းမီမှုကို ထောက်ပံ့ ပေးရန် နှင့် နစ်နာသူများသည် ထိရောက်သောကုစားမှုနှင့် ပြန်လည်ပေးလျော်မှုတို့ဖြင့် ပြုလုပ်သေချာစေရန် ဝတ္တရားရှိသည်။[48] UDHR အပိုဒ် ၈ သည် ထိရောက်သောကုစားမှု ခံယူခွင့် အခွင့်အရေးရှိကြောင်း အခြေခံမှုကို ဖော်ပြထားသည်။ ICCPR အပိုဒ် ၂ (၃) တွင် "တရားဝင်ရာထူးတာဝန် ထမ်းဆောင်နေသည့်သူများမှ ချိုးဖောက်မှုကိုကျူးလွန်ခဲ့ခြင်း ဖြစ်စေကာမူ" ထိရောက်သောကုစားမှု ခံယူခွင့်ကို ခွင့်ပြုသင့်ပြီး " ထိုကဲ့သို့သောကုစားမှုများကို ပေးအပ်သည့်အခါတွင် ကျွမ်းကျင်မှု ပြည့်ဝသောအာဏာပိုင်များမှ အကောင်အထည်ဖော် ဆောင်ရွက် သင့်သည်" ကိုသေချာ စေရမည်ဟူ၍ ဖော်ပြထားသည်။[49]

ကုစားမှု ခံယူခွင့်အခွင့်အရေးတွင် နိုင်ငံတော်မှ "ချိုးဖောက်မှုများကို တားဆီးရန် သင့်လျော်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးဆိုင်ရာ နှင့် အခြားသင့်လျော်သော ဆောင်ရွက်မှုများပြုလုပ်ရန်" နှင့်

[47] လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်ကို မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ၊ A/74/486၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၉ ရက်၊ (A/74/486)၊ စာပိုဒ် ၅၇(ခ)။

[48] အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေကို ဆိုးဝါးစွာချိုးဖောက်ခံရသည့် နစ်နာသူများအတွက် ကုစားခွင့်နှင့် ပြန်လည်ပေးလျော်မှုတို့အတွက် အခြေခံမှုများနှင့် လမ်းညွှန်ချက်များ၏ အခြေခံမှု ၃ ။

[49] ကုစားမှု ခံယူခွင့်အခွင့်အရေးကို CERD အပိုဒ် ၆၊ CRC အပိုဒ် ၃၉ နှင့် နှိပ်စက်ညှင်းပန်းခြင်းနှင့် အခြားရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော (သို့မဟုတ်) ဂုဏ်သိက္ခာကျဆင်းစေသော အရေးယူမှု (သို့မဟုတ်) ပြစ်ဒဏ်ပေးခြင်းဆိုင်ရာသဘောတူစာချုပ် အပိုဒ် ၁၄ တို့အရ ဖော်ပြထားသည်။

“ချိုးဖောက်မှုများအား ထိရောက်စွာ၊ ချက်ချင်း၊ စေ့စပ်စွာနှင့် ဘက်လိုက်မှုကင်းစွာ စုံစမ်းစစ်ဆေးရန်” တို့ ပါဝင်သည်။[50] ကုစားမှုများကို လွတ်လပ်သော အာဏာပိုင်တစ်ဦး၏ရှေ့မှောက်တွင် လက်လှမ်းမီ၊ မြန်ဆန်၊ ထိရောက်ပြီး ရရှိနိုင်မှုရှိစေရေးအတွက် နိုင်ငံများအနေဖြင့်ဆောင်ရွက်ရမည် ဖြစ်သည်။[51]

## ၅။လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် အွန်လိုင်းသတင်းအချက်အလက်ရရှိခွင့် အခွင့်အရေးများကို ကာကွယ်ခြင်း

လူ့အခွင့်အရေးဥပဒေကို ကာကွယ်ခြင်း ကို သေချာစေရန် ဝတ္တရားသည် နိုင်ငံတစ်ခုအတွင်း၌ သာမက နိုင်ငံနယ်နိမိတ်ပြင်ပ နှင့် အနည်းဆုံး နိုင်ငံတစ်ခု၏ တရားစီရင်ပိုင်ခွင့်အတွင်းရှိ လူအားလုံးနှင့်လည်း သက်ဆိုင်သည်။ ဆိုက်ဘာနယ်ပယ်နှင့် တရားစီရင်ရေးဆိုင်ရာ ဆက်နွယ်နေမှု အချက်များသည် နေရာအနှံ့တွင်ရှိနေခြင်းကို နိုင်ငံများအနေဖြင့် မလွဲမရှောင်သာ တွေ့ကြုံနိုင်သောကြောင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေသည် ယေဘုယျအားဖြင့် ဆိုက်ဘာနယ်ပယ်နှင့်လည်း သက်ဆိုင်နေသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးသည် ၎င်း၏ ဒီဂျစ်တယ်ခေတ်တွင် လုံခြုံမှုအခွင့်အရေးဆိုင်ရာ ၂၀၁၄ ခုနှစ် အစီရင်ခံစာတွင် ဤအတိုင်းအတာကို အကြမ်းဖျင်း ဖော်ပြခဲ့သည်။[52]

အွန်လိုင်းနယ်ပယ်ကို ထိန်းချုပ်သည့် အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် အွန်လိုင်း သတင်းအချက်အလက်ရရှိခွင့် အခွင့်အရေးများအား ကာကွယ်မှုကိုသေချာစေရန် ရှင်းလင်းဝေဖန်နေဆဲ အချက်များနှင့် နိုင်ငံတကာအဆင့်တွင် ပြဌာန်းထားသော လမ်းညွှန်ချက်များပင်ဖြစ်သည်။ သဘောတူစာချုပ်များကို အခြေပြုထားသော စံနှုန်းများ နှင့် သဘောတူစာချုပ်များကို အခြေပြုထားခြင်းမဟုတ်သော စံနှုန်းများ နှစ်မျိုးလုံးမှ

[50] ICJ ၏ 'ဆိုးဝါးသောသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအတွက် ကုစားမှုနှင့် ပြန်လည်ပေးလျော်မှု ခံယူနိုင်ခွင့် အခွင့်အရေး - လက်တွေ့လေ့ကျင့်သုံးသူများ၏ လမ်းညွှန်၊ ၂၀၁၈ ခုနှစ် ပြင်ဆင်တည်းဖြတ် ထုတ်ဝေခြင်း' ကို https://www.icj.org/the-right-to-aremedy-and-reparation-for-gross-human-rights-violations-2018-update-to-practitioners-guideno-2/ တွင်ကြည့်ရှုနိုင်သည်။

[51] အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေကို ပြင်းထန်စွာချိုးဖောက်ခံရသည့် နစ်နာသူများအတွက် ကုစားခွင့်နှင့် ပြန်လည်ပေးလျော်မှုဆိုင်ရာ အခြေခံမူများနှင့် လမ်းညွှန်ချက်များ၏ အခြေခံမူ ၃ ။

[52] ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာ ၊ 'ဒီဂျစ်တယ်ခေတ်တွင် လုံခြုံမှုအခွင့်အရေး' A/HRC/27/37 ၊ ၂၀၁၄ ခုနှစ် ဇွန်လ ၃၀ ရက် ၊ ('A/HRC/27/37') ၊ စာပိုဒ် ၃၁ မှ ၃၆ ။

နိုင်ငံတကာဥပဒေနှင့် စံနှုန်းများသည် အွန်လိုင်းရော အော့ဖ်လိုင်းတွင်ပါ အကျိုးသက်ရောက်စေသည် ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုခဲ့သည်။

၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသည် "အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေငြာစာတမ်း အပိုဒ် ၁၉ ၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်များ တို့ နှင့်အညီ အော့ဖ်လိုင်းတွင်ရှိသည့် လူထု၏ တူညီသော အခွင့်အရေးများကို အွန်လိုင်းပေါ်တွင် အထူးသဖြင့် နယ်နိမိတ်အပိုင်းအခြား မရှိသည့် နှင့် လူတစ်ဦး၏ ရွေးချယ်ရာ မည်သည့်မီဒီယာမှတစ်ဆင့်မဆို သက်ဆိုင်သည့် လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်ကို ကာကွယ်ထားရမည်"ဟု အတည်ပြုထားသည့် အများသဘောတူဆုံးဖြတ်ချက်ကိုချမှတ်ခဲ့သည်။ ('UN HRC 2018 resolution)[53] ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် လူ့အခွင့်အရေးနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိကကော်မရှင် (ACHPR) သည် အာဖရိကတိုက်တွင် အင်တာနက်ပေါ် သတင်းအချက်အလက်လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်တွင် လူ့အခွင့်အရေး အခြေခံမှုများသည် အော့ဖ်လိုင်းတွင်ကဲ့သို့ပင် အွန်လိုင်းတွင်လည်း တူညီစွာသက်ရောက်သည်ဟု အတည်ပြုထားသည့် အလားတူအသုံးအနှုန်းပါဆုံးဖြတ်ချက်ကို အတည်ပြုခဲ့သည်။[54] ယင်းသည် ၂၀၁၁ ခုနှစ်တွင် ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ပတ်သက်၍ အောက်ပါ ရှင်းလင်းသတ်မှတ်ချက်နှင့် တသားတည်းကိုက်ညီလေသည်။

*"လူတိုင်းသည် မည်သည့်မီဒီယာမှတစ်ဆင့်ဖြစ်စေ ကိုယ့်ကိုကိုယ် ထုတ်ဖော်ပြောဆို ပိုင်ခွင့်အခွင့်အရေးရှိသည်ဟု အတိအလင်းဖော်ပြခြင်းအားဖြင့် ကုလသမဂ္ဂအထူးကိုယ်စားလှယ်သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေငြာစာတမ်း အပိုဒ် ၁၉ ကို မီးမောင်းထိုးပြခဲ့ပြီး သဘောတူစာချုပ်တွင် လူတစ်ဦးချင်းစီအနေဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးနိုင်သည့်*

[53] ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၊ 'အင်တာနက်ပေါ်တွင် လူ့အခွင့်အရေးမြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနှင့် ရရှိခံစားခြင်း" ၂၀၁၈ ခုနှစ် ဇူလိုင်လ ၄ ရက် ၊ UN Doc No. A/HRC/38/L.10/Rev.1 ('A/HRC/38/L.10/Rev.1') ၊ စာမျက်နှာ ၃ ။ ယင်းသည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ သဘောတူညီမှုဖြင့် အတည်ပြုခဲ့သည့် ၂၀၁၆ ခုနှစ် အစောပိုင်း ဆုံးဖြတ်ချက်တွင် ဖော်ပြထားသော တူညီသည့်အခြေခံမှုကို ထပ်လောင်းအတည်ပြုခဲ့သည်။

[54] လူ့အခွင့်အရေးနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိကကော်မရှင် " အာဖရိကတိုက်တွင် အင်တာနက်ပေါ် သတင်းအချက်အလက်လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်" ၊ ACHPR/Res. 362(LIX) 2016 ၊ https://africaninternetrights.org/updates/2016/12/article-734/ တွင်ကြည့်ရှုနိုင်သည်။

*အနာဂတ်နည်းပညာတိုးတက်မှုများကို ပါဝင်ရန်နှင့် ထည့်သွင်းစဉ်းစားရန် ကြိုတင်မြော်မြင်မှုဖြင့် မူကြမ်းရေးဆွဲခဲ့သည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေမူဘောင်သည် ယနေ့ထိတိုင် အကျုံးဝင်နေဆဲဖြစ်ပြီး အင်တာနက်ကဲ့သို့သော ဆက်သွယ်ရေးနည်းပညာအသစ်များ အပေါ်တွင်လည်း အလားတူသက်ရောက်နေသည်'*[55]

၂၀၁၁ ခုနှစ်၊ ဇွန်လတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်နှင့် ဒေသတွင်းဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာအပ်နှင်းခံထားရသည့် အထူးကိုယ်စားလှယ် ၃ ဦးမှ ထုတ်ပြန်ခဲ့သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အင်တာနက်လွတ်လပ်ခွင့်ဆိုင်ရာ ပူးတွဲကြေငြာစာတမ်း ('၂၀၁၁ ပူးတွဲကြေငြာစာတမ်း') တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် အင်တာနက်ပေါ်တွင်လည်း သက်ဆိုင်ကြောင်း၊ နှင့် ထိုကန့်သတ်ချက်များသည် ဥပဒေအရ ပြဋ္ဌာန်းခံထားရခြင်း၊ အပြည်ပြည်ဆိုင်ရာဥပဒေအရ အသိအမှတ်ပြုထားသော အကျိုးစီးပွားကို ကာကွယ်ရန်လိုခြင်း စသည်တို့အပါအဝင် သတ်မှတ်ထားသော နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုရှိသာ လက်ခံနိုင်ဖွယ်ရှိသည် ('အပိုင်းသုံးပိုင်း'ပါဝင်သော စမ်းသပ်မှု) ဟု ရှင်းလင်း ပြောကြား ခဲ့သည်။[56] လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ပဋိပက္ခအခြေအနေများအပေါ် တုန့်ပြန်မှုများဆိုင်ရာ ထိုအထူး ကိုယ်စားလှယ် ၄ ဦးမှပင် လက်မှတ်ရေးထိုးခဲ့သည့် ၂၀၁၅ ပူးတွဲကြေညာစာတမ်း ('၂၀၁၅ ပူးတွဲကြေညာစာတမ်း')တွင် အင်တာနက်ပေါ်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို

[55] လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်ကို မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ၊ A/HRC/17/27၊ ၂၀၁၁ ခုနှစ် မေလ ၁၆ ရက်၊ စာပိုဒ် ၂၁။

[56] လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်အခွင့်အရေးကို မြှင့်တင်ခြင်းနှင့်ကာကွယ်ခြင်းဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၊ ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း (OSCE)၏ မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ ကိုယ်စားလှယ်၊ အမေရိကန်ပြည်ထောင်စုအဖွဲ့အစည်း (OAS) ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ် နှင့် လူ့အခွင့်အရေးနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိကကော်မရှင် (ACHPR) ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ကို လက်လှမ်းမှီခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်တို့၏ 'လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အင်တာနက်လွတ်လပ်ခွင့် ဆိုင်ရာပူး တွဲကြေငြာစာတမ်း' ၂၀၁၁ ခုနှစ် ဇွန်လ ၁ ရက် ၊ (လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အင်တာနက်လွတ်လပ်ခွင့် ဆိုင်ရာပူး တွဲကြေငြာစာတမ်း) စာပိုဒ် ၁ ၊ https://www.osce.org/fom/78309?download=true တွင်ကြည့်ရှုနိုင်သည်။

ကာကွယ်မှုတွင် 'အပိုင်းသုံးပိုင်း'ပါဝင်သော စမ်းသပ်မှု[57] ၏ အသုံးချနိုင်မှုကို ထပ်လောင်း အတည်ပြုခဲ့ပြီး "အမုန်းစကား၊ နိုင်ငံတော်လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေးနှင့် အကြမ်းဖက်မှု/ အစွန်းရောက်ဝါဒ အပါအဝင် အကြောင်းအရာများအပေါ် ရာဇဝတ်မှုဆိုင်ရာ ကန့်သတ်ချက်များ အားလုံးသည် တာဝန်ရှိသူများအား အထူးအကာအကွယ်ပေးမှု မပြုခြင်းနှင့် မရေရာသည့် (သို့မဟုတ်) အလွန်အမင်းကျယ်ပြန့်သော ဝေါဟာရများကို အသုံးမပြုခြင်း စသဖြင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ တိတိကျကျကိုက်ညီမှုရှိရမည်" ဟု ဖြည့်စွက်လမ်းညွှန်မှုပေးခဲ့သည်။ ၅၈[58]

အထူးသဖြင့် အွန်လိုင်းပေါ်မှ အမုန်းစကားအကြောင်း ပြောရာတွင် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်သည် ICCPR၊ ICERD နှင့် Rabat Plan of Action (Rabat လုပ်ငန်းစီမံချက်)တို့သည် အွန်လိုင်းပေါ်တွင်လည်း တူညီစွာ သက်ရောက်ကြောင်း ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ပြန်သောအစီရင်ခံစာတွင် ရှင်းလင်းပြောကြားခဲ့ပြီး "အွန်လိုင်းပေါ်မှ အမုန်းတရားသည် အွန်လိုင်းပေါ်မှသာ ဖြစ်သောကြောင့် အန္တရာယ်ပိုနည်းပါးမှု မရှိပါ" နှင့် ဒစ်ဂျစ်တယ် နည်းပညာများ၏ "ဖြန့်ဖြူးနိုင်မှု၏ လက်လှမ်းမီ ရောက်ရှိနိုင်မှု အမြန်နှုန်းကြောင့်"[59] "စိုးရိမ်ဖွယ်ဖြစ်သော အော့ဖ်လိုင်း အန္တရာယ်များ" ကို လှုံ့ဆော် ပေးနိုင်သည်"

---

[57] လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ချက်ချက်သည် (၁) ဥပဒေအရ တိကျစွာ ပြဋ္ဌာန်းထားသည် (တရားဥပဒေနှင့် ညီညွတ်မှု အခြေခံမှု) ၊ (၂) တရားဝင်ရည်ရွယ်ချက်ကို လိုက်နာရန် (တရားဝင်မှု အခြေခံမှု) နှင့် (၃) ထိုရည်ရွယ်ချက်ကို ရရှိနိုင်ရန် မရှိမဖြစ်လိုအပ်မှုနှင့် တရားမျှတဆီလျော်မှု ရှိမှသာလျှင် ကန့်သတ်နိုင်သည်။ အပိုင်း ၂ (၂) ကိုကြည့်ပါ။

[58] လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်အခွင့်အရေးကို မြှင့်တင်ခြင်းနှင့်ကာကွယ်ခြင်းဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၊ ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း (OSCE)၏ မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ ကိုယ်စားလှယ်၊ အမေရိကန်ပြည်ထောင်စုအဖွဲ့အစည်း (OAS) ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ် နှင့် လူ့အခွင့်အရေးနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိကကော်မရှင် (ACHPR) ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ကို လက်လှမ်းမှီ ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်တို့၏ 'လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ပဋိပက္ခအခြေအနေများ အပေါ်တုံ့ပြန်မှုများ ဆိုင်ရာပူးတွဲကြေငြာစာတမ်း' ၂၀၁၅ ခုနှစ် ဧပြီလ ၂၇ ရက် ၊ (လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ပဋိပက္ခအခြေအနေများအပေါ်တုံ့ပြန်မှုများဆိုင်ရာဆိုင်ရာပူးတွဲကြေငြာစာတမ်း) စာပိုဒ် ၂ ဂ၊ ၃ က ၊ https://www.osce.org/fom/154846?download=tru တွင်ကြည့်ရှုနိုင်သည်။

[59] ကုလသမဂ္ဂ သတင်း ၊ ' အွန်လိုင်းအမုန်းတရားများက လှုံ့ဆော်ပေးသော အော့ဖ်လိုင်းအန္တရာယ်ကို ကုမ္ပဏီများမှ ကိုင်တွယ်ဖြေရှင်းရန် 'ပျက်ကွက်ခြင်း' '၊ ကုလသမဂ္ဂ ကျွမ်းကျင်သူ ၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၁ ရက် ၊https://news.un.org/en/story/2019/10/1049671; A/74/48050 ၊ စာပိုဒ် ၄ မှ ၁၈ တွင်တွင်ကြည့်ရှုနိုင်သည်။

ဟုအလေးပေး ပြောကြားခဲ့သည်။ သူ၏အစီရင်ခံစာတွင် အွန်လိုင်းပေါ်မှ အကြမ်းဖက်မှုများကို လှုံ့ဆော်မှုမှကာကွယ်ရန် နိုင်ငံတော်အဆင့် ဝတ္တရားများ၏ အရေးကြီးမှုကို အလေးပေး ပြောကြားခဲ့သည်သာမက အိုင်စီတီကုမ္ပဏီများအနေဖြင့်လည်း ၎င်းတို့၏စီးပွားရေးပုံစံ များတွင် လူ့အခွင့်အရေးများကို အခြေခံသည့် ချဉ်းကပ်မှုအား အကောင်အထည်ဖော်ရန်အတွက် အရေးတကြီးလိုအပ်ကြောင်းနှင့် ကုလသမဂ္ဂ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန် မှုများနှင့်အညီ လူ့အခွင့်အရေးများအား အကာအကွယ်ပေးမှုကို သေချာစေရမည်ဖြစ်ကြောင်း[60] အခိုင်အမာ ပြောဆိုခဲ့သည်။

### *ကုလသမဂ္ဂ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မှုများ*

၂၀၁၁ ခုနှစ် ဇွန်လတွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှအတည်ပြုခဲ့သည့် ကုလသမဂ္ဂ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မှုများသည် အိုင်စီတီကုမ္ပဏီများ အပါအဝင် နိုင်ငံများနှင့် စီးပွားရေးလုပ်ငန်းစုများအတွက် စီးပွားရေးလုပ်ငန်းများ လည်ပတ်ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများမှ ကာကွယ်ရန်၊ တားဆီးရန်နှင့် ပြန်လည် ကုစားမှုပေးရန် လမ်းညွှန်ချက်များကို ချမှတ်သည်။[61] ဤမူများကို လူ့အခွင့်အရေးချိုးဖောက်ခံ ရမှုများမှ ကာကွယ်ရန် နိုင်ငံတော်၏တာဝန်၊ လူ့အခွင့်အရေးများကို လေးစားလိုက်နာရန်အတွက် စီးပွားရေးလုပ်ငန်းများ၏ တာဝန်ယူမှု နှင့် ချိုးဖောက်မှုခံရသည့် နစ်နာသူများ၏ - တရားစီရင်ရေး (သို့မဟုတ်) တရားစီရင်ရေး နှင့်မဆိုင်သော - ထိရောက်သောပြန်လည်ကုစားမှုကို

[60] A/74/486 ၊ စာပိုဒ် ၄၂ ၊ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ အစီရင်ခံစာတွင် အိုင်စီတီကုမ္ပဏီများအနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံနှုန်းများကို ၎င်းတို့၏လုပ်ငန်းလည်ပတ်မှုနှင့် လက်တွေ့ကျင့်သုံးများတွင် ပေါင်းစပ်ရန် ရှင်းလင်းသောအကြံပြုချက်များကို တင်ပြခဲ့သည်။ ဤစာတမ်းသည် အိုင်စီတီကုမ္ပဏီများ၏အပြုအမူသည် အွန်လိုင်း ထုတ်ဖော်ပြောဆိုခွင့်၊ သတင်းအချက်အလက်ရရှိခွင့်နှင့် လုံခြုံမှုအခွင့်အရေးများကို အကာအကွယ်ပေးရာတွင် အရေးပါလှသော အချက်တစ်ချက်ဖြစ်ကြောင်း အသိအမှတ်ပြုသည်။ သို့သော်လည်း ဤစာတမ်း၏ရည်ရွယ်ချက်များ အတွက် ထိုအခွင့်အရေးများကိုကာကွယ်ရန် နိုင်ငံများ၏ဝတ္တရားများကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာမှုကိုသာ ကန့်သတ်အာရုံစိုက်ထားမည်ဖြစ်သည်။

[61] ဤလမ်းညွှန်မှုများသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ဂျွန် ရပ်ဂီမှ အဆိုပြုထားသော စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာမူဘောင်တွင် တည်ဆောက်ထားပြီး ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီမှ ၂၀၀၈ ခုနှစ်တွင် အတည်ပြုခဲ့သည်။

ပိုမိုလက်လှမ်းမီမှု စသည့် မဏ္ဍိုင် ၃ ရပ်ပေါ်တည်ထားသော ကုလသမဂ္ဂ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ မူဘောင်တွင် အခြေပြုထားသည်။[62]

UNGPs မှ နိုင်ငံများသည် အိုင်စီတီကုမ္ပဏီများ အပြည့်အဝထိန်းချုပ်ထားသော ပလက်ဖောင်း/ စာမျက်နှာများပေါ်တွင် အခွင့်အရေးများကျင့်သုံးခြင်းနှင့် ပတ်သက်လျှင်သော်မှ အွန်လိုင်းပေါ်တွင် ထိုအခွင့်အရေးများကို ချိုးဖောက်ခြင်းမှ အကာအကွယ်ပေးနိုင်ကြောင်း သေချာစေရန် သင့်လျော်သောနှင့် ထိရောက်မှုရှိသော ဥပဒေများ၊ မူဝါဒများ နှင့် စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းရန် အဓိကတာဝန်ရှိသည် ဟုရှင်းလင်းပြောကြားခဲ့သည်။ ဤတာဝန်တွင် ချိုးဖောက်ခံရမှု များဖြစ်ပွားပါက နစ်နာသူများသည် တရားစီရင်ရေးယန္တရားများ (သို့မဟုတ်) အခြားအုပ်ချုပ်ရေး၊ ဥပဒေပြုရေး (သို့မဟုတ်) ထိန်းကျောင်းသည့်နည်းလမ်းများမှတဆင့် ထိရောက်သောပြန်လည် ကုစားမှုကို လက်လှမ်းမီမှု ရရှိသေချာစေရန် လိုအပ်သောနှင့် သင့်လျော်သော စီမံဆောင်ရွက် မှုများကို ပြုလုပ်ရန်လည်း အကျုံးဝင်သည်။ အိုင်စီတီကုမ္ပဏီများသည် ၎င်းတို့၏လုပ်ငန်းများ လည်ပတ်စဉ်အတွင်း လူ့အခွင့်အရေးကို ကာကွယ်ထားကြောင်းနှင့် အခွင့်အရေးချိုးဖောက်ခံရမှုများ ဖြစ်ပွားလာပါက ထိရောက်သောပြန်လည်ကုစားမှုကိုပေးအပ်ကြောင်း သေချာစေရန် ဝတ္တရားရှိ သော်လည်း နိုင်ငံများအနေဖြင့် စီးပွားရေးလုပ်ငန်းများသည် ဤတာဝန်ဝတ္တရားများကို လိုက်နာမှု ရှိကြောင်းသေချာစေရန် ဆက်စပ်လွှမ်းခြုံနေသော ကြီးကြပ်ကွပ်ကဲမှုနှင့် ထိန်းကျောင်းရေး အခန်းကဏ္ဍကို ကျင့်သုံးဆောင်ရွက်ရန်တာဝန်ရှိသည်။

### ***ဆိုင်ဝိမ် (Tshwane) အခြေခံမူများ***

သတင်းအချက်အလက်ရရှိပိုင်ခွင့်နှင့် စပ်လျဉ်း၍ နိုင်ငံတော်လုံခြုံရေးနှင့် သတင်းအချက် အလက်ရရှိခွင့်ဆိုင်ရာ တစ်ကမ္ဘာလုံးဆိုင်ရာ အခြေခံမူများ ('Tshwane အခြေခံမူများ') ကို ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် အိုင်စီဂျေ (ICJ) အပါအဝင် အစိုးရနှင့် လွတ်လပ်သောကျွမ်းကျင်သူ ၅၀၀ ခန့်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ပညာရေးဆိုင်ရာ အစုအဖွဲ့များ ပါဝင်သော

[62] ကုလသမဂ္ဂ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မှုများ ၊ HR/PUB/11/04, 2011 ၊ https://www.ohchr.org/documents/publications/GuidingprinciplesBusinesshr_eN.pdf တွင်ကြည့်ရှုနိုင်သည်။

လုပ်ငန်းစဉ်မှ တဆင့်အတည်ပြုခဲ့သည်။[63] ဤအခြေခံမူများသည် သတင်းအချက်အလက်ရရှိခွင့် အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် နိုင်ငံများမှထိန်းချုပ်ထားသော သတင်းအချက်အလက်များကို အများပြည်သူသိရှိနိုင်ရန် သေချာစေခြင်းများအပေါ် လူတစ်ဦးချင်းစီအား လုံခြုံရေးခြိမ်းခြောက် မှုများ မှ ကာကွယ်ပေးမှုကို သေချာစေရန်အတွက် တရားနည်းလမ်းကျအားထုတ်မှုကို မထိခိုက်စေသည့်နည်းလမ်းဖြင့် အသေးစိတ်လမ်းညွှန်ချက်များပေးသည်။[64] သတင်းအချက် အလက်များ ဖြန့်ဖြူးခြင်းအတွက် ဒစ်ဂျစ်တယ်နည်းပညာများအသုံးပြုမှု မြင့်တက်လာခြင်းနှင့် သတင်းအချက်အလက်ရရှိခွင့် အခွင့်အရေးဆိုင်ရာ ဥပဒေများ၏ ဖွံ့ဖြိုးတိုးတက်လာမှုများကို တုန့်ပြန်ရန်အတွက် မူကြမ်းရေးဆွဲထားသည့် ဤအခြေခံမူများသည် သတင်းပေးသူများအတွက် ကာကွယ်မှုများ၊ နိုင်ငံများမှထိန်းချုပ်ထားသော သတင်းအချက်အလက်များနှင့် ပတ်သက်၍ လျှို့ဝှက်ထားမှုများကို ကန့်သတ်ခြင်း နှင့် ပြည်သူလူထု၏ သတင်းအချက်အလက်ရရှိခွင့် အခွင့်အရေး၏ သတ်မှတ်ချက်ဘောင်များကို သတ်မှတ်ပေးထားသည်။[65]

Tshwane အခြေခံမူများတွင်ပါဝင်သည့် အဓိကလမ်းညွှန်ချက်များတွင် လူတစ်ဦးချင်းစီ အနေဖြင့် "ကိုယ်ပိုင်စစ်တပ်နှင့် လုံခြုံရေးကုမ္ပဏီများအပါအဝင်

---

[63] ICJ 'ဥရောပကောင်စီသည် သတင်းအချက်အလက်ရရှိခွင့် အခွင့်အရေးဆိုင်ရာ တစ်ကမ္ဘာလုံးဆိုင်ရာ အခြေခံမူများကို ထောက်ခံသည်' ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂ ရက်၊ https://www.icj.org/council-of-europe-endorses-global-principles-on-the-right-toinformation/ တွင်ကြည့်ရှုနိုင်သည်။

[64] ဤအခြေခံမူများ ပေါ်ပေါက်လာမှုသည် နိုင်ငံပေါင်း ၇၀ ကျော်မှ အစိုးရ၊ လုံခြုံရေး၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများမှ ကျွမ်းကျင်သူ ၅၀၀ ကျော်နှင့် နှစ်နှစ်ကြာဆွေးနွေးညှိနှိုင်းမှုများအပြီးတွင် ဖြစ်လာခဲ့သည်။ ထိုလုပ်ငန်းစဉ်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် လေးဦး၊ လူ့အခွင့်အရေးနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိကကော်မရှင်၊ အမေရိကန်ပြည်ထောင်စုအဖွဲ့အစည်း (OAS)နှင့် ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း (OSCE)တို့အပြင် အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်တို့အကြား နီးကပ်စွာ လက်တွဲလုပ်ဆောင်ခြင်းလည်း ပါဝင်ခဲ့သည်။ ICJ ၊ 'သတင်းအချက်အလက်ရရှိခွင့် အခွင့်အရေးဆိုင်ရာ တစ်ကမ္ဘာလုံးဆိုင်ရာ အခြေခံမူအသစ်များ စတင်မိတ်ဆက်ခဲ့သည်' ၂၀၁၃ ခုနှစ် ဇွန်လ ၁၂ ရက် ၊ https://www.icj.org/new-global-principles-on-the-right-to-information-launched/ တွင်ကြည့်ရှုနိုင်သည်။ Justice Initiative ၊ 'နိုင်ငံတော်လုံခြုံရေးနှင့် သတင်းအချက်အလက်ရရှိခွင့် အခွင့်အရေးဆိုင်ရာ တစ်ကမ္ဘာလုံးဆိုင်ရာ အခြေခံမူများ' ၊ https://www.justiceinitiative.org/uploads/45d4db46-e2c4-4419-932b-6b9aadad7c38/tshwaneprinciples-15-points-09182013.pdf တွင်ကြည့်ရှုနိုင်သည်။

[65] Ibid

နိုင်ငံတော်လုံခြုံရေးကဏ္ဍအတွင်းရှိ စီးပွားရေး လုပ်ငန်းများ"အပါအဝင် အစိုးရအဖွဲ့အစည်းအာဏာပိုင်များလက်ဝယ်ထားရှိသည့် သတင်းအချက်အလက်များအား ရယူခွင့်ရှိပြီး "ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသောနှင့် နိုင်ငံတော်လုံခြုံရေး အပါအဝင် တရားဝင်အကျိုးစီးပွားအတွက် တိကျသော၊ ခွဲခြားသိမြင်နိုင်သော အန္တရာယ်များကို ကာကွယ်ရန် လိုအပ်သော ခြွင်းချက်များအားဖြင့်သာ ကန့်သတ်ခံရနိုင်သည်" ( အခြေခံမူ ၁ )၊ နိုင်ငံများအနေဖြင့်" အပြည်ပြည်ဆိုင်ရာ ဥပဒေအရ ရာဇဝတ်မှုများအပါအဝင် လူ့အခွင့် အရေး ဆိုးဝါးစွာချိုးဖောက်ခြင်း (သို့မဟုတ်) အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာ ထောက်ထားမှု ဥပဒေကို ပြင်းထန်စွာချိုးဖောက်ခြင်းများနှင့် ပုဂ္ဂလိကကလွတ်လပ်ခွင့်နှင့် လုံခြုံမှုအခွင့်အရေး များကို စနစ်တကျ (သို့မဟုတ်) ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်မှုများ" နှင့်သက်ဆိုင်သည့် သတင်း အချက်အလက်များကို အများပြည်သူသိအောင် ထုတ်ဖော်ပြသရမည် ( အခြေခံမူ ၁၀ က )၊ ပြန်လည်ကုစားမှု (သို့မဟုတ်) ပြန်လည်ပေးလျော်မှုအတွက် တောင်းဆိုမှုများကို နိုင်ငံများက လျှို့ဝှက်ထားသည့် "သတင်းအချက်အလက်" ကို မထားသင့်ကြောင်း (အခြေခံမူ ၃၀)၊ သတင်း ထောက်များ အပါအဝင် အစိုးရဝန်ထမ်းမဟုတ်သောသူများကို အများပြည်သူများ သိခွင့်မရှိသော သတင်းအချက်အလက်များကို လက်ခံခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် ထုတ်ဖော် ဖွင့်ချခြင်းများအတွက် တရားစွဲဆိုခြင်း မပြုသင့်ပါ (အခြေခံမူ ၄၇)၊ နှင့် နိုင်ငံများအနေဖြင့် "နိုင်ငံတော်လုံခြုံရေးဆိုင်ရာ တရားဝင် အကျိုးစီးပွားကို အကာအကွယ်ပေးရန်လိုအပ်သည့် အချိန်ကာလ တစ်ခုအထိသာ" နိုင်ငံတော်လုံခြုံရေးကို အကြောင်းပြု၍ သတင်းအချက် အလက်များကို ထိန်းချုပ်ထားသင့်ပြီး ထိုကဲ့သို့သော ထိန်းချုပ်ထားခြင်းကို အခါအားလျော်စွာ ပြန်လည်သုံးသပ်" ရမည်ဖြစ်သည် (အခြေခံမူ ၁၆)စသည်တို့ ပါဝင်သည့် အစိုးရအာဏာပိုင်များမှ ထိန်းချုပ်ထားသော သတင်းအချက်အလက်များကို လက်လှမ်းမီ ရယူပိုင်ခွင့်အခွင့်အရေးရှိသည်ဟု ဖော်ပြထားသည်။[66]

ၾငင်းတို့သည် ၁၉၉၅ ခုနှစ် အောက်တိုဘာလတွင် အတည်ပြုခဲ့သည့် နိုင်ငံတော်လုံခြုံရေး၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် လက်လှမ်းမီရရှိခွင့်ဆိုင်ရာ ဂျိုဟန်နက် ဘတ်ဘတ်ဂျက် (Johannesburg) အခြေခံမူများအပေါ်တွင် ထပ်မံတိုးချဲ့ထားသည်။

[66] နိုင်ငံတော် လုံခြုံရေးနှင့်သတင်းအချက်အလက်ရရှိခွင့် အခွင့်အရေးဆိုင်ရာ တစ်ကမ္ဘာလုံးဆိုင်ရာ အခြေခံမူများ ၊ ၂၀၁၃ ခုနှစ် ၊ https://www.icj.org/wp-content/uploads/2013/06/Global-Principles-on-National-Security-and-the-Right-toInformation-Tshwane-Principles-June-2013.pdf တွင်ကြည့်ရှုနိုင်သည်။

၎င်းတို့သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် သတင်းအချက်အလက်ရရှိခွင့် အခွင့်အရေးများကို ပိုမိုအားဖြည့်ပေးခဲ့ပြီး "ကန့်သတ်ချက်များကို ဥပဒေအရပြဋ္ဌာန်းထားပြီး တရားဝင် နိုင်ငံတော်လုံခြုံရေး အကျိုးစီးပွားကို ကာကွယ်ရန်အတွက် ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် လိုအပ်ကြောင်း အစိုးရအနေဖြင့် ပြသနိုင်ခြင်းမရှိပါက" ဤအခွင့်အရေးကို ကန့်သတ် တားမြစ်ခြင်း အား ခွင့်ပြု၍မရနိုင်ပါ ဟုဖော်ပြထားသည့် "နိုင်ငံတော်လုံခြုံရေးနှင့်ပတ်သက်သော သတင်း အချက်အလက်အပါအဝင် အစိုးရအာဏာပိုင်များထံမှ သတင်းအချက်အလက်များရယူပိုင်ခွင့်" ကိုကာကွယ်ရန်လမ်းညွှန်ချက်များပေးခဲ့သည်။[67]

## ၆။လုံခြုံမှု အခွင့်အရေး

လုံခြုံမှု အခွင့်အရေးကို ကုလသမဂ္ဂအထွေထွေညီလာခံမှ " ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ခု၏ အခြေခံအုတ်မြစ်များအနက် တစ်ခု" ဖြစ်ပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ထင်မြင်ယူဆချက်များကို ဝင်ရောက်စွက်ဖက်ခံရခြင်းမရှိဘဲ ဆုပ်ကိုင်ထားရှိခွင့် များကို လွတ်လပ်သောနှင့် အမှီအခိုကင်းသော ကျင့်သုံးမှုအတွက် လိုအပ်ချက်တစ်ခု ဖြစ်သည်ဟု အသိအမှတ်ပြုသည်။[68] UDHR အပိုဒ် ၁၂ နှင့် ICCPR အပိုဒ် ၁၇ တို့သည် လူတစ်ဦးချင်း စီတိုင်း၏ အခွင့်အရေးကို သူ (သို့မဟုတ်) သူမ၏ လုံခြုံမှုကို မတော်မတရား (သို့မဟုတ်) ဥပဒေမဲ့ ဝင်ရောက်စွက်ဖက်ခံရခြင်းမှ ကာကွယ်ပေးထားသည်။[69] အပိုဒ် ၁၇ တွင် အတိအလင်း ဖော်ပြ ထားခြင်းမရှိသော်လည်း လူ့အခွင့်အရေးကော်မတီနှင့် လူ့အခွင့်အရေးကောင်စီတို့မှ တရားဥပဒေနှင့် ညီညွတ်ခြင်း၊ မရှိမဖြစ်လိုအပ်မှု နှင့် တရားမျှတဆီလျော်မှု အခြေခံမှုများသည် လုံခြုံမှု အခွင့်အရေးအပေါ်တွင်

---

[67] နိုင်ငံတော်လုံခြုံရေး၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် လက်လှမ်းမီရရှိခွင့်ဆိုင်ရာ ဂျိုဟန်နက်ဘတ်ဘတ်ဂျက်(Johannesburg) အခြေခံမူများ ၊ https://www.article19.org/wp-content/uploads/2018/02/joburgprinciples.pdf တွင်ကြည့်ရှုနိုင်သည်။

[68] ကုလသမဂ္ဂအထွေထွေညီလာခံ ၊ 'ဒီဂျစ်တယ်ခေတ်တွင် လုံခြုံမှု အခွင့်အရေး' ၊ A/RES/68/167 ('A/RES/68/167') ၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက် ၊ https://undocs.org/A/RES/68/167 တွင်ကြည့်ရှုနိုင်သည်။

[69] ICCPR အပိုဒ် ၁၇ တွင် " ၁။ မည်သူမဆို ၎င်း၏လုံခြုံရေး၊ မိသားစု၊ နေအိမ် (သို့မဟုတ်) စာအဆက်အသွယ်ကို မတော်မတရား (သို့မဟုတ်) ဥပဒေမဲ့ ဝင်ရောက်စွက်ဖက်ခံရခြင်းသာမက နာမည် နှင့် ဂုဏ်သိက္ခာအပေါ် ဥပဒေမဲ့တိုက်ခိုက်ခြင်းလည်း မခံရသင့်ပါ။ ၂။ လူတိုင်းတွင် ထိုကဲ့သို့သော ဝင်ရောက်စွက်ဖက်ခံရခြင်း (သို့မဟုတ်) တိုက်ခိုက်ခံရခြင်းမှ ဥပဒေ၏ ကာကွယ်ပေးမှုကို ရယူနိုင်ရန် အခွင့်အရေးရှိသည်။" ဟုဖတ်ရှုနိုင်သည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်းနှင့် အခြားအခြေခံ လွတ်လပ်ခွင့်များ အပေါ်ကဲ့သို့ပင် တူညီသည့်နည်းလမ်းဖြင့် သက်ရောက်ကြောင်းအတည်ပြုခဲ့သည်။

"အင်တာနက်သည် နေရာတိုင်းနှင့် ပို၍ပို၍ ရင်းနှီးမှုရှိလာသောကြောင့်" လုံခြုံမှုအခွင့်အရေးကို ကာကွယ်ရန်စိန်ခေါ်မှုများသည် ဒစ်ဂျစ်တယ်ခေတ်တွင် သိသိသာသာမြင့်တက်လာသည်။[70] ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ကုလသမဂ္ဂအထွေထွေညီလာခံမှ အရှိန်အဟုန်မြင့်လာသော အိုင်စီတီ နယ်ပယ်၏ တိုးတက်လာမှုများသည် နိုင်ငံတော် အစိုးရများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းစုများနှင့် အခြားအစိုးရမဟုတ်သော အဖွဲ့ဝင်များ၏ လုံခြုံမှုအခွင့်အရေးနှင့် အခြားအခွင့်အရေးများအပေါ် ချိုးဖောက်မှုဖြစ်စေသည့် အချက်အလက်များ စုဆောင်းရန်၊ ထောက်လှမ်းစောင့်ကြည့်ရန်နှင့် ကြားဖြတ်ရယူရန် လုပ်နိုင်စွမ်းကို တိုးချဲ့လာစေခဲ့သည်ဟု မှတ်ချက်ပြုခဲ့ပြီး ဒစ်ဂျစ်တယ် ဆက်သွယ်ရေးအခြေအနေတွင် ကျူးလွန်သော ချိုးဖောက်မှုများကို တားဆီးရန် နိုင်ငံများအနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအရ ဝတ္တရားရှိကြောင်း ထပ်လောင်း အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက် ၆၈/၁၆၇ ကိုအတည်ပြုခဲ့သည်။[71]

အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ အခြေခံမူများသည် အွန်လိုင်း လုံခြုံမှုအတွက် အော့ဖ်လိုင်းတွင် ကဲ့သို့ပင် တူညီစွာ သက်ရောက်မှုရှိသည်။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလတွင် လူ့အခွင့်အရေး ကောင်စီသည် ဆက်သွယ်ရေး ထောက်လှမ်းစောင့်ကြည့်မှုများတွင် လူ့အခွင့်အရေးများကို ကျင့်သုံးမှု အတွက် တရားဥပဒေနှင့် ညီညွတ်မှု၊ တရားဝင်မှု၊ မရှိမဖြစ်လိုအပ်မှုနှင့် တရားမျှတ ဆီလျော်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ အခြေခံမူများသည် ဒစ်ဂျစ်တယ် အသုံးပြုမှုနယ်ပယ်တွင် အထူးသဖြင့် ဆက်သွယ်ရေး ထောက်လှမ်း စောင့်ကြည့်မှုနည်းပညာများနှင့် နည်းစနစ်များ အသုံးပြုခြင်းနှင့် ပတ်သက်၍ ထပ်တူထပ်မျှ သက်ဆိုင်မှုရှိကြောင်းနှင့် ကျင့်သုံးနိုင်ကြောင်း ထပ်လောင်းအတည်ထားသည့် မရှိမဖြစ်လိုအပ်သော နှင့် တရားမျှတဆီလျော်မှုရှိသော အပြည်ပြည်ဆိုင်ရာ အခြေခံမူများ (မရှိမဖြစ်လိုအပ် သောနှင့် တရားမျှတဆီလျော်မှုရှိ သော အခြေခံမူများ) ကို စတင်

[70] A/HRC/27/37 စာပိုဒ် ၁။

[71] A/RES/68/167။

မိတ်ဆက်ခဲ့သည်။[72] ကမ္ဘာအနှံ့ရှိ လုံခြုံမှု၊ လုံခြုံရေး၊ လူ့အခွင့်အရေးနှင့် ဒစ်ဂျစ်တယ်အခွင့်အရေး ကျွမ်းကျင်သူများအကြား ကျယ်ပြန့်သော တိုင်ပင်ဆွေးနွေးမှုများမှတစ်ဆင့် ဖော်ထုတ်ထားသည့် ဤအခြေခံမှုများကို တစ်ကမ္ဘာလုံးရှိ အဖွဲ့အစည်းပေါင်း ၄၀၀ ကျော်မှ သဘောတူလက်ခံခဲ့ကြသည်။ နောက်ဆုံးပြင်ဆင်သည့်မူ ကို ၂၀၁၄ ခုနှစ်၊ မေလတွင် အတည်ပြုခဲ့သည်။

အွန်လိုင်းပေါ်တွင် လုံခြုံမှုအခွင့်အရေးကို ထိန်းကျောင်းသည့် စံနှုန်းများသည် ဆက်လက်တိုးတက် ဖွံ့ဖြိုးနေသည်။ ၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသည် ဒစ်ဂျစ်တယ် အခြေအနေ တွင် လုံခြုံမှုအခွင့်အရေးဆိုင်ရာ ပထမဆုံး အထူးကိုယ်စားလှယ်ကို ခန့်အပ်ခဲ့ပြီး ၎င်းသည် ၂၀၁၈ ခုနှစ်တွင် ထောက်လှမ်းစောင့်ကြည့်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့်အညီ တိုးတက်မှုများ ရှိလာခဲ့သော်လည်း ဆက်လက်၍ တိုးတက်ဖွံ့ဖြိုးမှု လိုအပ်နေကြောင်း ကောင်စီသို့ အစီရင်ခံတင်ပြ ခဲ့သည်။[73] တစ်ချိန်တည်းတွင်ပင် အထူး ကိုယ်စားလှယ်သည် " အင်တာနက်ဆိုင်ရာ ပိုမိုခြုံငုံပြည့်စုံသော ဥပဒေရေးရာမူဘောင်ကို ဖော်ထုတ်ရန် စိတ်ပိုင်းဖြတ် ကြိုးပမ်းမှုအားဖြင့်...ဆိုက်ဘာနယ်ပယ်တွင် လုံခြုံမှု၊ လုံခြုံရေး နှင့် နိုင်ငံအစိုးရများ၏ အပြုအမူများအကြား ဆုံမှတ်ကို ဖော်ထုတ်ရန်" ပိုမို၍ အားစိုက်ထုတ်မှု လိုအပ်နေသည်ဟု လေ့လာတွေ့ရှိခဲ့သည်။[74]

---

[72] ဆက်သွယ်ရေး ထောက်လှမ်းစောင့်ကြည့်မှုများတွင် လူ့အခွင့်အရေးများကို ကျင့်သုံးမှုအတွက် တရားဥပဒေနှင့် ညီညွတ်မှု၊ တရားဝင်မှု၊ မရှိမဖြစ်လိုအပ်မှုနှင့် တရားမျှတဆီလျော်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ အခြေခံမှုများ ၊ ၂၀၁၄ ခုနှစ် မေလ ၊ https://necessaryandproportionate.org/principles တွင်ကြည့်ရှုနိုင်သည်။ ICJ သည်လည်း ဤအခြေခံမှုများကို သဘောတူညီ လက်မှတ်ရေးထိုးသားသည့် အဖွဲ့ဝင်ဖြစ်သည်။ ဆုံးဖြတ်ချက် ၆၈/၁၆၇၏ နောက်တွင်ထွက်လာသည့် ၂၀၁၄ ခုနှစ် သူ၏ အစီရင်ခံစာတွင် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးသည် မရှိမဖြစ်လိုအပ်သောနှင့် တရားမျှတဆီလျော်မှုရှိသော အခြေခံမှုများကို ရည်ညွှန်းပြီး "တရားဥပဒေနှင့် ညီညွတ်မှု၊ မရှိမဖြစ်လိုအပ်မှုနှင့် တရားမျှတဆီလျော်မှုဆိုင်ရာ အခြေခံမှုများ" သည် အွန်လိုင်းပေါ် ရှိ လုံခြုံမှုအခွင့်အရေးအား ကန့်သတ်ချက်များကို သက်ရောက်စေကြောင်း ထပ်လောင်းပြောကြားခဲ့သည်။ A/HRC/27/37 ၊ စာပိုဒ် ၂၃ တွင်ကြည့်ရှုနိုင်သည်။

[73] လုံခြုံမှုအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ အစီရင်ခံစာ ၊ A/HRC/37/62 ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၅ ရက်၊ ('A/HRC/37/62') ကို https://documents-dds-ny.un.org/doc/UNDOC/GEN/G18/324/47/PDF/G1832447.pdf?OpenElement တွင်ကြည့်ရှုနိုင်သည်။

[74] A/HRC/37/62၊ စာပိုဒ် ၁၂၉ မှ ၁၃၁ အထိ။

အွန်လိုင်းပေါ်မှ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကာကွယ်ခြင်းနှင့် ပတ်သက်၍ ဥရောပသမဂ္ဂသည် (EU)သည် ဒေသတွင်းအဆင့်တွင် ခိုင်မာသည့်ဥပဒေရေးရာ လမ်းညွှန်ချက်များကို ပေါ်ပေါက်လာစေရန် ကြိုးပမ်းမှုများ လုပ်ဆောင်ခဲ့သည်။ ၂၀၁၈ ခုနှစ် မေလတွင် အီးယူ အထွေထွေအချက်အလက် ကာကွယ်မှုဆိုင်ရာ စည်းမျဉ်း (GDPR) စတင်အတည်ပြုခဲ့ပြီး ပြင်းထန်သောချိုးဖောက်မှုများအတွက် အဖွဲ့အစည်း၏ နှစ်စဉ် ကမ္ဘာလုံးဆိုင်ရာ လည်ပတ်ငွေ၏ ၄ ရာခိုင်နှုန်း (သို့မဟုတ်) ယူရိုသန်း ၂၀ (ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၂၂ သန်း)အထိရှိသော ဒဏ်ငွေပြစ်ဒဏ်များချမှတ်ခြင်းဖြင့် လုံခြုံမှုနှင့် အချက်အလက် ချိုးဖောက်ခံရမှုများအတွက် အကာအကွယ်ပေးမှုများကိုပြုလုပ်ခဲ့သည်။[75] အရေးကြီးသည်မှာ GDPR သည် အီးယူဒေသအတွင်းရှိ အချက်အလက်များကို စီမံသည့် မည်သည့်ကုမ္ပဏီကိုမဆို ကုမ္ပဏီ၏မူရင်းတည်နေရာ မူတည်ခြင်း မရှိပဲ နယ်နိမိတ်ပြင်ပအား သက်ဆိုင်မှုရှိသည်။[76] GDPR စတင်အတည်ပြုခဲ့ပြီးနောက် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ပြင်သစ်အချက်အလက်ကာကွယ်ရေး ထိန်းကျောင်းသည့် အဖွဲ့အစည်းဖြစ်သည့် CNIL မှ

---

[75] GDPR နှင့်ဆိုင်သော သတင်းအချက်အလက်များကို https://gdpr-info.eu/art-3-gdpr/ တွင်ကြည့်ရှုနိုင်သည်။ ၂၀၁၈ ခုနှစ် မေလတွင် အီးယူအချက်အလက်ကာကွယ်ရေး ဥပဒေ စိုးမိုးရေးညွှန်ကြားချက်သည်လည်း အသက်ဝင်လာခဲ့ပြီး ဒေတာကာကွယ်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာအာဏာပိုင်များက စီမံနေသည့် ကိုယ်ရေးကိုယ်တာအချက်အလက်များကို ရာဇဝတ်မှု ကျူးလွန်ခြင်းများကို ကာကွယ်ရန်၊ စုံစမ်းစစ်ဆေးရန်၊ ရှာဖွေရန် (သို့မဟုတ်) အရေးယူတရားစွဲဆိုရန် (သို့မဟုတ်) ရာဇဝတ်မှုဆိုင်ရာပြစ်ဒဏ်များချမှတ်ရန်နှင့် ထိုကဲ့သို့သော အချက်အလက်များကို လွတ်လပ်စွာ ရွှေ့ပြောင်းပို့ဆောင်ခွင့် စသည့်ရည်ရွယ်ချက်များဖြင့် အီးယူနိုင်ငံသားများ၏အခွင့်အရေးများကို ကာကွယ်ပေးနေသည်။ ညွှန်ကြားချက်ကို https://eur-lex.europa.eu/legal-content/EN/TXT/?uri=uriserv%3AOJ.L_.2016.119.01.0089.01.ENG&toc=OJ%3AL%3A2016%3A119%3ATOC တွင်ကြည့်ရှုနိုင်သည်။

[76] GDPR ၊ အပိုဒ် ၃ ၊ https://gdpr-info.eu/art-3-gdpr/ တွင်ကြည့်ရှုနိုင်သည်။ မှတ်ချက်ပြုချက်တစ်ခုတွင် ၎င်းသည် "နယ်နိမိတ်အပိုင်းအခြားမရှိသော အင်တာနက်၏ သဘောသဘာဝကို ထင်ဟပ်စေသည့် အချက်အလက် ကာကွယ်ရေးဆိုင်ရာ ဥပဒေများ၏ အတိုင်းအတာကိုတိုးချဲ့ရန် ကမ္ဘာလုံးဆိုင်ရာဖြစ်ပျက်မှုပုံစံ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည် ဟုမှတ်ချက်ပြုခဲ့သည်။" Adele Azzi 'အထွေထွေ အချက်အလက်ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများ၏ နယ်နိမိတ်ပြင်ပမှ ရင်ဆိုင်ကြုံတွေ့နေရသောစိန်ခေါ်မှုများ' ၂၀၁၈ ခုနှစ် ၊ 9 JIPITEC 126 ၊ https://www.jipitec.eu/issues/jipitec-9-2-2018/4723 တွင်ကြည့်ရှုနိုင်သည်။

ဂူးဂဲလ်အား ဂူးဂဲလ်အသုံးပြုသူများထံမှ ၎င်းတို့၏ကိုယ်ရေးကိုယ်တာ အချက် အလက်များကို ပစ်မှတ်ထားကြော်ငြာမှုများအတွက် အသုံးပြုရန် ကြိုတင်အသိပေးသဘောတူ ညီချက်ရယူရန် ပျက်ကွက်ခြင်းကြောင့် ယူရိုသန်း ၅၀ (ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၅၅ သန်း) ဒဏ်ငွေပြစ်ဒဏ်များချမှတ်ခဲ့သည်။[77] ၂၀၁၉ ခုနှစ် မတ်လတွင် အီးယူသည် အီလက်ထရော နစ်ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ၌ စီမံနေသည့် အချက်အလက်များ၏ လုံခြုံမှုအား အကာ အကွယ်ပေးခြင်းကို အဓိကအာရုံစိုက်သည့် ၎င်း၏ 'ePrivacy Regulation' ၏ နောက်ဆုံးမူကြမ်း ကိုလည်း ထုတ်ပြန်ခဲ့သည်။[78]

ဤကဲ့သို့ အသစ်ပြဋ္ဌာန်းထားပြီး၊ စုစည်းထားသည့် ဥရောပ အချက်အလက် ကာကွယ်ရေးဆိုင်ရာ ဥပဒေများ၏ သက်ရောက်မှုများအား ဆက်လက်စောင့်ကြည့်ရန် လိုအပ်နေသေးသော်လည်း ၎င်းတို့၏ အကောင်အထည်ဖော်မှုသည် အွန်လိုင်းနယ်ပယ်အတွင်းရှိ လုံခြုံမှုကို ကာကွယ်ရေး အတွက် ဥပဒေများရေးဆွဲပြဋ္ဌာန်းရန် တစ်ကမ္ဘာ လုံးဆိုင်ရာ ကြိုးပမ်းမှုများအတွက် ဦးစားပေး လမ်းညွှန်ချက်များ ပေးလိမ့်မည်ဖြစ်သည်။[79] အထင်ရှားဆုံး

[77] Klint Finley ၊ 'အီးယူ လုံခြုံမှုဆိုင်ရာ ဥပဒေသည် ၎င်းအတွက် ပထမဆုံးနည်းပညာကုမ္ပဏီကြီးဖြစ်သော ဂူးဂဲလ်ကို ထောင်ဖမ်းသည်' WIRED ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်၊ https://www.wired.com/story/eu-privacy-law-snares-first-tech-giant-google/ တွင်ကြည့်ရှုနိုင်သည်။ Chris Fox 'ဂူးဂဲလ်သည် ကြော်ငြာများကြောင့် GDPR ဒဏ်ငွေ ပေါင် ၄၄ သန်းကျော် အထိနာခဲ့သည်' BBC ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၁ ရက် ၊ https://www.bbc.com/news/technology-46944696 တွင်ကြည့်ရှုနိုင်သည်။ ၎င်းသည် GDPR အရ ပထမဆုံးချမှတ်ခံရသည့် ဒဏ်ငွေမဟုတ်ကြောင်း၊ Jon Porter "ဂူးဂဲလ်သည် ပြင်သစ်နိုင်ငံတွင် GDPR ချိုးဖောက်မှုအတွက် ဒဏ်ငွေယူရိုသန်း ၅၀ ချမှတ်ခံခဲ့ရသည်" The Verge ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၁ ရက် ၊ https://www.theverge.com/2019/1/21/18191591/google-gdpr-fine-50-million-eurosdata-consent-cnil တွင်ကြည့်ရှုနိုင်သည်။

[78] ဥရောပပါလီမန်နှင့် ဥရောပကောင်စီ၏ အီလက်ထရောနစ်ဆက်သွယ်ရေးတွင် လုံခြုံမှုရှိသောဘဝကို လေးစားခြင်းနှင့် ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကာကွယ်ခြင်းဆိုင်ရာ ထိန်းကျောင်းခြင်းသည် ညွှန်ကြားချက် 2002/58/EC ပယ်ဖျက်ခြင်း။ ထိုမူကြမ်းကို https://data.consilium.europa.eu/doc/document/ST-7099-2019-INIT/en/pdf တွင်ကြည့်ရှုနိုင်သည်။

[79] လုံခြုံမှု အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်သည် ကုလသမဂ္ဂအထွေထွေညီလာခံသို့ ပေးပို့သော သူ၏၂၀၁၈ ခုနှစ် အစီရင်ခံစာတွင် "GDPR ၏ နယ်နိမိတ်ပြင်ပ သက်ရောက်မှုများသည် နောက် ၅ နှစ်မှ ၁၀ နှစ်အတွင်းတွင် သဘောတူစာချုပ်ပါ အဖွဲ့ဝင် ၁၀၈ နိုင်ငံနှင့် ကမ္ဘာလုံးဆိုင်ရာ လုံခြုံမှုဆိုင်ရာယဉ်ကျေးမှု၏ ပိုမိုကြီးမားလာမှုအပေါ် သိသိသာသာအကျိုးသက်ရောက်မှု ရှိလိမ့်မည်။ Big Data နှင့် Open Data များအတွက် သီးခြား အခြေခံမူများကဲ့သို့သော နောက်ထပ် တိုးတက်ဖွံ့ဖြိုးမှုများ လိုအပ်လာမှုနှင့် ၎င်း၏ဆက်စပ်မှုသည် ဤဆင့်ကဲဖြစ်စဉ်၏ တိကျသောသဘောသဘာဝသည် ဆက်လက် ထွက်ပေါ်လာနေဆဲဖြစ်သည်"

ဥပမာတစ်ခုမှာ မည်သည့် နိုင်ငံအစိုးရမဆို ရယူခွင့်ရှိသော ကိုယ်ရေးကိုယ်တာ အချက်အလက် ကာကွယ်ရေးဆိုင်ရာ ဘက်စုံလွှမ်းခြုံသည့် တည်ဆဲ အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းဖြစ်သော ကိုယ်ရေးကိုယ်တာ အချက်အလက်များကို အလိုအလျောက်စီမံနေမှုနှင့်စပ်လျဉ်းသည့် လူတစ်ဦးချင်းစီအား အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ဖြစ်သည် (သဘောတူစာချုပ် ၁၀၈)။[80] ၂၀၁၈ ခုနှစ်၊ မေလတွင် (ယခု 'သဘောတူစာချုပ် ၁၀၈+') သဘောတူစာချုပ် ၁၀၈ ၏ ခေတ်နှင့်အမီပြင်ဆင်ဖြည့်စွက်မှုတွင် GDPR ၏ အစိတ်အပိုင်းအများအပြား ပါဝင်ပြီး ယင်းပြန်လည်ပြင်ဆင်ခြင်းသည် ဖွံ့ဖြိုးဆဲအိုင်စီတီကုမ္ပဏီများမှ တင်ပြလာသော စိန်ခေါ်မှု အသစ်များကို ဖြေရှင်းကျော်လွှားနိုင်ရန် ကြိုးဆိုဖွယ်ကောင်းသော အားထုတ်မှုတစ်ခုဖြစ်သည်။[81] သို့သော်လည်း GDPR နှင့် သဘောတူစာချုပ် ၁၀၈+ နှစ်ခုလုံးအား အကောင်အထည်ဖော်မှု၏ သက်ရောက်မှုများကို အကဲဖြတ်နိုင်ရန်အတွက် အချိန်လိုအပ်ပေသည်။[82]

## ၇။နယ်နိမိတ်ပြင်ပ ရှိနေမှု

အွန်လိုင်းနယ်ပယ်တွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုနှင့် ပတ်သက်၍ ပေါ်ပေါက်လာသော အခြေခံကျသည့် စိန်ခေါ်မှုတစ်ရပ်မှာ တရားစီရင်ပိုင်ခွင့်ဖြစ်သည်။ အစဉ်အလာ အားဖြင့် လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများအား ထမ်းဆောင်ခြင်းကို နိုင်ငံတော်၏ ယန္တရားမှ

ဟုမှတ်ချက်ပြုထားသည်။ လုံခြုံမှု အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ အစီရင်ခံစာကို A/73/45712, 17 October 2018 ('A/73/45712') ၊ စာပိုဒ် ၁၀၁ တွင်ကြည့်ရှုနိုင်သည်။

[80] သဘောတူစာချုပ် ၁၀၈ ကို ၁၉၈၁ ခုနှစ်တွင် ဥရောပကောင်စီမှ ပြဋ္ဌာန်းခဲ့သော်လည်း မည်သည့်နိုင်ငံကိုမဆို ပါဝင်ရယူခွင့်ပြုသည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလအထိ ဥရောပနိုင်ငံ ၄၇ နိုင်ငံအပါအဝင် ဥရုဂွေး၊ မောရစ်သျှ၊ ဆီနီဂေါ၊ တူနီးရှား၊ မော်ရိုကို၊ ကိပ်ဗ်ဗာဒီ၊ အာဂျင်တီးနား၊ မက္ကဆီကို နှင့် ဘာကီနာ တို့သည် သဘောတူစာချုပ်သို့ ပါဝင်ခွင့် တောင်းခံခဲ့သည်။ အခြား ၁၁ နိုင်ငံ (သို့မဟုတ်) ၎င်းတို့၏ အချက်အလက် ကာကွယ်ရေးဆိုင်ရာ အာဏာပိုင်များသည် ယင်း၏ အတိုင်ပင်ခံကော်မတီ၏ လေ့လာသူများ ဖြစ်ကြသည်။ A/73/45712, footnote 83 တွင်ကြည့်ရှုနိုင်သည်။

[81] ကိုယ်ရေးကိုယ်တာအချက်အလက်များကို စီမံခြင်းနှင့်သက်ဆိုင်သည့် လူတစ်ဦးချင်းစီအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ခေတ်နှင့်အမီလက်ခံကျင့်သုံးသည့် သဘောတူစာချုပ်၊ ၁၂၈ ကြိမ်မြောက် ဝန်ကြီးများကော်မတီ၏ အစည်းအဝေး (Elsinore, Denmark, 17-18 May 2018) https://search.coe.int/cm/Pages/result_details.aspx?ObjectId=09000016807c65bf တွင်ကြည့်ရှုနိုင်သည်။

[82] A/73/45712 ၊ စာပိုဒ် ၁၀၁ ။

တစ်ဆင့် သက်ရောက်စေခဲ့သော်လည်း ဆိုက်ဘာနယ်ပယ်သည် ထိုကဲ့သို့သော ပိုင်နက်နယ်နိမိတ်များ ကို ကျော်လွန်၍ လုပ်ငန်းလည်ပတ်နေသည်။

သို့သော် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေသည် လူ့အခွင့်အရေးများကို နိုင်ငံပိုင်နက်နယ်နိမိတ်အတွင်းသာမက နိုင်ငံများ ထိရောက်စွာထိန်းချုပ်နိုင်သည့် ပိုင်နက်များ (သို့မဟုတ်) တရားစီရင်ပိုင်ခွင့်ရှိသည့် မည်သည့်နေရာတွင်မဆို နယ်နိမိတ်တစ်လျှောက်နှင့် နယ်နိမိတ်များကို ကျော်လွန်၍ လူ့အခွင့်အရေးများကို ကာကွယ်မှုပေးရန် အလားတူပင် ဝတ္တရားရှိစေသည်။[83] ၂၀၁၄ ခုနှစ် OHCHR ၏ အွန်လိုင်းလုံခြုံမှုဆိုင်ရာ အစီရင်ခံစာတွင် ICCPR အပိုဒ် ၂ နှင့် ခွဲခြားဆက်ဆံမှုမရှိသော အခြေခံမူများနှင့်အညီ နိုင်ငံများ၏ အွန်လိုင်းနယ်ပယ်အတွင်းရှိ နယ်နိမိတ်ပြင်ပဝတ္တရားများ သည် ဆိုက်ဘာနယ်ပယ်တွင် ကျူးလွန်သော ချိုးဖောက်မှုများနှင့်သက်ဆိုင်ကြောင်း ရှင်းလင်း ပြောကြားခဲ့သည်။[84] အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေသည်လည်း နည်းပညာကုမ္ပဏီများ ကဲ့သို့သော အစိုးရမဟုတ်သောအဖွဲ့အစည်းများအပေါ်လည်း သက်ရောက်မှုရှိကြောင်း ရှင်းလင်းထားသည်။[85] ထို့ကြောင့် ယခုဆွေးနွေးချက်သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများ၏ ဆိုက်ဘာနယ်ပယ်သို့ သူချည်းသက်သက် ကျင့်သုံးနိုင်မှုကို ထောက်ပြထားခြင်း

---

[83] ၎င်းကို နိုင်ငံများ၏နယ်နိမိတ်ပြင်ပတွင် သတ်မှတ်ထားသော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို သီးခြားတစ်ခုချင်းနှင့် အတူတကွ ပူးတွဲ၍ လေးစားလိုက်နာရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းရန် နိုင်ငံများ၏ တာဝန်ဝတ္တရားများ၏နယ်ပယ်နှင့် သဘောသဘာဝကို ရှင်းလင်းစွာ သတ်မှတ်ထားသည့် နိုင်ငံများ၏နယ်နိမိတ်ပြင်ပ တာဝန်ဝတ္တရားများဆိုင်ရာ Maastricht အခြေခံမူများမှ အတည်ပြုထားသည်။ ထိုအခြေခံမူများကို https://www.fidh.org/IMG/pdf/maastricht-eto-principles-uk_web.pdf တွင်ကြည့်ရှုနိုင်သည်။ အခြားနိုင်ငံများမှ ပုဂ္ဂိုလ်များအပေါ် နိုင်ငံတော်၏တာဝန်ဝတ္တရားများမှာ 'ထောင့်ဖြတ်'တည်ရှိမှုကို ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၊ UDHR၊ ICCPR နှင့် ICESCR တို့၏ အပိုဒ်များတွင် ရှင်းလင်းထားသည်၊ Sarah Joseph မှ မှတ်ချက်ပြုခဲ့သည်၊ ' WTO အား အပြစ်တင်ရမည်လား? ' : 'နယ်နိမိတ် ပြင်ပ လူ့အခွင့်အရေးဆိုင်ရာ တာဝန်များ'အရ လူ့အခွင့်အရေး ဆန်းစစ်ဝေဖန်မှု၊ ၂၀၁၁ ခုနှစ်၊ https://www.oxfordscholarship.com/view/10.1093/acprof:oso/9780199565894.001.0001/acprof9780199565894-chapter-9 တွင်ကြည့်ရှုနိုင်သည်။

[84] A/HRC/27/37 ၊ စာပိုဒ် ၃၁ မှ ၃၆ ။

[85] လူ့အခွင့်အရေး လေးစားကာကွယ်ရန် စီးပွားရေးလုပ်ငန်းစုများ၏ တာဝန်ခံမှုကို ကုလသမဂ္ဂ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများက အတည်ပြုသည် : ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီ၏ ၂၀၁၁ ခုနှစ် ဇွန်လ ၁၆ ရက်၊ ဆုံးဖြတ်ချက် ၁၇/၄ တွင် အတည်ပြုထားသော ကုလသမဂ္ဂ၏ 'ကာကွယ်၊ လေးစားနှင့် ပြန်လည်ကုစားမှုရေးရာ' မူဘောင်ကို အကောင်အထည်ဖော်ခြင်း၊ https://www.ohchr.org/documents/publications/GuidingprinciplesBusinesshr_eN.pdf တွင်ကြည့်ရှုနိုင်သည်။

မဟုတ်ဘဲ ထိရောက်စွာ ပြဋ္ဌာန်းအကောင်အထည်ဖော်မှုကို သေချာနိုင်စေသည့် နည်းလမ်းများကိုသာ အလေးထားမေးခွန်းထုတ်ထားခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် ပေးခဲ့သော ပို့ချချက်တစ်ခုတွင် လက်ရှိ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ နာယက ပါမောက္ခ Yuval Shany က 'သမားရိုးကျ' အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ၏ လမ်းညွှန်မှုဖြင့် အင်တာနက်အတွက် အထူးပြုလုပ်ထားသော မူဘောင်ဖြစ်သည့် lex cybernetica ကို ဖော်ထုတ်ရန်လိုအပ်မည်ကို ဆင်ခြင်ထောက်ပြခဲ့သည်။ ၎င်း အထူးတလည် သတိပြုမိခဲ့သည်မှာ

"ဆိုက်ဘာနယ်ပယ်ကို ဆက်သွယ်ရေး ၊ အချက်အလက်နှင့် အတွေးအခေါ်များကို ရယူသုံးစွဲနိုင်ရေးအတွက် အသုံးဝင်ပြီး ထိရောက်မှုကြီးမားသော ယာဉ်တစ်ခုဖြစ်စေ သည့် အဓိကအင်္ဂါရပ်မှာ ၎င်း၏ ကမ္ဘာတစ်လွှား ပျံ့နှံ့နေမှုဖြစ်သည်။ ၎င်းသည် ကြားနေရေး အခြေခံမှုနှင့် ကိုက်ညီသော အနည်းနှင့်အများ တူညီသည့်ဝေါဟာရများအရ အားလုံးမျှဝေပြီး အားလုံး အတွက် လွတ်လပ်စွာ လက်လှမ်းမီသုံးစွဲနိုင်သည့် နယ်ပယ်တစ်ခုဖြစ်သည်။ နိုင်ငံများအနေဖြင့် ဆိုက်ဘာနယ်ပယ်၏ အစိတ်အပိုင်းများကို နိုင်ငံပိုင်ပြန်လည်ပြုလုပ်ရန်နှင့် ထပ်နေသော နယ်မြေဒေသလွှမ်းမိုးမှုနှင့် ထိန်းချုပ်မှုများကို အပိုင်းအစများအဖြစ် ပြန်ခွဲထုတ်ရန်လိုအပ်သည့် IHRL မူဘောင်သည် ထိုကဲ့သို့သောနယ်ပယ်ဖန်တီးခြင်း၏ယုတ္တိဗေဒကို ဆန့်ကျင်နေပြီး 'throwing the baby with the bath water/ကလေးငယ်ကို ရေချိုးရေဖြင့် ပက်ခြင်း' ကဲ့သို့သော အကျိုးဆက်ကို ဖြစ်ပေါ်နိုင်သည်။"[86]

GDPR နှင့် သဘောတူစာချုပ် ၁၀၈+ ကဲ့သို့သော အပြည်ပြည်ဆိုင်ရာဥပဒေစိုးမိုးရေး ယန္တရားများ၏ ထိရောက်မှုကို အကဲဖြတ်ရန် ကျန်ရှိနေသေးသော်လည်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေအရ လူ့အခွင့်အရေးများကို ကာကွယ်ရန် နယ်နိမိတ်ပြင်ပ ဝတ္တရားများသည် အစိုးရများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအပေါ် အော့ဖ်လိုင်းနှင့် အွန်လိုင်းတူညီစွာ သက်ရောက်မှုရှိနေ သည်မှာ သံသယဖြစ်ရန် မလိုပါ။

[86] ပါမောက္ခ Yuval Shany ၊ ' ဆိုက်ဘာနယ်ပယ် ၊ လူ့အခွင့်အရေး ဥပဒေတွင် နယ်နိမိတ်ပြင်ပရှိမှု၏ နောက်ဆုံးနယ်ပယ်သစ် '၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၆ ရက် ၊ https://csrcl.huji.ac.il/people/cyberspace-final-frontier-extraterritoriality-human-rights-law တွင်ကြည့်ရှုနိုင်သည်။

## ၈။ငြိမ်းချမ်းစွာ စုဝေးခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းခွင့်၊နှင့် နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားခွင့် အခွင့်အရေးများ

လူတစ်ဦးချင်းစီသည် အွန်လိုင်းဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖလှယ်ရေးတို့တွင် ထိတွေ့ပါဝင်လာသည့်အခါ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊နှင့် နိုင်ငံရေး တွင် ပါဝင်လှုပ်ရှားခွင့် အခွင့်အရေးများနှင့်လည်း ချိတ်ဆက်လာရသည်။ ထိုအခွင့်အရေးများကို ICCPR ၏အပိုဒ် ၂၁၊ ၂၂ နှင့် ၂၅ အသီးသီးအရ ကာကွယ်မှုပေးထားသည်။ ICCPR သည် သဘာဝကျသော ရည်ရွယ်ချက်အတွက် မရှိမဖြစ်လိုအပ်မှုနှင့် တရားမျှတဆီလျော်မှု မရှိပါက ထိုအခွင့်အရေးများကို ကန့်သတ်ထားရန်မလိုအပ်ပါဟု ဖော်ပြထားသည်။

*"အပိုဒ် ၂၁ -ငြိမ်းချမ်းစွာ စုဝေးခွင့် အခွင့်အရေးကို အသိအမှတ်ပြုရမည်။ နိုင်ငံတော်လုံခြုံရေး (သို့မဟုတ်) အများပြည်သူလုံခြုံမှု၊ ငြိမ်ဝပ်ပိပြားရေး၊ ပြည်သူ့ကျန်းမာရေး (သို့မဟုတ်) ပြည်သူ့ ကိုယ်ကျင့်တရားကာကွယ်စောင့်ရှောက်ရေး၊ (သို့မဟုတ်)အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကိုကာကွယ်ရန်အတွက် ဥပဒေနှင့်အညီချမှတ်ထားသော နှင့် ဒီမိုကရေစီ လူ့အဖွဲ့ အစည်းတွင် လိုအပ်သော ကန့်သတ်ချက်များမှလွဲ၍ ဤအခွင့်အရေးများကို ကျင့်သုံးခြင်းအပေါ် ကန့်သတ်ချက်များမထားရှိသင့်ပါ။*

*အပိုဒ် ၂၂ - ၁။ လူတိုင်းတွင် အခြားသူများနှင့် အတူ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ရှိရမည်။*

*၂။ နိုင်ငံတော်လုံခြုံရေး (သို့မဟုတ်) အများပြည်သူလုံခြုံမှု၊ ငြိမ်ဝပ်ပိပြားရေး၊ ပြည်သူ့ကျန်းမာရေး (သို့မဟုတ်) ပြည်သူ့ကိုယ်ကျင့်တရားကာကွယ်စောင့်ရှောက်ရေး၊ (သို့မဟုတ်)အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကိုကာကွယ်ရန်အတွက် ဥပဒေဖြင့် ပြဋ္ဌာန်းထားသော နှင့် ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် လိုအပ်သော ကန့်သတ်ချက်များမှလွဲ၍ ဤအခွင့်အရေးများကို ကျင့်သုံးခြင်းအပေါ် ကန့်သတ်ချက်များမထားရှိသင့်ပါ။ ဤအပိုဒ်သည် ဤအခွင့်အရေးကို ကျင့်သုံးရာတွင် လက်နက်ကိုင်တပ်ဖွဲ့များနှင့် ရဲတပ်ဖွဲ့ဝင်များအပေါ် ဥပဒေနှင့်အညီ ကန့်သတ် ချက်များချမှတ်ခြင်းကို တားဆီးလိမ့်မည်မဟုတ်ပါ။*

*အပိုဒ် ၂၅ - နိုင်ငံသားတိုင်းသည်... မလျော်ကန်သော ကန့်သတ်ခံရခြင်းမရှိဘဲ အခွင့်အရေးနှင့် အခွင့်အလမ်းများကို ရရှိရမည်။*

*(က) ပြည်သူ့ရေးရာ ကိစ္စရပ်များကို စီမံခန့်ခွဲမှုတွင် တိုက်ရိုက်ဖြစ်စေ၊ လွတ်လပ်စွာ ရွေးချယ်ခြင်းခံထားရသော ကိုယ်စားလှယ်များမှ တဆင့်ဖြစ်စေ ပါဝင်ရမည်။ "*

ဤစာတမ်းသည် အဓိကအားဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်၊ သတင်းအချက်အလက် ရရှိခွင့်နှင့် လုံခြုံမှုအခွင့်အရေးများကို အဓိကအာရုံစိုက်ထားသော်လည်း ၎င်းအခွင့်အရေးများသည် ငြိမ်းချမ်းစွာ စုဝေးခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊နှင့် နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားခွင့်အခွင့်အရေးများနှင့် တစ်ပြိုင်နက်တည်းတွင် ချိတ်ဆက်မှု ရှိနေသည်ကို အလေးပေးသင့်သည်။ ဤဆက်နွယ်မှုများကို အပိုဒ်၂၁ အရ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ပတ်သက်သည့် အထွေထွေမှတ်ချက်မူကြမ်း အမှတ် ၃၇ တွင် ရှင်းလင်းဖော်ပြထားပြီး လက်ရှိတွင် လူ့အခွင့်အရေးကော်မတီ၌ ဆွေးနွေးဆဲပင်ဖြစ်သည်။ ဒစ်ဂျစ်တယ်ခေတ်တွင် ငြိမ်းချမ်းစွာ စုဝေးခွင့်ကို ကျင့်သုံးခြင်းသည် အွန်လိုင်းတွင် မကြာခဏ ပေါ်ပေါက်လေ့ရှိခြင်း (သို့မဟုတ်) ဒစ်ဂျစ်တယ် ဝန်ဆောင်မှုများကို အသုံးပြုမှုအပေါ်တွင် မူတည်ခြင်းရှိကာ ထိုလှုပ်ဆောင်မှု များကိုလည်း အပိုဒ် ၂၁ အရ ကာကွယ်ထားသည်။[87]

လက်ရှိမူကြမ်းတွင် အင်တာနက်ဆက်သွယ်မှုကို ကန့်သတ်ခြင်းကဲ့သို့သော အင်တာနက် လက်လှမ်းမီမှုကို နိုင်ငံအစိုးရများ၏ ထိန်းချုပ်ခြင်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် စုဝေးခွင့် အခွင့်အရေးများကို ချိုးဖောက်နိုင်သည်ဟု အခိုင်အမာ သက်သေထူထားသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရရှိခွင့်ကို ကန့်သတ်ရန်အတွက် မည်သည့်ကန့်သတ်ချက်မဆိုသည် 'အပိုင်းသုံးပိုင်း' ပါဝင်သောစမ်းသပ်မှုနှင့် ကိုက်ညီသင့်သည်။

[87] ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၏ မူကြမ်း ၊ အပိုဒ်၂၁ အပေါ် အထွေထွေမှတ်ချက် အမှတ် ၃၇ : ငြိမ်းချမ်းစွာစုဝေးခွင့် အခွင့်အရေး ('Draft GC No. 37')၊ စာပိုဒ် ၃၈ ၊ https://www.ohchr.org/EN/HRBodies/CCPR/Pages/GCArticle21.aspx တွင်ကြည့်ရှုနိုင်သည်။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၂၆ ကြိမ်မြောက်အစည်းအဝေးတွင် လူ့အခွင့်အရေးကော်မတီသည် မူကြမ်းအား ပထမဆုံး တရားဝင်ကြေညာခြင်းကို စတင်ခဲ့သည်။

" အစိုးရအဖွဲ့အစည်းများအနေဖြင့် ဆန္ဒပြပွဲများနှင့် ပတ်သက်၍ အင်တာနက်ဆက်သွယ်မှုကို အလွန်အမင်းပိတ်ဆို့ခြင်းမှ ရှောင်ကြဉ်သင့်သည်။ အလားတူပင် ပထဝီဝင်ဒေသကို ပစ်မှတ်ထားခြင်း (သို့မဟုတ်) တိကျသောနည်းပညာ ဆက်သွယ်မှုကို အနှောင့်အယှက်ပေးခြင်း (သို့မဟုတ်) ဟန့်တားနှောင့်ယှက်ခြင်းတို့နှင့် လည်းသက်ဆိုင်သည်။ အင်တာနက် ဝန်ဆောင်မှုပေးသူများ၏ ကိုယ်တိုင် ထိန်းကျောင်းမှုသည် စုဝေးမှုများအပေါ် အလွန်အမင်း မသက်ရောက်စေဘဲ ထိုဝန်ဆောင်မှုပေးသူများ၏ လုပ်ဆောင်မှုများသည် စုဝေးမှုများတွင် ပါဝင်သူများ၏လုံခြုံမှုကို အလွန်အမင်း ထိပါးချိုးဖောက်ခြင်းမရှိစေရန် နိုင်ငံအစိုးရများက သေချာစေသင့်သည်။ သတင်းအချက်အလက် ဖြန့်ဖြူးခြင်းစနစ်များ၏ လည်ပတ်မှုအပေါ် ကန့်သတ်ချက်များသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ကန့်သတ်ချက်များအတွက် စမ်းသပ်မှုနှင့်ကိုက်ညီမှုရှိရမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် လူများသည် အွန်လိုင်းမှတဆင့် ပြောဆိုဆက်သွယ်လာနိုင်ခြင်းသည် လူချင်းတွေ့ဆုံစုဝေးမှုများအား အလွန်အမင်းကန့်သတ်မှုများ ပြုလုပ်ရန် အကြောင်းပြချက်အဖြစ်မသတ်မှတ်သင့်ပါ။"[88]

နောက်ပိုင်းတွင် ၎င်းသည် ထောက်လှမ်းစောင့်ကြည့်ခြင်း (သို့မဟုတ်) အချက်အလက် စောင့်ကြည့်စစ်ဆေးခြင်း အခြေအနေတွင် စုဝေးခြင်းနှင့် အသင်းအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာ အခွင့်အရေးများသည် ICCPR အရ အကာအကွယ်ပေးထားသော အခြားအခွင့်အရေးများနှင့် မည်သို့ ဆက်စပ်နေသည်ကို ရှင်းလင်းထားသည်။

*" ဥပမာအနေဖြင့် လူထုစုဝေးပွဲများတွင် ပါဝင်သူတစ်ဦးချင်းစီကို ခွဲခြားသတ်မှတ်နိုင်သော မျက်နှာသွင်ပြင်ကို မှတ်မိခြင်းနှင့် အခြားနည်းပညာများအားဖြင့် စုဝေးမှုများတွင် ပါဝင်သူများ လူသိရှင်ကြား ပေါ်ထွက်လာခြင်းသည် ၎င်းတို့၏ လုံခြုံရေးကို ချိုးဖောက်ခြင်းမပြုနိုင်ဟု ဆိုလိုခြင်းမဟုတ် ဟူသည့်အချက် ဖြစ်သည်။ လူမှုကွန်ယက်မီဒီယာကို စောင့်ကြည့်ခြင်းနှင့်လည်း အလားတူပင် သက်ဆိုင်နေသည်။ ငြိမ်းချမ်းစွာစုဝေးခြင်းများတွင် ပါဝင်သူများ၏ ကိုယ်ရေးကိုယ်တာ သတင်းနှင့် အချက်အလက်များကို စုဆောင်းခြင်းအပေါ် လွတ်လပ်သော စိစစ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းကို ကျင့်သုံးရမည် ဖြစ်သည်။ စုဝေးမှုများတွင် ပါဝင်သူများအား ထောက်လှမ်း စောင့်ကြည့်ခြင်းနှင့် အခြား အချက်အလက်စုဆောင်းခြင်းတို့သည် ၎င်းတို့၏လုံခြုံမှုကို ချိုးဖောက်နိုင်သည် (အပိုဒ် ၁၇)။ လွတ်လပ်စွာစုဝေးပိုင်ခွင့်သည်*

[88] Draft GC အမှတ် ၃၇ ၊ စာပိုဒ် ၃၈။

*လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ကို ထုတ်ဖော်ပြသခြင်းထက်သာလွန်လေသည်။ (အပိုဒ် ၁၉ (၂))၊ သို့သော်လည်း ၎င်းတွင် ဤအခွင့်အရေး နှစ်ရပ်ကို အသိအမှတ်ပြုခြင်း၌ ဖော်ဆောင်နိုင်သော အစိတ်အပိုင်းနှင့် သဘောတရား ပါရှိပြီး လက်ခံနိုင်သော ကန့်သတ်ချက်များသည် နည်းလမ်းများစွာဖြင့် ထပ်တူကျနေသည်။ သတင်း အချက်အလက် လွတ်လပ်ခွင့် (အပိုဒ် ၁၉ (၂))သည် ပြည်သူများအနေဖြင့် ၎င်းတို့ပြုလုပ်သည့်စုဝေးပွဲများနှင့် စပ်လျဉ်း၍ ဥပဒေရေးရာနှင့် အုပ်ချုပ်ရေး မူဘောင်များအကြောင်းကို သိရှိရန်စွမ်းရည်ရှိခြင်းကိုဆိုလိုပြီး ဤနည်းဖြင့် အများပြည်သူမှ အစိုးရတာဝန်ရှိသူများအား တာဝန်ယူမှုတာဝန်ခံမှုရှိစေရန် ပြုလုပ်နိုင်မည်ဖြစ်သည်။ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့် (အပိုဒ် ၂၂) သည် စုပေါင်းလုပ်ဆောင်မှုများ ကိုကာကွယ်ပေးပြီး ဤအခွင့်အရေးအပေါ် ကန့်သတ်ချက်များသည် လွတ်လပ်စွာစုဝေးခွင့်ကို မကြာခဏ ထိခိုက်စေသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကဲ့သို့ပင် နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားခွင့် အခွင့်အရေး (အပိုဒ် ၂၅) သည်လည်း ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် များစွာ နီးနွယ်ဆက်စပ်နေသည်။ ခွဲခြားဆက်ဆံမှုမရှိခြင်းဆိုင်ရာ အခွင့်အရေးသည် စုဝေးပွဲများတွင် ပါဝင်သူများကို စုဝေးပွဲများအခြေအနေတွင် ခွဲခြားဆက်ဆံမှုပြုခံရခြင်းများမှ ကာကွယ်ပေးသည် (အပိုဒ် ၂၆)။*[89]

## ***လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ***

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများသည် အသင်းအဖွဲ့ဖွဲ့စည်းခွင့်၊ စုဝေးခွင့်၊ နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားခွင့်နှင့် အခြားအခွင့်အရေးများကို ကျင့်သုံးပြီး ၎င်းတို့ကိုမြှင့်တင်ရန် အတွက် အွန်လိုင်းစာမျက်နှာများကို အသုံးပြုသည်။ လူ့အခွင့်အရေးကာကွယ်သူများသည် လက်ရှိတွင် အွန်လိုင်းနယ်ပယ်သို့ တိုးချဲ့ရောက်ရှိလာသော နိုင်ငံအစိုးရ (သို့မဟုတ်) အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၏ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကိုယ်ရေးကိုယ်တာ လုံခြုံမှုကို ခြိမ်းခြောက်ခြင်းနှင့် အခြားတိုက်ခိုက်မှုများကို ရင်ဆိုင်ကြရသည်။ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများသည် ဖိအား၊ ခြိမ်းခြောက်မှု နှင့် လုံခြုံရေး ဘေးအန္တရာယ်များကို ပိုမိုဆိုးရွား စေသည့် ဖိအားပေးမှုများ၊ အွန်လိုင်း တိုက်ခိုက်မှုများနှင့် သားပုပ်လေလွင့် စွပ်စွဲကာ စည်းရုံး

[89] Draft GC အမှတ် ၃၇ ၊ စာပိုဒ် ၇၂၊ ၁၁၂။

လှုံ့ဆော်မှုများကြောင့် ၎င်းတို့၏ ဒစ်ဂျစ်တယ်လုံခြုံရေး၊ လုံခြုံမှုနှင့် ဂုဏ်သိက္ခာကို ချိုးဖောက်ခံရခြင်း စသည့် ခေတ်ပြိုင်ခြိမ်းခြောက်မှုများကို ရင်ဆိုင်လာရသည်။၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သောအစီရင်ခံစာတွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၏ အခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်သည် နှောင့်ယှက်ခြင်း၊ အကြမ်းဖက်မှုကို လှုံ့ဆော်ခြင်း နှင့် အထူးသဖြင့် အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအား အရှက်ရစေခြင်း၊ ဂုဏ်သိက္ခာကို တိုက်ခိုက်ခြင်း၊ လိင်အကြမ်းဖက်ရန် ခြိမ်းခြောက်ခြင်း၊ နှုတ်ဖြင့်အလွဲသုံးစားမှု နှင့် တစ်ဦးတစ်ယောက်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို သူမခွင့်ပြုချက်မရပဲ အွန်လိုင်းတွင်ဖြန့်ဝေသည့် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို လူသိရှင်ကြား ဖော်ထုတ်ခြင်း (doxxing) အပါအဝင် အွန်လိုင်းတိုက်ခိုက်ခြင်းများသည် ပို၍တိုးမြင့်လာကြောင်း မီးမောင်းထိုးပြ ခဲ့သည်။[90] ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် နှင့် ဒေသတွင်းဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာအပ်နှင်းခံထားရသည့် အထူးကိုယ်စားလှယ် ၄ ဦးတို့သည် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများမှ ရင်ဆိုင်ကြုံတွေ့ နေရသော ခြိမ်းခြောက်မှုများ တိုးမြင့်လာမှုကို အသိအမှတ်ပြုခဲ့သည်။[91]

[90] လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၏ အခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ အစီရင်ခံစာ ၊ A/HRC/40/60 ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၀ ရက် ၊ https://documents-dds-ny.un.org/doc/UNDOC/GEN/G19/004/97/PDF/G1900497.pdf?OpenElement တွင်ကြည့်ရှုနိုင်သည်။

[91] လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၏ အခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၊ လူ့အခွင့်အရေးနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိကကော်မရှင် (ACHPR) ၏ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၏ အခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်၊ ဥရောပကောင်စီ၏ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၊ ဒီမိုကရက်တစ်အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးများဆိုင်ရာ ရုံး(ODIHR)၏ ပထမဦးဆုံး ဒုတိယညွှန်ကြားရေးမှူး၊ လူ့အခွင့်အရေးဆိုင်ရာ အမေရိကတိုက်နိုင်ငံများကော်မရှင်၏ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများဆိုင်ရာ အထူးကိုယ်စားလှယ်၊ 'ပူးတွဲထုတ်ပြန်ချက် : ကုလသမဂ္ဂကာကွယ်စောင့်ရှောက်သူများဆိုင်ရာ ကြေငြာစာတမ်းအား လက်ခံအတည်ပြုပြီးနောက် အနှစ် ၂၀ အကြာ - လူ့အခွင့်အရေးကာကွယ်သူများအား ကာကွယ်ပေးမှုသည် ညှိနှိုင်းနိုင်သော အရာမဟုတ်ပါ။' ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက် ၊ https://www.coe.int/en/web/commissioner/-/20-years-on-from-the-adoption-of-the-un-declaration-on-defenders-theprotection-of-human-rights-defenders-is-non-negotiable တွင်ကြည့်ရှုနိုင်သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများဆိုင်ရာ ကြေညာစာတမ်းတွင် နိုင်ငံအစိုးရများသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား သူတို့၏လုပ်ငန်းများတွင် အခြားအခွင့်အရေးများ အကြား လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ စုဝေးခွင့်နှင့် နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားခွင့်အခွင့်အရေးများကို အောဖ့်လိုင်းတွင်သာမက အွန်လိုင်းပေါ်တွင်ပါ ကာကွယ်မှု ပေးထားကြောင်းသေချာစေရန် လိုအပ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး (သို့မဟုတ်) အခြားအစီအမံ များ ချမှတ်ခြင်းအားဖြင့် ကာကွယ်ရန်နှင့် ပံ့ပိုးပေးရန် လုပ်ဆောင်ရမည်ဖြစ်သည်။[92]

## ၉။ အင်တာနက်ကန့်သတ်ချက်များ၊ ဖြတ်တောက်မှုများနှင့် စပ်လျဉ်းသည့် နိုင်ငံတကာ စံနှုန်းများနှင့် ဝေဖန်သုံးသပ်ချက်

အင်တာနက်ဖြတ်တောက်မှုများ- အင်တာနက်အသုံးပြုခွင့်ကို ယေဘုယျအားဖြင့် ပိတ်ပင်ခြင်း (သို့မဟုတ်)အချို့သော အွန်လိုင်းစာမျက်နှာများသို့ ဝင်ရောက်ခြင်းကို ကန့်သတ်ခြင်းသည် နိုင်ငံတော်လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းကာကွယ်ရန်ဟုဆိုကာ ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံတော်အစိုးရများမှ အခွင့်အရေးအမျိုးမျိုးအားချိုးဖောက်၍ အသုံးပြုနေသော နှိပ်ကွပ်ရေး လက်နက်ကိရိယာ တစ်ခုအဖြစ်ပေါ်ထွက်လာသည်။[93] ယနေ့ခေတ်တွင် လူတိုင်းသည် အချင်းချင်း အပြန်အလှန်ပြောဆိုဆက်သွယ်ရန်အတွက် အင်တာနက်ကို အသုံးပြုမှီခိုနေကြသည်သာမက

---

[92] တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အသိအမှတ်ပြုထားသည့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ကာကွယ်ပေးရန် လူတစ်ဦးချင်း၊ လူအုပ်စုများနှင့် အဖွဲ့အစည်းများ၏ အခွင့်အရေးနှင့် တာဝန်ယူမှုဆိုင်ရာကြေငြာစာတမ်း၊ A/RES/53/144 ၊ ၁၉၉၈ ခုနှစ် ဒီဇင်ဘာလ၊ https://www.ohchr.org/Documents/Issues/Defenders/Declaration/declaration.pdf တွင်ကြည့်ရှုနိုင်သည်။

[93] ၂၀၁၆ ခုနှစ်တွင် မူဝါဒ၊ လူ့အခွင့်အရေးနှင့် အိုင်စီတီကဏ္ဍတို့မှ သက်ဆိုင်သူများကို စုစည်းကာ အင်တာနက်ဖြတ်တောက်ခြင်းကို " လူမှုကွန်ယက်စာမျက်နှာများကို ပိတ်ပင်ခြင်းပါဝင်သည့် သတင်းအချက်အလက် စီးဆင်းမှုကို ထိန်းချုပ်ရန် မကြာခဏအသုံးပြုသည့် တိကျသော လူဦးရေ (သို့မဟုတ်) နေရာဒေသတစ်ခုအတွက် အင်တာနက် (သို့မဟုတ်) အီလက်ထရောနစ်ဆက်သွယ်ရေးကို ရည်ရွယ်ချက်ရှိရှိပြတ်တောက်စေခြင်း နှင့် “လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်း”၊ “ ဆက်သွယ်ရေး ဖြတ်တောက်မှု ခလုတ်များ” သို့မဟုတ် “ကွန်ယက်ပြိုကွဲခြင်း” ဟုလည်းရည်ညွှန်းကြသည်"ဟု RightsCon Brussels တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ Access Now ' ကမ္ဘာတဝှမ်းလုံး အင်တာနက်ဖြတ်တောက်မှုအနေအထား - ၂၀၁၈ ခုနှဈ် #Keepiton အစီရင်ခံစာ ' (‘Access Now ၏ ၂၀၁၈ ခုနှစ် အစီရင်ခံစာ’) စာမျက်နှာ ၂ ၊ ကို https://www.accessnow.org/cms/assets/uploads/2019/06/KIO-Report-final.pd တွင်ကြည့်ရှုနိုင်သည်။

ဝန်ဆောင်မှုများနှင့် ကူးသန်းရောင်းဝယ်မှုများအတွက်လည်း အင်တာနက်ကို အသုံးပြုမှီခိုနေကြသည်။ သို့ဖြစ်၍ အင်တာနက်ဖြတ်တောက်ခြင်းသည် ၎င်းလုပ်ငန်းများ အားလုံးအပေါ်တွင် အကျိုးသက်ရောက်မှုများ ရှိစေသည်။ အင်တာနက်ဖြတ်တောက်ခြင်းသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရရှိခွင့်ကိုသာမက လွတ်လပ်စွာ စုဝေးခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် လုပ်ကိုင်ခွင့်၊ အသက်မွေးဝမ်းကြောင်းနှင့် အခြားလုံခြုံရေးဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်သည်။[94] အင်တာနက်ဖြတ်တောက်ခြင်းကြောင့် ဒီမိုကရေစီလုပ်ငန်းစဉ်များကို နှောင့်နှေးစေပြီး တစ်ဦးတစ်ယောက်ချင်းစီ၏ စီးပွားရေးနှင့် စီးပွားရေးလုပ်ငန်း တစ်ခုလုံးအား ဆုတ်ယုတ်စေပါသည်။ ထိုမျှသာမက သာမန်ပြည်သူတို့၏ နေ့စဉ်ဘဝကို ကြီးမားစွာ အနှောင့်အယှက်ပေးသည်။ ဥပမာအားဖြင့် မိုဘိုင်းဝန်ဆောင်မှုရှာဖွေရာတွင် ရဲနှင့်ထိပ်တိုက်မတိုးမိအောင် ရှောင်ရှားနေရသော အဖြစ်သို့ ရောက်ရှိခြင်း နှင့် အလုပ်အတွက် အီးမေလ်း ပို့ရန်ကိုပင် နယ်စပ်အထိဖြတ်ကျော်ရခြင်း စသည့် အနှောင့်အယှက်ဖြစ်စေသည်။[95] အင်တာနက်ဖြတ်တောက်ခြင်းသည် အထူးသဖြင့် အကြမ်းဖက်မှုနှင့် ပဋိပက္ခဖြစ်ပွားရာဒေသရှိသူများ၏ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ဖုံးကွယ်စေခြင်း ဆိုသည့် အကျိုးသက်ရောက်မှုများကို ဖြစ်စေနိုင်သည်။[96]

---

[94] အင်တာနက်ကို ဖြတ်တောက်မှုများသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သတင်းအချက်အလက် ရရှိခွင့်ကို ဖြတ်တောက်ခြင်းကို ဖြစ်ပေါ်စေပြီး အွန်လိုင်းနှင့် အော့ဖ်လိုင်းအားဖြင့် လူအများနှင့် ငြိမ်းချမ်းစွာ စုဝေးဖွဲ့စည်းခြင်းများကို အဟန့်အတားဖြစ်စေနိုင်ပါသည်။ ထို့ပြင် အင်တာနက်ဖြတ်တောက်မှုကာလတွင် သားကောင်များမှ (ဖြတ်တောက်မှုခံရသည့်သူများသည်) ၎င်းတို့၏မိသားစုဝင်များကို မဆက်သွယ်နိုင်ခြင်း၊ လုံခြုံစွာ နေနိုင်ရန် တိကျသေချာသော သတင်းအချက်အလက်များ မရရှိခြင်း (သို့မဟုတ်) အရေးပေါ် ဝန်ဆောင်မှဒများကို မရရှိနိုင်ခြင်း စသည်တို့ကို ဖြစ်စေသည်။ အင်တာနက် ဖြတ်တောက်ခြင်းသည် စီးပွားရေးလုပ်ငန်းများ၊ ကျောင်းများ နှင့် ရိုးရိုးသာမန်လူများ၏ ဘဝကို အနှောင့်အယှက်ဖြစ်စေခြင်းနှင့် မကြာခဏလိုပင် ငွေရေးကြေးရေးကုန်ကျမှုများစွာ ဖြစ်စေသည်။ ၂၀၁၈ ခုနှစ် Access Now အစီရင်ခံစာ ၊ စာမျက်နှာ ၂ ။

[95] Patrick Kingsley " အင်တာနက်ဖြတ်တောက်ခြင်းခံရသောဘဝမှ ဆင်းမ်းကတ် တရားမဝင်ရရှိရန်နှင့် အီးမေးလ်အတွက် နယ်စပ်ကို ဖြတ်ကျော်ခြင်း"၊ New York Times ၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂ ရက် ၊ https://www.nytimes.com/2019/09/02/world/africa/internet-shutdown-economy.html?te=1&nl=morningbriefing&emc=edit_MBAE_p_20190902&section=longRead?campaign_id=7&instance_id=12067&segment_id=16669&user_id=3f72f2845ba8594bb0e4459957511f9b&regi_id=87913927ion=longRead တွင်ကြည့်ရှုနိုင်သည်။

[96] Access Now ၂၀၁၈ ခုနှစ် အစီရင်ခံစာ ၊ စာမျက်နှာ ၁၃၊ ၁၄ ။

အလုံးစုံအင်တာနက်ဖြတ်တောက်ခြင်း လုပ်ရပ်သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေကို လုံးဝလိုက်နာခြင်းမရှိပါ။ ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ၏ ဆုံးဖြတ်ချက်အရ သတင်းအချက်အလက်များ အင်တာနက်ပေါ်တွင် ရယူခြင်း သို့မဟုတ် ဖြန့်ဝေခြင်းကို ရည်ရွယ်ချက်ရှိရှိ တားဆီးရန် ( သို့မဟုတ် ) အနှောင့်အယှက်ပေးသော အစီအမံများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေကို ချိုးဖောက်စေသောကြောင့် ခြွင်းချက်မရှိ ပြစ်တင်ရှုံ့ချသည်သာမက နိုင်ငံအားလုံးကို ထိုကဲ့သို့သော လုပ်ဆောင်ချက်များမှ ရှောင်ကြဉ်ရန် နှင့် ရပ်တန့်ရန် တိုက်တွန်းထားသည်။[97] ၂၀၁၁ ခုနှစ် ပူးတွဲကြေပြာစာတမ်းတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်များမှ ရှင်းလင်းပြောကြားခဲ့သည်မှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို တိုးမြှင့်ကာကွယ်ရန်ဟူသည့် အစိုးရများ၏ တာဝန်ဝတ္တရား များမှ ဆင်းသက်လာသော တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် အင်တာနက်ကို လူတိုင်းလက်လှမ်းမီ သုံးစွဲခွင့်ဟူသည့် အပြုသဘောဆောင်သော တာဝန် တစ်ရပ်သည် နိုင်ငံတိုင်းတွင်ရှိသည်ဟု ရှင်းလင်း ပြောကြားခဲ့သည်။[98] ဆက်လက်ပြီး လွတ်လပ်စွာ စုဝေးခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်၊ လွတ်လပ်သော ရွေးကောက်ပွဲ ကျင်းပခွင့်၊ ပညာရေး၊ ကျန်းမာရေး နှင့် အလုပ်အကိုင် လုပ်ကိုင်ခွင့် အစရှိသော အခွင့်အရေးများအပါအဝင် အခြားသော အခွင့်အရေးများကို တိုးမြှင့်ကာကွယ်ရန် အင်တာနက် လက်လှမ်းမီရရှိရေးသည် အင်မတန်မှ အရေးကြီးကြောင်းကို ၎င်းတို့မှ အသိအမှတ်ပြုခဲ့သည်။ ထို့နောက် လူတစ်ဦးချင်းစီ၏ အင်တာနက် လက်လှမ်းမီ ရရှိပိုင်ခွင့်ကို ငြင်းပယ်ခြင်းသည် အလွန် ပြင်းထန်လှသော ပြစ်ဒဏ်ပေးမှုဖြစ်ပါသည်။ ထို့ကြောင့် ယင်းကဲ့သို့ ပြင်းထန်သည့်နည်းလမ်းကို အသုံးပြုမည်ဆိုပါက ၎င်းနည်းလမ်း၏ လူ့အခွင့်အရေး အကျိုးခံစားမှုအပေါ်သက်ရောက်မှုကို ထည့်သွင်းစဉ်းစားမှု ပြုရမည့်အပြင် အခြားသော ကန့်သတ်မှုပိုမိုနည်းပါးသည့်နည်းလမ်းများ လုံးဝမရှိပဲ တရားရုံး၏ အမိန့် ညွှန်ကြားချက်ရှိမှသာလျှင် တရားမျှတနိုင်ပါသည်။[99]

[97] A/HRC/38/L.10/Rev.1 ၊ စာမျက်နှာ ၅ ။

[98] လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အင်တာနက်လွတ်လပ်ခွင့်ဆိုင်ရာ ပူးတွဲကြေညာစာတမ်း ၊ စာပိုဒ် ၆က ၊ ၆င ။

[99] လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အင်တာနက်လွတ်လပ်ခွင့်ဆိုင်ရာ ပူးတွဲကြေညာစာတမ်း ၊ စာပိုဒ် ၆က ၊ ၆ဂ ။ ဥပမာအားဖြင့် ကက်ရှ်မီးယားတွင် ဖြစ်ပွားလျက်ရှိသော အင်တာနက်ဖြတ်တောက်မှုသည် ဆရာဝန်များ၊ လူနာများ နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများနှင့် လူနာများအကြား အရေးကြီးသော ဆက်သွယ်မှုကို အနှောင့်အယှက် ပေးသောကြောင့် ဆေးဝါးပြတ်လပ်မှုများ၊ ခွဲစိတ်ကုသမှုများကို လျှော့ချရခြင်း၊ ကုသ၍ရသော ရောဂါများဖြင့် သေဆုံးခြင်းများနှင့်အတူ ကလေးအထူးကု ပြုစုစောင့်ရှောက်မှု နှင့် သားဖွားဝန်ဆောင်မှု အပိုင်းကို အဆိုးဝါးဆုံး

ယင်း ပူးတွဲကြေငြာစာတမ်းတွင် အင်တာနက်လိုင်း တစ်ခုလုံးအားဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းအားဖြစ်စေ ပြည်သူတစ်ရပ်လုံးမှဖြစ်စေ၊ ပြည်သူအချို့မှဖြစ်စေ လက်လှမ်းမီသုံးစွဲရေးကို နိုင်ငံတော်လုံခြုံရေး နှင့် ငြိမ်ဝပ်ပိပြားရေးအပါအဝင် မည်သို့သော အကြောင်းပြချက်ကိုမဆို အသုံးပြုပြီး ဖြတ်တောက်ခြင်းသည် မှန်ကန်သည်ဟု မဆိုနိုင်ပါဟု ထပ်မံ၍ အလေးအနက် ပြောဆိုထားပါသည်။[100] ဆက်လက်ပြီး ၂၀၁၅ ခုနှစ် ပူးတွဲကြေငြာစာတမ်းတွင်လည်း "ဆက်သွယ်ရေး ဖြတ်တောက်မှု ခလုတ်များ"(kill switches) အားအသုံးပြုခြင်းသည် ( ဆိုလိုသည်ကား - ဆက်သွယ်ရေးစနစ်တစ်ခုလုံးကို ဖြတ်တောက်ပစ်ခြင်းသည်) လူအခွင့်အရေး ဥပဒေအရ မည်သည့်အခါတွင်မျှ တရားမျှတခြင်းမရှိသော နည်းလမ်းများဖြစ်သည်။[101] FOC မှ ၎င်းတို့၏ ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်သော နိုင်ငံတော်မှ အထောက်အပံ့ပေးသည့် ကွန်ယက်ပြတ်တောက်မှုများအပေါ် ပူးတွဲကြေငြာစာတမ်းတွင်လည်း အင်တာနက်ကို ဖြတ်တောက်ခြင်းသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ရှုတ်ချထားသည်။[102]

---

အထိနာစေသည်။ Sameer Yasir, Jeffrey Gettleman "ကက်ရှ်မီးယားတွင် သေခြင်းတရားကိုဆန့်ကျင်သော လူမျိုးနွယ်တစ်စုနှင့် ဆရာဝန်ခေါ်ရန် လမ်းမရှိ" ၊ New York Times ၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၇ ရက် ၊https://www.nytimes.com/2019/10/07/world/asia/kashmir-doctors-phone.html?te=1&nl=morningbriefing&emc=edit_MBAE_p_20191007&section=longRead?campaign_id=7&instance_id=12908&segment_id=17671&user_id=3f72f2845ba8594bb0e4459957511f9b&regi_id=87913927ion=longRead တွင်ကြည့်ရှုနိုင်သည်။ Human Rights Watch ၊ "ကက်ရှ်မီးယား ပိတ်ဆို့မှုကြောင့် ကျန်းမာရေးစောင့်ရှောက်မှုအပေါ် စိုးရိမ်မှုများ" ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၃၀ ရက် ၊ https://www.hrw.org/news/2019/08/30/kashmir-shutdown-raises-healthcare-concerns တွင်ကြည့်ရှုနိုင်သည်။

[100] လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အင်တာနက်လွတ်လပ်ခွင့်ဆိုင်ရာ ပူးတွဲကြေငြာစာတမ်း ၊ စာပိုဒ် ၆ခ ၊ တွင်လည်း "အင်တာနက် (သို့မဟုတ်) အင်တာနက်၏ အစိတ်အပိုင်းများအပေါ် ချမှတ်ထားသော နှေးကွေးစေမှုများနှင့်လည်း အလားတူသက်ရောက်သည်" ဟုရှင်းလင်းထားသည်။

[101] လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ပဋိပက္ခအခြေအနေများကို တုံ့ပြန်ခြင်းဆိုင်ရာ ပူးတွဲကြေငြာစာတမ်း၊ စာပိုဒ် ၄ဂ ။

[102] လွတ်လပ်သောအွန်လိုင်းညွန့်ပေါင်းအဖွဲ့၊ 'နိုင်ငံတော်မှ ကမကထပြုသော ကွန်ယက်ပြတ်တောက်မှုနှင့် ပတ်သက်၍ ပူးတွဲထုတ်ပြန်ချက်' ၊ ၂၀၁၇ ခုနှစ် မတ်လ၊ https://www.freedomonlinecoalition.com/wp-content/uploads/2017/03/FOC-JointStatement-on-State-Sponsored-Network-Disruptions.pdf တွင်ကြည့်ရှုနိုင်သည်။

## ၁၀။ဆိုက်ဘာနယ်ပယ်ကို ထိန်းကျောင်းသည့် အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများ ပေါ်ပေါက်လာစေရန် အခြားအားထုတ်မှုများ

ဤအစီရင်ခံစာ၏ အရှေ့ပိုင်းကဏ္ဍများသည် အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများကို အွန်လိုင်းနယ်ပယ်တွင် အသုံးချခြင်းဆိုင်ရာ သဘောတူ စာချုပ်စာတမ်းအခြေပြု နှင့် သဘောတူ စာချုပ်စာတမ်း အခြေပြုမဟုတ်သော လမ်းညွှန်ချက်များကို ကြည့်ရှုလေ့လာခဲ့ပြီး ဤ အပိုင်းတွင် အွန်လိုင်းသတင်းအချက်အလက်လုံခြုံရေးနှင့် ဆိုက်ဘာတိုက်ခိုက်မှုများကို ကာကွယ်ခြင်းမှတဆင့် ဆိုက်ဘာလုံခြုံရေးကို သေချာစေရန် စံချိန်စံနှုန်းများအပါအဝင် ဆိုက်ဘာ နယ်ပယ်ကို ထိန်းကျောင်းရန် အပြည်ပြည်ဆိုင်ရာစံနှုန်းများကို အဆိုပြုထားသည့် နိုင်ငံများမှ မူဝါဒရေးရာ "စဉ်းစားတွေးခေါ်သည့် ပညာရှင်အဖွဲ့များ (think-tanks)"၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ အိုင်စီတီကုမ္ပဏီများမှ ဦးဆောင်ဖော်ထုတ်ထားသည့် ကဏ္ဍအလွှာစုံပါဝင်သော လုပ်ငန်း အစီအစဉ်များအကြောင်းကို ဆွေးနွေးသုံးသပ်ထားပါသည်။

ထိုကဲ့သို့သော ဘက်ပေါင်းစုံပါဝင်သည့် ကြိုးပမ်းမှုများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့် စံချိန်စံနှုန်းများအပေါ် လုံလောက်သော အခြေခံထားမှုမရှိခြင်းနှင့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများ၏ အဆင့်အတန်းမရှိသောကြောင့် အကန့်အသတ်ဖြင့်သာရှိနေသည်။ ယင်းတို့ တွင် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေး ကော်ပိုရေးရှင်း (SCO)၏ အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက်လုံခြုံရေးဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်း၊ ဆိုက်ဘာနယ်ပယ်အတွင်း ယုံကြည်စိတ်ချရမှုနှင့် လုံခြုံမှုတို့အတွက် ပါရီ တောင်းဆိုမှု၊ ဆိုက်ဘာနယ်ပယ် တည်ငြိမ်မှုဆိုင်ရာ တစ်ကမ္ဘာလုံးဆိုင်ရာ ကော်မရှင်၊ ဆိုက်ဘာကျွမ်းကျင်မှုဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာဆွေးနွေးပွဲနှင့် လွတ်လပ်သောအွန်လိုင်း ညွန့်ပေါင်းအဖွဲ့ (FOC) ၏ 'လွတ်လပ်ပြီး လုံခြုံသော အင်တာနက်' ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့ တို့ ပါဝင်သည်။[103] ၂၀၁၁ ခုနှစ်နှင့် ပြန်လည်ဖြည့်စွက်ထားသော ပုံစံဖြင့် ၂၀၁၅ ခုနှစ်တို့တွင် SCO

[103] France Diplomatie ၊ 'ဆိုက်ဘာလုံခြုံရေး ၊ ဆိုက်ဘာနယ်ပယ်အတွင်း ယုံကြည်စိတ်ချရမှုနှင့် လုံခြုံမှုတို့အတွက် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့ ပါရီ တောင်းဆိုမှု' ၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၊ https://www.diplomatie.gouv.fr/en/french-foreignpolicy/digital-diplomacy/france-and-cyber-security/article/cybersecurity-paris-call-of-12-november-2018-for-trust-and-security-in တွင်ကြည့်ရှုနိုင်သည်။ ဆိုက်ဘာနယ်ပယ် တည်ငြိမ်မှုဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာကော်မရှင်၊ 'ကမ္ဘာလုံးဆိုင်ရာ

အဖွဲ့ဝင်နိုင်ငံများမှ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံသို့ တင်ပြခဲ့သည့် SCO ၏ သတင်းအချက်အလက်လုံခြုံရေးဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်းတွင် လုံခြုံမှု အခွင့်အရေးကို လုံးဝ ရည်ညွှန်းခြင်းမရှိဘဲ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်၏ "အချုပ်အခြာ အာဏာ"ကို ထိန်းသိမ်းခြင်း အပေါ်တွင်သာ အာရုံစိုက်သည်။[104]

FOC ၏ 'အွန်လိုင်းလွတ်လပ်ခွင့်အတွက် အကြံပြုချက်များ' (Tallinn Agenda 'ဟုလည်း သိကြသည့်) သည် "လူထုသည် အော့ဖ်လိုင်းတွင် ရရှိသော တူညီသည့်အခွင့်အရေးများကို အွန်လိုင်းပေါ်တွင်လည်း အကာအကွယ်ပေးရမည်"ဟု အတည်ပြုထားပြီး လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်မှုကို မြှင့်တင်သော ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ မူဝါဒများနှင့် အလေ့အကျင့်များ ကို သဘောတူလက်ခံကာ အားပေးကျင့်သုံးရန် ၎င်းအဖွဲ့ဝင် နိုင်ငံ ၃၀ ၏ ဂတိကဝတ်ကို ထောက်ပြထားသည်။ သို့သော်လည်း ၎င်းသည် နိုင်ငံများ၏ တာဝန်ဝတ္တရားများအပါအဝင် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ စံချိန်စံနှုန်းများ နှင့် ယင်းစံနှုန်းကတိကဝတ်များကို ဖြည့်ဆည်း လိုက်နာနိုင်မှုတို့ အကြား ရှင်းရှင်းလင်းလင်းချိတ်ဆက်မှုကို ရေးဆွဲဖော်ပြရန် ပျက်ကွက်ခဲ့သည်။[105] ပုဂ္ဂလိက အိုင်စီတီကုမ္ပဏီများ (ဥပမာအားဖြင့် - Microsoft၊ Siemens၊ Nornickel နှင့် Google စသည်တို့ အပါအဝင်) နှင့် ပညာရေးဆိုင်ရာညွှန့်ပေါင်းအဖွဲ့များ (သို့မဟုတ်) ဆိုက်ဘာနယ်ပယ်

---

ကော်မရှင်သည် ဆိုက်ဘာတည်ငြိမ်မှုနှင့်ပတ်သက်၍ အရေးပါလှသော စံသတ်မှတ်ချက်ခြောက်ခုကို မိတ်ဆက်ပေးခဲ့သည်' ၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၈ ရက် ၊ https://cyberstability.org/news/global-commission-introduces-six-critical-normstowards-cyber-stability/ တွင်ကြည့်ရှုနိုင်သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးထံသို့ တင်ပြခဲ့သည့် SCO ၏ ပြန်လည်ဖြည့်စွက် ထားသော အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက်လုံခြုံရေးဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်းမူကြမ်း ၊ ' တရုတ်၊ ကာဇက်စတန်၊ ကာဂျစ္စတန်၊ ရုရှားဖက်ဒရေးရှင်း၊ တာဂျစ်ကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံများ၏ ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ်များထံမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့ ရက်စွဲဖြင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးထံသို့ လိပ်မူသည့်စာ ' ၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၃ ရက် ၊ UN Doc. A/69/723 ၊ https://regmedia.co.uk/2015/02/04/un-internet-security13jan15.pdf တွင်ကြည့်ရှုနိုင်သည်။ လွတ်လပ်သောအွန်လိုင်းညွန့်ပေါင်းအဖွဲ့၊ 'လွတ်လပ်ပြီး လုံခြုံသော အင်တာနက်' ၊ https://freeandsecure.online/about/ တွင်ကြည့်ရှုနိုင်သည်။ ဆိုက်ဘာကျွမ်းကျင်မှုဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာဆွေးနွေးပွဲ ၊ 'GFCE နှင့် ပတ်သက်သော' https://www.thegfce.com/about တွင်ကြည့်ရှုနိုင်သည်။

[104] Sarah McKune ၊ 'သတင်းအချက်အလက်လုံခြုံရေးအတွက် အပြည်ပြည်ဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်းကို ခွဲခြမ်းစိတ်ဖြာခြင်း' ၊ The Citizen Lab ၊ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၈ ရက် ၊ https://citizenlab.ca/2015/09/international-code-ofconduct/ တွင်ကြည့်ရှုနိုင်သည်။

[105] FOC ၊ 'အွန်လိုင်းလွတ်လပ်ခွင့်အတွက် အကြံပြုချက်များ' ၊ ၂၀၁၄ ခုနှစ် ဧပြီလ ၂၈ ရက် ၊ https://freedomonlinecoalition.com/wp-content/uploads/2014/04/FOC-recommendations-consensus.pdf တွင်ကြည့်ရှုနိုင်သည်။

တည်ငြိမ်မှုဆိုင်ရာ တစ်ကမ္ဘာလုံးဆိုင်ရာကော်မရှင်နှင့် တောက်ပသောအင်တာနက်အစီအစဉ်တို့ကဲ့သို့သောစဉ်းစားတွေးခေါ်သည့် ပညာရှင်အဖွဲ့များ (think-tanks)မှ ပြုစုတင်သွင်းသည့် အဆိုပြုချက်များသည် သတင်းအချက်အလက်လုံခြုံရေးကို ထိန်းကျောင်းခြင်းနှင့် ဆိုက်ဘာတိုက်ခိုက်မှုများမှ ကာကွယ်ခြင်းတို့အတွက် စံသတ်မှတ်ချက်များကို အဆိုပြုခြင်းဖြင့် အလားတူကန့်သတ်ချက်များကို ရင်ဆိုင်နေရသည်။[106] ဆိုက်ဘာလုံခြုံရေးကို ထိန်းကျောင်းသည့် သတ်မှတ်စံနှုန်းများကို ညှိနှိုင်းရန် အပြည်ပြည်ဆိုင်ရာကြိုးပမ်းမှုများသည် တစ်ပိုင်းတစ်စစီ ဖြစ်နေပြီး ရှေ့နောက်မညီလည်း ဖြစ်နေ သည်။ အခြေခံကျသောစိန်ခေါ်မှုမှာ ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာပဋိပက္ခများတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေကိုကျင့်သုံးခြင်းနှင့် ပတ်သက်၍ နိုင်ငံများအကြားအဓိပ္ပါယ်ဖွင့်ဆိုမှု ခြားနားခြင်းဖြစ်သည်။[107] ကမ္ဘာ့ကုလသမဂ္ဂအဆင့်တွင် ကွဲပြားခြားနားသော အမြင်များရှိနေသည့်နိုင်ငံများဖြစ်သည့် အမေရိကန်ပြည်ထောင်စု နှင့် ရုရှားဖက်ဒရေးရှင်းတို့မှ ဦးဆောင်သော အပြည်ပြည်ဆိုင်ရာလုံခြုံရေး အခြေအနေတွင် ဆိုက်ဘာနယ်ပယ်ကို ထိန်းကျောင်းနေသည့် အပြိုင်လုပ်ဆောင်နေသော သီးခြားယန္တရားနှစ်ခု လက်ရှိတွင် တည်ရှိနေသည်။[108]

---

[106] Eneken Tikk and Mika Kerttunen, ‘The Alleged Demise of the UN GGE: An Autopsy and Eulogy’, Cyber Policy Institute ၊ ၂၀၁၇ ခုနှစ်၊ (‘Tikk and Kerttunen, 2017’) ၊ စာမျက်နှာ ၅ ၊ https://cpi.ee/wpcontent/uploads/2017/12/2017-Tikk-Kerttunen-Demise-of-the-UN-GGE-2017-12-17-ET.pdf တွင်ကြည့်ရှုနိုင်သည်။

[107] Tikk and Kerttunen ၊ ၂၀၁၇ ခုနှစ်၊ စာမျက်နှာ ၁၀၊၁၁၊၁၆၊၁၇ ။ Deborah Brown ၊ 'ကုလသမဂ္ဂအထွေထွေညီလာခံသည် အင်တာနက်အုပ်ချုပ်မှုနှင့် မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များစွာကို စံချိန်တင်လောက်အောင် လက်ခံသည် : အွန်လိုင်းပေါ် ရှိ လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး ကွဲပြားသော ရလဒ်များ' ၊ Association for Progressive Communications ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၀ ရက် ၊ (‘APC, 10 January 2019’) ၊ https://www.apc.org/en/news/un-general-assembly-adopts-record-numberresolutions-internet-governance-and-policy-mixed တွင်ကြည့်ရှုနိုင်သည်။

[108] လက်နက်ဖျက်သိမ်းရေးနှင့် ဆိုက်ဘာနယ်ပယ်တွင် နိုင်ငံတကာလုံခြုံရေးအပေါ် အာရုံစိုက်သော ကုလသမဂ္ဂအထွေထွေညီလာခံ၏ ပထမအကြိမ် ကော်မတီတွင် သဘောထားကွဲလွဲမှုသည် အမေရိကန်နှင့် ရုရှားတို့အား သီးခြားဆုံးဖြတ်ချက် နှစ်ခုမှတ်စေခဲ့သည် - အမေရိကန် ဦးဆောင်သောဆုံးဖြတ်ချက်တွင် GGE လုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်ရန်အတွက် 'ဘုံနားလည်မှုများ နှင့် ထိရောက်သော အကောင်အထည်ဖော်မှုကို မြှင့်တင်ရန်အမြင်ဖြင့် သတင်းအချက်အလက် လုံခြုံရေးနယ်ပယ်ရှိ လက်ရှိဖြစ်နေသောနှင့် ဖြစ်လာနိုင်ချေရှိသော ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဖြစ်နိုင်ချေရှိသော ပူးပေါင်းဆောင်ရွက်မှုများကို လေ့လာရန်' GGE အသစ်ကိုဖန်တီးရန် ပြဋ္ဌာန်းခဲ့ပြီး ရုရှား ဦးဆောင်သောဆုံးဖြတ်ချက်တွင် “နိုင်ငံများ၏တာဝန်ခံမှုရှိသော အပြုအမူများဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ စံနှုန်းများနှင့် အခြေခံမှုများကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်

ထိုအကြောင်းပြချက်များကြောင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများသည် ဖြေရှင်းချက် များကို ဖြစ်ပေါ်လာစေရန် နှင့် အဓိပ္ပာယ်ကောက်ယူမှု၊ နိုင်ငံရေးအရ ကွဲပြားမှုများကို ပေါင်းကူးပေးရန်အတွက် မရှိမဖြစ်လိုအပ်သည်။ ၂၀၁၃ နှင့် ၂၀၁၅ ခုနှစ်တွင် နိုင်ငံတကာလုံခြုံရေး အခြေအနေတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနယ်ပယ်ရှိ တိုးတက်မှုများဆိုင်ရာ အစိုးရ ကျွမ်းကျင်သူများ ကုလသမဂ္ဂအဖွဲ့(GGE) သည် ကမ္ဘာလုံးဆိုင်ရာအတိုင်းအတာဖြင့် အိုင်စီတီလုံခြုံရေး တိုးတက်စေရန် အကြံပြုချက်များကို ဖော်ပြထားသည့် အစီရင်ခံစာနှစ်ခုကို ထုတ်ပြန်ခဲ့သည်။ GGE ၏ ၂၀၁၃ ခုနှစ် အစီရင်ခံစာတွင် ဆိုက်ဘာလုံခြုံရေးကိုသေချာစေရန် နိုင်ငံများ၏ကြိုးပမ်းအားထုတ်မှု များသည် "အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများတွင် ဖော်ပြထားသော လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များကို လေးစားခြင်းနှင့် အတူတကွ လက်တွဲသွားရမည်"ဟူသောအကြံပြုချက်တစ်ခု ပါဝင်သည်။ ၎င်း၏၂၀၁၅ ခုနှစ် အစီရင်ခံစာတွင် နိုင်ငံများအား အင်တာနက်ပေါ်တွင် လူ့အခွင့်အရေး နှင့် အွန်လိုင်းလုံခြုံမှု အခွင့်အရေးတို့ကို ကာကွယ်သည့် ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်များကို 'လေးစားလိုက်နာရန်' ထပ်မံတောင်းဆို ထားသည်။[109] သို့သော်လည်း GGE ၏အကြံပြုချက်များတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှု၊ သတင်းအချက်အလက်ရရှိမှုနှင့် လုံခြုံမှုကဲ့သို့သော လူ့အခွင့် အရေးများကို ကာကွယ်မှုများအား

ဦးစားပေးအဖြစ် ဆက်လက်လုပ်ဆောင်ရန်နှင့် ၎င်းတို့ကို အကောင်အထည်ဖော်ရန်နည်းလမ်းများ သဘောတူညီမှုကို အခြေခံ၍ ဆောင်ရွက်သည့်" လွတ်လပ်သော အလုပ်အမှုဆောင်အဖွဲ့ (OEWG) ကိုဖွဲ့စည်းရန် ပြဋ္ဌာန်းခဲ့သည်။ APC ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၀ ရက် ကိုကြည့်ပါ။ UNGA ဆုံးဖြတ်ချက်အမှတ် ၇၃/၂၇ ၊ 'နိုင်ငံတကာလုံခြုံရေး အခြေအနေတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနယ်ပယ်ရှိ တိုးတက်မှုများ' ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၅ ရက် ၊ UN Doc. No. A/RES/73/27 ('A/RES/73/27')။ UNGA ဆုံးဖြတ်ချက်အမှတ် ၇၃/၂၆၆ ၊ 'နိုင်ငံတကာလုံခြုံရေး အခြေအနေတွင် ဆိုက်ဘာနယ်ပယ်အတွင်း တာဝန်ယူမှုရှိသော နိုင်ငံများ၏အပြုအမူအဖြစ်သို့ တိုးမြှင့်ခြင်း' ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက် ၊ UN Doc. No. A/RES/73/266 ('A/RES/73/266')။

[109] နိုင်ငံတကာလုံခြုံရေး အခြေအနေတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနယ်ပယ်ရှိ တိုးတက်မှုများဆိုင်ရာ အစိုးရကျွမ်းကျင်သူများအဖွဲ့၊ 'နိုင်ငံတကာလုံခြုံရေး အခြေအနေတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနယ်ပယ်ရှိ တိုးတက်မှုများဆိုင်ရာ အစိုးရကျွမ်းကျင်သူများအဖွဲ့၏ အစီရင်ခံစာ' ၊ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၄ ရက်၊ UN Doc. No. A/68/98 ၊ စာပိုဒ် ၂၁ ။ GCE ၏ ၂၀၁၅ ခုနှစ် အစီရင်ခံစာတွင် လူ့အခွင့်အရေးကောင်စီ၏ အင်တာနက်ပေါ်တွင် လူ့အခွင့်အရေးမြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနှင့် ခံစားခွင့်ဆိုင်ရာ ဆုံးဖြတ်ချက်အမှတ် ၂၀/၈ နှင့် ၂၆/၁၃ နှင့် အထွေထွေညီလာခံ၏ ဒီဂျစ်တယ်ခေတ်တွင် လုံခြုံမှု အခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်အမှတ် ၆၈/၁၆၇ နှင့် ၆၉/၁၆၆ တို့ကို အသီးသီးရည်ညွှန်းထားသည်။ နိုင်ငံတကာလုံခြုံရေး အခြေအနေတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနယ်ပယ်ရှိ တိုးတက်မှုများဆိုင်ရာ အစိုးရကျွမ်းကျင်သူများအဖွဲ့၊ 'နိုင်ငံတကာလုံခြုံရေး အခြေအနေတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနယ်ပယ်ရှိ တိုးတက်မှုများဆိုင်ရာ အစိုးရကျွမ်းကျင်သူများအဖွဲ့၏ အစီရင်ခံစာ၊' ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၂ ရက် ၊ UN Doc. No. A/70/174 ၊ စာပိုဒ် ၁၃(c) ကိုကြည့်ပါ။

အကောင်အထည်ဖော်ရန်အတွက် ဦးတည်ထားသည့် လမ်းညွှန်ချက်များကို ဖော်ပြပေးထားခြင်း မရှိပါ။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် နိုင်ငံပေါင်း ၂၇ နိုင်ငံသည် ၎င်းတို့၏ "အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အခြေခံသည့်အမိန့်ကို အတည်ပြုရန် နှင့် ယင်းကို လိုက်နာမှု၊ အကောင်အထည်ဖော်မှုနှင့် ကုလသမဂ္ဂညှိနှိုင်းဆွေးနွေးမှုများ အပါအဝင် နောက်ထပ် ဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုတို့ကို ဆက်လက်လုပ်ဆောင် အားပေးရန် ကတိကဝတ်ပြုမှုကို' အတည်ပြုသည့် 'ဆိုက်ဘာနယ်ပယ်အတွင်း တာဝန်ယူမှုရှိသော နိုင်ငံများ၏ လုပ်ဆောင်ချက်များ တိုးမြှင့်ခြင်းဆိုင်ရာ ပူးတွဲကြေငြာချက်' ကို လက်မှတ်ရေးထိုးခဲ့ကြသည်။[110]

## ၃။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် အွန်လိုင်း သတင်း အချက်အလက် ရရှိခွင့်များကို မတော်မတရားကန့်သတ်ရန် ဥပဒေ မူဘောင်များကို အသုံးပြုခြင်း

အရှေ့တောင်အာရှတွင် ဥပဒေမူဘောင်များသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် အွန်လိုင်း သတင်းအချက်အလက်ရရှိခွင့်များကို ထိန်းချုပ်ရန်နှင့် ကန့်သတ်ရန် အတွက် စနစ်တကျ အသုံးပြုခံရခြင်းနှင့် အလွဲသုံးစားပြုခံရခြင်းများ ရှိခဲ့သည်။ အချို့သောဖြစ်စဉ် များတွင် အသရေဖျက်မှု၊ နိုင်ငံတော်အပေါ် အကြည်ညိုပျက်စေမှုနှင့် နိုင်ငံတော်လုံခြုံရေးတို့ကို ကာကွယ်သည့် တည်ဆဲဥပဒေများကို ယခင်က အော့ဖ်လိုင်းထုတ်ဖော်ပြောဆိုမှုကို ပစ်မှတ်ထားခဲ့ သကဲ့သို့ပင် အွန်လိုင်းပေါ်တွင် ထုတ်ဖော်ပြောဆိုမှုများကိုလည်း တရားစွဲဆိုရန် (သို့မဟုတ်)

---

[110] ထို ၂၇ နိုင်ငံမှာ သြစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ကနေဒါ၊ ကိုလံဘီယာ၊ ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ အက်စ်တိုးနီးယား၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဟန်ဂေရီ၊ အိုက်စလန်၊ အီတလီ၊ ဂျပန်၊ လတ်ဗီးယား၊ လစ်သူယေးနီးယား၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေး၊ ပိုလန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ရိုမေးနီးယား၊ စလိုဗက်ကီးယား၊ စပိန်၊ ဆွီဒင်၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်ကြသည်။ အဆိုပါကြေညာချက်တွင် ၎င်းတို့သည် လွတ်လပ်သော အလုပ်အမှုဆောင်အဖွဲ့နှင့် အစိုးရကျွမ်းကျင်သူ အုပ်စုတို့ဖြစ်ကြသော ကုလသမဂ္ဂ၏ စေ့စပ်ညှိနှိုင်းမှုနှစ်ခုစလုံးတွင် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း များကို အခြေခံသည့်အမိန့်ကို လိုက်နာမည်ဖြစ်သည်ဟု မှတ်ချက်ပြုခဲ့သည်။ OEWG တွင် အောက်ခြေမှတ်စု အမှတ် ၉၈ ကိုကြည့်ပါ။ အမေရိကန်ပြည်ထောင်စု အစိုးရ၊ 'ဆိုက်ဘာနယ်ပယ်အတွင်း တာဝန်ယူမှုရှိသော နိုင်ငံများ၏လုပ်ဆောင်ချက်များ တိုးမြှင့်ခြင်းဆိုင်ရာ ပူးတွဲကြေငြာချက်'၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၃ ရက်၊ https://www.state.gov/joint-statement-on-advancing-responsible-statebehavior-in-cyberspace/ တွင်ကြည့်ရှုနိုင်သည်။

မသင့်လျော်စွာ ထိန်းကျောင်းရန်အတွက် အသုံးပြုခဲ့သည်။ မကြာသေးမီက ထိုသို့သောဥပဒေများကို ဆက်သွယ်ရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် အွန်လိုင်းထုတ်ဖော်ပြောဆိုမှုများနှင့် သတင်းအချက် အလက်များကို ပစ်မှတ်ထားရန် အံဝင်ခွင်ကျစီစဉ်ထားသော ကွန်ပျူတာရာဇဝတ်မှုများအား ထိန်းကျောင်းသည့် မျိုးဆက်သစ် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများဖြင့် တိုးတက်များပြားစေခြင်း (သို့မဟုတ်) အစားထိုးခြင်းခံရသည်။ ဖြစ်ရပ်နှစ်ခုစလုံးတွင် လူတစ်ဦးချင်း၏ ဂုဏ်သိက္ခာနှင့် နိုင်ငံတော်လုံခြုံရေးကို ကာကွယ်ရန်အတွက် ရာဇဝတ်မှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ အရေးယူ ဆောင်ရွက်မှုများကို လိုအပ်သည်ဟု မကြာခဏ အကြောင်းပြခံရပြီး အွန်လိုင်းပေါ်တွင် 'မှသား/ အမှား' ပျံ့နှံ့မှုနှင့် ထိုကဲ့သို့သော ဂုဏ်သိက္ခာနှင့် လုံခြုံရေး၊ လူမှုရေးတည်ငြိမ်မှု နှင့် / သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးတို့ကို ခြိမ်းခြောက်မှုများအကြား ချိတ်ဆက်နေမှုကို ထောက်ပြထားသည်။ ဤဥပဒေများသည် နိုင်ငံတော် (သို့မဟုတ်) အများပြည်သူ လုံခြုံရေးဟု ဗန်းပြအမည်ခံကာ ၎င်းဥပဒေများ မူကြမ်းရေးဆွဲခြင်း၊ အတည်ပြုပြဋ္ဌာန်းခြင်း၊ စီရင်ခြင်း နှင့် ဩဇာလွှမ်းမိုးခြင်းများအား ဦးဆောင်နေရာမှ မကြာခဏပြုလုပ်လေ့ရှိသည့် အာဏာရ နိုင်ငံရေးပါတီ၏ "လုံခြုံရေး" (သို့မဟုတ်) အခြားအင်အားကြီးသော အကျိုးစီးပွားများနှင့် မကြာခဏ ပုံမှားရိုက်ပေါင်းစပ် အသုံးချခြင်းခံရလေ့ရှိသည်။

ဤဥပဒေများကို အကောင်အထည်ဖော်ရာတွင် အကြောင်းပြချက်များ ပေးထားသော်လည်း ၎င်းတို့သည် အတိမ်းအစောင်းမခံသော သဘာထားကွဲလွဲမှုကို ထုတ်ဖော်ပြသခြင်းအပါအဝင် အများပြည်သူအကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် မှတ်ချက်ပြုခြင်းများကို ကန့်သတ်ရန် အများအားဖြင့် လွဲမှားစွာ အသုံးပြုခံနေရပြီး တရားလက်လွတ် အကောင်အထည်ဖော်မှုခံနေရသည်။ လူပုဂ္ဂိုလ်များ၏ အခွင့်အရေးများနှင့် ဂုဏ်သိက္ခာကို ကာကွယ်ရန်အတွက် တရားနည်းလမ်း ကျသော ရည်ရွယ်ချက်အဖြစ် အသုံးပြုနိုင်သော အသရေဖျက်မှုဥပဒေများအား မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်္ကာပူနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ထင်မြင်ယူဆခွင့်တို့ကို အာဏာသုံး၍ ဖိနှိပ်ရန် အသုံးပြုလျက်ရှိသည်။ သက်ဦးဆံပိုင်စနစ်၏ ဂုဏ်သိက္ခာကို ကာကွယ်ရန်အတွက် ရည်ရွယ်သော ပြဿနာများစွာဖြစ်စေသည့် မင်းမျိုးမင်းနွယ် များအား စော်ကားမှု ဥပဒေများသည် ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ပြည်သူတစ်ဦးချင်းစီအား ကိုင်တွယ်ရန်အတွက် တိုးချဲ့သက်ရောက်

စေသည်။ နိုင်ငံတော် ပုန်ကန်မှုများကို ကာကွယ်ရန်အတွက် ရေးဆွဲထားသည့် ခေတ်နောက်ကျနေပြီ ဖြစ်သော ဥပဒေများသည် "လူ့အဖွဲ့အစည်းအတွင်း ဆူပူ အုံကြွမှုနှင့် မကျေနပ်မှုများ" ကို ကာကွယ်သည့်အသွင်ဖြင့် ထိုင်း၊ မြန်မာ၊ မလေးရှား၊ ဘရူနိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် နိုင်ငံရေးနှင့်ပတ်သက်သော ထုတ်ဖော်ပြောဆိုမှုများကို နှုတ်ပိတ်ဟန့်တားရန်အတွက် အသုံးပြုခံ နေရသည်။ ဗီယက်နမ်၊ လာအိုနှင့် မြန်မာနိုင်ငံတို့တွင် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရရှိခွင့်များကို ကန့်သတ်ရန်အတွက် 'နိုင်ငံတော်လုံခြုံရေး' ကို ကာကွယ်နိုင်ရန် အဆင့်မြင့်တင်ထားသည့် မတော်မတရားသောနှင့် ဝေဝါးကျယ်ပြန့်လွန်းသော ဥပဒေများ အသုံးပြုခဲ့သည်။ စင်္ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင်လည်း အလားတူအကျိုး သက်ရောက်မှုများဖြစ်ပေါ်စေရန်အတွက်တရားစီရင်ရေး၏ လုပ်ပိုင်ခွင့်အာဏာကို အကာအကွယ် ပေးရန် ရည်ရွယ်သည့် တရားရုံးအား မထီမဲ့မြင်ပြုခြင်းဆိုင်ရာဥပဒေများအား အလွဲသုံးစားပြုခံ နေရသည်။

မကြာသေးမီက အွန်လိုင်းစာမျက်နှာများပေါ်မှ သတင်းအချက်အလက်များအားထိန်းကျောင်းရန် ဥပဒေရေးရာအစီအမံများသည် အွန်လိုင်းပေါ်တွင် ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် ရရှိခွင့်တို့ကို ဆင်ဆာဖြတ်တောက်ရန်အတွက် အသုံးပြုခံခဲ့ရသည်။ တစ်ချိန်တည်းတွင် အွန်လိုင်းပေါ်မှ သတင်းအချက်အလက်အမှား/လုပ်ကြံသတင်းများအား ပြန့်ပွားမှုကို ထိန်းချုပ်ရန်နှင့် ဆိုက်ဘာ လုံခြုံရေးကို ကာကွယ်ရန်ရည်ရွယ်သည့် ဥပဒေများကို အွန်လိုင်းပေါ်တွင် ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရရှိခွင့်တို့ကို ပိုမို၍ ဖိနှိပ်ရာတွင် လွဲမှားစွာအသုံးပြုလာနိုင်သည်ဟု ဝေဖန်ထောက်ပြနေသည့်ကြားကပင် ၎င်းဥပဒေများအား ဆက်လက်ပြဋ္ဌာန်းအတည်ပြုလျက်ရှိသည်။[111]

[111] ဤအစီရင်ခံစာသည် ဤစာတမ်းတွင် ဖော်ထုတ်ထားသော နိုင်ငံများရှိ အွန်လိုင်းပေါ်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရရှိခွင့်ကို ထိန်းချုပ်ရန် အလွဲသုံးစား လုပ်ခြင်းခံခဲ့ရသည့် ဥပဒေများကို ပြည့်စုံစေ့စပ်စွာ ကိုယ်စားပြုဖော်ပြခြင်းမဟုတ်ပါ။ ၎င်းသည် အရှေ့တောင်အာရှရှိ ဆိုးရွားသည့် အခြေအနေများကို တစ်စိတ်တစ်ပိုင်း ထင်ဟပ်ပြသခြင်းသာ ဖြစ်သည်။ အတိုချုပ်ပြောရလျှင် ဤစာတမ်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် အွန်လိုင်းသတင်း အချက်အလက် ရရှိခွင့်ကို ကန့်သတ်ရန် ဤအစီရင်ခံစာတွင် ဖော်ပြထားသည့် တရားဝင်မဟုတ်သော စီမံဆောင်ရွက်မှုများ အပါအဝင် အခြားအစီအမံများကို အလွဲသုံးစားပြုမှုရှိကြောင်း ရှင်းလင်းသည့် ရွေးချယ်ထားသောနိုင်ငံများရှိ အချို့ဥပဒေများနှင့် ဒေသဆိုင်ရာဖြစ်ပျက်မှုပုံစံ/အလားအလာကို သက်သေပြဆွေးနွေးနိုင်ရန် ရွေးချယ်ထားသော ဖြစ်ရပ်များကိုသာ မီးမောင်းထိုးပြထားသည်။

လူ့အခွင့်အရေးများနှင့် မကိုက်ညီသော နည်းလမ်းများဖြင့် အွန်လိုင်းပေါ်တွင် ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရရှိခွင့်တို့ကို အလွန်အမင်း ထိန်းကျောင်းနိုင်ရန်အတွက် ဥပဒေမူဘောင်များကို ပြုစုရေးဆွဲပြီး အနက်ဖွင့်သည့် နယ်ပယ်ကိုးခုကို အိုင်စီဂျေ (ICJ) ကဖော်ထုတ်နိုင်ခဲ့သည်။ ခွဲခြမ်းစိတ်ဖြာမှုများကို ဤနည်းလမ်းဖြင့် စုစည်းပြခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဒေသတွင်းရှိ ဥပဒေများကိုယ်တိုင်နှင့် ၎င်းတို့အား အကောင်အထည်ဖော်ခဲ့သည့် မတော်မတရားသောနည်းလမ်းများ နှစ်မျိုးလုံးကို မီးမောင်းထိုးပြနိုင်ရန် မျှော်လင့်ပါသည်။

၎င်းနယ်ပယ် ၉ ခုတို့မှာ

၁။ တရားဝင် လူပုဂ္ဂိုလ်များ၏ ဂုဏ်သိက္ခာကို ကာကွယ်ရန် ရည်ရွယ်ထုတ်ပြန်ထားသော ဥပဒေများ

၂။ သက်ဦးဆံပိုင် ဘုရင်စနစ်၏ ဂုဏ်သိက္ခာကို ကာကွယ်ရန် ရည်ရွယ်ထုတ်ပြန်ထားသော ဥပဒေများ

၃။ နိုင်ငံတော် ပုန်ကန်မှုအပေါ် ဥပဒေများ

၄။ နိုင်ငံတော်လုံခြုံရေး ကာကွယ်ရန် (သို့) ငြိမ်ဝပ်ပိပြားမှုဖြစ်စေရန် ရည်ရွယ်ထုတ်ပြန်ထားသော ဥပဒေများ

၅။ တရားရုံးများကို ကာကွယ်ရန် ရည်ရွယ်ထုတ်ပြန်ထားသော ဥပဒေများ

၆။ အွန်လိုင်း သတင်းအချက်အလက်များကို ထိန်းချုပ်ရန် ရည်ရွယ်ထုတ်ပြန်ထားသော ဥပဒေများ


၇။ အွန်လိုင်း သတင်းအချက်အလက်အမှား ပြန့်ပွားမှု ထိန်းချုပ်နိုင်ရန် ရည်ရွယ်ထုတ်ပြန်ထားသော ဥပဒေများ

၈။ ဆိုက်ဘာလုံခြုံမှု ကာကွယ်ရန် ရည်ရွယ်ထုတ်ပြန်ထားသောဥပဒေများ

၉။ အင်တာနက် ဖြတ်တောက်မှုများကို အကြောင်းပြရန် အလွဲသုံးစားပြုခံရသည့် ဥပဒေများ

ဤနယ်ပယ်များရှိ ပထမ ၅ ခု ( အပိုင်း ၃ က။ တည်ဆဲ ဥပဒေ မူဘောင်များ ) သည် ယေဘုယျအားဖြင့် ဥပဒေများအား အွန်လိုင်းသတင်းစကားများကို ကိုင်တွယ်ဖြေရှင်းရန် ပုံစံချစီစဉ်ရေးဆွဲထားခြင်းမဟုတ်သည့်တိုင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အွန်လိုင်း သတင်းအချက်အလက်ရရှိခွင့်တို့ကို အာဏာသုံး၍ ဖိနှိပ်ရန်အတွက် အသုံးပြုခံနေရသည့် ထိုနိုင်ငံများရှိ ဥပဒေ မူဘောင်များ၏ အစိတ်အပိုင်းပင်ဖြစ်သည်။ ဒေသတွင်းရှိ နိုင်ငံတော် အပေါ် အကြည်ညိုပျက်စေမှုနှင့် မင်းမျိုးမင်းနွယ်များအားစော်ကားမှု ဥပဒေများကဲ့သို့သော အချို့သောကိစ္စရပ်များတွင် ရာစုနှစ်နှင့်ချီ၍ သက်တမ်းရှိနေပြီဖြစ်သော ဥပဒေများကို ဆက်လက် ထိန်းသိမ်းထားပြီး အလွဲသုံးစားပြုခြင်းဖြင့် ပိုမို၍ခေတ်မီသော အွန်လိုင်းပေါ်မှ ထုတ်ဖော် ပြောဆိုမှုပုံစံများအပေါ် ကန့်သတ်ချက်များကို ချဲ့ထွင်လာခဲ့ပြီး အင်တာနက်ကိုထိန်းကျောင်းရန် အစိုးရများ၏လုပ်ပိုင်ခွင့်များကို တိုးချဲ့စေသော ဥပဒေပြဋ္ဌာန်းချက်အသစ်များကို မကြာခဏ တိုးတက် များပြားလာစေသည်။

နောက်ဆုံးနယ်ပယ် ၄ ခု ( အပိုင်း ၃ ခ။ အသစ်ပေါ်ပေါက်လာသောဥပဒေ မူဘောင်များ) သည် အင်တာနက်ပေါ် ရှိ ထုတ်ဖော်ပြောဆိုမှုနှင့် သတင်းအချက်အလက်များကို ထိန်းချုပ်ရန် ရည်ရွယ်သော မကြာသေးမီက ကြိုးပမ်းမှုများဖြစ်သည်။ ထိုဥပဒေများသည် တစ်ခါတစ်ရံတွင် အင်တာနက်စီးပွားရေး အထူးသဖြင့် လူမှုကွန်ယက်စာမျက်နှာများကို ရာဇဝတ်မှုဆိုင်ရာ အရေးယူမှုအသစ်များကို ဖန်တီးခြင်း (သို့မဟုတ်) ပြည်တွင်း ရာဇဝတ်မှုဆိုင်ရာ ဥပဒေ မူဘောင်များမှ တည်ဆဲ ရာဇဝတ်မှုဆိုင်ရာ အရေးယူမှုများကို အွန်လိုင်းနယ်ပယ်သို့ တိုးချဲ့သက် ရောက်စေခြင်းအပါအဝင် အမှီအခိုကင်းသည့် ထိန်းကျောင်းရေးစနစ်များကို တည်ထောင်လေ့ ရှိသည်။ အလွန်အမင်းများပြားသော အချက်အလက်များကို စနစ်တကျ ထိန်းသိမ်း၊ ပြန်လည်ရယူ နှင့် အလွဲသုံးစားပြုခံရနိုင်သည့် ဆိုက်ဘာနယ်ပယ်တွင် လူတစ်ဦးချင်းစီကို ပစ်မှတ်ထားကာ သတင်း အချက်အလက်များကို စောင့်ကြည့်ထောက်လှမ်းရန်နှင့် ထိန်းချုပ်ရန်အတွက် နိုင်ငံများ၏ လုပ်ပိုင်ခွင့်များကို တိုးချဲ့ပေးခြင်းဖြင့် ဤဥပဒေများသည် ထင်ရှားသည့် ခြိမ်းခြောက်မှု တစ်ရပ် ဖြစ်ပေါ်လာစေသည်။ တစ်ချိန်တည်းမှာပင် တရားဝင်မူဝါဒဆိုင်ရာစိုးရိမ်မှုများကို ကိုင်တွယ် ဖြေရှင်းရန်အတွက် လူ့အခွင့်အရေးကို အထိခိုက်မခံသော နည်းလမ်းများရှာဖွေရန် အစိုးရများနှင့် ပုဂ္ဂလိကကဏ္ဍများကို လက်တွဲလုပ်ဆောင်နိုင်သော အခွင့်အလမ်းများလည်း ရှိနိုင်လေသည်။



## (က) တည်ဆဲ ဥပဒေ မူဘောင်များ

### *၁။ တရားဝင် လူပုဂ္ဂိုလ်များ၏ ဂုဏ်သိက္ခာကို ကာကွယ်ရန် ရည်ရွယ်ထုတ်ပြန်ထားသော ဥပဒေများ*

တရားဝင် လူပုဂ္ဂိုလ်များ၏ ဂုဏ်သိက္ခာကို ပြည်သူ့ရေးရာနှင့် ရာဇဝတ်မှုဆိုင်ရာ အသရေဖျက်မှုနှစ်ရပ်လုံးမှ ကာကွယ်ရန်အတွက် အဆင့်မြှင့်တင်ထားသော ဥပဒေများသည် ဒေသတွင်းတစ်လျှောက်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အွန်လိုင်းသတင်းအချက်အလက်များကိုရရှိခွင့်တို့မှ ကန့်သတ်ရန် အလွဲသုံးစားပြုခြင်းခံခဲ့ရသည်။ဤအပိုင်းတွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်္ကာပူနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် အသရေဖျက်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များသည် နိုင်ငံတော်နှင့် အခြားအင်အားကြီး အဖွဲ့အစည်းများအား ဝေဖန်မှုများမှကာကွယ်ရန် မည်ကဲ့သို့ အသုံးပြုခံနေရကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံနှုန်းများကို ဆန့်ကျင်ကာ ဖောက်ဖျက်ကျူးလွန်ခြင်းခံရသူများအား ရာဇဝတ်မှုဆိုင်ရာနှင့် ပြင်းထန်သော အရပ်ဘက်ပြစ်ဒဏ်များ ချမှတ်နိုင်ကြောင်းကို လေ့လာထားသည်။

အထက်တွင် ညွှန်းပြခဲ့သည့်အတိုင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ICCPR အပိုဒ် ၁၉ အရ ကာကွယ်ပေးထားသည်။ ထိုကာကွယ်မှု၏ အတိုင်းအတာနှင့် ယင်းအပေါ် နိုင်ငံများ၏ ကန့်သတ်ချက်များကို ခွင့်ပြုချက်ခြင်းအား ရှင်းလင်းပြောကြားရာတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီအနေဖြင့် အသရေဖျက်မှုအတွက် ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှုကို သတ်မှတ်ပေးသောအစိုးရများသည် အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ခြင်းမှ ပယ်ဖျက်သင့်ကြောင်းနှင့် ယင်းသည် အခြားသူများ၏ ဂုဏ်သိက္ခာကို ကာကွယ်ရန် ရည်ရွယ်ချက်အတွက် မရှိမဖြစ်လိုအပ်မှုနှင့် တရားမျှတဆီလျော်မှု မရှိသောကြောင့် "ထောင်သွင်းအကျဉ်းချခြင်းသည် ဘယ်သောအခါမျှ သင့်လျော်သောပြစ်ဒဏ်တစ်ခုမဟုတ်ပါ" ဟု အလေးပေးပြောကြားခဲ့သည်။[112] အရပ်ဘက်ပြစ်ဒဏ်များမှာ "အလွန်အမင်းအပြစ်ပေးအရေးယူခြင်း" မဖြစ်ရဟုဆိုစဉ်တွင် မရှိမဖြစ်လိုအပ်မှုနှင့် တရားမျှတဆီလျော်မှု၏

---

[112] CCPR/C/GC/34၊ စာပိုဒ် ၄၇၊ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ၊ Rafael Marques de Morais v. Angola ၊ Communication No. 1128/2002 ၊ Rafael Marques de Morais v. Angola ၊ စာပိုဒ် ၃-၉ ကို https://www1.umn.edu/humanrts/undocs/1128-2002.html တွင်ကြည့်ရှုနိုင်သည်။

အခြေခံမှုများကို တင်းကြပ်စွာလိုက်နာရမည်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ တရားမျှတသော တရားစီရင်မှုကို ရရှိပိုင်ခွင့် အခွင့်အရေးနှင့်အညီ လွတ်လပ်ပြီး ဘက်မလိုက်သော တရားစီရင်ရေး အာဏာပိုင်များ၏ ရှေ့မှောက်တွင် ဆောလျင်စွာ စီရင်ဆုံးဖြတ်ခံရမည် ဖြစ်သည်။[113] လွတ်လပ်စွာထုတ်ဖော် ပြောကြားခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်သည်လည်း အသရေဖျက်မှုကိစ္စများတွင် ချမှတ်သော ပြစ်ဒဏ်များသည် "လွတ်လပ်စွာထင်မြင်ယူဆနိုင်ခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့် နှင့် သတင်းအချက်အလက်ရယူ၊ ရှာဖွေ၊ ဖြန့်ဝေခွင့် အခွင့်အရေးများအပေါ် ကြောက်မက်ဖွယ် သက်ရောက်မှုရှိစေလောက်သည်အထိ ဘယ်သောအခါမျှမကြီးသင့်ကြောင်း" နှင့် "ပြစ်ဒဏ်ချ မှတ်ခြင်းများကို ဘယ်သောအခါမျှအသုံးမပြုသင့်ကြောင်း" အလားတူ ရှင်းလင်းပြောကြားခဲ့သည်။[114]

ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီအနေဖြင့် နာမည်ကျော် လူပုဂ္ဂိုလ်များနှင့်ပတ်သက်သည့် ဝေဖန်ဖော်ပြချက်များအပါအဝင် ထင်မြင်ယူဆချက်များကို ထုတ်ဖော်ပြောဆိုခြင်းများအား ကာကွယ်ရန်လိုအပ်သည်ဟု ထပ်မံရှင်းလင်းပြောကြားခဲ့သည်။ ထို့ကြောင့် အာဏာပိုင်များသည် "မလိုတမာစိတ်မရှိပဲ မှားယွင်းစွာထုတ်ပြန်ကြေညာသည့် မမှန်ကန်သော ထုတ်ပြန်ကြေညာ ချက်များကို" အရေးယူခြင်းမှ ရှောင်ရှားသင့်ပြီး အများပြည်သူအကျိုးစီးပွားကို ကာကွယ်ပေးမှု သည် အသရေဖျက်မှုအတွက် တရားစွဲဆိုခံရသည့် မည်သူမဆို ခံစားရရှိနိုင်သင့်သည်။[115]

မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် စင်္ကာပူနိုင်ငံတို့မှ ဥပဒေများနှင့်ဖြစ်ရပ်များအား မကြည့်ရှုမီ ဖိလစ်ပိုင်နိုင်ငံတွင် အသရေဖျက်မှုကို ရာဇဝတ်မှု အဖြစ်သတ်မှတ်ခြင်းနှင့် အသရေဖျက်မှုအတွက် ပြစ်ဒဏ်အဖြစ် ထောင်ဒဏ်ချမှတ်ခြင်းအပေါ် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ၏ အကဲဖြတ် ဆန်းစစ်ခြင်းနှင့် ရှုတ်ချခြင်းကို ဗဟုသုတရရှိရန် ထည့်သွင်းစဉ်းစားသင့်သည်။ အောက်တွင် ဖော်ပြထားသည့် ကိစ္စရပ်သည် သတင်းအချက်အလက်များကို အွန်လိုင်းကြားခံနယ်မှတဆင့် ဆက်သွယ်မှုများ မပါဝင်သော်လည်း ၎င်းသည် ၎င်း၏ဦးစားပေးတန်ဖိုးကြောင့် သက်ဆိုင်နေသည်။

---

[113] CCPR/C/GC/34၊ စာပိုဒ် ၄၇။

[114] လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏အစီရင်ခံစာ ၊ Abid Hussain ၊ ၁၉၉၉ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်၊ UN Doc. E/CN.4/1999/64 ၊ စာပိုဒ် ၂၈(ဓ)။

[115] CCPR/C/GC/34၊ စာပိုဒ် ၄၇။

## **ဖိလစ်ပိုင်နိုင်ငံ**

ဖိလစ်ပိုင်နိုင်ငံတွင် အသရေဖျက်မှုကို အထူးသဖြင့် အရေးယူနိုင်သည့် ပုဒ်မ ၃၅၃ နှင့် အမြင့်ဆုံးထောင်ဒဏ် ၆ နှစ်အထိချမှတ်နိုင်သည့် ပုဒ်မ ၃၅၅ တို့ပါဝင်သော **ပြန်လည်ပြင်ဆင်ထားသည့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ**အရ အသရေဖျက်မှုကို "ဂုဏ်သိက္ခာပျက်စေသော ရာဇဝတ်မှု" အဖြစ်သတ်မှတ်ထားသည်။[116]

၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီမှ အသရေဖျက်မှုကို ရာဇဝတ်မှုကျူးလွန်မှုအဖြစ်သတ်မှတ်သော ပြန်လည်ပြင်ဆင်ထားသည့်ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များသည် ICCPR အပိုဒ် ၁၉ အရ ဖိလစ်ပိုင်နိုင်ငံ၏ ဝတ္တရားများနှင့် ကိုက်ညီမှုမရှိ ကြောင်း ဆုံးဖြတ်ခဲ့သည်။ ကော်မတီအနေဖြင့် ရေဒီယိုအသံလွှင့်သတင်းထောက် အလက်ဇန်းဒါး အဒွန်နစ် **(Alexander Adonis)**ကို အသရေဖျက်မှုဖြင့် စွပ်စွဲကာ တရားစွဲဆိုခြင်းနှင့် ထောင်ဒဏ်ချမှတ်ခြင်းသည် သူ၏အခွင့်အရေးများကို ချိုးဖောက်ခြင်း ဖြစ်သည်ဟု ညွှန်ပြခဲ့သည်။ အဒွန်နစ် (Adonis) သည် လွှတ်တော်အမတ်တစ်ဦးနှင့် အိမ်ထောင်သည် ရုပ်မြင်သံကြားအစီအစဉ်ကြေငြာသူ တစ်ဦးအကြား ပတ်သက်ဆက်နွယ်မှုရှိသည်ဟုဆိုကာ သူ၏အစီအစဉ်တွင် သတင်းထုတ်လွှင့်ခဲ့ခြင်း အတွက် Davao City ၏ ဒေသဆိုင်ရာတရားရုံးမှ ပြန်လည်ပြင်ဆင်ထားသည့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ၏ ပုဒ်မ ၃၅၃ နှင့် ၃၅၅ အရ ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။[117] တရားရုံးမှ အဒွန်နစ် (Adonis)အား လွှတ်တော်အမတ်ထံ ဖိလစ်ပိုင်ပီဆိုငွေ ၁၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၁,၉၃၅ ခန့်) အား "ကိုယ်ကျင့်သိက္ခာ ပျက်စီးမှုအတွက် လျော်ကြေး" အဖြစ်နှင့် ဖိလစ်ပိုင်ပီဆိုငွေ ၁၀၀,၀၀၀ ကို "မကောင်းသတင်းများထွက်စေသည့် တာဝန်မဲ့သော သတင်းထုတ်လွှင့်ခြင်းများအတွက် စံနမူနာ"

---

116 ဖိလစ်ပိုင်နိုင်ငံ၏ ပြန်လည်ပြင်ဆင်ထားသည့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ အက်ဥပဒေ အမှတ် ၃၈၁၅ (ပြန်လည်ပြင်ဆင်ထားသည့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ) ၊ ကို https://www.un.org/Depts/los/LEGISLATIONANDTREATIES/PDFFILES/PHL_revised_penal_code.pdf တွင်ကြည့်ရှုနိုင်သည်။

117 လွှတ်တော်အမတ်သည် အဒွန်နစ် (Adonis)နှင့် သူ၏ရေဒီယိုအစီအစဉ်မန်နေဂျာတို့ကို တရားစွဲဆိုခဲ့ပြီး နောက်ပိုင်းတွင် မန်နေဂျာအား တရားစွဲဆိုမှုများကို ပယ်ဖျက်ခဲ့သည်။

ဖြစ်စေရန် "နောင်ကြဉ်အောင် သတိပေးသော လျော်ကြေး"အဖြစ်ပေးရန် ထပ်ဆင့်အမိန့်ပေးခဲ့သည်။[118]

အဒွန်နစ် (Adonis)၏ အမှုဖြစ်ရပ်အား ပြန်လည်သုံးသပ်ရာတွင် ကော်မတီမှ ဖိလစ်ပိုင်အစိုးရအား အဒွန်နစ် (Adonis)အား ထောင်ဒဏ်ချမှတ်ခံရသည့်ကာလအတွက် ထိရောက်သော ပြန်လည် ကုစားမှုနှင့် လုံလောက်သောလျော်ကြေးပေးရန်နှင့် "နောင်တွင် အလားတူ ချိုးဖောက်ခံရမှုများကို တားဆီးရန်"အတွက် အသရေဖျက်မှုဥပဒေကို ပြန်လည်သုံးသပ်ရန် တောင်းဆိုခဲ့သည်။[119] ကော်မတီဝင်များဖြစ်ကြသော Fabían Salvioli နှင့် Rajsoomer Lallah တို့က ဖိလစ်ပိုင်နိုင်ငံသည် နိုင်ငံအစိုးရ အဖွဲ့အစည်းများအားလုံးမှ ပြည်တွင်းဥပဒေများသည် သဘောတူစာချုပ်နှင့် ကိုက်ညီမှုရှိကြောင်း သေချာအောင် ဆောင်ရွက်ရန် လိုအပ်သည့် ICCPR ၏ပုဒ်မ ၂ (၂) အရ ၎င်း၏ ဝတ္တရားများကို ဖြည့်ဆည်းရန်ပျက်ကွက်ခဲ့သည်ဟု ထင်မြင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။[120]

ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ၏ အကြံပြုချက်များကို ဆန့်ကျင်လျက် ဖိလစ်ပိုင်နိုင်ငံတွင်၊ အထူးသဖြင့် အသရေဖျက်မှုကို ရာဇဝတ်မှုကျူးလွန်မှုအဖြစ်ခြင်းအား အွန်လိုင်းနယ်ပယ်သို့ ချဲ့ထွင်ရန် ဥပဒေအသစ်အား မိတ်ဆက်ခဲ့သည်။ ၂၀၁၂ ခုနှစ် **ဆိုက်ဘာရာဇဝတ်မှု ကာကွယ်တားဆီးရေး အက်ဥပဒေ ('CPA')** သည် ဤရာဇဝတ်ပြစ်မှုကို အွန်လိုင်းထုတ်ဖော်ပြောဆိုမှု (သို့မဟုတ်) ဆက်သွယ်ရေးနယ်ပယ်သို့ တိုးချဲ့သည်သာမက အွန်လိုင်းပေါ်တွင် အသရေဖျက်မှုအတွက် ပြစ်ဒဏ်ကိုလည်း အမှန်တကယ်ပင် ထောင်ဒဏ် ၈

118 ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၊ ဆက်သွယ်ရေးအမှတ် ၁၈၁၅/၂၀၀၈၊ CCPR/C/103/D/1815/2008 ('CCPR / C / 103 / D / 1815/2008'), စာမျက်နှာ ၂ မှ ၃၊ စာပိုဒ် ၂.၁ မှ ၂.၃၊ http://www.bayefsky.com/pdf/philippines_t5_ccpr_1815_2008_scan.pdf တွင်ကြည့်ရှုနိုင်သည်။

119 CCPR/C/103/D/1815/2008၊ စာပိုဒ် ၉၊၁၀ ၊ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် အဒွန်နစ် (Adonis) သည် ထောင်ထဲတွင် ၂ နှစ်နီးပါးနေခဲ့ရပြီးနောက် ပြန်လွတ်လာခဲ့သည်။ Centre for Media Freedom and Responsibility 'ထောင်ချခံခဲ့ရသည့် ရေဒီယိုအသံလွှင့်သူ ပြန်လွတ်ခံရ'၊ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်၊ https://cmfr-phil.org/uncategorized/jailed-broadcaster-released/ တွင်ကြည့်ရှုနိုင်သည်။

120 CCPR/C/103/D/1815/2008 ၊ စာမျက်နှာ ၁၀၊၁၁ ၊ စာပိုဒ် ၄ မှ ၇ ၊ စာမျက်နှာ ၁၂ ။

နှစ်အထိသို့ တိုးမြှင့်သတ်မှတ်ခဲ့သည်။[121] ဖိလစ်ပိုင်နိုင်ငံတရားရုံးချုပ်မှ "အသရေဖျက်မှုများတွင် ထောင်ဒဏ်ချမှတ်ခြင်းထက် ဒဏ်ငွေပြစ်ဒဏ်ချမှတ် အရေးယူခြင်းကိုသာ ဦးစားပေးရန်" တိုက်တွန်းထားသော အသရေဖျက်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို ထုတ်ပြန်ခဲ့သည်။[122] သို့သော်လည်း ဤလမ်းညွှန်ချက်များသည် ဥပဒေသက်ရောက်မှု မရှိသောကြောင့် ထောင်ဒဏ်ပြစ်ဒဏ် ချမှတ်ခြင်းကို တားဆီးနိုင်ခြင်းမရှိပေ။ ၎င်းတို့သည် အချို့သော ရွေးချယ်ထားသည့် အခြေအနေများနှင့်သာ သက်ဆိုင်နေပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရရှိခွင့် အခွင့်အရေးများကို ကာကွယ်ခြင်းသည် အသရေဖျက်မှုအတွက် လုံလောက်သော ကာကွယ်မှုဖြစ်ကြောင်းကိုလည်း ရှင်းလင်း ပြောဆိုထားခြင်း မရှိပေ။[123]

## မြန်မာနိုင်ငံ

မြန်မာနိုင်ငံတွင် **ဆက်သွယ်ရေးဥပဒေ** ပုဒ်မ ၆၆ (ဃ) - (ပုဒ်မ ၆၆ (ဃ)) သည် စတင် အာဏာ သက်ဝင်သည့် ၂၀၁၃ ခုနှစ်မှစ၍ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် အွန်လိုင်း သတင်းအချက်အလက်ရရှိခွင့် အခွင့်အရေးများအား ကျင့်သုံးရုံမျှသာပြုသောသူများကို ရာဇဝတ်မှု ဆိုင်ရာပြစ်ဒဏ်များ ချမှတ်ရန် ကျယ်ကျယ်ပြန့် အလွဲသုံးစားပြုခံခဲ့ရသည်။

---

[121] CPA ၏နောက်ထပ်ခွဲခြမ်းစိတ်ဖြာမှုကို အောက်တွင်ပါရှိမည့် အပိုင်း ၅ တွင်ကြည့်ပါ။ ICJ ၏ 'Righting Wrongs - ဖိလစ်ပိုင်နိုင်ငံတွင် နိုင်ငံတော်လုံခြုံရေးနှင့်စပ်လျဉ်းသည့် ရာဇဝတ်မှုဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များ နှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအပေါ် ၎င်းတို့၏သက်ရောက်မှုများ' စာမျက်နှာ ၁၇-၁၈၊ ကို https://www.icj.org/wp-content/uploads/2015/03/PhilippinesCriminal-Law-Provisions-Publications-Report-2015-ENG.pdf တွင်ကြည့်ရှုနိုင်သည်။

[122] တရားသူကြီးချုပ် Reynato S. Puno 'Administrative Circular No. 08-2008: အသရေဖျက်မှုများတွင် ပြစ်ဒဏ်များချမှတ်ရာတွင် ဦးစားပေးဥပဒေကို လိုက်နာခြင်းဆိုင်ရာ လမ်းညွှန်ချက်များ' ကို https://www.lawphil.net/courts/supreme/ac/ac_8_2008.html တွင်ကြည့်ရှုနိုင်သည်။

[123] တရားသူကြီးချုပ် Reynato S. Puno 'Administrative Circular No. 08-2008: အသရေဖျက်မှုများတွင် ပြစ်ဒဏ်များချမှတ်ရာတွင် ဦးစားပေးဥပဒေကို လိုက်နာခြင်းဆိုင်ရာ လမ်းညွှန်ချက်များ' ကို https://www.lawphil.net/courts/supreme/ac/ac_8_2008.html တွင်ကြည့်ရှုနိုင်သည်။

၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ပြန်လည်ပြင်ဆင်ခဲ့သည့် ပုဒ်မ ၆၆ (ဃ)သည် လူ့အခွင့်အရေးနှင့်ကိုက်ညီမှုမရှိသည့် ဥပဒေပြဋ္ဌာန်းချက်တစ်ခု ဖြစ်သည်။ ယင်းဥပဒေသည် နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်း (အမေရိကန်ဒေါ်လာ ၆၅၂ ခန့်) ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းဖြင့် မည်သူ့ကိုမဆို 'ဆက်သွယ်ရေးကွန်ရက် တစ်ခုခုကို အသုံးပြု၍' အသရေဖျက်ခြင်းအား တားမြစ်ထားသည်။[124] စစ်တပ်အရာရှိများမှ ပုဒ်မ ၆၆ (ဃ)အရ တရားစွဲဆိုသည့် အမှုများသည် လက်နက်ကိုင်တပ်ဖွဲ့များ၏ တပ်ဖွဲ့ဝင်များအား စစ်ပုန်ကန်ခြင်းကိုသော်လည်းကောင်း၊ သက်ဆိုင်ရာ မိမိ၏တာဝန်ဝတ္တရားကို မလေးစားခြင်းသော် လည်းကောင်း၊ ပျက်ကွက်ခြင်းသော်လည်းကောင်း ပြုစေရန် အကြံရှိသည့်၊ သို့တည်းမဟုတ် ထိုသို့ဖြစ်စေတန်ရာသော အကြောင်းရှိသည့် သတင်းအချက် အလက်များကို ဖြန့်ဝေခြင်းအား ရာဇဝတ်မှုအဖြစ်သတ်မှတ်သည့် မြန်မာနိုင်ငံ**ရာဇသတ်ကြီး** ပုဒ်မ ၅၀၅ (က) အရ စွဲချက်များနှင့် မကြာခဏဆိုသလို ပေါင်းစပ်ကာ တရားစွဲဆိုခံနေရသည်။ (အောက်တွင်ကြည့်ပါ)[125]

၂၀၁၉ ခုနှစ် ဧပြီလအထိ အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် Athan Myanmar သည် ဆက်သွယ်ရေးဥပဒေအရ အမှုပေါင်း ၁၈၅ ခုကို တရားဝင်အမှုဖွင့်ခဲ့ကြောင်း မှတ်တမ်းတင်ထားခဲ့ပြီး ၎င်းတို့အနက် ၉၃ ရာခိုင်နှုန်းသည် သတင်းထောက် ၃၁ ဦးအားတရားစွဲဆိုမှု ၂၃ ခု အပါအဝင် ပုဒ်မ ၆၆ (ဃ) ကို အသုံးပြု၍ဖြစ်သည်။[126] ၂၀၀၈ ခုနှစ် ခွဲခြမ်းစိတ်ဖြာမှုတစ်ခုတွင် Athan Myanmar သည် ဆက်သွယ်ရေးဥပဒေအရတရားစွဲဆိုခံရသည့် အမှုများ၏ တစ်ဝက်ကျော် ၅၄ ရာခိုင်နှုန်းသည် နိုင်ငံရေးဝေဖန်မှုများနှင့် သတင်းတင်ဆက်မှုများနှင့်

---

[124] ဆက်သွယ်ရေးဥပဒေ၏ အင်္ဂလိပ်ဘာသာပြန်ချက် ( ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၁၊ ၂၀၁၃ ) ( ဆက်သွယ်ရေးဥပဒေ) http://www.burmalibrary.org/docs23/2013-10-08-Telecommunications_Law-en.pdf; English translation of Amendment of Telecommunications Law (2017/ Pyi Htaung Su Hluttaw Law No.26) နှင့် http://www.burmalibrary.org/docs23/2013-10-08-Telecommunications_Law-en.pdf; English translation of Amendment of Telecommunications Law (2017/ Pyi Htaung Su Hluttaw Law No.26) တို့တွင်ကြည့်ရှုနိုင်သည်။

[125] မြန်မာနိုင်ငံရာဇသတ်ကြီး၏ အင်္ဂလိပ်ဘာသာပြန်ချက် ( မြန်မာနိုင်ငံရာဇသတ်ကြီး ) http://www.burmalibrary.org/docs6/MYANMAR_PENAL_CODE-corr.1.pdf တွင်ကြည့်ရှုနိုင်သည်။

[126] Athan Myanmar ၊ 'ဆက်သွယ်ရေးဥပဒေအရ တရားစွဲခံရသည့် အမှုအရည်အတွက်'၊ ၂၀၁၉ ခုနှစ် ဧပြီလ ၉ ရက် ၊ http://athanmyanmar.org/2019/04/09/the-number-of-cases-under-thetelecommunications-law/ တွင်ကြည့်ရှုနိုင်သည်။ Say No to 66(d) campaign မှ အချက်အလက် ကို https://www.saynoto66d.info/ တွင်ကြည့်ရှုနိုင်သည်။

ပတ်သက်သည့်အမှုများအပါအဝင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကိုကျင့်သုံးခြင်းများနှင့်သက်ဆိုင်နေကြောင်း တွေ့ရှိခဲ့သည်။[127] ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအထိ အရပ်ဘက်လူမှုအဖွဲ့အစည်း Free Expression Myanmar မှ ပုဒ်မ ၆၆ (ဃ) အရ လူတစ်ဦးချင်းစီကို တရားစွဲဆိုခဲ့သည့် တိုင်ကြားသူများ၏ ထက်ဝက်သည် နိုင်ငံတော်အစိုးရ ကိုယ်စား လှယ်များ( သို့မဟုတ်) အစိုးရအရာရှိများဖြစ်ကြောင်း မှတ်တမ်းတင် ခဲ့သည်။[128]

၂၀၁၉ ခုနှစ် အစီရင်ခံစာတစ်ခုတွင် Athan သည် ၂၀၁၉ ခုနှစ်၏ ပထမခြောက်လပတ်တွင်ပင် စာနယ်ဇင်းသမား ၁၁ ဦးသည် ပညာသည်ပီသသော သတင်းတင်ဆက်မှုများအတွက် တရားစွဲဆို ခံခဲ့ရပြီး ၄၅ ရာခိုင်နှုန်းသောတရားစွဲဆိုချက်များမှာ ဆက်သွယ်ရေးဥပဒေအရဖြစ်ပြီး ၁၅ ရာနှုန်းမှာ အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ်သတ်မှတ်သည့် မြန်မာနိုင်ငံရာဇသတ်ကြီးအရဖြစ်သည်ဟု ရှင်းလင်းတင်ပြခဲ့သည်။[129] မြန်မာနိုင်ငံရာဇသတ်ကြီး အခန်း ၂၁ မှ ပုဒ်မ ၄၉၉ နှင့် ၅၀၀ တို့တွင် အသရေဖျက်မှုကို ထောင်ဒဏ်နှစ်နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ခံရနိုင်သည့် ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည်။[130]

## *ကိုဆွေဝင်း၏ ဖြစ်ရပ်*

---

[127] Athan Myanmar ၊ 'လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ခြောက်လပတ် အစီရင်ခံစာ' ၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၊ https://equalitymyanmar.org/wp-content/uploads/2018/10/Mid-term-Report-on-Freedom-of-ExpressionEng-Version.pdf တွင်ကြည့်ရှုနိုင်သည်။

[128] Free Expression Myanmar ၊ '၆၆(ဃ) စစ်မှန်သောပြောင်းလဲမှုမရှိ'၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၊ စာမျက်နှာ ၁၇၊ http://freeexpressionmyanmar.org/wp-content/uploads/2017/12/66d-no-real-change.pdf တွင်ကြည့်ရှုနိုင်သည်။

[129] Athan Myanmar ၊ '၂၀၁၉ခုနှစ် မြန်မာနိုင်ငံရှိလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အခြေအနေနှင့်ပတ်သက်ပြီး နှစ်လယ်အစီရင်ခံစာ' ၊ https://progressivevoicemyanmar.org/2019/09/02/2019-mid-year-report-on-status-offreedom-of-expression-in-myanmar/ တွင်ကြည့်ရှုနိုင်သည်။

[130] အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေသည်လည်း အွန်လိုင်းပေါ်မှ အကြောင်းအရာများကို ထိန်းချုပ်ရန်အတွက် အသုံးပြုခံနေရသည်။ ICJ 'မြန်မာ - အသရေဖျက်မှုဆိုင်ရာ ရာဇဝတ်မှုဥပဒေများအပေါ် ရှင်းလင်းချက်'၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၆ ရက် ၊ https://www.icj.org/wp-content/uploads/2015/11/Myanmar-Criminal-Defamation-Laws-Advocacy-Position-paper2015-ENG.pdf တွင်ကြည့်ရှုနိုင်သည်။

၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် Myanmar Now သတင်းဌာန၏ အယ်ဒီတာချုပ် ကိုဆွေဝင်းသည် ဗုဒ္ဓဘာသာဘုန်းတော်ကြီးနှင့် အမျိုးသားရေးအစွန်းရောက်အဖွဲ့ မဘသအဖွဲ့၏ ယခင်ခေါင်းဆောင်ဖြစ်သူ ဆရာတော်ဦးဝီရသူအား အသရေဖျက်မှု ကျူးလွန်ခဲ့သည်ဟု ထိုအဖွဲ့ဝင်တစ်ဦး၏ စွပ်စွဲတိုင်ကြားချက်အရ ဖမ်းဆီးခံခဲ့ရသည်။[131]

ကိုဆွေဝင်းမှ ၎င်း၏ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်တွင် ဦးဝီရသူသည် သံဃာတော်များ၏ ဝိနည်းစည်းမျဉ်းများကို 'ချိုးဖောက်ခဲ့သည်' ဟု စွပ်စွဲပြောဆိုသည့် ပို့စ်တစ်ခုတင်ခဲ့သည့်နောက် ၂၀၁၇ ခုနှစ် မတ်လတွင် ပုဒ်မ ၆၆(ဃ) အရ တရားစွဲဆိုခံခဲ့ရသည်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ဦးဝီရသူသည် သူ၏ ဖေ့စ်ဘွတ်ပို့စ်တစ်ခုတွင် အမုန်းစကား နှင့် လူမျိုးရေးနှင့် ဘာသာရေးခွဲခြားဆက်ဆံမှုများကို ဆန့်ကျင်သည့် ထောက်ခံအားပေးမှုအဆိုအပြီးတွင် လုပ်ကြံခံခဲ့ရသည့်လူ့အခွင့်အရေးရှေ့နေဖြစ်သူ ဦးကိုနီအား လုပ်ကြံသတ်ဖြတ်သူကို ချီးမြှောက်ထားခဲ့သည်။[132]

နောက်ပိုင်း မကြာမီတွင်ပင် Myanmar Now သည် ဦးဝီရသူ၏ မှတ်ချက်များသည် သံဃာတော်အဖြစ်မှ လူဝတ်လဲထုတ်ပယ်ရန် အကြောင်းခိုင်လုံစေနိုင်သည်ဟု ပြောကြားခဲ့သည့် ဘုန်းတော်ကြီးတစ်ပါး၏ အဆိုအပါအဝင် ဦးဝီရသူ၏ပို့စ်နှင့် ပတ်သက်၍ သတင်းရေးသားခဲ့သည်။[133] ကိုဆွေဝင်း၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်မှ ပို့စ်သည် Myanmar Now ၏ဆောင်းပါးကို ရည်ညွှန်းထားခြင်းဖြစ်သည်။

---

[131] Sean Gleeson ၊ 'Myanmar Now အယ်ဒီတာ ကိုဆွေဝင်းကို ရန်ကုန်လေဆိပ်တွင်ဖမ်းဆီး' ၊ Frontier Myanmar ၊ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၃၀ ရက် ၊ https://frontiermyanmar.net/en/myanmar-now-editor-ko-swe-winarrested-at-yangon-airport တွင်ကြည့်ရှုနိုင်သည်။

[132] ICJ ၊ ' ICJ သည် ရှေ့နေဦးကိုနီ လုပ်ကြံခံရမှု၏ ၂ နှစ်မြောက် နှစ်ပတ်လည်နေ့ကို အထိမ်းအမှတ်ပြုသည် ' ၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၉ ရက် ၊ https://www.icj.org/myanmar-icj-marks-2nd-year-anniversary-of-the-killing-oflawyer-u-ko-ni/ တွင်ကြည့်ရှုနိုင်သည် ; ICJ ' 'ရှေ့နေဦးကိုနီအား လုပ်ကြံမှုကို အမြန်ဆုံးနှင့်သမာသမတ်ကျစွာ စုံစမ်းစစ်ဆေးရမည်' , ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၃၀ ရက် ၊ https://www.icj.org/icj-statement-on-the-killing-of-lawyer-u-ko-ni/ တွင်ကြည့်ရှုနိုင်သည်။

[133] ထွန်းခိုင် ၊ 'မဘသမှ အသရေဖျက်မှုဖြင့် တရားစွဲပြီးနောက် ထင်ရှားသည့် သတင်းသမား တောင်းပန်ရန် ငြင်းဆန်'၊ Frontier Myanmar ၊ ၂၀၁၇ ခုနှစ် မတ်လ ၈ ရက် ၊ https://frontiermyanmar.net/en/prominentreporter-refuses-to-apologise-after-ma-ba-tha-files-defamation-suit တွင်ကြည့်ရှုနိုင်သည်။

၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် အမှုစတင် စစ်ဆေးခဲ့သည့်အချိန်မှစ၍ ကိုဆွေဝင်းသည် သူ့အား စွဲချက်တင်ခဲ့သည့် မန္တလေးရှိတရားရုံးနှင့် ရန်ကုန်ရှိ သူ၏အိမ်အကြား ၂ နှစ်နီးပါးအတွင်း ကြားနာမှု ပေါင်း ၅၅ ခုကျော် တက်ရောက်ရန်အတွက် ခရီးရှည်သွားခဲ့ရသည်။[134] အသွားအပြန်ခရီးစဉ် တစ်ခု စီတိုင်းသည့် သူ့အား အနည်းဆုံး အချိန် ၁၆ နာရီခန့်ကြာစေပြီး အနည်းဆုံးကျပ် ၅၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၃၃၀ ခန့်) ကုန်ကျစေခဲ့သည်။[135] တရားခွင်တွင် အမှုစစ်ဆေးကြားနာသည့် ကာလအား ယုတ္တိမတန်သော ကြာရှည်မှုကို ဖြစ်စေသည့် တရားလို၏စဉ်ဆက်မပြတ် နှောင့်နှေးမှု အပါအဝင် အမှုစစ်ဆေးကြားနာသည့်ဖြစ်စဉ်တွင် မူမမှန်မှုများစွာကို တွေ့ရှိခဲ့ရပြီး သူ၏တရားမျှတ သော တရားစီရင်မှုကို ရရှိပိုင်ခွင့်အခွင့်အရေး ချိုးဖောက်ခံခဲ့ရသည် ။

၂ နှစ်ကြာပြီးနောက်၂၀၁၉ ခုနှစ် ဇူလိုင်လတွင် မန္တလေးရှိတရားရုံးသည် ကိုဆွေဝင်း၏ အမှုအား ပယ်ဖျက်ပေးခဲ့သည်။[136]

***မင်းထင်ကိုကိုကြီး၏ ဖြစ်ရပ်***

၂၀၁၉ ခုနှစ် ဧပြီလတွင် ရုပ်ရှင်ထုတ်လုပ်သူနှင့် လူ့အခွင့်အရေးရုပ်ရှင်ပွဲတော်၏ တည်ထောင်သူ ဖြစ်သည့် မင်းထင်ကိုကိုကြီးသည် သူ၏ ဖေ့စ်ဘွတ်ခ်ပေါ်မှ မြန်မာ့နိုင်ငံရေးတွင် စစ်တပ်၏

[134] ICJ et. al 'ပူးတွဲထုတ်ပြန်ချက် ၊ မြန်မာနိုင်ငံအာဏာပိုင်များအနေဖြင့် ကိုဆွေဝင်း၏ အမှုအား ပယ်ဖျက်ရမည်ဖြစ်ပြီး အသရေဖျက်မှုကိုလည်း ရာဇဝတ်မှုအဖြစ်သတ်မှတ်ခြင်းမှ ပယ်ဖျက်ရမည် ဖြစ်သည်'၊ ၂၀၁၉ ခုနှစ် မတ်လ ၇ ရက် ၊ https://www.icj.org/joint-statementmyanmar-authorities-must-drop-the-case-against-ko-swe-win-and-decriminalise-defamation/ တွင်ကြည့်ရှုနိုင်သည်။

[135] မိုးမြင့် ၊ ' အမျိုးသားရေးအစွန်းရောက်များသည် သတင်းထောက်များအား ဖွတ်ဖွတ် ညက်ညက်ကြေစေသည့် တရားဥပဒေဆိုင်ရာ တုန်လှုပ် ချောက်ချားဖွယ် အတွေ့အကြုံများကို ရရှိခံစားစေသည်' ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၇ ရက် ၊ https://www.irrawaddy.com/features/nationalists-subject-journalistdevastating-legal-ordeal.html တွင်ကြည့်ရှုနိုင်သည်။

[136] ဇာနည်မန်း ၊ ' Myanmar Now အယ်ဒီတာအား တရားစွဲဆိုမှုကို ၂ နှစ် အကြာတွင် ပယ်ဖျက်ပေးခဲ့သည် ' ၊ ဧရာဝတီ ၊ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂ ရက် ၊ https://www.irrawaddy.com/news/burma/lawsuit-myanmar-now-editordropped-2-years.htm တွင်ကြည့်ရှုနိုင်သည်။

အခန်းကဏ္ဍကို ဝေဖန်သည့် ပို့စ်များအတွက် တပ်မတော်ကို အသရေဖျက်မှုဖြင့် ပုဒ်မ ၆၆ (ဃ) အရ တရားစွဲဆိုချက်ကြောင့် ဖမ်းဆီးခံရပြီး အချုပ်တွင်းမှ တရားရင်ဆိုင်ခဲ့ရသည်။[137]

ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးလင်းထွန်းသည် တရားလိုအနေဖြင့် ရုပ်ရှင်ထုတ်လုပ်သူအား တရားစွဲဆိုခဲ့ခြင်းဖြစ်ပြီး ဒုတိယအမှုအနေဖြင့် မြန်မာနိုင်ငံရာဇသတ်ကြီး ပုဒ်မ ၅၀၅(က) ကိုချိုးဖောက်သည်ဟု ထပ်မံစွဲချက်တင်ခဲ့သည်။[138]

မင်းထင်ကိုကိုကြီးသည် အသည်းကင်ဆာရောဂါ ခံစားနေရပြီး ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းမခံရမီ ကြီးမားသောခွဲစိတ်ကုသမှု ခံယူခဲ့သဖြင့် ဆေးကုသမှုခံယူရန် လိုအပ်သော်လည်း ထောင်ထဲတွင်သာ ဆက်လက်ရှိနေခဲ့သည်။[139]

၂၀၁၉ ခုနှစ် ဩဂုတ်လတွင် သူသည် ရာဇဝတ်မှုဆိုင်ရာ ပုဒ်မ ၅၀၅ (က) အရ စီရင်ချက်ချခံရပြီး အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၁) နှစ် ချမှတ်ခံခဲ့ရသည်။[140]

***အလားတူ***ဖြစ်ရပ်များ

၂၀၁၆ ခုနှစ် မေလတွင် ကဗျာဆရာ **မောင်ဆောင်းခ** သည် ၂၀၁၅ ခုနှစ် အောက်တိုဘာလက ဖေ့စ်ဘွတ်ခ်ပေါ်သို့ ပို့စ်တင်ခဲ့သည့် ကဗျာတစ်ပုဒ်သည် နိုင်ငံတော်သမ္မတဟောင်း ဦးသိန်းစိန်အား

[137] ဆန်းယမင်းအောင် ၊ 'တပ်မတော်ကိုစော်ကားသည်ဟု စွပ်စွဲခံရသည့် ရုပ်ရှင်ထုတ်လုပ်သူ အာမခံငြင်းပယ်ခံရ၊ ထောင်သို့ကို့ဆောင်ခံရ' ၊ ဧရာဝတီ ၊ ၂၀၁၉ ခုနှစ် ဧပြီလ ၁၂ ရက် ၊ https://www.irrawaddy.com/news/burma/filmmakeraccused-insulting-army-denied-bail-sent-prison.html တွင်ကြည့်ရှုနိုင်သည်။

[138] မြန်မာနိုင်ငံရာဇသတ်ကြီး ပုဒ်မ ၅၀၅(က)သည် အာမခံခွင့်ရသော အမှုမဟုတ်သော်လည်း တရားသူကြီးအနေဖြင့် အာမခံခွင့်ပေးရန် ဆုံးဖြတ်ချက်ချပေးနိုင်သည်။

[139] Amnesty International ' မြန်မာ ၊ ထိန်းသိမ်းခံရသည့် ရုပ်ရှင်ထုတ်လုပ်သူ မင်းထင်ကိုကိုကြီး၏ ကျန်းမာရေး စိုရိမ်ရမှုများ' ၊ ၂၀၁၉ ခုနှစ် ဇွန်လ ၆ ရက် ၊ https://www.amnesty.org/en/documents/asa16/0478/2019/en/ တွင်ကြည့်ရှုနိုင်သည်။

[140] ဆမ်အောင်မွန်း ' မြန်မာနိုင်ငံတွင် စစ်တပ်အား ဝေဖန်မှုကို ဖေ့စ်ဘွတ်ခ်ပေါ်တွင် ရေးသားသောကြောင့် ရုပ်ရှင်ထုတ်လုပ်သူအား ထောင်ဒဏ်ချမှတ်ခဲ့သည် ' ၊ ရိုက်တာ ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၉ ရက် ၊ https://www.reuters.com/article/us-myanmar-filmmaker/myanmarjails-filmmaker-for-facebook-posts-critical-of-military-idUSKCN1VJ0Q5?feedType=RSS&feedName=worldNews တွင်ကြည့်ရှုနိုင်သည်။

အသရေပျက်စေသည်ဟု စွပ်စွဲခံရကာ ပုဒ်မ ၆၆(ဃ) အရတရားစွဲဆိုခံခဲ့ရပြီး ထောင်ဒဏ် (၆) လ ချမှတ်ခံခဲ့ရသည်။[141]

***ဒေါင်းမျိုးဆက် သံချပ်အဖွဲ့၏ ဖြစ်ရပ်***

၂၀၁၉ ခုနှစ် ဧပြီလတွင် ရိုးရာအစဉ်အလာဖြစ်သော သရော်စာ ကဗျာများကို ဖန်တီးသော ဖျော်ဖြေရေးအနုပညာသည် အုပ်စုဖြစ်သည့် ဒေါင်းမျိုးဆက် သံချပ်အဖွဲ့ဝင်များသည် ဖေ့စ်ဘွတ်ခ်တွင် တိုက်ရိုက်လွှင့်ခဲ့သော သရော်စာအနုပညာဖျော်ဖြေမှုအပြီးတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီး သန်းထွန်းမြင့်မှ တပ်မတော်ကို အသရေဖျက်မှု စွပ်စွဲချက်များဖြင့် ၎င်းတို့အားတိုင်တန်း ကြားခဲ့ပြီးနောက် ရာဇသတ်ကြီး ပုဒ်မ ၆၆ (ဃ) နှင့် ပုဒ်မ ၅၀၅ (က) အရတရားစွဲဆိုခြင်းခံခဲ့ရသည်။[142]

၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တရားရုံးမှ ကေခိုင်ထွန်း၊ ဇေယျာလွင်၊ ပိုင်ရဲသူ၊ ပိုင်ဖြိုးမင်း၊ နှင့် ဇော်လင်းထွဋ်တို့အား ပုဒ်မ ၅၀၅ (က)ကို ဖောက်ဖျက်မှုဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁) နှစ်စီချမှတ်ခဲ့သည်။[143] သူတို့သည်

[141] PEN International ' မြန်မာ ၊ ကဗျာဆရာ ထောင်ဒဏ် (၆) လ ချမှတ်ခံရပြီး ပြန်လွတ်လာခဲ့' ၂၀၁၆ ခုနှစ် မေလ ၂၅ ရက် ၊ https://www.pen-international.org/news/myanmar-poet-sentenced-to-6-months-inprison-and-released တွင်ကြည့်ရှုနိုင်သည်။

[142] ထက်အာကာ၊ Roseanne Gerin ၊ ' မြန်မာသံချပ်အဖွဲ့သည် တပ်မတော်ကို သရော်ခြင်းကြောင့် အာမခံငြင်းပယ်ခံခဲ့ရပြီး၊ အင်းစိန်ထောင်တွင် ရမန်ယူ ချုပ်ထားခံခဲ့ရသည် ' လွတ်လပ်သော အာရှအသံ ၊ ၂၀၁၉ ခုနှစ် ဧပြီလ ၂၂ရက် ၊ https://www.rfa.org/english/news/myanmar/myanmar-satire-troupe-denied-bail-04222019164338.html တွင်ကြည့်ရှုနိုင်သည်။

[143] ဇော်ဇော်ထွေး ၊ 'မြန်မာစစ်တပ်ကို သရော်မှုကြောင့် သံချပ်အဖွဲ့ဝင် ၅ ဦး ထောင်ဒဏ်ချမှတ်ခံရ' ဧရာဝတီ ၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၃၀ ရက် ၊ https://www.irrawaddy.com/news/burma/fivemembers-performance-troupe-jailed-satirizing-myanmar-military.html တွင်ကြည့်ရှုနိုင်သည်။ Human Rights Watch ၊ 'မြန်မာ - တက်ကြွလှုပ်ရှားသူများသည် တပ်မတော်အားဝေဖန်မှုဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရ'၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၃၁ ရက် ('HRW, 19 November 2019') ၊ https://www.hrw.org/news/2019/10/31/myanmar-actors-convicted-criticizing-army တွင်ကြည့်ရှုနိုင်သည်။

အာမခံရပိုင်ခွင့် ငြင်းပယ်ခံခဲ့ရပြီးနောက် ဧပြီလမှစ၍ ထိန်းသိမ်းခံခဲ့ရကာ တရားရင်ဆိုင်ခဲ့ရသည်။[144]

၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်တရားရုံးမှ ထို ၅ ဦးနှင့်အတူ ဆဋ္ဌမမြောက်အဖွဲ့ဝင် ဆုရတနာမြင့်တို့အား ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (က)ကို ဖောက်ဖျက်မှုဖြင့် ထောင်ဒဏ် (၁) နှစ်စီချမှတ်ခဲ့ပြီး အစောပိုင်းငါးဦးအား ထောင်ဒဏ်ကာလကို (၂) နှစ်အထိ တိုးမြှင့်ခဲ့သည်။[145]

ဇေယျာလွင်၊ ပိုင်ရဲသူ နှင့် ပိုင်ဖြိုးမင်းတို့သည် အခြားမြို့နယ်တရားရုံး ၃ ခုတွင်လည်း non bis in idem (ပုဒ်မတစ်ခုတည်းဖြင့် ၂ ကြိမ်မဖြစ်စေရသော) ၏ မှုတသော တရားစီရင်မှုဆိုင်ရာအခြေခံမှုကို ထင်ရှားစွာဖောက်ဖျက်ကာ[146] ပုဒ်မ ၅၀၅ (က) အရ ထပ်မံတရားစွဲဆိုခြင်းခံခဲ့ရပြီး အဖွဲ့ဝင် ၆ ဦး အားလုံးနှင့်အတူ သတ္တမမြောက် အဖွဲ့ဝင် ငြိမ်းချမ်းစိုးတို့သည် ပုဒ်မ ၆၆ (ဃ)အရ တပ်မတော်ကို အသရေပျက်စေမှုဖြင့် ထပ်မံတရားစွဲဆိုခံခဲ့ရသည်။[147]

[ထိုင်းနိုင်ငံ]

[144] ထက်အာကာ၊ Roseanne Gerin ၊ ' မြန်မာသံချပ်အဖွဲ့သည် တပ်မတော်ကို သရော်ခြင်းကြောင့် အာမခံငြင်းပယ်ခံခဲ့ရပြီး၊ အင်းစိန်ထောင်တွင် ရမန်ယူ ချုပ်ထားခံခဲ့ရသည် ' လွတ်လပ်သော အာရှအသံ ၊ ၂၀၁၉ ခုနှစ် ဧပြီလ ၂၂ရက် ၊ https://www.rfa.org/english/news/myanmar/myanmar-satire-troupe-denied-bail-04222019164338.html တွင်ကြည့်ရှုနိုင်သည်။

[145] Human Rights Watch ၊ 'မြန်မာ - သံချပ်အဖွဲ့ဝင်များအတွက် ပိုမိုသော ထောင်ဒဏ်ကာလ' ၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၉ ရက် ၊ ('HRW, 19 November 2019') ၊ https://www.hrw.org/news/2019/11/19/myanmar-more-jail-timesatirical-troupe တွင်ကြည့်ရှုနိုင်သည်။

[146] non bis in idem (ပုဒ်မတစ်ခုတည်းဖြင့် ၂ ကြိမ်မဖြစ်စေရသော) ၏ မှုတသော တရားစီရင်မှုဆိုင်ရာ အခြေခံမှုသည် ရာဇဝတ်မှုတစ်ခုအတွက် တရားစွဲဆိုခြင်းခံရပြီး ပြစ်ဒဏ်ပေးခြင်းခံရပြီးသည့် လူတစ်ဦးတစ်ယောက်စီတိုင်းအား တူညီသော တရားစီရင်ပိုင်ခွင့်တွင် ဒုတိယအကြိမ်ထပ်မံ အပြစ်ပေးအရေးယူခြင်းမရှိစေကြောင်း သေချာစေသည်။

[147] HRW ၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၃၁ ရက်။ HRW ၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်။

ထိုင်းနိုင်ငံတွင် လူ့အခွင့်အရေးများနှင့် ကိုက်ညီမှုမရှိသော **ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ**တွင်ပါရှိသည့် အသရေဖျက်မှုအား ရာဇဝတ်မှုအဖြစ် ပြဋ္ဌာန်းချက်များသည် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို အများပြည်သူ၏ အာရုံစိုက်မှုကို ရရှိရန် ကြိုးပမ်းသူများအား အာဏာသုံး၍ ဖိနှိပ်ရန် အလွဲသုံးစားပြုခံနေရသည်။[148] ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၂၆ နှင့် ၃၂၇ အရ အသရေဖျက်ခြင်းရာဇဝတ်မှုကို အများဆုံး ထောင်ဒဏ် (၁) နှစ်၊ ငွေဒဏ် ဘတ် ၂၀,၀၀၀ (အမေရိကန်ဒေါ်လာ ၆၄၀ ခန့်) (သို့မဟုတ်) ဒဏ်နှစ်မျိုးလုံး ချမှတ်နိုင်ပြီး ပုဒ်မ ၃၂၈ တွင် (၂) “ပုံနှိပ်ထုတ်ဝေခြင်း နည်းလမ်းဖြင့်” အသရေဖျက်ခြင်းကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ကာ ထောင်ဒဏ် (၂) နှစ်အထိ နှင့် ငွေဒဏ် ဘတ် ၂၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၆,၄၀၀ ခန့်) ချမှတ်နိုင်သည်။[149]

**ကွန်ပြူတာနှင့် ဆက်စပ် ရာဇဝတ်မှုများ အက်ဥပဒေ B.E. 2560 (၂၀၁၇)** (‘CCA’) သည် ၎င်း၏ ၂၀၀၇ ခုနှစ်ဗားရှင်းမှ ပြင်ဆင့်ခဲ့သည့်အတိုင်း ထုတ်ဖော်ပြောဆိုမှုများနှင့် အွန်လိုင်း သတင်းအချက် အလက်ရရှိခွင့်တို့အပေါ် ရာဇဝတ်မှုအဖြစ်သတ်မှတ်မှုကို တိုးချဲ့သက်ရောက်စေရန်အတွက် အသရေဖျက်မှုဆိုင်ရာ ရာဇဝတ်မှု ပြဋ္ဌာန်းချက်များနှင့်အတူ မကြာခဏ အသုံးပြုခံခဲ့ရသည်။ CCA ပုဒ်မ ၁၄ (၂) သည် “နိုင်ငံတော်လုံခြုံမှု၊ အများပြည်သူလုံခြုံရေး ကာကွယ်ခြင်းကို ထိခိုက် စေနိုင် သည့် (သို့မဟုတ်) အများပြည်သူအား အထိတ်တလန့်ဖြစ်စေနိုင်သည့်" “မှားယွင်းသော ကွန်ပျူတာ အချက်အလက်များ ထည့်သွင်းခြင်း” ကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ကာ

[148] ICJ အနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေအရ ထိုင်းနိုင်ငံ၏ တာဝန်ဝတ္တရားများနှင့်အညီ ထိုင်းနိုင်ငံ၏ အသရေဖျက်မှုဆိုင်ရာ ရာဇဝတ်မှုဥပဒေများကို ပယ်ဖျက်ရန် (သို့မဟုတ်) ပြင်ဆင်ရန် တောင်းဆိုခဲ့သည်။ ICJ 'ထိုင်းနိုင်ငံ ၊ အခြေခံလွတ်လပ်ခွင့်များကို ကန့်သတ်ရန် ဥပဒေများကို အလွဲသုံးစားပြုခြင်း (ကုလသမဂ္ဂ ထုတ်ပြန်ချက်)' ၂၀၁၈ ခုနှစ် မတ်လ ၁၄ ရက် ၊ https://www.icj.org/hrc37thailand/ ; ICJ ၊ 'ထိုင်းနိုင်ငံ ၊ Andy Hall ၏ အမှု၌ စီရင်ချက်ချခြင်းသည် အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ခြင်းမှ ပယ်ဖျက်ရန်လိုအပ်ကြောင်း မီးမောင်းထိုးပြသည်' ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၀ ရက် ၊ https://www.icj.org/thailand-verdict-in-andy-hall-case-underscores-need-for-defamation-to-bedecriminalized/ ; ICJ ၊ 'ထိုင်းနိုင်ငံ - ဖူးကတ်သတင်းထောက်များအား တရားစွဲဆိုမှုကို အဆုံးသတ်ရန်နှင့် အသရေဖျက်မှုဆိုင်ရာ ရာဇဝတ်မှုဥပဒေများကို ပယ်ဖျက်ရန်' ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁ရက် ၊ https://www.icj.org/thailand-end-prosecutionof-phuketwan-journalists-and-repeal-criminal-defamation-laws/ တို့ကို ဥပမာအနေဖြင့်ကြည့်ပါ။
[149] ထိုင်းနိုင်ငံ ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ B.E. 2499 ('ထိုင်းနိုင်ငံ ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ')၏ အင်္ဂလိပ်ဘာသာပြန်ချက် ၊ https://www.thailandlawonline.com/laws-in-thailand/thailand-criminal-law-text-translation#326 တွင်ကြည့်ရှုနိုင်သည်။

အပြစ်ပေးအရေးယူထားပြီး ပုဒ်မ ၁၄ (၃) သည် "ဘုရင့် နိုင်ငံတော်၏ လုံခြုံမှု ဆန့်ကျင်ချိုးဖောက်မှု (သို့မဟုတ်) အကြမ်းဖက် ဝါဒနှင့် သက်ဆိုင်သော ချိုးဖောက်မှုဖြစ်သည့်" ထိုကဲ့သို့သော "မှားယွင်းသော" အချက်အလက်များ ထည့်သွင်းခြင်းကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ကာ အပြစ်ပေးအရေးယူသည်။ ပြစ်မှုနှစ်ခုလုံးကို ထောင်ဒဏ် (၅) နှစ်အထိ၊ ငွေဒဏ် ဘတ် ၁၀၀,၀၀၀ အထိ (အမေရိကန်ဒေါ်လာ ၃,၂၀၀ ခန့်) (သို့ မဟုတ်) ဒဏ်နှစ်မျိုးလုံး ချမှတ်နိုင်သည်။[150] အောက်တွင် ဖော်ပြပါရှိမည့်အတိုင်း သက်ဦးဆံပိုင် ဘုရင်စနစ်နှင့် သက်ဆိုင်သော အွန်လိုင်းသတင်းစကားကို ကန့်သတ်ရန်အတွက် CCA သည် ထိုင်းဥပဒေ၏ မင်းမျိုးမင်းနွယ်များအား စော်ကားမှု ဥပဒေပြဋ္ဌာန်းချက်များနှင့်အတူတကွ အသုံးပြုခံခဲ့ရသည်။

အိုင်စီဂျေ (ICJ) အနေဖြင့် ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၃၂၆ မှ ၃၂၈ အထိနှင့် CCA ပုဒ်မ ၁၄ တို့ကို ထိုင်းနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ်ပါဝင်နေသည့် ICCPR အရအပါအဝင် ထိုင်းနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးတာဝန်ဝတ္တရားများနှင့်အညီ ပယ်ဖျက်ရန် (သို့မဟုတ်) ပြင်ဆင်မှုပြုရန် တသမတ်တည်း တောင်းဆိုခဲ့သည်။[151] CCA ပုဒ်မ ၁၄ (၁) ကို ၂၀၁၇ ခုနှစ်တွင် ပုဒ်မခွဲသည်" ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ အသရေဖျက်ကျူးလွန်မှုများ"နှင့်[152] မသက်ဆိုင်ကြောင်း အတိအလင်း သတ်မှတ်ရန် ပြင်ဆင်ခဲ့သော်လည်း လက်တွေ့တွင် ပုဒ်မ ၁၄ (၂) နှင့် ၁၄ (၃) တို့သည် အွန်လိုင်းပေါ်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုများကို ဖိနှိပ်ရန်အတွက် အသုံးပြုခံခဲ့ရသည်။[153]

---

[150] ကွန်ပြူတာနှင့် ဆက်စပ် ရာဇဝတ်မှုများ အက်ဥပဒေ B.E. 2560 ('Thai Netizen, CCA') https://thainetizen.org/docs/cybercrime-act-2017/ တွင်ကြည့်ရှုနိုင်သည်။

[151] ICJ, TLHR ၊ 'ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် အပိုဒ် ၄၀ အရ ထိုင်းဘုရင့်နိုင်ငံ၏ဒုတိယအကြိမ်အစီရင်ခံစာကို စစ်ဆေးခြင်းမပြုမီ အပြည်ပြည်ဆိုင်ရာ ဥပဒေ ပညာရှင်များ ကော်မရှင်နှင့် ထိုင်း လူ့အခွင့်အရေးဆိုင်ရာ ရှေ့နေများ၏ ပူးတွဲတင်ပြခြင်း' , ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက် ၊https://tbinternet.ohchr.org/Treaties/CCPR/Shared%20Documents/THA/INT_CCPR_CSS_THA_26602_E.pdf တွင်ကြည့်ရှုနိုင်သည်။

[152] Thai Netizen, CCA.

[153] ပုဒ်မ ၁၄ (၂) ကို ဥပမာအားဖြင့် အောက်ဖော်ပြပါ Manager Online အမှုတွင် အသုံးပြုပြီး ၁၄ (၃) ကို မင်းမျိုးမင်းနွယ်များအား စော်ကားမှုနှင့် သက်ဆိုင်သောအမှုများတွင် ပိုမိုအသုံးပြုခဲ့သည်။

နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများသာမက ကုမ္ပဏီများသည်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများအား ဖော်ထုတ်ရန်ကြိုးပမ်းနေသော လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်စီအား နှုတ်ပိတ်ရန်အတွက် အသရေဖျက်မှုတိုင်ကြားချက်များကို ပိုမိုတိုး၍ ကိုင်စွဲအသုံးပြုလာကြသည်။ Natural Fruit Company Ltd. နှင့် Thammakaset Co. , Ltd. စသည့် ကုမ္ပဏီများမှ လူ့အခွင့်အရေးကာကွယ်စောင့် ရှောက်သူများနှင့် ကုမ္ပဏီများသည် အလုပ်သမားအခွင့်အရေးများချိုးဖောက်သည်ဟု စွပ်စွဲပြောဆိုခဲ့သည့် လူ့အခွင့်အရေး သုတေသနပညာရှင်များကို ရာဇဝတ်မှုဆိုင်ရာနှင့် အရပ်ဘက်ဆိုင်ရာ အသရေဖျက်မှုနှင့် ပတ်သက်၍ စွဲဆိုခဲ့သည့် တရားစွဲဆိုမှု ၂ ခုတွင် ICJ နှင့်အတူ ကနေဒါရှေ့နေများ အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့သည် amicus curiae အဆိုတင်သွင်းမှုများပြုလုပ်ခဲ့သည်။ ဤတင်ပြချက်များတွင် တရားစီရင်ရေး အပါအဝင်အစိုးရ၏ ဌာနများအားလုံးသည် လူပုဂ္ဂိုလ် တစ်ဦးချင်းစီကို လူပုဂ္ဂိုလ်များ (သို့မဟုတ်) ကုမ္ပဏီများအပါအဝင် အဖွဲ့အစည်းများ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ထင်မြင်ယူဆခွင့် ကန့်သတ်ခြင်း နှင့် အထူးသဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ထင်မြင်ယူဆခွင့် အခွင့်အရေးများကို ဆန့်ကျင်ချိုးဖောက်ရာရောက်သည့် အသရေဖျက်မှုအတွက် ရာဇဝတ်မှုဆိုင်ရာ အရေးယူမှုလုပ်ရပ်များ မှ ကာကွယ်ရန် တာဝန်ရှိသည်ဟု ချေပပြောဆိုခဲ့သည်။[154]

ဝမ်းနည်းစွာပင် ၂၀၁၉ ခုနှစ်တွင် Thammakaset Co. , Ltd နှင့်ပတ်သက်သည့်အမှု၏ ပမာဏကြားနာမှုအပြီး (အောက်တွင်ကြည့်ပါ) ဘန်ကောက်ရာဇဝတ်မှုဆိုင်ရာ တရားရုံးသည် ICJ ၏ amicus curiae အဆိုတင်သွင်းမှုအား ထိုင်းနိုင်ငံ၏ အသရေဖျက်မှုရာဇဝတ်မှုဆိုင်ရာ ဥပဒေသည် ICCPR အရ ထိုင်းနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး တာဝန်ဝတ္တရားများကို မချိုးဖောက်ကြောင်း စီရင်ချက်ချကာ တုံ့ပြန်ခဲ့သည်။[155] တရားရုံးသည် ၎င်း၏ဆုံးဖြတ်ချက်တွင်

---

[154] ICJ, LRWC 'တရားခံ Andy Hall (Black Case Number A 517/2556) ၏ အမှုအခင်းအတွက် Amicus Curiae အကျဉ်းချုပ်' ၂၀၁၆ ခုနှစ် ဇူလိုင်လ ၊ https://www.icj.org/thailand-amicus-in-criminal-defamationproceedings-against-human-rights-defender-andy-hall/; ICJ, LRWC တွင်ကြည့်ရှုနိုင်သည်။ ICJ, LRWC 'တရားခံ မစ္စတာနန်းဝင်း (Black Case Number Aor.3011/2561) နှင့် Ms. Sutharee Wannasiri (Black Case Number Aor. 3054/2561) ၏ အမှုအခင်းအတွက် Amicus Curiae အကျဉ်းချုပ်' ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၊ https://www.icj.org/thailand-icj-and-lrwc-submit-amicus-in-criminal-defamation-proceedings-against-human-rightsdefenders-nan-win-and-sutharee-wannasiri/ တွင်ကြည့်ရှုနိုင်သည်။

[155] ဤစီရင်ချက်သည် အပြည်ပြည်ဆိုင်ရာဥပဒေအရ ထုတ်ဖော်ပြောဆိုသော အငြင်းပွားမှုများကို သိသိသာသာ တုံ့ပြန်မှုပြုလေ့မရှိသည့် ထိုင်းတရားရုံးများ၏ ပုံမှန်လုပ်ရိုးလုပ်စဉ်များမှ စိတ်ဝင်စားဖွယ် ကွဲထွက်သွားသည့်တိုင် ယင်းသည် ဝမ်းနည်းဖွယ်ကောင်းသော ဆုံးဖြတ်ချက်တစ်ခုဖြစ်သည် ။ ဤအမှု၌ တရားရုံးသည် ထိုင်းနိုင်ငံ၏

အသရေဖျက်မှု သတင်းစကား၏ နောက်ဆက်တွဲဂယက်များကို ဖြေရှင်းရန်အတွက် ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ် ကို သင့်လျော်သောကုစားမှုတစ်ခုအဖြစ် ထောက်ခံကြောင်း ထင်ရှားပြီး စီးပွားရေး လုပ်ငန်းစု တစ်ခု ကျူးလွန်သည်ဟုဆိုထားသော အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုများကို အစီရင်ခံခြင်းအား အများပြည်သူအကျိုးစီးပွားအဖြစ် ရှုမြင်ရန်ပျက်ကွက်ခဲ့သည်။[156] ပုဂ္ဂလိကကုမ္ပဏီများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖော်ထုတ်ရန်ကြိုးစားသူ တစ်ဦးချင်းစီအား အသရေဖျက်မှု ဖြင့်တရားစွဲဆိုတိုင်ကြားမှုများပြုနိုင်သည့် ဥပဒေ ပြဋ္ဌာန်းချက်များကို ဆက်လက် ထားရှိခဲ့သောကြောင့် ထိုင်းအစိုးရသည် ထိုကဲ့သို့သော ချိုးဖောက်ခံရသူများအတွက် ကုစားမှုများအား ထိရောက်စွာရရှိခွင့်ကို ပံ့ပိုးပေးရမည့် UNGPs နှင့်အညီ ၎င်း၏တာဝန်ဝတ္တရားများကို လိုက်နာရန် ပျက်ကွက်ခဲ့သည်။

***Isma-ae Tae ၏ဖြစ်ရပ်***

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ထိုင်းနိုင်ငံတောင်ပိုင်းနယ်စပ်ပြည်နယ်များမှ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူနှင့် Patani လူ့အခွင့်အရေးအဖွဲ့ကို တည်ထောင်သူဖြစ်သည့် **Isma-ae Tae** သည် ထိုင်းစစ်တပ်၊ ပြည်တွင်း စစ်ဆင်ရေးလုံခြုံရေး စစ်ဌာနချုပ် (ISOC) ၏ ညွှန်ကြားရေးမှူး တစ်ဦး၏အား အသရေဖျက်မှုရာဇဝတ်မှုဖြင့် အမှုဖွင့် တိုင်ကြားခံခဲ့ရသည်။[157] ထို့နောက် သူသည် ရဲတပ်ဖွဲ့၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။

စွပ်စွဲချက်များသည် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ထုတ်လွှင့်ခဲ့သော ရုပ်သံ အစီအစဉ်တွင် Tae သည် ၂၀၀၈ ခုနှစ်တွင် စစ်သားများ၏ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် ဆိုးဝါးစွာ ဆက်ဆံခြင်းခံခဲ့ရကြောင်း ဖော်ပြခဲ့ခြင်းနှင့် ဆက်စပ်မှုရှိနေသည်။

---

အသရေဖျက်မှုရာဇဝတ်မှုဆိုင်ရာ ဥပဒေများသည် ICCPR နှင့်ညီညွတ်ကြောင်းဆုံးဖြတ်ရာတွင် အပိုဒ် ၁၉ အရ 'အပိုင်းသုံးပိုင်း' စစ်ဆေးမှုဖြင့် ဖြေရှင်းခဲ့သည်။

[156] ဥပမာအားဖြင့် တရားရုံးသည် အသရေဖျက်မှုအတွက် ရာဇဝတ်မှုဆိုင်ရာပြစ်ဒဏ်များသည် ထိုင်းနိုင်ငံ၏အခြေအနေတွင် လူတစ်ဦးနှင့်ပတ်သက်သည့် မမှန်ကန်သော သတင်းအချက်အလက်များကို ဖြန့်ဝေခြင်းကြောင့် သူ(သို့မဟုတ်)သူမ၏ အလုပ်အကိုင် ဆုံးရှုံးရခြင်း၊ သူ(သို့မဟုတ်)သူမ၏ မိသားစုလုံခြုံရေးအပေါ် သက်ရောက်မှုရှိနိုင်သောကြောင့် တရားမျှတမှုရှိသည်ဟု ယူဆခဲ့သည်။

[157] ISOC သည် ထိုင်းနိုင်ငံ၏ မငြိမ်မသက်ဖြစ်နေသော တောင်ပိုင်းနယ်စပ်ပြည်နယ်များရှိ လုံခြုံရေး လုပ်ငန်းဆောင်ရွက်မှုများအတွက် တာဝန်ရှိသည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် ထိုင်းတရားရုံးချုပ်မှ Tae သည် ထိုင်းစစ်အုပ်ချုပ်ရေးဥပဒေအရ ခွင့်ပြုသည့် (၇)ရက်ထက်ကျော်လွန်ကာ (၈)ရက် ထိန်းသိမ်းခံခဲ့ရသည် နှင့် ဖမ်းဆီးထိန်းသိမ်း ခံထားရစဉ်အတွင်း "ကိုယ်ထိလက်ရောက် ကျူးလွန်မှု"ခံခဲ့ရမှုတို့ကို ဖော်ထုတ်နိုင်ခဲ့ပြီးနောက် ထိုင်းဘုရင့်တပ်မတော် နှင့် ကာကွယ်ရေးဝန်ကြီးဌာနအား လျော်ကြေးငွေအဖြစ် ထိုင်းဘတ် ၃၀၅,၀၀၀ (ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၉,၇၀၀)ကို Tae အားနစ်နာကြေးအဖြစ် ပေးဆောင်ရန် အမိန့်ချခဲ့သည်။[158]

***အလားတူဖြစ်ရပ်***

၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် Narathiwat ပြည်နယ်မှ ခရိုင်ခွဲ အုပ်ချုပ်ရေးမှူးဟောင်းဖြစ်သူ **Anuphong Phanthachayangkun** သည် သူ့အား ၂၀၀၄ ခုနှစ်အမှု နှင့်ပတ်သက်၍ "ဝန်ခံခြင်း" ဖြစ်စေခဲ့သော ညှင်းပန်းနှိပ်စက်မှု စွပ်စွဲချက်ဖြင့် ရဲအရာရှိ ၂၀ အားတရားစွဲဆိုခဲ့သည့်အတွက် ရဲတပ်ဖွဲ့မှ သူ့အား အသရေဖျက်မှုရာဇဝတ်မှုဖြင့် တရားစွဲဆိုခံခဲ့ရပြီးနောက် ထောင်ဒဏ် (၁) နှစ် ချမှတ်ခံခဲ့ရသည်။[159]

***Manager Online ၏ဖြစ်ရပ်***

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် 'Manager Online' သတင်းဝက်ဘ်ဆိုက်၏ အယ်ဒီတာ ဖြစ်သူသည် ထိုင်းနိုင်ငံ ISOC၏ ညွှန်ကြားရေးမှူးတစ်ဦးမှ သူ့အား အသရေဖျက်မှုရာဇဝတ်မှုဖြင့်

[158] ICJ ၊ 'ထိုင်းနိုင်ငံ - ညှင်းပန်းနှိပ်စက်ခံရသည့် နစ်နာသူကို အသရေဖျက်မှုရာဇဝတ်မှုဖြင့် တိုင်ကြားခြင်းကို ချက်ချင်းရပ်တန့်ပါ' ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက် ၊ https://www.icj.org/wp-content/uploads/2018/02/Thailand-Isma-ae-Taedefamation-case-News-Press-releases-2018-ENG.pdf တွင်ကြည့်ရှုနိုင်သည်။

[159] ICJ ၊ 'ထိုင်းနိုင်ငံ - ညှင်းပန်းနှိပ်စက်ခံရသည့် နစ်နာသူကို အသရေဖျက်မှုရာဇဝတ်မှုဖြင့် တိုင်ကြားခြင်းကို ချက်ချင်းရပ်တန့်ပါ' ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက် ၊ https://www.icj.org/wp-content/uploads/2018/02/Thailand-Isma-ae-Taedefamation-case-News-Press-releases-2018-ENG.pdf တွင်ကြည့်ရှုနိုင်သည်။

တိုင်ကြားချက်ကိုတင်သွင်းခဲ့ပြီးနောက် ရာဇဝတ်မှုဆိုင်ရာကျင့်ထုံး ပုဒ်မ ၃၂၈ နှင့် CCA ပုဒ်မ ၁၄ (၂) အရ တရားစွဲခံခဲ့ရသည်။

ထိုဖြစ်စဉ်သည် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ဝက်ဘ်ဆိုက်ပေါ်၌ စစ်တပ် အခြေစိုက် စခန်းများရှိ သံသယရှိသူအား ညှင်းပန်းနှိပ်စက်ခြင်းနှင့် ဆိုးဝါးစွာ ဆက်ဆံပြုမူခြင်းများ ပြုလုပ်ခဲ့ သည်ဟု ဆောင်းပါးတစ်ပုဒ် ထုတ်ဝေခဲ့ခြင်းနောက်ပိုင်းတွင် ဖြစ်ပျက်ခဲ့သည်။ ထို့အပြင် စစ်တပ်သည် သတင်းဝက်ဘ်ဆိုက်ထံမှ ၎င်းတို့၏ဆောင်းပါးကြောင့် ဆုံးရှုံးနစ်နာရမှုအတွက် ဘတ်ငွေ ၁၀ သန်း (အမေရိကန်ဒေါ်လာ ၃၂၀,၀၀၀ ခန့်) ထပ်မံတောင်းခံခဲ့သည်။[160]

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အိုင်စီဂျေ (ICJ) သည် ISOC ဒေသ ၄ ရှေ့တန်းဌာနမှ ရေးသားပြုစုခဲ့သော "ရှင်းလင်းထုတ်ပြန်ချက်" ကို ထုတ်ဝေရန် 'Manager Online' အား တာဝန်ပေးသည့် ကျေအေးရန် သဘောတူညီမှုအရ ဝက်ဘ်ဆိုက်၏ အယ်ဒီတာနှင့် ဒုတိယအယ်ဒီတာတို့အား တိုင်ကြားမှုများကို ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း သတင်းရရှိခဲ့သည်။ ထိုထုတ်ပြန်ချက်တွင် "အချက်အလက်များအားလုံးကို စစ်ဆေးပြီးနောက်" အယ်ဒီတာများသည် "မမှန်ကန်ကြောင်း" ကိုတွေ့ရှိခဲ့ပြီး ISOC ဒေသ ၄ ရှေ့တန်းဌာန၏အရာရှိများကို အသရေပျက်စေပြီး သူတို့၏ ဂုဏ်သိက္ခာကို ထိခိုက်စေခဲ့သည့် ဆောင်းပါးတစ်ပုဒ်ကို ထုတ်ပြန်ခြင်းပြုခဲ့သည့် (ကျွန်ုပ်တို့၏) အမှားများကို နောင်တရကြောင်း"ဖော်ပြခဲ့သည်။ ထုတ်ပြန်ချက်တွင် " ဒေသတွင်းသို့ လုံခြုံရေးပြဿနာများကို ကျရောက်လာစေခြင်းအား ရပ်တန့်ရန် နှင့် သူတို့၏ကိုယ်ပိုင် အကျိုး အမြတ်အတွက် (သို့မဟုတ်) နိုင်ငံရေးအကျိုးအမြတ်အတွက် စစ်တပ်အရာရှိများကို အသရေ ဖျက်ခြင်းနှင့် ပြည်သူလူထုကို သတင်းအမှားများဖြင့် လှည့်စားခြင်းကို ရပ်တန့်ရန်" အဖွဲ့အားလုံးကို တိုက်တွန်းထားသည်။[161]

၂၀၁၉ ခုနှစ်၊ ဧပြီလ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီသို့ တင်ပြချက်တွင် အိုင်စီဂျေ (ICJ) သည် ဤကျေအေးမှုတွင် အသရေဖျက်မှုရာဇဝတ်မှု တရားစွဲဆိုချက်ကို သတင်းဝက်ဘ်ဆိုက်အား

---

[160] ICJ ၊ 'ထိုင်းနိုင်ငံ - ညှင်းပန်းနှိပ်စက်ခံရသည့် နစ်နာသူကို အသရေဖျက်မှုရာဇဝတ်မှုဖြင့် တိုင်ကြားခြင်းကို ချက်ချင်းရပ်တန့်ပါ' ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက် ၊ https://www.icj.org/wp-content/uploads/2018/02/Thailand-Isma-ae-Taedefamation-case-News-Press-releases-2018-ENG.pdf တွင်ကြည့်ရှုနိုင်သည်။

[161] Manager Online ၊ "ရှင်းလင်းထုတ်ပြန်ချက်" ၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက် ၊ https://mgronline.com/south/detail/9620000015540 တွင်ကြည့်ရှုနိုင်သည်။

တရားဝင် အရှက်ရစေရန်နှင့် ခြိမ်းခြောက်ရန်အတွက် အသုံးပြုခဲ့သည်ဟူသော စိုးရိမ်မှုများကို လျော့ပါးစေရန် မည်သည့်အရာမျှလုပ်ဆောင်ခဲ့ခြင်း မရှိကြောင်းမီးမောင်းထိုးပြခဲ့သည်။[162]

***နန်းဝင်း၊ Sutharee Wannasiri နှင့် အခြားသူများ၏ ဖြစ်ရပ်***

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် Thammakaset ကုမ္ပဏီလီမိတက်သည် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူနှင့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်း Fortify Rights မှ ထိုင်းနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကျွမ်းကျင်သူ ဝန်ထမ်းဟောင်းဖြစ်သည့် **Sutharee Wannasiri** အား Fortify Rights မှထုတ်လုပ်သော မှတ်တမ်းရုပ်ရှင်တစ်ခုနှင့်ဆက်စပ်ကာ တွစ်တာတွင် သူမ ရေးသားခဲ့သည်ဟုဆိုသည့် မှတ်ချက် ၃ ခုအတွက် ရာဇဝတ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၂၆ နှင့် ၃၂၈ အရ အသရေဖျက်မှုရာဇဝတ်မှုစွဲချက်ဖြင့် တရားစွဲဆိုခဲ့သည်။[163]

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်လွှင့်ခဲ့သော ထိုရုပ်ရှင်တွင် ထိုင်း အစိုးရအာဏာပိုင်များအား Thammakasetet ကုမ္ပဏီမှ လည်ပတ်လုပ်ကိုင်နေသော ကြက်မွေးမြူရေးခြံမှ ရွှေ့ပြောင်း အလုပ်သမား ၁၄ ဦးအား အသရေဖျက်မှုရာဇဝတ်မှုဖြင့် လက်ရှိတရားစွဲဆိုမှုများကို ပယ်ဖျက်ရန်နှင့် ထိုင်းနိုင်ငံတွင် အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ခြင်းကို ပယ်ဖျက်ရန်

[162] ICJ ၊ TLHR ၊ CrCF ၊ 'ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ၏ ထိုင်းနိုင်ငံဆိုင်ရာ အကောင်အထည် ဖော်လုပ်ဆောင်မှုအပေါ် ယင်း၏ ၁၁၉ ကြိမ်မြောက် အစည်းအဝေး၌ ထိုင်းနိုင်ငံ၏ ဒုတိယအကြိမ် အစီရင်ခံ စာကို ပြန်လည်သုံးသပ်ပြီးနောက် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ကော်မရှင်၏ ဖြည့်စွက်တင်ပြချက် ၊ ထိုင်း လူ့အခွင့်အရေးရှေ့နေများ နှင့် ယဉ်ကျေးမှုပေါင်းစုံပါဝင်သည့် ဖောင်ဒေးရှင်းတို့၏ ဦးစားပေး အကြံပြုချက်' ၊ ၂၀၁၉ ခုနှစ် ဧပြီလ၊ စာပိုဒ် ၂၀။

[163] CJ et. al ၊ 'ထိုင်းနိုင်ငံ - လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများဖြစ်ကြသော နန်းဝင်း နှင့် Sutharee Wannasiri တို့အား အသရေဖျက်မှု တိုင်ကြားချက်များကို ပယ်ဖျက်ပါ' ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃ ရက် ၊ https://www.icj.org/thailand-dropdefamation-complaints-against-human-rights-defenders-nan-win-and-sutharee-wannasiri/ တွင်ကြည့်ရှုနိုင်သည်။

တောင်းဆို ထားသည်။ ကုမ္ပဏီ၏ အလုပ်သမားအခွင့်အရေးများကို ချိုးဖောက်ခဲ့မှုများအား စွပ်စွဲပြောဆိုခဲ့မှု နောက်ပိုင်းတွင် ရွှေ့ပြောင်းအလုပ်သမားများကို တရားစွဲဆိုခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် Thammakaset ကုမ္ပဏီလိမိတက်သည် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမား ၁၄ ဦး အနက်တစ်ဦးဖြစ်သူ **နန်းဝင်း** အား Fortify Rights ရုပ်ရှင် နှင့် ၂၀၁၇ အောက်တိုဘာ ၆ ရက်တွင် ပြုလုပ်ခဲ့သော Fortify Rights သတင်းစာရှင်းလင်းပွဲတို့တွင် သူဖြေခဲ့သော တွေ့ဆုံမေးမြန်းမှုနှစ်ခုကြောင့် ရာဇဝတ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၂၆ နှင့် ၃၂၈ အရ အသရေ ဖျက်မှုရာဇဝတ်မှုစွဲချက်ဖြင့် တရားစွဲဆိုခဲ့သည်။

Thammakaset ကုမ္ပဏီလိမိတက်သည် Sutharee Wannasiri ကိုလည်း အထက်ဖော်ပြပါ တွစ်တာမှတ်ချက်များကို ကိုးကား၍ အရပ်ဘက်ဆိုင်ရာ အသရေဖျက်မှုစွဲချက်ဖြင့် တရားစွဲဆိုခဲ့ပြီး ကုမ္ပဏီ၏ဂုဏ်သိက္ခာကို ထိခိုက်ပျက်စီးခဲ့သည်ဟူသည့် အဆိုအရ လျော်ကြေးအဖြစ် ထိုင်းဘတ်ငွေ ငါးသန်း (အမေရိကန်ဒေါ်လာ ၁၄၂,၀၀၀ ကျော်) ကို တောင်းခံခဲ့သည်။

## ***ဆက်စပ်သောအမှုများ***

Thammakaset ကုမ္ပဏီလိမိတက်မှ ကျူးလွန်ခဲ့သော အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သတ်၍ သတင်းအချက်အလက်များအပေါ် သဘောထားကွဲလွဲမှုများကို ဖော်ပြခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း နှင့် ထုတ်ပြန်ခြင်းများကို ပြုလုပ်ခဲ့သည့် လူတစ်ဦးချင်းစီအပေါ် ကုမ္ပဏီမှ တရားစွဲဆိုခဲ့သောအခြားအမှုများတွင် ရာဇဝတ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၂၆ နှင့် ၃၂၈ အရ အသရေဖျက်မှုရာဇဝတ်မှုဖြင့် အောက်ပါလူများအပေါ် တရားစွဲများပါဝင်သည်။

**Ngamsuk Rattanasatiean** ၊ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးလေ့လာရေးဌာန၏ ဖေ့စ်ဘုတ်စာမျက်နှာတွင် သတင်းအချက်အလက်မျှဝေခဲ့သူ။

**Suchanee Rungmuanporn** ၊ Thammakaset ကုမ္ပဏီ၏ အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုများကို တွစ်တာတွင် ပို့စ်တင်ခဲ့သည့် Voice TV မှ သတင်းထောက်ဟောင်း။

**Suthasinee Kaewleklai** ၊ နန်းဝင်း၊ အခြားရွှေ့ပြောင်းအလုပ်သမားများ နှင့် Sutharee Wannasiri တို့၏အမှုများနှင့် အခြားသီးခြားအမှုများနှင့်စပ်လျဉ်း၍ ဖေ့စ်ဘွတ်ခ်တွင်

သတင်းအချက် အလက်များ ကို မျှဝေခဲ့သော ရွှေ့ပြောင်းအလုပ်သမားများ အခွင့်အရေးကွန်ယက်၏ ညှိနှိုင်းရေးမှူး။[164]

### *Angkhana Neelapaijit* ၏ဖြစ်ရပ်

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ၏ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နာဟောင်းနှင့် ၂၀၁၉ ခုနှစ် ရေမွန်မက်ဆေးဆေး (Ramon Magsaysa) ဆုရှင် ဖြစ်သူ Angkhana Neelapaijit သည် ရာဇဝတ်မှု ဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၂၆ နှင့် ၃၂၈ အရ Thammakaset ကုမ္ပဏီလီမိတက်မှ သူမ အပေါ် အသရေဖျက်မှုဖြင့် တရားစွဲဆိုခံခဲ့ရပြီးနောက် တရားရုံး၏ခွင့်ပြုချက်ဖြင့် ဖမ်းဝရမ်းထုတ် ခံခဲ့ရသည်။ တရားစွဲဆိုမှုတွင် Sutharee Wannasiri၊ နန်းဝင်းနှင့် အခြားရွှေ့ပြောင်း အလုပ်သမား များ၏ အမှုကို ရည်ညွှန်းသည့် အရပ်ဘက်လူမှုအဖွဲ့ အစည်း များ၏ သတင်းထုတ်ပြန်ချက်များကို တွစ်တာတွင် သူမပြန်လည်မျှဝေခဲ့သည့် ပို့စ်နှစ်ခုကြောင့် ထိခိုက်နစ်နာခဲ့ရသည်ဟု စွပ်စွဲထားသည်။

ပထမ တွစ်တာပို့စ်မှာ Thammakaset ကုမ္ပဏီလီမိတက်အား လူတစ်ဦးတစ်ယောက်ချင်းစီကို အလုပ်သမားအခွင့်အရေးချိုးဖောက်မှုများအား ဖော်ထုတ်ခြင်းအတွက် ဥပဒေအရ အရှက်ရစေခြင်းကို ရပ်တန့်ရန်တောင်းဆိုထားသည့် အိုင်စီဂျေ (ICJ) နှင့် အခြားအဖွဲ့အစည်း ၁၅ ခုတို့ အတူတကွ လက်မှတ်ရေးထိုးထားသော ပူးတွဲထုတ်ပြန်ချက်နှင့်ဆက်နွယ်နေသည့် အိုင်စီဂျေ (ICJ) ဝက်ဘ်ဆိုက် စာမျက်နှာ၏ လင့်ခ်ကို Angkhana Neelapaijit မှ ပြန်လည်တွစ်ထားခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် တင်ခဲ့သည့် ဒုတိယတွစ်တာပို့စ်တွင် NGO တစ်ခုဖြစ်သည့် Fortify Rights မှ သတင်းထုတ်ပြန်ချက်တစ်ခု၏လင့်ခ် မျှဝေထားခဲ့သည့်။

[164] ICJ ၏ မိတ်ဖက်အဖွဲ့အစည်းများထံမှ သတင်းအချက်အလက် ။ FIDH, OMCT 'ထိုင်းနိုင်ငံ - Thammakaset နှင့် ထိုင်းနိုင်ငံရှိ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် အလုပ်သမားများ' ၊ ၂၀၁၉ ခုနှစ် မေလ ၊ https://www.fidh.org/IMG/pdf/obsthailande2019web.pdf ကိုလည်းကြည့်ရှုပါ။

ပို့စ်နှစ်ခုစလုံးတွင် Sutharee Wannasiri, နန်းဝင်းနှင့် အခြားသူများအား တရားစွဲဆိုခံခဲ့ရစေသည့် Fortify Rights ရုပ်ရှင်မှတ်တမ်း၏ လင့်ခ် ပါဝင်နေသည်ဟု အခိုင်အမာပြောဆိုခံထားရသည်။ Thammakaset ကုမ္ပဏီလိမိတက်မှ သူမ၏တွစ်တာပို့စ်များသည် ထုတ်ပြန်ချက်များ၏ ဝက်ဘ် လင့်များကို 'မျှဝေခြင်း'တွင် ရုပ်ရှင်၏ ဝက်ဘ်လင့်ခ်များပါဝင်နေသည့်အတွက် အသရေဖျက်မှု ရာဇဝတ်မှုဆိုင်ရာ ဥပဒေများကို ချိုးဖောက်သည်ဟု ချေပပြောဆိုခဲ့သည်။

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် အမျိုးသားလူ့အခွင့်အရေးကော်မရှင်နာယောင်း၏ အမှုနှင့်ပတ်သက်သည့် 'ဖျန်ဖြေရေး ညှိနှိုင်းဆွေးနွေးပွဲ'တစ်ခုကျင်းနိုင်ရန် မျှော်လင့်ထားသည်။[165]

## <u>အင်ဒိုနီးရှားနိုင်ငံ</u>

အင်ဒိုနီးရှားနိုင်ငံတွင် **ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ**နှင့် **အီလက်ထရောနစ် သတင်းအချက်အလက်နှင့် အရောင်းအဝယ်ဥပဒေ (Law No. 11 of 2008)**('UU ITE')များတွင် ပါရှိသည့် အသရေ ဖျက်မှုဆိုင်ရာပြဋ္ဌာန်းချက်များသည် ၎င်းတို့ကိုယ်တိုင်ပင် လူ့အခွင့်အရေးနှင့် ကိုက်ညီမှုမရှိသည့်အပြင် လက်တွေ့တွင်လည်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အွန်လိုင်း သတင်းအချက်အလက် ရရှိခွင့် တို့ကို လက်သင့်မခံနိုင်လောက်အောင် ကန့်သတ်ရန်အတွက် အစိုးရအာဏာပိုင်များ၏ အသုံးချခြင်း ခံနေရသည်။[166]

---

[165] ICJ ၊ 'ထိုင်းနိုင်ငံ - Angkhana Neelapaijit အား အရှက်ရစေရန် အသရေဖျက်မှုရာဇဝတ်မှုဆိုင်ရာ ဥပဒေကို အသုံးပြုခြင်းအား ICJ မှရှုတ်ချသည်' ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် ၊ https://www.icj.org/thailand-icj-condemns-the-use-of-criminaldefamation-law-to-harass-angkhana-neelapaijit/ တွင်ကြည့်ရှုနိုင်သည်။

[166] ICJ အနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေအရ ထိုင်းနိုင်ငံ၏ တာဝန်ဝတ္တရားများနှင့်အညီ ထိုင်းနိုင်ငံ၏ အသရေဖျက်မှုဆိုင်ရာ ရာဇဝတ်မှုဥပဒေများကို ပယ်ဖျက်ရန် (သို့မဟုတ်) ပြင်ဆင်ရန် တောင်းဆိုခဲ့သည်။ ICJ 'ထိုင်းနိုင်ငံ ၊ အခြေခံလွတ်လပ်ခွင့်များကို ကန့်သတ်ရန် ဥပဒေများကို အလွဲသုံးစားပြုခြင်း (ကုလသမဂ္ဂ ထုတ်ပြန်ချက်)' ၂၀၁၈ ခုနှစ် မတ်လ ၁၄ ရက် ၊ https://www.icj.org/hrc37thailand/ ; ICJ ၊ 'ထိုင်းနိုင်ငံ ၊ Andy Hall ၏ အမှု၌ စီရင်ချက်ချခြင်းသည် အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ခြင်းမှ ပယ်ဖျက်ရန်လိုအပ်ကြောင်း မီးမောင်းထိုးပြသည်' ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၀ ရက် ၊ https://www.icj.org/thailand-verdict-in-andy-hall-case-underscores-need-for-defamation-to-bedecriminalized/ ; ICJ ၊ 'ထိုင်းနိုင်ငံ - ဖူးကတ်သတင်းထောက်များအား တရားစွဲဆိုမှုကို အဆုံးသတ်ရန်နှင့် အသရေဖျက်မှုဆိုင်ရာ ရာဇဝတ်မှုဥပဒေများကို

ပုဒ်မ ၃၁၀ မှ ၃၂၁ အထိ အပါအဝင် အင်ဒိုနီးရှားရာဇဝတ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၏ အခန်း ၁၆ တွင် အသရေဖျက်မှုကို ထောင်ဒဏ် ၄ နှစ်အထိနှင့် အများဆုံးရှူပီး ၃၀၀ အထိ ဒဏ်ငွေ (ခန့်မှန်း အမေရိကန်ဒေါ်လာ ၀.၂၂) ချမှတ်နိုင်သည့် ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားသည်။ ပုဒ်မ ၃၁၀ နှင့် ၃၁၁ တို့သည် 'ရည်ရွယ်ချက်ရှိရှိဖြင့် လူတစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာကို ထိခိုက်စေမှု' အတွက် အများဆုံးထောင်ဒဏ် ၁၆ လအထိ ခွင့်ပြုပေးထားပြီး အကယ်၍စွပ်စွဲသူမှ အမှန်တရားကို ကာကွယ်မှုဖြစ်ကြောင်း သက်သေပြနိုင်ရန် ပျက်ကွက်ပါက ထောင်ဒဏ် (၄) နှစ်အထိ တိုးမြှင့် ခံရနိုင် သည်။ ပုဒ်မ ၃၁၆ အရ အစိုးရအရာရှိတစ်ဦးအား "သူ၏ဌာနဆိုင်ရာ တရားဝင်အလုပ်တာဝန်များကို ဆောင်ရွက်နေစဉ်အတွင်း (သို့မဟုတ်) ဆောင်ရွက်မှုကို" အသရေဖျက်မှုကျူးလွန်ပါက ပြစ်ဒဏ်များ ကို "သုံးပုံတစ်ပုံ တိုးမြှင့်" နိုင်ရန်ခွင့်ပြုထားသည်။[167] ရာဇဝတ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပြင်ဆင်ချက် မူကြမ်းအား ဆိုင်းငံ့ထားခြင်းကြောင့် သမ္မတ (သို့မဟုတ်) ဒုသမ္မတအား စော်ကားမှု၊ အစ္စလာမ်ဘာသာအား စော်ကားမှု နှင့် "အထွေထွေအခွင့်အာဏာ (သို့မဟုတ်) နိုင်ငံတော်အဖွဲ့အစည်းများ" အပေါ် လူထု၏စော်ကားမှုများအပေါ် အသရေဖျက်မှုရာဇဝတ်မှုဖြင့် တိုးချဲ့အရေးယူလာနိုင်သည်ဟူသော စိုးရိမ်မှုများကို ထပ်မံမြင့်တက်လာစေသည်။ ထောင်ဒဏ် (၁) နှစ်မှ (၅) နှစ်အထိချမှတ်နိုင်သည့် တရားရုံးကို မထီမဲ့မြင်ပြုမှုသည်လည်း ပြဿနာများစွာ ဖြစ်စေသည်။[168] ပြင်ဆင်ချက်မူကြမ်းများတွင် "လိမ်လည်လှည့်စားသည့် သတင်းများ" ဖြန့်ဝေမှု အတွက် လူတစ်ဦးအား ရာဇဝတ်မှုဆိုင်ရာ အရေးယူမှုများပြုလုပ်ရန် ခွင့်ပြုသည့် ပြဋ္ဌာန်းချက်များ လည်း ပါရှိနေသည်။[169]

---

ပယ်ဖျက်ရန်' ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁ရက် ၊ https://www.icj.org/thailand-end-prosecutionof-phuketwan-journalists-and-repeal-criminal-defamation-laws/ တို့ကို ဥပမာအနေဖြင့်ကြည့်ပါ။

[167] အင်ဒိုနီးရှားနိုင်ငံတွင် ရာဇဝတ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၏ အင်္ဂလိပ်ဘာသာပြန်ချက် ကို https://www.oecd.org/site/adboecdanti-corruptioninitiative/46814438.pdf တွင်ကြည့်ရှုနိုင်သည်။

[168] Kate Walton ၊ "အင်ဒိုနီးရှားနိုင်ငံ၏ ရာဇဝတ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပြင်ဆင်ခြင်း ၊ နိုင်ငံရေး (သို့မဟုတ်) ဘာသာရေး' ၊ New Naratif ၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက် ၊ https://newnaratif.com/journalism/indonesias-criminal-code-revisions-politicsreligion/ တွင်ကြည့်ရှုနိုင်သည်။

[169] [Bahasa Indonesia] M Rosseno Aji, 'Ini 10 Pasal RKUHP yang ancam Kebebasan Pers menurut LBH Pers' ၊ https://nasional.tempo.co/read/1250897/ini-10-pasal-rkuhp-yang-ancamkebebasan-pers-

၂၀၀၈ ခုနှစ်တွင် UU ITE ကိုအတည်ပြု ပြဋ္ဌာန်းခဲ့ပြီး အီလက်ထရောနစ် သတင်းအချက်အလက် နှင့် အရောင်းအဝယ်ကို ထိန်းကျောင်းရန်အတွက် စွပ်စွဲခံရသည့် အွန်လိုင်းပေါ်မှ အသရေဖျက်မှု များသည် အခြားသူများအား ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေခဲ့လျှင် (၄) နှစ်အထိ ထောင်ဒဏ် ချမှတ်ခြင်း (နှင့်/သို့မဟုတ်) အများဆုံး ရူပီး ၁ ဘီလီယံ (ခန့်မှန်းခြေအားဖြင့်အမေရိကန်ဒေါ်လာ ၅၂,၃၀၀) အထိ ဒဏ်ငွေပြစ်ဒဏ်ချမှတ်ခြင်း၊ နှင့် (၁၂) နှစ်အထိထောင်ဒဏ် (နှင့်/သို့မဟုတ်) အများဆုံး ရူပီး ၂ ဘီလီယံ (ခန့်မှန်းခြေအားဖြင့်အမေရိကန်ဒေါ်လာ ၁၄၀,၀၀၀) အထိ ဒဏ်ငွေပြစ် ဒဏ်ချမှတ်ခြင်းစသည့် အွန်လိုင်းပေါ်မှ အသရေဖျက်မှုများအတွက် ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ်များ အပါအဝင် ၂၀၁၆ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ခဲ့သည်။[170] ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအထိ တိုင်ကြားချက် ၂၄၅ ခုအား UU ITE အရ တိုင်ကြားခဲ့ပြီး တိုင်ကြားသူတရားလိုများ၏ ၃၅.၉၂ ရာခိုင်နှုန်းမှာ အစိုးရအရာရှိများနှင့် အစိုးရအေဂျင်စီများ ဖြစ်ကြသည်။[171] ၂၀၁၉ခုနှစ် ဇန်နဝါရီလအထိ စွဲချက်တင်ခံရသည့်အမှုပေါင်း၏ ၆ ရာခိုင်နှုန်းသာ အပြစ်မရှိကြောင်း စီရင်ခံခဲ့ရသည်။[172]

---

menurut-lbh-pers/full&view=ok တွင်ကြည့်ရှုနိုင်သည်။ [Bahasa Indonesia] Scholastica Gerintya, 'Periksa Data- Jerat UU ITE Banyak Dipakai oleh Pejabat Negara'၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၈ ရက်၊ https://tirto.id/jerat-uu-ite-banyak-dipakai-oleh-pejabat-negara-c7sk တွင်ကြည့်ရှုနိုင်သည်။

170 အထူးသဖြင့် ပုဒ်မ ၂၇ (၃)၊ ၂၉၊ ၄၅ (၁)၊ ၄၅ (၃) ကိုကြည့်ပါ။ အီလက်ထရောနစ် သတင်းအချက် အလက်နှင့် အရောင်းအဝယ်ဥပဒေနှင့်စပ်လျဉ်းသည့် ၂၀၀၈ ခုနှစ် အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ ဥပဒေ အမှတ် ၁၁ ၏ အင်္ဂလိပ်ဘာသာ ပြန်ချက်ကို http://www.flevin.com/id/lgso/translations/JICA%20Mirror/english/4846_UU_11_2008_e.html တွင်ကြည့်ရှုနိုင်သည်။ ၂၀၁၆ ခုနှစ် ပြင်ဆင်ချက်တွင်၊ 'ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှု ပြုပြင်ပြောင်းလဲမှု ဌာန၊ အီလက်ထရောနစ် သတင်းအချက်အလက်နှင့် အရောင်းအဝယ်ဥပဒေကို ပြန်လည်ပြင်ဆင်ခြင်း (ITE Law)ကို ဥပမာအနေဖြင့်ကြည့်ပါ။ အင်ဒိုနီးရှားနိုင်ငံတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ခြိမ်းခြောက်နေသော ITE ဥပဒေ၏ အဓိကပြဿနာငါးခု၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၈ ရက်၊ https://icjr.or.id/response-to-the-revision-of-information-and-electronic-transaction-law-ite-law-five-crucial-issuesin-the-ite-law-that-threaten-freedom-of-expression-in-indonesia/ တွင်ကြည့်ရှုနိုင်သည်။

171 [Bahasa Indonesia] Scholastica Gerintya၊ 'Periksa Data- Jerat UU ITE Banyak Dipakai oleh Pejabat Negara'၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၈ ရက်၊ https://tirto.id/jerat-uu-ite-banyak-dipakai-oleh-pejabatnegara-c7sk တွင်ကြည့်ရှုနိုင်သည်။

172 Johannes Nugroho၊ Charis Loke၊ 'သားရေကွင်းကဲ့သို့သော ဥပဒေကြောင့် နှုတ်ဆိတ်'၊ New Naratif၊ ('New Naratif, 4 January 2019')၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်၊ https://newnaratif.com/journalism/silenced-by-an-elastic law/share/pybxr/259dff62034ffb4223adcb949a50f667/ တွင်ကြည့်ရှုနိုင်သည်။

***Anindya Shabrina Joediono ၏ဖြစ်ရပ်***

၂၀၁၈ ခုနှစ် ဩဂုတ်လတွင် Surabaya မှ ဥပဒေကျောင်းသူတစ်ဦး နှင့် 'Merah Muda Memudar' အွန်လိုင်းသတင်းစာမျက်နှာ၏ အယ်ဒီတာချုပ်ဖြစ်သော Anindya Shabrina Joediono သည် Surabaya မြို့တော်ရဲတပ်ဖွဲ့အပါအဝင် ရဲတပ်ဖွဲ့ကို အသရေဖျက်သည်ဟု စွပ်စွဲပြောဆိုခဲ့သူတစ်ဦး၏ UU ITE ဥပဒေ၊ ပုဒ်မ ၂၇ (၃) နှင့် ပုဒ်မ ၄၅ (၃)များဖြင့် တရားစွဲဆိုတိုင်ကြားချက်အရ စုံစမ်း စစ်ဆေးမှု ခံယူရန်အတွက် ဝရမ်းအမိန့် လက်ခံရရှိခဲ့သည်။

၎င်းအမှုသည် ရဲအရာရှိများမှ ရုပ်ရှင်ပြသခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ဆွေးနွေး ခြင်းများကို ပိတ်ပစ်ရန် လျှောက်လဲခဲ့သည့်နောက် ရဲအရာရှိများ၏ လိင်ပိုင်းဆိုင်ရာစော်ကားမှုကို စွပ်စွဲထားသည့် ထိုယူကျူ့ဗီဒီယိုအပေါ် မှတ်ချက်တစ်ခုနှင့် ဖေ့စ်ဘွတ်ခ်ပို့စ်တစ်ခုတို့ကို သူမ ရေးသား ခဲ့ပြီး နောက်တွင် ဖြစ်ခဲ့သည်။[173]

၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ Joediono သည် ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှု အောက်တွင် သာရှိနေသေးသည်။[174]

***Jakarta Globe ၊ Okezone.com နှင့် Harian Bangsa တို့၏ဖြစ်ရပ်***

၂၀၀၉ ခုနှစ်၊ ဧပြီလတွင် East Java ရဲတပ်ဖွဲ့အကြီးအကဲဖြစ်သူ ရဲချုပ် ဗိုလ်ချုပ်ကြီး Anton Bachrul Alam သည် Jakarta Globe ၊ Okezone.com နှင့် Harian Bangsa တို့အား ထိုနေ့ရက်၌ တင်သွင်းသော ရွေးကောက်ပွဲဆိုင်ရာတိုင်ကြားချက်နှင့် ပတ်သက်၍ အွန်လိုင်းတွင် ၎င်းတို့ ထုတ်ဝေခဲ့သော ဆောင်းပါးများကြောင့် ရာဇဝတ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၁၀ နှင့် ပုဒ်မ ၃၁၁ အရ အသရေဖျက်မှုဆိုင်ရာ ရာဇဝတ်မှုတိုင်ကြားချက်ဖြင့် တရားစွဲဆိုခဲ့ကြောင်း ကြေညာ ခဲ့သည်။

ထိုတိုင်ကြားချက်တွင် နိုင်ငံရေးသမားဖြစ်သူ Edhi Baskoro Yudhoyono သည် ရွေးကောက်ပွဲ မဲမသမာမှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု စွပ်စွဲကာ ရွေးကောက်ပွဲအာဏာပိုင်များထံ တင်ပြခဲ့သည်။

[173] New Naratif ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်။ Palang Hitam Indonesia ၊ ' Anindya Shabrina နှင့် စည်းလုံးညီညွတ်မှု ' ၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၆ ရက်၊ https://palanghitam.noblogs.org/anindya-shabrina/ တွင်ကြည့်ရှုနိုင်သည်။

[174] New Naratif ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်။

သတင်းဌာနများအား တရားစွဲဆိုမှုများသည် သတင်းဌာနများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ တိုင်ကြားမှုများအကြောင်းကို သတင်းတင်ပြစဉ်တွင် Edhi ကိုယ်တိုင်အား အသရေဖျက်မှု ကျူးလွန် ခဲ့သည် ဟူသောအခြေခံပေါ်မူတည်၍ စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။[175]

နောက်ပိုင်းတွင် ရဲတပ်ဖွဲ့မှ စွဲချက်များကိုရုပ်သိမ်းခဲ့ကြောင်း ကြေငြာခဲ့သည်။ သတင်းထောက်တစ်ဦးမှ ဤအတွေ့အကြုံအရ သတင်းထောက်များသည် လုပ်ငန်းတာဝန်များကို ဘက်လိုက်မှုမရှိဘဲ သူတို့၏တာဝန်များကို ထမ်းဆောင်ခဲ့သည့်ကိစ္စရပ်များတွင်ပင် " ဒီလိုအသရေဖျက်မှုဥပဒေကြောင့် ငါတို့တွေဟာ တရားရုံးသို့ ပို့ဆောင်ခံရနိုင်သေးတယ်" ဟုဖော်ပြခဲ့သည်။။[176]

## စင်ကာပူနိုင်ငံ

စင်ကာပူနိုင်ငံတွင် **အရပ်ဘက် အသရေဖျက်မှုဆိုင်ရာ** တရားစွဲဆိုမှုများကို သဘောထားကွဲလွဲမှုများဖော်ပြသူတစ်ဦးတစ်ယောက်ချင်းစီအား တရားစွဲဆိုရန်နှင့် ၎င်းတို့ထံမှ ထိခိုက်နစ်နာမှု များနှင့် ပတ်သက်၍ ကြီးမားသော လျော်ကြေးငွေ တောင်းခံရန်အတွက် ဝန်ကြီးချုပ်ဟောင်းများ ဖြစ်ကြသော Lee Kuan Yew နှင့် Goh Chok Tong နှင့်လက်ရှိဝန်ကြီးချုပ် Lee Hsien Loong တို့အပါအဝင် အာဏာရ ပြည်သူ့လှုပ်ရှားမှုပါတီ (PAP) မှ ကိုယ်စားလှယ်များက တောက်လျှောက် အသုံးပြုခဲ့ကြသည်။[177] ၁၉၇၀ ပြည့်လွန်နှစ်များမှစ၍ ဤအရပ်ဘက်ရေးရာ

---

[175] Mail & Guardian ၊ 'မဲမသမာမှု အသံ နှင့် ဒိုနီးရှားသမ္မတ၏သား' ၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်၊ https://mg.co.za/article/2009-04-08-indonesian-presidents-son-in-votebuying-row တွင်ကြည့်ရှုနိုင်သည်။

[176] Human Rights Watch ၊ ' ဝေဖန်သူများအား ရာဇဝတ်သားများအဖြစ်သို့ ပြောင်းလဲခြင်း - အင်ဒိုနီးရှားနိုင်ငံရှိ အသရေဖျက်မှုဆိုင်ရာ ရာဇဝတ်မှုဥပဒေ၏ လူ့အခွင့်အရေးဆိုင်ရာ အကျိုးဆက်များ ' ၊ ၂၀၁၀ ခုနှစ်၊ စာမျက်နှာ ၃၁၊၃၂ ၊ https://www.hrw.org/sites/default/files/reports/indonesia0510webwcover.pdf တွင်ကြည့်ရှုနိုင်သည်။

[177] အသရေဖျက်မှု တစ်မှုတည်းအတွက်ပင် ဝန်ကြီးချုပ်သည် ဆုံးရှုံးနစ်နာမှုအတွက် လျော်ကြေးအဖြစ် ဒေါ်လာ ၅၀၀,၀၀၀ နှင့် လွှတ်တော်အမတ်များသည် ဆုံးရှုံးနစ်နာမှုအတွက် လျော်ကြေးအဖြစ် ဒေါ်လာ ၂၁၀,၀၀၀ အထိရရှိခဲ့သည်။ Po Jen Yap ၊ ဘုံဥပဒေအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စကားဝိုင်း၊ စာမျက်နှာ ၁၁၇၊ အောက်ခြေမှတ်စု ၆၄ ကိုကြည့်ပါ။ Tsun Hang Tey ၊ ' စင်္ကာပူနိုင်ငံ၏ နိုင်ငံရေးအသရေ ဖျက်မှုဆိုင်ရာ ဥပဒေစနစ်နှင့် နိုင်ငံရေးမိန့်ခွန်းအပေါ် သုံးဆ-ကံဆိုးမိုးမှောင်ကျစေသည့် သက်ရောက်မှု'၊ ၂၀၀၈ ခုနှစ်၊ လူထုရေးရာ ဥပဒေ ၊ စာမျက်နှာ ၄၅၂ မှ ၄၆၂ အထိ၊ ('Tsun Hang Tey, 2008') ကိုလည်း ကြည့်ပါ။ Cameron Sim ၊ ကြောက်မက်ဖွယ်စင်ကာပူ - နိုင်ငံရေးအသရေဖျက်မှု နှင့် တစ်ပါတီအုပ်စိုးမှုကို ပုံမှန်ဖြစ်စေခြင်း' ၊ ၂၀၁၁ ခုနှစ် ၊ Pacific Rim Law & Policy Journal ၊ အတွဲ ၂၀(၂) ၊ စာမျက်နှာ ၃၁၉ မှ ၃၅၃ အထိ။

အရေးယူဆောင်ရွက်မှုများကို စနစ်တကျအသုံးပြုခဲ့ခြင်းသည် နိုင်ငံရေးအတိုက်အခံများ၊ လွတ်လပ်သော သတင်းထောက်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာ သတင်းမီဒီယာဌာနများနှင့် သာမန်လူပုဂ္ဂိုလ်များကို ငွေရေးကြေးရေး ဝန်ထုပ်ဝန်ပိုး အကြီးအကျယ် ဖြစ်စေခြင်း (သို့မဟုတ်) လုံးလုံးလျားလျား ဒေဝါလီခံရစေခြင်းများဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ကန့်သတ်မှုဖြစ်စေခဲ့သည်။[178] မကြာသေးမီနှစ်များအတွင်း အရပ်ဘက်ဆိုင်ရာတရားစွဲဆိုမှုများနှင့်အတူ လွတ်လပ်သော ဘလော့ဂါများ (သို့မဟုတ်) သတင်းဝက်ဘ်ဆိုက်များအား အွန်လိုင်းအကြောင်းအရာများကို ဆင်ဆာဖြတ်တောက်နိုင်ရန် အသရေဖျက်မှုဆိုင်ရာ ရာဇဝတ်မှုဥပဒေများ ကိုအသုံးပြုခဲ့ကြသည်။ ။[179]

စင်ကာပူနိုင်ငံ၏ **ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ** ပုဒ်မ ၄၉၉ နှင့် ၅၀၀ သည် အသရေဖျက်မှုကို (၂) နှစ်အထိထောင်ဒဏ် (သို့မဟုတ်) ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ပြစ်ဒဏ်ချမှတ်သည်။[180] အသရေဖျက်မှုအတွက် အရပ်ဘက်ဆိုင်ရာ အရေးယူဆောင်ရွက်မှုများသည် တရားမမှု နှင့် အသရေဖျက်မှုအက်ဥပဒေတို့၏ သမာရိုးကျစီရင်ထုံးအယူဝါဒ နှင့်အညီ တရားစွဲဆို ခံခဲ့ရသည်။[181]

---

[178] Jeyaretnam JB v Lee Kuan Yew [1978-1979] Sing.L.R. 197; [1979] SGCA 13; [1979] 2 MLJ 282 နှင့် အပြန်အလှန်ညွှန်းဆိုသည့် Tsun Hang Tey ၊ ၂၀၀၈ ခုနှစ်၊ စာမျက်နှာ ၄၅၂၊၄၅၃ ; Lee Hsien Loong v Singapore Democratic Party [2007] 1 Sing.L.R. 675; [2006] SGHC 220 ; Jothie Rajah ၊'အာဏာရှင် ဆန်သော တရားဥပဒေစိုးမိုးရေး - စင်္ကာပူတွင်ဥပဒေပြုခြင်း၊ ဟောပြောခြင်းနှင့် တရားဝင်ခြင်း' ၂၀၁၂ ခုနှစ် ကိုကြည့်ပါ။ နိုင်ငံတကာ သတင်းမီဒီယာဌာနများသည် အရပ်ဘက်ဆိုင်ရာ အသရေဖျက်မှု အရေးယူ ဆောင်ရွက်မှုများကို မည်သို့ခံခဲ့ကြရပုံကို ဥပမာအနေဖြင့်ကြည့်ပါ ၊ ရိုက်တာ ၊ 'New York Times သည် စင်ကာပူခေါင်းဆောင်များအား နစ်နာကြေးများပေးသည်'၊ ၂၀၁၀ ခုနှစ် မတ်လ ၂၄ရက် ၊ https://www.reuters.com/article/us-singapore-newyorktimes/new-york-times-pays-damages-to-singapores-leadersidUSTRE62N26D20100324 တွင်ကြည့်ရှုနိုင်သည်။

[179] Human Rights Watch ၊ ' မြောက်များကို ကြောက်လန့်စေရန် ကြက်များကိုသတ် ' စင်ကာပူနိုင်ငံတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် နှင့် စုဝေးခွင့်ကို ဖိနှိပ်ခြင်း ၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်၊ https://www.hrw.org/report/2017/12/12/kill-chicken-scare-monkeys/suppression-free-expression-and-assemblysingapore တွင်ကြည့်ရှုနိုင်သည်။

[180] ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ( အခန်း ၂၂၄ ) Rev. Ed. 2008 ၊ https://sso.agc.gov.sg/Act/PC1871?ProvIds=pr500-#pr500- တွင်ကြည့်ရှုနိုင်သည်။

[181] အသရေဖျက်မှုအက်ဥပဒေ ( အခန်း ၇၅ ) Rev. Ed. 2014 ၊ https://sso.agc.gov.sg/Act/DA1957#pr10- တွင်ကြည့်ရှုနိုင်သည်။

### ***Roy Ngerng ၏ဖြစ်ရပ်***

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် အလွတ်တမ်း ဘလော့ဂါ **Roy Ngerng** သည် ၂၀၁၄ ခုနှစ်မေလတွင် သူ၏ဘလော့ဂ်၌ ရေးသားခဲ့သော ဗဟိုနှောင်ရေးရန်ပုံငွေနှင့် ပတ်သက်၍ အစိုးရ၏စီမံခန့်ခွဲမှုကို မေးခွန်းထုတ်ထားသည့် ဆောင်းပါးနှင့် ပတ်သက်၍ ဝန်ကြီးချုပ် လီရှန်းလွန်း( Lee Hsien Loong) အားအသရေဖျက်မှုကျူးလွန်သည် ဟုစွပ်စွဲခံရကာ ဒေါ်လာ ၁၅၀,၀၀၀ (အမေရိကန်ဒေါ်လာ ၁၀၉,၇၀၀ ခန့်) လျော်ကြေးပေးဆောင်ရန် အမိန့်ချခံခဲ့ရသည်။[182] သူသည် သူ၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာနှင့် ဘလော့ဂ်၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတို့တွင်လည်း ထိုဆောင်းပါး လင့်ခ်ကို တင်ခဲ့သည်။

ဝန်ကြီးချုပ်အား၏ ရှေ့နေများသည် Ngerng ထံသို့ ၂၀၁၄ ခုနှစ်မေလတွင် ဘလော့ဂ် ဆောင်းပါးနှင့် ဖေ့စ်ဘွတ်ခ်ပို့စ်များကို ဖယ်ရှားပြီး တောင်းပန်စာရေးသားရန် တောင်းဆိုသည့် စာတစ်စောင်ပေးပို့ပြီးနောက် ထိုဆုံးဖြတ်ချက်ကို ချလိုက်ခြင်းဖြစ်သည်။ Ngerng သည် ရက် အနည်းငယ်အကြာတွင် ထိုဆောင်းပါးကို ဖယ်ရှားပြီး ရှေ့နေများထံသို့ တောင်းပန်စာပေးပို့ခဲ့သည်။[183]

၂၀၁၅ ခုနှစ်၊ ဇွန်လတွင် ICJ က Ngerng ၏ကိစ္စတွင် ဥပဒေရေးရာ ထင်မြင်ချက်ကို "တရားလိုအား တရားမျှတဆီလျော်မှုမရှိစွာ မြင့်မားသော ဆုံးရှုံးနစ်နာမှုများကို လျော်ကြေးပေးအပ်သော ဆုံးဖြတ်ချက်သည် စင်ကာပူနိုင်ငံရှိ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ကြောက်မက်ဖွယ် ကောင်းသော အကျိုးသက်ရောက်မှု ဖြစ်စေလိမ့်မည်" ဟူသော စိုးရိမ်မှုကိုဖော်ပြကာ တင်သွင်း ခဲ့သည်။[184]

---

[182] ဗဟိုနှောင်ရေးရန်ပုံငွေ (The Central Provident Fund) သည် မဖြစ်မနေလုပ်ဆောင်ရသည့် နိုင်ငံပိုင် လူမှုဖူလုံရေး ငွေစုအစီအစဉ်ဖြစ်သည်။

[183] Lee Hsien Loong v Roy Ngerng Yi Ling [2015] SGHC 320 ကိုကြည့်ပါ။ file:///C:/Users/User/Desktop/RoyNgerng%202015-SGHC-320.pdf တွင်ကြည့်ရှုနိုင်သည်။

[184] ICJ ၊ 'Roy Ngerng Yi Ling နှင့် စက်ဘပူ ဝန်ကြီးချုပ် Lee Hsien Loong အမှုတွင် တရားခံအားထောက်ခံသည့် ဥပဒေရေးရာ ထင်မြင်ချက် – Suit No. 569/2014' ၊ ၂၀၁၅ ခုနှစ် ဇွန်လ ၂၃ ရက် ၊ https://www.icj.org/wp-

***The Online Citizen ဖြစ်ရပ်(၁)***

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် လွတ်လပ်သော သတင်းဝက်ဘ်ဆိုဒ်ဖြစ်သည့် The Online Citizen (TOC)၏ ဝက်ဘ်ဆိုဒ်စာမျက်နှာတွင် ရေးသားတင်ပြခဲ့သည့် စင်္ကာပူအစိုးရအတွင်း " အမြင့်ဆုံးသော အဂတိလိုက်စားမှု အခင်းအကျင်း " ကို စွပ်စွဲပြောဆိုထားသည့် ဆောင်းပါးတစ်ပုဒ်ကြောင့် TOC ၏ အယ်ဒီတာဖြစ်သူ Terry Xu နှင့် စာရေးသူ Daniel De Costa တို့သည် အသရေဖျက်မှု ရာဇဝတ်မှုဖြင့် တရားစွဲဆိုခံခဲ့ရသည်။[185]

"ထိုကဲ့သို့သော ပြစ်တင်ယိုးစွပ်ခြင်းသည် စင်ကာပူအစိုးရ အဖွဲ့ဝင်များ၏ဂုဏ်သိက္ခာကို ထိခိုက်စေ လိမ့်မည်" ကို သိလျက်နှင့် စွပ်စွဲပြောဆိုမှုကို ပြုလုပ်ခဲ့သည် ဟူသောအခြေခံဖြင့် ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၉ နှင့် ၅၀၀ အရ တရားစွဲဆိုခြင်းဖြစ်သည်။[186] Daniel De Costa သည် အီးမေးလ်အကောင့်တစ်ခုသို့ ဆောင်းပါးအတွက် ဆက်သွယ်ပြောဆိုရန် ခွင့်ပြုချက်မရပဲ အသုံးပြုခဲ့ သည်ဟူသော သတင်းများအရ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခဲ့ခြင်းအတွက်လည်း ကွန်ပျူတာ အလွဲသုံးစားမှု အက်ဥပဒေအရ တရားစွဲဆိုခံခဲ့ရသည်။[187]

---

content/uploads/2015/07/Singapore-RoyNgerng-Advocacy-LegalOpinion-2015-ENG-.pdf တွင်ကြည့်ရှုနိုင်သည်။

[185] Shaffiq Alkhatib ၊ 'TOC ၏အယ်ဒီတာ Terry Xu နှင့် ဝက်ဘ်ဆိုဒ်တွင် ပါဝင်ရေးသားသူတို့သည် အသရေဖျက်မှုဆိုင်ရာ ရာဇဝတ်မှုဖြင့် တရားစွဲဆိုခံရသည်' ၊ Straits Times ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက် ၊ https://www.straitstimes.com/singapore/courts-crime/toc-editor-terry-xu-and-alleged-contributor-to-site-charged-with-criminal တွင်ကြည့်ရှုနိုင်သည်။

[186] Coconuts Singapore ၊ 'The Online Citizen အယ်ဒီတာ Terry Xu သည် စင်္ကာပူအစိုးရအဖွဲ့ဝင်များကို အသရေဖျက်မှုဖြင့် တရားစွဲခံရသည်' ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက် ၊ https://coconuts.co/singapore/news/online-citizeneditor-terry-xu-charged-defaming-cabinet-singapore-members/ တွင်ကြည့်ရှုနိုင်သည်။

[187] Shaffiq Alkhatib ၊ 'TOC ၏အယ်ဒီတာ Terry Xu နှင့် ဝက်ဘ်ဆိုဒ်တွင် ပါဝင်ရေးသားသူတို့သည် အသရေဖျက်မှုဆိုင်ရာ ရာဇဝတ်မှုဖြင့် တရားစွဲဆိုခံရသည်' ၊ Straits Times ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက် ၊

၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ရဲတပ်ဖွဲ့သည် Xu ၊ De Costa နှင့် တတိယပုဂ္ဂိုလ်ဖြစ်သူ Willy Sum တို့၏နေအိမ်များကို ဝင်ရောက်စီးနင်းရှာဖွေကာ အီလက်ထရောနစ် အသုံးအဆောင်ပစ္စည်းများကို သိမ်းယူသွားခဲ့သည်။ Terry Xu နှင့် Willy Sum တို့သည်လည်း စုံစမ်းမေးမြန်းရန်အတွက်ဟုဆိုကာ ရဲစခန်းသို့ ခေါ်ဆောင်သွားခံခဲ့ရသည်။[188]

De Costa၏ သူ့အား အသရေဖျက်မှုဆိုင်ရာ ရာဇဝတ်မှုဖြင့် တရားစွဲဆိုချက်အပေါ် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ မေးခွန်းထုတ် စောဒကတက်ခြင်းကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်တွင် ကြားနာဆောင်ရွက်မည်ဖြစ်သည်။ မေးခွန်းထုတ် စောဒကတက်ခြင်းတွင် ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၉၉ အရ "ထိုကဲ့သို့သော ပုဂ္ဂိုလ်၏ဂုဏ်သိက္ခာ" ဟူသောစကားစုကို "လူပုဂ္ဂိုလ် တစ်ဦးတည်း" အတွက်သာ ကန့်သတ်ထားရန် အဓိပ္ပါယ်ကောက်ယူသင့်ခြင်းရှိ/မရှိ နှင့် အစိုးရအဖွဲ့ အထိ တိုးချဲ့သက်ရောက်မှု မပြုနိုင်ကြောင်းကို မေးခွန်းထုတ်မှုကို အလေးထားသည်။[189]

### ***The Online Citizen ဖြစ်ရပ်(၂)***

၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် Terry Xu သည် TOC တွင် "ဝန်ကြီးချုပ် Lee ၏ ဇနီး Ho Ching သည် မိသားစုဝင်များနှင့် နှောင်ကြိုးဖြတ်တောက်ခြင်းနှင့် စပ်လျဉ်းသည့်ဆောင်းပါးတစ်ပုဒ်ကို ထူးဆန်းစွာ မျှဝေသည်" ဟု ခေါင်းစဉ်တပ်ထားသည့် ဆောင်းပါးတစ်ပုဒ်ကို ရေးသားတင်ပြခဲ့ခြင်းကြောင့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် သူသည်

---

https://www.straitstimes.com/singapore/courts-crime/toc-editor-terry-xu-and-alleged-contributor-to-site-charged-with-criminal တွင်ကြည့်ရှုနိုင်သည်။

[188] Coconuts Singapore ၊ 'The Online Citizen အယ်ဒီတာ Terry Xu သည် စက်ဘ်ပူအစိုးရအဖွဲ့ဝင်များကို အသရေဖျက်မှုဖြင့် တရားစွဲခံရသည်' ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက် ၊ https://coconuts.co/singapore/news/online-citizeneditor-terry-xu-charged-defaming-cabinet-singapore-members/ တွင်ကြည့်ရှုနိုင်သည်။

[189] Kathleen F ၊ 'De Costa၏ အသရေဖျက်မှုဆိုင်ရာ ရာဇဝတ်မှုဖြင့် တရားစွဲဆိုခံရမှုအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မေးခွန်းထုတ် စောဒကတက်ခြင်းကို နိုဝင်ဘာလ ၂၇ ရက်တွင် တရားရုံးတွင် ကြားနာမည်' ၊ The Online Citizen ၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၂ ရက် ၊ https://www.theonlinecitizen.com/2019/09/12/court-to-hear-daniel-de-costas-constitutional-challenge-incriminal-defamation-charge-on-27-november/ တွင်ကြည့်ရှုနိုင်သည်။

ဝန်ကြီးချုပ်လီရှန်းလွန်း(Lee Hsien Loong) ၏ ကိုယ်စားပြု ရှေ့နေများထံမှသူ့အား အသရေဖျက်မှုဆိုင်ရာ ရာဇဝတ်မှုဖြင့် တရားစွဲဆိုသည့် စာချွန်လွှာ ပေးပို့ခံ ခဲ့ရသည်။[190]

ထိုဆောင်းပါးသည် ဝန်ကြီးချုပ်၏ဇနီးက ဖေ့စ်ဘွတ်ခ်တွင်တင်ထားသည့် ပို့စ်ကိုရည်ညွှန်းခဲ့ပြီး ဝန်ကြီးချုပ်၏မိသားစုဝင်များအကြား လူသိရှင်ကြား ရန်ငြိုးရန်စနှင့်ပတ်သက်၍ သတင်းတင်ပြခဲ့ခြင်းဖြစ်သည်။

အမှုမစတင်မီတွင် ဝန်ကြီးချုပ်၏ ပြန်ကြားရေးဆိုင်ရာ အတွင်းရေးမှူးသည် ဆောင်းပါးနှင့် ဆောင်းပါး၏ လင့်ခ်ပါဝင်သည့်ဖေ့စ်ဘွတ်ခ်ပို့စ်ကို ဖယ်ရှားရန်နှင့် "အပြည့်အဝနှင့် ခြွင်းချက်မရှိ တောင်းပန်မှုအပြင် အလားတူစွပ်စွဲချက်များကို သင်၏ ဝက်ဘ်ဆိုက်နှင့် သင်၏ဖေ့စ်ဘွတ်ခ် စာမျက်နှာတို့တွင် သိသိသာသာ ရေးသားဖော်ပြခြင်းမပြုရန် ကတိပြုခြင်း" ကိုရေးသားထုတ်ပြန်ရန် Xu ထံသို့ စာတစ်စောင်ပေးပို့ခဲ့သည်။[191]

ပထမအကြိမ် တရားခွင်မတိုင်မီ ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာလ ၁၅ ရက်တွင် ကျင်းပခဲ့သည်။[192]

---

[190] Louisa Tang ၊ 'ဝန်ကြီးချုပ် Lee ၏ ဂုဏ်သိက္ခာနှင့် ဂုဏ်သတင်းကို TOC ဆောင်းပါးသည် 'အပြင်းအထန် ထိခိုက်စေခဲ့သည်' ဟု အသရေဖျက်မှုဖြင့် ပိုမိုဆိုးရွားသည့် ပျက်စီးဆုံးရှုံးမှုများကို ရှာဖွေနေသည့် ရှေ့နေများက ပြောကြားခဲ့သည်' ၊ Today Online ၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၆ရက် ၊ https://www.todayonline.com/singapore/toc-article-gravely-injured-pm-lees-character-and-reputationsay-lawyers-seeking တွင်ကြည့်ရှုနိုင်သည်။

[191] ဝန်ကြီးချုပ်၏ အရေးယူဆောင်ရွက်မှုသည် သူ၏သမာဓိနှင့်ဂုဏ်သိက္ခာအပေါ် "ထိုကဲ့သို့သော စော်ကားသောတိုက်ခိုက်မှုများကို လိုအပ်ပါက ဥပဒေအရ အရေးယူခြင်းအားဖြင့် ပြန်လည်ချေပရန်နှင့် လူသိရှင်ကြားကိုင်တွယ်ရန်လိုအပ်ကြောင်း" ထပ်မံ၍ စာတွင်ဖော်ပြထားသည်။ Kenneth Cheng ၊ 'ဝန်ကြီးချုပ် Lee သည် The Online Citizen အား အသရေဖျက်မှုဖြစ်စေသောဆောင်းပါးအား ဖျက်သိမ်းရန် (သို့မဟုတ်) ဥပဒေအရ အရေးယူမှုကိုခံယူရန် တောင်းဆိုသည်' ၊ Today Online ၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁ ရက် 1 ၊ https://www.todayonline.com/singapore/pm-lee-demands-editor-online-citizen-remove-defamatory-article-or-face-legal-action တွင်ကြည့်ရှုနိုင်သည်။

[192] Coconuts Singapore ၊ 'The Online Citizen အယ်ဒီတာ Terry Xu သည် စက်ဘ်ပူအစိုးရအဖွဲ့ဝင်များကို အသရေဖျက်မှုဖြင့် တရားစွဲခံရသည်' ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက် ၊ https://coconuts.co/singapore/news/online-citizeneditor-terry-xu-charged-defaming-cabinet-singapore-members/ တွင်ကြည့်ရှုနိုင်သည်။

## ၂။ သက်ဦးဆံပိုင် ဘုရင်စနစ်၏ ဂုဏ်သိက္ခာကို ကာကွယ်ရန် ရည်ရွယ်ထုတ်ပြန်ထားသော ဥပဒေများ

သက်ဦးဆံပိုင် ဘုရင်စနစ်၏ ဂုဏ်သိက္ခာကို ကာကွယ်ရန် ရည်ရွယ်ထုတ်ပြန်ထားသော ဥပဒေများ အထူးသဖြင့် မင်းမျိုးမင်းနွယ်များအား စော်ကားမှုဆိုင်ရာ ဥပဒေပြဌာန်းချက်များသည် အွန်လိုင်းစာ မျက်နှာပေါ်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရရှိခွင့်တို့ကို ထိန်းချုပ်ရန်လည်း စွဲကိုင်အသုံးပြုခံနေရသည်။ ဤအပိုင်းတွင် ထိုင်း၊ ကမ္ဘောဒီးယားနှင့် မလေးရှား နိုင်ငံတို့တွင် ထိုကဲ့သို့သောဥပဒေများအား အလွဲသုံးစားပြုမှုကို ဆန်းစစ်ထားသည်။ ထင်မြင်ယူဆချက်များအား လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ရန် အလွဲသုံးစား ပြုခြင်း၏ အမြင်သာဆုံးဥပမာကို ထိုင်းနိုင်ငံ၏ဖြစ်ရပ်တွင် တွေ့ရ သည်။ ကမ္ဘောဒီးယား နိုင်ငံတွင် မကြာသေးမီက မိတ်ဆက်ပြဌာန်းခဲ့သောအလားတူဥပဒေများသည် ထိုင်းနိုင်ငံ၏ ပုံစံအပေါ်တွင် အခြေခံထားသည်။ ဆန့်ကျင်ဘက်အနေဖြင့် မလေးရှားနိုင်ငံတွင် ဤကဲ့သို့သော မင်းမျိုးမင်းနွယ်များအား စော်ကားမှုဆိုင်ရာ ဥပဒေများမရှိသော်လည်း သက်ဦးဆံပိုင် ဘုရင်စနစ်ကို ဝေဖန်သူများအား တရားစွဲဆိုရန် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုကို ကန့်သတ်သည့် ဥပဒေများကို အသုံးပြုသည်။

ICCPR အရ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို လေးစားကာကွယ်ရန် နိုင်ငံများ၏ တာဝန် ဝတ္တရားများ၏ အတိုင်းအတာကို ရှင်းလင်းတင်ပြရာတွင် ကုလသမဂ္ဂလူ့အခွင့်အရေး ကော်မတီသည် မင်းမျိုးမင်းနွယ်များအား စော်ကားမှုဆိုင်ရာ ဥပဒေများသည် အများပြည်သူဆိုင်ရာ ဆွေးနွေးငြင်းခုံ မှုများအား လွန်လွန်ကဲကဲ ကန့်သတ်နိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

"နာမည်ကျော်ပုဂ္ဂိုလ်များသည် ပဋိညာဉ်ပါ ဥပဒေပြဌာန်းချက်များမှ အကျိုးခံစားရနိုင်သော်ငြား လည်း နာမည်ကျော်ပုဂ္ဂိုလ်တစ်ဦးအား စော်ကားသည်ဟု မှတ်ယူနိုင်သော ထုတ်ဖော်ပြောဆိုခြင်း ပုံစံများဟူသည့် အချက်မျှသည် ပြစ်ဒဏ်များချမှတ်နိုင်ရန်အတွက် လုံလောက်သော အကြောင်း ပြချက်မဟုတ်ပါ။ ထို့အပြင် နိုင်ငံတော်နှင့် အစိုးရ အကြီးအကဲများကဲ့သို့သော အမြင့်ဆုံးနိုင်ငံရေး အာဏာကို ရရှိကျင့်သုံးသူများအပါအဝင် နာမည်ကျော်ပုဂ္ဂိုလ်များအားလုံးသည် ဝေဖန်မှုများနှင့် နိုင်ငံရေးအရ အတိုက်အခံပြုမှုများကို တရားဝင် ခံနေကြရမည်ဖြစ်သည်။ ထို့ကြောင့် ကော်မတီ

အနေဖြင့် မင်းမျိုးမင်းနွယ်များအား စော်ကားမှုကဲ့သို့သော ကိစ္စများအပေါ် ဥပဒေများနှင့် ပတ်သက်ပြီး စိုးရိမ်ကြောင်း နှင့် ဥပဒေများအနေဖြင့် သံသယရှိခြင်းခံရနိုင်သော လူတစ်ဦး၏ဝိသေသလက္ခဏာ ပေါ်တွင်သာမူတည်၍ ပိုမိုပြင်းထန်သော ပြစ်ဒဏ်များချမှတ်ခြင်း မပြုသင့်ကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။"[193]

၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် David Kaye သည် " ဒီမိုကရေစီနိုင်ငံများတွင် မင်းမျိုးမင်းနွယ်များအား စော်ကားမှုဆိုင်ရာ ဥပဒေပြဌာန်းချက်များ မရှိသင့်ကြောင်း" နှင့် "နာမည်ကျော်ပုဂ္ဂိုလ်တစ်ဦးအား စော်ကားသည်ဟု မှတ်ယူနိုင်သော အချို့သော ထုတ်ဖော်ပြောဆိုခြင်းပုံစံများသည် ဤနာမည်ကျော် ပုဂ္ဂိုလ်များတွင်" အမြင့်ဆုံးနိုင်ငံရေးအာဏာကို ရရှိကျင့်သုံးသူများ" ပါဝင်နေသည်ဆိုလျှင်ပင် ကန့်သတ်ချက်များနှင့် ပြစ်ဒဏ်များအတွက် လုံလောက်သည့် အကြောင်းပြချက်မဟုတ်ပါ" ဟု ထုတ်ပြန်ကြေငြာခဲ့သည်။[194] ယခင်အထူးကိုယ်စားလှယ်ဟောင်းဖြစ်သူ Frank La Rue မှလည်း မင်းမျိုးမင်းနွယ်များအား စော်ကားမှုဆိုင်ရာ ဥပဒေပြဌာန်းချက်များ၏ တရားမျှတ ဆီလျော်မှုကို အသရေဖျက်မှုဆိုင်ရာ နိုင်ငံတကာဥပဒေစံနှုန်းများနှင့်အညီ ရေးသားသင့်သည်ဟု ယခင်ကရှင်းလင်းပြောကြားခဲ့ပြီးသည်။ [195]

---

[193] CCPR/C/GC/34 ၊ စာပိုဒ် ၃၈။

[194] OHCHR ၊ ' ထိုင်းနိုင်ငံ ၊ မင်းမျိုးမင်းနွယ်များအား စော်ကားမှုဆိုင်ရာ တရားစွဲဆိုမှုများကို ဆက်လက် အသုံးပြုခြင်းအပေါ် ကုလသမဂ္ဂလူ့အခွင့်အရေးကျွမ်းကျင်သူ စိုးရိမ် ' ၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက် ၊ https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=21149&LangID=E တွင်ကြည့်ရှုနိုင်သည်။

[195] လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်နှင့် လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများ၏ အခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်တို့၏ ထိုင်းနိုင်ငံ အစိုးရသို့ ဆက်သွယ်ရေးအမှတ် THA 5/2011 ၊ ၂၀၁၁ ခုနှစ် ဇွန်လ ၁၀ ရက် ၊ https://spcommreports.ohchr.org/TMResultsBase/DownLoadPublicCommunicationFile?gId=21153 တွင်ကြည့်ရှုနိုင်သည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် နှင့် ကျန်းမာရေးအခွင့်အရေးနှင့် ညှဉ်းပန်းနှိပ်စက်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်သောနှင့် အရှက်ရစေသော အရေးယူမှုတို့ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်တို့၏ ထိုင်းနိုင်ငံအစိုးရသို့ ဆက်သွယ်ရေးအမှတ် THA 10/2011 ၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် ၊ https://spcommreports.ohchr.org/TMResultsBase/DownLoadPublicCommunicationFile?gId=21524 တွင်ကြည့်ရှုနိုင်သည်။

## ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံတွင် မင်းမျိုးမင်းနွယ်များအားစော်ကားမှု ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုများသည် လူတစ်ဦးချင်းစီအား ၎င်းတို့၏ထင်မြင်ယူဆချက်များကို အွန်လိုင်းပေါ်တွင် ထုတ်ဖော်ပြောဆိုခြင်းကို သာမက ဘုရင်မင်းမြတ်နှင့်သက်ဆိုင်သည့် ပို့စ်များကို လူမှုကွန်ယက်စာမျက်နှာများတွင် 'မျှဝေခြင်း' သို့မဟုတ် 'ကြိုက်နှစ်သက်ကြောင်းပြခြင်း'တို့ကိုပါ တရားစွဲဆိုရန်၊ ပြစ်ဒဏ်စီရင်ရန် နှင့် ထောင်ဒဏ်ချမှတ်ရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် အသုံးချခံနေရသည်။[196] ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၁၂ ('ပုဒ်မ ၁၁၂') သည် 'ဘုရင်၊ ဘုရင်မ၊ ထီးနန်းဆက်ခံသူ (သို့မဟုတ်) ထီးနန်းထိန်းသိမ်းသူတို့အား အသရေဖျက်၊ စော်ကား (သို့မဟုတ်) ခြိမ်းခြောက်သည့် မည်သူ့ကိုမဆို (၃) နှစ်မှ (၁၅) နှစ်အထိ ထောင်ဒဏ်ဖြင့်' ပြစ်ဒဏ်ချမှတ်သည်။[197]

၂၀၁၄ ခုနှစ်၊ မေလ စစ်တပ်အာဏာသိမ်းမှုအပြီးတွင် လူမှုကွန်ယက်စာမျက်နှာများ၊ အထူးသဖြင့် ဖေ့စ်ဘွတ်ခ်ပေါ်တွင် ဘုရင်မင်းမြတ်အား အသရေဖျက်သည်ဟု ယူမှတ်နိုင်သော ပို့စ်များကို တင်ခဲ့သည့်ပုဂ္ဂိုလ်များကို ပစ်မှတ်ထားကာ မင်းမျိုးမင်းနွယ်များအားစော်ကားမှုဖြင့် တရားစွဲ ဆိုချက်များနှင့် ပြစ်ဒဏ်ချမှတ်မှုများသည် သိသိသာသာမြင့်တက်လာခဲ့သည်။ အာဏာသိမ်းမှုဖြစ် ခဲ့ပြီးနောက် ထိုနှစ်တွင် အနည်းဆုံးလူ ၆၁ ယောက်ကို တရားစွဲဆိုခဲ့ပြီး ဘူမိဒေါဘုရင် နတ်ရွာ စံခဲ့ပြီးနောက် ဝမ်းနည်းခြင်း အထိမ်းအမှတ်ကာလဖြစ်သည့် ၂၀၁၆ မှ ၂၀၁၇ ခုနှစ်အတွင်း အနည်းဆုံး လူ ၃၃ ယောက်သည် တရားစွဲဆိုခံခဲ့ရသည်။[198] ၂၀၁၉ ခုနှစ်၊ မေလတွင် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ဆိုင်ရာ စောင့်ကြည့်လေ့လာရေးအဖွဲ့ဖြစ်သည့် iLaw မှ အနည်းဆုံးလူ ၉၉ ဦး အား မင်းမျိုးမင်းနွယ်များအားစော်ကားမှု ရာဇဝတ်မှုများဖြင့်

---

[196] iLaw လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ မှတ်တမ်းတင်ရေးစင်တာ၊ 'မင်းမျိုးမင်းနွယ်များအားစော်ကားမှု ဥပဒေ ဆိုင်ရာ အမေး&အဖြေ ၁၀ ခု' ၊ https://freedom.ilaw.or.th/en/freedom-of-expression-101/QA-112 တွင်ကြည့်ရှုနိုင်သည်။ BBC ၏ ဘုရင်မင်းမြတ်နှင့် ပတ်သက်သည့်ဆောင်းပါးကို ဖေ့စ်ဘွတ်ခ်ပေါ်တွင် ပြန်လည်မျှဝေခဲ့မှုကြောင့် မင်းမျိုးမင်းနွယ်များအားစော်ကားမှု စွဲချက်ဖြင့် ဖြေရှင်းရန် ဆင့်ခေါ် ခံရသည့် Chanoknan Ruamsap ၏ ၂၀၁၈ခုနှစ် ဇန်နဝါရီလ အမှု၊ ထိုင်း လူ့အခွင့်အရေး ရှေ့နေများ၊ '၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ မင်းမျိုးမင်းနွယ်များအားစော်ကားမှုဆိုင်ရာ တရားစွဲဆိုမှု အပြောင်းအလဲများ' ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၅ ရက် ၊ https://www.tlhr2014.com/?p=10431&lang=en တွင်ကြည့်ရှုနိုင်သည်။

[197] ထိုင်းနိုင်ငံ ရာဇဝတ်မှုဆိုင်ရာကျင့်ထုံး B.E. ၂၄၉၉ (၁၉၅၆) ၏ အင်္ဂလိပ်ဘာသာပြန်ဆိုချက်၊ http://library.siam-legal.com/thai-law/criminal-code-royal-family-sections-107-112/ တွင်ကြည့်ရှုနိုင်သည်။

[198] Kas Chanwanpen ၊ 'စစ်အစိုးရမှ မင်းမျိုးမင်းနွယ်များအားစော်ကားမှု ရာဇဝတ်မှုများကို ကြိုးကိုင်'၊ The Nation ၊ ၂၀၁၈ ခုနှဏ် အောက်တိုဘာလ ၁ ရက် ၊ http://www.nationmultimedia.com/detail/politics/30355507 ။

တရားစွဲဆိုထားကြောင်းနှင့် အချို့သော ကျူးလွန်သူများဟု စွပ်စွဲခံရသူများသည် စစ်တပ်၏ စစ်ကြောမေးမြန်းခြင်း (သို့မဟုတ်) "ခံယူချက် ညှိနှိုင်းခြင်း" ကြားနာမှုများ ခံယူရန် ပို့ဆောင်ခံခဲ့ရသည်။[199]

စစ်အစိုးရသည် ၂၀၁၄ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်ကာ စစ်ဘက်တရားရုံးများ၏ တရားစီရင်ပိုင်ခွင့်တွင် မင်းမျိုးမင်းနွယ်များအားစော်ကားမှု ရာဇဝတ်မှုများကိုပါ စီရင်နိုင်ရန် တိုးချဲ့သည့် အမိန့်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။[200] ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်သည် စစ်ဘက်တရားရုံးများအား မင်းမျိုးမင်းနွယ်များအားစော်ကားမှု ရာဇဝတ်မှုများကို တရားစီရင်ရန်ခွင့်ပြုသည့် အမိန့်များကို ပြန်လည်ရုပ်သိမ်းခဲ့သည်။[201] သို့သော်လည်း ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလမတိုင်မီ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲသည့် ချိုးဖောက်ကျူးလွန်မှုများနှင့် သက်ဆိုင်သည့် တရားစွဲဆိုမှုများကို ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ဝန်ကြီးချုပ်မှ ထိုကျင့်သုံးမှုကိုအဆုံးသတ်သည့်အမိန့်အား ထုတ်ပြန်သည့်ချိန်အထိ စစ်ဘက်တရားရုံး များတွင် ဆက်လက်ကြားနာခဲ့သည်။[202]

---

[199] iLaw ၊ '၂၀၁၉ခုနှစ် မေလ ၂၁ ရက်နေ့အထိ နောက်ဆုံးရ ကိန်းဂဏန်းများ' ၊ https://freedom.ilaw.or.th/en/content/latest-statistic တွင်ကြည့်ရှုနိုင်သည်။

[200] Khathawut B. ၏အမှုတွင် ICJ၊ ICJ ၊ 'ထိုင်းနိုင်ငံ ၊ စစ်ခုံရုံးများတွင် အရပ်သားများအား တရားစွဲဆိုမှုကို အဆုံးသတ်ရန်' ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၄ ရက် ၊ https://www.icj.org/thailand-end-prosecution-ofcivilians-in-military-tribunals/ တွင်ကြည့်ရှုနိုင်သည်။ စစ်ခုံရုံးများမှတဆင့် တရားစီရင်ရေးစီမံခန့်ခွဲမှုကို ထိန်းကျောင်းသည့် မူကြမ်း အခြေခံမူများ၏ အခြေခံမူအမှတ် ၅ တွင် " စစ်ဘက်တရားရုံးများသည် မူအရ အရပ်သားများအား တရားစီရင်ပိုင်ခွင့်မရှိစေရ" ဟုရှင်းလင်းထားသည်၊ https://undocs.org/E/CN.4/2006/58 တွင်ကြည့်ရှုနိုင်သည်။

[201] ထိုင်းနိုင်ငံ၏ နိုင်ငံတော် ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေးကောင်စီ (NCPO) ၏ အဖွဲ့ခေါင်းဆောင်နှင့် ထိုင်းနိုင်ငံ၏ နိုင်ငံတော်ဝန်ကြီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီး Prayuth Chan-ocha သည် စစ်ဘက်တရားရုံးများကို အရပ်သားများအပါအဝင် အချို့သော အမှုများကို တရားစီရင်နိုင်ရန် ခွင့်ပြုသည့် NCPO အမိန့်အမှတ် ၃၇/၂၀၁၄၊ ၃၈/၂၀၁၄ နှင့် ၅၀/၂၀၁၄ တို့ကိုပယ်ဖျက်သည့် NCPO အမိန့်အမှတ် ၅၅/၂၀၁၆ ကိုထုတ်ပြန်ခဲ့သည်၊ ICJ ၊ 'ထိုင်းနိုင်ငံ - ICJ သည် စစ်ဘက်တရားရုံးများတွင် အရပ်သားများအား တရားစွဲဆိုမှုကို တဖြည်းဖြည်းဖယ်ရှားသွားရန် အမိန့်ကို ကြိုဆိုသော်လည်း အစိုးရအနေဖြင့်ပိုမိုလုပ်ဆောင်ရန်လိုအပ်သေးသည်' ၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၂ ရက်၊ https://www.icj.org/thailand-icj-welcomes-order-phasing-out-prosecution-of-civilians-in-military-courtsbut-government-must-do-much-more/ တွင်ကြည့်ရှုနိုင်သည်။

[202] NCPO (HNCPO) ၏ အဖွဲ့ခေါင်းဆောင်၏ HNCPO အမိန့်အမှတ် ၉/၂၅၆၂ ကို ထုတ်ပြန်လိုက်ခြင်းဖြင့် စစ်ဘက်တရားရုံးများတွင် အရပ်သားများအား တရားစီရင်ခြင်း ရပ်တန့်သွားသည်။ သို့သော်လည်း TLHR သည် ထိုအမိန့်နှင့်ပတ်သက်ပြီး စိုးရိမ်မှုများကို ဖော်ပြခဲ့သည်၊ TLHR ၊' စစ်တပ်အာဏာပိုင်များသည် အရပ်သားများအား မတရားဖမ်းဆီးထိန်းသိမ်းနိုင်ဆဲဖြစ်သည်၊ လိုအပ်မှုမရှိတော့သည့် ကြေငြာချက်များ / အမိန့်အချို့ကို

စစ်ဘက်တရားရုံးများသည် အရပ်ဘက်တရားရုံးများထက် လူပုဂ္ဂိုလ်တစ်ဦးချင်းအပေါ် ထောင်ဒဏ် ၂၅ နှစ်မှ ၃၅ နှစ်အထိအပါအဝင် အလွန်အမင်း တရားမျှတဆီလျော်မှုမရှိသော ပြစ်ဒဏ်များကို ချမှတ်ခဲ့သည် (အောက်တွင်ဖော်ပြမည့်ဖြစ်ရပ်များကိုကြည့်ပါ)။[203] ၎င်းတို့သည် ICCPR ၏ ပုဒ်မ ၁၄ အရ အာမခံထားသော အရည်အချင်းပြည့်ဝသော၊ လွတ်လပ်ပြီး ဘက်လိုက်မှုကင်းသော ခုံရုံး၏ တရားမျှတသောတရားစီရင်ပိုင်ခွင့် အခွင့်အရေးဆိုင်ရာ လိုအပ်ချက်များနှင့်လည်း ကိုက်ညီမှုမရှိပဲ ကျဉ်းမြောင်းသောအခြေအနေများတွင်သာ စစ်ဘက်တရားရုံးများ၏ အသုံးချမှုကို ခွင့်ပြုထားသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီမှ မှတ်ချက်ပြုထားသည့်အတိုင်း “စစ်ဘက် (သို့မဟုတ်) အထူးတရားရုံးများတွင် အရပ်သားများအား တရားစီရင်ခြင်းသည် တရားမျှတ သော၊ ဘက်လိုက်မှုကင်းသော နှင့် လွတ်လပ်သော တရားမျှတမှုဆိုင်ရာ စီမံခန့်ခွဲမှုအပေါ် စိုးရိမ်ရ စေနိုင်သည်အထိ ပြဿနာများစွာကို ဖြစ်ပေါ်စေနိုင်ပြီး" ယေဘုယျအားဖြင့် ရှောင်ကြဉ်ရ မည်ဖြစ်သည်။[204] ၎င်းတို့ကို အသုံးပြုသော“

---

ပြန်လည်အစားထိုးသည့် NCPO အမိန့်အမှတ် ၉/၂၅၆၂ ကို ခွဲခြမ်းစိတ်ဖြာမှု'၊ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၁ ရက်၊ https://www.tlhr2014.com/?p=12995&fbclid=IwAR3Aaizz-w5-0EWtPyd1FojKO0bDppesTkun_e3CHG9l8zrLTk5tmByp6ng&lang=en တွင်ကြည့်ရှုနိုင်သည်။

[203] OHCHR ၊ ' ထိုင်းနိုင်ငံ ၊ ကုလသမဂ္ဂ အခွင့်အရေးများဆိုင်ရာ ကျွမ်းကျင်သူသည် မင်းမျိုးမင်းနွယ်များအားစော်ကားမှုဖြင့် တရားစွဲဆိုမှုများကို ဆက်လက် အသုံးပြုနေမှုကို စိုးရိမ်သည်'၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက် ('OHCHR, 7 February 2017') https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=21149&LangID=E ကိုကြည့်ပါ။ OHCHR ၊ 'ထိုင်းနိုင်ငံအပေါ် သတင်းစာ ရှင်းလင်းပွဲ'၊ ၂၀၁၇ ခုနှစ် ဇွန်လ ၁၃ ရက်၊ ('OHCHR, 13 June 2017') https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=21734&LangID=E တွင်ကြည့်ရှုနိုင်သည်။ အမှန်တကယ်ပင် မင်းမျိုးမင်းနွယ်များအားစော်ကားမှုဖြင့် ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ခံရသော သက်ကြီးရွယ်အိုတစ်ဦးသည် ၂၀၁၂ ခုနှစ်တွင် ထောင်တွင်း၌ သေဆုံးခဲ့သည်။ Asian Correspondent ၊ 'မင်းမျိုးမင်းနွယ်များအားစော်ကားမှုဖြင့် ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ခံရသော ထိုင်းအဖိုးအိုတစ်ဦးသည် ထောင်တွင်း၌ သေဆုံးခဲ့သည်' ၊ ၂၀၁၂ ခုနှစ် မေလ ၊ https://asiancorrespondent.com/2012/05/thai-grandfather-sentenced-to-20-years-for-lesemajeste-dies-in-jail/ တွင်ကြည့်ရှုနိုင်သည်။

[204] ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၊ အထွေထွေမှတ်ချက် အမှတ် ၃၂ ၊ CCPR/C/GC/32 ၊ ၂၀၀၇ ခုနှစ် ဩဂုတ်လ ၂၃ ရက် ၊ ('CCPR/C/GC/32') ၊ စာပိုဒ် ၂၂။ စစ်ခုံရုံးများမှတဆင့် တရားစီရင်ရေးစီမံခန့်ခွဲမှုကို ထိန်းကျောင်းသည့် ကုလသမဂ္ဂမူကြမ်း အခြေခံမူများ၏ အခြေခံမူအမှတ် ၂ နှင့် ၅ တွင် " စစ်ဘက်တရားရုံးများသည် မူအရ အရပ်သားများအား တရားစီရင်ပိုင်ခွင့်မရှိစေရ” နှင့် အရပ်သားမဟုတ်သူများကို စီရင်လျှင်ပင် "စစ်ခုံရုံးများသည် တရားမျှတသော တရားစီရင်မှုကို ရရှိပိုင်ခွင့်နှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ အခြေခံမူများကို အခြေအနေအားလုံးတွင် လေးစားရမည်" ဟုရှင်းလင်းထားသည်။ လူ့အခွင့်အရေး ကော်မရှင်၊

ခြွင်းချက်” အမှုကိစ္စရပ်များတွင်လည်း ၎င်းတို့သည် "နိုင်ငံတော်အနေဖြင့် ထိုကဲ့သို့သောစစ်ဆေးမှုများကိုပြုလုပ်ရန် မဖြစ်မနေလိုအပ်ကြောင်း ဓမ္မဓိဋ္ဌာန်ကျပြီး လေးနက်သော အကြောင်းပြချက်များဖြင့် အကြောင်းပြနိုင်သည့် အမှု ကိစ္စများ နှင့် လူတစ်ဦးချင်းစီ၏ တိကျသော အဆင့်အတန်းကို လိုက်၍ နှင့် ပုံမှန်အရပ်ဘက် တရားရုံးများတွင် အမှုစစ်ဆေးခြင်းများကို ဆောင်ရွက်ခြင်း မပြုနိုင်သည့် ပြစ်မှုကိစ္စများ" ကိုသာ ကန့်သတ်လုပ်ဆောင်ရမည်ဖြစ်သည်။[205] ထို့အပြင် ရုံးတင်စစ်ဆေးမှုများသည် “ပုဒ်မ ၁၄ အရ လိုအပ်ချက်များနှင့် အပြည့်အဝကိုက်ညီရမည်ဖြစ်ပြီး စစ်ဘက် (သို့မဟုတ်) အထူးတရားရုံး ဖြစ်ခြင်းစသည့် ဝိသေသလက္ခဏာများကြောင့် ၎င်း၏အာမခံချက်များကို ကန့်သတ်ခြင်း (သို့မဟုတ်) ပြင်ဆင်ခြင်းမပြုနိုင်ပါ။"[206]

ပုဒ်မ ၁၁၂ ကို ပြင်ဆင်ရန် (သို့မဟုတ်) ပယ်ဖျက်ရန် တောင်းဆိုမှုများကို တုန့်ပြန်သောအားဖြင့် ထိုင်းနိုင်ငံအစိုးရအနေဖြင့် "နိုင်ငံတော်လုံခြုံရေး"၊ "ငြိမ်ဝပ်ပိပြားရေး" နှင့် "လူမှုဖူလုံရေး" စသည် တို့အတွက် လိုအပ်သော ဥပဒေအရ ပြင်းထန်သောပြစ်ဒဏ်များကို ချမှတ်ခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံ၏ ပိုင်နက် တည်တံ့ခိုင်မြဲမှုကို ဥပဒေသည် မည်ကဲ့သို့ကာကွယ်ကြောင်း ရှင်းလင်းခြင်း မပြုဘဲ အကြောင်းပြတုန့်ပြန်လေ့ရှိသည်။[207] လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ လွတ်လပ် သော စောင့်ကြည့်လေ့လာရေးအဖွဲ့ဖြစ်သည့် ILaw မှ - ဥပဒေ၏ "သံသယဖြစ်ဖွယ်ရှိသောနှင့် ရှင်းလင်းမှုမရှိသော အဓိပ္ပာယ်ဖွင့်ဆိုမှုလွန်ကဲခြင်း" သည် "စိုးရိမ်စရာ အခြေအနေ"၊ ကိုယ့်ကိုကိုယ်

---

လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ ကော်မရှင်ခွဲ၏ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ၊ Emmanuel Decaux ၊ E/CN.4/2006/58 ၊ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်။

[205] CCPR/C/GC/32 ၊ စာပိုဒ် ၂၂။

[206] Ibid.

[207] မင်းမျိုးမင်းနွယ်များအားစော်ကားမှု ကိစ္စရပ်များနှင့်ပတ်သက်ပြီး ရှင်းလင်းချက်ကို တောင်းခံသည့် အထူး ကိုယ်စားလှယ်များထံ ၂၀၁၄၊ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တို့တွင် ထိုင်းနိုင်ငံ၏တုံ့ပြန်မှုအမှတ် ၅၂၁၀၁/၈၀၄၊ ၅၂၁၀၁/၁၆၃၊ ၅၂၁၀၁/၁၀၉ တို့ကို https://spcommreports.ohchr.org/TMResultsBase/DownLoadFile?gId=32816 ၊ https://spcommreports.ohchr.org/TMResultsBase/DownLoadFile?gId=32797 ၊ https://spcommreports.ohchr.org/TMResultsBase/DownLoadFile?gId=33367 တို့တွင်ကြည့်ရှုနိုင်သည်။

ဆင်ဆာဖြတ်တောက်ခြင်းနှင့် ပုဂ္ဂိုလ်ရေးအငြင်းပွားမှုများအတွက် "လက်စားချေ" သည့် ကိရိယာ အဖြစ် ဥပဒေကိုအလွဲသုံးစားမှု တို့ကိုဖြစ်ပေါ်စေခဲ့သည်။[208]

မကြာသေးမီက ထိုင်းနိုင်ငံ၏ လူမှုကွန်ယက် စာမျက်နှာများပေါ်တွင် "သတင်းအတုများ"ကို ပစ်မှတ်ထားသည့် အစီအမံများကို အားဖြည့်ဆောင်ရွက်နေသည့်ကြားမှ စိုးရိမ်ဖွယ်ကောင်းသော တိုးတက်လာမှုတစ်ခုဖြစ်သည့် အွန်လိုင်းပေါ်တွင် ဘုရင်မင်းမြတ်အား ဝေဖန်မှုများကို ပစ်မှတ်ထားရန် ထိုင်းအစိုးရသည် **ကွန်ပျူတာနှင့် သက်ဆိုင်သော ရာဇဝတ်မှု အက်ဥပဒေနှင့် ရာဇဝတ်မှု ကျင့်ထုံး ဥပဒေ** ပုဒ်မ ၁၁၂ အစား ပုဒ်မ ၁၁၆ အရ နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု ကဲ့သို့သော ရာဇဝတ်မှုများကို စတင်ကိုင်စွဲလာခဲ့သည်။[209] ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် အသက် (၂၅) နှစ်အရွယ်ရှိ ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူ **Karn Pongpraphapan** သည် CCA အရ လူမှုကွန်ယက်ပေါ်တွင် သက်ဦးဆံပိုင်ဘုရင်စနစ်ကို ဆန့်ကျင်သော "မသင့်လျော်သည့်" အွန်လိုင်း အကြောင်းအရာကို ပို့စ်တင်ခဲ့ပြီး ၎င်းပို့စ်တွင် ထိုင်းဘုရင့်မိသားစုအား အတိအလင်း ရည်ညွှန်းဖော်ပြ ထားခြင်း မရှိသော်လည်း အဖမ်းခံခဲ့ရသည် (အောက်တွင်ကြည့်ပါ)။[210] သူ၏ပို့စ်သည် ထိုင်းတော်ဝင် မိသားစု၏ မော်တော်ယာဉ်တန်းကြောင့်

---

[208] iLaw ၊'မင်းမျိုးမင်းနွယ်များကို စော်ကားခြင်းဆိုင်ရာ ဥပဒေနှင့်ပတ်သက်သည့် အမေး&အဖြေ ၁၀ ခု'၊ https://freedom.ilaw.or.th/en/freedom-ofexpression-101/QA-112 တွင်ကြည့်ရှုနိုင်သည်။

[209] TLHR အနေဖြင့် ဤအလားအလာကို သတိပြုမိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ရှေ့နေ Prawet Prapanukul သည် ပုဒ်မ ၁၁၂ ကို ချိုးဖောက်သည်ဟု ယူဆရသော ဖေ့စ်ဘွတ်ခ်ပို့စ် ၁၀ ခုနှင့် ပုဒ်မ ၁၁၆ ကိုချိုးဖောက်သည်ဟု ယူဆရသော အခြား ဖေ့စ်ဘွတ်ခ်ပို့စ် ၃ ခုအတွက် စွဲချက်တင်ခံခဲ့ရပြီးနောက် ရာဇဝတ်မှုကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁၆ အရ တရားစီရင်ခံခဲ့ရသည်။ ထိုနှစ်တွင်ပင် Yala ပြည်နယ်မှ အမြင်အာရုံချို့တဲ့သော အမျိုးသမီးတစ်ဦးဖြစ်သူ Nurahayadi Masao သည် ပုဒ်မ ၁၁၂ ကို ချိုးဖောက်သည်ဟု စွပ်စွဲခံရသော ဖေ့စ်ဘွတ်ခ်ပို့စ်တစ်ခုကြောင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရပြီး သူမ၏ပြစ်ဒဏ်ကို အယူခံဝင်ရာတွင် ပြန်လည်ပယ်ဖျက်ပေးခဲ့သည်။ မကြာမီတွင်ပင် သူမသည် ၂၀၁၆ ခုနှစ်က ဖေ့စ်ဘွတ်ခ်ပေါ်တွင် သူမတင်ခဲ့သည့် အသံဖိုင်တစ်ခုကြောင့် CCA အရ တရားစွဲဆိုခံခဲ့ရပြီး ပြစ်ဒဏ်စီရင်ခြင်းခံခဲ့ရသည်။ TLHR ၊ '၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ မင်းမျိုးမင်းနွယ်များကို စော်ကားခြင်းဆိုင်ရာ တရားစွဲဆိုခြင်းများတွင် ပြောင်းလဲမှုများ'၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၅ ရက် ၊ https://www.tlhr2014.com/?p=10431&lang=en တွင်ကြည့်ရှုနိုင်သည်။

[210] Bangkok Post ၊'#royalmotorcade အငြင်းပွားဖွယ်ရာ အကြားတွင် အမျိုးသားတစ်ဦး ဖမ်းဆီးခံခဲ့ရသည်'၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၈ ရက် ၊ ('Bangkok Post, 8 October 2019') https://www.bangkokpost.com/thailand/general/1767574/manarrested-amid-royalmotorcade-controversy တွင်ကြည့်ရှုနိုင်သည်။ Reuters ၊ '#royalmotorcade အငြင်းပွားဖွယ်ရာ အကြား ထိုင်းနိုင်ငံတွင် အမျိုးသားတစ်ဦးကို ဖမ်းဆီးခဲ့သည်'၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၈ ရက် ၊ ('Reuters, 8 October 2019')

ဘန်ကောက်တွင် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်တစ်ခုနှင့် ဆက်စပ်နေပြီး ယာဉ်ကြောပိတ်ဆို့ခြင်းအပေါ် ဝေဖန်ကြသည့် တွစ်တာစာသားများ (hashtag) တွစ်တာပေါ်တွင် ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့ခဲ့ပြီးနောက်ပိုင်းတွင်ဖြစ်သည်။[211] သူ့အဖမ်း ခံရပြီးနောက်တစ်နေ့တွင် ရဲများသည် အွန်လိုင်းပေါ်မှစော်ကားမှုနှင့်ပတ်သက်သည်ဟု စွပ်စွဲသော အခြားဆက်စပ်သည့် လူ ၅ ဦး ကိုလည်း စုံစမ်းစစ်ဆေးမှုစတင်ခဲ့သည်ဟု သတင်းရရှိခဲ့သည်။[212]

Karn Pongpraphapan ကိုဖမ်းဆီးခဲ့ခြင်းသည် "သက်ဦးဆံပိုင်ဘုရင်စနစ်၏ ဂုဏ်သတင်းကို ချိုးဖောက် စော်ကားခြင်း" သို့မဟုတ် "ဝေဖန်ခြင်း" များကို နိုင်ငံတော်အာဏာပိုင်များသည် အွန်လိုင်း ပေါ်တွင် ထုတ်ဖော်ပြောဆိုခွင့်နှင့် ထင်မြင်ယူဆခွင့်ကို အာဏာသုံး၍ ဖိနှိပ်ရန်အတွက် မတော် မတရားသည့် အကြောင်းပြချက်တစ်ခုအဖြစ် အသုံးချခံရနိုင်သည့် စိုးရိမ်မှုများကို ပိုမိုပေါ်လွင် လာစေသည်။ ၎င်းအားဖမ်းဆီးခံခဲ့ရခြင်းသည် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဒစ်ဂျစ်တယ် လူမှုအဖွဲ့အစည်းရေးရာ ဝန်ကြီး Buddhipongse Punnakanta ကဘုရင်မင်းမြတ်အား ဆန့်ကျင်သောစော်ကားမှုများကို လူမှုကွန်ယက်များမှ ဖယ်ရှားပစ်ရန် ကတိပြုခဲ့သည့်နောက်ပိုင်း ၃ လ မတိုင်မီ နှင့် နိုဝင်ဘာလ ၁ ရက်နေ့တွင် ထိုင်းနိုင်ငံရှိ လုပ်ကြံသတင်း/သတင်းအမှားတိုက်ဖျက်ရေး စင်တာ ဖွင့်ပွဲမတိုင်မီတွင် ဖြစ်ခဲ့သည်။[213] ထိုင်းအာဏာပိုင်များသည်

---

https://www.reuters.com/article/us-thailand-cyber/thailand-arrests-man-amid-royalmotorcade-controversyidUSKBN1WN0GE တွင်ကြည့်ရှုနိုင်သည်။

[211] တော်ဝင်မော်တော်ယာဉ်တန်း ဖြတ်သန်းသွားလာမှုကြောင့် စောင့်ဆိုင်းခဲ့ရသည့် လူနာတင်ယာဉ် တစ်စီးအပါ အဝင် ယာဉ်ကြောပိတ်ဆို့ထားမှုကြောင့် ဘုရင်မင်းမြတ်အပေါ် ပြောင်ကျကျဝေဖန်မှုများအား ဖြစ်တောင့်ဖြစ်ခဲထုတ်ဖော်ပြောဆိုမှုများကို #royalmotorcade မှတစ်ဆင့် အွန်လိုင်းပေါ်တွင် ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

[212] Teeranai Charuvastra ၊ 'တော်ဝင်မျိုးနွယ်ကို စော်ကားမှုကြောင့် နောက်ထပ်လူ ၅ ဦး ထပ်မံဖမ်းဆီးခံရနိုင်သည်ဟု အစိုးရမှပြောကြားသည်'၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၈ ရက် ၊ http://www.khaosodenglish.com/politics/2019/10/08/govt-says-5-morepeople-may-be-nabbed-for-royal-insult/ တွင်ကြည့်ရှုနိုင်သည်။

[213] Hathai Techakitteranun ၊ 'လူမှုကွန်ယက်စာမျက်နှာများတွင် ကောလာဟလများကို ကိုင်တွယ်ဖြေရှင်းရန် ထိုင်းနိုင်ငံသည် နိုဝင်ဘာလ ၁ ရက်တွင် လုပ်ကြံသတင်း/သတင်းအမှား တိုက်ဖျက်ရေးစင်တာ ဖွင့်လှစ်မည်ဖြစ်သည်' ၊ Straits Times ၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၅ ရက်၊ https://www.straitstimes.com/asia/se-asia/thailand-to-open-fake-news-centre-by-nov-1-to-address-rumours-on-socialmedia-platforms တွင်ကြည့်ရှုနိုင်သည်။ Zsombor Peter ၊ ' ထိုင်းနိုင်ငံ၏ လုပ်ကြံသတင်း/သတင်းအမှား တိုက်ဖျက်ရေးစင်တာ ပရိတ်သတ်များသည်

မင်းမျိုးမင်းနွယ်များကို စော်ကားခြင်းဆိုင်ရာ ဥပဒေပြဌာန်းချက်များကို ချိုးဖောက်ခြင်းကြောင့် အဖမ်းခံရသည့် လတ်တလော အမှုများတွင် အဖမ်းခံရသူများသည် အာဏာပိုင်များအား ၎င်းတို့၏အီလက်ထရောနစ်ပစ္စည်းများမှ သတင်းအချက်အလက်များကို တရားရုံး၏ ရှာဖွေခွင့်အမိန့်မပါဘဲ ဝင်ရောက်ရှာဖွေခွင့်ပြုကြောင်း နှင့် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုများကို ပြန်လည်ရုပ်သိမ်းရန် လိုအပ်ချက်တစ်ခုအနေဖြင့် ၎င်းတို့သည် အလားတူ မှတ်ချက်များကို ထပ်မံပြုလုပ်တော့မည်မဟုတ်ဟု ဝန်ခံကြောင်း သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် တောင်းဆိုခံခဲ့ရသည်။[214]

အောက်တွင် ဖော်ပြထားသည့် အဖြစ်အပျက်များတွင် ထင်ရှားမြင်သာမည့်အတိုင်း မင်းမျိုး မင်းနွယ်များအား စော်ကားခြင်းကို သက်ဦးဆံပိုင်ဘုရင်စနစ်ကို ဝေဖန်သည့် ထုတ်ပြန်ကြေညာ ချက်များအား တရားစွဲဆိုရန်အတွက်သာမက နိုင်ငံရေးသဘောတရား၊ သမိုင်းကြောင်း နှင့် အုပ်ချုပ်မှုဆိုင်ရာ ပညာရပ်ဆိုင်ရာ (သို့မဟုတ်) သဘောတရားဆိုင်ရာ ဆွေးနွေးမှုများကို ကန့်သတ်ရန်အတွက်ပါ အကြောင်းပြချက်တစ်ခုအဖြစ် အသုံးပြုခဲ့သည်။ သက်ဦးဆံပိုင်ဘုရင်စနစ်ကို ချိုးဖောက်စော်ကားသည်ဟု ယူဆရသော ထုတ်ဖော်ပြောဆိုမှု (သို့မဟုတ်) သတင်းအချက်အလက် များကို မင်းမျိုးမင်းနွယ်များကို စော်ကားခြင်းဆိုင်ရာ ဥပဒေပြဌာန်းချက်များအရ တရားစွဲဆိုခြင်း သာမက နိုင်ငံတော် အကြည်အညိုပျက်စေမှု နှင့် အွန်လိုင်းဆက်သွယ်ရေးကို ထိန်းကျောင်းမှုတို့နှင့် သက်ဆိုင်သည့် အခြားဥပဒေပြဌာန်းချက်များအရလည်း အရေးယူခံနေရသည်။

**_Karn Pongpraphapan_ ၏ဖြစ်ရပ်**

၂၀၁၉ခုနှစ်၊ အောက်တိုဘာလတွင် ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူ **Karn Pongpraphapan** သည် ရုရှား၊ ပြင်သစ်နှင့်ဂျာမနီတို့တွင် လူထုတော်လှန်ရေးအားဖြင့်

ဆင်ဆာဖြတ်တောက်ခြင်းကို ကြောက်ရွံ့ကြသည်' ၊ VOA ၊ https://www.voanews.com/east-asia-pacific/thailands-anti-fake-news-centerfans-fears-censorship တွင်ကြည့်ရှုနိုင်သည်။ အပိုင်း ၃(၈) ကို CCA အပေါ်နောက်ထပ် ဆွေးနွေးမှုအတွက် ကြည့်ပါ။

[214] မိတ်ဖက်များနှင့် ICJ ဆက်သွယ်မှု။ သာဓကတစ်ခုတွင် ICJ သည် ထိုကဲ့သို့သော သဘောတူညီချက်များ တွင် ဆိုက်ဘာလုံခြုံရေးအက်ဥပဒေကို ရည်ညွှန်းကာ အီလက်ထရောနစ်ပစ္စည်းကိရိယာများမှ သတင်းအချက်အလက်ရယူခွင့်ကို အကြောင်းပြခဲ့သည်။ အပိုင်း ၃(၈) နှင့် အောက်ခြေမှတ်စု ၅၃၁ တို့ကိုကြည့်ပါ။

ဘုရင်စနစ်များ မည်ကဲ့သို့ဖြုတ်ချခံခဲ့ရကြောင်း ရည်ညွှန်းရေးသားသည့် ဖေ့စ်ဘွတ်ခ်တွင်တင်ထားသည့် ပို့စ်များ ကြောင့် CCA အရ အဖမ်းခံရပြီး ထိန်းသိမ်းခံခဲ့ရသည်။ ထိုင်းတော်ဝင်မိသားစု၏ မော်တော် ယာဉ်တန်းကြောင့် ဘန်ကောက်တွင် ယာဉ်ကြောပိတ်ဆို့ခြင်းအပေါ် အင်တာနက်အသုံးပြုသူများ၏ မကျေနပ်မှုကို ထုတ်ဖော်ပြခဲ့ကြသည့် တွစ်တာ စာသားများ (hashtag) ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့ခဲ့ပြီးနောက်ပိုင်း မကြာမီတွင် သူ၏ပို့စ်တက်လာခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးခြင်းကို ကြေညာရာတွင် ရဲတပ်ဖွဲ့သည် တက်ကြွလှုပ်ရှားသူ၏ ဖေ့စ်ဘွတ်ခ်ပို့စ်များနှင့် လူပြောများနေသော တွစ်တာ စာသားများ (hashtag) အကြားဆက်သွယ်မှုရှိသည်ဟု "လွန်ခဲ့သော အပတ်က မကောင်းသော တက်ကြွလှုပ်ရှားသူများသည် လူမှုကွန်ယက်များတွင် မသင့်လျော်သော စာသားများ (hashtags) များကို စတင်ခဲ့ပြီး၊ ရလဒ်အနေဖြင့် မုန်းတီးမှုကို နှိုးဆော်ပေးသည့် မသင့်လျော်သောအကြောင်းအရာများကို ဖေ့စ်ဘွတ်တွင် တင်နေသည့်သူကို ဖမ်းဆီးခဲ့သည်" ဟူ၍ ဖော်ပြကာ အကြွင်းမဲ့ ရည်ညွှန်းပြောဆိုခဲ့သည်။[215]

Karn သည် အလားတူအကြောင်းအရာများကို အွန်လိုင်းပေါ်တွင် ထပ်မံမတင်ရန် အခြေအနေ များဖြင့် အာမခံဖြင့် ပြန်လည်လွတ်မြောက်ခဲ့သည်။[216]

### ***Vichai ၏ဖြစ်ရပ်***

၂၀၁၇ ခုနှစ်၊ ဇွန်လတွင် အာမခံအရောင်းသမားဟောင်းတစ်ဦးဖြစ်သည့် **Vichai** သည် ဖေ့စ်ဘွတ်ပေါ်တွင် ဘုရင်စနစ်ကိုစော်ကားသည်ဟု မှတ်ယူနိုင်သည့် ဓာတ်ပုံများနှင့် စာသားများ အပါအဝင် သတင်းအချက်အလက်များကို ပို့စ်တင်ခြင်း ၁၀ ကြိမ်ပြုလုပ်ခဲ့ခြင်းဖြင့် အပြစ်ရှိကြောင်း တွေ့ရှိခဲ့ရပြီးနောက် ပုဒ်မ ၁၁၂ နှင့် CCA အရ မင်းမျိုးမင်းနွယ်များအားစော်ကားမှု ပြစ်မှုတစ်ခုအတွက် မှတ်တမ်းတင်ထားသမျှတွင် အမြင့်ဆုံးဖြစ်သည့် ထောင်ဒဏ် ၃၅ နှစ် ချမှတ်ခံခဲ့ရသည်။

---

[215] Reuters ၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၈ရက်။

[216] Bangkok Post ၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၈ရက်။

Vichai ကိုချင်းမိုင်ခရိုင်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သော်လည်း ဘန်ကောက်စစ်ဘက်တရားရုံးတွင် ကင်မရာမှ တဆင့် သူ၏ပြစ်ဒဏ်ကို စီရင်ချက်ချခဲ့သည်။[217]

သူသည် ထောင်ဒဏ်အနှစ် ၇၀ - ပို့စ်တစ်ကြိမ်လျှင် ၇ နှစ်စီဖြင့် ထောင်ဒဏ်ချမှတ်ခံခဲ့ရပြီး တရားခွင်တွင် အပြစ်ရှိကြောင်း ဝန်ခံထွက်ဆိုခဲ့ပြီးနောက် ပြစ်ဒဏ်၏ တစ်ဝက် လျှော့ချခံခဲ့ရသည်။

***Jatupat Boonpatararaksa (Pai Dao Din) ၏ဖြစ်ရပ်***

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျောင်းသား တက်ကြွလှုပ်ရှားသူနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူဖြစ်သည့် **'Pai Dao Din'** သို့မဟုတ် 'Pai' ဟုလည်း လူသိများသော Jatupat Boonpatararaksa သည် သူ၏ဖေ့စ်ဘွတ်ခ်တွင် ဘုရင်မင်းမြတ်နှင့် သက်ဆိုင်သော ဘီဘီစီ ထိုင်း သတင်း၏ ဆောင်းပါးကို 'မျှဝေ' မှုဖြင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ ထို့နောက် သူ၏အမှုမှာ "ထိခိုက်လွယ်ပြီး" " နိုင်ငံတော်လုံခြုံရေးနှင့် သက်ဆိုင်နေပြီး အများပြည်သူလုံခြုံရေးနှင့် အမိန့်ညွှန်ကြားချက်ကို ကြီးမားသောခြိမ်းခြောက်မှု ဖြစ်စေနိုင်သည်" ဟူသောအခြေခံပေါ်မူတည်၍ သူသည် ရဲစခန်းတစ်ခုမှတစ်ခုသို့ ဖမ်းဆီးထိန်းသိမ်းထားရန်နှင့် စစ်ဆေးမေးမြန်းရန် ရွှေ့ပြောင်းခြင်းခံခဲ့ရသည်။[218]

၂၀၁၇ ခုနှစ် ဩဂုတ်လတွင် Pai သည် ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၁၂ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထောင်ဒဏ် ၅ နှစ်ချမှတ်ခံခဲ့ရပြီး

[217] Bangkok Post ၊ 'မင်းမျိုးမင်းနွယ်များအားစော်ကားမှု အတွက် အမြင့်ဆုံး ထောင်ဒဏ်ပြစ်ဒဏ်' ၂၀၁၇ ခုနှစ် ဇွန်လ ၉ ရက်၊ https://www.bangkokpost.com/thailand/general/1265778/longest-prison-sentence-ever-for-lese-majeste တွင်ကြည့်ရှုနိုင်သည်။ OHCHR ၊ ၂၀၁၇ ခုနှစ် ဇွန်လ ၁၃ ရက်။

[218] လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ အခြေအနေနှင့် စပ်လျဉ်းသည့် ထိုင်းနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်များထံမှ ထိုင်းနိုင်ငံအစိုးရသို့ ဆက်သွယ်ရေးအမှတ် THA ၁/၂၀၁၇ ၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၄ ရက် ၊ https://spcommreports.ohchr.org/TMResultsBase/DownLoadPublicCommunicationFile?gId=22947 တွင်ကြည့်ရှုနိုင်သည်။ Human Rights Watch ၊ ' "ထုတ်ဖော်ပြောဆိုခြင်း"သည် အလွန်အန္တရာယ်ရှိသည် - ထိုင်းနိုင်ငံတွင် ငြိမ်းချမ်းစွာ ထုတ်ဖော်ပြောဆိုမှုကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ခြင်း'၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ၊ ('HRW, October 2019') စာမျက်နှာ ၉၄ ၊ https://www.hrw.org/report/2019/10/24/speak-out-dangerous/criminalization-peaceful-expression-thailand တွင်ကြည့်ရှုနိုင်သည်။

အပြစ်ရှိကြောင်း အသနားခံတောင်းပန်ခဲ့ပြီးနောက် နှစ်နှစ်ခွဲအထိ လျှော့ချပေးခဲ့သည်။ Boonpatararaksa သည် တရားခွင်မစတင်မီ၂၀၁၆ ခုနှစ်ဒီဇင်ဘာ ၂၂ ရက်ကတည်းက ထိန်းသိမ်းထားခြင်းခံခဲ့ရသည်။[219] ၂၀၁၉ ခုနှစ် မေလတွင် Pai သည် ဘုရင်မင်းမြတ်၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လွတ်လာခဲ့သည်။[220]

***Thanakorn ၏ဖြစ်ရပ်***

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် စက်ရုံအလုပ်သမားတစ်ယောက်ဖြစ်သူ **Thanakorn** သည် မင်းမျိုး မင်းနွယ်များအားစော်ကားသည့် အကြောင်းအရာများပါဝင်သည်ဟု စွပ်စွဲထားသည့် ဖေ့စ်ဘွတ်ခ် စာမျက်နှာအား 'ကြိုက်နှစ်သက်ကြောင်းပြသမှု' နှင့် ဘုရင်မင်းမြတ်၏ခွေးကို 'ထေ့ငေါ့' နှင့် 'အသရေဖျက်' သည်ဟု ယူဆရသော အကြောင်းအရာကို ဖေ့စ်ဘွတ်ခ်တွင်မျှဝေခြင်းတို့အတွက်Samut Prakan ခရိုင်ရှိ သူ၏အိမ်တွင်ဖမ်းဆီးခံခဲ့ရသည်။[221]

---

219 လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ အခြေအနေနှင့် စပ်လျဉ်းသည့် ထိုင်းနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်များထံမှ ထိုင်းနိုင်ငံအစိုးရသို့ ဆက်သွယ်ရေးအမှတ် THA ၇/၂၀၁၇ ၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက် ၊ https://spcommreports.ohchr.org/TMResultsBase/DownLoadPublicCommunicationFile?gId=23525 တွင်ကြည့်ရှုနိုင်သည်။

220 The Nation ၊ 'Pai Dao Din သည် ဘုရင်မင်းမြတ်၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် စောစျွလွတ်လာခဲ့သည်' ၊ ၂၀၁၉ ခုနှစ် မေလ ၁၀ ရက် ၊ https://www.nationmultimedia.com/detail/breakingnews/30369158 တွင်ကြည့်ရှုနိုင်သည်။

221 နိုင်ငံတော် ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေးကောင်စီ၏ ဥပဒေရေးရာအရာရှိ ဖြစ်သူ ဗိုလ်မှူးကြီး Burin Thongprapai သည် 'ဒီဇင်ဘာလ ၂ ရက်နေ့တွင် သူသည် မမှန်မကန်ပြုပြင်ထားသည့် ဘုရင်၏ ဓာတ်ပုံပေါ်တွင် ''ကြိုက်နှစ်သက်ကြောင်း' ခလုတ်ကိုနှိပ်ကာ သူငယ်ချင်း ၆၀၈ ယောက်ကို ဝေမျှခဲ့သည်' ဟုဖော်ပြခဲ့သည်။ Bangkok Post ၊ 'ဖေ့စ်ဘွတ်ခ် အသုံးပြုသူသည် 'ကြိုက်နှစ်သက်ကြောင်း'ခလုတ်ကို နှိပ်ခြင်းဖြင့် ထောင်ဒဏ် ၃၂ နှစ်ကျခံရမည့်အရေးကို ရင်ဆိုင်ရသည်'၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက် ၊ https://www.bangkokpost.com/thailand/politics/790833/facebook-user-faces-32-years-in-prison-for-clicking-like တွင်ကြည့်ရှုနိုင်သည်။

သူသည် အဖမ်းခံခဲ့ရပြီးနောက် မည်သူနှင့်မှ ဆက်သွယ်ခွင့်မရခဲ့ပဲ စစ်တပ်အချုပ်ခန်းတွင် ထိန်းသိမ်းခံခဲ့ရသည်။[222]

Thanakorn သည် ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၂ နှင့် CCA အရ တရားစွဲဆိုခံခဲ့ရပြီး Rajabhakti ပန်းခြံကို ဖော်ဆောင်ဖန်တီးခဲ့ရာတွင် အဆင့်မြင့်စစ်တပ်အရာရှိများ၏ အကျင့်ပျက် ခြစားမှုများကို စွပ်စွဲထားသော သတင်းအချက်အလက်များကို သူ၏ ဖေ့စ်ဘွတ်ခ်အကောင့်တွင် ပို့စ်တင်ခဲ့ခြင်းအတွက်လည်း ပုဒ်မပုဒ်မ ၁၁၆ အရ နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုဖြင့် စွဲချက် တင်ခံခဲ့ရသည်။[223] သူသည် စွဲချက်များအရ စုစုပေါင်း ထောင်ဒဏ် ၃၇ နှစ်အထိ ချမှတ်ခံရမည့် အရေးနှင့် ရင်ဆိုင်ရသည်။[224]

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် Samut Prakan ခရိုင်တရားရုံးသည် သူ၏အမှုမှာ 'နိုင်ငံတော် လုံခြုံရေး' နှင့်သက်ဆိုင်နေသောကြောင့် စစ်ဘက်တရားရုံးတွင် ကြားနာစစ်ဆေးရန် ဆုံးဖြတ်ခဲ့သည်။ ၂၀၁၇ ခုနှစ်၊ ဇွန်လတွင် သူ၏အမှုအား အရပ်ဘက်တရားရုံးတွင် ကြားနာစစ်ဆေးရန်အတွက် နောက်ဆုံးအယူခံသည် ပယ်ချခံခဲ့ရသည်။[225] စစ်ဘက်တရားရုံးများတွင် အရပ်သားများကို တရား စီရင်မှုကို အဆုံးသတ်ရန်၂၀၁၉ ခုနှစ်တွင်

---

[222] Human Rights Watch ၊ ' ထိုင်းနိုင်ငံ ၊ စစ်အစိုးရကို ဝေဖန်သူများ 'ပျောက်ကွယ်သွားမည်'ကို စိုးရိမ်နေရသည်' ၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်၊ https://www.hrw.org/news/2015/12/11/thailand-junta-critic-feared-disappeared တွင်ကြည့်ရှုနိုင်သည်။

[223] (ထိုင်းနိုင်ငံ) TLHR ၊ ၂၀၁၆ ခုနှစ်၊ https://tlhr2014.wordpress.com/2016/03/08/like112/ တွင်ကြည့်ရှုနိုင်သည်။

[224] Prachatai English ၊ 'နတ်ရွာစံခဲ့ပြီဖြစ်သော ဘုရင်မင်းမြတ်၏ ခွေးကိုလှောင်ပြောင်သည်ဟု စွပ်စွဲခံရသည့် အမျိုးသားအား စစ်ဘက်တရားရုံးတွင် စစ်ဆေးခံရန်ရှိ'၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်၊ https://prachatai.com/english/node/6748 တွင်ကြည့်ရှုနိုင်သည်။Prachatai English ၊ 'နတ်ရွာစံခဲ့ပြီဖြစ်သော ဘုရင်မင်းမြတ်၏ ခွေးကိုလှောင်ပြောင်သည်ဟု စွပ်စွဲခံရသည့် အမျိုးသားသည် စစ်ဘက်တရားရုံးတွင် တရားရင်ဆိုင်ရမည်'၊ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၇ ရက် ၊ https://prachatai.com/english/node/7240 တွင်ကြည့်ရှုနိုင်သည်။

[225] Prachatai English ၊ 'နတ်ရွာစံခဲ့ပြီဖြစ်သော ဘုရင်မင်းမြတ်၏ ခွေးကိုလှောင်ပြောင်သည်ဟု စွပ်စွဲခံရသည့် အမျိုးသားအား စစ်ဘက်တရားရုံးတွင် စစ်ဆေးခံရန်ရှိ'၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်၊ https://prachatai.com/english/node/6748 တွင်ကြည့်ရှုနိုင်သည်။

ဝန်ကြီးချုပ်၏အမိန့်ထွက်ပေါ်လာခဲ့သောကြောင့် သူ၏အမှုကိုလည်း အရပ်ဘက်တရားရုံးသို့ လွှဲပြောင်းဖွယ်ရှိနေသည်။

ယခင်အာမခံတောင်းဆိုမှုများ အကြိမ်ကြိမ်ငြင်းပယ် ခံခဲ့ရပြီးသည့်နောက် Thanakorn သည် ၃ လကြာထိန်းသိမ်းခံခဲ့ရပြီး နောက်ပိုင်းတွင် အာမခံဖြင့်ပြန်လွတ်လာခဲ့သည်။[226]

***Thiansutham ၊ Sasiwimol နှင့် Phongsak တို့၏ဖြစ်ရပ်***

၂၀၁၅ ခုနှစ်၊ မတ်လတွင် စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်သူ **Thiansutham** သည် သက်ဦးဆံပိုင်ဘုရင်စနစ်ကို စော်ကားသည်ဟု ယူဆရသော ဖေ့စ်ဘွတ်ခ်ပေါ်တွင် တင်ခဲ့သည့် ပို့စ် ၅ ခုကြောင့် ပုဒ်မ ၁၁၂ နှင့် CCA အရ ထောင်ဒဏ် ၂၅ နှစ်ချမှတ်ခံခဲ့ရသည်။ သူ့အား ပို့စ်တစ်ခုစီအတွက် ထောင်ဒဏ် ၁၀ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့ပြီး တရားခွင်တွင် အပြစ်ရှိကြောင်း သူဝန်ခံခဲ့ပြီးနောက် ပြစ်ဒဏ် ထက်ဝက်ကို လျှော့ချပေးခဲ့သည်။

Thiansutham အား ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ဖမ်းဆီးခံခဲ့ရပြီး ရဲတပ်ဖွဲ့မှ သူ့ကိုစွဲချက်တင်ခြင်းမပြုမီတွင် စစ်တပ်အခြေစိုက်စခန်းတစ်ခုတွင် စစ်ဆေးမေးမြန်းရန် ထိန်းသိမ်းခံခဲ့ရသည်။[227] သူ၏အမှုကြားနာခြင်းအား ဘန်ကောက်စစ်ဘက်တရားရုံးတွင် ကင်မရာမှတဆင့် ပြုလုပ်ခဲ့သည်။[228]

၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် ဟိုတယ်ဝန်ထမ်း တစ်ဦးနှင့် ကလေးနှစ်ယောက်မိခင်ဖြစ်သူ **Sasiwimol** သည် သက်ဦးဆံပိုင်ဘုရင်စနစ်ကို စော်ကားသည်ဟု ယူဆရသော ဖေ့စ်ဘွတ်ခ်ပေါ်တွင် တင်ခဲ့သည့် ပို့စ် ၇ ခုကြောင့် ပုဒ်မ ၁၁၂ နှင့် CCA အရ ထောင်ဒဏ် ၅၆

[226] PPT ၊ Thanakorn Siripaiboon

[227] Bangkok Post ၊ "စစ်ဘက်တရားရုံးမှ အမျိုးသားတစ်ဦးအား မင်းမျိုးမင်းနွယ်များအားစော်ကားမှုဖြင့် ထောင် ၂၅ နှစ် ချမှတ်သည်' ၊ ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်၊ https://www.bangkokpost.com/thailand/general/514187/military-court-jails-man-for-25-yearsover-lese-majeste တွင်ကြည့်ရှုနိုင်သည်။

[228] Bangkok Post ၊ 'ဖေ့စ်ဘွတ်ခ် အသုံးပြုသူသည် ထောင်ဒဏ် ၂၅ နှစ်ပြစ်ဒဏ်ရရှိခဲ့သည်' ၊ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက် ၊ https://www.bangkokpost.com/thailand/general/513735/facebook-user-gets-25-years-in-jail တွင်ကြည့်ရှုနိုင်သည်။ OHCHR ၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက် ။BBC ၊ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက်။

နှစ်ချမှတ်ခံခဲ့ရသည်။ သူမသည် ပို့စ်တစ်ခုစီအတွက် ထောင်ဒဏ် ၈ နှစ် ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး တရားခွင်တွင် အပြစ်ရှိကြောင်း သူမဝန်ခံခဲ့ပြီးနောက် ပြစ်ဒဏ်ထက်ဝက်ကို လျှော့ချပေးခဲ့သည်။ သူမ၏အမှုကြားနာခြင်းအား ချင်းမိုင်စစ်ဘက်တရားရုံးတွင် ကင်မရာမှတဆင့် ပြုလုပ်ခဲ့သည်။[229]

၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် ခရီးသွားလုပ်ငန်းရှင် **Phongsak Sribunpeng** သည် သက်ဦးဆံပိုင် ဘုရင်စနစ်ကို စော်ကားသည်ဟု ယူဆရသော ဖေ့စ်ဘွတ်ခ်ပေါ်တွင် တင်ခဲ့သည့် ပို့စ် ၆ ခုကြောင့် ပုဒ်မ ၁၁၂ နှင့် CCA အရ ထောင်ဒဏ် ၃၀ နှစ်ချမှတ်ခံခဲ့ရသည်။ Phongsak သည် ပို့စ်တစ်ခုစီအတွက် ထောင်ဒဏ် ၁၀ နှစ် ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး အငြင်းပွားဖွယ်ရာ ထောင်ဒဏ် ၆၀ နှစ်ချမှတ်ခံခဲ့ရသည်။ တရားခွင်တွင် အပြစ်ရှိကြောင်း သူဝန်ခံခဲ့ပြီးနောက် ထိုပြစ်ဒဏ်၏ ထက်ဝက်ကို လျှော့ချပေးခဲ့သည်။ Phongsak ၏အမှု ကြားနာခြင်းကို တွင် စစ်ခုံရုံးတစ်ခုတွင် ကင်မရာမှတဆင့် ပြုလုပ်ခဲ့သည်။[230]

၂၀၁၇ ခုနှစ်တွင် တရားလက်လွတ်ဖမ်းဆီးချုပ်နှောင်ခြင်းဆိုင်ရာ ကုလသမဂ္ဂ အလုပ်အမှုဆောင်အဖွဲ့သည် Thiansutham ၊ Sasiwimol နှင့် Phongsak တို့၏ လွတ်လပ်ခွင့်ဆုံးရှုံးရခြင်းများသည် "တရားလက်လွတ်ဖြစ်သည်" နှင့် " လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် နှင့် တရားမျှတသော တရားစီရင်မှုကို ရရှိပိုင်ခွင့်" ချိုးဖောက်မှုများကိုဖြစ်ပေါ်စေခဲ့ခြင်းတို့ကို ကိုတွေ့ရှိခဲ့သည်။[231]

---

229 ထိုင်းနိုင်ငံတွင် နိုင်ငံရေး အကျဉ်းသားများ ၊ 'Sasiwimol' ၊ https://thaipoliticalprisoners.wordpress.com/decidedcases/sasiwimol/ တွင်ကြည့်ရှုနိုင်သည်။ OHCHR ၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ။ BBC ၊ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက်။

230 ထိုင်းနိုင်ငံတွင် နိုင်ငံရေး အကျဉ်းသားများ ၊ 'Phongsak' ၊ https://thaipoliticalprisoners.wordpress.com/decidedcases/pongsak-s/ တွင်ကြည့်ရှုနိုင်သည်။ OHCHR ၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ။ BBC News ၊'ဘုရင်မင်းမြတ်အား စော်ကားမှုအတွက် ထိုင်းတရားရုံးမှ စံချိန်တင်ထောင်ဒဏ်ချမှတ်ခဲ့သည်'၊ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက် ('BBC, 7 August 2015') https://www.bbc.com/news/world-asia-33819814 တွင်ကြည့်ရှုနိုင်သည်။

231 တရားလက်လွတ်ဖမ်းဆီးချုပ်နှောင်ခြင်းဆိုင်ရာ ကုလသမဂ္ဂ အလုပ်အမှုဆောင်အဖွဲ့ ၊'Pongsak Sriboonpeng (ထိုင်းနိုင်ငံ)နှင့်စပ်လျဉ်းသည့် ထင်မြင်ယူဆချက် အမှတ် ၄၄/၂၀၁၆၊ A/HRC/WGAD/2016/44 ၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်၊ https://www.ohchr.org/Documents/Issues/Detention/Opinions/Session77/A-HRC-WGAD-2016-44_en.pdf တွင်ကြည့်ရှုနိုင်သည်။ တရားလက်လွတ်ဖမ်းဆီးချုပ်နှောင်ခြင်းဆိုင်ရာ ကုလသမဂ္ဂ အလုပ်အမှုဆောင်အဖွဲ့ ၊'Sasiphimon Patomwongfangam (ထိုင်းနိုင်ငံ)နှင့်စပ်လျဉ်းသည့် ထင်မြင်ယူဆချက် အမှတ် ၅၁/၂၀၁၇၊ A/HRC/WGAD/2017/51 ၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၃ ရက် ၊ https://www.ohchr.org/Documents/Issues/Detention/Opinions/Session79/A_HRC_WGAD_2017_51.pdf

## ကမ္ဘောဒီးယားနိုင်ငံ

ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၁၈ ခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုနှင့် တရားဥပဒေစိုးမိုးမှုများ သိသိသာသာ ယိုယွင်းပျက်စီးနေစဉ်အတွင်း မင်းမျိုးမင်းနွယ်များအား စော်ကားသည့် ရာဇဝတ်မှု ကျူးလွန်ခြင်းအား ကမ္ဘောဒီးယားနိုင်ငံ၏ ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေထဲသို့စတင်ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။[232] ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြည်တွင်းသီးသန့်နှင့် မြန်ဆန်စွာ ပြန်လည်သုံးသပ်မှုပြုလုပ်ပြီးနောက် ကမ္ဘောဒီးယားအစိုးရသည် လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် လွတ်လပ်စွာစုဝေးခွင့်ကို လက်သင့်မခံနိုင်သော ကန့်သတ်ချက်များကို ချမှတ်ထားသည့် အခြားဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းများနှင့်အတူ မင်းမျိုးမင်းနွယ်များအား စော်ကားခြင်းဆိုင်ရာ ဥပဒေသစ်ကို စတင်မိတ်ဆက်ခဲ့သည်။[233]

**ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ** ပုဒ်မ ၄၃၇ အရ မင်းမျိုးမင်းနွယ်များအား စော်ကားခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်သည် အာဏာရ ကမ္ဘောဒီးယားပြည်သူ့ပါတီမှ (ထိုပါတီမှ သောင်ပြိုကမ်းပြို အပြတ်အသတ်ဖြင့် အနိုင်ရခဲ့သည့်) ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲများကာလဝန်းကျင်တွင် အခြေခံ လွတ်လပ်ခွင့်များကို ကန့်သတ်ရန်အတွက်

---

တွင်ကြည့်ရှုနိုင်သည်။ တရားလက်လွတ်ဖမ်းဆီးချုပ်နှောင်ခြင်းဆိုင်ရာ ကုလသမဂ္ဂ အလုပ်အမှုဆောင်အဖွဲ့ ၊'Thiansutham Suthijitseranee (ထိုင်းနိုင်ငံ)နှင့်စပ်လျဉ်းသည့် ထင်မြင်ယူဆချက် အမှတ် ၅၆/၂၀၁၇၊ A/HRC/WGAD/2017/56၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၃ ရက် ၊ https://www.ohchr.org/Documents/Issues/Detention/Opinions/Session79/A_HRC_WGAD_2017_56.pdf တွင်ကြည့်ရှုနိုင်သည်။

232 ICJ ၊ 'ဥပဒေအလွဲသုံးစားပြုခြင်းသည် ကမ္ဘောဒီးယားနိုင်ငံကို ရေရှည်တွင်ထိခိုက်စေလိမ့်မည်' ၊ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၆ ရက်၊ https://www.icj.org/misuse-of-law-will-do-long-term-damage-to-cambodia/ တွင်ကြည့်ရှုနိုင်သည်။ ICJ ၊ 'ကမ္ဘောဒီးယားနိုင်ငံ - လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေး အခြေအနေ ဆိုးရွားလာခြင်း (ကုလသမဂ္ဂ ထုတ်ပြန်ချက်)၊ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၇ ရက်၊ https://www.icj.org/hrc38-cambodia/ ; ICJ, 'Cambodia: weaponization of the law (UN Statement)', 22 March 2018, Available at: https://www.icj.org/hrc37cambodia/ တွင်ကြည့်ရှုနိုင်သည်။

233 ICJ ၊ 'ကမ္ဘောဒီးယားနိုင်ငံ၏ ကာလအပိုင်းအခြားအလိုက် ပြန်လည်သုံးသပ်ခြင်းအပေါ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ကော်မရှင်၏ တင်ပြချက်' ၊ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၂ ရက်၊ စာပိုဒ် ၁၂၊ https://www.icj.org/wp-content/uploads/2018/07/Cambodia-UPR-Advocacy-Non-legal-submission-July-2018-ENG.pdf တွင်ကြည့်ရှုနိုင်သည်။

အတည်ပြုခဲ့သည့် ပြဿနာများစွာဖြစ်စေသော ဥပဒေရေးရာအစီအမံများထဲမှ တစ်ခုဖြစ်သည်။[234] ပုဒ်မ ၄၃၇ သည် 'ဘုရင်မင်းမြတ်ကို စော်ကားခြင်း အား' ထောင်ဒဏ် (၅) နှစ်အထိ (သို့မဟုတ်) ငွေဒဏ် ရီယယ်လ် ၁၀ သန်း (ခန့်မှန်းချေ အမေရိကန် ဒေါ်လာ ၂,၄၆၀) သို့မဟုတ် ဒဏ်နှစ်ရပ်လုံးဖြင့် ပြစ်ဒဏ်ချမှတ်နိုင်သည်။[235] အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် မီဒီယာအဖွဲ့အစည်းများ အပါအဝင် ထိုဥပဒေကိုချိုးဖောက်သည့် တရားဝင်အဖွဲ့အစည်းများသည် ၎င်းတို့၏လုပ်ငန်းဆောင်ရွက်မှုများကို ပိတ်ပင်ခြင်း၊ ရီယယ်လ် ၁၀ သန်းမှ သန်း ၅၀ (အမေရိကန်ဒေါ်လာ ၂,၄၆၀ မှအမေရိကန်ဒေါ်လာ ၁၂,၃၀၀) အထိဒဏ်ငွေ ချမှတ်ခြင်း နှင့်/သို့မဟုတ် ဖျက်သိမ်းခြင်းတို့ကို ခံရနိုင်သည်။[236]

| ***Kheang Navy* ၏ဖြစ်ရပ်** |
|---|

[234] ICJ ၊ 'ကမ္ဘောဒီးယားနိုင်ငံ - မင်းမျိုးမင်းနွယ်များအား စော်ကားမှုဆိုင်ရာ ဥပဒေများကို စတင်မိတ်ဆက်ရန် ကြိုးပမ်းမှုများကို ရပ်တန့်ပါ'၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်၊ https://www.icj.org/cambodia-end-efforts-to-introduce-lese-majeste-law / တွင်ကြည့်ရှုနိုင်သည်။ Human Rights Watch ၊ 'ကမ္ဘောဒီးယားနိုင်ငံ - ဇူလိုင်လ ၂၉ရက်နေ့ ရွေးကောက်ပွဲ ရိုးသားမှုမရှိ' ၊ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၅ ရက်၊ https://www.hrw.org/news/2018/07/25/cambodia-july-29-elections-not-genuine-0 တွင်ကြည့်ရှုနိုင်သည်။ Amnesty International ၊ 'ကမ္ဘောဒီးယားနိုင်ငံ - ပထမဦးဆုံး "တော်ဝင်မျိုးနွယ်အား စော်ကားမှု" ပြစ်ဒဏ်စီရင်ခြင်းသည် အစိုးရအတွက် အသစ်သော အနိမ့်တစ်ခု' ၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၅ ရက် ၊ https://www.amnesty.org/en/latest/news/2018/10/cambodia-first-royal-insult-conviction-a-new-low-forgovernment/ တွင်ကြည့်ရှုနိုင်သည်။

[235] Leonie Kijewski ၊ Soth Koemsoeun ၊ 'အမျိုးသားညီလာခံသည် မင်းမျိုးမင်းနွယ်များအား စော်ကားမှုဆိုင်ရာ ဥပဒေကို အတည်ပြုပြီး လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ကို ကန့်သတ်သည်' ၊ Phnom Penh Post ၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက် ၊ https://www.phnompenhpost.com/nationalpolitics/national-assembly-passes-lese-majeste-lawlimits-freedom-association တွင်ကြည့်ရှုနိုင်သည်။

[236] Ben Sokhean နှင့် Andrew Nachemson ၊ 'ပြင်ဆင်ချက်များနှင့် ပတ်သက်၍ ကုလသမဂ္ဂမှ စိုးရိမ်မှုများမြင့်တက်သကဲ့သို့ပင် အစိုးရသည် မင်းမျိုးမင်းနွယ်များအား စော်ကားမှုဆိုင်ရာ ဥပဒေသစ်ကို မီဒီယာများအပေါ်ကျင့်သုံးမည်ဟု ပြောကြားသည်' ၊ Phnom Penh Post ၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက် ၊ https://www.phnompenhpost.com/national/un-raises-concerns-over-amendments-governmentsays-newlese-majeste-law-will-apply-media တွင်ကြည့်ရှုနိုင်သည်။ Niem Chheng ၊ Andrew Nachemson ၊ 'မင်းမျိုးမင်းနွယ်များအား စော်ကားမှုဆိုင်ရာ ဥပဒေသည် လက်ရှိတွင် သက်ရောက်မှုရှိနေပြီဖြစ်သည်' ၊ Phnom Penh Post ၊ ၂၀၁၈ခုနှစ် မတ်လ ၅ ရက် ၊ https://www.phnompenhpost.com/national-politics/lesemajeste-law-now-effect တွင်ကြည့်ရှုနိုင်သည်။

၂၀၁၈ ခုနှစ်၊ မေလတွင် အသက် ၅၀ အရွယ် မူလတန်းကျောင်းအုပ်ဆရာဖြစ်သူ **Kheang Navy** သည် ဖေ့စ်ဘွတ်တွင် ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲမတိုင်မီက အဓိက အတိုက်အခံ နိုင်ငံရေးပါတီ ဖြစ်သည့် ကမ္ဘောဒီးယား အမျိုးသား ကယ်ဆယ်ရေးပါတီ (CNRP) ဖျက်သိမ်းခံရခြင်းနှင့် ဘုရင်မင်းမြတ်အကြား ဆက်နွယ်မှုကို စွပ်စွဲအယုံသွင်းထားသည့် မှတ်ချက်များ ရေးသားခဲ့ခြင်း အတွက် ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေမှ ပုဒ်မ ၄၃၇ ဖြင့် ဖမ်းဆီးကာ ထိန်းသိမ်းခြင်းခံခဲ့ရသည်။[237]

Navy သည် သူ၏ဥပဒေရေးရာ အကူအညီရယူပိုင်ခွင့်ကို ချိုးဖောက်ခံရကာ ရှေ့နေမပါဘဲ နာရီပေါင်းများစွာ မေးမြန်းခံခဲ့ရပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ဆိုင်းငံ့ထောင်ဒဏ် ၁၈ လနှင့်အတူ ထောင်ဒဏ်နှစ်နှစ်ချမှတ်ခံခဲ့ရသည့်အချိန်ထိ တရားခွင်မတိုင်မီ ဖမ်းဆီးချုပ်နှောင်ထားခြင်း ခံခဲ့ရသည်။[238]

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် Navy ပြန်လည်လွတ်မြောက်လာခဲ့သည်။[239]

### ***Ban Samphy ၏ဖြစ်ရပ်***

၂၀၁၈ ခုနှစ်၊ မေလတွင် ကမ္ဘောဒီးယား အမျိုးသား ကယ်ဆယ်ရေးပါတီ (CNRP) ၏ အသက် ၇၀ အရွယ်ရှိ ခရိုင်အဆင့် ခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သူ **Ban Samphy** သည် ဝန်ကြီးချုပ်ဟွန်ဆန်နှင့် သူ၏ဇနီး နှင့် ဘုရင်မင်းမြတ်၏ရုပ်ပုံနှင့်အတူ ရေကြီးမှုဒဏ်ကိုခံစားခဲ့ရသော ဒေါသထွက်နေသည့် ရွာသားများ၏ဗီဒီယိုကလစ်ပါဝင်သည့် ဘုရင်မင်းမြတ်အား ဝေဖန်သည်ဟု စွပ်စွဲထားသော ဖေ့စ်ဘွတ်ခ်ပို့စ်တစ်ခုကို မျှဝေခဲ့ခြင်းကြောင့်

---

[237] Kim Sarom ၊ 'မင်းမျိုးမင်းနွယ်များအားစော်ကားမှု အကျဉ်းသား လွတ်မြောက်မှုမရှိသေး'၊ Phnom Penh Post ၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက် ၊ https://www.phnompenhpost.com/national/lese-majeste-convict-not-free တွင်ကြည့်ရှုနိုင်သည်။

[238] Human Rights Watch ၊ 'ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံရေး အကျဉ်းသားများ'၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၊ ('HRW Political Prisoners page 2019') https://www.hrw.org/video-photos/interactive/2019/10/20/politicalprisoners-cambodia တွင်ကြည့်ရှုနိုင်သည်။

[239] Ibid

ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေမှု ပုဒ်မ ၄၃၇ ဖြင့် ဖမ်းဆီးကာ တရားစွဲဆိုခံခဲ့ရသည်။ သူ၏ ပို့စ်တွင် လက်ရှိဘုရင်မင်းမြတ်ကို ယခင်ကမ္ဘောဒီးယား ဘုရင်ဟောင်းများနှင့် နှိုင်းယှဉ်ပြခဲ့သေးသည်။[240]

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် Samphy သည် ဆိုင်းငံ့ထောင်ဒဏ် ၅ လနှင့်အတူ ထောင်ဒဏ်တစ်နှစ်ချမှတ်ခံခဲ့ရသည်။ သို့သော်လည်း ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် Samphy အပေါ် ပိုမိုရှည်လျားသော ပြစ်ဒဏ်ချမှတ်ရန် ဒုတိယတရားလိုရှေ့နေမှ အယူခံတင်သွင်းခဲ့ပြီးနောက် တရားရုံးတွင် အယူခံကြားနာမှုကို Samphy မပါဝင်ဘဲ သူ၏အမှုကြားနာမှုတွင် တက်ရောက် ပါဝင်နိုင်ရန် တရားမျှတသော တရားစီရင်ခွင့်ကို ရပိုင်ခွင့်အား ချိုးဖောက်လျှက် ပြုလုပ်ခဲ့သည်။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တရားရုံးသည် သူ့အား ဆိုင်းငံ့ထောင်ဒဏ် ၂ လနှင့်အတူ ထောင်ဒဏ်တစ်နှစ်ချမှတ်ခဲ့သည်။[241]

၂၀၁၉ ခုနှစ် မတ်လတွင် Samphy ပြန်လည်လွတ်မြောက်လာခဲ့သည်။[242]

## <u>မလေးရှားနိုင်ငံ</u>

မလေးရှားနိုင်ငံတွင် အာဏာပိုင်များသည် အွန်လိုင်းစာမျက်နှာများပေါ်မှ သက်ဦးဆံပိုင်ဘုရင် စနစ်အား ဝေဖန်မှုများကို ထိန်းချုပ်ရန်အတွက် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုဆိုင်ရာ ဥပဒေများနှင့် အွန်လိုင်းဆက်သွယ်ရေးကို ထိန်းကျောင်းသည့်ဥပဒေများကို အသုံးပြုခဲ့သည်။ ဤစာတမ်း၏ အပိုင်း ၃ (၃) နှင့် (၃) (၄) တွင် ဖော်ပြမည့်အတိုင်း ဤဥပဒေများ - **၁၉၄၈ ခုနှစ် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေ**နှင့် ၁၉၉၈ **ဆက်သွယ်ရေးနှင့် မာလ်တီမီဒီယာ အက်ဥပဒေ ပုဒ်မ ၂၃၃ ('CMA')** - သည် ၎င်းတို့ကိုယ်တိုင်

240 LICADHO ၊ ကမ္ဘောဒီးယားနိုင်ငံ၏ ပထမဆုံး မင်းမျိုးမင်းနွယ်များအားစော်ကားမှုဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်း'၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၅ရက်၊ http://www.licadhocambodia.org/flashnews.php?perm=261; HRW Political Prisoners page 2019 တွင်ကြည့်ရှုနိုင်သည်။

241 HRW နိုင်ငံရေး အကျဉ်းသားများ စာမျက်နှာ၊ ၂၀၁၉ ခုနှစ်။

242 Ibid

လူ့အခွင့်အရေးနှင့်ကိုက်ညီမှုမရှိကာ မလေးရှားနိုင်ငံတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရရှိခွင့်တို့ကို ကန့်သတ်ရန်အတွက် အလွဲသုံးစားအသုံးပြုခံနေရသည်။

အောက်တွင် မီးမောင်းထိုးဖော်ပြထားသော အမှုဖြစ်ရပ်များသည် မင်းမျိုးမင်းနွယ်များအား စော်ကားမှု ဥပဒေများမရှိသော်လည်း တော်ဝင်မျိုးနွယ်တစ်ဦး (သို့မဟုတ်) သက်ဦးဆံပိုင်ဘုရင်စနစ် အဖွဲ့အစည်းတစ်ရပ်၏ ဂုဏ်သိက္ခာအား ကာကွယ်ခြင်းကို နိုင်ငံတော်အာဏာပိုင်များသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အွန်လိုင်းသတင်းအချက်အလက်ရရှိခွင့်တို့ကို ကန့်သတ်ရန် အတွက် အကြောင်းပြချက်အဖြစ် တိုးမြှင့်အသုံးပြုနိုင်ခြင်းကို ထင်ဟပ်ဖော်ပြလျက်ရှိ သည်။ ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် မလေးရှားနိုင်ငံ၏ ပြည်ထဲရေးဝန်ကြီးမှ မလေးရှားရဲတပ်ဖွဲ့သည် ၂၀၁၂ ခုနှစ် မှ ၂၀၁၉ ခုနှစ် မတ်လအတွင်း လူမှုကွန်ယက်စာမျက်နှာများပေါ် ရှိ သက်ဦးဆံပိုင်ဘုရင် စနစ်အား စော်ကားသည်ဟု စွပ်စွဲခံရသည့်အမှုပေါင်း ၉၇ မှုကို စုံစမ်းစစ်ဆေးခဲ့ပြီး အမှုပေါင်း ၁၁ မှုကို နိုင်ငံတော်အကြည်အညိုပျက်စေမှု အက်ဥပဒေ (သို့မဟုတ်) CMA အရ တရားရုံးတွင် တရားစွဲဆို ခဲ့သည်ဟု ဖော်ပြခဲ့သည်။[243] အောက်တွင်တွေ့ရမည့်အတိုင်း နိုင်ငံတော်အပေါ် အကြည်အညို ပျက်စေမှု အက်ဥပဒေနှင့် CMA ကို မလေးရှားနိုင်ငံတွင် အသုံးပြုခြင်းသည် ထိုင်းနိုင်ငံတွင် ရာဇဝတ်မှု ဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၁၆ နှင့် CCA တို့ကို ထိုကဲ့သို့သော အွန်လိုင်းထုတ်ဖော်ပြောဆိုမှုများကို ကန့်သတ်ရန် အသုံးပြုမှုနှင့်မတူညီပါ။

မလေးရှားနိုင်ငံ၏ ၁၉၄၈ ခုနှစ် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေ ပုဒ်မ ၃ တွင်"ဘုရင်ချုပ်/Yang di-Pertuan Agong (မလေးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဧကရာဇ်မင်း)အပါအဝင် မည်သည့်အုပ်ချုပ်သူကိုမဆို (သို့မဟုတ်) မည်သည့်အစိုးရကိုမဆို မုန်းတီးမှု (သို့မဟုတ်) မထီမဲ့မြင်ပြုမှု (သို့မဟုတ်) ဆန့်ကျင်သည့် မကျေနပ်မှု" နှင့် "ဘုရင်ချုပ်/Yang di-Pertuan Agong (သိုမဟုတ်) မည်သည့်ပြည်နယ်၏ အုပ်ချုပ်သူဆိုင်ရာ အကြောင်း အရာများအပေါ် မလေးရှားနိုင်ငံ (သို့မဟုတ်) ပြည်ပနိုင်ငံတွင် အခြေချနေထိုင်သူများ အကြား အားမရမှု နှင့် မကျေနပ်မှု" တို့ကို ဖြစ်ပေါ်စေရန် "နိုင်ငံတော်အပေါ် အကြည်အညိုပျက်

---

[243] Bernama ၊ 'မလေးရှားနိုင်ငံတွင် မင်းမျိုးမင်းနွယ်များအား စော်ကားမှု ဥပဒေများလိုအပ်မှုမရှိဟု Muhyiddin ပြောကြား'၊ New Straits Times ၊ ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်၊ https://www.nst.com.my/news/nation/2019/04/475005/no-need-lese-majestelaws-malaysia-says-muhyiddin တွင်ကြည့်ရှုနိုင်သည်။

စေမည့် အလားအလာ" ရှိသည့် " ကြံစည်လုပ်ဆောင်မှု၊ အပြောအဆို၊ စာသား၊ ပုံနှိပ်ထုတ်ဝေခြင်း (သို့မဟုတ်) အခြားအရာများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည်။[244] ပုဒ်မ ၄ (၁) သည် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေသည့် ချိုးဖောက်ကျူးလွန်မှုများကို ပထမအကြိမ် ပြစ်မှုအတွက် ထောင်ဒဏ် (၃) နှစ် (သို့မဟုတ်) မလေးရှားရင်းဂစ် ၅,၀၀၀ (အမေရိကန်ဒေါ်လာ ၁,၂၀၇ ခန့်) အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ နှင့် နောက်ဆက်တွဲပြစ်မှုများအတွက် ထောင်ဒဏ် (၅) နှစ်အထိဖြစ်စေ ပြစ်ဒဏ်ပေးအရေးယူနိုင်သည်ဟုဖော်ပြထားသည်။[245]

***Eric Liew Chee Ling ၊ Azham Akhtar Abdullah နှင့် Nur Alia Astaman တို့၏ဖြစ်ရပ်***

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် **Eric Liew Chee Ling ၊ Azham Akhtar Abdullah** နှင့် **Nur Alia Astaman** တို့သည် ရက်အနည်းငယ်မတိုင်မီက ဘုရင်ချုပ် (Yang di-Pertuan Agong )ရာထူးမှ နုတ်ထွက်ခဲ့သည့် စူလတန်ဘုရင် မိုဟာမက် ၅ (Sultan Muhammad V) အား စော်ကားသည်ဟု ယူဆရသော မှတ်ချက်များကို ၎င်းတို့၏လူမှုကွန်ယက်အကောင့်များတွင် တင်ခဲ့ပြီးနောက် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု ပုဒ်မ ၄(၁) အရ ရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်းနှင့် မေးမြန်း စစ်ဆေးခြင်းခံခဲ့ရသည်။[246] အဆိုပါ မှတ်ချက်များတွင် ထီနန်းစွန့်ခွာမှုကိုဖြစ်စေခဲ့သော စူလတန်ဘုရင် ၏ ပုဂ္ဂလိကဘဝနှင့်ပတ်သက်၍ စွပ်စွဲမှုများကို ပြုလုပ်ထားခဲ့သည်။

---

[244] ၁၉၄၈ ခုနှစ် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေ ('Sedition Act') ၊ ပုဒ်မ ၃(၁)(က) ၊ ၃(၁)(ဃ)၊ http://www.agc.gov.my/agcportal/uploads/files/Publications/LOM/EN/Act%2015.pdf တွင်ကြည့်ရှုနိုင်သည်။ မလေးရှားနိုင်ငံတွင် တော်ဝင်မိသားစု ၉ စု ရှိပြီး ထိုမိသားစုများ၏ ခေါင်းဆောင်များမှာ စူလတန်ဘုရင်များဖြစ်သည်။ ၅ နှစ်လျှင်တစ်ကြိမ် စူလတန်ဘုရင်များသည် ၎င်းတို့အနက်မှတစ်ပါးကို ဘုရင်ချုပ်/Yang di-Pertuan Agong အဖြစ်ရွေးချယ်လေ့ရှိသည်။

[245] နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေ၊ ပုဒ်မ ၄ (၁)။

[246] Emmanuel Santa Maria Chin ၊ 'Eric Liew နှင့် အခြားသူ နှစ်ဦးတို့သည် ယခင်ဘုရင်ချုပ်ဟောင်းအပေါ် ပို့စ်များကြောင့် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုဖြင့် ဖမ်းဆီးခံခဲ့ရသည်'၊ Malay Mail ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၉ ရက်၊ https://www.malaymail.com/news/malaysia/2019/01/09/eric-liew-two-others-arrested-for-sedition-over-posts-on-formeragong/1710670 တွင်ကြည့်ရှုနိုင်သည်။ Agence France-Presse ,'တော်ဝင်မျိုးနွယ်ကို စော်ကားမှုကျူးလွန်မှုကြောင့် မလေးရှားနိုင်ငံတွင် ဖမ်းဆီးခံရခြင်းအပေါ် ဒေါသထွက်ခြင်း' ၊ The Jakarta Post ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၀ ရက် ၊ https://www.thejakartapost.com/seasia/2019/01/10/anger-at-arrests-in-malaysia-for-alleged-royal-insults.html တွင်ကြည့်ရှုနိုင်သည်။

Liew ၏ ပို့စ်ကို ဖေ့စ်ဘွတ်ခ်ပေါ်တွင် တင်ခဲ့ခြင်းဖြစ်ပြီး Abdullah နှင့် Astaman တို့၏ မှတ်ချက် များမှာ တွစ်တာတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။[247] Liew၊ Abdullah နှင့် Astamanတို့သည် သူတို့၏ မှတ်ချက်များကို ပို့စ်တင်လိုက်ပြီးနောက် မကြာမီတွင်ပင် ပြန်ဖျက်ခဲ့ကြသော်လည်း သူတို့၏ပို့စ် များကို ဓါတ်ပုံရိုက်ယူကာ ပြန်လည်မျှဝေမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ် ခဲ့သည်။[248]

Liew သည် ထိုအဖြစ်အပျက်ပြီးနောက် မကြာမီတွင် သူ၏ကုမ္ပဏီမှ ထွက်ခွာခဲ့ရပြီး Abdullah နှင့် Astaman တို့သည် အလုပ်မှဆိုင်းငံ့ခံခဲ့ရပြီး ၎င်း တို့၏အွန်လိုင်း မှတ်ချက်များနှင့် ပတ်သက်၍ ၎င်းတို့၏ကုမ္ပဏီများ၏ စစ်ဆေးမေးမြန်းခြင်း ခံခဲ့ရသည်။[249]

***Wan Ji Wan Hussin ၏ဖြစ်ရပ်***

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် အစ္စလာမ်တရားဟောဆရာဖြစ်သူ **Wan Ji Wan Hussin** သည် သူ၏ဖေ့စ်ဘွတ်အကောင့်ပေါ်တွင် စူလတန်ဘုရင်သည် အစ္စလာမ်ဘာသာ၏ ခေါင်းဆောင်အဖြစ် တည်ရှိနေမှု အနေအထားကို မေးခွန်းထုတ်ထားပြီး စူလတန်ဘုရင်၏ ပြုမူလုပ်ဆောင်မှုများသည် အစ္စလာမ်ဘာသာရေး သွန်သင်ချက်များနှင့် အပြည်အဝမကိုက်ညီကြောင်း စွပ်စွဲထားသည့် ဘာသာရေးကိစ္စရပ်များနှင့် Selangor ပြည်နယ်၏ စူလတန်ဘုရင်ဖြစ်သူ Sultan Sharafuddin Idris Shah တို့နှင့်ပတ်သက်၍ ပြုလုပ်ခဲ့သည့်

[247] Channel News Asia ၊'မလေးရှားဘုရင်ဟောင်းအား လူမှုကွန်ယက်တွင် စော်ကားမှုဖြင့် ၃ ဦးဖမ်းဆီးခံရ'၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၉ ရက် ၊ https://www.channelnewsasia.com/news/asia/3-arrested-insult-seditionmalaysia-king-sultan-muhammad-v-11102288 တွင်ကြည့်ရှုနိုင်သည်။

[248] Rachel Genevieve Chia ၊ 'ဒေါသထွက်နေသော အင်တာနက်အသုံးပြုသူများကြောင့် မလေးရှား ဘုရင်ဟောင်းကို စော်ကားမှုအတွက် လူတစ်ဦးသည်အလုပ်ထုတ်ခံရပြီး အဖမ်းခံရသည်။ နောက်ထပ်လူ နှစ်ဦးသည်လည်း တူညီသည့် ကံကြမ္မာကို ရင်ဆိုင်ရနိုင်သည်'၊ Business Insider Singapore ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၀ ရက် ၊ https://www.businessinsider.sg/angry-netizens-just-gotsomeone-arrested-and-fired-for-insulting-malaysias-former-king-and-two-more-people-could-facethe-same-fate/ တွင်ကြည့်ရှုနိုင်သည်။

[249] Ibid.

ထုတ်ပြန်ကြေငြာချက်များကြောင့် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုအက်ဥပဒေ ပုဒ်မ ၄ (၁) အရ တရားစွဲဆိုခံခဲ့ရသည်။[250]

၂၀၁၈ ခုနှစ်၊ ဧပြီလတွင် Wan Ji သည် ထောင်ဒဏ် (၉)လ ချမှတ်ခံခဲ့ရသည်။[251] ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် Shah Alam တရားရုံးချုပ်မှ သူ၏အယူခံကိုပယ်ချကာ ထောင်ဒဏ်ကို (၁) နှစ်အထိ တိုးမြှင့်ခဲ့သည်။ သို့သော်လည်း တရားရုံးသည် အယူခံဝင်ချိန်အထိ သူ၏စီရင်ချက်ကို ဆိုင်းငံ့ထားပေးခဲ့သည်။[252]

***အလားတူအမှုတစ်ခု***

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သည့် **Ali Abd Jalil** သည် Selangor ၏ ဆူလတန်ဘုရင် နှင့် Johor တော်ဝင်မိသားစုကို စော်ကားသည်ဟု စွပ်စွဲခံရသည့် ဖေ့စ်ဘွတ်ခ်ပို့စ်ကြောင့် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုအက်ဥပဒေအရ စွဲချက် ၃ ခုဖြင့် တရားစွဲခံခဲ့ရသည်။[253] သူသည် အဖမ်းခံခဲ့ရ၊ ပြန်လွတ်လာခဲ့၊ ပြန်လည်အဖမ်းခံခဲ့ရပြီး စက်တင်

---

250 The Star Online ၊ "PAS ulama အား နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု တရားစွဲချက်'၊ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၁ ရက်၊ https://www.thestar.com.my/news/nation/2014/09/11/pas-ulama-on-sedition-charge-the-expanel-memberaccused-of-belittling-role-of-selangor-ruler/ တွင်ကြည့်ရှုနိုင်သည်။ Aysha A Zaharin ၊ 'စူလတန်ဘုရင့်ရေးရာ နှင့် လွတ်လပ်စွာပြောဆိုခွင့် ပဟေဠိ' ၊ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၃၁ ရက်၊ New Straits Times https://www.nst.com.my/opinion/columnists/2019/07/508834/sultanate-affairs-and-free-speech-conundrum တွင်ကြည့်ရှုနိုင်သည်။

251 Rafidah Mat Ruzki ၊ 'Penang CM ၏ ရုံးဝန်ထမ်းသည် Selangor Sultan ကို အကြည်အညိုပျက်စေမှုများအတွက် ထောင်ဒဏ်ချမှတ်ခံခဲ့ရသည်'၊ New Straits Times ၊ ၂၀၁၈ ခုနှစ် ဧပြီလ ၉ ရက် ၊ https://www.nst.com.my/news/crimecourts/2018/04/355163/penang-cms-office-staff-jailed-seditious-statements-against တွင်ကြည့်ရှုနိုင်သည်။

252 ပုဒ်မ ၁၉ ၊ 'မလေးရှားနိုင်ငံ - တော်ဝင်မျိုးနွယ်ကို ဝေဖန်မှုများအတွက် တရားရုံးသည် ပြစ်ဒဏ်ကိုတိုးချဲ့ခဲ့သည်' ၊ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၉ ရက်၊ Available at: https://www.article19.org/resources/malaysia-court-extends-sentence-for-criticism-of-royalty/ တွင်ကြည့်ရှုနိုင်သည်။

253 Free Malaysia Today ၊'Ali Abd Jalil မှ သူသည် လက်ရှိတွင် ဆွီဒင်နိုင်ငံ၏ အမြဲတမ်းနေထိုင်သူ တစ်ဦးဖြစ်နေပြီ ဟုပြောကြား' ၊ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်၊ ('FMT, 19 July 2016') https://www.freemalaysiatoday.com/category/nation/2016/07/19/ali-abd-jalilsays-hes-now-a-pr-of-sweden/ တွင်ကြည့်ရှုနိုင်သည်။

ဘာလကုန်တွင် ပြန်လွှတ်ပေးခြင်းမခံရမီ မတူညီသည့်အကျဉ်းထောင်များတွင် ဖမ်းဆီးချုပ်နှောင်ခြင်း ခံခဲ့ရသည်။[254]

ကိုယ်ရေးကိုယ်တာ လုံခြုံမှုကို စိုးရိမ်ရခြင်းကြောင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် သူသည် ဆွီဒင်နိုင်ငံသို့ထွက်ပြေးခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် နိုင်ငံရေးခိုလှုံခွင့် ရရှိခဲ့သည်။[255]

### *Fadiah Nadwa Fikri ၏ဖြစ်ရပ်*

၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် ရှေ့နေတစ်ဦးဖြစ်သူ **Fadiah Nadwa Fikri** သည် 'Malaysia Muda' ဟူသည့် ဘလော့ခ်ပေါ်တွင် ပြည်သူ့တရားမျှတမှု ပါတီ (PKR) ၏ခေါင်းဆောင်ဖြစ်သူ Anwar Ibrahim နှင့် မလေးရှားတော်ဝင်မိသားစုအကြား အပြန်အလှန်အကျိုးပြုမှုကို ဝေဖန်ရေးသားခဲ့သည့် ဆောင်းပါးတစ်ပုဒ်ကြောင့် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုအက်ဥပဒေ ပုဒ်မ ၄ (၁) နှင့် CMA ပုဒ်မ ၂၃၃ အရ ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးခြင်း ခံခဲ့ရသည်။[256]

---

[254] Astro Awani ၊'Ali Abd Jalil သည် ဆွီဒင်နိုင်ငံတွင် နိုင်ငံရေးခိုလှုံခွင့် တောင်းခံခဲ့သည်' ၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၄ ရက်၊ http://english.astroawani.com/malaysia-news/ali-abd-jalil-seeks-political-asylum-sweden-46952 တွင်ကြည့်ရှုနိုင်သည်။

[255] FMT ၊ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်၊ Adam Abu Bakar ၊ 'ဆွီဒင်နိုင်ငံရောက် ပြည်ပသို့တိမ်းရှောင်သည့် တက်ကြွလှုပ်ရှားသူသည် မလေးရှားတွင် လွတ်လပ်မှုကို တမ်းတသည်'၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂ ရက်၊ https://www.freemalaysiatoday.com/category/nation/2017/09/02/exiled-activist-in-sweden-yearns-for-freedom-in-malaysia/ တွင်ကြည့်ရှုနိုင်သည်။

[256] ဘလော့ဂ်ပို့စ်ကို Fadiah Nadwa Fikri ၊ 'သင့်ကို ရိုက်သောလက်ကို မနမ်းပါနှင့်' ၊ Malaysia Muda ၊ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၉ ရက် ၊ https://malaysiamuda.wordpress.com/2018/07/09/dont-kissthe-hand-that-beats-you/ တွင်ကြည့်ရှုနိုင်သည်။ FMT reporters ၊ 'PJ လွှတ်တော်အမတ် Maria မှ ရှေ့နေ Fadiah အားတရားစွဲဆိုချက်အားလုံးကို ဖယ်ရှားပစ်ရန် ပြောကြားသည်' ၊ Free Malaysia Today ၊ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၂ ရက် ၊ https://www.freemalaysiatoday.com/category/nation/2018/07/12/drop-all-charges-against-lawyer-fadiah-says-pj-mp-maria/ တွင်ကြည့်ရှုနိုင်သည်။ FMT Reporters ၊ 'Hakam သည် ရှေ့နေ Fadiah အား

ထို့နောက် များမကြာမီ ထိုလအတွင်း၌ပင် Fadiah သည် သူမအတွက် ပြုလုပ်ပေးခဲ့သော စည်းလုံးညီညွတ်မှုကိုပြသသည့် အခမ်းအနားသို့ တက်ရောက်ခဲ့ခြင်းအတွက် ငြိမ်းချမ်းစွာစုဝေးခွင့် အက်ဥပဒေပုဒ်မ ၉ (၁) အရ ရဲတပ်ဖွဲ့၏ မေးမြန်းစစ်ဆေးခြင်း ခံခဲ့ရသည်။[257]

***အလားတူ အမှုတစ်ခု***

၂၀၁၈ ခုနှစ် ဩဂုတ်လတွင် လူငယ်တက်ကြွလှုပ်ရှားသူ **Asheeq Ali Sethi Alivi** သည် Fadiah အား ထောက်ခံအားပေးသော စည်းလုံးညီညွတ်မှုကိုပြသသည့် လူထုစည်းဝေးပွဲတွင် ပြောကြားခဲ့ သော မိန့်ခွန်းကြောင့် Sultan Muhammad V အားစော်ကားသည်ဟူသော စွပ်စွဲချက်ဖြင့် နိုင်ငံတော် အပေါ် အကြည်အညိုပျက်စေမှုအက်ဥပဒေအရ ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးခြင်း ခံခဲ့ရသည်။[258]

## ***၃။ နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု ဥပဒေများ***

နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု ဥပဒေများကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ကန့်သတ်ရန်အတွက် ထိုကဲ့သို့သော အလွဲသုံးစားမှုကိုခွင့်ပြုသော ကျယ်ပြန့်လွန်းသော ပြဋ္ဌာန်းချက်များကြောင့် မကြာခဏအသုံးပြုလေ့ရှိသည်။ ယင်းသည် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု ဥပဒေများကို သက်ဦးဆံပိုင်ဘုရင် စနစ်နှင့်ပတ်သက်သည့် ပြောဆိုမှုများကို လွန်လွန်ကဲကဲ ကန့်သတ်ရန် အသုံးပြုခံနေရသည့်

---

နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုအတွက် စုံစမ်းစစ်ဆေးခြင်းကို ပြစ်တင်ရှုတ်ချလိုက်သည်' ၊ Free Malaysia Today ၊ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၁ ရက် ၊ https://www.freemalaysiatoday.com/category/nation/2018/07/11/hakam condemns-probe-into-lawyer-fadiah-for-sedition/ တွင်ကြည့်ရှုနိုင်သည်။

[257] Vinodh Pillai ၊ 'နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု စုံစမ်းစစ်ဆေးရေးစင်တာတွင် Fadiah သည် အခွင့်အရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူများထံမှ ထောက်ပံ့မှုကိုရရှိသည်' ၊ Free Malaysia Today ၊ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၃ ရက် ၊ https://www.freemalaysiatoday.com/category/nation/2018/07/13/at-centre-of-sedition-probe-fadiah-gets-support-from-rights-activists/ တွင်ကြည့်ရှုနိုင်သည်။

[258] Nurul Azwa Aris ၊ 'ရဲများသည် Agong အား 'စော်ကားမှု' အတွက် တက်ကြွလှုပ်ရှားသူ၏ ဖုန်းကိုသိမ်းဆည်း' ၊ Free Malaysia Today ၊ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၄ ရက် ၊ https://www.freemalaysiatoday.com/category/nation/2018/08/14/cops-seized-activists-phone-in-probe-over-insulting-agong/ 76 Dictating the Internet: တွင်ကြည့်ရှုနိုင်သည်။

အထက်တွင်ဖော်ပြထားသည့် အမှုဖြစ်ရပ်များတွင် ထင်ရှားမြင်သာနိုင်သည်။ ဤအခန်းတွင် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတွင် သာမက၊ မြန်မာနိုင်ငံ၊ ဘရူနိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် နိုင်ငံတော်အပေါ် အကြည်အညို ပျက်စေမှု ဥပဒေများသည် အမျိုးမျိုးသော ထုတ်ဖော်ပြောဆိုမှုများကို "မငြိမ်မသက်မှု" (သို့မဟုတ်) "မကျေနပ်မှု" (သို့မဟုတ်) နိုင်ငံတော်လုံခြုံရေး သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးကိုထိခိုက်စေခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည့် ထုတ်ဖော်ပြောဆိုခြင်းများအဖြစ် သတ်မှတ်ခြင်းဖြင့် အများပြည်သူ အကျိုးစီးပွား အပေါ် မိမိတို့၏မေးခွန်းများကို ထုတ်ဖော်ပြောဆိုသူများအား အရှက်ရစေရန်နှင့် ပြစ်ဒဏ်ပေးရန် အလွဲသုံးစား အသုံးပြုခံနေရမှုများကို ခွဲခြမ်းစိတ်ဖြာထားသည်။

ဤအခန်းတွင်ဖော်ပြထားသည့် "နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု" ကိုဖိနှိပ်ရန် ရည်ရွယ်သည့်ဥပဒေများသည် "နိုင်ငံတော်လုံခြုံရေး" နှင့် ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းခြင်းတို့ကို အထူးသဖြင့် ရည်ညွှန်းသည့် အောက်အခန်းတွင် ဖော်ပြပါရှိမည့် ဥပဒေများနှင့် ခွဲခြားသိမြင်နိုင်သည်။ ဥပဒေနှစ်မျိုးလုံးသည် အလွန်တူညီသောပုံစံဖြင့် ကိုင်တွယ်ခံရကာ နိုင်ငံတော် (သို့မဟုတ်) နိုင်ငံ ကိုယ်စားပြုဖြစ်သူ နိုင်ငံတော်အကြီးအကဲအား ခြိမ်းခြောက်သည်ဟု ယူဆရသည့် ထုတ်ဖော် ပြောဆိုမှုများနှင့် သတင်းအချက်အလက်ရရှိခွင့်များကို ဖိနှိပ်ခြင်းအပေါ်တွင် ကျဉ်းမြောင်းစွာ ဦးတည်ထားသည်။ ထိုဥပဒေများ၊ အထူးသဖြင့် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု ဥပဒေများသည် ကိုလိုနီအုပ်ချုပ်ရေးအပေါ် ဒေသခံတို့၏ ဆန့်ကျင်မှုကို ဖိနှိပ်ရန် နှင့် နှုတ်ပိတ်ရန်အတွက် အသုံးပြုခဲ့ရသည့် ကိုလိုနီခေတ်မှ မကြာခဏ ဆက်လက် ထိန်းသိမ်းအသုံးပြုဆဲဖြစ်သည်။[259]

---

[259] ဗြိတိသျှအိန္ဒိယ၏ ကိုလိုနီခေတ် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု ဥပဒေများအပေါ် ဝေဖန်ချက် များကို ဥပမာအနေဖြင့်ကြည့်ပါ။ Mohan J. Dutta ၊ 'နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု ဥပဒေများ၊ ကိုလိုနီအမွေအနှစ်နှင့် တွေ့ဆုံဆွေးနွေးရေးဖြစ်နိုင်ခြေများ' ၊ Straits Times ၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက် ၊ https://www.straitstimes.com/opinion/sedition-laws-colonial-legacy-and-possibilitiesof-dialogue တွင်ကြည့်ရှုနိုင်သည်။ Durba Ghosh ၊ 'နှစ်ပေါင်း ၁၀၀ လွန်ခဲ့ပြီးနောက် - အဘယ်ကြောင့် ကိုလိုနီခေတ်ဥပဒေများကို အငြိမ်းစားပေးရန် အချိန်တန်ပြီ' ၊ Huffington Post ၊ ၂၀၁၆ ခုနှစ် မေလ ၅ ရက် ၊ https://www.huffpost.com/entry/100-years-past-duewhyit_b_9853496?guccounter=1&guce_referrer=aHR0cHM6Ly93d3cuZ29vZ2xlLmNvbS8&guce_referrer_sig=AQAAAI-X0WnJ_CoPf0DNBXNrp1dMShbjaIfqL3yy7HpzzryIOb--yjwahURnDOIzTS97CjNpwWvOp5gtvoyN32fN-

ထိုင်းနိုင်ငံတွင် ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၁၆ သည် "တိုင်းပြည်အတွင်း အနှောက်အယှက်ဖြစ်စေနိုင်သည့် နည်းလမ်းများဖြင့် ပြည်သူအများအကြား မငြိမ်မသက်ဖြစ်မှုနှင့် မကျေနပ်မှုများကို လှုံ့ဆော်သည့်" မည်သည့် လုပ်ဆောင်မှုကိုမဆို နိုင်ငံတော်အပေါ် အကြည်အညို ပျက်စေမှု ရာဇဝတ်မှုအဖြစ် ပြဋ္ဌာန်းသတ်မှတ်ထားပြီး မြန်မာနိုင်ငံတွင် ရာဇသတ်ကြီး ပုဒ်မ ၁၂၄ (က) သည် နိုင်ငံတော်အစိုးရအား မထီမဲ့မြင်ပြုမှုခြင်း (သို့မဟုတ်) မကျေနပ်မှုများကို လှုံ့ဆော်ခြင်းတို့ကို ဖြစ်စေသော နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေသည့် လုပ်ဆောင်မှုများကို ပြစ်ဒဏ်ပေး အရေးယူသည်။[260] ဤပြဋ္ဌာန်းချက်များသည် မည်သည့်စကားရပ်ကိုမဆို နိုင်ငံရေးပြဿနာများ(သို့ မဟုတ်) အများပြည်သူ အတွက်အရေးပါသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မေးခွန်းများ အပေါ် ထင်မြင်မှတ်ချက်ပေးခြင်းစသဖြင့် မည့်သည့်ထုတ်ဖော်ပြောဆိုမှု ပုံစံကိုမဆို ကန့်သတ်ရန်အသုံးပြုနိုင်သည်။[261] ထို့ကြောင့် ထိုင်းနိုင်ငံတွင် အတိုက်အခံနိုင်ငံရေးပါတီတစ်ခု၏ ထင်ရှားသောခေါင်းဆောင်တစ်ဦးသည် ၂၀၁၉ ခုနှစ် ထိုင်းနိုင်ငံ၏ ရွေးကောက်ပွဲအပြီး မကြာမီတွင် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုဖြင့် တရားစွဲခံခဲ့ရသည်။[262] မြန်မာနိုင်ငံတွင် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား လူသိရှင်ကြားဝေဖန်မှုကို အမြင့်ဆုံးထောင်ဒဏ် တစ်သက်တစ်ကျွန်းအထိ ချမှတ်နိုင်သည့် ပုဒ်မ ၁၂၄ (က)အရ တရားစွဲဆိုခံခဲ့ရသည်။[263]

---

vOGoZV15FFo8CWWh_OPO7cete7nZDQ9rbFVG1wkyqZ0p54JqR8BLPPMYwZSf8zcVjnBzGTivH4-4MXH2_j0bhY တွင်ကြည့်ရှုနိုင်သည်။

[260] ထိုင်းနိုင်ငံ ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၆ ၊ မြန်မာနိုင်ငံ ရာဇသတ်ကြီး ပုဒ်မ ၁၂၄ (က) ။

[261] iLaw ၊ 'ပုဒ်မ ၁၁၆ - နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုကို အနှောင့်အယှက်ပေးခြင်းအဖြစ် အသုံးပြုသည်'၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၃ ရက် ၊ https://freedom.ilaw.or.th/en/blog/section-116-when-%E2%80%98sedition%E2%80%99-used-obstruction-freedom-expression တွင်ကြည့်ရှုနိုင်သည်။

[262] Pravit Rojanaphruk ၊ 'Thanathorn သည် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အမှုကို စစ်ဘက်တရားရုံးတွင် ရင်ဆိုင်ရဖွယ်ရှိသည်' ၊ Khaosod English ၊ ၂၀၁၉ ခုနှစ် ဧပြီလ ၆ ရက် ၊ http://www.khaosodenglish.com/news/2019/04/06/thanathorn-to-facemilitary-court-for-sedition/ တွင်ကြည့်ရှုနိုင်သည်။ John Reed ၊ 'Thanathorn Juangroongruangkit သည် ဖြင့် တရားစွဲဆိုခံခဲ့ရသည်' Financial Times ၊ ၂၀၁၉ ခုနှစ် ဧပြီလ ၆ ရက် ၊ https://www.ft.com/content/77997228-583e-11e9-9dde-7aedca0a081a တွင်ကြည့်ရှုနိုင်သည်။

[263] ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ဒေါ်အောင်ဆန်းစုကြည်အား ဝေဖန်သော ဆိုရှယ်ကွန်ယက်ပေါ်မှ ပို့စ်ကြောင့် ငါးမင်းဆွေသည် ထောင်ဒဏ် (၇) နှစ်နှင့် ကျပ် ၁၀၀,၀၀၀ (ခန့်မှန်း အမေရိကန်ဒေါ်လာ ၇၀) ဒဏ်ငွေချမှတ်ခံခဲ့ရသည်။ Human Rights Watch ၊ ' ဝေးကွာပျောက်ဆုံးသွားသော မျှော်လင့်ချက်များ - မြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာထုတ်ဖော်

အထက်ပါ အပိုင်းတွင် ဖော်ပြထားသည့် ပုဒ်မ ၁၉ (၃) အရ ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီသည် နိုင်ငံများအနေဖြင့် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု ဥပဒေများကို ရေးဆွဲရာတွင် ICCPR ၏ပုဒ်မ ၁၉ (၃)ကို စေ့စေ့စပ်စပ်နှင့် တင်းတင်းကျပ်ကျပ်လိုက်နာရန် အလွန်အမင်း ဂရုစိုက်ရမည်ဟု ဖော်ပြခဲ့ပြီး "နိုင်ငံရေးနယ်ပယ်နှင့် အများပြည်သူဆိုင်ရာအဖွဲ့အစည်းများရှိ နာမည်ကျော်လူပုဂ္ဂိုလ်များနှင့်ပတ်သက်ပြီး အများပြည်သူ ဆွေးဆွေးငြင်းခုံမှုများတွင် ပဋိညာဉ်သည် တားမြစ်ခံရခြင်းမရှိသော ထုတ်ဖော်ပြောဆိုမှုများအပေါ် ထားရှိသောတန်ဖိုးသည် များစွာ မြင့်မားသည်" ဟု ရှင်းလင်းပြောကြားခဲ့သည်။[264] အထက်နှင့် အောက်တွင် ဖော်ပြထားသည့် အမှုဖြစ်ရပ်များသည် - ဆန့်ကျင်ဘက်အနေဖြင့် - နိုင်ငံရေးအရ ဆွေးဆွေးငြင်းခုံမှုများ (သို့မဟုတ်) ဝေဖန်သုံးသပ်မှုများ၊ အစိုးရအာဏာပိုင်များကို အစီရင်ခံခြင်းနှင့် လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်ခြင်းတွင် ပါဝင်ပတ်သက်မှုတို့တွင် ပြောဆိုမှုများသည် အတိအကျအားဖြင့် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု ဥပဒေများတွင်ပါရှိသည့် ကျယ်ပြန့်လွန်းသော ပြဋ္ဌာန်းချက်များဖြင့် ကန့်သတ်ရန်အသုံးပြုခံနေရသည့် ထုတ်ဖော်ပြောဆိုမှုပုံစံများသာဖြစ်ပြီး ကာကွယ်ပေးခံရသင့်ကြောင်း ပြသသည်။

## မလေးရှားနိုင်ငံ

မလေးရှားနိုင်ငံတွင် **၁၉၄၈ ခုနှစ် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေ**သည် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း တော်ဝင်မျိုးနွယ်များနှင့်သာမက အစိုးရခေါင်းဆောင်များ နှင့်လည်း ပတ်သက်သည့် အွန်လိုင်း ထုတ်ဖော်ပြောဆိုမှုနှင့် သတင်းအချက်အလက်များကို အာဏာသုံး ဖိနှိပ်ရန် အသုံးပြုခဲ့သည်။ ဤအချက်သည် မလေးရှားနိုင်ငံ၏ ၂၀၁၈ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် မဲရှုံးခဲ့သည် ဝန်ကြီးချုပ်ဟောင်း Najib Razak ၏ အုပ်ချုပ်မှုကာလအတွင်း

ပြောဆိုမှုကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ခြင်း' ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက် ၊ https://www.hrw.org/report/2019/01/31/dashed-hopes/criminalizationpeaceful-expression-myanmar တွင်ကြည့်ရှုနိုင်သည်။ ၂၀၁၉ ခုနှစ် မေလတွင် အမျိုးသားရေးဝါဒီအစွန်းရောက် ဘုန်းကြီးဦးဝီရသူအား ဒေါ်အောင်ဆန်းစုကြည်ကို ဆန့်ကျင်ဆန္ဒပြမှုများတွင် ပြုလုပ်ခဲ့သည့် ညစ်ညမ်းစွာ မှတ်ချက်ပြုပြောဆိုမှုများအတွက် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုဖြင့် တရားစွဲခံခဲ့ရသည်။ ခင်မို့မို့လွင်၊ 'နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု ဥပဒေအရ တရားစွဲဆိုခံရပြီးနောက် ဦးဝီရသူ အဖမ်းခံရမည်ဟု ရဲတပ်ဖွဲ့မှ ပြောကြားခဲ့သည်'၊ Myanmar Now ၊ ၂၀၁၉ ခုနှစ် မေလ ၂၉ ရက် ၊ https://www.myanmar-now.org/en/news/wirathu-faces-arrestafter-being-charged-under-sedition-law-say-police တွင်ကြည့်ရှုနိုင်သည်။

[264] CCPR/C/GC/34၊ စာပိုဒ် ၃၀၊ ၃၈။

သိသာ ထင်ရှားခဲ့သည်။[265] မလေးရှား လူ့အခွင့်အရေးရှေ့နေများအသင်း၊ လွတ်လပ်မှုဆိုင်ရာ ရှေ့နေများ၏ အကြံပေးပုဂ္ဂိုလ်တစ်ဦးမှ ၂၀၁၃ ခုနှစ် မှ ၂၀၁၆ ခုနှစ်အတွင်း နိုင်ငံတော်အပေါ် အကြည်အညို ပျက်စေမှု အက်ဥပဒေအရ အမှုပေါင်း ၁၇၀ ကို အမှုဖွင့်ခဲ့ပြီး၊ " Najib ၏ နှိမ်နင်းမှု အမြင့်ဆုံးကာလ အတွင်း" ဖြစ်သည့် ၂၀၁၅ ခုနှစ် တစ်နှစ်တည်းတွင်ပင် လူပေါင်း ၉၁ ယောက်သည်ဖမ်းဆီးခံခဲ့ရပြီး ဥပဒေအရ စုံစမ်းစစ်ဆေး (သို့မဟုတ်) တရားစွဲဆိုခံခဲ့ရသည်ဟု မှတ်ချက်ပြုခဲ့သည်။[266] ထိုပုဂ္ဂိုလ်များ အနက် ၂၀၁၅ ခုနှစ်၏ ပထမသုံးလတွင် တက္ကသိုလ်ဆရာများ၊ ရှေ့နေများ၊ နိုင်ငံရေးသမားများ၊ ကျောင်းသားများ နှင့် တက်ကြွလှုပ်ရှားသူများ ၃၆ ဦးတို့သည် ဥပဒေအရ ပစ်မှတ်ထားခြင်း ခံခဲ့ရသည်ဟု အိုင်စီဂျေ (ICJ) မှ မှတ်တမ်းတင်ထားခဲ့သည်။[267]

ဝန်ကြီးချုပ်ဟောင်း၏ အုပ်ချုပ်မှုကာလအတွင်း ၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်အပေါ် အကြည်အညို ပျက်စေမှု အက်ဥပဒေတွင် " နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေသော စာပေများကို ထုတ်ဝေ ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် တင်သွင်းခြင်း" အပြင် " အီလက်ထရောနစ်နည်းလမ်းဖြင့် ပုံနှိပ်ထုတ်ဝေခြင်း" နှင့် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေရန် လှုံ့ဆော်ပေးသော ပစ္စည်းများကို "ထုတ်ဝေရန် ဖြစ်စေသည့်" နှင့် ထိုကဲ့သို့သော ပစ္စည်းများကို "တိုးပွားစေ" သည့် အပြုအမူများကိုပါ ပါဝင်စေရန် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု ရာဇဝတ်မှုကို တိုးမြှင့်သတ်မှတ်ရန် ပြင်ဆင်မှုများကိုလည်း

---

[265] Human Rights Watch ၊ 'မလေးရှားနိုင်ငံ ၊ ကျန်ရှိနေသေးသော နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အမှုများကို ပယ်ဖျက်သည်'၊ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက် ၊ https://www.hrw.org/news/2018/08/01/malaysia-drop-remaining-sedition-cases တွင်ကြည့်ရှုနိုင်သည်။

[266] Ida Lim ၊ ''BN သည် ပို၍ ထိန်းချုပ်နေသလော? နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု ဥပဒေအလွဲသုံးစားပြုမှုအများစုသည် Najib အုပ်ချုပ်နေစဉ်အတွင်းဖြစ်ခဲ့သည်ဟု ရှေ့နေက Najib ကိုပြောသည်' ၊ Malay Mail ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်၊ https://www.malaymail.com/news/malaysia/2019/01/12/bn-more-restrained-most-sedition-law-abuses-during-your-leadershiplawyer-t/1711784 တွင်ကြည့်ရှုနိုင်သည်။

[267] ICJ ၊ 'မလေးရှားနိုင်ငံ ၊ နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေကို အားကောင်းစေမည့် ပြင်ဆင်မှုကို ရပ်တန့်ပါ' ၊ ၂၀၁၅ ခုနှစ် ဧပြီလ ၇ ရက် ၊ https://www.icj.org/malaysia-stop-amendments-strengthening-sedition-act/ တွင်ကြည့်ရှုနိုင်သည်။

ပြုလုပ်ခဲ့သည်။[268] ၂၀၁၅ ခုနှစ် ပြင်ဆင်ချက်များသည် တရားရုံးများ၏ လုပ်ပိုင်ခွင့်အာဏာများကို နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေသည်ဟု ယူဆနိုင်သော အွန်လိုင်းအကြောင်းအရာများကို ဖယ်ရှားရန် အမိန့်ပေးခြင်း၊ လူတစ်ဦးချင်းစီအား အီလက်ထရောနစ်ပစ္စည်းများကို ဝင်ရောက်အသုံးပြုခြင်းမှ ပိတ်ပင်တားမြစ်ခြင်း၊ နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေသည်ဟု ယူဆနိုင်သော အွန်လိုင်းအကြောင်းအရာများကို လက်လှမ်းမီဝင်ရောက်ခြင်းကို တားမြစ်ရန် "၁၉၉၈ ခုနှစ် ဆက်သွယ်ရေးနှင့် မာလ်တီမီဒီယာ အက်ဥပဒေအရ အခွင့်အာဏာရှိသူ" အရာရှိတစ်ဦးကို ခန့်အပ်ခြင်းစသည့်တို့ကို ပါဝင်လာရန် တိုးချဲ့ပေးခဲ့သည်။[269] မလေးရှား ဝတ်လုံတော်ရရှေ့နေအသင်း၊ Sarawak ပြည်နယ်၏ ရှေ့နေများအသင်းနှင့် Sabah ပြည်နယ် ဥပဒေအသင်းတို့သည် ဤပြစ်ဒဏ်များသည် အွန်လိုင်းထုတ်ဖော်ပြောဆိုမှု အထူးသဖြင့် လူမှုကွန်ယက်စာမျက်နှာများ အပေါ်တွင် အထူးပစ်မှတ်ထားသည်ဟု ဝေဖန်ခဲ့သည်။[270] ပြင်ဆင်ထားသည့် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေတွင် ပြစ်ဒဏ်များကိုလည်း ပုဒ်မ ၃ (၁) အရ ပြစ်မှုသည် ပထမဆုံးအကြိမ်ဟုတ်/မဟုတ်

---

[268] နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေ ၂၀၁၅ ခုနှစ် (ပြင်ဆင်မှု) ၊ ပုဒ်မ ၂၊ ၄၊ http://www.federalgazette.agc.gov.my/outputaktap/20150604_A1485_BI_Act%20A1485.pdf တွင်ကြည့်ရှုနိုင်သည်။

[269] နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေ ၂၀၁၅ ခုနှစ် (ပြင်ဆင်မှု) ၊ ပုဒ်မ ၈၊ ၁၀။

[270] မလေးရှား ဝတ်လုံတော်ရရှေ့နေအသင်း၊ Sarawak ပြည်နယ်၏ ရှေ့နေများအသင်းနှင့် Sabah ပြည်နယ် ဥပဒေအသင်း၊ 'ပူးတွဲသတင်းထုတ်ပြန်ချက် ၊ ၁၉၄၈ ခုနှစ် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေကို ပြင်ဆင်ချက်များမှာ အလွန်ပြင်းထန်ပြီး လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်ကို ဆန့်ကျင်ပြီး တရားစီရင်ရေး၏ လွတ်လပ်မှုကို စွပ်ဖက်နှောင့်ယှက်ခြင်းများဖြစ်စေသည်' Malaysian Bar Online ၊ ၂၀၁၅ ခုနှစ် ဧပြီလ ၁၇ ရက်၊ http://www.malaysianbar.org.my/press_statements/joint_press_release%7C_amendments_to_the_sedition_act_1948_are_draconian_militate_against_the_freedom_of_speech_and_expression_and_interfere_with_the_independence_of_the_judiciary_.html တွင်ကြည့်ရှုနိုင်သည်။ Boo Su-Lyn၊ နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေကို ပြန်လည်ပြင်ဆင်မှုသည် လွတ်လပ်စွာ ပြောဆိုခွင့် အပေါ် အဆိုးဝါးဆုံး တိုက်ခိုက်မှုကို ဖြစ်စေသည်ဟု ရှေ့နေများက ဆိုသည်' ၊ Malay Mail ၊ ၂၀၁၅ ခုနှစ် ဧပြီလ ၈ ရက်၊ https://www.malaymail.com/news/malaysia/2015/04/08/sedition-act-revisions-worst-ever-attack-on-free-speech-lawyers-say/874199 တွင်ကြည့်ရှုနိုင်သည်။ The Star Online ၊ နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေကို ပြန်လည်ပြင်ဆင်မှုသည် မီဒီယာ လွတ်လပ်ခွင့်ကို လည်း ထပ်မံကန့်သတ်သည်ဟု သတင်းထောက်များက ဆိုသည်' ၊ ၂၀၁၅ ခုနှစ် ဧပြီလ ၁၀ ရက်၊ https://www.thestar.com.my/news/nation/2015/04/10/sedition-act-amendments-furtherrestrict-media-freedom-say-journalists/ တွင်ကြည့်ရှုနိုင်သည်။

မည်သို့ပင်ရှိစေကာမူ အများဆုံး ထောင်ဒဏ် (၇) နှစ်ချမှတ်ခြင်း နှင့် "ကိုယ်ထိလက်ရောက် နစ်နာပျက်စီးစေခြင်း" သို့မဟုတ် "ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို ပျက်စီး စေခြင်း"တို့ကို ဖြစ်စေသည့် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု၏ ပိုမိုဆိုးဝါးသည့် ပြစ်မှု အသစ်ကို အများဆုံး ထောင်ဒဏ် (၂၀) နှစ်ချမှတ်ခြင်း အထိတိုးမြှင့်ခဲ့သည်။[271]

၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် Pakatan Harapan ညွန့်ပေါင်းအစိုးရသည် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေအား ဆိုင်းငံ့ထားကြောင်းကြေငြာခဲ့ပြီး မကြာခင်မှာပင် ထိုဆိုင်းငံ့ခြင်းကို ပြန်လည်ရုပ်သိမ်းလိုက်ပြီး "နိုင်ငံတော်လုံခြုံရေး"၊ ငြိမ်ဝပ်ပိပြားရေး နှင့် လူမျိုးရေး နှင့် ဘာသာရေးဆက်ဆံမှု စသည့် အခြေအနေများတွင် ဥပဒေကို အသုံးပြုခွင့်ပေးခဲ့သည်။[272] သူတို့အာဏာမရမီ ရွေးကောက်ပွဲကာလတွင် Pakatan Harapan သည် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေကို ရုပ်သိမ်းပေးရန် ၎င်းတို့၏ မူဝါဒကြေညာစာတမ်းတွင် ဂတိပြုခဲ့သည်။[273] ဤကတိကဝတ်များရှိနေသော်လည်း ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် လူမျိုးရေးနှင့် ဘာသာရေး သဟဇာတဖြစ်မှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း အခြေခံဖြင့် ဥပဒေအရ လူလေးဦး အဖမ်းခံခဲ့ရပြီး မလေးရှား ဝတ်လုံတော်ရရှေ့နေအသင်းသည် ဖြစ်နိုင်ခြေရှိသော လူ့အသိုင်းအဝိုင်း ပဋိပက္ခများကို ကာကွယ်ရန် အခြားဥပဒေရေးရာနှင့် ဥပဒေရေးရာမဟုတ်သော ကိုင်တွယ် ဖြေရှင်းမှု များကို သင့်တော်သောနည်းလမ်းအနေဖြင့် သုံးနိုင်စဉ်တွင် ဥပဒေကို မျှတဆီလျော်မှု မရှိသော အသုံးပြုမှုအဖြစ် ဝေဖန်ခဲ့သည်။[274]

---

[271] နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေ ၂၀၁၅ ခုနှစ် (ပြင်ဆင်မှု)၊ ပုဒ်မ ၄။

[272] Raynore Mering ၊ 'နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုအက်ဥပဒေ - မလေးရှား ဝတ်လုံတော်ရရှေ့နေအသင်း ဆိုင်းငံ့ထားမှုကို ပြန်လည်ချမှတ်ကာ စုံစမ်းစစ်ဆေးမှုများကို ရပ်တန့်ရန် တောင်းဆို'၊ Malay Mail ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်၊ https://www.malaymail.com/news/malaysia/2019/01/11/sedition-act-malaysian-bar-calls-for-return-of-moratorium-halt-toinvestiga/1711633 တွင်ကြည့်ရှုနိုင်သည်။ The Star Online ၊ 'Gerakan မှ နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုအက်ဥပဒေအသစ် ပြဋ္ဌာန်းမှုမပြုရန် အစိုးရအားတိုက်တွန်းသည်'၊ ၂၀၁၉ ခုနှစ် မေလ ၁၃ ရက်၊ https://www.thestar.com.my/news/nation/2019/05/13/gerakan-urges-govtnot-to-enact-a-new-sedition-act/ တွင်ကြည့်ရှုနိုင်သည်။

[273] မူဝါဒကြေညာစာတမ်းကို file:///C:/Users/User/Downloads/Manifesto_PH_EN.pdf တွင်ကြည့်ရှုနိုင်သည်။

[274] ထိုအမှုလေးခုတွင် Eric Liew Chee Ling၊ Azham Akhtar Abdullah နှင့် Nur Alia Astaman တို့၏အမှုများ ပါဝင်သည်။ Raynore Mering ၊ 'နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုအက်ဥပဒေ - မလေးရှား ဝတ်လုံတော်ရရှေ့နေအသင်း ဆိုင်းငံ့ထားမှုကို ပြန်လည်ချမှတ်ကာ စုံစမ်းစစ်ဆေးမှုများကို ရပ်တန့်ရန် တောင်းဆို'၊

အလားတူပင် ၂၀၁၉ ခုနှစ်၊ မတ်လတွင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် လမ်းလျှောက်ချီတက်ပွဲ စီစဉ်သူ ခုနစ်ဦးသည် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေအရ စစ်ဆေးမေးမြန်းရန်အတွက် ရဲတပ်ဖွဲ့၏ ဆင့်ခေါ်ခြင်းကိုခံခဲ့ရသည်။[275]

***Eric Paulsen ၏ဖြစ်ရပ်***

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် လူ့အခွင့်အရေးရှေ့နေနှင့် လွတ်လပ်မှုဆိုင်ရာ ရှေ့နေများ၏ ပူးတွဲတည်ထောင်သူဖြစ်သည့် **Eric Paulsen** သည် မလေးရှားနိုင်ငံ၏ အစ္စလာမ်ဘာသာ ဖွံ့ဖြိုး တိုးတက်ရေးဌာန (Jakim) သည် အစွန်းရောက်ဝါဒကို မြှင့်တင်နေသည်ဟု စွပ်စွဲထားသည့် တွစ်တာပေါ်တွင် တင်ခဲ့သည့် သူ၏ပို့စ်ကြောင့် ရဲအရာရှိ ၂၀ ဦးကျော်၏ ဖမ်းဆီးခြင်းခံခဲ့ရကာ နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုဖြင့် စစ်ဆေးမေးမြန်းရန် ထိန်းသိမ်းခံခဲ့ရသည်။[276] Paulsen သည် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေ ပုဒ်မ ၄(၁)(ဂ) အရ ဖေဖော်ဝါရီလတွင် စွဲချက်တင်ခံခဲ့ရသည်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် နိုင်ငံတော်ရှေ့နေချုပ်ရုံးသည် Paulsen အား တရားစွဲဆိုချက်ကို ရုပ်သိမ်းခဲ့သည်။[277]

---

Malay Mail ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်၊ https://www.malaymail.com/news/malaysia/2019/01/11/sedition-act-malaysian-bar-calls-for-return-of-moratorium-halt-toinvestiga/1711633 တွင်ကြည့်ရှုနိုင်သည်။ Human Rights Watch ၊ 'မလေးရှားနိုင်ငံ - အလွဲသုံးစားပြုသည့် ဥပဒေများကို ဆိုင်းငံ့ထားသည်' ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၅ ရက်၊ https://www.hrw.org/news/2018/12/05/malaysia-keep-moratoriumabusive-laws တွင်ကြည့်ရှုနိုင်သည်။

[275] သူတို့သည် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေ ပုဒ်မ ၄ (၁) နှင့် ငြိမ်းချမ်းစွာစုဝေးခြင်း အက်ဥပဒေ ပုဒ်မ ပုဒ်မ ၉ (၅) ကို ချိုးဖောက်မှု ဖြစ်နိုင်ချေရှိမရှိ မေးမြန်းရန်အတွက် ခေါ်ဆောင်သွားခံရခြင်းဖြစ်သည်။ ICJ ၊ 'မလေးရှားနိုင်ငံ - အမျိုးသမီးများနေ့လမ်းလျှောက်ချီတက်ပွဲ စီစဉ်သူများကို အရှက်ရစေခြင်းနှင့် ခြိမ်းခြောက်မှုကို ရပ်တန့်ပါ' ၊ ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်၊ https://www.icj.org/malaysia-stop-the-harassment-and-intimidation-of-womens-march-organizers/ တွင်ကြည့်ရှုနိုင်သည်။

[276] Frontline Defenders ၊ 'အမှုဖြစ်စဉ်သမိုင်းကြောင်း ၊ Eric Paulsen' ၊ https://www.frontlinedefenders.org/en/case/case-history-eric-paulsen တွင်ကြည့်ရှုနိုင်သည်။

[277] Ida Lim ၊ 'PSM မှ Arul၊ ရှေ့နေ Eric Paulsen တို့အား နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အမှုဖြင့် တရားစွဲဆိုခြင်းကို ပယ်ဖျက်ပေးသည်' ၊ Malay Mail ၊ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၅ ရက်၊ ('Malay Mail, 15 August

***Zunar ၏ဖြစ်ရပ်***

၂၀၁၅ ခုနှစ်၊ ဧပြီလတွင် နိုင်ငံရေးကာတွန်းဆရာ **Zunar** သည် အစိုက အတိုက်အခံပါတီ၏ ထိုအချိန်က ခေါင်းဆောင်ဖြစ်သူ Anwar Ibrahim ၏ အမှုစစ်ဆေးစီရင်ခြင်းအပြီးတွင် ဖက်ဒရယ် တရားရုံး၏ဆုံးဖြတ်ချက်အား ဝေဖန်ခဲ့သည့် ပို့စ်အား တွစ်တာပေါ်တွင်တင်ခဲ့သောကြောင့် နိုင်ငံတော် အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေအရ စွဲချက် ၃ ခုဖြင့် တရားစွဲခံခဲ့ရသည်။[278] Zunar သည် ထိုစွဲချက်များကြောင့် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေ ပုဒ်မ ၄(၁)(ဂ) အရ ထောင်ဒဏ် (၄၃) နှစ်အထိ ချမှတ်ခံရမည့်အရေးနှင့် ရင်ဆိုင်ခဲ့ရသည်။

၂၀၀၉ ခုနှစ် မှ ၂၀၁၅ ခုနှစ်အတွင်း Zunar ၊ သူ၏အရောင်းလက်ထောက်ဝန်ထမ်းများနှင့် သူ၏ ဝက်ဘ်ဆိုက်နှင့်အွန်လိုင်းစာအုပ်ဆိုင်၏ စီမံသူတို့သည် သူ၏ကာတွန်းစာအုပ်များကို ပုံနှိပ်ထုတ်ဝေမှု နှင့် ရောင်းချမှုတို့အတွက် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုစွဲချက်ဖြင့် အနည်းဆုံး ခြောက်ကြိမ် တိုင်တိုင် စုံစမ်းစစ်ဆေးရန်အတွက် ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရသည်။[279]

၂၀၁၈ ခုနှစ် ဇူလိုင်လတွင် Anwar Ibrahim ဦးဆောင်သော Pakatan Harapan ညွန့်ပေါင်းအစိုးရ ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသော ရွေးကောက်ပွဲများအပြီးတွင်

2018')၊ https://www.malaymail.com/news/malaysia/2018/08/15/prosecution-drops-sedition-cases-against-psms-arul-lawyer-ericpaulsen/1662642 တွင်ကြည့်ရှုနိုင်သည်။

[278] Astro Awani ၊ 'ကာတွန်းဆရာ Zunar သည် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုစွဲချက်ဖြင့် အမှုရင်ဆိုင်ရသည်' ၊ ၂၀၁၅ ခုနှစ် ဧပြီလ ၃ ရက်၊ http://english.astroawani.com/malaysia-news/cartoonist-zunar-claims-trial-sedition-charges-57007 တွင်ကြည့်ရှုနိုင်သည်။

[279] လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့် နှင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် နှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၏ အခြေအနေများဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်တို့၏ မလေးရှားနိုင်ငံ အစိုးရသို့ ဆက်သွယ်ရေးအမှတ် MYS ၁/၂၀၁၅ ၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်၊ https://spcommreports.ohchr.org/TMResultsBase/DownLoadPublicCommunicationFile?gId=2095 3 တွင်ကြည့်ရှုနိုင်သည်။

အစိုးရအပြောင်းအလဲ ဖြစ်ခဲ့ပြီး နောက် နိုင်ငံတော်ရှေ့နေချုပ်ရုံးသည် ၎င်း၏ Zunar အပေါ် တရားစွဲဆိုချက်ကို ရုပ်သိမ်း ပေးခဲ့ သည်။[280]

***အလားတူအမှုတစ်ခု***

၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် ရွေးကောက်ပွဲများအပြီးတွင် အစိုးရအပြောင်းအလဲ ဖြစ်ခဲ့ပြီးနောက် နိုင်ငံတော်ရှေ့နေချုပ်ရုံးသည် နိုင်ငံရေးသမားတစ်ဦးဖြစ်သူ **S. Arutchelvan** မှ Anwar Ibrahim ၏အမှု၌ ဖက်ဒရယ်တရားရုံးဆုံးဖြတ်ချက်အပေါ် သူ၏ဝေဖန်မှုကြောင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် စွဲဆိုခဲ့သည့်အပေါ် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု တရားစွဲဆိုချက်ကို ရုပ်သိမ်းပေး ခဲ့သည်။[281]

## ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ

ဘရူနိုင်းနိုင်ငံတွင် **၁၉၄၈ ခုနှစ် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေ**သည် အခြား အရေးပေါ်ဥပဒေများနှင့် **၁၉၈၂ ခုနှစ် ပြည်တွင်းလုံခြုံရေး အက်ဥပဒေ**တို့နှင့်အတူ အလွဲသုံးစား အသုံးပြုခြင်းခံခဲ့ရပြီး အွန်လိုင်းပေါ်တွင် ထုတ်ဖော်ပြောဆိုခြင်းအပါအဝင် နိုင်ငံအတွင်းရှိ လွတ်လပ် စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့် နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်အပေါ် တင်းကျပ်သော ကန့်သတ်မှု များကို ဆက်လက်ထိန်းသိမ်းထားသည်။[282] ဘရူနိုင်းနိုင်ငံသည် ၁၉၆၂

---

[280] Maizatul Nazlina ၊ 'Zunar ၏ နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုအမှု ရုပ်သိမ်းပေးခံခဲ့ရသည်' ၊ The Star Online ၊ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၃၁ ရက် ၊ https://www.thestar.com.my/news/nation/2018/07/31/zunar-sedition-case-withdrawn-counseland-mp-also-freed-of-charges-under-act/ တွင်ကြည့်ရှုနိုင်သည်။

[281] Malay Mail ၊ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၅ ရက်။

[282] The Human Rights Foundation Center for Law and Democracy ၊ ဘရူနိုင်းနိုင်ငံ စီမံချက်၊ 'ဘရူနိုင်းဒါရူစလာမ်နိုင်ငံအတွက် တစ်ကမ္ဘာလုံးဆိုင်ရာ ပုံမှန်ပြန်လည်သုံးသပ်ခြင်း - NGO တင်ပြခြင်း' ၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၃ ရက်၊ https://s3-us-west-2.amazonaws.com/maven-userdocuments/humanrightsfoundation/world/bw9J2ZPh20arNmRSWD2Ctw/0s96_E5ZLU2pNIW8tI7kdQ/Brunei_UPR_Submission_Final_(1).pdf?utm_source=HRF+Master+List&utm_campaign=fd851cbc1c

ခုနှစ်တွင် နောက်ဆုံး အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး အရေးပေါ်အခြေအနေ ကြေငြာခဲ့သည့်အချိန်မှစ၍ အကြွင်းမဲ့ သက်ဦးဆံပိုင်ဘုရင်စနစ်ဖြင့် အုပ်ချုပ်သောနိုင်ငံဖြစ်သည်။ စူလတန်ဘုရင်မှ အုပ်ချုပ်ရေး အာဏာကို အကြွင်းမဲ့ကိုင်စွဲထားသဖြင့် စူလတန်ဘုရင်အား "မကျေနပ်မှု"ကို ပိတ်ပင်သည့် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေ၏ ပြဌာန်းချက်များကို အထူးသဖြင့် ထုတ်ပြန်လေ့ရှိသည်။[283]

နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေပုဒ်မ ၃ (၁) သည် "ဘုရင်မင်းမြတ် ဖြစ်သော ဆူလတန်နှင့် Yang Di-Pertuan (သို့မဟုတ်) ဘရူနိုင်းအစိုးရအပေါ် မုန်းတီးမှု (သို့မဟုတ်) မထီမဲ့မြင်ပြုမှု (သို့မဟုတ်) မကျေနပ်မှုများအား လှုံ့ဆော်မှုတို့ကို ဖြစ်ပေါ်စေသည့် မည်သည့် "နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေသည့် ရည်ရွယ်ချက်"၊ "ဘရူနိုင်း နိုင်ငံသားများအကြား အားမရမှု နှင့် မကျေနပ်မှုတို့ကို ဖြစ်ပေါ်စေမှု" (သို့မဟုတ်) "ဘရူနိုင်းနိုင်ငံရှိ လူတန်းစား အလွှာအမျိုးမျိုးအကြား မလိုမုန်းထားမှုနှင့် ရန်လိုမုန်းတီးမှုများကို မြှင့်တင်ပေးမှု" ကိုမဆို ရာဇဝတ်မှုအဖြစ် သတ်မှတ်သည်။ နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေ ပုဒ်မ ၄ သည် "နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေသည့် ရည်ရွယ်ချက်" ဖြင့်ပြုမှုသော မည်သည့် လုပ်ရပ်ကိုမဆို ပထမအကြိမ် ပြစ်မှုအတွက် (၂) နှစ်အထိထောင်ဒဏ်နှင့် ဒဏ်ငွေ ဘရူနိုင်းဒေါ်လာ ၅,၀၀၀ (ခန့်မှန်းခြေအားဖြင့်အမေရိကန်ဒေါ်လာ ၃,၆၉၇) နှင့် နောက်ဆက်တွဲ ကျူးလွန်မှုများအတွက် (၃) နှစ်အထိ ထောင်ဒဏ်နှင့် ဒဏ်ငွေ တို့ကို ပြစ်ဒဏ်ချမှတ်သည်။[284]

***Shahiransheriffuddin ၏အမှု***

၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် အစိုးရဝန်ထမ်းတစ်ဦးဖြစ်သော **Shahiransheriffuddin bin Shahrani Muhammad** သည် သာသနာရေး ဝန်ကြီးဌာန၏ ဟလာလ် (Halal) အသိအမှတ်ပြုခြင်းဆိုင်ရာ မူဝါဒ နှင့် ဘရူနိုင်းနိုင်ငံရှိ အသေးစား စီးပွားရေးလုပ်ငန်းများအပေါ်

EMAIL_CAMPAIGN_2018_08_30_05_33_COPY_01&utm_medium=email&utm_term=0_2d05ae8b4ffd851cbc1c-77959975 တွင်ကြည့်ရှုနိုင်သည်။

[283] Ibid ။ The Commonwealth ၊ 'ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ - ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် နိုင်ငံရေး' ၊ http://thecommonwealth.org/our-member-countries/brunei-darussalam/constitution-politics တွင်ကြည့်ရှုနိုင်သည်။

[284] ၁၉၄၈ ခုနှစ် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေ (1984 Ed.)၊ http://www.agc.gov.bn/AGC%20Images/LOB/pdf/Cap.24.pdf တွင်ကြည့်ရှုနိုင်သည်။

၎င်း၏သက်ရောက်မှုကို မေးခွန်း ထုတ်ခဲ့သည့် သူ၏ ဖေ့စ်ဘွတ်ခ်ပို့စ်ကို တင်ခဲ့ပြီးနောက် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေသည့် ရေးသားထုတ်ဝေမှုဟု စွပ်စွဲခံရကာ နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေပုဒ်မ ၄(၁)(ဂ) အရ တရားစွဲဆိုခံခဲ့ရသည်။[285] Shahiran သည် ဘရူနိုင်းနိုင်ငံ၏ Syariah ရာဇသတ်ကြီး ပုဒ်မ ၂၃၀ အရ "မူဆလင်ကောင်စီဝင်တစ်ဦးအား စော်ကားခြင်း" နှင့် "မူဆလင်ကောင်စီ၏ ဆုံးဖြတ်ချက်များကို မေးခွန်းထုတ်ခြင်း" စသည့် သူ့အပေါ် တရားစွဲဆိုချက်များ၏ မိတ္တူကို တောင်းဆိုခဲ့သော်လည်း မရရှိနိုင်ခဲ့ဟူသော အပြောအရ အတည်မပြုနိုင်သောစွဲချက်များ ဖြင့် တရားစွဲ ဆိုခြင်း မခံရမီ ရှေ့နေနှင့် တွေ့ဆုံခွင့်မရခဲ့ဘဲ သာသနာရေး ဝန်ကြီးဌာနသို့ ၂ ရက်ကြာ စုံစမ်း စစ်ဆေးရန် အမျိုးသားများ၏ ခေါ်ဆောင်သွားခြင်း ခံခဲ့ရသည်။[286]

Shahiran သည် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေအရ ထောင်ဒဏ် ၂ နှစ်နှင့် ဘရူနိုင်းဒေါ်လာ ၅,၀၀၀ ဒဏ်ငွေ နှင့် Syariah ရာဇသတ်ကြီးအရ စွဲချက်များဖြင့် ၉ နှစ်အထိ ထောင်ဒဏ်နှင့် ဘရူနိုင်းဒေါ်လာ ၁၆,၀၀၀ အထိ ဒဏ်ငွေ ချမှတ်ခံရနိုင်သည့်အရေးနှင့် ရင်ဆိုင်ခဲ့ရသည်။[287]

---

[285] Fadley Faisal ၊ 'အစိုးရဝန်ထမ်းတစ်ဦး နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေအရ တရားစွဲဆိုခံခဲ့ရသည်' ၊ Borneo Bulletin ၊ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၈ ရက် ၊ https://borneobulletin.com.bn/government-employee-charged-sedition/ တွင်ကြည့်ရှုနိုင်သည်။

[286] ဘရူနိုင်းနိုင်ငံ စီမံချက် ၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့မှ ဖေ့စ်ဘွတ်ခ် ပို့စ်၊ https://es-la.facebook.com/thebruneiproject/posts/2023697287920428?__xts_%5B0%5D=68.ARAL4o3G9C3IF1wnocRZnCKAHi4zH71OrLVnCMXhxG3ZQAuko4z1romQTvx13wp40CmH2TF_wZuOP8ABX7lw6yEgXvtYERjBzkUcJUCiC0Lamt2pPtN3M3yy_1HBiUPvHUTFU17MEbCDLbH7d4GpN1XvElRinPqD3JQV_zwrP9OpjF1HyijIlE7Nci7xBn21aHj9Yr-B-9w8x-6ejJSMvMJvPQ4tkGFnkgw7PmHzLsPl1antrln5J48CpoC2CkN-dLvXsClLM-xl_Wz0mQDwEWSLWqOC4BjCnoDBQF07w8YEyEdFKJMjW2Oo76UhXZ0qcGMfHwiFp3laFO8LInAU8B&__tn__=-R တွင်ကြည့်ရှုနိုင်သည်။ Matthew Woolfe ၊ 'လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ်ဘရူနိုင်းနိုင်ငံ၏ ချုပ်ကိုင်ထားမှုကို ပိုမိုတင်းကျပ်လာ' ၊ New Naratif ၊ ၂၀၁၉ ခုနှစ် ဇွန်လ ၇ ရက် ၊ ('Woolfe, 7 June 2019') https://newnaratif.com/journalism/bruneis-tightening-grip-on-freedom-of-expression/share/xuna/4de7729ea5daf28540ee79b3dca73d19/ တွင်ကြည့်ရှုနိုင်သည်။

[287] Ibid.

၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် Shahiran သည် ကနေဒါနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး နိုင်ငံရေးခိုလှုံခွင့် တောင်းခံခဲ့သည်။[288]

***Whatsapp ကို ပစ်မှတ်ထားသည်ဟု တိုင်ကြားခဲ့သည့် အမှု***

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် အမည်မဖော်လိုသော အမျိုးသမီးတစ်ဦးသည် ရဲများအား ဝေဖန် သည့် Whatsapp သတင်းစကားများကို ပေးပို့ခဲ့သည်ဟူသော စွပ်စွဲခံရချက်အရ နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေပုဒ်မ ၄(၁)(ဂ) အရ ဘရူနိုင်းရဲတပ်ဖွဲ့ မှဖမ်းဆီးထိန်းသိမ်းကာ စစ်ဆေးမေးမြန်းခြင်းခံခဲ့ရသည်။ ဘရူနိုင်းရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် သူမ၏အမှုနှင့် ပတ်သတ်၍ နောက်ထပ်သတင်းအချက်အလက်မပါဝင်ဘဲ နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု ဥပဒေကို ချိုးဖောက်သည့် ချိုးဖောက်ကျူးလွန်မှု၏ လေးနက်မှုကိုသာ ထပ်လောင်းပြောကြားသည့် ထုတ်ပြန် ချက်များကိုပြုလုပ်ခဲ့သည်။[289]

## ဖိလစ်ပိုင်နိုင်ငံ

ဖိလစ်ပိုင်တွင် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု ပြစ်မှုကို သမ္မတ Rodrigo Duterte ၏ အာဏာရအုပ်ချုပ်မှုကို ဝေဖန်သူများနှင့် နိုင်ငံရေးအတိုက်အခံများအားပစ်မှတ်ထားရန် အသုံးပြု ခဲ့သည်။ ဖြစ်နိုင်ဖွယ်ရှိသော လုပ်ဆောင်မှု အမျိုးမျိုးကို "နိုင်ငံတော်အပေါ် အကြည်အညို

[288] CBC Radio ၊ 'Vancouver မှ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူ လိင်တူချစ်သူတစ်ဦးသည် ဘရူနိုင်းနိုင်ငံတွင် သူသည်ကျောက်ခဲနှင့် ပေါက်သတ်ခံရမည်ကို စိုးရိမ်သည်' ၊ ၂၀၁၉ ခုနှစ် ဧပြီလ ၃ ရက် ၊ https://www.cbc.ca/radio/asithappens/as-it-happens-wednesdayedition-1.5082934/gay-asylum-seeker-in-vancouver-fears-he-would-be-stoned-to-death-inbrunei-1.5082938 တွင်ကြည့်ရှုနိုင်သည်။

[289] [Bahasa Melayu] Pasukan Polis Diraja Brunei ၊ 'PPDB tegas terhadap maklumat tular' ၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက် ၊ https://imgur.com/pMC4zlc တွင်ကြည့်ရှုနိုင်သည်။ Woolfe ၊ ၂၀၁၉ ခုနှစ် ဇွန်လ ၇ ရက်။

ပျက်စေသည့်" ရာဇဝတ်မှုအဖြစ်သတ်မှတ်ရန်ခွင့်ပြုသည့် ရေရာမှုမရှိဘဲ ကျယ်ပြန့်လွန်းသော ဥပဒေရေးရာ ပြဋ္ဌာန်းချက်များမှတဆင့် ဤကျင့်သုံးမှုအား ခွင့်ပြုထားသည်။[290]

"ငြိမ်ဝပ်ပိပြားရေးကို ဆန့်ကျင်သောရာဇဝတ်မှု" များပါဝင်သော ဖိလစ်ပိုင်နိုင်ငံ၏ ပြန်လည် **ပြင်ဆင်ထားသော ရာဇသတ်ကြီး** ခေါင်းစဉ် (၃) အရ ၊ ပုဒ်မ ၁၃၉ တွင် "အင်အားသုံးခြင်း၊ ခြိမ်းခြောက်ခြင်း (သို့) တရားဥပဒေပြင်ပ အခြားနည်းလမ်းများဖြင့် လူသိရှင်ကြားနှင့် ရုန်းရင်းဆန်ခတ်ဖြစ်စေသည့် လူပုဂ္ဂိုလ်များမှ ကျူးလွန်သည့်"၊ "ဥပဒေတစ်ရပ်ရပ်အား အတည်ပြု ပြဋ္ဌာန်းခြင်းကို တားဆီးသည့်"၊ "အစိုးရနှင့် မည်သည့် နိုင်ငံဝန်ထမ်းအရာရှိကိုမဆိုငင်း၏ (သို့မဟုတ်) သူ၏ တာဝန်ဝတ္တရားများကို လွတ်လပ်စွာ ထမ်းဆောင်ခြင်းမှ တားဆီးသည့်"၊ "လူတစ်ဦးတစ်ယောက် (သို့မဟုတ်) မည်သည့် နိုင်ငံဝန်ထမ်းအရာရှိမဆို၏ ပစ္စည်းဥစ္စာများအပေါ် မုန်းတီးခြင်း (သို့မဟုတ်) လက်စားချေခြင်း လုပ်ဆောင်မှုတစ်ခုခုကို ဖြစ်စေသည့်" (သို့မဟုတ်) "မည်သည့်နိုင်ငံရေး (သို့မဟုတ်) လူမှုရေးဆိုင်ရာ အဆုံးသတ်အတွက် သီးခြားလူပုဂ္ဂိုလ် (သို့) လူမှုအတန်းစားများအား မုန်းတီးခြင်း (သို့မဟုတ်) လက်စားချေခြင်းကို ကျူးလွန်သည့်" ပြစ်မှုများကို နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုအဖြစ် သတ်မှတ်သည်။ ပုဒ်မ ၁၄၀ သည် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု လုပ်ရပ်တစ်ခုကို ထောင်ဒဏ် (၆) နှစ်ခန့်နှင့် PHP ၁၀,၀၀၀ အထိ ဒဏ်ငွေ (ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၉၅ ခန့်) ဖြင့် ပြစ်ဒဏ်ချမှတ်ကာ ပုဒ်မ ၁၄၁ သည် "နိုင်ငံတော် အပေါ် အကြည်အညိုပျက်စေမှုကို ကျူးလွန်ရန် ကြံစည်မှု"ကို ထောင်ဒဏ် (၆) လမှ (၆) နှစ်အတွင်း နှင့် ဒဏ်ငွေ PHP ၂,၀၀၀ (ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၃၉ ခန့်) ဖြင့် ပြစ်ဒဏ်ပေးသည်။[291]

---

[290] ICJ ၊ 'အမှားများကို ပြန်လည်တည့်မတ်ခြင်း - ဖိလစ်ပိုင်နိုင်ငံတွင် နိုင်ငံတော်လုံခြုံရေးနှင့် ဆက်စပ်နေသည့် ရာဇဝတ်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ နှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအပေါ် ၎င်းတို့၏ သက်ရောက်မှုများ' စာမျက်နှာ ၂၀ မှ ၂၃ ၊ https://www.icj.org/wpcontent/uploads/2015/03/Philippines-Criminal-Law-Provisions-Publications-Report-2015-ENG.pdf တွင်ကြည့်ရှုနိုင်သည်။

[291] ပြန်လည်ပြင်ဆင်ထားသော ရာဇသတ်ကြီး၊ ပုဒ်မ ၁၃၉ မှ ၁၄၁။ ပုဒ်မ ၁၄၀ တွင် "နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု၏ခေါင်းဆောင်သည် ထောင်ဒဏ် နှစ်ရှည်ပြစ်ဒဏ်၏ အနိမ့်ဆုံးကာလနှင့် ပီဆို ၁၀,၀၀၀ ထက်မပိုသောငွေဒဏ်ကို ကျခံရမည်။ ထိုအမှုတွင် ပါဝင်သော အခြားသူများသည် ထောင်ဒဏ်ချမှတ် ဆုံးမခြင်းပြစ်ဒဏ်၏ အများဆုံးကာလနှင့် ပီဆို ၅,၀၀၀ ထက်မပိုသောငွေဒဏ်ကို ကျခံရမည်။" ဟုဖော်ပြထားသည်။ ပုဒ်မ ၁၄၁ တွင် "နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေရန် လှုံ့ဆော်သည့် ရာဇဝတ်မှု ကျူးလွန်ရန် ကြံစည်သူများအား ထောင်ဒဏ်ချမှတ် ဆုံးမခြင်းပြစ်ဒဏ်၏ အလယ်အလတ်ကာလနှင့်ပီဆို ၂,၀၀၀ ထက်မပိုသောငွေဒဏ်ဖြင့် ပြစ်ဒဏ်ချမှတ်သင့်သည်" ဟုဖော်ပြထားသည်။ ဤပြစ်ဒဏ်များသည် ပြန်လည်ပြင်ဆင် ထားသော ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၇ အရ သတ်မှတ်ထားသော ကာလများနှင့် သက်ဆိုင်သည်။ ဖိလစ်ပိုင်နိုင်ငံသည်

ထို့နောက် ပုဒ်မ ၁၄၂ တွင် "နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုရန် လှုံ့ဆော်မှု" ကို "မိန့်ခွန်းများ၊ ထုတ်ဖော်ကြေငြာခြင်းများ၊ အရေးအသားများ၊ သင်္ကေတ အထိမ်းအမှတ်များ၊ ကာတွန်းများ၊ စာတန်းများနှင့် အခြား ကိုယ်စားပြုဖော်ပြမှုများအားဖြင့်" (သို့မဟုတ်) "ဖိလစ်ပိုင်သမ္မတနိုင်ငံကို ဆန့်ကျင်စော်ကားသည့် အသရေဖျက်စာကို ပုံနှိပ်ထုတ်ဝေခြင်း (သို့မဟုတ်) ဖြန့်ဝေခြင်း" များမှတစ်ဆင့် သော်လည်းကောင်း (သို့မဟုတ်) "ဥပဒေအရခန့်အပ်ထားသည့် အရာရှိမည်သူကိုမဆို သူ၏လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်းကို တားဆီးရန် (သို့မဟုတ်) အနှောင့်အယှက်ပေးရန် ၊ လူတစ်ဦးချင်းစီကို "နိုင်ငံရေးလျှို့ဝှက်ကြံစည်ရန်နှင့် ဥပဒေနှင့် မညီသောရည်ရွယ်ချက်များအတွက် အတူတကွစုရုဝေးရန်" ၊ "အစိုးရ၏ လုံခြုံရေးနှင့် အမိန့်" ၊ "လူမှုအသိုင်းအဝိုင်း၏ အေးချမ်းမှုကို အနှောင့်အယှက်ပေးရန်" (သို့မဟုတ်) "ထိုကဲ့သို့သော ဆိုးယုတ်သည့်အလေ့အကျင့်များကို သိလျက်ဖုံးကွယ်ထားခြင်း" များအဖြစ် ကျယ်ပြန့်စွာ သတ်မှတ်ထားသည်။ ထိုသို့သော ပြစ်မှုကို (၆) နှစ်အထိထောင်ဒဏ်နှင့် PHP ၂,၀၀၀ အထိ (ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၃၉ ခန့်) ငွေဒဏ် ချမှတ်နိုင်သည်။[292]

**ဆိုက်ဘာရာဇဝတ်မှု ကာကွယ်ရေး အက်ဥပဒေ** အတည်ပြုပြီးနောက်တွင် အွန်လိုင်းစာမျက်နှာများ ပေါ်ရှိ ပုဒ်မ ၁၃၉ မှ ၁၄၂ အရ ကျူးလွန်သောပြစ်မှုများသည် "ပြန်လည်ပြင်ဆင်ထားသော ရာဇသတ်ကြီးတွင် ဖော်ပြထားသည်ထက် တစ်ဆင့်ပိုမိုမြင့်မားသော" ပြစ်ဒဏ်များဖြင့် အရေးယူခြင်း ခံရသည်။[293] CPA သည် ပြန်လည်ပြင်ဆင်ထားသော

---

တိကျသည့်ကာလ သတ်မှတ်ထားခြင်းမရှိသော ပြစ်ဒဏ်ချမှတ်မှုကို အသုံးပြုကာ တရားသူကြီးများသည် တိကျသည့်ကာလ သတ်မှတ်ထားခြင်းမရှိသော ပြစ်ဒဏ်ချမှတ်သည့် ဥပဒေ အပေါ်အခြေခံ၍ ပြစ်ဒဏ်ချမှတ်စီရင်ရန် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ တိကျသည့်ကာလ သတ်မှတ် ထားခြင်းမရှိသော ပြစ်ဒဏ်ချမှတ်သည့် ဥပဒေ၊ အက်ဥပဒေအမှတ် ၄၁၀၃၊ http://www.chanrobles.com/actno4103.htm တွင်ကြည့်ရှုနိုင်သည်။

[292] ပြန်လည်ပြင်ဆင်ထားသော ရာဇသတ်ကြီး၊ ပုဒ်မ ၁၄၂။ ပုဒ်မ ၁၄၂ တွင် " ထောင်ဒဏ်ချမှတ် ဆုံးမခြင်းပြစ်ဒဏ်၏ အမြင့်ဆုံးကာလနှင့် ပီဆို ၂,၀၀၀ ထက်မပိုသောဒဏ်ငွေကို နိုင်ငံတော်အပေါ်အကြည်အညိုပျက်စေမှု ရာဇဝတ်မှုတွင် ကိုယ်တိုင်ပါဝင်ခြင်းမရှိဘဲ အခြားသူများအား နိုင်ငံတော်အပေါ်အကြည်အညိုပျက်စေသည့် လုပ်ရပ်များ ပြီးမြောက်စေရန် လှုံ့ဆော်သည့် မည်သူကိုမဆို ချမှတ်သင့်သည်" ဟုဖော်ပြထားသည်။

[293] CPA ၏ နောက်ထပ် ခွဲခြမ်းစိတ်ဖြာမှုကို အောက်တွင်ပါရှိမည့် အပိုင်း ၅ တွင်ကြည့်ပါ။ ၂၀၁၂ ခုနှစ် ဆိုက်ဘာရာဇဝတ်မှု ကာကွယ်ရေး အက်ဥပဒေ၊ အက်ဥပဒေအမှတ် ၁၀၁၇၅ ('CPA') ၊ အပိုင်း ၆ ၊ https://www.lawphil.net/statutes/repacts/ra2012/ra_10175_2012.html တွင်ကြည့်ရှုနိုင်သည်။ 'တစ်ဆင့် ပိုမိုမြင့်မားသော' သည် တရားသူကြီးများအား ပြန်လည်ပြင်ဆင်ထားသော ရာဇသတ်ကြီးတွင် ပြဋ္ဌာန်းထားသည်ထက်

ရာဇသတ်ကြီးတွင် ပါရှိသည့် အလွန်ကျယ် ပြန့်သော ပြဋ္ဌာန်းချက်များအပေါ်တွင် အစပြုထားပြီး အွန်လိုင်းပေါ်တွင် ထုတ်ဖော်ပြောဆိုမှုများ (သို့မဟုတ်) သတင်းအချက်အလက် မျှဝေမှုများအပေါ် ပြစ်ဒဏ်ချမှတ်မှုများကို တိုးမြှင့်ခြင်းအားဖြင့် အွန်လိုင်းနယ်ပယ်သို့ ၎င်းတို့၏သက်ရောက်မှုကို ချဲ့ထွင်လာသောကြောင့် ဤအချက်သည် အလွန်အမင်းပင် ပြဿနာများစွာ ဖြစ်စေသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ပုဒ်မ ၁၃၉ မှ ၁၄၂ သည် "နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေရန် လှုံ့ဆော်သည်" ဟု ယူဆရသော အရေး အသားများ၊ လုပ်ရပ်များနှင့် ကာတွန်းများကိုသာမက ဆက်သွယ်ရေးကြားခံ အားလုံးနီးပါးကို သက်ရောက်မှုရှိနိုင်သည့် "အခြားကိုယ်စားပြုခြင်းများ" ကို ပါ အကျုံးဝင်စေသည်။

ဥပဒေကြမ်းများ၊ ဥပဒေများနှင့် ဥပဒေရေးရာပြုပြင်ပြောင်းလဲမှုများအတွက် တောင်းဆိုမှုများ နှင့်ပတ်သက်သော ကျိုးကြောင်းညီညွတ်သော ထောက်ခံအားပေးမှုတို့သည် ကျယ်ပြန့်စွာ အခြေပြု ထားသည့် "ဥပဒေတစ်ရပ်ရပ်အား အတည်ပြုပြဋ္ဌာန်းခြင်းကို တားဆီးသည့်" "နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေသော" လုပ်ရပ်အဖြစ်သို့ ကျရောက်သွားနိုင်သည်။ အစိုးရ၏မူဝါဒ (သို့မဟုတ်) နိုင်ငံတော်အရာရှိတစ်ဦး၏ အပြုအမူအား ဝေဖန်မှုကို ထုတ်ဖော်ပြောဆိုခြင်းသည် "အစိုးရ (သို့ မဟုတ်) အစိုးရအရာရှိများအား ၎င်းတို့၏ လုပ်ငန်းတာဝန်များကို လွတ်လပ်စွာ ထမ်းဆောင်ခြင်းကို တားဆီးသည့်" အပြုအမူအဖြစ် တရားစွဲဆိုခံရနိုင်သည်။ အဂတိလိုက်စားမှု ကဲ့သို့သော အများ ပြည်သူစိုးရိမ်ဖွယ်ရာ ကိစ္စရပ်များအား အစီရင်ခံတင်ပြခြင်းသည် "နိုင်ငံတော်အပေါ် အကြည်အညို ပျက်စေရန်" နှင့် "မည်သည့်နိုင်ငံရေး (သို့မဟုတ်) လူမှုရေးဆိုင်ရာ အဆုံးသတ်အတွက် သီးခြားလူ ပုဂ္ဂိုလ် (သို့) လူမှုအတန်းစားများအား မုန်းတီးခြင်း (သို့မဟုတ်) လက်စားချေခြင်းကို ကျူးလွန်ရန်" ရည်ရွယ်ချက်ရှိသည်ဟု အမည်တပ်ခံရနိုင်သည်။ အလားတူပင် "နိုင်ငံရေးလျှို့ဝှက်ကြံစည်ခြင်းနှင့် ဥပဒေနှင့် မညီသောရည်ရွယ်ချက်များအတွက် အတူတကွစုဝေးခြင်း" ကိုကာကွယ်ခြင်းသည် အများ ပြည်သူအကျိုးစီးပွားကိစ္စရပ်များအတွက် အစိုးရကို ဖိအားပေးနေသော လူထုအခြေပြု လူမှု့ အဖွဲ့အစည်းများ (သို့မဟုတ်) ပြည်ထောင်စုအသင်းအဖွဲ့များ၏ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့် နှင့် စုဝေးခွင့်ကို

---

ပိုမိုပြင်းထန်သော ပြစ်ဒဏ်ကာလကို ချမှတ်နိုင်စေမည့် ဖိလစ်ပိုင်နိုင်ငံသည် တိကျသည့်ကာလ သတ်မှတ်ထားခြင်းမရှိသော ပြစ်ဒဏ်ချမှတ်မှုကို အသုံးပြုကြောင်း ညွှန်ပြသည့် အပေါ်မှ အောက်ခြေမှတ်စုအမှတ် ၂၉၀ ကိုကြည့်ပါ။

အားနည်းစေသည့် အကြောင်းအရင်း နောက်ခံတစ်ခုအဖြစ် မှိုငြမ်းခံရနိုင်သည်။ "လူမှုအသိုင်းအဝိုင်း၏ အေးချမ်းမှုကို အနှောင့်အယှက်ပေးခြင်း" နှင့် "အစိုးရ၏ လုံခြုံရေးနှင့် အမိန့်" တို့သည် ပြည်သူလူထု၏ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေရေးရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ထောက်ခံအားပေးမှုနှင့် တောင်းဆိုမှု လုပ်ဆောင်ခြင်းများ အားလုံး နီးပါးကို လွှမ်းခြုံနိုင်သည်။ အွန်လိုင်းပေါ်တွင် ပြုလုပ်သော ဤလုပ်ဆောင်မှုများမှ တစ်ချက် ချက်သည် ပြန်လည်ပြင်ဆင်ထားသော ရာဇသတ်ကြီးဖြင့်သာမက CPA အရပါ ဖိလစ်ပိုင်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ တာဝန်ဝတ္တရားများကို ဆန့်ကျင်ချိုးဖောက်ကာ ပိုမိုပြင်းထန်သော ပြစ်ဒဏ်များကို ကျခံရနိုင်သည်။

***ဒုတိယ သမ္မတ Maria Leonor (‘Leni’) Robredo နှင့် အခြားသူများ၏ ဖြစ်ရပ်***

၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့မှ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးနှင့် စစ်ဆေးရေးအဖွဲ့ (CIDG) သည် နိုင်ငံတော်သမ္မတ Rodrigo Duterte ၏အုပ်ချုပ်မှုကို ဝေဖန်သည့်အမြင်များကို ထုတ်ဖော်ပြောဆိုခဲ့သည့် **ဒုတိယသမ္မတ Leni Robredo နှင့် အခြား ၃၅ ဦး**တို့အား နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေရန် လှုံ့ဆော်မှုနှင့် အသရေဖျက်မှုနှင့် အွန်လိုင်း ပေါ်တွင် အသရေဖျက်မှုအပါအဝင် အခြားစွဲချက်များဖြင့် ရာဇဝတ်မှုဆိုင်ရာ တိုင်ကြားလွှာများ တင်သွင်းခဲ့သည်။[294] ပြန်လည်ပြင်ဆင်ထားသော ရာဇသတ်ကြီး ပုဒ်မ ၁၄၂ နှင့် CPA ၏ ပုဒ်မ ၆ အရ ၎င်းတို့သည် "နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေရန် လှုံ့ဆော်မှု" ဖြင့် ထောင်ဒဏ် (၆) နှစ်ထက်ပို၍ ကျခံရမည့်အရေးနှင့် ရင်ဆိုင်ခဲ့ရသည်။

ရာဇဝတ်မှုဆိုင်ရာ တိုင်ကြားမှုများဖြင့် ပစ်မှတ်ထားခံခဲ့ရသူများထဲတွင် သာသနာပိုင် ဆရာတော် ကြီး ၄ ပါး၊ ဘုန်းတော်ကြီး ၃ ပါး၊ ပညာရေး အတွင်းဝန်ဟောင်း ၁ ဦး၊

[294] Lian Buan ၊ 'CIDG သည် Robredo၊ လစ်ဘရယ်ပါတီ၊ သာသနာပိုင်ဆရာတော်ကြီးများကို Bikoy ဗီဒီယိုများကြောင့် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုဖြင့် တရားစွဲဆိုသည်' ၊ Rappler ၊ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၈ ရက် ၊ (‘Rappler, 18 July 2019’) ၊ https://www.rappler.com/nation/235729-cidg-suesrobredo-liberal-party-bishops-sedition-over-bikoy-videos တွင်ကြည့်ရှုနိုင်သည်။ Human Rights Watch ၊ 'ဖိလစ်ပိုင်နိုင်ငံ - Duterte ကို ဝေဖန်မှုကြောင့် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုဖြင့် တရားစွဲဆိုမှုများကို ပယ်ဖျက်ပါ' ၊ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၃ ရက် ၊ https://www.hrw.org/news/2019/07/23/philippines-drop-sedition-cases-against-duterte-critics တွင်ကြည့်ရှုနိုင်သည်။

အထက်လွှတ်တော်အမတ်များ၊ အထက်လွှတ်တော်အမတ်ဟောင်းများနှင့် ဒုတိယသမ္မတလည်း အပါအဝင်ဖြစ်သည့် အတိုက်အခံ လစ်ဘရယ်ပါတီ၏ အထက်လွှတ်တော် ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်း၊နှင့် Duterte အစိုးရ၏ "မူးယစ်ဆေးဝါး စစ်ပွဲ" အရ ဥပဒေနှင့်မညီဘဲ သတ်ဖြတ်ခံရမှုများတွင် ပါဝင်ခဲ့ဖွယ်ရှိသော နစ်နာသူများ၏ မိသားစုဝင်များအား ဥပဒေရေးရာအကူအညီများပေးခဲ့သည့် အခမဲ့ ဥပဒေရေးရာ အကူအညီပေးရေး အဖွဲ့ (FLAG) ၏ အရာရှိများတို့ ပါဝင်သည်။[295]

နိုင်ငံတော်သမ္မတနှင့် ဖိလစ်ပိုင်နိုင်ငံရှိ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများအကြား ဆက်နွယ်မှုများနှင့် ပတ်သက်၍ စွပ်စွဲထားသည့် YouTube ပေါ်တွင် ဖြန့်ဝေခဲ့သော ဗီဒီယိုများနှင့် ပတ်သက်ပြီး ရာဇဝတ်မှုဆိုင်ရာ တိုင်ကြားချက်များကို တင်သွင်းခဲ့သည်။ တိုင်ကြားချက်တွင် လူ ၃၆ ယောက်သည် ဤဗီဒီယိုများဖန်တီးခြင်းနှင့် ဖြန့်ဝေခြင်းတို့တွင် ပါဝင်ပတ်သက်ခြင်းအားဖြင့်" နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေရန် လှုံ့ဆော်" ခဲ့သည်ဟု စွပ်စွဲခဲ့သည်။[296]

---

[295] ၎င်းတို့တွင် ပညာရေးအတွင်းဝန်ဟောင်းဖြစ်သူ Brother Armin Luistro ၊ ဘုန်းတော်ကြီးများဖြစ်သော Father Flaviano Villanueva ၊ Father Albert Alejo ၊ Father Robert Reyes ၊ သာသနာပိုင်ဆရာတော်ကြီးများဖြစ်သော Honesto Ongtioco ၊ Teodoro Bacani Jr ၊ Pablo Virgilio David နှင့် Socrates Villegas ၊ အထက်လွှတ်တော်အမတ်များဖြစ်သော Leila de Lima နှင့် Risa Hontiveros ၊ အထက်လွှတ်တော်အမတ်ဟောင်းများဖြစ်သော Antonio Antonio Trillanes IV နှင့် Bam Aquino နှင့် Otso Diretso အထက်လွှတ်တော်ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းများဖြစ်သော Chel Diokno ၊ Florin Hilbay ၊ Gary Alejano ၊ Romulo Macalintal ၊ Samira Gutoc နှင့် Erin Tañada တို့ပါဝင်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် သမ္မတ နှင့် ဒုတိယသမ္မတတို့ကို သီးခြားစီ ရွေးကောက်တင်မြှောက်သည်။ Rappler ၊ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၈ ရက် ကိုကြည့်ပါ။

[296] Raissa Robles ၊ 'ဖိလစ်ပိုင်နိုင်ငံတွင် Duterte ရဲ့မိသားစုသည် မူးယစ်ဆေးဝါးမှ မသမာငွေကြေး သန်းပေါင်းများစွာကို ရယူခဲ့သည်ဟု စွပ်စွဲသည့် လျှို့ဝှက်သတင်းပေးသူသည် သူ၏ ဝိသေသလက္ခဏာထုတ်ဖော်ပြသခဲ့ရသည်'၊ South China Morning Post ၊ ၂၀၁၉ ခုနှစ် မေလ ၆ ရက် ၊ [https://www.scmp.com/news/asia/southeast-asia/article/3009090/mysterious-whistle-blower-videosclaiming-philippine](https://www.scmp.com/news/asia/southeast-asia/article/3009090/mysterious-whistle-blower-videosclaiming-philippine) တွင်ကြည့်ရှုနိုင်သည်။ Jason Castaneda ၊ 'Duterte သည် အတိုက်အခံသမားနှင့် အကွဲအပြဲအတွက် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုစွဲချက်ကို သုံးခဲ့သည်' ၊ Asia Times ၊ [https://www.asiatimes.com/2019/07/article/duterte-goes-for-kill-withopposition-sedition-charge/](https://www.asiatimes.com/2019/07/article/duterte-goes-for-kill-withopposition-sedition-charge/) တွင်ကြည့်ရှုနိုင်သည်။

အထူးသဖြင့် ဤတိုင်ကြားချက်များကို မတင်သွင်းမီတွင် Duterte အစိုးရ၏ "မူးယစ်ဆေးဝါး စစ်ပွဲ" ကြောင့် ပေါ်ပေါက်လာသော ဥပဒေနှင့်မညီပဲ သတ်ဖြတ်ခံရမှုများနှင့် ပျောက်ဆုံးခြင်း များတို့နှင့် ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင်းဖော်ပြသည့် ဆုံးဖြတ်ချက်အား ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ အတည်ပြုထုတ်ပြန်ခဲ့သည်။[297]

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် တရားရေးဌာနမှ အစိုးရရှေ့နေများသည် အမှုနှင့် ပတ်သက်၍ ပဏာမစုံစမ်းစစ်ဆေးမှုကို ပြုလုပ်ခဲ့သည်။[298]

## *၄။ နိုင်ငံတော်လုံခြုံရေး ကာကွယ်ရန် (သို့) ငြိမ်ဝပ်ပိပြားမှုဖြစ်စေရန် ရည်ရွယ် ထုတ်ပြန်ထားသော ဥပဒေများ*

နိုင်ငံတော်အကြည်ညိုပျက်စေမှုဥပဒေများသည် နိုင်ငံတော်အကြီးအကဲ (သို့) အာဏာရ အစိုးရ အဖွဲ့ဝင်များအား စော်ကားမှုကိုဖြစ်စေသည့်ရေးသားပြောဆိုချက်များမရှိစေရန် ကာကွယ်ခြင်း ဖြင့် ငြိမ်ဝပ်ပိပြားမှုရှိစေရန်ရည်ရွယ်ပြီး အခြားသောဥပဒေများကို နိုင်ငံတော်အား ကာကွယ် ခြင်းဖြင့် ငြိမ်ဝပ်ပိပြားမှုရှိစေရန် လွတ်လပ်စွာရေးသားပြောဆိုမှုများကိုကန့်သတ်နိုင်ရန် အသုံးချ လျက်ရှိသည်။

ယခုအပိုင်းတွင် လာအို၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့ရှိ အထက်ပါဥပဒေများအနေဖြင့် အာဏာရ အစိုးရ၏ အကျိုးစီးပွားအတွက် အရာရှိကြီးများက နိုင်ငံတော်လုံခြုံရေးနှင့်

[297] ICJ ၊ 'ဖိလစ်ပိုင်နှင့်ပတ်သက်သည့်ဆုံးဖြတ်ချက်အားအတည်ပြုခဲ့ပြီးဖြစ်သည် - လက်ရှိတွင်ဘယ်လိုလည်း?' ၊ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၉ ရက် ၊ https://www.icj.org/the-resolution-on-philippines-has-been-adopted-what-now/ တွင်ကြည့်ရှုနိုင်သည်။ ICJ ၊ 'ICJသည် ဖိလစ်ပိုင်နိုင်ငံ၏ "မူးယစ်ဆေးဝါး စစ်ပွဲ"အား ကုလသမဂ္ဂမှ စုံစမ်းစစ်ဆေးရန်တောင်းဆိုမှုတွင် ပူးပေါင်းခဲ့သည်' ၊၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၈ ရက် ၊ https://www.icj.org/icj-joins-call-for-un-investigation-into-philippines-war-on-drugs-killings/ တွင်ကြည့်ရှုနိုင်သည်။

[298] Tetch Torres-Tupas ၊ 'DOJ သည် Robredo နှင့် အခြား ၃၅ ဦးအား နိုင်ငံတော်အပေါ်အကြည်အညိုပျက်စေရန် လှုံ့ဆော်မှုစွဲချက်များကို စစ်ဆေးခဲ့သည်'၊ Inquirer.net ၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၂ ရက် ၊ https://newsinfo.inquirer.net/1163946/doj-wraps-up-probeon-sedition-raps-vs-robredo-35-others တွင်ကြည့်ရှုနိုင်သည်။ Lian Buan ၊'DOJ သည် Robredo နှင့် လစ်ဘရယ်ပါတီ ဥပဒေပြုအမတ်များကို Bikoy စွဲချက်များဖြင့် ဩဂုတ်လ ၉ရက်နေ့တွင် စစ်ဆေးခဲ့သည်' ၊ Rappler ၊ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၆ ရက် ၊ https://www.rappler.com/nation/236211-doj-start-sending-subpoenas-robredo-lp-lawmakers-bikoy-complaint တွင်ကြည့်ရှုနိုင်သည်။

ငြိမ်ဝပ်ပိပြားရေး ဟု ပုံမှားရိုက် အကြောင်းပြ လိုသလို အကန့်အသက်မဲ့ လုပ်ပိုင်ခွင့် ကျင့်သုံးမှု ၊ ဥပဒေအားလွဲမှားစွာ ပုံဖော်သုံးချမှု တို့ကို မည်သို့မည်ပုံဖြစ်စေသည်ကို လေ့လာဆွေးနွေးသွားမည်ဖြစ်ပါသည်။ အဆိုပါ ဥပဒေများမှာ "အစိုးရအား မဟုတ်မမှန်ဝါဒဖြန့်ဝေမှု"ကာကွယ်ရန်၊ "နိုင်ငံတော်လုံခြုံရေးအား ထိပါး ပျက်ပြား" စေနိုင်သည့် သတင်းအချက်အလက်များဖြန့်ဝေမှုမှ ထိန်းချုပ်ရန် (သို့) "ငြိမ်ဝပ်ပိပြားမှု" ကို ထိပါးနှောင့်ယှက်မှု ဖြစ်စေသည့် ပြစ်မှုရာဇဝတ်မှုကို "လှုံ့ဆော်ဖန်တီးမှု" မှ ကာကွယ်ရန်စသဖြင့် ကျယ်ပြန့်စွာဖွင့်ဆိုပြဌာန်းထားသော ဥပဒေများသာဖြစ်လေသည်။ ငြိမ်ဝပ်ပိပြားမှု နှင့် နိုင်ငံတော် လုံခြုံရေးတို့မှာ နိုင်ငံသား နှင့် ၎င်းတို့၏ နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICCPR) ၏အပိုဒ် ၁၉(၃) ပါ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အပါအဝင် အခြေခံကျသော လွတ်လပ်မှုများအပေါ် ကန့်သတ်နိုင်ရေးအတွက် တရားဝင် အသိအမှတ်ပြုထားသော အကြောင်း ပြချက် ၂ ရပ်ဖြစ်လေသည်။ သို့ရာတွင် ထိုသို့ ပိတ်ပင်တားဆီးနိုင်ရန် ကန့်သတ်ချက်များသည် တရားဥပဒေနှင့်ကိုက်ညီမှု၊ မရှိမဖြစ်လိုအပ်မှုနှင့် မျှတဆီလျော်မှုဆိုင်ရာမူများ နှင့် တိတိကျကျ ကိုက်ညီရမည်ဖြစ်သည်။[299]

၂၀၁၃ ခုနှစ်တွင် နိုင်ငံတော်အာဏာပိုင်များအနေဖြင့် နိုင်ငံတော်လုံခြုံရေး အကြောင်းပြချက် နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ဖွင့်ချမှု ပိတ်ပင်နိုင်ရေးနှင့်စပ်လျဉ်းသည့် ဥပဒေ ရေးဆွဲ၊ ပြင်ဆင်ပြဌာန်းအကောင်အထည်ဖော်ရာတွင် လမ်းညွှန်ချက်များပေးနိုင်ရန် ဆိုင်ဝိမ် (Tshwane) မူဘောင်များကို ဖော်ထုတ်ခဲ့သည်။[300] ဆိုင်ဝိမ်မူဘောင်တွင် သတင်းအချက် အလက်များ ဖွင့်ချခြင်းသည် "တရားဝင်အစိုးရတစ်ရပ်၏ နိုင်ငံတော်လုံခြုံရေးအား စစ်မှန်ပြီး ဖော်ထုတ်၍ရသော ကြီးကြီးမားမား ထိခိုက်မှုတစ်ရပ်" ဖြစ်စေမှသာလျှင် အဆိုပါသတင်း

---

[299] "အခွင့်အရေးနှင့် ကန့်သတ်မှု တို့အကြား၊ စံနှုန်း နှင့် ကင်းလွတ်မှု တို့အကြား ဆက်နွယ်မှုများကို ပြောင်းပြန်လှန်၍ မရနိုင်ပေ" CCPR/C/GC/34, စာမျက်နှာ ၂၁ ကိုကြည့်ရန်

[300] ၂၀၁၃ ခုနှစ်တွင် Open Society Justice Initiative ၏ ပံ့ပိုးကူညီမှု၊ အိုင်စီဂျေ၊ အခြားသောအရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ အစိုးရများ၊ လုံခြုံရေးအရာရှိဟောင်းများ၊ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများ နှင့် ပညာရှင်များပါဝင် ဆောင်ရွက်မှု လုပ်ငန်းစဉ်ကြောင့် ဆိုင်ဝိမ် (Tshwane) မူဘောင်များကို ထုတ်ပြန်နိုင်ခဲ့သည်။ နိုင်ငံအစိုးရများအနေဖြင့် သတင်းအချက် အလက်များပေါက်ကြားမှု ကာကွယ်ရာတွင် အသုံးပြုနိုင်သော စံသတ်မှတ်ချက်များကို တိတိကျကျ အသေးစိတ် ထည့်သွင်း ထားပါသည်။ ICJ "'New global principles on the right to information launched', 12 June 2013, Available at: https://www.icj.org/new-global-principles-on-the-right-toinformation-launched/

အချက်အလက်များဖွင့်ချမှုမှ တားဆီးပိတ်ပင်ရမည် (မူ ၃)၊ သတင်းအချက်အလက်များသည် "ပြည်သူများ၏ တဦးချင်း လွတ်လပ်ခွင့်နှင့်လုံခြုံခွင့်တို့အပေါ် စနစ်တကျ (သို့) ပြောင်ပြောင်တင်းတင်း ချိုးဖောက်မှုများ၊ နိုင်ငံ တကာဥပဒေများ နှင့် ညီစွန်းသော ရာဇဝတ်မှုများအပါအဝင် နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှုဆိုင်ရာဥပဒေအား ပြင်းထန်စွာ ချိုးဖောက်မှုများ (သို့) လူ့အခွင့်အရေးအား ပြောင်တင်းစွာ ဆိုးဆိုးရွားရွား ချိုးဖောက်မှုများ" နှင့် သက်ဆိုင်သည့် အချက်အလက်များဖြစ်ပါက ထိုသတင်းအချက် အလက်များကို မည်သို့မျှ "မည်သို့သော အခြေအနေများတွင်ဖြစ်ပါစေ" ဖုံးကွယ် မထားသင့်ပေ (မူ ၁၀_က)၊ သတင်းအချက်အလက် ဖွင့်ချရာတွင်လိုအပ်လာပါက မည်သို့သော ပြည်သူပိုင်ပစ္စည်းများမဆို၊ သုံးစွဲမှုမှကင်းလွတ်ခွင့်မရှိရ။ (မူ ၅) နှင့် အစိုးရသည် သတင်းအချက် အလက်အမျိုးအစားခွဲခြားမှုနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို အများပြည်သူသိရှိ အောင် ထုတ်ပြန်ရမည့်တာဝန်ရှိလေသည် (မူ ၁၁၊ ၁၂) ဟူသောလမ်းညွှန်ချက်များ ချမှတ်ထား ပါသည်။[301]

## လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ (Loa PDR)

အခြေခံကျသော လွတ်လပ်မှုများ[302] အပေါ် တင်းတင်းကျပ်ကျပ်ထိန်းချုပ်မှုများ ချမှတ်ထား သော တစ်ပါတီနိုင်ငံဖြစ်သည့် လာအိုနိုင်ငံတွင် "အမျိုးသားအကျိုးစီးပွား"၊ "ရိုးရာယဉ်ကျေးမှုနှင့် ဂုဏ်သိက္ခာ" နှင့် "လူမှုရေးစည်းစနစ်ကျမှု"[303]တို့ကို ကာကွယ်နိုင်ရန်

---

301 The Tshwane Principles ကိုဤအင်တာနက်လိပ်စာမှတဆင့်ရယူနိုင်ပါသည် at: https://www.icj.org/wp-content/ uploads/2013/06/Global-Principles-on-National-Security-and-the-Right-to-Information-Tshwane-Principles-June-2013.pdf

302 ၂၀၁၈ခုနှစ်တွင် ဖရီးဒမ်ဟောက်စ်က လာအိုနိုင်ငံ၏ နိုင်ငံရေးအခွင့်အရေးနှင့် နိုင်ငံသားလွတ်လပ်မှု ကာကွယ် စောင့်ရှောက် ပေးနိုင်မှုအား ၁၂/၁၀၀ အဖြစ်သတ်မှတ်ခဲ့သည်၊ ၂၀၁၉ ခုနှစ်တွင် နယ်စည်းမခြားသတင်းထောက်များအဖွဲ့က ကမ္ဘာ့မီဒီယာ လွတ်လပ်မှုအညွှန်းကိန်းတွင် လာအိုနိုင်ငံအား ၁၈၀ နိုင်ငံများထဲမှ ၁၇၁ အဖြစ်အညွှန်းကိန်းသတ်မှတ်ခဲ့သည်။ See Freedom House, 'Laos Profile', Available at: https://freedomhouse.org/report/freedom-world/2018/laos; RSF, 'Laos: No light at the end of the tunnel', Available at: https://rsf.org/en/laos

303 See for eg. ICJ, '- အိုင်စီဂျေမှ အသင်းအဖွဲ့ဖွဲ့စည်းခြင်းဆိုင်ရာအမိန့်သစ်အား ဝေဖန်ကန့်ကွက်ခဲ့။ , 13 December 2017, Available at: https://www.icj.org/lao-pdr-the-icj-criticizes-new-decree-on-associations/ ; ICJ, 'လာအိုနိုင်ငံ၏ အရှေ့တောင်အာရှလုံခြုံရေးဥပဒေများ', Available at: https://www.icj.org/south-east-asia-securitylaws/lao-pdr-southeast-asia-security-laws/ ; FIDH (International Federation for Human Rights) and the Lao Movement for Human Rights (LMHR), အဖွဲ့အစည်းတို့၏

ထိုသို့သောလွတ်လပ်မှုများ အပေါ် ဖိနှိပ်ချုပ်ချယ် နိုင်ရန် ဥပဒေများဖြင့် အစဉ်တစိုက်ပြဌာန်းလုပ်ဆောင်လျက်ရှိသည်။

လာအိုနိုင်ငံ၏ **ရာဇဝတ်ကျင့်ထုံး** အပိုဒ် ၆၅ တွင် "လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အား အကြည်ညိုပျက်စေမှု (သို့) အစိုးရမူဝါဒများနှင့်ပါတီ၏လမ်းညွှန်ချက်များအား ပျက်ပြားစေမှု (သို့) နိုင်ငံတော်လုံခြုံရေးထိခိုက်စေရေး ပြည်တွင်းဆူပူမငြိမ်မသက်ဖြစ်စေရန် သတင်းအမှား ကောလဟာလ များဖြန့်ချိခြင်း" တို့အပါအဝင် "နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်သည့် ဝါဒမှိုင်းများဖြန့်ဝေခြင်း"ကို တားဆီးပိတ်ပင်ထားပါသည်။ ထိုပြစ်မှုကျူးလွန်ပါက ထောင်ဒဏ် ၅ နှစ်အထိ နှင့် ဒဏ်ငွေ ကစ် ၅၀၀၀၀၀ မှ ၁၀ သန်းအထိ (ခန့်မှန်းအမေရိကန်ဒေါ်လာ ၅၇ မှ ၁၁၄၅ အထိ)[304] ချမှတ်နိုင်လေသည်။ ထူခြားသည်မှာ လာအိုနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၂၃ တွင် အလားတူပင် "အမျိုးသားအကျိုးစီးပွား" (သို့) "ရိုးရာယဉ်ကျေးမှု နှင့် ဂုဏ်သိက္ခာ"[305] နှင့် ဆန့်ကျင်သည့် "ယဉ်ကျေးမှုနှင့်မီဒီယာလုပ်ငန်းများ"အားလုံးကို တားမြစ်ပိတ်ပင်ထားလေသည်။

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် လာအိုနိုင်ငံအတွင်းရှိ "တိုင်းပြည်နှင့် တိုင်းရင်းသား လူမျိုးစုများအား ခွဲခြားဆက်ဆံမှုဖြစ်စေရန်အလို့ငှာ အယူဝါဒအမှားများဖန်တီးဖြန့်ဝေခြင်း" (သို့) နိုင်ငံ၏ ပြည်တွင်း ငြိမ်းချမ်းရေး၊ လွတ်လပ်ရေး၊ အချုပ်ခြာအာဏာတည်တံ့ရေး၊ ဒီမိုကရေစီ နှင့် သဃာဝပြောမှုတို့ကို ထိပါးဖျက်ဆီးခြင်း (သို့) လာအိုပြည်သူ့တော်လှန်ရေးပါတီ၊ လာအိုအစိုးရ တို့အား ဆန့်ကျင်တိုက်ခိုက်ခြင်း စသည်တို့အား ပြုလုပ်ရန် ပြည်တွင်း/ပြည်ပရှိ လာအိုနိုင်ငံသားများ လှုံ့ဆော်သွေးဆောင်" သည့် သတင်း အချက်အလက်များဖြန့်ဝေသော အင်တာနက်အသုံးပြုသူ များအပေါ် ပိတ်ပင်တားဆီး၍ ၎င်းတို့ကို ရာဇဝတ်ကျူးလွန်သူများအဖြစ်သတ်မှတ်နိုင်စေရန် **အင်တာနက်ပေါ်ရှိ သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်းဆိုင်ရာ ဒီဂရီ အမိန့် ၃၂၇**

လာအိုနိုင်ငံအခြေအနေနှင့်စပ်လျဉ်းသည့်စာတမ်း, 2 September 2016 ('FIDH, LMHR, 2 September 2016'), Available at: https://www.fidh.org/IMG/pdf /20160831_laos_foe_br_en.pdf

[304] FIDH, Lao Movement for Human Rights, '(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီမှ ဖေဖော်ဝါရီလအထိ) လာအိုနိုင်ငံ၏ ၃၅ ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့တင်သွင်းသည့် အစီရင်ခံစာ', 18 July 2019 ('FIDH, LMHR, 18 July 2019'), para 5, Available at: https://www.fidh.org/IMG/pdf/fidh-lmhr_lao_pdr_js_upr35_july_2018.pdf

[305] FIDH, LMHR, 18 July 2019, para 5.

("အမိန့်အမှတ် ၃၂၇")တစ်ရပ်ကို ပြဌာန်းခဲ့ပါသည်။[306] အဆိုပါအမိန့် အမှတ် ၃၂၇ ကိုသုံး၍ "လူ့အသိုင်းအဝိုင်းနှင့် တိုင်းပြည်တည်ငြိမ်မှုကို ခြိမ်းခြောက်လျက်ရှိသည့်" အင်တာနက်ပေါ် သတင်းအချက် အလက်များကို "စောင့်ကြည့်လေ့လာခြင်း၊ ကန့်ကွက်တားဆီးခြင်း နှင့် ဖိနှိပ်ချုပ်ချယ်ခြင်း"တို့ကို ပြုလုပ်ခဲ့ပါသည်။[307] ထိုအမိန့်သည် ရှေ့တွင်ဆွေးနွေးဖော်ပြခဲ့သည် ထိုင်းနိုင်ငံ၏ CCA၊ မလေးရှား၏ CMA နှင့် ဖိလစ်ပိုင်၏ CPA စသောဥပဒေအသီးသီးပါ ပြဌာန်းလုပ်ဆောင်ချက်များ ကဲ့သို့ပင် အွန်လိုင်းစာမျက်နှာပေါ်တွင် ရေးသား ပြောဆိုမှုများကို လာအိုနိုင်ငံ၏ ရာဇဝတ်ကျင့်ထုံးနှင့်အညီ ရာဇဝတ်မှုပြု တရားစွဲအရေးယူ လျက် လူမှုမီဒီယာများ၊ ဝက်ဆိုက်ဘ်များနှင့် အွန်လိုင်း စာမျက်နှာများ စသည်တို့အပေါ်မျှဝေသည့် သတင်းအချက်အလက်များအားလုံးကို တိတိကျကျ လွှမ်းခြုံ သက်ရောက်မှု ရှိလေသည်။

**Somphone Phimmasone၊ Lod Thammavong၊ နှင့် Soukane Chaithad တို့၏ဖြစ်ရပ်**

၂၀၁၇ ခုနှစ်၊ မတ်လတွင် **Somphone Phimmasone၊ Lod Thammavong၊** နှင့် **Soukane Chaithad** တို့သည် ထိုင်းနိုင်ငံတွင် လာအိုအစိုးရ၏ အကျင့်ပျက်ခြစားမှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှု များကို ၎င်းတို့၏ ဖေ့ဘွတ်စ်စာမျက်နှာပေါ်တွင် ဝေဖန်ထောက်ပြရေးသားတင်ပြခဲ့ပြီး ထိုင်းမှ လာအို သို့ ပြန်ရောက်ရှိသောအခါ ဖမ်းဆီးချုပ်နှောင်မှု ခံခဲ့ရပါသည်။[308]

လာအိုအစိုးရသည် ICCPR ၏ အပိုဒ် ၇ နှင့် ၉ တို့ကိုချိုးဖောက်ပြီး ၎င်းတို့ကို အဆက်အသွယ်ဖြတ်တောက်ဖမ်းဆီးချုပ်နှောင်ခဲ့ပြီးနောက် ၂၀၁၇ ခုနှစ် မေလတွင် နိုင်ငံပိုင်ရုပ်မြင်သံကြား တစ်ခုတွင် ၎င်းတို့အား ရဲဌာနချုပ်တွင်ဖမ်းဆီးထားသည့်ပုံနှင့် အတူ ထိုသူများသည် "အစိုးရ၏ ဂုဏ်သရေ

---

[306] အင်တာနက်ပေါ် ရှိ သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်းဆိုင်ရာ ဒီဂရီအမိန့် ၃၂၇("အမိန့်အမှတ် ၃၂၇")၊ အင်္ဂလိပ် ဘာသာပြန်ဆိုချက် အား article 10, Available at: http://www.laoservicesportal.gov.la/index.php?r=site% 2Fdisplay legal&id=56#a10 တွင်ရယူနိုင်သည်။

[307] Decree No. 327, article 2.

[308] FIDH, 'အစိုးရအားဝေဖန်သူ ၃ ဦးအား ထောင်ဒဏ် နှစ် ၂၀ ခန့်အပြစ်ပေးခဲ့ခြင်း years', 16 May 2017, Available at: https://www.fidh.org/en/region/asia/laos/three-government-critics-jailed-for- up-to -20-years; Ron Corben,
'အခွင့်အရေးလှုပ်ရှားသူအဖွဲ့များက နိုင်ငံတကာအသိုင်းအဝိုင်းအား လာအိုနိုင်ငံရှိ အကျဉ်းကျတက်ကြွ လှုပ်ရှားသူနှင့်စပ်လျဉ်း၍ဖိအားပေးရန်တောင်းဆိုလျက်ရှိ', Voice of Asia, 26 June 2017, Available at: https://www.voanews.com/east-asia/rights-groups-call-internationalcommunity-press-laos-jailed-activists

ညှိနှိုင်းမှု စေရန် လူမှုမီဒီယာမှတဆင့် နိုင်ငံတော်လုံခြုံရေးခြိမ်းခြောက်ခဲ့မှု" အတွက် ဖမ်းဆီးချုပ်နှောင် ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။[309]

၎င်းတို့သုံးယောက်အား ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပုဒ်မ ၅၆ ("နိုင်ငံတော်ပုန်ကန်မှု")၊ ၆၅ ("နိုင်ငံတော် အားဆန့်ကျင်သည့်ဝါဒမှိုင်းဖြန့်ဝေမှု") နှင့် ၇၂ ("လူမှုမတည်ငြိမ်မှု ဖြစ်စေရန် စုရုံးလုပ်ဆောင်မှု") တို့ဖြင့် တရားစွဲခဲ့သည်။[310]

၂၀၁၇ ခုနှစ်၊ ဧပြီလတွင် နောက်ဆုံးပြုလုပ်ခဲ့သည့် လျှို့ဝှက်ခုံရုံးတွင် Phimmasone အား ထောင်ဒဏ် အနှစ် ၂၀ နှင့် ငွေဒဏ် ဂစ် သန်း ၂၁၀ (အမေရိကန်ဒေါ်လာခန့်မှန်း ၂၄၁၀၀ ခန့်)ဖြင့် လည်းကောင်း၊ Thammavong အား ထောင်ဒဏ် ၁၆ နှစ် နှင့် ငွေဒဏ် ဂစ် သန်း ၁၀၆ (အမေရိကန်ဒေါ်လာခန့်မှန်း ၁၂၂၀၀ ခန့်)ဖြင့်လည်းကောင်း၊ Thammavong အား ထောင်ဒဏ် အနှစ် ၁၂ နှင့် ငွေဒဏ် ဂစ် သန်း ၁၁၀ (အမေရိကန်ဒေါ်လာခန့်မှန်း ၁၂၆၅၀ ခန့်)ဖြင့်လည်းကောင်း အသီးသီးပြစ်ဒဏ်ချမှတ်ခဲ့သည်။[311]

**Houayheuang Xayabouly ဖြစ်ရပ်**

၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် Houayheuang Xayabouly (Mouay ဟုသိကြသော)အား လာအိုနိုင်ငံ တောင်ပိုင်းခရိုင်ရှိ ရေလွှမ်းမှုအပေါ်အစိုးရ၏ ဖြေရှင်းဆောင်ရွက်ချက်အား ဝေဖန်သည့်

[309] Ibid.

[310] FIDH, LMHR, 18 July 2019, para 7.

[311] Ounkeo Souksavanh, Richard Finney, 'အရင်းအမြစ်များအရ အကျဉ်းကျခံရသည့် လာအိုအလုပ်သမား ၃ ဦးသည် ဒဏ်ငွေဆောင်ရန်အမိန့်ချခြင်းခံခဲ့ရ', Radio Free Asia, 29 June 2017, Available at: https://www.rfa.org/english/news/laos/ fined-06292017173030.html; They remain in prison. See Ounkeo Souksavanh, Richard Finney,' အစိုးရအားဝေဖန်မှုဖြင့် အကျဉ်းချခံရသည့် လာအိုအလုပ်သမားများအား သီးခြားစီချုပ်နှောင်ထား', Radio Free Asia, 19 October 2018, Available at: https://www.rfa.org/english/news/laos/separated-10192018145914.html

လိုက်ဖ်မီဒီယို တခုကို ဖေ့ဘွတ်စ်ပေါ်တင်ခဲ့မှုကြောင့် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ ပုဒ် ၁၁၇ ဖြင့် ဖမ်းဆီးချုပ်နှောင်ခဲ့ ပါသည်။[312]

သူမဗီဒီယိုတွင် ထုတ်ဖော်ပြောဆိုခဲ့သောအရာများမှာ-

*"အခုလိုအရေးပေါ်အခြေအနေမှာ ကျွန်မအစားအစာနှင့်သောက်ရေမလိုအပ်ပါဘူး၊ ဒါပေမယ့် မနေ့က ရေကြီးတော့ လူတွေအိမ်ခေါင်မိုးပေါ်တက်ပြီး ရေဘေးလွတ်နေရာရှာနေခဲ့ရပါတယ်၊ ဒီလူတွေကို ကယ်ဆယ်မယ့်ဟယ်လီကော်ပတာတွေကဘယ်ရောက်နေတာပါလိမ့်....ကျွန်မတို့အတိတ်မှာ အသံတိတ် နေခဲ့ကြသလို အခုတကြိမ် ကျွန်မငြိမ်နေမှာမဟုတ်ဘူးရှင့်၊ လူတွေကိုမျက်စိ၊ ပါးစပ်ပိတ်ရေငုံပိတ် နေထိုင်ခိုင်းလို့ရတဲ့ ခေတ်မဟုတ်တော့ဘူးရှင်။"*[313]

၅ ရက်ခန့်ဖမ်းဆီးချုပ်နှောင်ခံရပြီး ရှေ့နေအကူအညီမပါဘဲ ရဲမှုစုံစမ်းစစ်ဆေးမေးမြန်းပြီးနောက် သူမသည်"ပြည်တွင်း၊ပြည်ပရှိ 'မဟုတ်မှန်သောအဖွဲ့အစည်း'နှင့် အဆက်အသွယ်ရှိခြင်းကြောင့်" ပြစ်မှုတစ်ခုကျူးလွန်ခဲ့သည်ဟု "ဝန်ခံထုတ်ပြော"ခဲ့ပါသည်။[314]

၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် Mouay အား ထောင်ဒဏ် ၅ နှစ်နှင့် ငွေဒဏ် သန်း ၂၀ ခန်း (အမေရိကန် ဒေါ်လာ၂၂၀၀ ခန့်) အပြစ်ဒဏ်ချမှတ်ခဲ့သည်။သူမအား စက်တင်ဘာလအတွင်း ဖမ်းဆီးချုပ်နှောင် ထားစဉ် တစ်လျှောက်တွင် Champasak ခရိုင်အကျဉ်းထောင်တွင် ကြိမ်ဖန် များစွာ ချုပ်နှောင်ခြင်း ခံခဲ့ရသည်။[315]

---

[312] RFA Lao service, 'လာအိုအာဏာပိုင်များသည် အစိုးရ၏ ရေဘေးကယ်ဆယ်ရေးလုပ်ဆောင်ချက်များအပေါ် ဖေ့စ်ဘွတ်ပေါ်ဝေဖန်သည့်အမျိုးသမီးအားဖမ်းဆီး', Radio Free Asia, 16 September 2019, Available at: https://www.rfa.org/english/news/laos/laoshouayheuang- xayabouly 09162019172839.html

[313] Ibid.

[314] RFA Lao service, 'လာအိုနိုင်ငံပိုင်မီဒီယာသတင်းအရဖေ့စ်ဘွတ်ပေါ်အစိုးရအားဝေဖန်မှုကြောင့် ဖမ်းဆီးခြင်းခံရသည့်အမျိုးသမီးမှ ဝန်ခံထွက်ဆို', Radio Free Asia, 17 September 2019, Available at: https://www.rfa.org/english/news/laos/laos-mouay-confession-bail-09172019164231.html

[315] FIDH, 'အစိုးရအားအွန်လိုင်းပေါ်ဝေဖန်ခဲ့မှုကြောင့် ထောင်ကျခဲ့သောအမျိုးသမီး', 22 November 2019, Available at: https://www.fidh.org/en/region/asia/laos/woman-jailed-for-five-years-for-criticizingthe-government-online ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့အထိ၊ Mouay ၏ မိသားစုနှင့် သူငယ်ချင်းများသည် ထောင်သွင်းအကျဉ်းကျခံထားရသည့် သူမအားသွားရောက်တွေ့ဆုံခွင့်မရရှိခဲ့ပေ။. RFA Lao service, လာအိုအစိုးရအား

## ဗီယက်နမ်နိုင်ငံ

ဗီယက်နမ်နိုင်ငံတွင် နိုင်ငံတော်လုံခြုံရေး နှင့် ဂုဏ်သရေကာကွယ်ရန်ထုတ်ပြန်ထားသော ဥပဒေများကို အွန်လိုင်းပေါ်သတင်းအချက်အလက်များနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုများအား ဖိနှိပ်ချုပ်ချယ် ရာတွင် တောက်လျှောက်အသုံးပြုခဲ့ပါသည်။ အထူးသဖြင့် ၂၀၁၆ ခုနှစ် သမ္မတ Tran Dai Quang လက်ထက်မှစ၍ အာဏာရ ဗီယက်နမ်ကွန်မြူနစ်ပါတီအား ဝေဖန် တိုက်ခိုက်မှုများအဖြစ် မှတ်ယူကာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုများကို တိုး၍ ဖိနှိပ်ပိတ်ပင် တားဆီးခဲ့ပါသည်။[316]

အွန်လိုင်းပေါ် ထုတ်ဖော်ရေးသားပြောဆိုမှုများအား၊ အထူးသဖြင့် ဒီမိုကရေစီအရေးတက်ကြွ လှုပ်ရှား သူများအား ပိုမိုဖိနှိပ်ချုပ်ချုပ်ခဲ့လေသည်။ ၂၀၁၉ ခုနှစ်တွင် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေး အဖွဲ့က ၂၀၁၉ ခုနှစ် ပထမ ၉ လအတွင်း အစိုးရသည် ၎င်းတို့အားထောက်ခံမှု မရှိသည့် ထုတ်ဖော်ပြောဆို မှုများကြောင့် လူ ၁၁ ဦးအား တရားစွဲထောင်ဒဏ်များ ချမှတ်ခဲ့သည်ဟု ရေးသားထားပါသည်။[317] ၂၀၁၉ ခုနှစ်၊ မေလတွင် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာရေးအဖွဲ့ အစီရင်ခံစာတွင် ဗီယက်နမ်

---

အကြည်ညိုပျက်စေမှုဖြင့်ဖမ်းဆီးခြင်းခံရသည့်အမျိုးသမီး မိသားစုနှင့်တွေ့ဆုံခွင့်မရခဲ့’, Radio Free Asia, 26 September 2019, Available at: https://www.rfa.org/english/news/laos/refused-09262019131452.html

[316] လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့၊, ‘၂၀၁၇ ခုနှစ် ကမ္ဘာလုံးဆိုင်ရာအစီရင်ခံစာ- ၂၀၁၆ ခုနှစ်ဗီယက်နမ်နိုင်ငံဖြစ်ရပ်’, Available at: https://www.hrw.org/world-report/2017/country-chapters/vietnam;  Al Jazeera News, ‘At least 128 prisoners of conscience in Vietnam: Amnesty’, 14 May 2019, Available at: https://www.aljazeera.com/news/2019/05/128-prisoners-conscience-vietnam-amnesty-190513034714570.html;  Mike Ives, Tran Dai Quang, ဗီယက်နမ်နိုင်ငံသမ္မတ အသက် ၆၁ နှစ်တွင်သေဆုံး’, New York Times, 21 September 2018, Available at: https://www.nytimes.com/2018/09/21/obituaries/tran-dai-quang-dead.html

[317] လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့, ‘ဗီယက်နမ်နိုင်ငံ- ဖေ့စ်ဘွတ်ပေါ် ပို့စ်တင်ခဲ့မှုကြောင့် ဖမ်းဆီးခံခဲ့ရမှုများ’, 7 October 2019 (‘HRW, 7 October 2019’), Available at: https://www.hrw.org/news/2019/10/07/vietnam-new-arrestfacebook-postings; ၂၀၁၉ခုနှစ်၊ စက်တင်ဘာလအထိ၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုအားစောင့်ကြည့်လေ့လာမှု၊ ၈၈ စီမံကိန်းက ငြိမ်းချမ်းစွာ ထုတ်ဖော်ပြောဆို မှုကြောင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံရသူပေါင်း ၂၆၆ ဦးရှိသည်ဟုထုတ်ပြန်ခဲ့သည်။ ICJ မှ မိတ်ဖက်အဖွဲ့များနှင့်ပြန်ကြားဆက်သွယ်မှု၊

အကျဉ်းထောင်များတွင် "ယုံကြည်ချက်ကြောင့် အကျဉ်းကျသူများ"[318] (Prisoner of Conscience) အနည်းဆုံး ၁၂၈ ဦးခန့်ရှိသည်ဟုမှတ်တမ်းတင်ခဲ့သည်။ ၂၀၁၈ ခုနှစ် တွင် အလားတူအကျဉ်းသား ၉၇ ဦးရှိခဲ့ရာမှ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီး အကျဉ်းချခံရသူများ၏ ၁၀ ရာခိုင်နှုန်းခန့်မှာ လူမှု မီဒီယာများပေါ်တွင် အမြင်မှတ်ချက်များ ပြုခဲ့ခြင်းကြောင့် တရားစွဲအရေးယူ ခံခဲ့ရခြင်းဖြစ်သည်။[319]

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာရေးအဖွဲ့၏ အစီရင်ခံစာတွင် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ **ရာဇသတ်ကြီးဥပဒေ** ပြင်ဆင်ချက်အား အကောင်အထည်ဖော်မှုကြောင့် အွန်လိုင်းပေါ် ထုတ်ဖော် ပြောဆိုမှုများအား ပိုမိုတရားစွဲအရေးယူမှုဖြစ်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် အသက်ဝင်သည့် ဗီယက်နိုင်ငံ၏ **ဆိုက်ဘာလုံခြုံရေးဥပဒေ** ကြောင့် အွန်လိုင်းပေါ် ထုတ်ဖော်ပြောဆိုမှုများအား ကန့်သတ်၊ စောင့်ကြည့် လေ့လာမှုများအား တိုးမြှင့်ပြုလုပ်ခဲ့သည်ဟု ထောက်ပြထားပါသည်။[320] မှတ်တမ်းတင်ထားသော မှုခင်းပေါင်း ၁၂၈ ခုတွင် "အစိုးရအားအာခံတော်လှန်မှု" ကြောင့် ၄၅ ဦးအား ထောင်ဒဏ်ချမှတ်၊ "အမျိုးသားစည်းလုံးညီညွတ်မှု ထိပါးနှောင့်ယှက်မှု"ကြောင့် လူပေါင်း ၂၀ ကျော်ခန့်၊ "အစိုးရအား ဆန့်ကျင်သည့် ဝါဒဖြန့်ဝေမှု"(သို့) "ထိုဝါဒများ ဖန်တီး ပြုလုပ်၊ စုဆောင်းမျှဝေမှု" ကြောင့် ၁၅ ကျော်၊ "ငြိမ်ဝပ်ပိပြားရေးအားထိပါးမှု" (သို့) "နိုင်ငံတော် လုံခြုံရေးထိပါးနှောင့်ယှက်မှု" ကြောင့် ၁၅ ဦး ကျော်၊ နှင့် "နိုင်ငံတော်အကျိုးစီးပွား ပျက်ပြား စေရန် ဒီမိုကရက်တစ်လွတ်လပ်မှုအား အလွဲသုံးစားပြုမှု" ကြောင့် ၁၀ ဦးကျော် စသဖြင့်

---

[318] အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ 'ဖမ်းဆီးချုပ်နှောင်ခြင်းနှင့်ထောင်သွင်းအကျဉ်းကျခြင်း', Available at: https://www.amnesty.org/en/what-we-do/detention/ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့က "ယုံကြည်ချက်ကြောင့်အကျဉ်းကျသူများ" ကို အကြမ်းဖက်လှုံ့ဆော်မှုကြောင့်မဟုတ် မည်သူမည်ဝါဖြစ်ခြင်း(လိပ်တိမ်ညွှတ်မှု၊ လူမျိုး၊ နိုင်ငံသား (သို့) လူမျိုးစုရင်းမြစ်၊ ဘာသာစကား၊ မွေးဖွားမှု၊ အရောင်၊ ကျားမ (သို့) စီးပွားရေးအဆင့်အတန်း) နှင့် ယုံကြည်မှု (ဘာသာရေး၊ နိုင်ငံရေး (သို့) အခြား ယုံကြည်မှု)တို့ကြောင့်အကျဉ်းကျခံရသူများဟုဖွင့်ဆိုထားပါသည်။

[319] အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ 'ဗီယက်နမ်နိုင်ငံရှိ ယုံကြည်ချက်ကြောင့်အကျဉ်းကျသူများ', 13 May 2019 ('Amnesty, 'Prisoners of Conscience in Vietnam'), Available at: https://www.amnesty.org/download/Documents/ASA4103032019ENGLISH.pdf

[320] အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ 'သုတေသနတွေ့ရှိချက်များအရ ဗီယက်နမ်နိုင်ငံတွင် ယုံကြည်ချက်ကြောင့်အကျဉ်းကျသူများအရေအတွက်တိုးမြင့်လာ'', 13 May 2019, Available at: https://www.amnesty.org/en/latest/news/2019/05/viet-namsurge-number-prisoners-conscience-new-research-shows/

အသီးသီးပါဝင်ခဲ့သည်။ [321]"အစိုးရအားအာခံတော်လှန်မှု" ဟုစွပ်စွဲချက် များဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူတစ်ဦးအား ထောင်ဒဏ်တသက် တကျွန်း ချမှတ်ခဲ့သည်။[322]

ထိုပြစ်မှုများကို ဗီယက်နမ်နိုင်ငံ၏ ၁၉၉၉ ခုနှစ် **ရာဇသတ်ကြီးဥပဒေ** နှင့် ၂၀၁၅ ရာဇသတ်ကြီး ဥပဒေပြင်ဆင်ချက်တို့ဖြင့် အပြစ်ပေးခဲ့ပါသည်။၁၉၉၉ ရာဇသတ်ကြီးဥပဒေပါ ပုဒ်မ ၇၉၊ ၈၇၊ ၈၈ နှင့် ၈၉ တို့တွင် "ပြည်သူ့အစိုးရအား တော်လှန်ရန်ရည်ရွယ်သည့် လုပ်ငန်းများဆောင်ရွက်မှု" ဖြင့် ထောင်ဒဏ် ၂၀ နှစ်၊ ထောင်ဒဏ် တသက်တကျွန်း (သို့) သေဒဏ်၊ "ဗီယက်နမ်အမျိုးသား ညီညွတ်ရေး မူဝါဒအား ထိပါးနှောင့်ယှက်မှု" ဖြင့် ထောင်ဒဏ် ၁၅ နှစ်၊ "ဝါဒမှိုင်းဖြန့်ဝေမှု" ဖြင့် ထောင်ဒဏ် ၁၂ နှစ်ခန့် နှင့် "လုံခြုံရေးထိပါးနှောင့်ယှက်မှု"ဖြင့် ထောင်ဒဏ် ၁၅ နှစ်စသဖြင့် အသီးသီးပြစ်မှု ပြဌာန်း ထားပါသည်။[323] ပုဒ်မ ၂၄၅ နှင့် ၂၅၈ တို့ဖြင့်လည်း "ပြည်သူ့ငြိမ်ဝပ် ပိပြားမှုပျက်ပြားစေခြင်း"နှင့် "နိုင်ငံတော်အကျိုးစီးပွား ပျက်ပြားစေရန် ဒီမိုကရက်တစ် လွတ်လပ်မှုအား အလွဲသုံးစားပြုမှု" ဟုအကြောင်းပြကာ ထောင်ဒဏ် ၇ နှစ်ခန့်ချမှတ် အပြစ်ပေးခဲ့သည်။[324]

၂၀၁၈ ခုနှစ်တွင် ပါဝင်လာသော ပုဒ်မ ၁၀၉ ဖြည့်စွက်ထားသော ၂၀၁၅ **ရာဇသတ်ကြီးဥပဒေ** တွင် "ပြည်သူ့အစိုးရအား တော်လှန်ရန် ရည်ရွယ်သည့် လုပ်ငန်းများဆောင်ရွက်မှု" ကြောင့် မူလသတ်မှတ် ထားသောပြစ်ဒဏ်မှ ထောင်ဒဏ် ၁၂ နှစ် သို့ လျော့ချခဲ့သော်လည်း "အမျိုးသား စည်းလုံးညီညွတ်မှုအား အဖျက်အမှောက်ပြုမှု"၊ "လုံခြုံရေးထိပါးမှု" နှင့် "နိုင်ငံတော်အကျိုးစီးပွား ပျက်ပြားစေရန် ဒီမိုကရက်တစ် လွတ်လပ်မှုအား အလွဲသုံးစားပြုမှု" စသဖြင့် ပုဒ်မ ၁၁၆၊ ၁၁၈ နှင့် ၃၃၁ တို့ဖြင့် တဖန်ပြန်လည် အရေးယူ နိုင်ရန် ဖြည့်စွက်ခဲ့လေသည်။[325] အထူးသဖြင့် ၂၀၁၅

[321] အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ "ဗီယက်နမ်နိုင်ငံရှိ ယုံကြည်ချက်ကြောင့်အကျဉ်းကျသူများ'', စာမျက်နှာ ၆။.

[322] အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ "ဗီယက်နမ်နိုင်ငံရှိ ယုံကြည်ချက်ကြောင့်အကျဉ်းကျသူများ'', စာမျက်နှာ ၂၀၊ ၂၁။ , pp 20, 21

[323] ဗီယက်နမ်နိုင်ငံ၏ ၁၉၉၉ ခုနှစ် ရာဇသတ်ကြီးဥပဒေ (No. 15/1999/QH10) ၏ အင်္ဂလိပ်ပြန်ဆိုချက်၊ Available at: https:// www.wipo.int/edocs/lexdocs/laws/en/vn/vn017en.pdf

[324] Ibid.

[325] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၅ ခုနှစ် ရာဇသတ်ကြီးဥပဒေ (No. 100/2015/QH13) ၏ အင်္ဂလိပ်ပြန်ဆိုချက်၊ Available at: https:// www.wipo.int/edocs/lexdocs/laws/en/vn/vn086en.pdf; ၂၀၁၅ ခုနှစ် ရာဇသတ်ကြီးဥပဒေ နှင့်

ရာဇသတ်ကြီး ဥပဒေ တွင် ထောင်ဒဏ် နှစ် ၂၀ ခန့်ချမှတ်နိုင်သော "အစိုးရအားဆန့်ကျင်"သည့် "ပစ္စည်းများအား ပြုလုပ်၊ စုဆောင်း၊ဖြန့်ချိမှု"အား အပြစ်ပေးနိုင်သည့် ပုဒ်မ ၁၁၇ ကိုထည့်သွင်းခဲ့ပြီး ၎င်းပုဒ်မအား အွန်လိုင်းပေါ် အထူးသဖြင့် ဖေ့စ်ဘွတ် ပေါ်တွင် အစိုးရအားဝေဖန်သည့် သတင်းအချက် အလက်များ ဖြန့်ဝေမှုများကို ဦးတည်အရေးယူလျက်ရှိသည်။[326]

**Dao Quang Thuc ဖြစ်ရပ်**

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် အငြိမ်းစားမူလတန်းပြဆရာဖြစ်သူ **Dao Quang Thuc** အား ဖေ့စ်ဘွတ်အပါအဝင် လူမှုမီဒီယာပေါ်တွင် အစိုးရ၏အကျင့်ပျက်ခြစားမှုနှင့် သဘာဝပတ်ဝန်းကျင် ပြဿနာများ နှင့် စပ်လျဉ်း၍ ရေးသားပြောဆိုမှုများကြောင့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၇၉ နှင့်အညီ "အစိုးရအားအာခံတော်လှန်မှု"ဟုစွဲချက်တင်ကာ Hoa Binh ခရိုင်တွင် ဖမ်းဆီးခဲ့ပါသည်။[327] Dao Quang Thuc အား ဖမ်းဆီးထားစဉ်ကာလအတွင်း ပြင်းထန်စွာ ရိုက်နှက်ပြီး အစာရေစာ အငတ်ထားခဲ့ သည်ဟု သိရှိရသည်။[328]

၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် Dao အား ထောင်ဒဏ် ၁၃ နှစ်နှင့် နေအိမ်အကျယ်ချုပ် ၅ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။[329] ၂၀၁၉ ခုနှစ် ဇွန်လတွင် Dao သည် အကျဉ်းထောင်အတွင်း အလွဲ

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတို့နှင့်စပ်လျဉ်းသည့်အကြံပြုချက်များကို ကြည့်ရန်။, 17 May 2017, Available at: file:///C:/Users/User/Downloads/UN%20Recommendations%20on%20PC%20and%20CPC%20of%20Vietnam%20-%2017%20May%202017.pdf

326 ဥပမာကြည့်ရှုရန်အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ "ဗီယက်နမ်နိုင်ငံရှိ ယုံကြည်ချက်ကြောင့်အကျဉ်းကျသူများ'', ဖြစ်ရပ် ၂၀၊ ၂၈၊ ၇၂၊ ၇၄၊ ၇၉cases no. 20, 28, 72, 74, 79.

327 အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ "ဗီယက်နမ်နိုင်ငံရှိ ယုံကြည်ချက်ကြောင့်အကျဉ်းကျသူများ'', ဖြစ်ရပ် ၁၁။.

328 Richard Finney, An Nguyen, 'အငြိမ်းစားကျောင်းဆရာတစ်ဦးအား ခုံရုံးမှ ထောင်ဒဏ် ၁၄ နှစ်ချမှတ်ခဲ့။', Radio Free Asia, 19 September 2018, Available at: https://www.rfa.org/english/news/vietnam/subversion-09192018143141.html

329 Dao Quang Thuc အား ထောင်ဒဏ် ၁၄နှစ်နှင့် နေအိမ်အကျယ်ချုပ် ၅ နှစ်အပြစ်ဒဏ်မူလမှတ်ခဲ့ပြီး၊ အယူခံဝင်ပြီးနောက် တရားသူကြီးက ထောင်ဒဏ် ၁၃ နှစ်သို့လျှော့ချခဲ့သည်။ See The 88 Project, 'Dao Quang Thuc', Available at: https://the88project.org/profile/7/dao-quang-thuc

သုံးစားပြုမှု အခြေအနေများကို ဆန့်ကျင်တွန်းလှန်သည့်အနေဖြင့် အခြားသောနိုင်ငံရေး အကျဉ်းသား ၄ ဦးနှင့်အတူ အစာငတ်ခံဆန္ဒပြခဲ့ပါသည်။[330]

**Le Van Sinhı Nguyen Van Cong Em နှင့် Nguyen Quoc Duc Vuong တို့ဖြစ်ရပ်**

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ)

၂၀၁၉ခုနှစ်၊ စက်တင်ဘာလတွင် ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူ **Le Van Sinh** အား ဗီယက်နမ်နိုင်ငံရှိ ဆိုက်ဘာလုံခြုံရေးဥပဒေမူကြမ်း နှင့် အထူးစီးပွားရေးဇုန်ဥပဒေမူကြမ်းတို့အား ဝေဖန်ပြောဆို၍ ခရိုင်အရာရှိများအား အသရေဖျက်သည်ဟုစွပ်စွဲခဲ့ပြီး "အစိုးရနှင့်ပါတီ၏ မူဝါဒ များအား ပျက်ပြားစေမှု"ကိုဦးတည်သည့် အကြောင်းအရာများ /ဆောင်းပါး ၁၃ ပုဒ်အား ဖေ့စ်ဘွတ် ပေါ် ဖြန့်ဝေခြင်း ကြောင့် "နိုင်ငံတော်အကျိုးစီးပွားပျက်ပြားစေရန် ဒီမိုကရက်တစ် လွတ်လပ်မှုအား အလွဲသုံးစားပြုမှု" ဟုခေါင်းစဉ်တပ်ကာ ၂၀၁၅ ရာဇဝတ်ကြီးဥပဒေ ပုဒ်မ ၃၃၁ ဖြင့် ထောင်ဒဏ် ၅ နှစ်ကို Ninh Binh ခရိုင် တရားရုံးမှ ချမှတ်ခဲ့ပါသည်။[331]

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူ **Nguyen Van Cong Em** အား ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၉ ဖေဖော်ဝါရီလအထိ ဖေ့စ်ဘွတ်ပေါ်တွင် အကောင့်များစွာ အသုံးပြုကာ "အစိုးရနှင့်ပါတီ၏ မူဝါဒများပျက်ပြားစေမှု" ဦးတည်သည့် အကြောင်းအရာများ ပါဝင်သည့် လိုက်ဖ်ဗီဒီယိုများ၊ ရေးသားချက်များနှင့်ဆောင်းပါးများ တင်ခဲ့ခြင်းကြောင့် "အစိုးရအား ဆန့်ကျင်သည့် သတင်းအချက်အလက်များပြုလုပ်၊စုစည်း၊

---

[330] The 88 Project, 'အကျဉ်းသားများသည် အကျဉ်းထောင်အတွင်း အလွဲသုံးစားပြုမှု အခြေအနေများကို ဆန့်ကျင်တွန်းလှန်သည့်အနေဖြင့် အစာငတ်ခံဆန္ဒပြခဲ့သည်၊ No. 6 Nghe An', 27 June 2019, Available at: https://the88project.org/prisonersgo-on-collective-hunger-strike-to-protest-abusive-conditions-in-prisoncamp-no-6-nghean/?fbclid=IwAR2e4T_CNeH1IbuVmIv8IZ1Erc6pji4IVs7 QGtF8T77UpI0HFJnm99StL_8

[331] The 88 Project, " "အစိုးရ၏အကျင့်ပျက်ခြစားမှုများအား ဖေ့စ်ဘွတ်ပေါ်ရေးတင်ဝေဖန်ခဲ့မှုကြောင့် တက်ကြွလှုပ်ရှားသူ Le Van Sinh သည် ဒီမိုကရက်တစ်လွတ်လပ်ခွင့်အားအလွဲသုံးစားပြုမှု"စွဲချက်ဖြင့် ထောင် ၅ နှစ်ပြစ်ဒဏ်ချခြင်းခံခဲ့ရသည်။', 18 September 2019, Available at: https://the88project.org/criticizing-government -corruption-on-facebook-activist-le-van-sinh-sentenced-tofive-years-for-abusing-democratic-freedoms/

ဖြန့်ဝေမှု” ဟူသောစွဲချက်ဖြင့် ၂၀၁၅ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၁၇ ဖြင့် ထောင်ဒဏ် ၅ နှစ်နှင့် ဆိုင်းငံ့ကာလ ၅ နှစ်ကို Ben Tre ခရိုင် တရားရုံးမှချမှတ်ခဲ့သည်။[332]

Le Van Sinh နှင့် Nguyen Van Cong Em တို့နှစ်ဦးအား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလထဲတွင်ပင် ဖမ်းဆီးခြင်းခံခဲ့ရသည်။

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင်ပင် ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူ **Ngyyen Quoc Duc Vuong** အား ၎င်း၏ဖေ့စ်ဘွတ်အကောင့်တွင် ရေးသားတင်ထားသော ပို့စ်များနှင့် လိုက်ဖ်ဗီဒီယိုများမှာ “အစိုးရအားဆန့်ကျင်သည့် သတင်းအချက်အလက်များဖန်တီး၊စုစည်း၊ ဖြန့်ဝေမှု” မြောက်သည်ဟု စွပ်စွဲကာ ၂၀၁၅ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၂၂၇ ဖြင့် တရားစွဲ အရေးယူခြင်း ခံခဲ့ရသည်။[333]

**Nguyen Van Phuoc နှင့် Pham Xuan Hao တို့၏ဖြစ်ရပ်**

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ)

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူ **Nguyen Van Phuoc** အား ၎င်း၏ဖေ့စ်ဘွတ်အကောင့်တွင် ပို့စ်များ တင်မှုကြောင့် “အစိုးရအားဆန့်ကျင်သည့် သတင်းအချက် အလက်များ ဖန်တီး၊စုစည်း၊ ဖြန့်ဝေမှု”ဟူသောစွဲချက်ဖြင့် ၂၀၁၅ ရာဇသတ်ကြီး ဥပဒေ ၁၁၇ နှင့်အညီ An Giang ခရိုင်ပြည်သူ့တရားရုံးမှ ထောင်ဒဏ် ၅ နှစ်ချမှတ်ခဲ့သည်။[334]

---

[332] The 88 Project, ‘စက်တင်ဘာလအတွင်း တက်ကြွလှုပ်ရှားသူနောက်တဦးဖြစ်သူ Nguyen Van Cong Em အား ဖေ့စ်ဘွတ်ပို့စ်ရေးခဲ့မှုကြောင့် ပုဒ် ၁၁၇ ဖြင့်ထောင်ဒဏ် ၅ နှစ်ချမှတ်ခဲ့သည်’, 20 September 2019, Available at: https://the88project.org/second-activist-convicted-in-september-for-facebook-postings-nguyen-van-congem-sentenced-to-five-years-in-prison-under-article-117/

[333] HRW, 7 October 2019. ဖေ့စ်ဘွတ်ပေါ်မြည်သည့်ပို့စ်တင်ခြင်းကြောင့် တရားစွဲဆိုခြင်းခံရသည်ကိုသိရခြင်းမရှိပေ။

[334] Defend the Defenders, ‘ “အစိုးရအားဆန့်ကျင်သည့်ဝါဒမှိုင်းဖြန့်မှု”ဖြင့် Nguyen Van Phuoc အားထောင်ဒဏ် ၅ နှစ်ချမှတ်ခဲ့’, 31 October 2019, Available at: http://www.Vietnamhumanrightsdefenders.net/2019/10/31/facebooker-nguyen-van-phuoc-convictedofconducting-anti-state-propaganda-with-5-year-imprisonment/

၂၀၁၆ ခုနှစ်မှ ၂၀၁၈ အထိအတွင်း ဗီယက်နမ်အစိုးရအား ဝေဖန်တိုက်ခိုက်သည့် လိုက်ဖ်ဗီဒီယိုများ အပါအဝင် ဆောင်းပါးများ၊ ဓာတ်ပုံများနှင့် ဗီဒီယိုတိုများ ဖေ့စ်ဘွတ်ပေါ် တင်ခဲ့ခြင်းကြောင့် အစိုးရနှင့်ဗီယက်နမ်ကွန်မြူနစ်ပါတီအား စော်ကားမှုမြောက်သည်ဟု အပြစ်ပေးခံခဲ့ခြင်းဖြစ်သည်။[335]

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် Can Tho တက္ကသိုလ် ၊ နည်းပညာမဟာဌာနရှိ ဗိသုကာ တစ်ဦးလည်းဖြစ်သည့် ကထိက ဖြစ်သူ **Pham Xuan Hao** အား ၂၀၁၅ ရာဇသတ်ကြီးဥပဒေ၊ ပုဒ်မ ၃၃၁ နှင့် အညီ "နိုင်ငံတော် အကျိုးစီးပွားအား ပျက်ပြားစေရန် ဒီမိုကရက်တစ်အခွင့်အရေး နှင့် လွတ်လပ်မှု များကို အလွဲသုံးစား ပြုလုပ်မှု" ဖြင့်စွဲချက်တင်ထောင်ဒဏ် ၁ နှစ်ချမှတ်ခဲ့ပါသည်။

တရားသူကြီး၏ ပြစ်ဒဏ်ချအမိန့်တွင် "ပညာရှင်တယောက်ဖြစ်ပြီး လူမှုရေးအသိမြင့်မားသည့် တိုင်အောင်၊ Pham သည် "'အင်တာနက်အသုံးပြုသူများနှင့် ပြည်သူများအား ဆိုးကျိုး ဖြစ်စေသည့် တိုင်းပြည်အပေါ် ဝေဖန်အပြစ်မြင်သောသတင်းအချက်အလက်များ'ကို ဖေ့စ်ဘွတ် အသုံးပြု၍ ဖြန့်ဝေ လျက်ရှိကြောင်း" Can Tho မြို့ Ninh Kieu ခရိုင်တရားရုံးက သိရှိလက်ခံပါသည်ဟု ထည့်သွင်း ထားသည်။[336]

**Nguyen Nang Tinh နှင့် Nguyen Ngoc Anh တို့၏ ဖြစ်ရပ်**

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ)

၂၀၁၉ ခုနှစ်၊ နိုင်ဝင်ဘာလ တက်ကြွလှုပ်ရှားသူတဖြစ်လဲ ဂီတဆရာဖြစ်သူ **Nguyen Nang Tinh** အား Nghe An ခရိုင်ပြည်သူ့တရားရုံးမှ တရက်တည်းအပြီးကျင်းပသည့်တရားခွင်တွင် ထောင်ဒဏ် ၁၁ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ထိုသူအား ၂၀၁၉ ခုနှစ် မေလတွင် "အွန်လိုင်းပေါ် အစိုးရဆန့်ကျင် ဝေဖန်သည့် အကြောင်းအရာများတင်မှု" ဖြင့် ၂၀၁၅ ရာဇသတ်ကြီးဥပဒေ၊ ပုဒ်မ ၁၁၇ ဖြင့်ဖမ်းဆီးခဲ့လေသည်။[337]

---

[335] မိတ်ဖက်များနှင့် ICJ ဆက်သွယ်မှု။ .

[336] The 88 Project, 'အွန်လိုင်းပေါ် ပို့စ်တင်ခဲ့မှုကြောင့် တက္ကသိုလ်ဆရာဟောင်းတစ်ဦးဖြစ်သူ Can Tho အားထောင်သွင်းအကျဉ်းကျခဲ့', 1 November 2019, Available at: https://the88project.org/former-university-lecturer-jailed-for-online-posting/

[337] The 88 Project, 'Nguyen Nang Tinh', Available at: https://the88project.org/profile/376/nguyennang-

ဖေ့စ်ဘွတ်ပေါ်တင်ခဲ့သည့် ရေးသားဖော်ပြချက် ပို့စ်များကိုအခြေခံ၍ ပြစ်ဒဏ်ချမှတ်ခဲ့ပြီး တရားခွင်တွင် Nguyen က စစ်ဆေးမေးမြန်းခြင်းခံရသည့် အကောင့်မှာ မိမိ၏ အကောင့် မဟုတ်ဘဲ "Nguyen Nang Tinh" အမည်ရှိသူအခြားတဦး၏ အကောင့်သာဖြစ်ကြောင်း ပြောဆိုခဲ့သည်။[338]

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူဖြစ်သူ **Nguyen Ngoc Anh** အား ၎င်း၏ဖေ့စ်ဘွတ်အကောင့်တွင်တင်ခဲ့သည့် ပို့စ်ကြောင့် "အစိုးရအား ဆန့်ကျင်သည့် သတင်းအချက် အလက်များဖန်တီး၊ စုစည်း၊ ဖြန့်ဝေမှု" ဖြင့် စွဲချက်တင်ကာ ၂၀၁၅ ရာဇသတ်ကြီးဥပဒေ၊ ပုဒ်မ ၁၁၇ နှင့်အညီ ထောင်ဒဏ် ၆ နှစ်ပြစ်ဒဏ်ချမှတ်ခဲ့သည်။[339] နိုင်ငံပိုင်မီဒီယာများက ၎င်း၏ ရေးသားဖော်ပြ ချက်များသည် "အစွန်းရောက်ဘက်လိုက်မှု ဆန်ပြီး" ဆန္ဒပြမှုများလှုံ့ဆော်၍ အစိုးရအား "ဝေဖန်ထိုးနှက် ပြစ်တင်" ထားသည်ကိုတွေ့ရှိရကြောင်း ထုတ်ပြန်သော်လည်း၊ Nguyen ၏ ရေးသား ဖော်ပြချက်များမှာ နိုင်ငံရေး အကျဉ်းသားများ၊ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ အဆိပ်သင့် အမှိုက်ဖိတ်စင်မှုအား တိုင်ကြား ခြင်း ကဲ့သို့သော အများပြည်သူအကျိုးစီးပွားနှင့် သက်ဆိုင်သည့် အကြောင်းအရာ များသာပါဝင်ကြောင်း သိရသည်။[340]

---

tinh/

[338] Bangkok Post, 'ဗီယက်နမ်အစိုးရသည် "အစိုးရဝေဖန်သည့်" ဖေ့စ်ဘွတ်ပို့စ်တင်ခဲ့သူ ဂီတဆရာအားထောင်ဒဏ် ၁၁ နှစ်ချမှတ်ခဲ့။', 15 November 2019, Available at: https://www.bangkokpost.com/world/1795029/vietnam-jails-musicteacher-for-11-years-over-anti-state-facebook-posts

[339] The 88 Project, 'Nguyen Ngoc Anh', 17 November 2019, Available at: https://the88project.org/profile/191/ nguyen-ngoc-anh/

[340] HRW, 'ဗီယက်နမ်နိုင်ငံ၊ ဖေ့စ်ဘွတ်ပို့စ်တင်မှုကြောင့် ဖမ်းဆီးခြင်းခံရထားသူ တက်ကြွလှုပ်ရှားသူများအား လွတ်ပေးရန်"', 5 November 2019, Available at: https://www.hrw.org/news/2019/11/05/vietnam-free-activist-jailed-facebook-posts

၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင်ဖမ်းဆီးခံခဲ့ရပြီး ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် တရားခွင်တခုကျင်းပပြီး Ben Tre ခရိုင်မှ ထောင်ဒဏ် ၆ နှစ်ချမှတ်ခဲ့လေသည်။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ဟိုချီမင်မြို့တော်ရှိ အမျိုးသားတရားလွှတ်တော်ချုပ်မှ ထောင်ဒဏ် ၆ နှစ်ချမှတ်ခဲ့သည်။[341]

အလားတူဖြစ်ရပ်များ

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့မှစတင်၍ လူ ၈ ဦးအား ၎င်းတို့၏ အွန်လိုင်းပေါ် ရေးသားမှုများကြောင့် ထောင်းသွင်းအကျဉ်းချခဲ့ပါသည်။[342]

## မြန်မာနိုင်ငံ

မြန်မာနိုင်ငံတွင် "နိုင်ငံတော်လုံခြုံရေးနှင့်အကျိုးစီးပွားအား ထိပါးနှောင့်ယှက်မှု" ဖြစ်စေမည့် သတင်း အချက်အလက်များ "စုဆောင်းခြင်း" သို့ "ပြန်ကြားဆက်သွယ်ခြင်း" တို့ကို တားမြစ်သည့် ၁၉၂၃ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များအက်ဥပဒ ('OSA') အား မိမိတို့၏တာဝန်အား စနစ်တကျ ထမ်းဆောင်နေကြသည့် သတင်းထောက်များအား အပြစ်ပေးရန် အသုံးပြုလျက်ရှိပြီး[343] လူ့အခွင့် အရေး ကာကွယ်စောင့်ရှောက်သူများအပါအဝင် အခြားသူများအား ဖိနှိပ်ရာတွင် ၎င်းဥပဒေ ကို အသုံးပြုလာနိုင်ပါသည်။

---

[341] အပြစ်ဒဏ်တွင်စောင့်ကြည့်ကာလ ၅ နှစ်ပါဝင်ခဲ့သည်။ See The 88 Project, 'Nguyen Ngoc Anh', 17 November 2019, Available at: https://the88project.org/profile/191/nguyen-ngoc-anh/

[342] Including Nguyen Chi Vung, Pham Van Diep, Vo Hoang Trung, Doan Viet Hoan, Ngo Xuan Thanh, Nguyen Dinh Khue, Huynh Thi To Nga and Huynh Minh Tam. မိတ်ဖက်များနှင့် ICJ ဆက်သွယ်မှု။

[343] The OSA မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များအက်ဥပဒေ မှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုအား ကန့်သတ်ထားသော ဥပဒများ (ဥပမာ၊ ၁၉၀၈ မတရားသင်းစုဖွဲ့မှုအက်ဥပဒေ၊ ၁၉၃၄ လေယာဉ်ပျံသန်းမှုဆိုင်ရာအက်ဥပဒေ နှင့် ၂၀၁၃ ခုနှစ် သွင်းကုန်-ထုတ်ကုန်ဥပဒေ) တို့အပြင် လွတ်လပ်စွာရေးသားပြောဆိုမှုကိုပိတ်ပင်တားဆီးထားသော ဆက်သွယ်ရေးဥပဒေနှင့် ရာဇာသတ်ကြီး ဥပဒေများကဲ့သို့ပင် သတင်းထောက်များအား ဦးတည်အရေးယူလျက်ရှိသည့် ဥပဒေများစွာထဲမှ တစ်ခု ဖြစ်သည်။ See Human Rights Watch, "အရာမထင်တော့သည့်မျှော်လင့်ချက်များ- မြန်မာနိုင်ငံရှိ ငြိမ်းချမ်းစွာထုတ်ဖော်ရေးသားမှုအား အပြစ်ဒဏ်ပေးခြင်း", 31 January 2019, Available at: https://www.hrw.org/report/2019/01/31/dashed-hopes/criminalization-peaceful-expression-myanmar; OHCHR, "မမြင်နိုင်သောနယ်စည်းမျဉ်းများ- မြန်မာနိုင်ငံရှိ သတင်းထောက်များအား တရားစွဲအရေးယူခြင်း": Report by the Office of the United Nations High Commissioner for Human Rights (OHCHR)', 11 September

OSA ဥပဒေ၏ ပုဒ်မ ၃၊ ၁ (က) တွင် "ရန်သူအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ အသုံးဝင်စေရန်ရည်ရွယ်၍ သို့မဟုတ် အသုံးဝင်တန်ရာသည်ဟူ၍ ကြံရွယ်၍....စာရွက်စာတမ်း (သို့) သတင်းအချက်အလက်များ..လယ်ဝယ်ထားရှိခြင်း၊ စုဆောင်းခြင်း၊ မှတ်တမ်းသိမ်းဆည်း ခြင်း၊ ထုတ်ပြန်ခြင်း နှင့် အခြားသူအား ပြန်ကြားဆက်သွယ်ခြင်း" စသည်တို့အားပြစ်မှုအဖြစ် သတ်မှတ်ထားပြီး သတင်းအချက်အလက်များသည် "အစိုးရရေတပ်၊ ကြည်းတပ် သို့မဟုတ် လေတပ်ရေးရာ ကိစ္စများနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ လျှို့ဝှက်ထားသည့် အစိုးရစကားဝှက်တစ်ခုခုနှင့် စပ်လျဉ်း၍ သော်လည်းကောင်း" ဆက်စပ်ကျူးလွန်သည့်ပြစ်မှု ဖြစ်ပါက ထောင်ဒဏ် ၁၄ နှစ်အထိ ချမှတ်နိုင်သည်ဟု ထည့်သွင်းထားသည်။[344] ပုဒ်မ ၃၊ ပုဒ်မခွဲ ၂ တွင် နိုင်ငံ လုံခြုံရေး (သို့) အကျိုးကို ထိခိုက်ပျက်စီးစေလိုသည့် ရည်ရွယ်ချက်ရှိကြောင်းထင်ရှားစေရန် သဘောသက်ရောက်သော ပြုလုပ်မှုတစ်ရပ်ကို ကျူးလွန်သည်ဟု ပြဆိုရန်မလို နှင့် "ပြစ်မှုကျူးလွန်သူ၏ ရည်ရွယ်ချက်မှာ နိုင်ငံ လုံခြုံရေး (သို့) အကျိုးကို ထိးပါး နှောင့်ယှက်ရန် ဖြစ်ကြောင်းသိရပါက....ကျူးလွန်မှုအား သက်သေ မပြနိုင်သည်တိုင် ထိုသူအား အပြစ်ဒဏ်ချမှတ်နိုင်သည်"ဖော်ပြထားပါသည်။[345]

OSA ပါ ကျယ်ပြန့်သောပြဌာန်းချက်များမှာ "ရန်သူ" ၊ "ရန်သူတစ်ဦးတစ်ယောက်အား တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေအသုံးဝင်နိုင်စေမည့်" စည်တို့ကို တိတိပပ ဖွင့်ဆိုထားခြင်း မရှိသည့်အပြင် ဤဥပဒေသည် တရားစွဲခံရသူက နိုင်ငံတော်အကျိုးအား ဆန့်ကျင်အန္တရာယ်ပြုမှု ဖြစ်စေသည့် ပြစ်မှုကို သက်သေအထောက်အထားဖြင့် တရားစွဲသူရှေ့နေမှ သက်သေပြရန် မလိုဟု ကင်းလွတ်ခွင့်ပြု ထားလေ သည်။ ဤအချက်မှာ အစိုးရအာဏာပိုင်များသည် သတင်းအချက်အလက် ကန့်သတ်မှုသည် တရားဝင် ကိုက်ညီအောင် (Legitimacy) လုံလုံလောက်လောက် ဆောင်ရွက်ရမည်၊ သတင်းအချက်အလက် အမျိုးအစား ခွဲခြားမှုလုပ်ငန်းစဉ်အား အများပြည်သူ သိရှိစေရန် ချပြရှင်းလင်း ရမည်၊ နှင့် တရားဝင် လုံခြုံရေး အကျိုးအတွက် "လိုအပ်လာမှသာလျှင်" ကာကွယ်နိုင်ရန် သတင်း အချက်အလက်များကို

2018, Available at: https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=23531&LangID=E

[344] ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များအက်ဥပဒေ၏ အင်္ဂလိပ်ဘာသာပြန်ဆိုချက်, Available at: http://freeexpressionmyanmar.org/wp-content/uploads/2017/07/Official-Secrets-Act-EN.pdf

[345] Ibid.

ကန့်သတ်ရမည်ဟူသော နိုင်ငံတကာ စံသတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းဖြစ်သည်။[346]

**ကိုဝလုံးနှင့် ကိုကျော်စိုးဦး တို့၏ဖြစ်ရပ်**

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ရိုက်တာသတင်းထောက်များဖြစ်သူ **ကိုဝလုံးနှင့် ကိုကျော်စိုးဦး** တို့အား မြန်မာ့စစ်တပ်၏ ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများအားဖော်ထုတ်ရန် စုံစမ်း စစ်ဆေးခြင်းနှင့် သတင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်အတွက် OSA ဥပဒေ၊ ပုဒ်မ ၃ ဖြင့် ရန်ကုန် မြောက်ပိုင်းတွင်ဖမ်းဆီးချုပ်နှောင်ခဲ့ပါသည်။[347] အင်းဒင်ကျေးရွာရှိ ရိုဟင်ဂျာ အမျိုးသား ၁၀ ဦး အား စစ်တပ်မှသတ်ဖြတ်နေမှုမှတ်တမ်းအား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ရိုက်တာ သတင်းဝက်ဘ်ဆိုက်တွင် ထုတ်လွှင့်ခဲ့သည်။[348]

၎င်းတို့အား တရားစွဲဆိုမှုမပြုမီ ၂ ပတ်ခန့် ပြင်ပအဆက်အသွယ်ဖြတ်တောက်ကာ ဖမ်းဆီး ချုပ်နှောင် ခဲ့သည်။[349]

၂၀၁၈ ခုနှစ်၊ ဧပြီလတွင် ရဲမှူး ဦးမိုးရန်နိုင်က ကြားနာမှုတစ်ခုတွင် ရခိုင်ပြည်နယ်ရှိ စစ်တပ်၏ လုံခြုံရေးလုပ်ဆောင်ချက်များနှင့်စပ်လျဉ်း၍ သတင်းထောက်များအား မှတ်တမ်းတင်နိုင်ရန် အကွက်ချ စီစဉ်ညွှန်ကြားခြင်းခံရကြောင်းထွက်ဆိုခဲ့သည်။[350]

---

346 ဆိုင်ဝိမ်မှုများ၊ မှ ၄၊ ၁၁၊ ၁၆။

347 The Irrawaddy, "ရိုက်တာသတင်းထောက်များ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များအက်ဥပဒေဖြင့်ဖမ်းဆီးခြင်းခံရ။"', 13 December 2017, https://www.irrawaddy.com/news/burma/breaking-reuters-reporters-arrested-yangonofficial-secrets-act.html; See ICJ, 'ရိုက်တာသတင်းထောက်များမြန်မာနိုင်ငံတွင်ဖမ်းဆီးခံထားရ၊ ၎င်းတို့၏ အခွင့်အရေးများလေးစားပါ၊ ပြင်ပအဆက်အသွယ်ဖြတ်ဖမ်းဆီးထားမှုအားရပ်တန့်ပါ', 18 December 2017, Available at: https://www.icj.org/reutersjournalists-detained-in-myanmar-respect-their-rights-end-their-incommunicado-detention/

348 ကိုဝလုံး၊ ကိုကျော်စိုးဦး, Simon Lewis, Antoni Slodkowski, 'ရိုက်တာအထူးအစီရင်ခံစာ- မြန်မာပြည်တွင်းရှိ အစုအပြုံလိုက်သတ်ဖြတ်မှုများ', Filed 8 February 2018, Available at: https://www.reuters.com/investigates/specialreport/myanmar-rakhine-events/

349 ICJ, 'Myanmar: Reuters convictions a massive blow to the rule of law', 3 September 2018, Available at: https://www.icj.org/myanmar-reuters-convictions-a-massive-blow-to-the-rule-of-law/

၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ဂျာနယ်လစ်များအား ချုပ်နှောင်ထိန်းသိမ်းကာလတိုးမြှင့်ခဲ့ပြီး ကြားနာမှုတရားခွင် ၆ လကာလတစ်လျှောက်လုံးတွင် အိုင်စီဂျေ (ICJ) မှ ဥပဒေအကြံပေးများ အမှုကို စောင့်ကြည့်လေ့လာခဲ့သော်လည်း တရားခွင်သည် တရားစွဲချက်အပေါ် ယုံကြည်ကိုးစားရသည့်သက်သေအထောက်အထားပြနိုင်ခဲ့ခြင်းမရှိပေ။[351]

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့အား ထောင်ဒဏ် ၇ စီ အပြစ်ဒဏ်ချမှတ် ခဲ့သည်။[352]

၂၀၁၉ ခုနှစ်၊မေလတွင် အစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့်အညီ သတင်းထောက်များ ပြန်လည်လွတ်မြောက်ခဲ့လေသည်။[353]

---

[350] ရဲမှူးဦးမိုးရန်နိုင်သည် ရဲစည်းကမ်းထိန်းသိမ်းရေး အက်ဥပဒေအရ ထောင်ဒဏ် ၁ နှစ် ချမှတ်ခြင်းခံခဲ့ရပြီး ၎င်း၏ မိသားစု များသည် ဝန်ထမ်းအိမ်ရာမှပြောင်းရွှေ့ခဲ့ရသည်။. See Eli Meixler, 'Myanmar Police Officer Who Said That Detained Reuters Reporters Were Set Up Has Been Jailed', TIME, 30 April 2018, Available at: https://time.com/5259232/ myanmar-jail-police-whistleblowerreuters-reporters/

[351] ICJ, 'မြန်မာအစိုးရအရာရှိများက ရိုက်တာသတင်းထောက်များအား တရားစွဲဆိုထားမှုအား ရုတ်သိမ်းရမည်ဖြစ်သည်', 9 July 2018, Available at: https://www.icj.org/myanmar-officials-must-drop-charges-against-reuters-journalists/

[352] Kyaw Phyo Tha, " ရိုက်တာသတင်းထောက်ဖမ်းဆီးခံမှုနှင့်စပ်လျဉ်း၍ လျှို့ဝှက်ချက်များဆိုင်ရာအက်ဥပဒေအားဖြတ်သိမ်းရန်တောင်းဆို" 10 September 2018, Available at: https://www.irrawaddy.com/news/burma/calls-mount-officialsecrets-act-amended-wake-reuters-case.html;အလားတူပင် Unity သတင်းဂျာနယ်တိုက်၏ CEO နှင့်သတင်းထောက် ၄ ဦးအား မြန်မာ့စစ်တပ်သည် ဓာတုလက်နက်များ ထုတ်လုပ်လျက်ရှိသည်ဟုရေးသားထုတ်ပြန်ခဲ့ခြင်းကြောင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့သည်။ ၂၀၁၆ ခုနှစ်၊ ဧပြီလတွင် သမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်ခဲ့ကြသည်။ See Zarni Mann, 'Unity သတင်းထောက်များအား အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့သည်"', The Irrawaddy, 10 July 2014, Available at: https://www.irrawaddy.com/news/burma/unity-journalists-sentenced-10-years-imprisonment-hard-labor.html; PEN International '"သမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် သတင်းထောက် ၅ ဦးလွတ်မြောက်ခဲ့"', 22 April 2016, Available at: https://peninternational.org/news/myanmar-five-journalists-released-following-presidential-pardon

[353] BBC, 'ရိုက်တာသတင်းထောက်များဖြစ်ကြသည့် ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့ ပြန်လည်လွတ်မြောက်လာခဲ့သည်။', 7 May 2019, Available at: https://www.bbc.com/news/world-asia-48182712; ၂၀၁၉ ခုနှစ် ဧပြီလတွင် အိုင်စီဂျေနှင့် အခြားအဖွဲ့ပေါင်း ၁၉ ဖွဲ့သည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒနှင့်အညီ လွတ်လပ်စွာထုတ်ဖော်ရေးသားပြောဆိုမှုနှင့် သတင်းအချက်အလက်၊ မီဒီယာ လွတ်လပ်မှု တို့အား ကာကွယ်စောင့်ရှောက်နိုင်ရန် ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအားလေ့လာသုံးသပ်၍ပြင်ဆင်ရန် လွှတ်တော်ကော်မတီများအား တိုက်တွန်းခဲ့သည်။ See ICJ, 'ပူးတွဲထုတ်ပြန်ချက်- မြန်မာပြည်တွင်း

## ၅။ တရားရုံးကို ကာကွယ်ရန်ရည်ရွယ်ထုတ်ပြန်ထားသော ဥပဒေများ

တရားရုံး (သို့) တရားစီရင်ခွင့်အာဏာ၏ တချို့အစိတ်အပိုင်းများအား ကာကွယ်နိုင်ရန် ထုတ်ပြန် ထားသောဥပဒများကိုလည်း အွန်လိုင်းပေါ် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုများ ကန့်သတ် ရာတွင် ဒိုင်းသဖွယ်အသုံးချလျက်ရှိသည်။ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့တွင် တရားခွင် ကျင်းပ ရာတွင် စည်းကမ်းသေဝပ်မှုနှင့် စနစ်ကျမှုဟူသော တရားဝင်အသိအမှတ်ပြုထားသော အကြောင်း ပြချက်ဖြစ်သည့် "တရားရုံးအား မထီမဲ့မြင်ပြုမှု"ဟူသော စကားရပ်၏ ဘောင်ကျော်လွန်ကာ အာဏာကို အလွန်အကျွံအသုံးပြုလျက်ရှိသည်။ ထိုင်းနိုင်ငံတွင် မိမိတို့သဘောမကျသည့် အမြင်များ ထုတ်ဖော် ပြောဆိုသူများအား ဦးတည်၍ အရေးယူရာတွင် အဆိုပါ တရားရုံးအား မထီမဲ့မြင်ပြုမှု ဟူသော စွဲချက်ကို ယခုနှစ်များတွင်တိုး၍အသုံးပြုလာကြပါသည်။

ငြိမ်ဝပ်ပိပြားမှုရှိစေရန်အတွက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ကန့်သတ်ခြင်းကို တရားဝင် အသိအမှတ်ပြုထားသည့် ကုလသမဂ္ဂလူ့အခွင့်အရေး ကော်မတီက အထူးထောက်ပြ သကဲ့သို့ပင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကျင့်သုံးနိုင်ရန် ချမှတ်ထားသည့် တရားခွင်အတွင်း တရားရုံးအား မထီမဲ့မြင်ပြုမှု၊ အပြစ်ပေးမှုများကို မဖြစ်မနေလိုက်ရန်လိုအပ်ပြီး ကျိုးကြောင်း ဆီလျော်မျှတမှုလည်း ရှိရမည် ဖြစ်သည်။ ဆိုလိုသည်မှာ ထိုချမှတ်ထားသည့်အရာများကို "တရားခွင် စည်းစနစ်ကျစေရန် တရားသူကြီး၏လုပ်ပိုင်ခွင့်ကျင့်သုံးမှု" မှာ တိတိကျကျရှိရမည် ဖြစ်ပြီး ပြန်လည်ခုခံချေပသူ၏ အခွင့်အရေးများကို တရားဝင်ကျင့်သုံးမှုအား ထိပါးနှောင့်ယှက်မှုလည်း မရှိရန်လိုသည်။[354]

အောက်ဖော်ပြထားသော မှုခင်းများကဲ့သို့ ရှေ့နေများအား တရားရုံးမထီမဲ့မြင်ပြုမှုစွဲဆိုပါက နိုင်ငံတကာစံနှုန်းများအရ ရှေ့နေများတရားဝင်ခံစားခွင့်ရှိသည့် အကာအကွယ်နှင့် ဥပဒေ ပညာရပ် ဖြင့် အသက်မွေးမှု၏ အခြခံပဲ့ကိုင်မှုများတို့ကို ချိုးဖောက်မှုဖြစ်နိုင်လေသည်။ ရှေ့နေများ၏ အခန်း

---

လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်အား ပြင်ဆင်လျက်ရှိသည့်ဖွဲ့စည်းပုံအခြေခံဥပဒေမှအာမခံပေးရမည်', 11 April 2019, Available at: https://www.icj.org/joint-statement-constitutional-reform-must-guarantee-the-right-tofreed om-of-expression-in-myanmar/

[354] CCPR/C/GC/34, paras 24, 31.

ကဏ္ဍ ဆိုင်ရာ ကုလသမဂ္ဂအခြေခံမူများတွင် ရှေ့နေများသည် တရားခွင်၊ ခုံရုံး နှင့် အခြားသောဥပဒေ နှင့် အုပ်ချုပ်ရေးအာဏာပိုင်များရှေ့မှောက် ပညာရှင်ဆန်ဆန် စေတနာမှန်ကန်စွာဖြင့် ဦးတိုက် လျှောက်ထားမှုများဖြစ်စေ၊ ရေးသားဖော်ပြချက်များဖြစ်စေငြင်းတို့အတွက် အရပ်ဘက်နှင့် ဥပဒေ ဆိုင်ရာ ကင်းလွတ်ခံစားခွင့်ရှိရမည်" (မူ ၂၀) နှင့် ရှေ့နေများသည် အခြားသူများကဲ့သို့ပင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စုရုံးသင်းဖွဲ့ခွင့်ရှိပြီး "လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အများပြည်သူဝိုင်းဖွဲ့ဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်ခွင့် ရှိပါသည်" (မူ ၂၃)[355]

## စင်ကာပူနိုင်ငံ

စင်ကာပူနိုင်ငံတွင် တရားခွင်မထီမဲ့မြင်ပြုမှုဟုသော စွဲချက်ကို "စည်းကမ်းသေဝပ်သော တရားခွင်ဖြစ်စေရန်" ဟူသောအပေါ်ယံအကြောင်းပြချက်ဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှု နှင့် သတင်းအချက်အလက်များမျှဝေမှုတို့ကိုကန့်သတ်ရာတွင်၊ အထူးသဖြင့် ထိလွယ်ရှလွယ်သော နိုင်ငံရေး ကိစ္စရပ်များအပေါ်အွန်လိုင်းဝေဖန်မှုများအားကန့်သတ်ရာတွင် အသုံးပြုလျက်ရှိပါသည်။

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် အဖွဲ့အစည်းများစွာက လွတ်လပ်စွာထုတ်ဖော် ပြောဆိုမှုအား ကန့်သတ်ရန် သမာရိုးကျစီရင်ထုံးအတိုင်း တရားရုံးအားမထီမဲ့မြင်ပြုမှုဟူသော စွဲချက် တောက်လျှောက် သုံးစွဲနေမှုများရှိနေသည့်အလျောက် ယခုထုတ်ပြန်မည့်ဥပဒေပါ ဝေဝါးသော ပြန်ဌာန်းချက်များသည် ဥပဒေ အလွဲသုံးစားပြု အကောင်အထည်ဖော်မှုများဖြစ်လာနိုင်သည်ဟု ခိုင်ခိုင်မာမာထောက်ပြ ပြောဆိုနေခဲ့သော်လည်း အစိုးရသည် ၂၀၁၆ ခုနှစ် **တရားခွင်စီမံခန့်ခွဲမှုဆိုင်ရာ အက်ဥပဒေ (AJPA)** ကို ပြန်ဌာန်းခဲ့သည်။[356] ထိုဥပဒေမထုတ်ပြန်မီ

---

[355] ၁၉၉၀ ခုနှစ်ရှေ့နေများ၏အခန်းကဏ္ဍ ဆိုင်ရာ ကုလသမဂ္ဂအခြေခံမူများ ၊ , Available at: https://www.ohchr.org/EN/ProfessionalInterest/Pages/RoleOfLawyers.aspx

[356] FORUM Asia, Think Centre "လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုအား တိုး၍ပိတ်ပင်ကန့်သတ်မှုဖြစ်စေသည့် , စင်ကာပူနိုင်ငံ၏ တရားရုံးအားမထီမဲ့မြင်ပြုမှုဥပဒေအသစ်"၊ (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ၊ ၂၀ ရက်နေ့ရက်စွဲပါ)၊ Available at: https://www.forum-asia.org/?p=21369; AWARE, 'တရားရေးရာစီမံခန့်ခွဲရေးဆိုင်ရာဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ AWARE အဖွဲ့၏ သဘောထားထုတ်ပြန်ချက်"', 10 August 2016, Available at: https://www.aware.org.sg/2016/08/aware-statement-on-the-administration-ofjustice-protection-bill/ ; လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ "စင်ကာပူနိုင်ငံ၏ ကျယ်ပြန့်လွန်းသည့် တရားရုံးမထီမဲ့မြင်ပြုမှုဆိုင်ရာဥပဒေအား ကန့်ကွက်ခြင်း", 8 August 2016, Available at:

တရားရုံး မထီမဲ့မြင်ပြုမှု စွဲချက်အား တရားလွှတ်တော်ချုပ်ရုံး စီမံခန့်ခွဲရေး အက်ဥပဒေပါ ပုဒ်မ ၇ နှင့်အညီ နိုင်ငံတရားလွှတ်တော်ချုပ် နှင့် အယူခံ တရားခုံရုံးတို့မှ စွဲချက်တင်နိုင်လေသည်။[357]

AJPA ဥပဒေသည် တရားစီရင်ရေးအာဏာကိုင်သူများအား ထိုသို့မထီမဲ့မြင်ပြုမှုများအား တိုးချဲ၍ အပြစ်ဒဏ်ပေးနိုင်ရန် "တရားရုံးအား စော်ကားခြင်း"ဟု အမည်တပ်ကာ အောက်ခြေအဆင့်ဆင့် တရားရုံးများအထိ တရားစီရင်ခွင့်ပြုခဲ့လေသည်။ ပုဒ်မ ၃ (က) တွင် (၁)"တရားဥပဒေစီမံခန့်ခွဲရေး ကဏ္ဍအပေါ် အများပြည်သူ၏ ယုံကြည်အားထားရမှုကို ယုတ်လျော့ပျက်ပြားစေမည့် လုပ်ဆောင်ချက် (သို့) ရေးသား ထုတ်ပြန်ချက်တို့ကို ရည်ရွယ်ချက်ရှိရှိပြုလုပ်ခြင်းအားဖြင့် တရားသူကြီးများ၏ စစ်မှန်မှု၊ ကျိုးကြောင်း ဆီလျော်မှုနှင့် ဘက်မလိုက်မှုတို့အား ဝေဖန် စော်ကားခြင်း" (ပုဒ်မ ၃၊ က (၁)) နှင့် (၂) တရားခွင်ကျင်းပ ဆောင်ရွက်မှုကို အနှောင့်အယှက်ဖြစ်စေမည့် စာအုပ်စာတမ်း/ရေးသားဖော်ပြချက်တစုံတရာကို "ရည်ရွယ်ချက်ရှိရှိ" ထုတ်ပြန်ခြင်း တို့ကို "တရားရုံးအားစော်ကားမှု" (ပုဒ်မ ၃၊ က (၂)) ခေါင်းစဉ်တပ်ကာ ပြစ်မှုအဖြစ်သတ်မှတ်ထားသည်။ [358] ဘုံဥပဒေတွင် ရှေ့နေချုပ် နှင့် Shadrake Alan တို့အကြားဖြစ်ခဲ့သည့် သမိုင်းဝင်ဖြစ်ရပ်ကိုသာ တရား စီရင်ရေးစနစ်အပေါ် ပြည်သူ၏ယုံကြည်ကိုးစားရမှုကို ယုတ်လျော့စေသည့် ဖြစ်ရပ်အဖြစ်သတ်မှတ် ဖော်ပြထားသော်လည်း ပုဒ်မ ၃၊ က (၂) တွင် တရားရုံးအား "စော်ကားမှု"ဟူသော စွဲချက်သတ်မှတ်ချက်အား တရားစီရင်ရေးကဏ္ဍအပေါ် ပြည်သူ၏ ယုံကြည်မှုပျက်ပြားစေနိုင်မှုအထိ ဆောင်ရွက်ချက် အားလုံးပါဝင်နိုင်စေရန် ကနဦးသတ်မှတ်ချက်ကို လျော့ချထားသည်။[359]

---

https://www.hrw.org/news/2016/08/08/singapore-reject-overly-broadcontempt-law; အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ "စင်ကာပူနိုင်ငံ၏ တရားရုံးမထီမဲ့မြင်ပြုခြင်းဆိုရာဥပဒေမူကြမ်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား ခြိမ်းခြောက်လျက်ရှိသည်', 16 August 2016, Available at: https://www.amnesty.org/en/latest/news/2016/08/singapore-contempt-of-court-law/

[357] ဤအပိုင်းအား တရားလွှတ်တော်ချုပ်ရုံး စီမံခန့်ခွဲရေး အက်ဥပဒေမှ ဖြုတ်ချလိုက်ပြီးဖြစ်သည်၊ (အခန်း ၃၂၂) (Chapter 322) Rev. Ed. 2007.

[358] ၂၀၁၆ ခုနှစ် တရားခွင်စီမံခန့်ခွဲမှုဆိုင်ရာအက်ဥပဒေ (AJPA) (အမှတ်စဉ်), Available at: https://sso.agc.gov.sg/Act/AJPA2016#legis

[359] See Attorney-General v Wham Kwok Han Jolovan and another matter [2018] SGHC 222 at [39], referring to Shadrake Alan v Attorney-General [2011] 3 SLR 778 at [36], Available at: https://www.supremecourt.gov.sg/docs/default-source/module-document/judgement/os-510-2018-(ag-vjolovan-wham)-(final)-pdf.pdf ('AG v Wham Jolovan [2018]')

ထိုသို့ပုံကြီး ချဲ့သတ်မှတ်မှုကြောင့် ရှိရင်းစွဲပြဿနာမှုပိုမိုနက်ရှိုင်းခဲ့သည်။ ထို့အပြင် AJPA ၏ ပုဒ်မ ၁၂ (က) တွင်တရားရုံး စော်ကားမှုအမြင့်ဆုံးပြစ်ဒဏ်အား ထောင်ဒဏ် ၃ နှစ်ဖြစ်စေ၊ ဒဏ်ငွေစင်ကာပူဒေါ်လာ ၁၀၀၀၀၀ (အမေရိကန်ဒေါ်လာ ခန့်မှန်းခြေ ၇၂၀၅၁) ဖြစ်စေ၊ နှစ်ရပ်လုံးဖြစ်စေဟု မြင့်တင်ထား ပါသည်။ သမာရိုးကျစီရင်ထုံးများတွင် ထောင်ဒဏ် ၆ ပတ် နှင့် ဒဏ်ငွေစင်ကာပူဒေါ်လာ ၂၀၀၀၀ ( အမေရိကန် ဒေါ်လာခန့်မှန်းခြေ ၁၄၄၁၀) ခန့်သာ ပြစ်ဒဏ် သတ်မှတ်ထားသည်။[360]

တရားစီရင်နိုင်ရေးတရားခွင်ကျင်းပရာတွင် အများပြည်သူ၏ ဝေဖန်ထောက်ပြချက်များ ရယူရန် အရေးတကြီးလိုလေသည်။ တရားစီရင်ရေးကဏ္ဍအပေါ် အများပြည်သူ၏ ယုံကြည်စိတ်ချရမှုကို ထိပါးစေနိုင်သည့် သတင်းအချက်အလက်များ (သို့) ထုတ်ဖော်ရေးသားပြောဆိုချက်များ ကို ရာဇဝတ်မှု အဖြစ် သတ်မှတ်သည့် ကျယ်ပြန့်သော ပြဌာန်းချက်များပါဝင်သည့် ထိုဥပဒေ အသက်ဝင်လာခြင်းသည် ရှေ့နေများ၊ ပညာရှင်များနှင့် သာမန်ပြည်သူများ၏ အမှုဖြစ်ရပ်များအပေါ် အမြင်မှတ်ချက်ပြုနိုင်စွမ်း နှင့် တရားစီရင်ရေးစနစ်ကို စနစ်တကျ ဝေဖန်မေးခွန်းထုတ်နိုင်စွမ်းအား ယုတ်လျော့ကျဆင်းစေပါသည်။ ယခုဥပဒေမပြဌာန်းမီကပင် အွန်လိုင်းပေါ်ထုတ်ဖော်ပြောဆိုမှုများကို တရားရုံးအား မထီမဲ့မြင်ပြုမှုဟု မဆီမဆိုင် ခေါင်းစဉ်တပ်ကာ တရားမဲ့စွာ ဖိနှိပ်ကန့်သတ်လျက်ရှိသော စင်ကာပူနိုင်ငံတွင် ထိုကိစ္စရပ် ပိုမိုဆိုးရွားလာစေပါသည်။ ထိုဥပဒေ AJPA အတည်ပြုပြီးနောက် လူ့အခွင့်အရေးခုခံကာကွယ်သူ တစ်ဦး တဖြစ်လဲ အတိုက်အခံနိုင်ငံရေးသမားတစ်ဦးအား အား ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာပေါ်တွင် အမြင် မှတ်ချက်ပြုမှုကြောင့် တရားစွဲဆိုခဲ့ခြင်းကို ကြည့်ခြင်းအားဖြင့်

---

[360] Associate Professor David Tan, 'Any Risk Will Do – The New Law on Scandalising Contempt in Singapore', Singapore Law Gazette, September 2016, Available at: https://www.google.com/search?q=any+risk+will+do+new+law+on+scandalising+contempt+in+singapore&rlz=1C1CHBF_en-TH830TH830&oq=any+risk+will+do+new+law+on+scandalising+contempt+in+singapore&aqs=chrome..69i57.8470j0j9&sourceid=chrome&ie=UTF-8; စင်ကာပူအမျိုးသားတက္ကသိုလ်မှ တွဲဖက်ပါမောက္ခဖြစ်သူ Tan က AJPA ဥပဒေမပြဌာန်းမီ တရားရုံးမှ တရားရုံးအားမထီမဲ့မြင်ပြုမှုဟု အကြောင်းပြတရားစွဲဆိုခဲ့သည့် အမှုများအား လေ့လာဆန်းချက်တွင် တရားရုံးများသည်ထိုမထီမဲ့မြင်ပြုမှုစွဲချက်များသည် နိုင်ငံ၏ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပုဒ်မ ၁၄ ပါ လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုအားကာကွယ်ရမည်ဟူသော အချက်ကိုလည်းလိုက်နာကိုက်ညီရမည်ကိုသိမှတ်ပြုထားကြောင်း၊ တရားရေးကဏ္ဍသည် ၎င်းတို့အပေါ် ဝေဖန်မှုများအား လွှတ်တော်မှ (AJPA ဥပဒေနှင့်အညီ) လက်ခံနိုင်သည်ထက်ပို၍ ခွင့်ပြုထားသည်မှာ ပျက်လုံးတစ်ခုသာ ဖြစ်ကြောင်း ထောက်ပြထားပါသည်။

ထိုဥပဒကိုသုံး၍ အများပြည်သူ လွတ်လပ်စွာအမြင်မှတ်ချက်ပြုမှုကို ဖိနှိပ်ကန့်သတ်လာနိုင်သည်ကို သိနိုင်သည်။

**Alex Auı Eugene Thuraisingam နှင့် Li Shengwu တို့၏ ဖြစ်ရပ်များ**

၂၀၁၅ ခုနှစ်၊ မတ်လ တွင် **Alex Au Wai Pang** အား ရာဇသတ်ကြီးဥပဒေ ၃၇၇က ပြင်ဆင်ရန် အသနားခံစာတင်ခဲ့မှုနှင့်စပ်လျဥ်း၍ စင်ကာပူတရားရုံး၏ ဖြေရှင်းဆောင်ရွက်ချက်အပေါ် မေးခွန်းထုတ် ဝေဖန်သည့် လူမှုနိုင်ငံရေး ဘလော့ရေးသားချက်တစ်ခုကို တင်ခဲ့ခြင်းကြောင့် တရားရုံးအား မထီမဲ့မြင်ပြုမှု ဖြင့် ဒဏ်ငွေစင်ကာပူဒေါ်လာ ၈၀၀၀ (အမေရိကန်ဒေါ်လာခန့်မှန်းခြေ ၅၉၀၀) ဆောင်ရန်အမိန့်ချ ခဲ့သည်။[361] Au သည် စင်ကာပူနိုင်ငံတွင် အမျိုးသားအချင်းချင်းလိင်ဆက်ဆံမှုမှာ ပြစ်မှုမြောက်သည့် ပုဒ်မ ၃၇၇က နှင့် LGBTI တို့၏အခွင့်အရေးများစသည်တို့နှင့် စပ်လျဥ်း၍ အတိတ် ကာလများတွင် ရေးသား ဖော်ပြခဲ့ပြီးဖြစ်လေသည်။[362]

၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် ရှေ့နေဖြစ်သူ **Eugene Thuraisingam** သည် ထိုနှစ်မေလအတွင်း စင်ကာပူ နိုင်ငံရှိ သေဒဏ်ပြစ်မှုနှင့်စပ်လျဥ်း၍ ကဗျာတစ်ပုဒ်ဖွဲ့ဆိုကာ ဖေ့စ်ဘွတ်ပေါ် တင်ခဲ့မှုကြောင့် ဒဏ်ငွေ စင်ကာပူ ဒေါ်လာ ၆၀၀၀ ( အမေရိကန်ဒေါ်လာခန့်မှန်းခြေ ၄၄၂၃) ဆောင်ရန်အမိန့်ချ ခံခဲ့ရသည်။ သူသည် သူ၏အမှုသည် မူးယစ်ဆေးဝါးမှောင်ခိုကူးမှုကြောင့် ကြိုးမိန့်ပေးမှုမခံရမီ ဤကဗျာကို ရေးသားတင်ပြခဲ့ သည်ဟု သိရသည်။ ထိုပို့စ်အား ဖျက်ပြီးဒဏ်ငွေဆောင်ကာ ၎င်း၏ ကဗျာသည် တရားရုံးအား မထီမဲ့မြင်ပြုမှု

[361] ‘လိင်တူလိင်ဆက်ဆံမှုတားမြစ်သည့်ဥပဒေဖြင့်တရားစွဲကြားနာမှုအား ဝေဖန်သည့် စင်ကာပူဘလော့ဂါတစ်ဦးဖြစ်သူ Mong Palatino အား “တရားစီရင်ရေးအား မထီမဲ့မြင်စော်ကား”မှုဖြင့် ဒဏ်ကြေးရိုက်ခဲ့ ’’, Global Voices, 8 March 2015, Available at: https://advox.globalvoices.org/2015/03/08/singapore-blogger-who-criticized-court-case-of-anti-gay-sex-law-fined-forscandalizing-the-judiciary/ ထိုအမှုသည် စင်ကာပူနိုင်ငံရှိ ရာဇဝတ်မှုတရားရေးစနစ်နှင့်စပ်လျဥ်းသည့် စာအုပ်ရေးသားထုတ်ပြန်မှုကြောင့် တရားရုံးအားမထီမဲ့မြင်ပြုမှုစွဲချက်ဖြင့် ထောင်ဒဏ် ၆ ပတ်နှင့် ငွေဒဏ် စင်ကာပူဒေါ်လာ ၂၀၀၀၀ ခန့်ပေးဆောင်ကျခံရန် အမိန့်ချခြင်းခံခဲ့ရသည့် သတင်းထောက် Alan Shadrake အမှုအခင်းအကျင်းအတိုင်း ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

[362] Thuraisingam သည် ဒဏ်ကြေးငွေ စင်ကာပူဒေါ်လာ ၅၀၀၀ (အမေရိကန်ဒေါ်လာ ၃၆၆၄) ခန့်မပေးဆောင်ရသေးမီ ဥပဒေအသိုင်းအဝိုင်းကောင်စီမှကျင်းပသည့် တရားခွင်တွင် အကြိမ်ကြိမ်ကြားနာခြင်းခံခဲ့ရသည်။ See Selina Lum, ‘ရှေ့နေ Eugene Thuraisingam သည် သေဒဏ်ပေးမှုများနှင့်စပ်လျဥ်း၍ ဖေ့စ်ဘွတ်ပေါ်ရေးသားပြောဆိုမှုများကြောင့် တရားရုံးမထီမဲ့မြင်ပြုမှုဖြင့် ဒဏ်ကြေး စင်ကာပူဒေါ်လာ ၆၀၀၀ ဆောင်ခဲ့ရသည်’, Straits Times, 7 August2017, Available at: https://www.straitstimes.com/singapore/courts-crime/lawyer-fined-6000-forcontempt-of-court-over-facebook-post-on-death-penalty

မြောက်ကြောင်းသိရသဖြင့် စင်ကာပူဥပဒေ တရားစီရင်ရေး အသိုင်းအဝိုင်းအား တောင်းပန်ကြောင်းစာကို လူသိရှင်ကြားပို့စ်တင်ခဲ့သည်။

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် တက္ကသိုလ်ပညာရှင် **Li Shengwu** အား "*စင်ကာပူ အစိုးရသည် တရားစွဲဆိုမှုအလွယ်တကူပြုလုပ်လေ့ရှိပြီး ထိန်းချုပ်ထားသော တရားရေးစနစ်ရှိသည်၊ ထို့ကြောင့်ပင် နိုင်ငံတကာမီဒီယာများက အလွယ်တကူသတင်းမတင်ပြနိုင်ရခြင်းဖြစ်သည်*" ဟု ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ အတွင်း ဖေ့စ်ဘွတ်ပေါ်တွင် ရေးသားတင်ခဲ့သဖြင့် တရားခွင်မထီမဲ့မြင်ပြုမှုဖြင့် တရားစွဲခဲ့သည်။[363] ထိုပို့စ်ကို အများပြည်သူသိစေရန်မဟုတ်ဘဲ "သူငယ်ချင်းသီးသန့်"သာ ပို့စ်တင်ခဲ့ခြင်း ဖြစ်သည်။

**Jolovan Wham နှင့် John Tan တို့၏ဖြစ်ရပ်**

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် နိုင်ငံသားအခွင့်အရေးတက်ကြွလှုပ်ရှားသူ **Jolovan Wham Kwok Han** နှင့် အတိုက်အခံနိုင်ငံရေးသမားဖြစ်သူ **John Tan Liang Joo** တို့သည် AJPA ဥပဒေ ပုဒ်မ ၃၊ က (၁) ဖြင့် ပထဦးဆုံးတရားစွဲဆိုခြင်းခံခဲ့ရသူများဖြစ်သည်။

Wham သည် "*နိုင်ငံရေးနှင့်ယှဉ်သောတရားစွဲမှုများကိုဖြေရှင်းအမိန့်ချရာတွင် မလေးရှား တရားသူကြီး များသည် စင်ကာပူတရားသူကြီးများထက် ပိုမိုလွတ်လပ်ပြီးအမှီအခိုကင်းသည်*" ဟု ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ဖေ့စ်ဘွတ်ပေါ်ရေးသားခဲ့ခြင်းကြောင့် ရှေ့နေချုပ်ရုံးမှ တရားခွင်သို့ဆင့်ခေါ်စာရရှိခဲ့သည်။

Tan သည် ၂၀၁၈ ခုနှစ်၊ မေလတွင် "*Jolovan ကို တရားစီရင်ရေးအား စော်ကားမှုဟု တရားစွဲလိုက်ခြင်းသည် AGC အနေဖြင့် သူ (Jolovan )အမှန်ပြောတာလို့အတည်ပြုပေးလိုက်ခြင်း ဖြစ်သည်*" ဟု ရေးသားခဲ့ခြင်းကြောင့်တရားစွဲခဲ့ရသည်။[364]

---

[363] Selina Lum, 'Papers for contempt properly served on Li Shengwu in the US: Court of Appeal', Straits Times, 1 April 2019, Available at: https://www.straitstimes.com/singapore/papers-forcontemptproperly-served-on-li-shengwu-in-the-us-court-of-appeal

[364] AG v Wham Jolovan [2018], at [3] to [6].

၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ထိုသူနှစ်ဦးလုံးအား ဒဏ်ငွေ စင်ကာပူဒေါ်လာ ၅၀၀၀ ( အမေရိကန် ဒေါ်လာ ခန့်မှန်းခြေ ၃၆၈၅ ) ချမှတ်ခဲ့သည်။ ထို့အပြင် Wham and Tan အား ဥပဒေတရားစွဲဆိုမှုများကြောင့် ကုန်ကျစရိတ် ရှေ့နေချုပ်ရုံးအား ပြန်လည်ပေးဆောင်ရန် စင်ကာပူဒေါ်လာ ၇၂၉၈ ( အမေရိကန် ဒေါ်လာ ခန့်မှန်းခြေ ၅၃၇၈ ) နှင့် စင်ကာပူဒေါ်လာ ၆၉၆၆ ( အမေရိကန်ဒေါ်လာခန့်မှန်းခြေ ၅၁၃၃ ) အသီးသီး သတ်မှတ်ခဲ့သည်။[365]

## မလေးရှားနိုင်ငံ

မလေးရှားနိုင်ငံသည်လည်း တရားရေးကဏ္ဍအပေါ်အများပြည်သူ၏ အမြင်မှတ်ချက်ပေးမှုများ ကို ပိတ်ပင်တားဆီးရန် စင်ကာပူနိုင်ငံတွင်ပြုလုပ်သကဲ့သို့ပင် တရားရုံးအားမထီမဲ့မြင်ပြုလုပ်မှု ဟူသော သဘောတရားအား လွဲမှားစွာအသုံးချလျက်ရှိသည်။ ထိုသို့လွဲမှားစွာအသုံးချမှုများမှာ ရှေ့နေများ၏ အခန်းကဏ္ဍဆိုင်ရာ ကုလသမဂ္ဂအခြခံမူများကို ကွဲလွဲဆန့်ကျင်လျက် ရှေ့နေများ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုများကို ဦးတည်ထိန်းချုပ်ကန့်သတ်လျက်ရှိသည်။[366]

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ စုရုံးခွင့်နှင့် သင်းဖွဲ့ဆောင်ရွက်ခွင့်တို့ကို ကာကွယ်ထားသော နိုင်ငံ၏ **ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ၊** ပုဒ်မ ၁၀ သည် လွှတ်တော်အား "တရားရုံးအား မထီမဲ့ မြင်ပြုမှုမှ ကာကွယ်ရန်" ဟူသော ပုဒ်မ ၁၀၊ ၁ (၁)ဖြင့်

---

[365] Selina Lum, " တက်ကြွလှုပ်ရှားသူများဖြစ်ကြသည့် Jolovan Whamနှင့် SDP's John Tan တို့အား တရားရုံးမထီမဲ့မြင်ပြုမှုဖြင့် ဒဏ်ကြေး ဒေါ်လာ ၅၀၀၀ စီပေးဆောင်ခဲ့ရ။ ', Straits Times, 29 April 2019, Available at: https://www.straitstimes.com/singapore/courtscrime/5000-fine-each-for-activist-jolovan-wham-and-sdps-john-tan-for-contempt-of; ၂၀၀၈ ခုနှစ်တွင်၊ Wham သည် တရားလွှတ်တော်ချုပ်ရုံးတွင် တရားသူကြီးဝတ်ရုံဝတ်ဆင်ထားသော သားပိုက်ကောင်ပုံပါ အင်္ကျီ ဝတ်ဆင်ခဲ့မှုကြောင့် တရားရုံးအားမထီမဲ့မြင်ပြုမှုဖြင့် ထောင် ၁၅ ရက်ကျခဲ့သည်၊ See Louisa Tang, 'တရားရုံးမထီမဲ့မြင်ပြုမှု- AGC သည် တက်ကြွလှုပ်ရှားသူ Jolovan Wham အား ဒဏ်ကြေးဆောင်ရန်သတ်မှတ်ခဲ့ပြီး အတိုက်အခံပါတီဝင်များအား ထောင်သွင်းအကျဉ်းချခဲ့။', Today, 20 March 2019, Available at: https://www.todayonline.com/singapore/contempt-of-court-agc-seeksfine-activist-jolovan-wham-jail-time-opposition-party-member

[366] See A. Vijayalakshmi Venugopal, Kamal Halili Hassan, 'မလေးရှားနိုင်ငံ၏ တရားရုံးမထီမဲ့မြင်ပြုမှုဆိုင်ရာဥပဒေ- ပြုပြင်ပြောင်းလဲမှုဖော်ဆောင်ခြင်း (၂၀၁၂)၊ သဘာဝနှင့် အသုံးချသိပ္ပံ6(8), pp. 1451-1464('Venugopal and Hassan, 2012') Available at: http://www.aensiweb.com/old/anas/2012/1451-1464.pdf

အဆိုပါအခွင့်အရေးများအပေါ် ပိတ်ပင် တားဆီးခွင့် ပေးထားလေသည်။[367] ထို ပုဒ်မ ၁၂၆ သည် ဖက်ဒရယ်ပြည်ထောင်စုတရားရုံး၊ အယူခံခုံရုံး နှင့် မလေးရှား တရားလွှတ်တော်ချုပ်တို့အား တရားရုံးမထီမဲ့မြင်ပြုမှုနှင့်စပ်လျဉ်း၍ အပြစ်ပေးခွင့် အာဏာအပ်နှင်းထားသည်။[368] အခြားသော ဥပဒေများသည် ခရိုင်တရားရုံးများနှင့် အထူးခုံရုံးများ အပါအဝင် တရားရုံးခွဲများအား အဆိုပါလုပ်ပိုင်ခွင့် အာဏာအပ်နှင်းထားပါသည်။[369] သို့သော်လည်း အခြားသော ဥပဒအရ (သို့) အာဏာပိုင် အုပ်ချုပ်မှုဥပဒများအရ အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းမရှိပေ။

**သမားရိုးကျစီရင်ထုံး**သဘောတရားဖြင့်စီရင်လျက်ရှိသော်လည်း တရားစီရင်ရေး တွင် ၎င်း (တရားရုံးအား မထီမဲ့မြင်ပြုမှု) နှင့်ပတ်သက်သည့် တိကျပြတ်သားသောဖွင့်ဆိုချက် မရှိသောကြောင့် လွတ်လပ်စွာ ထုတ်ဖော်ရေးသားပြောဆိုမှုကို ကန့်သတ်သည့် တရားစီရင်ဆုံးဖြတ်မှုများစွာ ပေါ်ပေါက်လာသည်။[370] ပညာရှင်များနှင့် လက်တွေ့ကျင့်သုံးသူများက “ဥပဒေမဲ့ကျင့်သုံးမှု၊ ဘက်လိုက်မှုနှင့် ပုဂ္ဂိုလ်ရေး” အခြေခံ၍ ကန့်သတ်မှုများမှကာကွယ်ရန် ၎င်းကို ရှင်းလင်း တိကျစွာဖွင့်ဆိုရန်သာမက ရာဇဝတ်မှုများ နှင့်စပ်လျဉ်း၍ ကန့်သတ်ပြီး စီရင်ထုံးများ တစ်သားတည်းဖြစ်စေရန် ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ရန် လိုအပ်သည်ဟု ထောက်ပြ မီးမောင်းထိုးပြခဲ့ကြသည်။[371] မလေးရှား Bar အဖွဲ့အပါ အဝင် ဝေဖန်ထောက်ပြသူများ က လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား ထိပါးကန့်သတ်မှုများ မဖြစ်စေရန် တရားရုံးအား

---

[367] မလေးရှားနိုင်ငံ၏ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ, Available at:http://www.agc.gov.my/agcportal/uploads/files/ Publications/FC/Federal%20Consti%20(BI%20text).pdf

[368] Ibid.

[369] Venugopal and Hassan, 2012, pp. 1455 to 1456.

[370] Venugopal and Hassan, 2012, pp. 1454 to 1455.

[371] Venugopal and Hassan, 2012, p. 1463; Jerald Gomez, ‘တရားရုံးအား မထီမဲ့မြင်ပြုမှု_လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် နှင့် စွပ်စွဲမှုခံရသူများ၏အခွင့်အရေးများ’ (2002) 3 MLJ ccxli – ccciv (‘Jerald Gomez, 2002’), Available at: http://jeraldgomez.com/wp-content/uploads/2018/01/MLJ-Contempt-of-Court-Freedom-of-Expression-and-the-Rights-of-the-Accused.pd

မထီမဲ့မြင်ပြုမှု ဟူသောစွဲချက်ကို "ထိန်းချုပ်စနစ်တကျသုံးပြုရန်"နှင့် "တရားစီရင်ရေးမှန်ကန်အကျိုးရှိစေရန် နောက်ဆုံး အခြေအနေ"အဖြစ်သာသုံးရန် ထောက်ပြခဲ့ ကြသည်။[372]

**Arun Kasi ဖြစ်ရပ်**

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရှေ့နေ Arunachalam s/o Kasi ('Arun Kasi')သည် အွန်လိုင်းသတင်းပေါ်တယ်တစ်ခုပေါ်တွင် ထိုလအတွင်း ၎င်းရေးသားတင်ပြခဲ့သော မလေးရှားနိုင်ငံ၏ ဖက်ဒရယ်တရားရုံး၌တရားခွင်စီရင်မှုများအပေါ် ဝေဖန်ထောက်ရှုထားသော ဆောင်းပါး ၂ ပုဒ်ကြောင့် ရှေ့နေချုပ် Tommy Thomas မှ တရားစွဲဆင့်ခေါ်မှုနှင့်ရင်ဆိုင်ခဲ့ရသည်။[373] ၎င်းရေးသားထားသည့် *"အငြင်းပွားဖွယ်တရားစီရင်မှုများကြောင့် တရားစီရင်ရေးဆိုင်ရာပြဿနာကြီးတရပ်ဖြစ်ပွားလာပုံ"* နှင့် *"Tommy Thomas သည် တရားစီရင်ရေးအကြပ်အတည်းတရပ်ဖြစ်ပွားစေသည့် အငြင်းပွားမှု ဖြေရှင်းသည့်ဌာနကို ဆင်ခြင်သုံးရမည်ဖြစ်သည်*"ဟူသောခေါင်းစဉ်အသီးသီးဖြင့် ရေးသားထားသော ဆောင်းပါး ၂ ပုဒ်သည် တရားစီရင်ရေးကဏ္ဍအလွဲသုံးစားပြုမှုများကို ဖွင့်ဟထုတ်ဖော်ခဲ့ပြီး မလေးရှား နိုင်ငံ၏

---

[372] ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် မလေးရှား Bar အဖွဲ့၏ဥက္ကဌဖြစ်သူက "ဒီကိစ္စဖြေရှင်းနိုင်ရန်၊ အဖွဲ့အနေဖြင့် "တရားရုံးအားမထီမဲ့မြင်ပြုမှု" ဟူသောပြစ်မှုကို ယူကေနိုင်ငံ (အင်္ဂလန်နှင့် ဝေးလ်ပြည်နယ်)တို့တွင် ပယ်ဖျက်ပြီးဖြစ်ကြောင်း နှင့် ထိုအချက်သည် မထီမဲ့မြင်ပြုမှုနှင့်စပ်လျဉ်း၍ အရေးယူနိုင်သည့် တရားရုံး၏လုပ်ပိုင်ခွင့်အား ကန့်သတ်ကျင့်သုံးရန် လိုကြောင်းသိရှိနိုင်ပြီး တရားလွှတ်တော်ချုပ်ရုံးတွင် ကျင်းပသကဲ့သို့ "တရားစီရင်ရေးမှန်ကန်အကျိုးရှိစေရန် နောက်ဆုံး အခြေအနေ"အဖြစ်သာသုံးရန်" လိုကြောင်းပြောဆိုခဲ့သည်။ Abdul Fareed Abdul Gafoor, 'သတင်းထုတ်ပြန်ချက်- Arun Kasi သည် တရားရုံးအားမထီမဲ့မြင်ပြုမှုဖြင့် အပြစ်ရှိကြောင်းတွေ့ရှိခဲ့။ ', 23 April 2019 ('Malaysian Bar, 23 April 2019'), Available at: http://www.malaysianbar.org.my/press_statements/press_release_%7C_arun_kasi_found_guilty_of_contempt_of_court.html; See also Venugopal and Hassan, 2012, p. 1463; Jerald Gomez, 2002, p. 20.

[373] The Star Online, 'Aliran ပေါ်တွင် Hamid affidavit နှင့်သက်ဆိုင်သည့်ဆောင်းပါးရေးတင်ခဲ့သဖြင့် ရှေ့နေ Arun Kasi အား တရားရုံးမထီမဲ့မြင်ပြုမှုဖြင့် တရားစွဲခဲ့', 27 February 2019, Available at: https://www.thestar.com.my/news/nation/2019/02/27/contempt-proceedings-against-lawyer-arun-kasi-over-hamid-affidavit-articlesin-aliran#CA0XyKX8v4xL8PjE.99

အပြည်ပြည်ဆိုင်ရာတရားရေးဌာနအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် နှိုးဆော်ခဲ့သည်။[374] Arun Kasi သည် ဆင့်ခေါ်ခြင်းခံရသည့်တရားခွင်တွင် ၎င်း၏ ရေးသားဖော်ပြချက်မှာ တရားမျှတကြောင်း နှင့် ကျူးလွန်ဖောက်ဖျက်ခဲ့မှုတစုံတရာမရှိကြောင်း ပြောဆိုခဲ့သည်။[375]

၂၀၁၉ ခုနှစ်ဧပြီလတွင် Arun Kasi အား ထောင်ဒဏ် ရက် ၃၀ အပြစ်ဒဏ်ချမှတ်ခဲ့ပြီး ရက်ပေါင်း ၃၀ ထောင်ဒဏ်နှင့်ညီမျှသော ငွေဒဏ် မလေးရှားရင်းဂစ် ၄၀၀၀၀ ခန့် (အမေရိကန်ဒေါ်လာ ၉၄၇၄ ခန့်) ဒဏ်ဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။[376]

အမိန့်ချမှတ်ခဲ့ပြီးနောက် မလေးရှား Bar အဖွဲ့အစည်းက တရားစွဲဆိုမှုသည် "ပြစ်မှုထင်ရှားစေသည့် ဖော်ပြချက်များမရှိခြင်းကြောင့် ပိုမိုဆိုးရွားလာစေသည့်အပြင် ပြည်သူထုတ်ဖော်ပြောဆိုမှုများ အပေါ် လွဲမှားစွာထင်မြင်မှုများ တိုးပွားလာစေနိုင်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြပြီး အများပြည်သူ စိတ်ဝင်စားသည့် ကိစ္စရပ်များတွင် လွတ်လပ်စွာအမြင်ထုတ်ဖော်ပြောဆိုခွင့်ရှိရမည် ထပ်လောင်း ပြောဆိုခဲ့သည်။[377]

## **ထိုင်းနိုင်ငံ**

ထိုင်းနိုင်ငံတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုအား ပိတ်ပင်တားဆီးရန် တရားရုံးအား မထီမဲ့မြင် ပြုမှုဟူသော သဘောတရားအား ပိုမိုအသုံးပြုလျက်ရှိသည်။ တရားရုံအားမထီမဲ့မြင်ပြုမှု ပြစ်မှုမှာ ထိုင်းအရပ်ဘက်စီရင်ထုံးများတွင်ပါဝင်သော်လည်း မူလဆိုလိုရင်းဘောင်ကျော်လွန်လျက် တရားခွင်များ နှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသော ဖြစ်ရပ်များကိုလည်း ဦးတည်၍ အသုံးပြုလျက် ရှိသည်။ ၂၀၁၇ ခုနှစ်တွင် ကျောင်းသားအရေးတက်ကြွလှုပ်ရှားသူတစ်ဦးအား ထောက်ခံသည့်

---

[374] Ibid.

[375] The Star Online, 'AG ရှေ့နေတရားစွဲခြင်းခံရသည့်အမှုဖြစ်ရပ်- မထီမဲ့မြင်ပြုမှုနှင့် မျှတသောဝေဖန်မှုတို့အကြား ကွဲပြားမှုရှိလေသည်"', 28 February 2019, Available at: https://www.thestar.com.my/news/nation/2019/02/28/lawyer-in-ag-contempt-case-theres-a-difference-between-contempt-and-faircriticism#oezVhdPHpktmjsdK.99

[376] V Anbalagan, "တရားရုံးအား မထီမဲ့မြင်ပြုမှုဖြင့် ရှေ့နေ Arun အား ထောင်ဒဏ် ၃၀ ရက်နှင့် ဒဏ်ငွေ မလေးရှားငွေ ၄၀၀၀၀ ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့။" Free Malaysia Today, 23 April 2019, Available at: https://www.msn.com/en-my/news/national/lawyer-arunjailed-30-days-fined-rm40000-for-contempt-of-court/ar-BBWc5kD

[377] Malaysian Bar, 23 April 2019.

အနေဖြင့် Khon Kaen ခရိုင် တရားရုံးရှေ့တွင် "dabbing" အက က၍ ဓာတ်ပုံရိုက်ခဲ့သည့် ကျောင်းသားများအား တရားရုံး မထီမဲ့မြင်ပြုမှုဖြင့် တရားစွဲခဲ့ပြီး ရာဇဝတ်ခုံရုံးပရဝုဏ်အတွင်း ဖေ့စ်ဘွတ်လိုက်ဖ်ဗီဒီယိုထုတ်လွှတ်ခဲ့သည့် အတိုက်အခံနိုင်ငံရေးသမားအား မထီမဲ့မြင်ပြုမှုဖြင့် တရားစွဲခဲ့သည်။ (အောက်တွင်ကြည့်ရန်)[378]

**ထိုင်းအရပ်ဘက်စီရင်ထုံး**၏ ပုဒ်မ ၃၁ မှ ၃၃ အထိတွင် တရားရုံးမထီမဲ့မြင်ပြုမှုဆိုင်ရာ ဖော်ပြချက် ပါဝင်ပြီး ပုဒ်မ ၃၂ တွင် "ဖြစ်ရပ်အချက်အလက်များလွဲမှားစွာအနက်ကောက်မှု"၊ "ဘက်လိုက်မှု (သို့) မမှန်မကန်အစီရင်ခံမှု"၊ "မမျှတသောအမြင်မှတ်ချက်" (သို့)"တရားရုံးကျမ်းသစ္စာ ကျိုန်ဆိုမှု ချိုးဖောက်ရန် လှုံ့ဆော်မှု" စသည်တို့အပါအဝင် "အမှုစစ်ဆေးသည်မှ နောက်ဆုံး အမိန့်ချသည့်ကာအတွင်း အဆိုပါ တရားခွင်မျှတမှန်ကန်မှုကို ထိခိုက်ပျက်ပြားစေနိုင်ရန် ပြည်သူ့ သဘောထားစိတ်ခံစားချက် (သို့) တရားရုံး (သို့) မည်သည့်အဖွဲ့ (သို့) အမှုတွင်ပါဝင်သော သက်သေများအား လွှမ်းမိုးလုပ်ဆောင်ရန်ရည်ရွယ်သည့် အမြင်သဘောထား (သို့) မည်မျှသော သတင်းအချက်အလက်များပါဝင်ခဲ့ပါက" ထိုရေးသားဖော်ပြထား သည့် "သတင်းစား (သို့) ပုံနှိပ်မီဒီယာ" ၏ "စာရေးသူ၊ အယ်ဒီတာ (သို့) ထုတ်ဝေသူ" တို့အား တရားရုံး အားမထီမဲ့မြင်ပြုရာရောက်သည်။[379]

---

[378] Teeranai Charuvastra, "စဉ်ဆက်မပြတ်ချဲ့ကား အရေးယူလျက်ရှိသော တရားရုံးအားမထီမဲ့မြင်ပြုမှုဥပဒေသည် ရှေ့နေများအား စိုးရိမ်မှုဖြစ်စေသည်"', Khaosod English, 22 August 2017, Available at: http://www.khaosodenglish.com/news/crimecourtscalamity/courts/2017/08/22/contempt-court-worries-lawyers/; တက်ကြွလှုပ်ရှားသူ Pai Dao Din အား ထောက်ခံအားပေးသည့်အနေဖြင့် တက္ကသိုလ် ကျောင်းသားများဖြစ်ကြသည့် Phayu Bunsophon၊ Chatmongkon Janchiewcharn၊ Narongrit Upachan နှင့် အမည်မသိရသည့်ဥပဒေကျောင်းသားတစ်ဦးစုစုပေါင်း ၄ ဦးက ထောက်ခံအားပေးသည့်အမှုအရာပြသခဲ့သည်၊. See Teeranai Charuvastra, 'Activists Calling For Pai Dao Din's Freedom Charged With Contempt Of Court', Khaosod English, 17 March 2017, Available at: http://www.khaosodenglish.com/politics/2017/03/17/activists-callingpaidao-dins-freedom-charged-contempt-court/; အတိုက်အခံနိုင်ငံရေးသမားဖြစ်သူ Watana Muangsook သည် Pheu Thai ပါတီ၏အရေးပါအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး စီးပွားရေးဝန်ကြီးဟောင်းတစ်ဦးဖြစ်သည်။ See Bangkok Post, 'Facebook ပေါ်တွင် ဗီဒီယိုထုတ်လွှတ်မှုကြောင့် တရားစွဲခြင်းခံရသည့် Watana, 22 August 2017, Available at: https://www.bangkokpost.com/thailand/politics/1310591/facebook-lands-watana-in-contempt

[379] ထိုင်းအရပ်ဘက်စီရင်ထုံး ၏ အင်္ဂလိပ်ဘာသာပြန်ဆိုချက်, Available at: https://www.imolin.org/doc/amlid/Thailand_The%20Civil%20Procedure%20Code.pdf

ထိုပြစ်မှုအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များ (သို့) ဆုံးဖြတ်ချက်များအပေါ် ဝေဖန်ထောက်ပြမှုများအား ကန့်သတ်နိုင်ရန် တရားရုံးများမှ ဥပဒေ ထုတ်ပြန်ကာ ထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအထိ လွှမ်းခြုံအသုံးပြုခဲ့သည်။ ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေဖွင့်ဆိုမှု၊ ရှင်းလင်းမှုဆိုင်ရာ အလုပ်တာဝန်များကို ဆောင်ရွက်သော ထိုအခြေခံဥပဒဆိုင်ရာ ခုံရုံးသည် နိုင်ငံရေးအရထင်ရှားသောအမှုများကိုဆုံးဖြတ်ချက်ချမှတ်ပြီး ပြည်တွင်းရှိစောင့်ကြည့်လေ့လာ သူများက ထိုခုံရုံး၏အမှီအခိုကင်းမှုအပေါ် မကြာခဏ စောကြော လျက်ရှိသည်။[380]ထင်ရှားသောဖြစ်ရပ်မှာ ၂၀၁၉ ခုနှစ်၊ ထိုင်းနိုင်ငံအထွေထွေရွေးကောက်ပွဲမတိုင်မီ ခုံရုံးသည် ရွေးကောက်ပွဲမတိုင်မီ ရက်သတ္တပတ် အလို အတိုက်အခံပါတီကြီးတစ်ခုဖြစ်သည့် Thai Raksa Chart ပါတီအားဖျက်သိမ်းခဲ့ပြီး ၂၀၁၉ ခုနှစ်၊ မေလတွင် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပြီး ထင်ပေါ်ကျော်ကြားမှုရလျက်ရှိသူ အတိုက်အခံပါတီ ခေါင်းဆောင်ဖြစ်သူ Thanathorn Juangroongruangkit အား လွှတ်တော်အမတ်အဖြစ်မှ ရုတ်သိမ်း ခဲ့သည်။[381]

---

380 Eugénie Mérieau, "ထိုင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ထိုင်းနိုင်ငံဒီမိုကရေစီအား ကြီးမားသောခြိမ်းခြောက်မှုတရပ်ဖြစ်သည်", IACLAIDC
Blog, 3 May 2019, Available at: https://blog-iacl-aidc.org/2019-posts/2019/5/3/thethai-constitutional-court-a-major-threat-to-thai-democracynbsp; iLaw အဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၊ တရားသူကြီးစုစုပေါင်း ၉ ဦးအနက် Nakharin Mektrairat နှင့် Punya Udchachon တို့ကို လွှတ်တော်မှရွေးချယ်ခန့်အပ်ထားပြီး ၂၀၁၇ ခုနှစ်တွင် သက်တမ်း ကုန်လွန်သွားပြီးဖြစ်သော Nurak Marpraneet၊ Chut Chonlavorn၊ Boonsong Kulbupar၊ Udomsak Nitimontree နှင့် Jaran Pukditanakul ၅ ဦးအား NCPO ဥက္ကဌက အမိန့်အမှတ်၊ ၂၆/၂၀၁၇ ဖြင့် ပြန်လည်ခန့်အပ်ခဲ့ခြင်းကြောင်းဖြစ်သည်ဟု ဖော်ပြထားသည်။ See iLaw, 'The 2019 Elections, of the NCPO, by the NCPO,and for the NCPO', Available at: https://ilaw.or.th/node/5004

381 Bangkok Post, '"ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် Thai Raksa Chart ပါတီအားဖျက်သိမ်းခဲ့သည်။", 7 March 2019, Available at: https://www.bangkokpost.com/thailand/politics/1640796/constitutional-court-disbands-thai-raksachart;
Jitsiree Thongnoi,"ထိုင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသည် Future Forward ခေါင်းဆောင်ဖြစ်သူ Thanathorn Juangroongruangkit အား ဝန်ကြီးချုပ်နေရာရွေးကောက်ယှဉ်ပြိုင်မှုမပြုနိုင်ရန် ပိတ်ပင်ခဲ့သည်။", SCMP, 23 May 2019, Available at: https://www. scmp.com/news/asia/southeast-asia/article/3011554/thailands-constitutional-court-blocks-upstartpolitician;
၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်တို့တွင် Thai Rak Thai နှင့် Palang Prachachon ပါတီတို့အားလည်း အလားတူ ဖျက်သိမ်းခြင်း ခံခဲ့ရသည်။ See Thitinan Pongsudhirak, 'TRC ဆုံးဖြတ်ချက်များသည်

၂၀၁၈ ခုနှစ်မတ်လတွင် **ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးဆိုင်ရာ ဥပဒေ**ကို ပြန်ဌာန်းခဲ့ပြီး ထိုဥပဒေဖြင့် တရားရုံးသည် ၎င်း၏တရားစီရင်မှုအပေါ် "မရိုးမသား"၊ "သရော်မှုဆန်" "ရုတ်ရင်းကြမ်းတမ်း" (သို့) "ထိခိုက်နစ်နာစေမှု" စသည်တို့နှင့်စပ်လျဉ်းသည့် မည်သည့်အမြင်မှတ်ချက်ကိုမဆို ထောင်ဒဏ် ၁ လအထိ နှင့် ငွေဒဏ် ထိုင်းဘတ် ၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၆၅၂ ) အထိ အပြစ်ဒဏ်ချမှတ်နိုင်သော လုပ်ပိုင်ခွင့်အာဏာရရှိခဲ့သည်။[382] ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် တရားရုံးလုပ်ထုံးလုပ်နည်းများကို ဖြစ်စေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ၏ နည်းဥပဒေထွက်ရှိလာခဲ့ပြီး၎င်းဖြင့် "စေတနာမမှန်မကန်၊ ရုတ်ရင်းပြီးသရော်စာဆန်ဆန်၊ သွေးထိုး လှုံ့ဆော်ခြိမ်းခြောက်သော စာလုံးများဖြင့် တရားရုံး ၏ အမိန့် (သို့) စီရင်ချက်များကိုဝေဖန်မှု (သို့) တရားရုံး၏အမိန့် (သို့) စီရင်ချက်များထဲတွင် ပါရှိသည့် အချက်အလက်များ (သို့) ဥပဒေများကို ပျက်ပြားစေမှုတို့ကိုတားမြစ်ထားပြီး ဖောက်ဖျက်ခဲ့ပါက အထက်တွင်ဖော်ပြထားသည့် ပြစ်ဒဏ်ပေး နိုင်သည့် အဆိုပါဥပဒေ၊ ပုဒ်မ ၃၉ ဖြင့်တရားစွဲဆို အရေးယူနိုင် လေသည်။[383]

**Watana Muangsook ဖြစ်ရပ်**

၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် အတိုက်အခံနိုင်ငံရေးသမားနှင့် ထိုင်းနိုင်ငံစီးပွားရေးဝန်ကြီးဟောင်း တစ်ဦး ဖြစ်သူ Watana Muangsook အား တရားရုံးပရဝုဏ်အတွင်း ဖေ့စ်ဘွတ်ပေါ် တိုက်ရိုက်ထုတ်လွှတ်သည့် ဆောဲဝဲလ်တစ်ခုဖြစ်သည့် 'Facebook Live' တွင် လိုက်ဗ်ဗီဒီယိုထုတ်လွှတ်မှုကြောင့် တရားရုံးအား မထီမဲ့မြင်ပြုမှုစွဲချက်တင်ကာ ထောင်ဒဏ် ၁ လ နှင့် ငွေဒဏ်ဘတ် ၅၀၀ (အမေရိကန် ဒေါ်လာ ၁၆.၅၀ ) ချမှတ်ခဲ့သည်။[384] အရပ်ဘက်စီရင်ထုံးဥပဒေ၊

နိုင်ငံရေးအငြင်းပွားမှုများမြင့်တက်စေခဲ့သည်" , 8 March 2019,Available at: https://www.bangkokpost.com/opinion/opinion/1640868/trc-dissolution-turns-uppolitical-heat

[382] ဥပဒေတွင် တရားရုံးသည် ကျူးလွန်သူအား တရားရုံးပရဝုဏ်မှထွက်သွားရန် သတိပေးချက် (သို့) အမိန့်ထုတ်နိုင်ကြောင်း ထည့်သွင်းထားသည်။

[383] မိတ်ဖက်များနှင့် ICJ ဆက်သွယ်မှု။ မိတ်ဖက်များနှင့် ICJ ဆက်သွယ်မှု။ .

[384] Bangkok Post, 'Facebook ပေါ်တွင် ဗီဒီယိုထုတ်လွှတ်မှုကြောင့် တရားစွဲခြင်းခံရသည့် Watana", 22 August 2017, Available at: https://www.bangkokpost.com/thailand/politics/1310591/facebook-lands-watana-in-contempt

ပုဒ်မ ၃၀ နှင့် ၃၁ တို့ကိုချိုးဖောက် သည်ဟု စွဲချက်တင်ခဲ့သည်။ ထိုဗီဒီယိုအား ၎င်း၏ဖေ့စ်ဘွတ် အကောင့်ပေါ်မှ ဖျက်သိမ်းရန် အမိန့်ပေး ခြင်းခံခဲ့ရသည်။[385]

၂၀၁၇ ခုနှစ်၊ သြဂုတ်လတွင် Watana သည် ရာဇဝတ်တရားရုံးတွင် အခြားအတိုက်အခံ နိုင်ငံရေးသမား အား ထောက်ခံအားပေးသည့်အနေဖြင့် ရောက်ရှိလျက်ရှိသည့် တရားခွင်၌ စစ်ဆေးနေသော အမှုနှင့် မသက်ဆိုင်သည့် အမှုတစ်ခုအပေါ်အမြင်မှတ်ချက်ပြုနေသည့် လိုက်ဖ်ဗီဒီယိုတစ်ခုကို Facebook Live တွင် ထုတ်လွှတ်ခဲ့သည်။[386] တရားရုံးအားမထီမဲ့မြင်ပြုမှုအား အခြားသောအမှုများနှင့် ရော၍ အသရေဖျက်မှုနှင့် သွေးထိုးလှုံ့ဆော်မှုဥပဒေများဖြင့် တရားစွဲဆို အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။[387]

**Kovit Wongsurawat နှင့် Sarinee Achavanuntakul တို့၏ဖြစ်ရပ်**

၂၀၁၉ ခုနှစ်၊ သြဂုတ်လတွင် နိုင်ငံရေးသိပ္ပံဘာသာရပ်တွဲဖက်ပါမောက္ခဖြစ်သူ Kovit Wongsurawat သည် ထိုနှစ်ဇွန်လအတွင်း Twitter ပေါ် ပို့စ်ရေးတင်ခဲ့သောတစ်ခုအား "ဆီလျော်မှုမရှိ"ဟုစွပ်စွဲကာ ရှေ့နေချုပ် ရုံးသို့ လာရောက်တွေ့ဆုံရန် တရားရုံးမှဆင့်ခေါ် ခြင်းခံခဲ့ရသည်။[388] ၎င်းရေးသား ထားသော Tweet တွင် Kovit က တရားရုံးသည် လွှတ်တော်အမတ်ဖြစ်သူ Thanathorn Juangroongruangkitအား မီဒီယာတွင် ပိုင်ဆိုင်မှုရှိသောကြောင့် လွှတ်တော်အမတ်အဖြစ်မှ ပယ်ဖျက်ခဲ့သော်လည်း အလားတူ မီဒီယာလုပ်ငန်း တွင် ရှယ်ယာပါဝင် ပြုမူလျက်ရှိသော လွှတ်တော် အမတ်များစွာကို

---

[385] Ibid.

[386] Prachatai, အာဏာရှင်အားဝေဖန်သူအား တရားရုံးမထီမဲ့မြင်ပြုမှုဖြင့် ဆိုင်းငံ့ထောင်ဒဏ် ၁ နှစ်ချမှတ်ခဲ့?, 22 August 2017, Available at: https://prachatai.com/english/node/7337; iLaw, 'Case: Watana Muangsook', Available at: https://freedom.ilaw.or.th/en/case/801#progress_of_case

[387] Ibid. See also HRW, October 2019, pp. 63 to 67.

[388] Bangkok Post, 'Facebook ပေါ်တွင် ဗီဒီယိုထုတ်လွှတ်မှုကြောင့် တရားစွဲခြင်းခံရသည့် Watana", 22 August 2017, Available at: https://www.bangkokpost.com/thailand/politics/1310591/facebook-lands-watana-in-contempt

တာဝန်မှရပ်ဆိုင်းမှုမပြုဘဲ အမှုများကို ကိုင်ထားမှုအပေါ် "အရှက်မဲ့မှု သာလွန် သော"ဟု ဝေဖန်ထိုးနှက်ထားပါသည်။[389]

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် အဆိုပါတွဲဖက်ပါမောက္ခသည် တရားရုံးအားတောင်းပန်ခဲ့ပြီး အမှုများ မှာ မတူညီကြောင်း Twitter ပေါ်ရှင်းလင်းချက်ရေးမည်ဟု ကတိပေးခဲ့သည်။ ထိုနောက် တရားရုံးသည် တရားစွဲဆိုခြင်းမပြုတော့ချေ။[390]

၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် ပြင်ပပညာရှင်နှင့်နိုင်ငံရေးစာရေးဆရာဖြစ်သူ Sarinee Achavanuntakul အား ၂၀၁၉ ခုနှစ်၊မေလ ဘန်ကောက်စီးပွားရေးသတင်းစာတိုက်၏ အင်တာနက် စာမျက်နှာပေါ်တွင် တင်ပြခဲ့သည့် '"အင်အားကြီးမားသည့်တရားစီရင်မှု၏ အန္တရာယ်-အောက်လွှတ်တော်အမတ်များ၏ မီဒီယာရှယ်ယာပိုင်ဆိုင်ထားမှုဖြစ်ရပ်"ဟူသော ခေါင်းစဉ်ဖြင့် အထက်ပါအမှုကိုညွှန်းဆို၍ ဆောင်းပါး တစ်ပုဒ်ရေးသားခဲ့မှုကြောင့်တရားလွှတ်တော်ချုပ်၊ လွှတ်တော်ရေးရာဌာန၏ ဆင့်ခေါ် ခဲ့သည်။[391]

၂၀၁၉ အောက်တိုဘာလတွင် သူမသည် တောင်းပန်မှုပြုခဲ့သဖြင့် တရားရုံးမှ အမှုဆက်မစွဲတော့ချေ။[392]

ပြီးခဲ့သောနှစ်များတွင် နိုင်ငံများနှင့် ၎င်းတို့ကာကွယ်ရမည့်နိုင်ငံသားများမှ ရင်ဆိုင်ရသည့် ခေတ်ပြိုင်ခြိမ်းခြောက်မှုများကို ဖြေရှင်းရန် ဆိုက်ဘာလုံခြုံရေးရှိစေပြီး၊ အွန်လိုင်းပေါ်

[389] Ibid.

[390] Bangkok Business News, 'Kovit သည် Twitter ပေါ်ရှင်းလင်းပို့စ်ရေးသားမှုကြောင့် တရားရုံးအားမထီမဲ့မြင်ပြုမှုမှ လွတ်မြောက်ခဲ့"', 10 October 2019, Available at: https://www.bangkokbiznews.com/news/detail/850433

[391] TLHR, '"တရားလွှတ်တော်ချုပ်ရုံး၏ ရွေးကောက်ပွဲဆိုင်ရာဌာနသည် Ms. Sarinee အား တရားရုံးမထီမဲ့မြင်ပြုမှုအတွက်ဆင့်ခေါ် ခဲ့သည်" 6 September 2019, Available at: https://www.tlhr2014.com/?p=13620&lang=en; Bangkok Post, တရားရုံးသည် မီဒီယာရှယ်ယာပိုင်ဆိုင်မှုအပေါ်ဝေဖန်သူများအားအရေးယူအပြစ်ဒဏ်ပေးခဲ့သည်။"', 29 August 2019, Available at: https://www.bangkokpost.com/thailand/politics/1739051/courts-act-against-media-shareholding-critics; The article in Thai is available at: https://www.bangkokbiznews.com/blog/detail/648489

[392] မိတ်ဖက်များနှင့် ICJ ဆက်သွယ်မှု။

အမုန်းစကားများ နှင့် မှားယွင်းသောသတင်းအချက်အလက်များ ပြန့်ပွားမှုမရှိစေရန် ထိန်းချုပ်ကာ အွန်လိုင်းပေါ် ရှိ သတင်းအချက်အလက်များထိန်းညှိနိုင်စေရန် ဥပဒေအသစ်များကို ရေးဆွဲပြဋ္ဌာန်း လျက်ရှိပါသည်။ သို့သော်လည်း အဆိုပါ ဥပဒေရေးဆွဲအကောင်အထည်ဖော်မှုလုပ်ငန်းများကို ဒေသတွင်းရှိအစိုးရများသည် စေတနာမှန်မှန်ဖြင့် ဆောင်ရွက်ခြင်းမရှိသည်ကိုတွေ့ရသည်။ ဥပဒေအဟောင်းများ၏ ချို့ယွင်းချက်များကို ဥပဒေအသစ်များတွင်တွေ့ရှိရပြီး ၎င်းတို့အား လွဲမှားစွာ အကောင်အထည်ဖော်မှုများ ဆက်လက်ရှိ နေဆဲဖြစ်သည်။

ဆိုက်ဘာလုံခြုံမှုရှိစေပြီး အွန်လိုင်းသတင်းမှား ပြန့်ပွားမှုတိုက်ဖျက်ရန် ဥပဒေသစ်များကို ဒေသတွင်းနိုင်ငံများက ရေးဆွဲထုတ်ပြန်လျက်ရှိသည်။ ထိုဥပဒေများအား အကောင်အထည် ဖော်နိုင်မှု ကို လေ့လာဆန်းစစ်ရန် အချိန်မကြသေးသော်လည်း ထိုဥပဒေသစ်ပါ ပြဋ္ဌာန်းချက်သည် ဤအစီရင်ခံစာတွင် ပါရှိသည့် ဥပဒေဟောင်းများကြောင့် ပေါ်ပေါက်လာသည့် အားနည်းချက်/ ချို့ယွင်းချက် များနှင့် ဆင်တူရိုးမှားပုံစံတူသည့် အခက်အခဲကြီးကြီးမားမား ဖြစ်လာနိုင်သည်ကို ထင်ဟပ်ဖော်ပြ လျက်ရှိသည်။ လက်တွေ့တွင်မူ ယခုအသစ်ပြဋ္ဌာန်းလိုက်သည့်ဥပဒေများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုနှင့် အွန်လိုင်းသတင်းအချက်အလက်များကို ပိုမိုပိတ်ပင် တားဆီးနိုင်ရေး ဥပဒေနစ်အလွဲသုံးစားလုပ် နိုင်ရန်အတွက် လက်တွေ့သက်ရောက်မှုနယ်ပယ်ကို ချဲ့ထွင်နေခြင်းသာ ဖြစ်လေသည်။

## (ခ) အသစ်ပေါ်ပေါက်လာသော ဥပဒမှုဘောင်များ

### *၆။ အွန်လိုင်းသတင်းအချက်အလက်များကို ထိန်းချုပ်ရန် ရည်ရွယ်ထုတ်ပြန်ထားသော ဥပဒေများ*

အွန်လိုင်းကွန်ယက်နှင့် ပလက်ဖောင်းအသုံးပြုသူများကို ကာကွယ်ရေးနှင့် အွန်လိုင်း ပလက်ဖောင်းများ လုံခြုံမှုရှိစေရေးတို့အတွက် အွန်လိုင်းသတင်းအချက်အလက်ထိန်းချုပ်နိုင်ရန် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေများကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုနှင့် သတင်းအချက် အလက်များကို ပိတ်ပင်တားဆီးရာတွင် အသုံးချလျက်ရှိသည်။ မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီယားနိုင်ငံတို့ရှိ ဥပဒေများသည် အသရေဖျက်မှု၊ အကြည်ညိုပျက်စေမှု (သို့) နိုင်ငံတော်အကျိုးစီးပွား (သို့) လုံခြုံရေးအား

ထိခိုက်ပျက်စီးစေမှုစသဖြင့် စွပ်စွဲကာ သတင်းအချက် အလက်နှင့် ထုတ်ဖော်ပြောဆိုမှုများကိုဦးတည်လျက် ဤစာတမ်းရှေ့တွင် ဖော်ပြထားသည့် ဥပဒေများပါ မူဘောင်နှင့် အညီရေးဆွဲထားကြသည်။ အွန်လိုင်းသတင်း အချက်အလက်ဖြန့်ဝေမှုကို ထိန်းချုပ်သည့် ဥပဒေ၊ နည်းဥပဒေများအား အများပြည်သူ စိတ်ဝင်စားသည့် အရေးကြောင်းရာ ကိစ္စရပ်များအပေါ် သတင်းတင်ပြလျက်ရှိသည့် သတင်းထောက်များ၊ လွတ်လပ်သော မီဒီယာဌာနများနှင့် လူပုဂ္ဂိုလ်များကို ဦးတည်ထိန်းချုပ်နိုင်ရန် အလွဲသုံးစားပြုလျက်ရှိသည်။

မြန်မာ့ဆက်သွယ်ရေးဥပဒေကို ထိုဥပဒေပုဒ်မ ၃ (က)တွင် ဖော်ပြထားသည့်အတိုင်း “ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းတည်ထောင်သူ နှင့် အသုံးပြုသူများအား ကာကွယ်နိုင်ရန်” နှင့် “နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူလုံခြုံရေး ကိစ္စများအတွက် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း၊ ကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် လိုင်စင်ရယူပြီးအသုံးပြုသော ဆက်သွယ်ရေးပစ္စည်းများကိုကြီးကြပ်နိုင်ရန်” အတွက်ရေးဆွဲပြဌာန်းခဲ့ပြီး၊ ထိုင်းနိုင်ငံ၏ CCA ဥပဒေသည် “အများပြည်သူအား စိုးရိမ်းပူပန်မှုဖြစ်စေနိုင်သော သို့မဟုတ်.....နိုင်ငံတော်လုံခြုံရေး၊ အများပြည်သူဘေးကင်းမှုတို့ကိုထိခိုက်မှုဖြစ်စေလာနိုင်သော...ကွန်ပျူတာအချက်အလက်”များမှ ကာကွယ်ရန် အွန်လိုင်းနယ်ပယ်အား ထိန်းချုပ်ကာ၊ အင်ဒိုနီးရှားနိုင်ငံ၏ UU ITE ဥပဒေသည် “အင်ဒိုနီးရှား လူမှုအသိုင်းအဝိုင်းရှိ ဘာသာရေးနှင့် လူမှုယဉ်ကျေးမှု တန်ဖိုးများအပေါ် အလွဲသုံးစားပြုမှုမှ ကာကွယ်ရန်” နှင့် “အမျိုးသားအကျိုးစီးပွားနှင့်အညီ နိုင်ငံတော် စည်းလုံးညီညွတ်မှု တည်တံ့ရန်နှင့် အားကောင်း လာစေရန် သတင်းအချက်အလက် နည်းပညာများကို အသုံးပြုနိုင်ရန် ပြဌာန်းထားပါ သည်။[393] အဆိုပါဥပဒေများကို အွန်လိုင်းပေါ် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကျင့်သုံးသူများအား အသရေဖျက်မှုဖြင့် တရားစွဲဆို အသုံးချလျက်ရှိသည်။ အလားတူပင် မလေးရှားနိုင်ငံတွင်လည်း CMA ဥပဒေကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုနှင့် အွန်လိုင်းသတင်းအချက်အလက်ဖြန့်ဝေမှုတို့အား ကန့်သတ်နိုင်ရန် အကြည်ညိုပျက်စေမှုဖြင့်တရားစွဲဆိုရာတွင် အသုံးပြုလျက်ရှိသည်။[394]

[393] မြန်မာ့ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၄ (ဃ)၊ ၄ (င)၊ CCA ဥပဒေပုဒ်မ ၁၄ (ခ)၊ UU ITE ဥပဒေ၊ မိတ်ဆက်စာပိုဒ် (ဃ)၊ (စ)။

[394] See Sections III (ii), III (iii) above.

အထက်ပါဥပဒေများသည် ဒေသတွင်းရှိ ပြဋ္ဌာန်းကျင့်သုံးဆဲ ဥပဒေဟောင်းများအား အပြန်အလှန် ဖြည့်စွက်ပံ့ပိုးလျက်ရှိပုံကို အထက်ပိုင်းတွင် ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ကာ ဤအပိုင်းတွင် ယခုနှစ်အတွင်း ဒစ်ဂျစ်တယ်ခေတ်၌ ပေါ်ပေါက်လာသောပြဿနာများကို တိုက်ရိုက်ဖြေရှင်းနိုင်ရန် အရေးကြီးသော ပြဋ္ဌာန်းချက်များအား မည်သို့မည်ပုံရေးဆွဲထားသည်ကို အလေးထား တင်ပြသွားမည် ဖြစ်သည်။ လူ့အခွင့်အရေးဆိုင်ရာ ရှုထောင့်မှလည်း ၎င်းတို့အား အလွဲသုံးစားပြုမှုနှင့် အကျိုး သက်ရောက်မှုများမှာ ထပ်တူထပ်မျှရှိကြောင်း တွေ့ရသည်။

## မလေးရှားနိုင်ငံ

မလေးရှားနိုင်ငံတွင် "အင်တာနက်ဖြတ်တောက်ပိတ်ပင်မှုပြုရာတွင် မသုံးသင့်ကြောင်း" နှင့် "သတင်း အချက်အလက်လုံခြုံမှုနှင့် ကွန်ရက်စိတ်ချရမှု၊ မှန်ကန်မှုတို့ဖြစ်စေရန်" အတည်ပြုပြဋ္ဌာန်းထားသော **ဆက်သွယ်ရေးနှင့် မာလ်တီမီဒီယာအက်ဥပဒေ**ကို လက်တွေ့တွင်မူ အာဏာရအစိုးရအား ဝေဖန်သည့် အွန်လိုင်းသတင်းအချက်အလက်ပို့စ်များတင်ထားသည့် ဝက်ဘ်ဆိုက်များ ပိတ်ပင်ပြီး ကြည့်ရှုခွင့်မပေးဘဲ ရေးသားတင်ပြသူများအား တရားစွဲဆိုခြင်းအားဖြင့် အွန်လိုင်းဆင်ဆာဖြတ်တောက်မှုများပြုလုပ်ရာတွင် အသုံးချလျက်ရှိသည်။[395]

CMA ဥပဒေ၊ ပုဒ်မ ၂၃၃ နှင့် ၂၆၃(ခ) တို့ကို အွန်လိုင်းပေါ်လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုများကို ဦးတည်ကန့်သတ်ရာတွင်အသုံးချလျက်ရှိသည်။[396] ၂၀၁၆ ခုနှစ်တွင် မလေးရှား Bar အသင်းအဖွဲ့က ထိုကဲ့သို့ ဥပဒေပုဒ်မများအလွဲသုံးစားပြုမှုက "လွတ်လပ်စွာရေးသားထုတ်ဖော်ခွင့် အပေါ် ဆိုးရွားစွာ ထိခိုက်မည်ဖြစ်ပြီး… နိုင်ငံသားများအား ဆွံ့အတိတ်ဆိတ်နေရန် ခြိမ်းခြောက် သကဲ့သို့ဖြစ်ကာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ပပျောက်မှုကိုဖြစ်စေသော အကြောက်အတရား စက်ဝန်းများ

[395] ၁၉၉၈ ခုနှစ်၊ ဆက်သွယ်ရေးနှင့် မာလ်တီမီဒီယာအက်ဥပဒေ (CMA) ပုဒ်မ ၃ (ခ) (၁၀)၊ ၃ (ဂ). Available at: https:// www.unodc.org/res/cld/document/mys/communications_and_multimedia_act_html/Malaysia_Communications_and_Multimedia_Act_1998.pdf

[396] ပုဒ်မ ၁၉၊ ၁၉၉၈ ခုနှစ်၊ ဆက်သွယ်ရေးနှင့် မာလ်တီမီဒီယာအက်ဥပဒေအား လေ့လာဆန်းစစ်ချက် (၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ) ('Article 19 CMA analysis'), Available at: https://www.article19.org/data/files/medialibrary/38689/Malaysia-analysis-Final-December.pdf

ဖြစ်လာလိမ့်မည်ဟု သတိပေးပြောဆိုခဲ့ပါသည်။[397] ပုဒ်မ၂၆၃(ခ)ဖြင့် လွတ်လပ်သော မီဒီယာများအား ခြိမ်းခြောက်၊ ကြောက်လန့်စေအောင်ပြုလုပ်ရာတွင် အသုံးပြုလျက်ရှိပြီး ၂၀၁၆ တစ်နှစ်ထဲတွင်ပင် ထိုဥပဒေဖြင့် စစ်ဆေးမေးမြန်းမှု၊ ဖမ်းဆီးမှု၊ တရားဆွဲ၊ အရေးယူမှုပြုခံရသည့် အမှုပေါင်း ၃၉ ခုကျော်ရှိခဲ့သည်ဟု ဖော်ပြထားပါသည်။[398]

CMA ဥပဒေ၊ ပုဒ်မ ၂၃၃ တွင် မည်သူမဆို "ဂုဏ်သိက္ခာမဲ့၊ ညစ်ညမ်း၊ စော်ကား"သော အကြောင်းအရာများကို "အခြားသူတစ်ဦးအား ရည်ရွယ်ချက်ရှိရှိ စိတ်အနှောင့်အယှက်ဖြစ်စေရန်၊ အလွဲသုံးစားပြုရန်၊ ခြိမ်းခြောက်ရန်(သို့) စော်ကားရန်" ချိတ်ဆက်ပေးသည့် ဝန်ဆောင်မှု တစ်ခုခုမှတဆင့် ဆက်သွယ်မှုအောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ ပြန်ကြား ဆက်သွယ်ခြင်း" သို့မဟုတ် "မည်သို့သောကွန်ယက်ပစ္စည်းများ (သို့) ကွန်ယက်ဝန်ဆောင်မှုများ (သို့) ဆော့ဝဲလ်ဝန်ဆောင်မှုများ မှတဆင့် အမြင်မှတ်ချက်၊ တောင်းဆိုမှု၊ အကြံပြုမှု (သို့) အခြားဆက်သွယ်မှု တခုခုကို ပြုလုပ်၊ ဖန်တီး၊ ဆင့်ပွား၊စတင်ခဲ့သူ" မည်သူကိုမဆို ရာဇဝတ်မှုကျူးလွန်သူဟု ထည့်သွင်း ဖော်ပြထားပါသည်။ ထိုပြစ်မှု ကျူးလွန်ပါက ထောင်ဒဏ် ၁ နှစ် ဖြစ်စေ၊ ငွေဒဏ် မလေးရှားရင်းဂစ် ၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၂၁၄၄) ဖြစ်စေ၊ ၂ ရပ်လုံးဖြစ်စေ ချမှတ်နိုင်ပြီး ဆက်လက် ကျူးလွန် နေပါက တစ်နေ့လျှင် ငွေဒဏ် မလေးရှားရင်းဂစ် ၁၀၀၀ (အမေရိကန်ဒေါ်လာ ၂၄၃) ပေးဆောင်ရမည် ဖြစ်သည်။ တူညီသော အပြစ်ဒဏ်အား "ဆော့ဝဲလ်ဝန်ဆောင်မှုပေးသူများ (သို့) ဝန်ဆောင်မှု အသုံးပြုသူများတင်သည့် အကြောင်းအရာများသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား ရည်ရွယ်ချက် ရှိရှိ စိတ်အနှောင့်

---

[397] မလေးရှား Bar အဖွဲ့က မလေးရှား၏ ဆက်သွယ်ရေးနှင့် မာတီမီဒီယာအက်ဥပဒေအား အကြည်ညို ပျက်စေခြင်းဆိုင်ရာ အက်ဥပဒေကဲ့သို့ အလွဲသုံးစားပြုကျင့်သုံးလျက်ရှိသည်ဟုတောက်ပြခဲ့သည်၊ (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)၊ Available at:
https://www.malaymail.com/news/malaysia/2017/01/09/communications-and-multimedia-act-being-abused-like-sedition-act-says-malay/1288815

[398] Ibid. ၂၀၁၇ ခုနှစ်တွင် တိုင်းပြည်၏ ဆက်သွယ်ရေးနှင့် မာတီမီဒီယာကဏ္ဍဆိုင်ရာ အာဏာပိုင်အဖွဲ့တစ်ခုဖြစ်သည့် မလေးရှားနိုင်ငံဆက်သွယ်ရေးနှင့် မာတီမီဒီယာကော်မရှင် (MCMC) သည် တစ်နှစ်ထဲတွင်ပင် ပုဒ်မ ၂၃၃ ဖြင့် အမှုပေါင်း ၁၄၆ အားစုံးစမ်းဖော်ထုတ်ခဲ့ပြီး အစီရင်ခံစာ ၅၆ ခုထုတ်ပြန်ခဲ့သည်။ ၎င်းအမှုများအနက် နိုင်ငံရေးကြောင့် တရားစွဲရသော အမှုပေါင်းမည်မျှပါဝင်ကြောင်းမရှင်းလင်းပေ။ See Bernama,'" ဒုတိယဝန်ကြီး- MCMC သည် ဆက်သွယ်ရေးနှင့်မာလ်တီမီဒီယာအက်ဥပဒေဖြင့် အမှုပေါင်း ၂၆၉ ခုဖွင့်အရေးယူးခဲ့သည်။"', Malay Mail,6 November 2017, Available at: https://www.malaymail.com/news/malaysia/2017/11/06/deputyminister-mcmc-probed-269-cases-under-communications-and-multimedia-a/1503811

အသုံးပြုနိုင်ခွင့်မရှိစေရန်၊ အလွဲသုံးစားပြုရန်၊ ခြိမ်းခြောက်ရန်(သို့) စော်ကားရန်အတွက် ဂုဏ်သိက္ခာမဲ့၊ ညစ်ညမ်း၊ စော်ကားအမှုအရာဖြင့် တင်သောအကြောင်းအရာများကို ကန့်သတ် ပိတ်ပင်ထားသည့် ပုဒ်မ ၂၁၁ ကို ဖောက်ဖျက်ပါကလည်း ခံစားရနိုင်ပါသည်။[399]

CMA ဥပဒေ၊ ရှိ "အမျိုးသားအကျိုးစီးပွားရေးရာကိစ္စရပ်များ" ဟူသောခေါင်းစဉ်အောက်ရှိ ပုဒ်မ ၂၆၃ (၁) တွင် "ခွင့်ပြုချက်လိုင်စင်အားလုံးသည် MCMC (သို့) အခြားသောအာဏာပိုင် အဖွဲ့များ တောင်းဆိုချက်နှင့်အညီကော်မရှင်နှင့် အခြားသောအာဏာပိုင်အဖွဲ့များအား "နိုင်ငံတော်လုံခြုံရေး တည်တံ့စေရန်...အပါအဝင်" မလေးရှားနိုင်ငံပြည်တွင်းဥပဒေများပါ "ပြစ်မှုတစုံတရာကျူးလွန်မှု (သို့) ကျူးလွန်ရန်ကြိုးပမ်းမှုတို့ကိုကာကွယ်ရာတွင် ကူညီပံ့ပိုးပေးရမည်"ဟုဖော်ပြထားပါသည်။[400]

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ဆက်သွယ်ရေးနှင့်မာတီမီဒီယာဝန်ကြီးက အစိုးရအနေဖြင့် "နိုင်ငံရေးအရတရားစွဲဆိုမှုမရှိစေရန်နှင့် ဘက်စုံမီဒီယာကဏ္ဍအားမျှတစွာထိန်းချုပ်နိုင်ရန် နှင့် တရား မျှတမှုရှိစေရန်၊ အလွဲသုံးစားပြုမှုကင်းစေရန်" ပုဒ်မ ၂၁၁ နှင့် ၂၃၃ တို့ကို ပြင်ဆင်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။[401] ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် MCMC သည် အများပြည်သူအနေဖြင့် "လူမျိုး၊ ဘာသာ၊ သစ္စာစောင့်သိမှု" နှင့်စပ်လျဉ်းသည့် "အဆိုးမြင်များ (သို့) ဆီလျော်မှုမရှိသည့်" လူမှုမီဒီယာပေါ် ရေးသားဖော်ပြချက်များ၏ မှတ်တမ်းရိုက်ယူ (စကရင်ရှော့ရယူ)ပြီး ၎င်းတို့ထံ ပေးပို့နိုင်ရန် WhatsApp ဟော့လိုင်းနံပါတ်တခု သတ်မှတ်ခဲ့သည်။ နောက်ပိုင်းတွင် ဤနည်းလမ်းသည် ရေတိုကာလတွင် အွန်လိုင်းပေါ်အမုန်းစကားများပြန့်ပွားမှုမှ ကာကွယ်ရာတွင် ထိရောက်နိုင်သော်လည်း အွန်လိုင်းပေါ် ထုတ်ဖော်ရေးသားပြောဆိုမှုများအား အစိုးရမှသာမက ပြည်သူများကပါ ထိန်းချုပ်မှုများ ဖြစ်ပေါ်လာနိုင်သည်ဟု ဝေဖန်သံများ ထွက်လာခဲ့သည်။[402]

---

[399] CMA, ပုဒ်မ ၂၁၁၊ ၂၃၃။

[400] CMA, ပုဒ်မ ၂၆၃ (၁)။

[401] Bernama, "Gobindပြင်ဆင်ရန်လိုသော ဆက်သွယ်ရေးနှင့် မာလ်တီမီဒီယာအက်ဥပဒေ"', The Star Online, 4 September 2018, Available at: https://www.thestar.com.my/news/nation/2018/09/04/gobindcommunications-and-multimedia-act-to-be-amended/

[402] Shazwan Mustafa Kamal, '"ကျွန်ုပ်တို့ရဲ့ဒီမိုကရေစီအခွင့်အရေးကဘယ်မှာလဲ၊ MCMC ထောင်လိုက်သော တိုင်ကြားမှုပြုနိုင်သည့် ဟော့လိုင်းကိစ္စကိုကြည့်ခြင်းဖြင့် ကျွန်ုပ်တို့ ထိန်းချုပ်ဖို့လိုကြောင်းသိနိုင်တယ်လို့

ထိုသို့ဟော့လိုင်းနံပါတ် သတ်မှတ်၍ ပြည်တွင်းရှိ ဆိုက်ဘာရပ်ဝန်းအား တိုး၍ထိန်းချုပ်စောင့်ကြည့်လာမှုသည် အွန်လိုင်းပေါ် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုမှုအား ထိခိုက်ပျက်ပြားစေကြောင်း စောကြောမှုများ ထွက်ပေါ်လာခဲ့သည်။[403]

**Khalid Mohd Ismath ဖြစ်ရပ်**

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ နှင့် အတိုက်အခံပါတီ အဖွဲ့ဝင်တစ်ဦးဖြစ်သူ **Khalid Mohd Ismath** အား Johor ပြည်နယ်တော်ဝင်မိသားစုအား "စော်ကား" မှုမြောက်သည့် သတင်းအချက်အလက်များကို လူမှုမီဒီယာပေါ်တွင်တင်ခဲ့ခြင်းကြောင့် နိုင်ငံတော် အကြည်ညိုပျက်စေမှုအက်ဥပဒဖြင့် စွဲချက် ၃ ခု ၊ CMA ဥပဒေပုဒ်မ ၂၃၃ ဖြင့် ၁၁ ခု တို့ဖြင့် တရားစွဲခဲ့သည်။ ၎င်းရေးသားထားသောပို့စ်များအနက်တစ်ခုမှာ ပြည်နယ်အတွင်းရှိ မလေးရှား ရဲများ၏ အာဏာအလွဲ သုံးစားပြုမှုကိုဝေဖန်ထားခြင်းဖြစ်သည်။[404]

Isamth အား ဖမ်းဆီးခဲ့ပြီး နိုင်ငံတော်အကြည်ညိုပျက်စေမှုအက်ဥပဒေဖြင့် ထိန်းသိမ်းကာလတိုးမြှင့် ခဲ့သည်။ ၂၂ ရက်ကြာထိန်းသိမ်းခံရပြီးနောက် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ခံဝန်ကတိဖြင့် လွတ်မြောက် လာခဲ့လေသည်။[405]

---

လွှတ်တော်အမတ်ဖြစ်သူ Ummo ကပြောကြားထား:", Malay Mail, 18 August 2019, Available at: https://www.malaymail.com/news/malaysia/2019/08/18/where-is-our-democracy-mcmc-complaint-hotline-means-westill-need-policing/1781742

[403] မလေးရှားရဲတပ်ဖွဲ့က ၎င်းတို့တပ်ဖွဲ့အနေဖြင့် လူမှုမီဒီယာအား စဉ်ဆက်မပြတ်စောင့်ကြည့်လျက်ရှိကြောင်း ထုတ်ပြောထားသည်။ See Malay Mail,' "ရဲများသည် Sungai Besi လမ်းပေါ်အကြမ်းဖက်မှုမြင်ခဲ့သည်ဟု ထွက်ဆိုကာ လူမှုမီဒီယာများအပေါ်ရေးသားသူများဖိနှိပ်လျက်ရှိသည်" ', 13 August 2019, Available at: https://www.malaymail.com/news/malaysia/2019/08/13/ cops-tracking-down-social-media-users-who-claimed-to-have-witnessed-sungai/1780335; Syed Jaymal Zahiid, 'IGP: ငါ့အားဖယ်ရှားပါ၊ ရဲပေါင်း ၁၂၆၀၀၀ က Twitter မှာစောင့်ကြည့်နေပါလိမ့်မယ်"', Malay Mail, 25 March 2015, Available at: https://www.malaymail.com/news/malaysia/2015/03/25/igp-get-rid-of-meand-126000-cops-will-watch-twitter/866283

[404] Frontline Defenders, 'Khalid Mohd Ismath', Available at: https://www.frontlinedefenders.org/en/case/case-history-khalid-mohd-ismath; See also Article 19 CMA analysis, p5.

[405] Ibid.; The Malaysian Insider, "တရားရုံးသည် တက်ကြွလှုပ်ရှားသူ Khalid ကြားကာလတွင် ခံဝန်ဖြင့် လွတ်ပေးခဲ့သည်', HAKAM,

အလားတူဖြစ်ရပ်တစ်ခုတွင်-

၂၀၁၆ ခုနှစ်၊ ဇွန်လတွင် အသက် ၁၉ နှစ်ရှိသူ ဆောက်လုပ်ရေးလုပ်သားဖြစ်သူ **Muhammad Amirul Azwan Mohd Shakri** အား Johor တော်ဝင်မိသားစုဝင်အား စော်ကားမှုအတွက် CMA ဥပဒေ၊ ပုဒ်မ ၂၃၃ နှင့်အညီ စွဲချက် ၁၄ ဖြင့်တရားစွဲခံခဲ့ရပြီး အသနားခံလျှောက်ခဲ့ရာ ထောင်ဒဏ် ၁ နှစ်ချမှတ်ခဲ့သည်။ Shakri ၏ အပြစ်ဒဏ်အား ထောင်ဒဏ် ၁ နှစ်အစား ပြုပြင်ပြောင်းလဲရေး ကျောင်းတွင် ၂ နှစ်သို့ ပြောင်းလဲ ချမှတ် ခဲ့သည်။[406]

**Fahmi Reza ဖြစ်ရပ်**

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သရော်စာအနုပညာရှင်နှင့် ရုပ်ရှင်ဖန်တီးသူဖြစ်သူ **Fahmi Reza** အား "စော်ကား"မှုဖြစ်စေသော ဓာတ်ပုံကို ၂၀၁၆ ခုနှစ်၊ဖေဖော်ဝါရီလအတွင်း ၎င်း၏ ဖေ့စ်ဘွတ် အကောင့်တွင် တင်ခဲ့ခြင်းကြောင့် Ipoh တရားရုံးမှ CMA ပုဒ်မ ၂၃၃ ကိုဖောက်ဖျက်ကျူးလွန်၍ ပြစ်မှုထင်ရှားကြောင်း တွေ့ရသဖြင့် ထောင်ဒဏ် ၁ လနှင့် ငွေဒဏ် ရင်းဂစ် ၃၀၀၀၀ (အမေရိကန် ဒေါ်လာ ၇၂၈၁ ခန့်) အပြစ်ဒဏ် ချမှတ်ခဲ့သည်။ ဓာတ်ပုံမှာ ထိုစဉ်ကဝန်ကြီးချုပ်ဖြစ်သူ Najib Razak အား လူရွှင်တော်အဖြစ် MCMC လိုဂိုအမှတ်တံဆိပ်နှင့်အတူ ရေးဆွဲထားသည့် ပန်းချီကား ဖြစ်သည်။[407]

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် Ipoh တရားရုံးမှ Reza ၏အပြစ်ဒဏ်အား ငွေဒဏ် ရင်းဂစ် ၁၀၀၀၀ (အမေရိကန် ဒေါ်လာ ၂၄၂၇ ခန့်) နှင့် ထောင်ဒဏ် ၁ လအဖြစ်သို့လျှော့ချခဲ့သည်။ Reza က ပြစ်ဒဏ်

---

29 October 2015, Available at: https://hakam.org.my/wp/2015/10/29/court-allows-activist-khalidinterim-bail-but-with-conditions/

[406] CMA ဥပဒေပုဒ်မ ၁၉ လေ့လာဆန်းစစ်ချက်၊ စာမျက်နှာ ၅၊ ဖေ့စ်ဘွတ်ပေါ်မလေးရှားတော်ဝင်မိသားစုအား စော်ကားမှုပြုခဲ့သည့် ဆယ်ကျော်သက် တစ်ဦး Gabriel Samuels အား ထောင်သွင်းအကျဉ်းချ၊ The Independent, 8 June 2016, Available at: https://www.independent.co.uk/news/world/asia/teenager-jailed-for-insulting-malaysian-royal-family-on-facebook-a7070436.htm

109. ရှေ့တန်းမှကာကွယ်သူများ, 'Fahmi Reza', Available at: https://www.frontlinedefenders.org/en/case/fahmi-reza-sentenced-prison-and-fined

နှင့်စပ်လျဉ်း၍ အယူခံလျှောက်ထားခဲ့သည်။[408] ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် မလေးရှားအယူခံခုံရုံးက အယူခံလျှောက်ထားမှုကိုပယ်ချခဲ့ပြီး အပြစ်ဒဏ်မှတ်ခဲ့သည်။[409]

အလားတူဖြစ်ရပ်

၂၀၁၆ ခုနှစ်၊ ဇွန်လတွင် အသက် ၇၅ နှစ်အရွယ်အဘိုးအိုတစ်ဦးအား မလေးရှားဝန်ကြီးချုပ်ဖြစ်သူ Najib Razak စော်ကားမှုမြောက်သည့် ဓာတ်ပုံတစ်ခုကို ၎င်းက WhatsApp ဂရုတစ်ခုတွင် တင်ခဲ့ခြင်းကြောင့် ထောင် ၃ ရက်အကျဉ်းကျခံခဲ့ရသည်။[410]

**Sarawak Report, Medium နှင့် The Malaysian Insider တို့၏ဖြစ်ရပ်**

၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် MCMC သည် လွတ်လပ်သည့်သတင်းဘလော့ဘ်ဖြစ်သော **Sarawak Report** အား ဝန်ကြီးချုပ် Najib Razak နှင့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုအဖွဲ့ 'မလေးရှားဖွံ့ဖြိုးမှု Berhad' (1MDB) (ထိုအဖွဲ့ထဲတွင် ဝန်ကြီးချုပ်သည်ပင်တိုင်ရှယ်ယာကိုင်ဆောင်ထားသော) တို့၏ ပူးတွဲ အကျင့်ပျက်ခြစားမှု ဖြစ်ရပ်ဆိုင်ရာ သက်သေများပါဝင်သည့် သတင်းအချက်အလက်များကို အွန်လိုင်းပေါ်တင်ခဲ့ခြင်းကြောင့် အင်တာနက်မှပိတ်ပင်တားမြစ်ခဲ့သည်။ Sarawak Report ၏

408 Ibid.

409 Ibid.

410 "Pa Ya" အမည်ဖြင့် WhatApps အသုံးပြုသူသည် ခံဝန်ဖြင့်လွတ်မြောက်ခဲ့သည်။ ခရိုင်တရားရုံးမှ ၎င်းသည် အသက်ကြီးပြီးကျန်းမာရေးမကောင်းမွန်သဖြင့် ရဲ၏အချုပ်ကာလတိုးမြှင့်ရန်တောင်းဆိုချက်ပယ်ချခဲ့ခြင်းကြောင်း လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။ See Gabriel Samuels, 'Malaysian pensioner arrested for 'insulting prime minister Najib Razak on Whatsapp'', The Independent, 7 July 2016, Available at:https://www.independent.co.uk/ news/world/asia/malaysia-prime-minister-whatsapp-photo-insultpensioner-arrested-a7124476.html; released "WhatsApp ပေါ်ရေးသားမှုကြောင့် Najib အား စွပ်စွဲမှုဖြင့် တရားစွဲခံရသူ အသက် ၇၆ နှစ်ရှိသူ Yee Xiang Yun ပြန်လွတ်မြောက်လာခဲ့။" ', The Star Online, 6 July 2016, Available at: https://www.thestar.com.my/news/nation/2016/07/06/author-who-allegedly-insulted-najib-released/

ထုတ်ဝေချက်တွင် ဝန်ကြီးချုပ်သည် 1MDB မှရန်ပုံငွေများကို အလွဲသုံးစားပြုခဲ့သည်ဟု ဖော်ပြခဲ့သည်။[411]

ထိုသတင်းဘလော့ပို့စ်အား CMA ၏ ပုဒ်မ ၂၁၁ နှင့် ၂၃၃ တို့နှင့် ညှိစွန်းသည်ဟုဆိုကာ ပိတ်ချခဲ့သည်။

၂၀၁၅ ခုနှစ်၊ သြဂုတ်လတွင် မလေးရှားအာဏာပိုင်များသည် 'Sarawak Report' အား တည်ထောင်သူ/ အယ်ဒီတာဖြစ်သူ **Clare Rewcastle Brown** အား "ပါလီမန်ဒီမိုကရေစီအား ထိပါးနှောင့်ယှက် လုပ်ဆောင်မှု"၊ " သတင်းအချက်အလက်အတုများဖန်တီးဖြန့်ဝေမှု" နှင့် "ရာဇဝတ် သားများမှပေါက်ကြားပြီး" သတင်းပစ္စည်းများလက်ဝယ်ထားရှိမှုတို့ဖြင့် ဖမ်းဝရမ်းထုတ်ခဲ့သည်။[412] Sarawak Report အား ပိတ်ချပြီးနောက် MCMC သည် မည်သူမဆို 1MDB အရှုပ်တော်ပုံနှင့် ပတ်သက်ပြီး မမှန်ကန်သော သတင်းများဖြန့်ဝေနေခြင်းသည် ပုဒ်မ ၂၁၁ နှင့် ၂၃၃ တို့ကိုချိုးဖောက် နေခြင်းဖြစ်ကြောင်း အများပြည်သူအား သတိပေးချက်ထုတ်ပြန်ခဲ့သည်။[413]

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် **Medium** ဘလော့ဘ်အား နိုင်ငံပိုင် Telekom အပါအဝင် အင်တာနက် ဝန်ဆောင်မှုတည်ထောင်သူများက ပိတ်ချခဲ့ပါသည်။ ထိုမတိုင်မီ ရက်သတ္တပတ်အတွင်း MCMC သည် ၎င်းဘလော့ဘ်ပိုင်ရှင် (Medium) အား "Sarawak Report" အဖွဲ့ရေးသားထားသည့် ဆောင်းပါးကို ဘလော့ဘ်မှ ဖြုတ်ချပေးရန်တောင်းဆိုခဲ့သော်လည်း Medium မှငြင်းပယ်ခဲ့သည်။[414]

---

[411] မလေးရှားနိုင်ငံအစိုးရထံပေးအပ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာစုစည်းသင်းဖွဲ့ခွင့်ဆိုင်ရာ ကုလသမဂ္ဂလအထူးကိုယ်စားလှယ်၏စာ အမှတ် MYS 3/2015 ၊ 18 August 2015, Available at: https://spcommreports.ohchr.org/TMResultsBase/DownLoadPublicCommunicationFile?gId=20955

[412] Ibid.

[413] Hanis Zainal, Marina သည် 1 MDB ရန်ပုံငွေကိစ္စရပ်နှင့်ပတ်သက်ပြီးလူမှုမီဒီယာများပေါ်ရေးသားနေသူများအား MCMC ၏ သတိပေးတားမြစ်မှုကို ဝေဖန်ခဲ့သည်", The Star Online, 9 July 2015, Available at: https://www.thestar.com.my/news/nation/2015/07/09/marina-mcmcsocial-media/

[414] Medium Legal, 'The Post Stays Up', Medium, 27 January 2016, Available at: https://blog.medium.com/the-post-stays-up-d222e34cb7e7#.5v2jvdhuf; Judith Baleaၤ "မလေးရှားနိုင်ငံတွင်ပိတ်ပင်ခြင်းခံရသော်လည်း Medium အဖွဲ့သည် ဆာရာဝက်အစီရင်ခံစာ (Sarawk Report)

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် MCMC သည် လွတ်လပ်သောသတင်းပေါ်တယ်တစ်ခုဖြစ်သည့် '**The Malaysian Insider**' (TMI) အား CMA ဥပဒ၊ ပုဒ်မ ၂၃၃ နှင့် ၂၆၃ (ခ)တို့ကိုချိုးဖောက်သဖြင့် အပြီးတိုင် ဖြုတ်ချရန်ဆုံးဖြတ်ခဲ့သည်။ TMI ၏ အစီရင်ခံစာများတွင် မလေးရှားအကျင့်ပျက်ခြစားမှု တိုက်ဖျက် ရေး ကော်မရှင်း (MACC) ၏တရားဝင်ထုတ်ပြန်ချက်များနှင့်ကွဲလွဲလျက် ဝန်ကြီးချုပ် Najib Razak ၏ လာဘ်စားမှုများအပေါ် မှတ်ချက်ပြုထားသည့် ထိုကော်မရှင်၏ အကြံပေးအဖွဲ့မှ အမည်မသိ လျှို့ဝှက်စွာ ရရှိသောမှတ်ချက်များကို ထည့်သွင်းထားခြင်းကြောင့် ဤကဲ့သို့ ဆုံးဖြတ်ချက်ချရခြင်း ဖြစ်သည်။[415]

## ဖိလစ်ပိုင်နိုင်ငံ

ဖိလစ်ပိုင်နိုင်ငံတွင် ရှေ့တွင်ဖော်ပြထားခဲ့သော အသရေဖျက်ပြောဆိုမှု (သို့) ရေးသားမှုနှင့် နိုင်ငံတော်အကြည်ညိုပျက်စေမှုနှင့် စပ်လျဉ်းသည့် ပြစ်မှုများကို ကွန်ပျူတာစနစ်မှန်ကန်မှု၊ ကွန်ပျူတာ နှင့်ဆက်သွယ်ရေးစနစ်များ၊ ကွန်ရက်များ၊ အချက်အလက်အစုများ နှင့် ၎င်းတို့အထဲ သိမ်းဆည်း ထားသည့်သတင်းအချက်အလက်များနှင့် ကိန်းဂဏန်းများ၏ စစ်မှန်မှု၊ လုံခြုံစိတ်ချရမှု၊ အလွယ်တကူ ရယူနိုင်မှုတို့ကို အလွဲသုံးစားပြုခြင်း၊ လွဲမှားစွာအသုံးပြုခြင်း နှင့် တရားမဝင်ရယူခြင်း တို့မှ ပြစ်မှု ပြစ်ဒဏ်များချမှတ်၍ ကာကွယ်နိုင်ရေး ပြဋ္ဌာန်းအတည်ပြုထားသည့် **ဆိုက်ဘာရာဇဝတ်မှု ကာကွယ်တားဆီးရေး အက်ဥပဒေ ('CPA')** (CPA)တွင်ပါ ထည့်သွင်း၍ အွန်လိုင်းထုတ်ဖော်ပြောဆိုမှုများကိုပါ အရေးယူ ဆောင်ရွက်လျက်ရှိသည်။[416]

---

အားဖော်ပြဆဲဖြစ်သည်" Tech in Asia, 27 January 2016, Available at: https://www.techinasia.com/medium-stands-sarawak-report-blocked-malaysia

[415] Steven Thiru, 'ဆက်သွယ်ရေးနှင့် မာတီမီဒီယာအက်ဥပဒေအလွဲသုံးစားလုပ်မှုအား ရပ်တန့်ရမည်ဖြစ်သည်"၊ Malaysia Kini, 1 March 2016, Available at: https://www.malaysiakini.com/news/332239; Aizyl Azlee "ဝန်ကြီးက MACC panel နှင့်စပ်လျဉ်းသည့် အငြင်းပွားဖွယ်အစီရင်ခံစာကြောင့် TMI အားပိတ်ပင်တားမြစ်ရခြင်းဖြစ်သည်ဟုဖြေရှင်းခဲ့သည်"၊ Malay Mail, 26 February 2016, Available at: https://www.malaymail.com/news/malaysia/2016/02/26/minister-justifies-tmi-blocksays-due-to-contradictory-report-on-macc-panel/1068543

[416] CPAပါပုဒ်မ ၂။

CPA ဥပဒေ၊ ပုဒ်မ ၄ ပါ "အပြစ်ပေးနိုင်သောလုပ်ရပ်များ"အောက်တွင် "တရားမဝင် ခိုးဝင်ရယူမှု"၊ "မှောင်ခိုကြားဖြတ်ရယူမှု"၊ "အချက်အလက်နှင့် စနစ်များအားနှောင့်ယှက်မှု"၊ "ကိရိယာ ပစ္စည်းများ အလွဲသုံးစားပြုမှု"၊ "ဆိုက်ဘာအမြတ်ထုတ်မှု"၊ "ကွန်ပျူတာနှင့်စပ်လျဉ်းသည့် အတုအပ ပြုလုပ်မှု၊ လိမ်လည်မှု နှင့် အမှတ်လက္ခဏာခိုးယူမှု"၊ "ဆိုက်ဘာလိင်အမြတ်ထုတ်မှု"နှင့် "ကလေးသူငယ်လိင် အမြတ်ထုတ်မှု" စသည်တို့ပြစ်မှုအဖြစ် သတ်မှတ်ထားပါသည်။ သို့သော်လည်း အထက်ပါရည်ရွယ်ချက်နှင့်အကျုံးဝင်သည့် ရာဇဝတ်မှုမြောက်လုပ်ရပ်များ၏ နယ်ပယ်ဘောင်ကို ဆိုင်ဘာကိစ္စရပ်များပြင်ပအထိ အခြားကိစ္စရပ်များ အတွက်ပါ သက်မှတ်ထားလေသည်။[417] CPA ဥပဒေပုဒ်မ ၆ နှင့် ၇ တို့တွင် "ပြင်ဆင်ထားသော ရာဇသတ်ကြီးဥပဒေနှင့် အခြားအထူးဥပဒေများမှ သတ်မှတ်ထားသော ရာဇဝတ်မှုများအားလုံး"သည် "သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကိုသုံး၍ ကျူးလွန်ဖော်ဆောင်ခဲ့ပါက" CPA ဥပဒေနှင့် အကျုံးဝင်နိုင်ပြီး အဆိုပါ ရာဇဝတ်မှုများအား အွန်လိုင်းပေါ်မှကျူးလွန်ခဲ့လျှင် "ရာဇသတ်ကြီး ဥပဒေနှင့် အထူးဥပဒေများတွင် သတ်မှတ်ထားသည်ထက် တစ်ဆင့်မြှင်ကာ" အပြစ်ဒဏ်ကို CPA ဥပဒေဖြင့်တိုးမြှင့်နိုင်ပါသည်ဟု ဖော်ပြထားပါသည်။[418]

CPA ဥပဒေတွင် ပါဝင်သည့် "ဆိုက်ဘာအသရေဖျက်မှု"ဟူသော ရာဇဝတ်မှုသည် သတင်း အချက်အလက် နှင့် ကိန်းဂဏန်းများလုံခြုံစိတ်ချမှု၊ မှန်ကန်မှုနှင့် ရယူနိုင်မှုအား ကာကွယ်နိုင်ရန် ရည်ရွယ် ထုတ်ပြန်ထားသည့် ဥပဒေအား ပုဒ်မ ၄ ပါ ဆိုက်ဘာနှင့် စပ်လျဉ်းသည့် ရာဇဝတ်မှုများ ပြင်ပ အခြားလုပ်ရပ်များကို ရာဇဝတ်မှုအဖြစ် သတ်မှတ်အကောင်အထည်ဖော်လျက်ရှိပုံကို ထင်ရှားစွာ ဖော်ပြသည့် ဥပမာတစ်ရပ်ပင်ဖြစ်သည်။ "ပြင်ဆင်ထားသည့်ရာဇသတ်ကြီးဥပဒေ၊ ပုဒ်မ ၃၅၅ တွင် ဖော်ပြထားသကဲ့သို့" "ကွန်ပျူတာစနစ်မှ တဆင့်ဖြစ်စေ၊ အနာဂတ်တွင်

417 CPA၊ ပုဒ်မ ၄(က)၊ (ခ)၊ (ဂ) ၁၊ (ဂ)၂။ ၂၀၁၄ ခုနှစ်တွင် တရားလွှတ်တော်ချုပ်သည် (တောင်းဆိုခြင်းမရှိသောကြော်ငြာများ ပေးပို့ဖြန့်ဝေပါက ရာဇဝတ်မှုမြောက်သော) ပုဒ်မ-၄(ဂ) ၃၊ (တဆင့်ခံအချက်အလက်များအား အချိန်နှင့်တပြေးညီ ရယူသိမ်းဆည်းမှု ခွင့်ပြုသော) ပုဒ်မ ၁၂ နှင့် (တရားရေးဦးစီးဌာနအား အများပြည်သူ၏ အချက်အလက်ရယူခွင့်ကို ပိတ်ဆို့ခွင့်ပြုထားသော) ပုဒ်မ ၁၉ စသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မကိုက်ညီသည့်ပုဒ်မများကို ထုတ်ပြန်ကြေညာခဲ့သည်။See ICJ,'Supreme Court Decision re. Cybercrime Prevention Act of 2012', 21 February 2014, Available at: https://www.icj.org/se-asia-security-law/supreme-court-decision-re-cybercrime-prevention-actof-2012/

418 CPA ဥပဒေ၊ ပုဒ်မ ၆၊ ၇။

ပေါ်ပေါက်လာမည့် အလားတူပစ္စည်း ကိရိယာများမှတဆင့်ဖြစ်စေကျူးလွန်မှု" များအားလုံးကို ထိုအက်ဥပဒေပုဒ် ၄ (ဂ)၊ ၄ ဖြင့် အွန်လိုင်း ဆိုက်ဘာအသရေဖျက်မှုအဖြစ် တိုးချဲ့ သတ်မှတ်ထားသည်။ ထိုသို့ပြစ်မှုကျူးလွန်ခြင်း အတွက် ပေးဆပ် ခံစားရမည့် အပြစ်ဒဏ်အားလည်း တိုးချဲ့ထားသည်။

၂၀၁၄ ခုနှစ်တွင် ဖိလစ်ပိုင်တရားလွှတ်တော်ချုပ်မှ ထိုပုဒ်မ ၄ (ဂ)၊ ၄ အား အတည်ပြုခဲ့သည်။ အိုင်စီဂျေ (ICJ)နှင့် အခြားသောအဖွဲ့အစည်းများက ထိုပြဌာန်းချက်သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှု အား တရားမဝင်ပိတ်ပင်ကန့်သတ်မှုဖြစ်စေမည်ဟု တရားဝင်ထုတ်ပြန် ကြေညာခဲ့သည်။[419] ထို့အပြင် ထို CPA ဥပဒေသည် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိရုံသာမက ICCPR တွင် ပါဝင်သည့် ဖိလစ်ပိုင်၏နိုင်ငံတကာကတိကဝတ်များနှင့်လည်း ဆန့်ကျင်မှုရှိကြောင်း၊ ထိုဥပဒေ အတည်ပြု ပြဌာန်းခြင်းသည် လွတ်လပ်စွာထုတ်ဖော်ပြဆိုမှု ပပျောက်ဆုံးရှုံးနိုင်ချေရှိကြောင်း ထုတ်ပြန်ခဲ့သည်။[420]

ထိုဥပဒေအား အာဏာရအစိုးရအား ဆန့်ကျင်ဝေဖန်ရေးသားထုတ်ဖော်ပြောဆိုလျက်ရှိ သူများ အား ဦးတည်ပိတ်ပင်နိုင်ရန် တာဝန်ရှိသောအဖွဲ့အစည်းများမှ ကျယ်ပြန့်စွာ အကောင်အထည် ဖော်လျက်ရှိသည်။ ဒုသမ္မတ Leni Robredo နှင့် ကျန် ၃၅ ဦးအမှုတွင်ထိုဥပဒေဖြင့် နိုင်ငံရေး သမားများနှင့် ရှေ့နေများအား ပြင်ဆင်ထားသည့်ရာဇသတ်ကြီးဥပဒေနှင့်အညီ အသရေဖျက်မှုနှင့် "အကြည်ညိုပျက် စေရန်လှုံ့ဆော်မှု"တို့နှင့်သာမက "ဆိုက်ဘာအသရေဖျက်မှု"ဟု သီးသန့်ပြစ်မှု တပ်ကာ တရားဆွဲခဲ့ပြီး ထိုစွဲချက် ၂ ခုလုံးအတွက် အပြစ်ဒဏ်ကိုတိုးမြှင့်ချမှတ်ခဲ့သည်။[421] အောက်တွင်

[419] ICJ, 'ဖိလစ်ပိုင်-တရားလွှတ်တော်ချုပ်ဆုံးဖြတ်ချက်သည် လွတ်လပ်စွာထုတ်ဖော်ရေးသားပြောဆိုမှုအားအဟန့်အတား ပိတ်ဆို့မှုဖြစ်စေမည်"၊ 19 February 2014 ('ICJ, 19 February 2014') Available at: https://www.icj.org/philippines-supreme-court-decisionmay-stifle-freedom-of-expression/; ဖိလစ်ပိုင်နိုင်ငံ၏ သတင်းထောက်များအသင်း၊ UP ဥပဒေ ကော်လိပ်၏ အင်တာနက်နှင့်လူမှုအသိုင်းအဝိုင်းအစီအစဉ် နှင့် အမျိုးသားစာနယ်ဇင်းအသင်းတို့သည် ပုဒ်မ ၄(ဂ) (၄) တို့သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အားချိုးဖောက်ရာရောက်သည်ဟု အသနားခံစာတင်ခဲ့သည်။

[420] ICJ, 19 February 2014.

[421] See Section III (iii).

ဆွေးနွေးထားသကဲ့သို့ ထို CPA ဥပဒေကို နိုင်ငံအတွင်း စာနယ်ဇင်းလွတ်လပ်မှုအား ပိတ်ပင်တားဆီး ကန့်သတ်ရာတွင် လွဲမှားစွာ အသုံးချလျက်ရှိသည်။

**Rappler ဖြစ်ရပ်**

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် **Rappler** ဟုအမည်ရသည့် သတင်းဝက်ဆိုက်ဘ်တည်ထောင်သူ/ သတင်း ထောက်ဖြစ်သူ Maria Ressa အား CPA ဥပဒေ၊ ပုဒ်မ ၄ (ဂ)၊ ၄ ပါ ဆိုက်ဘာအသရေဖျက်မှုဖြင့် ဖိလစ်ပိုင် စုံစမ်းစစ်ဆေးရေးဌာန (NBI) မှ ဖမ်းဆီးချုပ်နှောင်ခဲ့သည်။ Ressa သည် ဒဏ်ငွေ ဖိလစ်ပိုင်ပီဆို ၁၀၀၀၀၀ (အမေရိကန်ဒေါ်လာခန့်မှန်း ၁၉၅၁) ခန့်ပေးဆောင်ပြီး နောက်တနေ့တွင် ပြန်လည်လွတ်မြောက် လာခဲ့ သည်။[422]

Rappler အားတရားစွဲဆိုမှုခံရခြင်းမှာ ၂၀၁၂ ခုနှစ်၊ မေလတွင် စီးပွားရေးလုပ်ငန်းရှင် Wilfredo Keng အကြောင်းသတင်းရေးသားတင်ပြခဲ့ရာမှ ၅ နှစ်ခန့်အကြာ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ထိုသူမှ Ressa နှင့် Rappler အခြားတာဝန်ရှိသူများအား ၎င်းတို့ရေးသားထားသည့်ဆောင်းပါးတွင် သူ့အား မူးယစ် ဆေးဝါးမှောင်ခိုမှု၊လူကုန်ကူးမှုတို့နှင့်ဆက်နွယ်ရေးသားထားမှုကြောင့် NBI တွင်အမှုဖွင့် ခဲ့ခြင်း ကြောင့် ဖြစ်သည်။[423]

အဆိုပါဆောင်းပါးထုတ်ပြန်ချိန်တွင် CPA ဥပဒေအား အတည်ပြုထုတ်ပြန်ရခြင်းမရှိသေးပေ။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် NBI က ပြင်ဆင်ထားသည့် ရာဇသတ်ကြီးဥပဒေနှင့်အညီ အသရေဖျက်မှုဖြင့် တရားစွဲရန်အချိန်ကာလသတ်မှတ်ချက် ၁ နှစ်ကျော်လွန်သွားပြီးဖြစ်သဖြင့် Keng ၏တရားစွဲမှုကို ပယ်ချခဲ့သည်။ သို့သော်လည်း ၂၀၁၈ ခုနှစ်၊ မတ်လတွင် NBI သည် Keng ၏တရားစွဲမှုအား ပြန်လည် စဉ်းစားခဲ့ပြီး တရားရေးရာဦးစီးဌာန (DOJ) သို့အမှုပေးခဲ့သည်။[424]

DOJ က Rappler သတင်းဝက်ဆိုက်ဘ်မှ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မူလဆောင်းပါးအား စာပြင်ဆင် ထုတ်ပြန်ခဲ့ခြင်းသည် (CPA ဥပဒေပြန်ဌာန်းပြီးနောက်) "ထိုအသရေမှုမြောက်သော ဆောင်းပါးအား ဝက်ဆိုက်ဘ်မှ မဖြုတ်မချမချင်း ပြစ်မှုကျူးလွန်ရာရောက်သည်"ဟုဆိုကာ

422 Frontline Defenders, ' Maria Ressa အား ဆိုက်ဘာအသရေဖျက်မှုဖြစ်ဖမ်းဆီးခဲ့ပြီး ခံဝန်ဖြင့်ပြန်လွတ်ပေးခဲ့သည်" Available at: https://www.frontlinedefenders.org/en/case/maria-ressa-arrested-charges-cyber-libelreleased-bail

423 Ibid.

424 Ibid.

ဆောင်းပါး ရေးသားသူ သတင်းထောက် Reynaldo Santos Jr. အား တရားစွဲခဲ့သည်။[425] DOJ က ပြင်ဆင်ထား သည့် ရာဇသတ်ကြီးဥပဒေတွင် အချိန်ကန့်သတ်ချက် ၁ နှစ်ဟု သတ်မှတ်ထားသော်လည်း နိုင်ငံတော် အက်ဥပဒေအမှတ် ၃၃၂၆ နှင့်အညီ ဆိုက်ဘာ အသရေဖျက်မှုအချိန်ကန့်သတ်ချက်မှာ ၁၂ နှစ် ဖြစ်ကြောင်း ရှင်းလင်းချက်ထုတ်ပြန်ခဲ့သည်။[426]

၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် Ressa Santos တို့အား မနီလာတွင် တရားခွင်စတင် အမှုစစ်ဆေးခဲ့ သည်။[427]

ထိုအမှုသည် Rappler သတင်းဝက်ဆိုက်ဘ်၊ Ressa နှင့် Rappler ဒါရိုက်တာများ၊ သတင်းထောက်များ ရင်ဆိုင်ရသောအမှုပေါင်း ၁၁ ခုအနက်တစ်ခုအပါအဝင် ဖြစ်သည်။လက်ရှိအစိုးရအား ပြောင်း ကျကျ ဝေဖန်သည့်အဆိုပါသတင်းဌာနအား အခွန်ရှောင်မှု နှင့် ပြည်တွင်းဥပဒေချိုးဖောက်ကာ နိုင်ငံခြားမှ ထိန်းချုပ်ထားသော မီဒီယာကုမ္ပဏီဟု စွပ်စွဲ ဦးတည်အရေးယူရန်ကြိုးပမ်းလျက်ရှိသည်။[428]

---

425 Tetch Torres-Tupas, 'NBI သည် Rappler အား ဆိုက်ဘာအသရေဖျက်မှုဖြင့်တရားစွဲအမှုဖွင့်ခဲ့သည်', Inquirer.net, 8 March 2018, Available at: https://newsinfo.inquirer.net/973871/nbi-files-cyber-libel-case-vs-rappler-nbi-doj-cyber-libelrappler

426 Lian Buan, 'DOJ-၁၂ ခန့်ကြာထုတ်ဝေမှုအတွက်သင် ဆိုက်ဘာအသရေဖျက်မှုဖြင့်တရားစွဲခံနိုင်ပါသည်', Rappler, 14
February 2019, Available at: https://www.rappler.com/nation/223517-doj-says-people-can-besued-cyber-libel-12-years-after-publication; Republic Act No. 3326, Available at: http://www.chanrobles.com/acts/actsno3326.html

427 Lian Buan, 'အသရေဖျက်မှုတရားခွင့်အားလေ့လာခြင်း-Maria Ressa ဖြစ်ရပ်တွင် ပထမဆုံးသက်သေများ ပေါ်လာသောအခါ', Rappler, 23 July 2019, Available at: https://www.rappler.com/nation/236083-first-witnesses-maria-ressa-cyber-libel-case

428 See Lian Buan, 'Maria Ressa သည် ဆိုက်ဘာအသရေဖျက်မှုဖြင့် တရားရုံးသို့ဆင့်ခေါ်ခြင်းခံခဲ့ရ၊ SC သည် နောက်နည်းလမ်းတခုဖြစ်လာပေမလား"', Rappler, 14 May 2019, Available at: https://www.rappler.com/nation/230577-maria-ressa-arraigned-cyber-libelsupreme-court-may-be-next-option-may-2019; Lian Buan, ' "အယူခံမှုဆိုင်ရာတရားရုံးသည် Rappler ၏ အယူခံတင်မှုအားပယ်ချခဲ့သည်။" ', Rappler, 11 March 2019, Available at: https://www.rappler.com/nation/225347-courtappeals-denies-rappler-appeal-sec-case

## ကမ္ဘောဒီးယားနိုင်ငံ

ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၁၈ ခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီ အစိုးရသည် "အမျိုးသား လုံခြုံရေးခြိမ်းခြောက်ပြီး လူမှုမတည်ငြိမ်မှုများဖြစ်စေမည့်" ဝက်ဆိုက်ဘက်များ၊ လူမှုဒီယာပေ့စ်များနှင့် အခြားသတင်းအချက်အလက်များအွန်လိုင်းမှဖြန့်ဝေမှုတို့အား စောင့်ကြည့်လေ့လာ၊ ပိတ်ပင်တားဆီး၊ ဖြုတ်ချနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန စသဖြင့် ဝန်ကြီးဌာနများ လုပ်ပိုင်ခွင့်ပြုသည့် "**ဝန်ကြီးဌာနပေါင်းစုံအမိန့်** (prakas) တစ်ရပ်ကို ထုတ်ပြန် ခဲ့သည်။[429]

ထို prakas အား နိုင်ငံအဝှမ်းအမှီအခိုကင်းသည့်မီဒီယာများအား ဖိနှိပ်မှုပြုလုပ်ရာတွင် ရွေးကောက်ပွဲကာလအထိ အသုံးချခဲ့သည်။ တိုင်းပြည်အဝှမ်းရှိ ရေဒီယိုလိုင်း ၃၀ ကျော်အား ပိတ်သိမ်းခြင်း၊ "နိုင်ငံရေးနှင့်လူမှုရေးတည်ငြိမ်မှုအား သက်ရောက်မှုရှိသော" သတင်းတင်ဆက်မှုများ မပြုလုပ်နိုင်ရန် ပိတ်ပင်ထားသည့် သတင်းထောက်များ "လိုက်နာရမည့်စည်းမျဉ်းများ" ကို အမျိုးသား ရွေးကောက်ပွဲကော်မတီမှထုတ်ပြန်ခြင်း၊ အခွန်ရှောင်သည်ဟုစွပ်စွဲကာ လွတ်လပ်သော သတင်း စာတိုက်ကြီး တစ်ခုဖြစ်သည့်- The Cambodia Daily အားဖျက်သိမ်းခြင်းနှင့် နာမည်ကြီးသတင်းတိုက် တစ်ခုဖြစ်သည့် Phnom Penh Post အား အစိုးရနှင့်ဆက်နွယ်သည့် ရင်းနှီးမြှုပ်နှံသူတစ်ဦးအား ရောင်းချခဲ့ပြီး ယခင်အယ်ဒီတာချုပ်နှင့် အကြီးတန်းသတင်းထောက်များ အား အလုပ်ဖြုတ်ခြင်း စသည်တို့ကိုလုပ်ဆောင်ခဲ့သည်။[430] ရွေးကောက်ပွဲကာလလွန်အထိ ပိတ်ပင် တားဆီးမှုများ ဆက်လက် ပြုလုပ်ခဲ့သည်။[431]

---

[429] Mech Dara, Hor Kimsay, 'ဝန်ကြီးဌာန ၃ ခုသည် "သတင်းတု" စောင့်ကြည့်ရန် အွန်လိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့အား ဖွဲ့စည်းခဲ့သည်'',Phnom Penh Post, 7 June 2018, Available at: https://www.phnompenhpost.com/national/threeministries-set-web-monitoring-group-look-out-fake-news; Cambodian Center for Human Rights, 'ကမ္ဘောဒီးယားအဖွဲ့များသည် ရွေးကောက်ပွဲမတိုင်မီ အသစ်ပြဌာန်းလိုက်သည့် အွန်လိုင်းကိစ္စဆိုင်ရာညွှန်ကြားချက်အားဖျက်သိမ်းရန် ကြိုးပမ်းခဲ့ကြသည်', IFEX, 15 June 2018, Available at: https://ifex.org/cambodian-groups-seek-revocation-of-new-online-directiveahead-of-elections/

[430] Niem Chheng, Ananth Baliga, 'ပိတ်သိမ်းခံရသောရေဒီယိုလိုင်းများ, Phnom Penh Post, 24 August 2017, Available at: https://www.phnompenhpost.com/national/radio-station-booted-air; Mech Dara,Ananth Baliga, 'အစိုးရသည်ရေဒီယိုလိုင်း ၁၅ ခုအားပိတ်သိမ်းခဲ့သည်", Phnom Penh Post, 25 August 2017, Available

**ရွေးကောက်ပွဲမတိုင်မီ သတင်းဝက်ဆိုက်ဘ်အား ပိတ်သိမ်းခြင်းဖြစ်ရပ်**

၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် prakas ကိုအသုံးပြုကာ အထွေထွေရွေးကောက်ပွဲမတိုင်မီ ၂ ရက်အလို၌ Voice of America၊ အာရှဒေသလွတ်လပ်သောအသံ (RFA)၊ ဒီမိုကရေစီအသံ (Voice of Democracy)နှင့် အင်္ဂလိပ်သတင်းဝက်ဆိုက်ဘ်များအပါအဝင် လူသိများပြီး လွတ်လပ်သော သတင်း မီဒီယာများ၏ ဝက်ဆိုက်ဘ်များကိုပိတ်ဖြုတ်ချခဲ့သည်။[432]

---

at: https://www.phnompenhpost.com/national/government-closes-15-radio-stations; Nareth Muong, Joshua Lipes, 'ရွေးကောက်ပွဲမတိုင်မီအွန်လိုင်းသတင်းများအားထိန်းချုပ်လျက်ရှိသောကမ္ဘောဒီးယားအစိုးရ, Radio Free Asia, 4 June 2018, Available at: https://www.rfa.org/english/news/cambodia/news-06042018162755.html; The Cambodia Daily, '၂၄ နှစ်ခန့်ကြာသက်တမ်းရှိသော The Cambodia Daily သတင်းစာတိုက်အား ဖျက်သိမ်းခဲ့။,Available at: https://www.cambodiadaily.com/cambodia-daily-close-24-years/; BBC, 'Phnom Penh Post: Cambodian daily အားရောင်းချပြီးနောက် ဝန်ထမ်းထုတ်ခဲ့ခြင်း', 7 May 2018, Available at: https://www.bbc.com/news/world-asia-44027032

[431] ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ဖနွမ်းပင်မြူနီစပယ်တရားရုံးသည် RFA သတင်းထောက် ၂ ဦးဖြစ်သည့် Uon Chhin နှင့် Yeang Sotherarin တို့အား "နိုင်ငံခြားအဖွဲ့အတွက် သတင်းအချက်အလက်များမှောင်ခိုစုဆောင်းခြင်း" အတွက် ကမ္ဘောဒီးယားရာဇသတ်ကြီးဥပဒေပုဒ်မ ၄၄၅၊ စပိုင်ပြုလုပ်မှုဖြင့်စွဲချက်နှင့် လိင်ဓာတ်ပုံထုတ်လုပ်ဖြန့်ချိမှုဖြင့်စွဲချက် စုစုပေါင်း ၂ ခုဖြင့်တရားစွဲဆိုခဲ့သည်။ ၂၀၁၉ ခုနှစ်၊မေလတွင် ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်မှုဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်း အဖွဲ့က သတင်းထောက် ၂ ဦးအား စွဲဆိုထားသောအမှုများမှာ လုံလောက်စွာသက်သေပြနိုင်ခြင်းမရှိကြောင်းနှင့် မျှတသော တရားခွင်ကျင်းပခြင်းမရှိမှုသည် လွတ်လပ်ခွင့်အားချိုးဖောက်မှုမြောက်ကြောင်းတွေ့ရှိခဲ့သည်၊ တရားမဲ့ဖမ်းဆီးချုပ်နှောင်ခြင်းဆိုင်ရာ ကုလသမဂ္ဂ လုပ်ငန်းအဖွဲ့၊ ၂၀၁၉ ခုနှစ်၊ ဧပြီ ၂၄ ရက်နေ့မှ မေလ ၃ ရက်နေ့အထိကျင်းပပြုလုပ်သည့် တရားမဲဖမ်းဆီးချုပ်နှောင်မှုဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းအဖွဲ့၏ ၈၄ ကြိမ်မြောက်အစည်းအဝေးတွင် အတည်ပြုခဲ့သည့် "Uon Chhin နှင့် Yeang Sothearin တို့နှင့်စပ်လျဉ်းသည့် သဘောထုတ်ပြန်ချက် အမှတ် (၃/၂၀၁၉)၏ အပိုဒ် ၄၃၊ ၅၁၊ ၅၂၊ ၅၉၊ ၆၄ တို့ကိုကြည့်ရန်။ Available at: https://www.ohchr.org/Documents/Issues/Detention/Opinions/Session84/ A_HRC_WGAD_2019_3.pdf; See also ICJ, 'ကမ္ဘောဒီယားနိုင်ငံ၏ လူ့အခွင့်အရေးအစီရင်ခံစာသို့ အိုင်စီဂျေ (ICJ) တင်သွင်းမှု ', 12 July 2018, para 26, Available at: https://www.icj.org/wp-content/uploads/2018/07/Cambodia-UPR-Advocacy-Non-legal-submission-July-2018-ENG.pdf; လူ့အခွင့်အရေးစောင့်ကြည့်လေ့လာသူများအဖွဲ့၊ "ကမ္ဘောဒီးယား-သတင်းထောက်များအား တရားစွဲဆိုမှုရုတ်သိမ်းရန်" , 24 July 2019, Available at: https://www.hrw.org/news/2019/07/24/cambodia-drop-case-against-journalists

[432] Prak Chan Thul, Amy Savitta Lefevre, 'ကမ္ဘောဒီးယားအစိုးရသည် အမှီအခိုကင်းသည့် သတင်းမီဒီယာများအား ပိတ်ပင် တားဆီးခဲ့သည်- rights group', Reuters, 28 July 2018, Available at: https://www.reuters.com/article/us-cambodiaelection-censorship/cambodia-blocks-some-independent-news-media-sites-rights-groupidUSKBN1KH29Q

ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ သတင်းအချက်အလက်နှင့် ထုတ်လွှတ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဝန်ကြီးဌာနအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ ဝက်ဆိုက်ဘ် ၁၇ ခုအား "၎င်းမီဒီယာများထုတ်လွှင့်သည့် အကြောင်း အရာများမှာ သွေးထိုး လှုံ့ဆော်ပြီး လွှန်စွာနိုင်ငံရေးဆန်ခြင်း၊နှင့်...ရွေးကောက်ပွဲအားကန့်သတ် တားဆီးလျက်ရှိခြင်း"တို့ကြောင့် ၄၈ နာရီခန့်ပိတ်ထားရခြင်းဖြစ်သည်ဟုထုတ်ပြောခဲ့သည်။ အာဏာရ အစိုးရပါတီဖြစ်သည့် ကမ္ဘောဒီယား ပြည်သူ့ပါတီအား ထောက်ခံအားပေးသည့် ဝက်ဆိုက်ဘ်များကိုမူ ဆက်လက် အသုံးပြု၍ရသည်ဟုသိရှိရသည်။[433] CPP သည် ဆန္ဒမဲ ၈၀ ရာခိုင်နှုန်းခန့်ရရှိကာ ရွေးကောက်ပွဲ အနိုင်ရခဲ့သည်။[434]

## ၇။ အွန်လိုင်းသတင်းအချက်အလက်များပြန့်ပွားမှုထိန်းချုပ်နိုင်ရန် ရည်ရွယ်ထုတ်ပြန်ထားသော ဥပဒေများ

ယခုနှစ်များတွင် အွန်လိုင်းပေါ်သတင်းမှားများ (သို့) မှန်ကန်မှုမရှိသောသတင်း အချက်အလက်ပျံ့နှံ့မှုပြဿနာဖြေရှင်းနိုင်ရန် ဥပဒေများထုတ်ပြန်ကာ အွန်လိုင်းသတင်း အချက်အလက်များ ကို ထိန်းချုပ်လျက်ရှိပါသည်။ ယခုအပိုင်းတွင် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဘရူးနိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင်နှင့်လာအိုနိုင်ငံတို့ရှိ ဥပဒေများအား မီးမောင်းထိုးတင်ပြသွားပါမည်။ လက်တွေ့တွင်မူ သတင်း အချက်အလက်များပျံ့နှံ့မှုအား ရာဇဝတ်မှု "အသစ်" အဖြစ်သတ်မှတ်ရခြင်းနှင့် စပ်လျဉ်း၍ ဖြေရှင်းချက်များမှာ ရှေ့တွင်တင်ပြခဲ့သည့်ဥပဒေများ အလွဲသုံးစားပြုမှုဖြစ်စေသည့် "လုံခြုံရေး"၊ "ငြိမ်ဝပ်ပိပြားရေး" နှင့် "တည်ငြိမ်အေးချမ်းရေး"ကာကွယ်ရန်ဟူသော သုံးနေကြယေဘုယျဆန်ဆန် အကြောင်းပြချက်များပင်ဖြစ်သည်။

---

[433] Erin Handley, 'ကမ္ဘောဒီယားအစိုးရသည် ရွေးကောက်ပွဲမတိုင်မီ မီဒီယာ ၁၇ ခုအားပိတ်သိမ်းခဲ့သည်', Al Jazeera, 28 July 2018,Available at: https://www.aljazeera.com/news/2018/07/cambodia-blocks-17-media-websitesvote-180728103300267.html

[434] Hannah Ellis-Petersen, '" ကမ္ဘောဒီယား- ရက်ရက်စက်စက်ဖိနှိပ်ချုပ်ချယ်မှုများပြုလုပ်ပြီးနောက် ရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြိုအနိုင်ရရှိခဲ့သည့် Hun Sen" ,The Guardian, 29 July 2018, Available at: https://www.theguardian.com/world/2018/jul/29/cambodia-hun-sen-re-elected-in-landslide-victory-after-brutal-crackdown

အီလက်ထရောနစ်သတင်းအချက်အလက် (သို့) ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်းသည့် တည်ဆဲ ဥပဒအများစုတွင် အွန်လိုင်းပေါ်တွင် "မှားယွင်းသော (သို့) မှားယွင်းမှုဖြစ်စေသည့် အချက်အလက်များ" အား ရည်ရွယ်ချက်ရှိရှိ ပျံ့နှံ့စေမှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထည့်သွင်း ထားပါသည်။ ထိုင်းနိုင်ငံ၏ CCA ဥပဒေ၊ ပုဒ်မ ၁၄ (က) နှင့် (ခ)တို့ တွင် "ပြည်သူလူထုအား ထိတ်လန့်စေမှု (သို့) နိုင်ငံတော်လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေး" (သို့) အများပြည်သူထိခိုက်ပျက်ဆီးမှု ဖြစ်စေနိုင်ရန်...ကွန်ပျူတာစနစ်တစ်ခု အတွင်းသို့ မှားယွင်းသောကွန်ပျူတာအချက်အလက်များ ထည့်သွင်းမှု" အား ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားပါသည်။ အင်ဒိုနီးရှားနိုင်ငံ၊ UU ITE ဥပဒေပုဒ်မ ၂၈ (က) တွင် "အီလက်ထရောနစ် ငွေပေးချေမှုလုပ်ငန်းများတွင် ကာစတန်များဆုံးရှုံးမှုဖြစ်စေသည့် မှားယွင်းသောသတင်းအချက်အလက်များနှင့် မှားယွင်းမှုဖြစ်စေသည့်အချက်အလက်များကိုအား သိလျက်နှင့် လုပ်ပိုင်ခွင့်မရှိသော်လည်း ဖြန့်ဝေမှု" လုပ်ဆောင်သောမည်သူမဆို ရာဇတ်မှု ကျူးလွန်သူဟု ထည့်သွင်းထားပါသည်။ မလေးရှားနိုင်ငံ၏ ပုဒ်မ ၂၁၁ (က) နှင့် ၂၃၃ (က)၊ ၁ တို့တွင် လူတစ်ဦးတစ်ယောက်အား စိတ်အနှောင့်အယှက်ဖြစ်၊ ခြိမ်းခြောက်၊ စော်ကားရန်ရည်ရွယ်ချက်ဖြင့် "ညစ်ညမ်းသည့် (သို့) စော်ကားမှုဖြစ်စေသည့် အကြောင်းအရာများ"အပါအဝင် "မှားယွင်းသော အကြောင်းအရာများ"အား တားဆီးပိတ်ပင်သည့်ပြဋ္ဌာန်းချက်များဖြစ်လေသည်။ ဘရူးနိုင်းနိုင်ငံ၏ ဆက်သွယ်ရေးအက်ဥပဒေ၊ ပုဒ်မ ၂၉ တွင် "မှားယွင်းသည်ဟုသိရှိထားလျက် ထိုသတင်းစကားများ အား ဆက်သွယ်မှုမြောက်ရန် ထုတ်လွှတ်ခြင်း (သို့) ထုတ်လွှတ်မှုဖြစ်စေခြင်း" လုပ်ဆောင်သူမည်သူ မဆိုအား ရာဇဝတ်မှုကျူးလွန်သူအဖြစ်သတ်မှတ်ထားပါသည်။[435]

လက်တလောနှစ်များတွင် နိုင်ငံအချို့သည် မှားယွင်းသောသတင်းအချက်အလက်များ ပျံ့နှံ့မှု ထိန်းချုပ်သည့် ဥပဒေများအား အသစ်ပြဋ္ဌာန်းရန်ကြိုးပမ်းလျက်ရှိသည်။ ထိုဥပဒေများသည် ဒေသတွင်းရှိ ဥပဒေဟောင်းများပိုမိုဆိုးရွားစေသည့် ပြင်းထန်သောကန့်သတ်ချက်များ ပါဝင်သော်ကြောင့် ၎င်းဥပဒများကို လွဲမှားစွာအသုံးချနိုင်ချေမြင့်မားလေသည်။ ယခုအပိုင်းအား ဘရူးနိုင်းနိုင်ငံ၏ ၂၀၁၈ ခုနှစ်အထွေထွေရွေးကောက်ပွဲမတိုင်မီ အတည်ပြုလိုက်သော "သတင်းတု တိုက်ဖျက်ရေးဥပဒ" အား အစိုးရသစ်မှ ပယ်ဖျက်ခဲ့သည့် မလေးရှားနိုင်ငံ၏ ဖြစ်ရပ်နှင့်စတင် ဆွေးနွေး ထားပါသည်။

---

[435] အဆိုပါပြစ်မှုအတွက် အပြစ်ဒဏ်မှာ ထောင်ဒဏ် ၅ နှင့် ငွေဒဏ် B$၂၄၀၀၀ (အမေရိကန်ဒေါ်လာ ၁၇၇၇၀ ခန့်)ဖြစ်လေသည်၊ ၁၉၇၄ ဆက်သွယ်ရေးအက်ဥပဒေ (ပုဒ်မ-၅၄)၊ Available at: http://www.agc.gov.bn/AGC%20Images/LOB/PDF/Chp.54.pdf

## မလေးရှားနိုင်ငံ

၂၀၁၈ ခုနှစ်၊ ဧပြီလ၊ မလေးရှားနိုင်ငံအထွေထွေရွေးကောက်ပွဲမတိုင်မီ ၁ လခန့်အလိုတွင် **မလေးရှားနိုင်ငံသတင်းတုတိုက်ဖျက်ရေးဥပဒေ (AFNA)** အား ၎င်းဥပဒေကိုသုံး၍ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှု၊ ထင်မြင်ချက်ရေးသားမှုနှင့် အွန်လိုင်းသတင်းအချက်အလက်မျှဝေမှုတို့အား ပိတ်ပင်တားဆီးရာတွင် လွဲမှားစွာအသုံးပြုလာနိုင်သည်ဟု ဝေဖန်မှုများကြားကပင် အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။[436] ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၊ Pakatan Harapan ညွန့်ပေါင်းအစိုးရ အရွေးချယ်ခံရပြီးနောက် ထိုဥပဒေ AFNA အား ၁ နှစ်အတွင်း ပယ်ဖျက်ရန် အောက်လွှတ်တော်မှ ဥပဒေကြမ်းတစ်ခုထုတ်ပြန်ခဲ့သည်။[437] ထိုဥပဒေအား အတည်မပြုရန်ဆုံးဖြတ်ချက်မှာ ကြိုဆို ထောက်ခံဖွယ်ဖြစ်ပြီး ထို AFNA ဥပဒေသည် ရွေးကောက်ပွဲမတိုင်မီ အတင်းအတည်ပြုခဲ့ပါက အွန်လိုင်းပေါ်လွတ်လပ်စွာ ရေးသားမှုအပေါ် ကာကွယ်ရရှိခွင့်ကို ပျက်ပြားစေမည့် ဥပဒေတစ်မျိုး ပင်ဖြစ်သည်။

ထို AFNA ဥပဒေ၊ ပုဒ်မ ၄၊ ၅ နှင့် ၁၀ ပါကျယ်ပြန့်သောပြဋ္ဌာန်းချက်များမှာ အစိုးရအာဏာပိုင် များအား သတင်းတုများ (သို့) သတင်းတုများပါဝင်သော ထုတ်ပြန်ချက်များအား ဖန်တီး၊ ပြုလုပ်၊ ထုတ်ဝေ၊ ပရင့်ထုတ်၊ ဖြန့်ချိ၊ မျှဝေမှုတို့ကိုပြုလုပ်သည့် မည်သူကိုမဆို ရာဇဝတ်သားအဖြစ် သတ်မှတ်ခွင့်ပြုရုံသာမက "ရာဇဝတ်မှုအား ငွေကြေးအထောက်အပံ့အား

[436] ICJ, "လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုများအား ခြိမ်းခြောက်လျက်ရှိပြီး ဝေဖန်ထောက်ပြရေးသားမှုများအား ဖိနှိပ်မှုများဖြစ်စေသည့် မလေးရှားနိုင်ငံ၏ သတင်းတုတိုက်ဖျက်ရေးဥပဒေ', 27 March 2018, Available at: https://www.icj.org/malaysia-anti-fake-newsbill-threatens-freedom-of-expression-may-lead-to-the-suppression-of-critical-speech/; Southeast Asian Press Alliance, "ရုပ်ပြသတင်း- မလေးရှားနိုင်ငံ၏ သတင်းတုတိုက်ဖျက်ရေးဥပဒေ"', 3 April 2018, Available at: https://www.seapa.org/infographic-malaysias-anti-fake-news-bill/; Article 19၊ "မလေးရှားနိုင်ငံ၏ သတင်းတုတိုက်ဖျက်ရေးဥပဒေအား လေ့လာဆန်းစစ်ချက်" ', April 2018 ('Article 19 Analysis'), Available at: https://www.article19.org/wp-content/uploads/2018/04/2018.04.22-Malaysia-Fake-News-Legal-Analysis-FINAL-v3.pdf

[437] Azril Annuar,"သတင်းတုတိုက်ဖျက်ရေးဥပဒေအားပယ်ဖျက်ရန် Dewan Rakyat မှ မူကြမ်းတခုတင်သွင်းခဲ့ပြန်", Malay Mail, 9 October 2019, Available at: https://www.malaymail.com/news/malaysia/2019/10/09/anti-fake-news-actrepealed-by-dewan-rakyat-again/1798721; Straits Times, ''မလေးရှားလွှတ်တော်မှ သတင်းတုတိုက်ဖျက်ရေးဥပဒေအားဖျက်သိမ်းရန် ဥပဒေအသစ်ပြဋ္ဌာန်းခဲ့"။, 9 October 2019, Available at: https://www.straitstimes.com/asia/se-asia/malaysia-parliament-passes-law-to-scrap-anti-fake-news-law-againabolishing-it-end-of

"တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ" (သို့) ကြံရာပါအဖြစ်ဖြစ်စေ ပေးအပ်ပြုလုပ်သူမည်သူကိုမဆို ရာဇဝတ်မှု ကျူးလွန်သူဟု ပုဒ်မတပ်ခွင့်ပေးအပ်ထားလေသည်။[438] အပြင်းဆုံးပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ် ၆ နှစ်၊ ငွေဒဏ် မလေးရှားရင်းဂစ် ၅၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၂၁၂၁၂ ခန့်)၊ ကျူးလွန်မှုပြုသည့် တစ်ရက်လျှင် ဒဏ်ငွေ ၃၀၀၀ (အမေရိကန်ဒေါ်လာ ၇၂၇ခန့်) ဟုထည့်သွင်းထားသည်။ AFNA တွင် သတင်းတုများပါဝင်သည့် ထုတ်ဝေရေးသားချက်များအား လက်ဝယ်ထားရှိမှု၊ သိမ်းဆည်းမှု၊ နှင့် ထိန်းချုပ်မှုတို့ကိုမပြုလုပ်ဘဲ ၎င်းတို့အားလုံးအား ဖျက်ဆီးဖြုတ်ချရန်နှင့် လိုက်နာခြင်းမရှိပါက ဒဏ်ငွေ ၁၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၂၄၂၅၂) သို့မဟုတ် ပြစ်မှုကျူးလွန်သည့်တစ်ရက်လျှင် ဒဏ်ငွေ ၃၀၀၀ (အမေရိကန်ဒေါ်လာ ၇၂၇) ခန့်ပေးဆောင်ရန်ပြဋ္ဌာန်းထားပါသည်။[439] အခွင့်အရေး ကာကွယ်ပေးရမည့် လုပ်ငန်းစဉ်များ၊ ပွင့်လင်းမြင်သာမှုရှိရန်လိုအပ်ချက်များကို ထည့်သွင်း စဉ်းစားမှုမပြုဘဲ ပုဒ်မ ၄ နှင့် ၆ တို့တွင် လူမှုမီဒီယာပလက်ဖောင်းများကဲ့သို့သော အွန်လိုင်းကြားခံ ဆောင်ရွက်သူများ၊ ဝက်ဆိုက်ဘ် (သို့) မီဒီယာပေ့စ် နှင့် ရှာဖွေရေးပလက်ဖောင်းများ ၏ စီမံသူများအနေဖြင့် ရာဇဝတ်မှုကြီးလေးသည့်ပြစ်ဒဏ်မခံနိုင်ရန် ထိုကဲ့သို့သော အကြောင်းအရာများအား "ချက်ချင်း" ဖြုတ်ချရန် တိုက်တွန်းထားပါသည်။[440]

မလေးရှားနိုင်ငံအား ထိခိုက်စေနိုင်သည့် "သတင်းတုများ" (သို့) ပြစ်မှုကျူးလွန်မှုကြောင့် ထိခိုက်ခံရမည့်မလေးရှားနိုင်ငံသား"တို့အား ကာကွယ်ထိန်းချုပ်ရန် ထိုအက်ဥပဒေ၏ ပုဒ်မ ၃ နှင့် အညီ နယ်မြေပြင်ပကျင့်သုံးဆောင်ရွက်မှုများသည် "နယ်စီးမခြား" သတင်းအချက်အလက်များ ရယူဖြန့်ဝေခွင့်နှင့် တစ်ဦးချင်းလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့အား ချိုးဖောက်မှုများပင် ဖြစ်သည်။[441] AFNA ပုဒ်မ ၁၉ အားလေ့လာဆန်းစစ်ချက်တွင် နယ်ပြင်ပ တွင်ပါ ၎င်းပြဋ္ဌာန်းချက်အား ကျင့်သုံးဆောင်ရွက်ခြင်းသည် ပြည်ပအခြေစိုက် သတင်းဌာန အဖွဲ့အစည်းများအား ဦးတည်လျက် ပြည်တွင်းနေထိုင်သူများအနေဖြင့် နိုင်ငံတကာသတင်း အချက်အလက်အရင်းအမြစ်များ ရယူနိုင်မှု အား ကန့်သတ်မှုကိုဖြစ်စေပြီး လွတ်လပ်စွာ

---

[438] ၂၀၁၈ ခုနှစ်၊ သတင်းတုတိုက်ဖျက်ရေးအက်ဥပဒေ (Act 803)('AFNA'), ပုဒ်မ၊ ၂၊ ၄၊ ၅ ၊ ၁၀။Available at: http://www.federalgazette.agc.gov.my/outputaktap/20180411_803_BI_WJW010830%20BI.pdf

[439] AFNA ဥပဒေပုဒ်မ ၆။.

[440] See also Article 19 Analysis, pp. 12, 13.

[441] AFNA, ဥပဒေပုဒ်မ ၃ (ခ)။

ထုတ်ဖော်ရေးသားပြောဆိုခွင့်နှင့် မလေးရှား နိုင်ငံ ပြင်ပနေထိုင် သူများ၏ သတင်းအချက်အလက် ရယူခွင့်ကို ချိုးဖောက်လျက်ရှိသည်ဟု ထောက်ပြ ထားပါသည်။[442]

အဆိုပါအက်ဥပဒေအောက်တွင် စောင့်ကြည့်လေ့လာမှု၊ ဖြေရှင်းဆောင်ရွက်ပြီး တာဝန်ခံမှု ပြုသည့်လုပ်ငန်းစနစ်များပါဝင်မှုနည်းပါးလေသည်။ AFNA ၊ ပုဒ်မ ၇ သည် တရားရုံးအား မည်သို့သော "သတင်းများ" ကိုမဆို ဖြုတ်ချရန် အမိန့်ပေးပိုင်ခွင့်ဟူသော အာဏာ အပ်နှင်းထားလေသည်။ ထိုအမိန့်အားလိုက်နာရန်ပျက်ကွက်ပါက ပုဒ်မ ၇ (စ) နှင့် အညီ ငွေဒဏ် ၁၀၀၀၀၀ (အမေရိကန် ဒေါ်လာ ၂၄၂၅၂) ခန့်ဖြင့် အပြစ်ပေးနိုင်လေသည်။ ထိုဥပဒေတွင် တရားရုံးအနေဖြင့် ထိုသို့ အမိန့်/ဆုံးဖြတ်ချက်ချမှတ်ရာတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် (သို့) သတင်းအချက်အလက် ရယူခွင့်တို့ကို ကာကွယ်ပေးရန် ထည့်သွင်းစဉ်းစားရမည်ဟူသော အချက်ပါဝင်ခြင်းမရှိပေ။[443] AFNA ပုဒ်မ ၈ တွင် ပုဒ်မ ၇ ဖြင့် ဖြုတ်ချရန်အမိန့်ပေးမှုကြောင့် ထိခိုက်ခံရသူသည် ၁၄ ရက်အတွင်း ထိုအမိန့် ပယ်ဖျက်နိုင်ရေးအယူခံဝင်နိုင်ကြောင်းပါရှိသော်လည်း ထိုသို့အယူခံဝင်ခွင့်မှာ "နိုင်ငံတော်လုံခြုံရေး (သို့) အများပြည်သူငြိမ်ဝပ်ပိပြားရေးအား ထိပါးနှောင့်ယှက်မည့် (သို့)လာနိုင်သည့် သတင်းတုများ ပါဝင်သည့် ထုတ်ပြန်ချက်များ"နှင့်ဆိုင်သည့် အမိန့်များအတွက် အကျုံးဝင်ခြင်းမရှိပေ။[444] "နိုင်ငံတော် လုံခြုံရေး" (သို့) "ငြိမ်ဝပ်ပိပြားရေး" ဟူသောအကြောင်းပြချက်ဖြင့် သတင်းအချက်အလက်များအား ပိတ်ပင်တားဆီးနိုင်ရန် မလေးရှားနိုင်ငံတွင် အကြည်ညိုပျက်စေမှုအက်ဥပဒေ နှင့် CMA ဥပဒေများ အား အလွဲသုံးစားပြုခဲ့သည့် ရှေ့ဖြစ်ရပ်များက သက်သေပြသကဲ့သို့ပင် ထို AFNA ဥပဒေတွင် ပြဋ္ဌာန်းချက်များကိုရှင်းလင်းဖွင့်ဆိုထားခြင်းမရှိသည့်အပြင် လွတ်လပ်စွာ ထုတ်ဖော် ရေးသား ပြောဆိုမှု နှင့် သတင်းအချက်အလက်များ ရယူနိုင်မှုတို့အား ပိတ်ပင်တားဆီးရာတွင် တရားဝင်ဖြစ်ပြီး၊ ရည်ရွယ်ချက်မှန်မှန်နှင့် ဆီလျော်သောနည်းလမ်းဖြင့်သာ တိတိကျကျ လိုက်နာဆောင်ရွက်ရမည် ဟူသော ပြဋ္ဌာန်းချက်များကိုလည်း ထည့်သွင်းထားခြင်းမရှိပေ။[445]

---

442 Article 19 Analysis, p. 16.

443 AFNA ဥပဒေ၊ ပုဒ်မ ၇။

444 AFNA ဥပဒေ၊ ပုဒ်မ ၈ (က)၊ ၈(ဂ)။

445 လွတ်လပ်စွာထုတ်ဖော်ရေးသားပြောဆိုခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ မလေးရှားအစိုးရထံ ပေးအပ်သည့်စာ (MYS 6/2018 )တွင် အကြည်ညိုပျက်စေခြင်းဆိုင်ရာအက်ဥပဒေ၊ CMA အပါအဝင်အခြား

၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် Pakatan Harapan ညွန့်ပေါင်းအစိုးရသည် ၎င်း AFNA အားပယ်ဖျက်ရန် ဥပဒေမူကြမ်းအား အောက်လွှတ်မှအတည်ပြုခဲ့သော်လည်း တစ်လခန့် အကြားတွင် အတိုက်အခံပါတီကြီးစိုးထားသည့် အထက်လွှတ်တော်မှပယ်ချခဲ့သည်။[446] ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ဝန်ကြီးချုပ် Dr. Mahathir Mohamad က အစိုးရအနေဖြင့် "ယခင်အစိုးရလက်ထက်တွင် ဖြစ်ခဲ့ သကဲ့သို့..အစိုးရကိုယ်တိုင် အလွဲသုံးစားပြုနိုင်ပြီး... ဥပဒေအားအသုံးချကာ... ၎င်းတို့တည်မြဲရေး သတင်းတုများ ဖန်တီး" နိုင်ပြီး ပြည်သူများ၏ အမြင်သဘောထားထုတ်ဖော်မှုအား တားဆီး လျက်ရှိသော ဥပဒေတစ်ရပ်ဖြစ်ကြောင်းသိရှိလျက် အစိုးရအနေဖြင့် AFNA အား ပယ်ဖျက် သွားမည် ဖြစ်ကြောင်း ကတိပေးခဲ့သည်။[447] ၂၀၁၉ ခုနှစ်၊အောက်တိုဘာလတွင် AFNA အား ပယ်ဖျက်ရန် အဆိုပြု မူကြမ်းသည် လွှတ်တော်သို့ တင်သွင်းခဲ့ပြီး အဆိုအောင်မြင်ခဲ့သည်။[448] သို့သော်လည်း ၎င်း AFNA သည် ထုတ်ဖော်ပြောဆိုမှုအား ဖိနှိပ်ရာတွင် အသုံးချလျက်ရှိသည့် ဆီလျော်မှုမရှိသော ဥပဒေများ၏ သရုပ်ကိုဖော်ပြသည့် နမူနာကောင်းတစ်ခုဖြစ်သည်။

---

လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုကန့်သတ်ပိတ်ပင်ထားသည့်ဥပဒေများပါ ပြဋ္ဌာန်းချက်များကိုညွှန်းဆိုလျက် AFNA ဥပဒေအား"ရုတ်သိမ်းရန်လိုအပ်သောလုပ်ဆောင်ချက်များပြုလုပ်ရန်" အစိုးရအားတိုက်တွန်းခဲ့သည်။ 28 December 2018, Available at:
https://spcommreports.ohchr.org/TMResultsBase/DownLoadPublicCommunicationFile?gId=24287

[446] Joseph Sipalan, Praveen Menon, ' မလေးရှားအတိုက်အခံပါတီသည် Mahathir အား စိန်ခေါ်သည့်အနေဖြင့် "သတင်းတုတိုက်ဖျက်ရေး" ဥပဒေပယ်ဖျက်ရန်တင်သွင်းသည့်အဆိုအား ငြင်းဆန်ခဲ့သည်။Reuters, 12 September 2018, Available at: https://www.reuters.com/article/usmalaysia-politics-fakenews/malaysia-opposition-blocks-repeal-of-fake-news-law-in-challenge-tomahathir-idUSKCN1LS0WO

[447] Bernama, 'အစိုးရသည် "သတင်းတုတိုက်ဖျက်ရေးဥပဒေသစ်" မရှိပါကလည်း သတင်းတုများကိုဖြေရှင်း ကိုင်တွယ်နိုင်လေသည်၊– Mahathir', Prime Minister's Office , 9 April 2019, Available at: https://www.pmo.gov.my/2019/04/government-canhandle-fake-news-even-without-anti-fake-news-law-mahathir/

[448] ဥပဒေမူကြမ်းရုတ်သိမ်းရာတွင် အထက်လွှတ်တော်မှငြင်းပယ်မှုခဲ့သော်လည်း ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၆၈ နှင့်အညီ အထက်လွှတ်တော်တွင်သို့တင်သွင်းမှုမပြုဘဲ ဆောင်ရွက်(ရုတ်သိမ်း)နိုင်လေသည်။ Freedom House အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင်ထုတ်ပြန်သည့်အစီရင်ခံစာတွင် အွန်လိုင်းထုတ်ဖော်ရေးသားပြောဆိုမှုများ၊ အထူးသဖြင့် လူမှုမီဒီယာများပေါ်တွင် ရေးသားမှုများကိုတရားစွဲဆိုမှုများတိုးမြင့်ခဲ့သော်လည်း အစိုးရအပြောင်း အလဲကြောင့် ပြည်တွင်းအင်တာနက်(ရေးသားပြောဆိုခွင့်) လွတ်လပ်ခွင့်အတန်အသင့်ကောင်းမွန်လာခဲ့သည်ဟု ရေးသားထားလေသည်။ Freedom House, Freedom on the Net 2019: Malaysia, Available at: https://www.freedomonthenet.org/country/malaysia/freedom-on-the-net/2019

**စင်ကာပူနိုင်ငံ**

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် စင်ကာပူနိုင်ငံ၌ **အွန်လိုင်းပေါ်မှ အမှားများနှင့် ကြိုးကိုင်ခြယ်လှယ်မှုများမှ ကာကွယ်ရေး အက်ဥပဒေ (POFMA)**အား အတည်ပြု ခဲ့သည်။[449] အိုင်စီဂျေ (ICJ)နှင့် နည်းပညာ ကုမ္ပဏီများ၊ မီဒီယာသမားများ၊ သတင်းထောက်များ၊ရှေ့နေများ၊ ပြင်ပထုတ်ဝေသူများ၊ အနုပညာအဖွဲ့စည်းများ၊ ပညာရှင်များ၊ နိုင်ငံသမားများနှင့် လူ့အခွင့်အရေး လှုပ်ရှားဆောင်ရွက်သည့် အဖွဲ့အစည်းများအပါအဝင် အခြားသူ၊ အဖွဲ့စည်းများက အစိုးရအနေဖြင့် လွတ်လပ်စွာ ရေးသား ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရယူခွင့်တို့ကိုချိုးဖောက်ကာ အွန်လိုင်းသတင်း အချက်အလက်များ ပိတ်ပင်တားမဆီးမှုနှင့် ထိန်းချုပ်မှုများအလွန်အကျွံ ပြုလုပ် လာနိုင်သဖြင့် ဝေဖန်ထောက်ပြနေသည့်ကြားမှပင် ထိုဥပဒေအားအတည်ပြုခဲ့သည်။[450]

---

449 Tham Yuen-C, 'စင်ကာပူနိုင်ငံ၏ သတင်းတုတိုက်ဖျက်ရေးဥပဒေသစ်သည် အောက်တိုဘာလ ၂ ရက်နေ့တွင် အသက်ဝင်ခဲ့သည်', Straits Times, 1 October 2019, Available at: https://www.straitstimes.com/politics/fake-news-law-to-come-intoeffect-oct-2; ,ထိုဥပဒေအား တဆင့်ခံဖြည့်စွက်စည်းမျဉ်း ၄ နှင့် အညီအတည်ပြုပြဌာန်းခဲ့ပြီး ကင်းလွတ်ခွင့်ပြုထားသော Google, Twitter, WeChat နှင့် Facebook စသောနည်းပညာကုမ္ပဏီများ၏ ဝန်ဆောင်မှုများကိုပါ ထည့်သွင်းဖော်ပြခဲ့သည်။Available at: https://sso.agc.gov.sg/SL-Supp/S664-2019/Published/20191001?DocDate=20191001; https://sso.agc.gov.sg/SL-Supp/S663-2019/Published/20191001?DocDate=20191001; https://sso.agc.gov.sg/SL-Supp/S662-2019/Published/20191001?DocDate=20191001; https://sso.agc.gov.sg/SL-Supp/S661-2019/Published/20191001?DocDate=20191001

450 ICJ, 'စင်ကာပူ-လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုအား ကန့်သတ်မှုပြုမည့် ဥပဒေမူကြမ်းအား လွှတ်တော်မှပယ်ဖျက်ရမည်ဖြစ်သည်', 4 April 2019, Available at: https://www.icj.org/singapore-parliament-must-rejectinternet-regulation-bill-that-threatens-freedom-of-expression/; Thum Ping Tjin, Kirsten Han,
'Singapore's "Fake News" Bill: The FAQ', New Naratif, 9 April 2019, Available at: https://newnaratif.com/research/singapores-fake-news-bill-the-faq/; Asia Internet Coalition အာရှနိုင်ငံများ၏ အင်တာနက်လွတ်လပ်ခွင့်ဆိုင်ရာညွန်ပေါင်းအဖွဲ့ "အွန်လိုင်းပေါ်မှ အမှားများနှင့် ကြိုးကိုင်ခြယ်လှယ်မှုများမှ ကာကွယ်ရေး အက်ဥပဒေအပေါ်သဘောထားထုတ်ပြန်ချက်", 1 April 2019, Available at: https://aicasia.org/2019/04/01/aic-statement-on-the-singapore-protection-fromonline falsehoods-and-manipulation-bill-1-april-2019/; Yahoo News Singapore "စင်ကာပူစာနယ်ဇင်း၊သတင်းသမားများက အဆိုပြုထားသည့်သတင်းတုတိုက်ဖျက်ရေးဥပဒေနှင့်ပတ်သက်ပြီး ဝေဖန်လျက်ရှိ", 18 April 2019, Available at:https://sg.news.yahoo.com/ singaporemedia-practitioners-

POFMA ဥပဒေအတည်မပြုမီ ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် အိုင်စီဂျေ (ICJ)သည် စင်ကာပူအစိုးရ အနေဖြင့် ဥပဒေပါ စိုးရိမ်ဖွယ်အချက်များကိုထောက်ပြရှင်းလင်းထားသည့် စာတစ်စောင်အား နိုင်ငံ၏ ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်၊ တရားရေးဝန်ကြီးနှင့် လွှတ်တော်ဥက္ကဋ္ဌများထံသို့ လိပ်မူကာပေးပို့ ခဲ့သည်။[451] မလေးရှားနိုင်ငံ၏ AFNA ဥပဒေကဲ့သို့ပင် ဤဥပဒေတွင် ဝေဝါးကျယ်ပြန့်သော ပြဌာန်းချက် များကို ထည့်သွင်းထားပြီး စောင့်ကြည့်လေ့လာမှု၊ ဖြေရှင်းဆောင်ရွက်မှုနှင့် တာဝန်ခံမှုရှိ စေသည့် လုပ်ငန်းစနစ်များလုံလောက်စွာမပါဝင်ပေ။

---

voice-concerns-proposed-fake-newslaw-030735076.html; "သတင်းထောက်များက စင်ကာပူနိုင်ငံ၏ သတင်းတုများတိုက်ဖျက်ရေးဥပဒေမူကြမ်းဖျက်သိမ်းရန်တောင်းဆို" , 24 April 2019, Available at: https://docs.google.com/document/d/16pVee1fGx9cU6qADARrgfTtcV60-tVFpm46UGF1-j0o/edit; Harpreet Singh Nehal SC, "အွန်လိုင်းပေါ်မှသတင်းအမှားများတိုက်ဖျက်ရေးဥပဒေအား ကောင်းမွန်လာစေခြင်း- လက်တွေ့ကျကျအကြံပြုချက်များ" April 2019, Available at: https://www.singaporelawwatch.sg/Portals/0/190402%20Online%20Falsehoods%20Bill.pdf?fbclid=IwAR3_mN8yJRpaYLnK38U2eWO78Z1qim7-1N6ahOlMxnM9KAKRfHeIMb4x6KY; အွန်လိုင်းပေါ်မှ အမှားများနှင့် ကြိုးကိုင်ခြယ်လှယ်မှုများမှ ကာကွယ်ရေး အက်ဥပဒေအပေါ်ပူးတွဲသဘောထုတ်ပြန်ချက်', Available at: https://docs.google.com/document/d/1yNCUHvJBOkZG_WbNt1W_8BAxzHKIjIBK1EJbMLu9Rr8/edit?fbclid=IwAR0uND0exPTHnzvgWiuxHhL75gccbUaCBU-7ZOA4IZSJ8EVMtwydsurxSIc#heading=h.gjdgxs; Adrian Lim,
'NMPs က အစိုးရ၏ ဆုံးဖြတ်ချက်အား လွတ်လပ်သောကောင်စီတခုဖွဲ့စီစစ်သုံးသပ်ရန်အပါအဝင် သတင်းတုတိုက်ဖျက်ရေးဥပဒေမူကြမ်းပြင်ဆင်ရန် အကြံပြုချက် ၄ ခု ပေးပို့ခဲ့"', The Straits Times, 30 April 2019, Available at: https://www.straitstimes.com/politics/nmps-suggest-four-amendments-to-draft-fake-news-law-including-having-independentcouncilto?fbclid=IwAR1T1l5yxVd4XLqbyjMpWYcWZlTdnxxJPgGuZss83TRw5IRr36yYuwrMPvs;
Johannes Tjendro, "ပညာရှင်များက အွန်လိုင်းသတင်းတုတိုက်ဖျက်ရေးဥပဒေမူကြမ်းနှင့်ပတ်သက်ပြီး စိုးရိမ်းလျက်ရှိ၊ MOE က သုတေသနလုပ်ငန်းများထိခိုက်မှုမရှိဟုဆို"', Channel News Asia, Available at: https://www.channelnewsasia.com/news/singapore/academics-raise-concerns-on-proposed-online-falsehoods-laws-moe-11446818

[451] ICJ သည် ပေးပို့စာနှင့်စပ်လျဉ်း၍ပြန်ကြားမှုမရရှိခဲ့ပေ။ See ICJ, "စင်ကာပူ- ICJ က စင်ကာပူအစိုးရအား အွန်လိုင်းသတင်းထိန်းချုပ်သည့်ဥပဒေမူကြမ်းအား လက်ရှိမူကြမ်းအတိုင်းအတည်မပြုရန်တောင်းဆိုခဲ့" ', 12 April 2019, Available at: https://www.icj.org/singapore-icj-calls-on-government-not-to-adopt-online-regulation-bill-in-current-form/

ဝေဝါးကျယ်ပြန့်သော ဥပဒေပြဋ္ဌာန်းချက်များသည် တရားဥပဒေ၏ အခြေခံမူများကို ချိုးဖောက်လျက် နိုင်ငံသားများအနေဖြင့် ၎င်းတို့အားတိတိကျကျနားလည်သဘောပေါက်ပြီး လိုက်နာ ဆောင်ရွက်ရန် အခက်ခဲများစွာဖြစ်စေသည်။ "မှားယွင်းသောထုတ်ဖော်ရေးသားချက်များအား အီလက်ထရောနစ်စနစ်အရ ဆက်သွယ်မှုမှကာကွယ်ရန်" ထုတ်ပြန်ထားသည့် ထိုအက်ဥပဒေသည် "မှားယွင်းသောထုတ်ဖော်ရေးသားချက်"ကို လုံလောက်စွာရှင်းလင်းဖွင့်ဆို ထားခြင်းမရှိဘဲ ပုဒ်မ ၂ တွင် ဤဥပဒေနှင့်အကျုံးဝင်သော ရေးသားချက်၊ ရုပ်ပုံဖော်ပြချက်၊ အသံနှင့် အခြားနည်းလမ်းဖြင့် ဖော်ပြချက်စသော နည်းလမ်းအမျိုးမျိုးဖြင့်ဆက်သွယ်မှုအားလုံးဟူ၍သာ ပါရှိလေသည်။[452] ပုဒ်မ ၇ တွင် "စင်ကာပူနိုင်ငံ၏ လုံခြုံရေး၊ အများပြည်သူကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် တည်ငြိမ် အေးချမ်းမှုအား ထိပါးနှောင့်ယှက်မှု" "ရွေးကောက်ပွဲရလဒ်အား လွှမ်းမိုးသက်ရောက်မှု" သို့မဟုတ် "အစိုးရ၊ နိုင်ငံတော်အဖွဲ့စည်းတစ်ရပ်၊ ဥပဒေအရ ဖွဲ့စည်းထားသည့်ဘုတ်အဖွဲ့၏ တာဝန် ထမ်းဆောင်မှု (သို့) တာဝန်တစ်ရပ်ရပ်အား (သို့) အာဏာကျင့်သုံးမှုအပေါ် အများပြည်သူ၏ ယုံကြည် စိတ်ချမှု ထိပါးယုတ်လျော့စေမှု" စသည်တို့ကိုဖြစ်စေနိုင်သည့် ပြန်ကြားဆက်သွယ်မှု လုပ်ရာတွင် ပါဝင်သည့် "မှားယွင်းသော ထုတ်ဖော်ရေးသားချက်"အားလုံးဆက်သွယ်မှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားပါ သည်။ ထိုပြဋ္ဌာန်းချက်တွင် "အများပြည်သူလုံခြုံစိတ်ချရမှု" "တည်ငြိမ်အေးချမ်းမှု" နှင့် "အများပြည်သူအကျိုးစီးပွား"ဟူသော အမျိုးအစားများကိုအခြေအနေသတ်မှတ်ခြင်း (သို့) အဓိပ္ပါယ် ဖွင့်ဆိုထားခြင်းမရှိပေ။[453]

POFMA ဥပဒေဖြင့် ဝန်ကြီးများ၊ အစိုးရအာဏာပိုင်များအား ၎င်းအက်ဥပဒေစီမံခန့်ခွဲရာတွင် ကျယ်ပြန့်သော လုပ်ပိုင်ခွင့်/စီရင်ခွင့်များ ပေးအပ်ထားပြီး မတရား (သို့) အလွဲသုံးစားပြု အကောင် အထည်ဖော်မှုမှ ကာကွယ်ရန်

---

[452]အွန်လိုင်းပေါ်မှ အမှားများနှင့် ကြိုးကိုင်ခြယ်လှယ်မှုများမှ ကာကွယ်ရေး အက်ဥပဒေ (ဥပဒေအမှတ် ၁၀/၂၁၉) ('POFMA'),Available at: https://www.parliament.gov.sg/docs/default-source/default-document-library/protection-from-online-falsehoods-and-manipulation-bill10-2019.pdf; See ICJ, 'Legal Briefing: အွန်လိုင်းပေါ်မှ အမှားများနှင့် ကြိုးကိုင်ခြယ်လှယ်မှုများမှ ကာကွယ်ရေး အက်ဥပဒေ (ဥပဒေအမှတ် ၁၀/၂၀၁၉), 12 April 2019 ('ICJ Legal Briefing'), p. 4, Available at: https://www.icj.org/wp-content/uploads/2019/04/Singapore-onlineregulationbill-briefing-advocacy-open-letter-2019-ENG.pdf

[453] ICJ Legal Briefing, p. 5.

လွတ်လပ်သောစောင့်ကြည့်လေ့လာသည့် လုပ်ငန်းစဉ်များ လုံလောက်စွာပါဝင်ခြင်းမရှိပေ။ POFMA ဥပဒေ၏ အပိုင်း ၃ မှ ၇ အထိတွင် "မှားယွင်းသော ထုတ်ဖော် ရေးသားချက်"များအား ဖြန့်ဝေမှုအား "ပိတ်ပင်ရပ်တန့်" (သို့) "ရပ်နား"ရန် ဝန်ကြီးများအား လုပ်ပိုင်ခွင့်အပ်နှင်းထားပြီး "မှားယွင်းသောထုတ်ဖော်ရေးသားချက်"များအား ဖြန့်ဝေရာတွင် အသုံးပြုသည့် ဝန်ဆောင်မှုများအား "တားဆီးရန်" (သို့) အွန်လိုင်းအသုံးပြုမှု "မရရှိရန်" (သို့) အင်တာနက်ကြားခံကိုယ်စားလှယ်များအား "ပိတ်ပင်တားဆီးရန်" လုပ်ပိုင်ခွင့်လည်း ပြုထားပါသည်။ အစိုးရအာဏာပိုင်များသည် "ယုံကြည်စိတ်ချရသည့် သတင်းအချက်အလက် အရင်းအမြစ်များအား အထူးပြုဖော်ပြထားသည့်" "လိုက်နာရမည့် စည်းမျဉ်းများ" ထုတ်ပြန်ခြင်းအားဖြင့် ဒစ်ဂျစ်တယ် ကြော်ငြာမှု (သို့) အင်တာနက်ဝန်ဆောင်မှုများမှတဆင့် သတင်းအချက်အလက်စီးဆင်းမှု ထိန်းချုပ် နိုင်လေသည်။[454] ထိုသို့သော ပြဿနာစုကို ဖြစ်စေအချက်များကို ဖြေရှင်းနိုင်သည့်ပထမအဆင့်မှာ ဥပဒေနှင့်အညီ ချမှတ်ထားသည့် အမိန့် (သို့) လမ်းစဉ်များကို ဝန်ကြီးအဆင့်ပြန်လည် သုံးသပ်ခြင်း ဖြစ်ပြီး အမိန့်ချမှတ်သည့် ဝန်ကြီးများအား ပြန်လည်စောကြော မေးခွန်းထုတ်ကာ ထိုလေ့လာ သုံးသပ်ချက်များ၏ အမှီအခိုကင်းမှုကိုလည်း ဆင်ခြင်ရန်လိုသည်။[455] ထိုဥပဒေသည် အများပြည်သူ စိတ်ဝင်စားမှု၊ သာမာန်အမှား၊ သရောဝေဖန်မှုနှင့် အနုပညာမြောက်ဖော်ပြမှုတို့ကို ကာကွယ် နိုင်ရန်အပါအဝင် ချွင်းချက်ပေးမှုနှင့် အကာအကွယ်ပြုမှုများမပါဝင်သည့်အပြင် သတင်းအချက် အလက်နှင့် လွတ်လပ်စွာထုတ်ဖော် ရေးသားမှုတို့အား တိတိပပကာကွယ်ပေးနိုင်မှုလည်း မရှိပေ။ ဤဥပဒေအောက်တွင် ထုတ်ပြန်ထားသည့် အမိန့်များအား စီရင်ချက်ဆိုင်ရာ ရှင်းလင်းချက် ရှုထောင့်အရ တရားမဝင်မှု၊ အကျိုးအကြောင်းဆီလျော်မှုကင်းမဲ့မှုနှင့် လုပ်ထုံးလုပ်နည်း အလွဲသုံးစားပြုမှုတို့အား စောကြော မေးခွန်းထုတ်နိုင်သော နည်းလမ်းများ ပါဝင်ခြင်း မရှိပေ။[456]

"မှားယွင်းသောထုတ်ဖော်ရေးသားချက်"မှုမြောက်သည့် ရာဇဝတ်မှုအတွက် POFMA တွင် ထောင်ဒဏ်အမျိုးမျိုး နှင့် ကြီးလေးသောငွေဒဏ်များအားချမှတ်ထည့်သွင်းထားပြီး လူမှုမီဒီယာ ပေါ်တွင် ယင်းသို့သောသတင်းအချက်အလက်များကို ထောက်ခံ၊ မျှဝေ၊ အမြင်မှတ်ချက်ပေးသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအားအရေးယူနိုင်သကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့်အဓိပ္ပါယ်ကောက်

---

[454] POFMA ဥပဒေ၊ ပုဒ်မ ၄၈(၁)(၂)၊ ၄၈ (၁) ၃။

[455] ICJ Legal Briefing, pp. 6, 7.

[456] ICJ Legal Briefing, pp. 11, 12.

အရေးယူနိုင် သည့် ပြဋ္ဌာန်းချက်တစ်ခုဖြစ်လေသည်။ ထို့အပြင် ထိုသို့သောပြန်ကြားဆက်သွယ်မှုများအား ပံ့ပိုးဖြစ်စေသည့် ကြားခံအဖွဲ့စည်း/လူပုဂ္ဂိုလ်များအားလည်း အရေးယူနိုင်လေသည်။ ထို့ကြောင့်ပင် အများပြည်သူစိတ်ဝင်စားသည့်အကြောင်းအရာများ၊ အရေးကိစ္စရပ်များအပေါ် ဆွေးနွေးရာတွင် အမြင်သဘောထားများနှင့် သတင်းအချက်အလက်များ လွတ်လပ်စွာဆက်သွယ်မှုအား များစွာ ဟန့်တားမှုဖြစ်စေသည်။ အပြစ်ဒဏ်တွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီကျူးလွန်ပါက ငွေဒဏ် စင်ကာပူ ဒေါ်လာ ၁၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၇၃၀၀၀) ဖြစ်စေ၊ ထောင်ဒဏ် ၁၀ ထိဖြစ်စေ၊ နှစ်ရပ်လုံး ဖြစ်စေချမှတ်နိုင်ပြီး အဖွဲ့အစည်းများဖြစ်ပါက ဒဏ်ငွေ စင်ကာပူဒေါ်လာ ၁ သန်းခန့် (အမေရိကန် ဒေါ်လာ ၇၃၀၀၀၀) အထိလည်းကောင်း၊ နေ့စဉ်ဆက်တိုက်ကျူးလွန်မှုအတွက် (“ရက်တစ်ရက်” ကိုတိကျစွာပြဋ္ဌာန်းထားခြင်းမရှိသော်လည်း) တစ်ရက်လျှင် စင်ကာပူဒေါ်လာ ၁၀၀၀၀၀ ခန့် (အမေရိကန်ဒေါ်လာ ၇၃၀၀၀) အပြစ်ဒဏ်ကို ချိုးဖောက်ကျူးလွန်သည့်အဖွဲ့အစည်းအား ချမှတ်နိုင် လေသည်။[457]

မလေးရှားနိုင်ငံ၏ AFNA ဥပဒေကဲ့သို့ပင် ဤ POFMA ဥပဒေသည် စင်ကာပူနိုင်ငံအတွင်း သာမက ပြင်ပရှိနိုင်ငံသားများ၏အခွင့်အရေးများကိုချိုးဖောက်ပြီး “နယ်စီးမခြား” သတင်း အချက် အလက်နှင့် လွတ်လပ်စွာ ထုတ်ဖော်ရေးသားပြောဆိုခွင့်အား ကာကွယ်ပေးရန် တာဝန်အား လျစ်လျူရှုလျက် “နိုင်ငံတွင်း နှင့် ပြင်ပရှိ” လူပုဂ္ဂိုလ်တစ်ဦးချင်း (သို့) အဖွဲ့အစည်းများကို ၎င်းတို့၏ နယ်နိမိတ်ပြင်ပကျူးလွန်မှုအတွက် အပြစ်ပေးနိုင်ခွင့်ပြုထားပါသည်။[458]

လွတ်လပ်စွာရေးသားထုတ်ဖော်ပြောခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ POFMA ဥပဒေနှင့်စပ်လျဉ်း၍ စင်ကာပူအစိုးရထံပေးအပ်သည့်စာတွင် ထိုဥပဒေသည် “တရားဝင်ရေးသား ထုတ်ဖော်ပြောဆိုမှုများ၊ အထူးသဖြင့် အများပြည်သူဆွေးနွေးငြင်းခုံမှုများ၊ နိုင်ငံရေးအမြင် ကွဲလွဲ ချက်များနှင့် အစိုးရမူဝါဒအပေါ်ဝေဖန်မှုများအား များစွာအဟန့်အတား ဖြစ်စေသည့်အပြင်” “မှားယွင်းမှုသောဖော်ပြမှုဟု ဝေဝါးစွာခေါင်းစဉ်တပ်ကာ ကန့်သတ်

[457] ICJ Legal Briefing, pp. 8 to 11.

[458] ICJ Legal Briefing, pp. 12, 13.

ပိတ်ပင်မှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ရာတွင် အခြေခံအဖြစ်ပံ့ပိုးပေးနိုင်ကြောင်း" ၎င်း၏စိုးရိမ်မှုကို မီးမောင်းထိုးဖော်ပြခဲ့သည်။[459]

**Brad Bowyer ၏ဖြစ်ရပ်**

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် POFMA ဥပဒေသုံး၍ တရားစွဲသည့်ပထမဆုံးအမှုအဖြစ် အတိုက်အခံနိုင်ငံရေးပါတီဝင်တစ်ဦးဖြစ်သူ **Brad Bowyer** အား အစိုးရနှင့်ဆက်နွယ်လျက်ရှိသည့် ကုမ္ပဏီနှစ်ခုဖြစ်သည့် Temasek Holdings Pte. Ltd နှင့် GIC Pte Ltd[460] တို့၏ အမှီအခိုကင်းမှုအား မေးခွန်းထုတ်ထားပြီး ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာများအား ထောက်ပြထားသည့် လွန်ခဲ့သည့် ၂ ပတ်အတွင်းတင်ခဲ့သော Brad ၏ ဖေ့စ်ဘွတ်ပို့စ်အား ပြင်ဆင်ရန် POFMA ရုံးမှအမိန့် ချမှတ် ခဲ့သည်။[461]

*"ယခုပို့စ်တွင် မှားယွင်းသောထုတ်ဖော်ရေးသားချက်များပါဝင်ပြီး အစိုးရအပေါ် ပြည်သူ၏ ယုံကြည်မှု အား ထိပါးပျက်ပြားစေသည်...အောက်ပါအတိုင်းပြင်ဆင်ရန်လိုအပ်ပါသည်- GIC နှင့် Temasek တို့သည် စီးပွားရေးလုပ်ငန်းများကို၎င်းတို့ဘာသာဆောင်ရွက်လျက်ရှိပြီး အစိုးရသည် ၎င်းတို့၏ ရင်းနှီး မြှုပ်နှံမှုဆိုင်ရာဆုံးဖြတ်ချက်များတွင် ပါဝင်ပတ်သက်မှုမရှိပေ"* ဟု

---

[459] လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ စင်ကာပူအစိုးရထံ ပေးအပ်သည့်စာ- စာအမှတ် - SGP 3/2019၊ , 24 April 2019, Available at: https://www.ohchr.org/Documents/Issues/Opinion/Legislation/OL_SGP_3_2019.pdf

[460] ဝန်ကြီးချုပ်လီရှိန်လွန်းသည် GIC Pte.Ltd ကုမ္ပဏီဘုတ်အဖွဲ့ဥက္ကဋ္ဌဖြစ်ပြီး ၎င်း၏အမျိုးသမီးဖြစ်သူ ဟိုချိန်သည် Temasek Holdings Pte. Ltd ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်နှင့် အမှုဆောင်ဒါရိုက်တာဖြစ်သည်။ See https://www.gic.com.sg/about-gic/governance/board-of-directors/; https://www.temasek.com.sg/en/who-we-are/our-leadership.html.

[461] Channel News Asia_ POFMA ရုံးသည် "သတင်းတုတိုက်ဖျက်ရေးဥပဒေ" ပထမဦးဆုံးသုံးသည့်အနေဖြင့် Brad Bowyer အား ၎င်း၏ ဖေ့စ်ဘွတ်ပို့စ်ဖျက်ရန်ညွှန်ကြားခဲ့သည်။ 25 November 2019 ('CNA, 25 November 2019') Available at: https://www.channelnewsasia.com/news/singapore/brad-bowyer-facebook-post-falsehood-pofma-fakenews-12122952; Tham Yuen C, 'အစိုးရသည် သတင်းတုဥပဒေအား ပထမဆုံးသုံး၍ အတိုက်ခံပါတီဝင် Brad Bowyer အား ၎င်းရေးသားထားသည့် Temasek၊ GICနှင့်စပ်လျဉ်းသည့်ဖေ့စ်ဘွတ်ပို့စ်အားဖျက်သိမ်းရန် အမိန့်ထုတ်ခဲ့သည်။ Straits Times, 25 November2019 ('Straits Times, 25 November 2019'), Available at: https://www.straitstimes.com/singapore/pofma-office-directs-opposition-member-brad-bowyer-to-add-correction-notice-to-facebook

ဘဏ္ဍာရေးဝန်ကြီး၏ ညွှန်ကြားချက် နှင့် အညီ Bowyer အား ၎င်းဖော်ပြချက် ပြင်ဆင်ရန်အမိန့်အား ထုတ်ပြန်ခဲ့သည်။ [462]

ပြင်ဆင်ရန်ညွှန်ကြားချက်ရရှိသည့်နေ့တွင် Bower သည် ၎င်း၏ဖေ့စ်ဘွတ်ပို့စ်အား ပြင်ဆင်ခဲ့သည်။ ၎င်းမှဆက်လက်ပြီး *"ကျွန်တော်အနေနဲ့ အများပြည်သူအကျိုးအတွက် ကျွန်တော်ရေးထားတဲ့ပို့စ်ကို ပြင်ဆင်ဖို့ (သို့) ရှင်းလင်းချက်လုပ်ဖို့ ငြင်းဆန်မှုမပြုပါဘူး...အဆုံးသတ်အနေဖြင့် ပြည်တွင်း နိုင်ငံရေးနှင့် လူမှုအရေးကိစ္စတွေမှာ အမြင်မှတ်ချက်ပြုသူတွေကို ကျွန်တော်သတိပေးလိုတာက အထူးသတိထားပြီး ရေးသားကြဖို့ပါ၊ အထူးသဖြင့် သင့်အနေနဲ့ လွှမ်းမိုးနိုင်စွမ်းရှိတဲ့သူဆိုရင် ပိုသတိထားဖို့လာပါတယ်"*[463]

နိုင်ငံတွင်းကျင်းပမည့် အထွေထွေရွေးကောက်ပွဲရှင်ပြိုင်မည့် အတိုက်အခံပါတီဝင် တစ်ဦးအား POFMA ဥပဒေသုံး၍ အရေးယူခြင်းသည် ထိုဥပဒေဖြင့် ဆန့်ကျင်ဘက် အမြင်ဝေဖန်ရေးသားသူ များအား ဦးတည်အရေးယူလာနိုင်သည်ဟူသော စိုးရိမ်ဝေဖန်သံများ ထွက်ပေါ်လာသည်။ Bowyer ဖြစ်ရပ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၎င်း၏ထုတ်ဖော် ရေးသားချက်သည် "အများပြည်သူ လုံခြုံရေး" (သို့) "အများပြည်သူတည်ငြိမ်အေးချမ်းရေး" အား မည်သို့မည်ပုံ ခြိမ်းခြောက်လျက် ရှိကြောင်းနှင့် ၎င်း၏ရေးသားချက်သည် " အများပြည်သူ၏ ယုံကြည်မှုအားပျက်ပြားယုတ်လျော့စေ" သည်ဟုအစိုးရမှ မည်သို့မည်ပုံဆုံးဖြတ်ခဲ့ကြောင်းစသဖြင့် ရှင်းလင်းထုတ်ပြန်ခြင်းမရှိခဲ့ပေ။ Bowyer ၏အမြင်မှတ်ချက်အား သက်ဆိုင်ရာအစိုးရဌာနများ အနေဖြင့် ပိတ်ပင်တားဆီးရာတွင် ဖြေရှင်းချက်စာ ထုတ်ပြန်သင့်လေသည်။ ကုမ္ပဏီများ၏ အမှီအခိုကင်းမှုအပေါ် မေးခွန်းထုတ်ခဲ့မှုမှာ အများပြည်သူ စိတ်ဝင်စားသည့်ကိစ္စရပ်များအပေါ် လွတ်လပ်စွာ ဆွေးနွေးငြင်းခုံမှုအား ခွင့်ပြုပေးရန်လိုသည့် အမြင် သဘောထားတစ်ခုပင် ဖြစ်သည်။[464]

စင်ကာပူနိုင်ငံအား စောင့်ကြည့်လေ့လာသူများက POFMA ဥပဒေအသုံးပြုခြင်းသည် အတိုက်အခံနိုင်ငံရေးသမားတစ်ဦးရေးသားထားသည့် လူသိနည်းသည့်ပို့စ်အား လူအများအာရုံစိုက် ဂရုပြုမှုကိုဖြစ်စေပြီး Bowyer အား ဦးတည်အရေးယူခြင်းသည် အထွေထွေရွေးကောက်ပွဲမတိုင်မီ

---

[462] CNA, 25 November 2019.

[463] CNA, 25 November 2019.

[464] မိတ်ဖက်များနှင့် ICJ ဆက်သွယ်မှုတွင်လည်းဖော်ပြထားပါသည်။ .

နိုင်ငံရေးနှင့်ဆက်နွယ်သောဆွေးနွေးမှုများအားလုံးကို POFMA သုံး၍ကန့်သတ်မည်ဟူသော သတင်းစကားအား အများပြည်သူထံအသိပေးခြင်းဟုလည်းယူဆနိုင်လေသည်။[465]

## ဖိလစ်ပိုင်နိုင်ငံ

၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် နိုင်ငံ၏ကတိကဝတ်ဖြစ်သည့် "ပြည်သူလူထု၏ အခြေခံအခွင့်အရေးများဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စာနယ်ဇင်းလွတ်လပ်ခွင့်တို့အား အသိအမှတ်ပြုလျက် နိုင်ငံတော်၏အကျိုးစီးပွားအား ထိခိုက်စေမည့်သက်ရောက်မှုများအား တန်ပြန် တိုက်ဖျက်ရန်" ကိုဖြည့်ဆည်းရန်ဟု ထုတ်ပြန်လျက် "အများပြည်သူအား အင်တာနက်ပေါ်ပျံ့နှံ့ လျက်ရှိသော မှားယွင်းမှုဖြစ်စေသည့် (သို့) မှားယွင်းသော သတင်းအချက်အလက်များမှ ကာကွယ်ရန်" **"အကြောင်းအရာတုများတိုက်ဖျက်ရေးဥပဒေမူကြမ်း"** (AFC Bill)အား လွှတ်တော်သို့ တင်သွင်း ခဲ့သည်။[466]

AFC ဥပဒေမူကြမ်းပါ ပြဋ္ဌာန်းချက်များမှာ မလေးရှားနိုင်ငံ၏ AFNA ဥပဒေ၊ စင်ကာပူနိုင်ငံ၏ POFMA ဥပဒေတို့နှင့်ဆင်တူပြီး ထိုဥပဒေသည် အစိုးရအာဏာပိုင်များအား မည်သို့သော သတင်း အချက်အလက်များကို အွန်လိုင်းပေါ် ခွင့်ပြုပျံ့နှံ့စေမည်ကို ဆုံးဖြတ်ထိန်းချုပ်နိုင်သော ကြီးမားသော လုပ်ပိုင်ခွင့်အာဏာများပေးအပ်ထားလေသည်။ ယင်းဥပဒေ၏ ပုဒ်မ ၅ တွင် တရားရေးဦးစီးဌာန (DOJ) အောက်ရှိဆိုက်ဘာပြစ်မှုတိုက်ဖျက်ရေးရုံးအနေဖြင့် လူပုဂ္ဂိုလ်များ၊ အွန်လိုင်းတဆင့်ခံ အဖွဲ့အစည်းများ နှင့် အွန်လိုင်းအကောင့်ပိုင်ရှင်များအား "အများပြည်သူထင်ယောင်ထင်မှား ဖြစ်စေ သော" သတင်းအချက်အလက်များအား "စိစစ်ပြင်ဆင်"၊ "ဖြုတ်ချ" (သို့) "ဝင်ရောက်ဖတ်ရှုခွင့်ပိတ်ပင်"ခြင်းတို့ကို လုပ်ဆောင်ခွင့်ပြုထားပါသည်။[467] ဥပဒေတွင် တရားရေးဦးစီးဌာန၊ အရာရှိများအနေဖြင့် မည်သို့သောအွန်လိုင်းသတင်းအချက်အလက်များကို ခွင့်ပြုသင့်သည်၊ ထိန်းချုပ်သင့်သည် စသဖြင့် မည်သို့ဆုံးဖြတ်ရမည်စသော လမ်းညွှန်ချက်များမပါရှိသည့်အပြင် သတင်းအချက်အလက် နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်များကို ဖော်ပြထားခြင်းမရှိပေ။

---

[465] မိတ်ဖက်များနှင့် ICJ ဆက်သွယ်မှု။

[466] 'သတင်းတုများ၏သက်ရောက်မှုများတိုက်ဖျက်လျက် အရေးယူနိုင်သောအပြစ်ဒဏ်များထည့်သွင်းထားသည့် အင်တာနက်ပေါ်အကြောင်းအရာ/သတင်းတုများရေးသားထုတ်ဝေပျံ့နှံ့မှုတားမြစ်သည့်အက်ဥပဒေ၊ ('AFC Bill'), Available at: [https://senate.gov.ph/lisdata/3022527054!.pdf](https://senate.gov.ph/lisdata/3022527054!.pdf)

[467] AFC Bill, ပုဒ်မ ၅။.

ဖြုတ်ချနိုင်သော သတင်းအချက်အလက်များတွင် “အများပြည်သူအကျိုးစီးပွားထိခိုက်စေသည့် အရေးကိစ္စရပ်များ” ပါဝင်သည်။[468] “အများပြည်သူအကျိုးစီးပွား” ကိုလည်း “နိုင်ငံတော်လုံခြုံရေး၊ ပြည်သူ့ကျန်းမာရေး၊ ပြည်သူ့ ဘေးကင်းရေး၊ ငြိမ်ဝပ်ပိပြားမှု၊ အစိုးရအပေါ်လူထုယုံကြည်မှုနှင့် နိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး တို့အား သက်ရောက်မှုရှိသည့် အရာအားလုံး”ဟု ဝေဝါးကျယ်ပြန့်စွာ ဖွင့်ဆိုထားပြန်သည်။[469]

ဥပဒေပါ ကျယ်ပြန့်သောပြဋ္ဌာန်းချက်များကြောင့် ဥပဒေအား အလွယ်တကူနားမလည်နိုင်ဘဲ လူပုဂ္ဂိုလ် တစ်ဦးချင်းစီအနေဖြင့် ဥပဒေနှင့် အညီနေထိုင်ပြုမူရန် လမ်းညွှန်ချက်များ ချပြနိုင်ခြင်း မရှိပေ။ အွန်လိုင်းပြန်ကြားဆက်သွယ်မှုပုံစံအားလုံးနီးပါးကို AFC ဥပဒေ၊ ပုဒ်မ ၃ ဖြင့်တရားစွဲဆို အရေးယူမှုပြုနိုင်လေသည်။ ပုဒ်မ ၃ တွင် “စာသား၊ ဓာတ်ပုံ၊ အသံမှတ်တမ်းဖိုင်၊ ဗီဒီယို (သို့) ကာတွန်း သရုပ်ဖော်ပြချက် ပုံစံတစ်မျိုးမျိုးဖြင့်ရှိသော အကြောင်းအရာများကို အများပြည်သူထံအကြောင်း ကိစ္စရပ်တစ်ခုနှင့်စပ်လျဉ်း၍ ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေနိုင်ရန် အွန်လိုင်းပလက်ဖောင်းများပေါ်တွင် ယင်းအကြောင်းအရာများအား တင်ခြင်း” ဟုပါရှိသည်။[470] ထိုဥပဒေဖြင့် အွန်လိုင်းပို့စ်သည် ရာဇဝတ်မှု မြောက်မမြောက်ဆုံးဖြတ်ရာတွင် တစ်ခုတည်းသောအချက်မှာ “မှားယွင်းသည်ဟုသိရှိမှု (သို့) မှားယွင်း သည်ဟု လက်ခံနိုင်ဖွယ်ရှိ (သို့) အများပြည်သူအား ထင်ယောင်ထင်မှားဖြစ်စေနိုင်ရန်” (အများ ပြည်သူအား ထင်ယောင်ထင်မှားဖြစ်စေသော အရာများကို ရှင်းလင်းထားခြင်းမရှိပေ) အကြောင်း အရာများကို ဖြန့်ဝေခြင်းရှိမရှိပင်ဖြစ်ပြီး ဤဥပဒေသည် ထိုသို့သော အကြောင်းအရာ တင်သူများအား အပြစ်ပေးနိုင်ရုံမျှမက ထိုအကြောင်းအရာများဖန်တီးပြုလုပ် (သို့) ထုတ်ပြန်မှုအား ကူညီမှု (သို့) ရန်ပုံငွေထောက်ပံ့မှုပြုခဲ့သူ မည်သူမဆိုအားလုံးကိုလည်း အပြစ်ပေးနိုင်လေသည်။[471] ဤနည်းအားဖြင့် လူမှုဒီယာဝန်ဆောင်မှုများ၊ သတင်းအချက်အလက်ရှာဖွေရေးစနစ် ဝန်ဆောင်မှုများ၊ အွန်လိုင်မက်ဆေ့ဝန်ဆောင်မှုများ၊ အွန်လိုင်းဗီဒီယိုနှင့် အသံဖိုင်မျှဝေသည့်

468 Ibid.

469 AFC Bill, ပုဒ်မ ၃ (ဃ)။

470 AFC Bill, ပုဒ်မ ၃၊ (က) (ခ)။

471 AFC Bill, ပုဒ်မ ၄၊ (က) (ဂ) (ဃ)။

ဝန်ဆောင်မှုများစသော အွန်လိုင်းဆက်သွယ်ရေးဝန်ဆောင်မှုအားလုံးအား အရေးယူနိုင်မည်ဖြစ်သည်။[472]

စင်ကာပူနိုင်ငံ၏ POFMA ကဲ့သို့ပင် ဤဥပဒေသည် ဖြေရှင်းဆောင်ရွက်မှု (သို့) တာဝန်ခံမှုရှိစေခြင်းဆိုင်ရာ လုပ်ငန်းစနစ်များလုံလောက်စွာချမှတ်ထားခြင်းမရှိဘဲ ဥပဒေအကောင်အထည်ဖော်သူကိုပင် အကောင်အထည်ဖော်မှုအား လေ့လာဆန်းစစ်မှုနှင့် စောင့်ကြည့်လေ့လာမှုကိုပင်ပြုလုပ်ခိုင်းထားလေသည်။ " ပြင်ဆင်မှု" "ဖြုတ်ချမှု" (သို့) "လေ့လာဖတ်ရှုရယူနိုင်မှုပိတ်ပင်မှု" ဆိုင်ရာ အမိန့်များအား ဥပဒေအရပြန်လည်လေ့လာသုံးသပ်ရန်ခွင့်မပြုထားသည့်အပြင် ပုဒ်မ ၆ တွင် ထိခိုက်နစ်နာသူအား အမိန့်ချမှတ်သော အာဏာပိုင်အဖွဲ့ဖြစ်သည့် တရားရေးဦးစီးဌာနကိုပင် အမိန့်ချမှတ်ပြီး ၁၅ ရက်အတွင်း "ပြန်လည်စီစစ်ရန် အသနားခံလွှာ" တင်သွင်းနိုင်ကြောင်းဟုပြဌာန်းထားပါသည်။[473]

ဥပဒေချိုးဖောက်သောအကြောင်းအရာများအား ထုတ်ဝေမှုအတွက် ထောင်ဒဏ် ၆ နှစ် နှင့် ငွေဒဏ် ပီဆို ၅၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၉၈၂၆) အထိလည်းကောင်း၊ ထိုအကြောင်းအရာများပြုလုပ်ဖန်တီးမှု (သို့) ထုတ်ဝေမှုအား ရန်ပုံငွေထောက်ပံ့မှုအတွက် ထောင်ဒဏ် ၁၂ နှစ် နှင့် ငွေဒဏ် ပီဆို ၂ သန်း (အမေရိကန်ဒေါ်လာ ၃၉၂၉၅) အထိလည်းကောင်း အပြစ်ဒဏ်ချနိုင်အောင် ဥပဒေတွင်ပြင်းထန်သောအပြစ်ဒဏ်များထည့်သွင်းထားပါသည်။[474] ထိုဥပဒေသည်လည်း ဖိလစ်ပိုင်နိုင်ငံပြင်ပရှိ အွန်လိုင်းသတင်းအချက်အလက်များပို့စ်တင်သူ နိုင်ငံသားများကိုလည်း အရေးယူနိုင်သည့် နယ်နိမိတ် ပြင်ပ ကျင့်သုံးဆောင်ရွက်ခွင့်ပြုထားပါသည်။[475]

## လာအိုနိုင်ငံ

၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် သတင်းအချက်အလက်၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနသည် "လူမှုမီဒီယာများပေါ်တွင် သတင်းတုများနှင့် မှားယွင်းသောအချက်အလက်များ

---

[472] လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့၊ "ဖိလစ်ပိုင်နိုင်ငံသည် သတင်းတုတိုက်ဖျက်ရေးဥပဒေမူကြမ်းဖယ်ရှားမှုအား လက်မခံချေ" 25 July 2019, Available at: https://www.hrw.org/news/2019/07/25/philippines-reject-sweeping-fake-news-bill?fbclid=IwAR0hQJrQ3KzKLz0ac96mYnny09F0L5AGZa8Kx-gcRhSHRrelcN8XNvOR7g8

[473] AFC Bill, ပုဒ်မ ၆။

[474] AFC Bill, ပုဒ်မ ၈။ .

[475] AFC Bill, ပုဒ်မ ၉။

ပျံ့နှံ့မှုထိန်းချုပ်နိုင်ရေး” ဦးတည်လျက် လူမှုမီဒီယာပလက်ဖောင်းများပေါ်ရှိ သတင်းနှင့် သတင်းအချက်အလက်မျှဝေသည့်အုပ်စုများ၏ ပိုင်ရှင်များ/စီမံခန့်ခွဲသူများအနေဖြင့် ဝန်ကြီးဌာနအောက်ရှိ၊ မီဒီယာဦးစီးဌာနတွင် ၎င်းတို့၏လုပ်ငန်းများကို မှတ်ပုံတင်ရမည်ဟူသော **အစိုးရအမိန့်တစ်ရပ်** ထုတ်ပြန်ခဲ့သည်။[476] ထိုအမိန့်ထုတ်ပြန်ရာတွင် အဆိုပါဝန်ကြီးဌာနအောက်ရှိ မီဒီယာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က ဤအမိန့်အား လာအိုနိုင်ငံ၏ **“၂၀၁၅ ခုနှစ် ဆိုက်ဘာပြစ်မှုများ ကာကွယ်ရေး နှင့် တိုက်ဖျက်ရေးဆိုင်ရာဥပဒေ** (‘ဆိုက်ဘာပြစ်မှုဆိုင်ရာဥပဒေ’) နှင့် အညီ ဆောင်ရွက်မည်ဟု ထုတ်ပြန်ခဲ့သည်။ ထိုဆိုက်ဘာပြစ်မှုဆိုင်ရာဥပဒေ၊ ပုဒ်မ ၈ တွင် “အွန်လိုင်းလူမှုမီဒီယာများမှတဆင့် ထိခိုက်မှုများဖြစ်စေခြင်း” အတွက် ထောင်ဒဏ် ၃ နှစ် နှင့် ငွေဒဏ် သန်း ၂၀ အထိ (အမေရိကန် ဒေါ်လာ ၂၂၉၀ )အထိ အပြစ်ဒဏ်ချမှတ်နိုင်ကြောင်းဖော်ပြထားလေသည်။[477] မီဒီယာများသည် “နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဥပဒေများ၊ လမ်းညွှန်းချက်များနှင့် လမ်းစဉ်များကို ဖြန့်ဝေနိုင်အလို့ငှာ ၎င်းတို့၏ တာဝန်များကို…ပါတီ (အာဏာရလာအိုပြည်သူ့တော်လှန်ရေးပါတီ)၏ အသံနှင့်တပြေးညီတည်းအကောင်အထည်ဖော်မှုဖြစ်စေရန်” ၂၀၁၆ ခုနှစ်တွင် အတည်ပြုခဲ့သည့် ၂၀၀၈ မီဒီယာဥပဒေအား ပြင်ဆင်သည့်ဥပဒေနှင့်အညီ လုပ်ငန်းလည်ပတ် ဆောင်ရွက်ရမည် ဖြစ်သည်။[478]

---

[476] Richard Lipes, ‘သတင်းတုများထိန်းချုပ်နိုင်ရေး ပုဂ္ဂလိကအွန်လိုင်းသတင်းဝက်ဆိုက်ဘ်များအား မှတ်ပုံတင်ရန် ပြုလုပ်လိုက်သည့် လာအိုနိုင်ငံ။’’, Radio Free Asia, 19 July 2019, Available at: https://www.rfa.org/english/news/laos/register-07192019160935.html; Souksakhone Vaenkeo- လာအိုနိုင်ငံရှိ ဝန်ကြီးဌာနတစ်ခုသည် လူမှုမီဒီယာပက်ဖောင်းများအား မှတ်ပုံတင်ရန်အမိန့်ထုတ်ခဲ့သည်။’, Asia News Network, 16 July 2019, Available at: http://annx.asianews.network/content/ministry-orders-registration-social-media-news-platforms-laos-100198

[477] Ibid.; ၂၀၁၅ ခုနှစ် ဆိုက်ဘာပြစ်မှုများ ကာကွယ်ရေး နှင့် တိုက်ဖျက်ရေးဆိုင်ရာဥပဒေ (No. 61/NA ) (‘ဆိုက်ဘာပြစ်မှုဆိုင်ရာဥပဒေ’) ပုဒ်မ ၈၊ ၁၃၊ ၆၂ (c)။ English translation available at: https://www.laocert.gov.la/ftp_upload/Cyber_Crime_Law_EnVersion.pdf

[478] Vientiane Times, ‘လူမှုမီဒီယာပလက်ဖောင်းများသည် ဥပဒေနှင့်အညီမှတ်ပုံတင်ရန်လိုလာပြီးဖြစ်သည်’, 10 August 2019,Available at: http://www.vientianetimes.org.la; Ounkeo Souksavanh, Roseanne Gerin, ‘လာအိုလွှတ်တော် အမတ်များသည် မီဒီယာဥပဒေအားပြင်ဆင်သည့်ဥပဒေအားအတည်ပြုခဲ့သည်။”, Radio Free Asia, 10 November

2016, Available at: https://www.rfa.org/english/news/laos/lao-lawmakers-approve-restrictiveamendment-to-media-law-11102016153123.html

အစိုးရအမိန့်အား လက်တွေ့အကောင်အထည်ဖော်မည့်နည်းလမ်းမှာ ရှင်းလင်းပြတ်သားမှု မရှိခြင်း နှင့် အွန်လိုင်းပေါ် ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုများအား အစိုးရအနေဖြင့် တောက်လျှောက်ဖိနှိပ်လာခဲ့ခြင်းတို့ကြောင့် ယခုအမိန့်သစ်သည် အွန်လိုင်း သတင်းအချက်အလက်များမျှဝေမှုနှင့် လွတ်လပ်စွာသတင်းတင်ပြမှုတို့အား ထိရောက်စွာ ပိတ်ပင်လာနိုင်သည်ဟု အပြင်းအထန်ဝေဖန်စောကြောသံများ ထွက်ပေါ်လာခဲ့သည်။ ထိုအခင်းအကျင်း ဖြစ်ပေါ်လာနိုင်ချေမှာ မီဒီယာကဏ္ဍအစိုးရလုံးဝထိန်းချုပ်မှုပေးထားသည့် မီဒီယာဥပဒေ[479]နှင့် ဆိုက်ဘာပြစ်မှုဆိုင်ရာ ဥပဒေတို့ကြောင့် ပိုမိုမြင့်မားလာခဲ့သည်။ ဆိုက်ဘာပြစ်မှုဆိုင်ရာဥပဒေတွင် “နိုင်ငံတော်လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေး၊ တိုင်းပြည်၏အမျိုးသားယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များအား ဖျက်ဆီးရန်” ကွန်ပျူတာ အချက်အလက်နှင့် သတင်းအချက်အလက်များကိုသုံး၍ “ဆဲဆိုမှု၊ စော်ကားမထီမဲ့မြင်ပြုမှု (သို့) ရိုင်းစိုင်းသောစကားလုံးများအသုံးပြုမှု” စသော အသရေ ဖျက်မှုအမျိုးမျိုးနှင့် အမျိုးသား စည်းလုံးညီညွတ်မှုပြိုကွဲစေရန် လူထုအား စည်းရုံးသိမ်းသွင်း လှုံ့ဆော်မှုစသည်တို့ အကျုံးဝင်သည့်“အွန်လိုင်းလူမှုမီဒီယာများမှတဆင့်ထိခိုက်ပျက်စီးမှုဖြစ်စေခြင်း” ကဲ့သို့သော ကျယ်ပြန့်စွာမှတ်ယူနိုင်သော “ပြစ်မှု”များကိုလည်း ရာဇဝတ်မှုအဖြစ် သတ်မှတ် ထားပါသည်။[480]

## ***၈။ ဆိုက်ဘာလုံခြုံမှုကာကွယ်ရန် ရည်ရွယ်ထုတ်ပြန်ထားသော ဥပဒေများ***

ဆိုက်ဘာလုံခြုံရေး ကာကွယ်ရန်ရေးဆွဲထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများအား အွန်လိုင်း သတင်းအချက်အလက်စနစ်များ၊ အီလက်ထရောနစ်အချက်အလက်နှင့် ကွန်ရက်များ၊ နည်းပညာ ဆိုင်ရာကုမ္ပဏီများ နှင့် ကြားခံအဖွဲ့အစည်းများစသည်တို့အား အစိုးရအနေဖြင့် တရားဝင် စောင့်ကြည့် လေ့လာထိန်းချုပ်မှုပြုလုပ်ခြင်းဖြင့် အွန်လိုင်းစာမျက်နှာများ အထိပါ အစိုးရထိန်းချုပ်မှု သိသိသာသာ တိုးချဲ့ရာတွင်အသုံးပြုလျက်ရှိသည်။ အဆိုပါဆိုက်ဘာလုံခြုံရေး ဥပဒေများတွင် ရှေ့ရှင်းပြခဲ့သည့် ဥပဒေများထက်ပို၍ စနစ်ကျပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဖိနှိပ်ရာတွင် သုံးသည့် ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ဖြေရှင်းရာတွင် “နိုင်ငံတော် လုံခြုံရေး” ကာကွယ်ရန် ဟူသော

[479] Southeast Asian Press Alliance, ‘လာအိုနိုင်ငံ၏ ဆိုက်ဘာရပ်ဝန်းသည်ကျဉ်းမြောင်းလာသည့်အပြင် စာနယ်ဇင်းများမှာလည်း ပိတ်ပင်တားဆီးမှုခံနေရသည်’, 3 May 2017, Available at: https://www.seapa.org/wpfd2017-critical-cyberspace-shrinksmainstream-press-further-muted/

[480] ဆိုက်ဘာပြစ်မှုဆိုင်ရာဥပဒေ၊ ပုဒ်မ ၁၃ (က)၊ ၁၃(ဂ)၊ ၁၃(ဃ)

အကြောင်းပြချက်ကိုပင် အလားတူ ထည့်သွင်းထားပါသည်။ ဗီယက်နမ်၊ ထိုင်းနှင့် ကမ္ဘောဒီယားနိုင်ငံတို့တွင် ထိုဖြစ်ရပ်များကို တွေ့ရသည်။

နိုင်ငံတော်လုံခြုံရေးကာကွယ်ရန်ဟူသည်မှာ သတင်းအချက်အလက်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုအား ပိတ်ပင်ကန့်သတ်ရန်အတွက် တရားဝင်ဖြစ်သည့် အကြောင်းပြချက်တစ်ခု ဖြစ်သော်လည်း မည်သို့သော ပိတ်ပင်ကန့်သတ်မှုမျိုးမဆို ထိုတရားဝင်ရည်ရွယ်ချက်/ အကြောင်းပြချက်နှင့် မဖြစ်မနေတိတိပပ ကိုက်ညီဆီလျော်ရမည်ဖြစ်သည်။[481] အရှေ့တောင်အာရှ ဒေသများတွင် ကျွန်ုပ်တို့လေ့လာသိရှိရသည်မှာ နိုင်ငံတော်လုံခြုံရေးအကျိုး ကာကွယ်ရန် တရားဝင်ပြဋ္ဌာန်းထားသည့် ဥပဒေမူဘောင်များသည် အချို့ရှုထောင့်အရ ဆိုက်ဘာနယ်ပယ်မှ ခြိမ်းခြောက်မှုများကို ထိရောက်စွာ ကာကွယ်ပေးနိုင်သည့် ပြဋ္ဌာန်းချက်များဖြစ်သော်လည်း မရှိမဖြစ်လိုအပ်မှုနှင့် တရားမျှတဆီလျော်မှု ဆိုင်ရာ လိုအပ်ချက်များနှင့်ကိုက်ညီမှုမရှိပေ။ ၎င်းဥပဒေများတွင် လူ့အခွင့်အရေးချိုးဖောက်သည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းထားပြီး တစ်ဦးတစ်ယောက်ချင်းစီ၏ အွန်လိုင်းရေးသားခွင့်များ ဆက်လက် ချိုးဖောက်ခံရမှုများကို ဖြစ်စေပါသည်။

သတင်းအချက်အလက်၊ နည်းပညာနှင့် ဆက်သွယ်ရေး (ICT) ကုမ္ပဏီများနှင့် အခြား ကော်ပိုရိတ်အင်တာနက်ဝန်ဆောင်မှုပေးအပ်သူများသည် ၎င်းတို့၏ လုပ်ငန်းများဆောင်ရွက်ရာတွင် လူ့အခွင့်အရေးအား အပြည့်အဝလေးစားလိုက်နာစေရန် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်မှုများအရ နိုင်ငံများသည် ထိရောက်သော ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများကို ချမှတ်ရန် တာဝန်ရှိလေသည်။[482] အိုင်စီတီကုမ္ပဏီများနှင့် ဆိုက်ဘာရပ်ဝန်းအား စောင့်ကြည့် လေ့လာထိန်းချုပ်မှုများ မဖြစ်မနေလိုအပ်ပြီး အောက်တွင်ဆွေးနွေးထားသောဥပဒေများသည် ဒေသတွင်း ချမှတ်ခဲ့သည့်လုပ်ငန်းစဉ်များအနေဖြင့် အွန်လိုင်းပေါ်လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သတင်းအချက်အလက်မျှဝေမှု နှင့် လုံခြုံမှုတို့ ချိုးဖောက်ခံရမှုမရှိစေရန် ကာကွယ်မှုတိုးမြှင့် ပေးရမည့် အစား ပိုမိုချိုးဖောက်ခံရနိုင်ချေမြင့်မားလျက်ရှိကြောင်းကို ထပ်ဟပ်ဖော်ပြထားပါသည်။

[481] See Section II (ii).

[482] See Section II (v).

## ဗီယက်နမ်နိုင်ငံ

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် "နိုင်ငံတော်လုံခြုံရေးကာကွယ်ရန်" နှင့် "ငြိမ်ဝပ်ပိပြားရေးနှင့် ဆိုက်ဘာရပ်ဝန်းလုံခြုံစေရန်" ရည်ရွယ်၍ ဗီယက်နမ် **ဆိုက်ဘာလုံခြုံရေးဆိုင်ရာဥပဒေ** ('LOCS') ကိုပြန်ဌာန်းခဲ့သည်။[483] Reporters Sans Frontières အဖွဲ့က အဆိုပါဥပဒေသည် "သတင်းအချက်အလက်များအား အာဏာရှင်စနစ်ဆန်ဆန်ထိန်းချုပ်မှု" တစ်ရပ်ဖြစ်စေနိုင်သည်ဟု မှတ်ချက်ပြုခဲ့သည်။[484] အဆိုပါဥပဒေတွင် "နိုင်ငံတော်လုံခြုံရေး နှင့် ငြိမ်ဝပ်ပိပြားရေး၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးထမ်းများ ထိခိုက်စေရန် အင်တာနက်အလွဲသုံးစားပြုမှုမှ ကာကွယ်ရန်" အွန်လိုင်းသတင်းအချက်အလက်များနှင့် အင်တာနက်ဝန်ဆောင်မှုများအသုံးပြုမှု၊ ပေးအပ်မှုနှင့် စီမံခန့်ခွဲမှု"တို့ကို အစိုးရမှ ထိန်းချုပ်မှုကို ခွင့်ပြုသော (၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ပြဌာန်းချက်တစ်ခုဖြစ်သည့်)**အွန်လိုင်းသတင်းအချက်အလက်များ နှင့် အင်တာနက်ဝန်ဆောင်မှုများ အသုံးပြုမှု၊ ပေးအပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဒီဂရီအမိန့်အမှတ် ၇၂** (Decree No 72) ပါ ပြဌာန်းချက်များကို ချဲ့ကားပေါင်းစပ်ထည့်သွင်းထားပါသည်။[485]

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် အများပြည်သူလုံခြုံရေးဝန်ကြီးဌာန (MPS) သည် **ဆိုက်ဘာလုံခြုံမှုဆိုင်ရာဥပဒေအား အကောင်အထည်ဖော်သည့် အမိန့်မူကြမ်း** ("အမိန့်မူကြမ်း)ကို ထုတ်ပြန်ခဲ့ပြီး ဥပဒေဖြင့် "နိုင်ငံတော်အားဆန့်ကျင်ပြီး" အင်တာနက်အသုံးပြုသူများဖြစ်သည့် "အာခံတော်လှန်သောအင်အားစုများ"အားချေမှုန်းပြီး ဆိုက်ဘာတိုက်ခိုက်မှုများအားမှ ကာကွယ်သွားမည်

---

[483] Kim Loan, '၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ဥပဒေ ၁၀ ခုအသက်ဝင်ခဲ့သည်', VGP News, 27 December 2018, Available at: http://news.chinhphu.vn/Home/Ten-laws-to-come-into-effect-from-January-1-2019/201812/35550.vgp

[484] RSF အဖွဲ့က LOCS သည် တရုတ်ပြည်ရှိအင်တာနက်ထိန်းချုပ်မှုရာတွင်သုံးသည့် ကန့်သတ်ထားသော ပြဌာန်းချက်များနှင့်များစွာဆင်တူသည်ဟုထောက်ပြခဲ့သည်။ See Euan McKirdy, ''စတာလင်ပုံစံဆန်သည့် ဗီယက်နမ်ဆိုက်ဘာလုံခြုံရေးဥပဒေအသက်ဝင်လာပြီး အွန်လိုင်းလှုထုလှုပ်ရှားသူများနှင့် အခွင့်အရေး တက်ကြွဆောင်ရွက်သူများအား စိုးရိမ်းပူပန်စေခဲ့သည်။', CNN, 2 January 2019, Available at: https://edition.cnn.com/2019/01/02/asia/vietnam-cybersecurity-bill-intl/index.html

[485] ၁၅-၇-၂၀၁၃ ရက်နေ့တွင်ပြဌာန်းသည့် အင်တာနက်ဝန်ဆောင်မှုများအသုံးပြုမှု၊ ပေးအပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဒီဂရီအမိန့်အမှတ် ၇၂ (No. 72/2013/ND-CP)၏ အင်္ဂလိပ်ပြန်ဆိုချက် Available at: https://vnnic.vn/sites/default/files/vanban/Decree%20No72-2013-ND-CP.PDF

ဟု ရှင်းလင်းခဲ့သည်။[486] အများပြည်သူတိုင်ပင်ဆွေးနွေးပွဲတခုတွင် အင်တာနက်နှင့် နည်းပညာ ကုမ္ပဏီ ၂ ခုက ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ အထူးသဖြင့် "ဒေတာနိုင်ငံတွင်း စုစည်းတည်ဆောက်ခြင်း" ဆိုင်ရာ ပြဋ္ဌာန်းချက်မှာ "နည်းပညာပိုင်းအရဖြစ်နိုင်ချေမရှိ"ဘဲဖြစ်ကာ "ကမ္ဘာလုံးဆိုင်ရာ ဒေတာစီးဆင်းမှုအား အဟန့်အတား" ဖြစ်စေ၍ တိုင်းပြည်၏ ဒစ်ဂျစ်တယ်စီးပွားရေးကို ထိခိုက်စေပြီး ဆိုက်ဘာ ရာဇဝတ်သားများအတွက် ပြည်တွင်း အိုင်တီစနစ်များအတွင်းသို့ ဝင်ရောက်နိုင်သည့် ဖြည့်စွက် လမ်းကြောင်းများဖြစ်စေသည်ဟု ထောက်ပြပြောဆိုခဲ့ကြသည်။[487] ထိုသို့ဝေဖန် ထောက်ပြမှုများမှာ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ရှုထောင့်မှမဟုတ်ဘဲ စီးပွားရေး လုပ်ငန်းရှင်များက ၎င်းတို့ အကျိုးစီးပွားအတွက်ပြောဆိုခြင်းဖြစ်သော်လည်း ထိုအချက်မှာ ဗီယက်နမ်အစိုးရ၏ ဥပဒေပြဋ္ဌာန်းချက်များမှာ နိုင်ငံတော်ဆိုက်ဘာလုံခြုံရေးအား ထိရောက်စွာ ကာကွယ်နိုင်လိမ့်မည်ဟူသည်မှာ မမှန်ကန်ဘဲ လိုအပ်ချက်များစွာရှိဆဲပင် ဖြစ်သည်ကို ထောက်ပြလေသည်။ တိုင်ပင်ဆွေးနွေးပွဲများ ပြီးနောက် အဖွဲ့များ၏ ထောက်ပြပြောဆိုမှုများအား လုံလောက်စွာ ဖြေရှင်းဆောင်ရွက်သွားခြင်း မရှိပေ။

"နိုင်ငံတော်လုံခြုံရေး" "ငြိမ်ဝပ်ပိပြားရေး" ဖြစ်စေပြီး နှင့် "ဝါဒမှိုင်းဖြန့်မှု" (သို့) "အသရေဖျက်မှု" တို့အား ကာကွယ်ရန်ဟူသော LOCS ပါ ဝေဝါးကျယ်ပြန့်သော ပြဋ္ဌာန်းချက်များမှာ အစိုးရအားဝေဖန်ချက်များအပါအဝင် အာဏာပိုင်များမှ မနှစ်မြို့သော သတင်းအချက်အလက်များ

---

486ဝန်ကြီးဌာနက လွှတ်တော်အမတ်များနှင့် အမေးအဖြေဆွေးနွေးပွဲတခုတွင် ထိုအချက်အားပြောဆိုသွားခဲ့သည်။ See Agence France-Presse, ' "နှစ်သစ်တွင် ဖိနှိပ်မှုအသစ်တစ်မျိုးဖြစ်စေရန် ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံနှင့်ဆင်တူသည့် ဆိုက်ဘာလုံခြုံရေးဥပဒေအား ပြဋ္ဌာန်းခဲ့", South China Morning Post, 1 January 2019, Available at: https://www.scmp.com/news/asia/southeast-asia/article/2180263/new-year-new-repression-vietnamimposes-draconian-china

487 Asia Internet Coalition, 'ဆိုက်ဘာလုံခြုံရေးဥပဒေအကောင်အထည်ဖော်မှုဆိုင်ရာ အမိန့်မူကြမ်းအပေါ် သဘောထားမှတ်ချက်များ', 13 December 2018 ('AIC, 13 December 2018'), Available at: https://aicasia.org/wp-content/uploads/2018/12/AIC_Comments-on-Draft-Decree-11122018-edited.ENfinal.pdf; The Software Alliance, 'ဆိုက်ဘာလုံခြုံရေးဥပဒေအကောင်အထည်ဖော်မှုဆိုင်ရာ အမိန့်မူကြမ်းအပေါ် BSA သဘောထား မှတ်ချက်များ'', 13 December 2018 ('BSA, 13 December 2018'), Available at: https://www.bsa.org/files/policy-filings/12142018BSA_Position_Paper_on_Draft_Decree_implementing_Law_on_Cybersecurity_%20ENG.pdf

အားလုံးကို စနစ်တကျဖိနှိပ်ရာတွင်အသုံးပြုခဲ့သည့် ဗီယက်နမ်နိုင်ငံ၏ ရာဇသတ်ကြီးဥပဒေပါ ပြဌာန်းချက်များနှင့် ဆင်တူလေသည်။[488] ဥပဒေအား "နိုင်ငံတော်လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးတို့အားမထိခိုက်သည့်" အသုံးပြုမှုများအပါအဝင် ဆိုက်ဘာရပ်ဝန်းအသုံးပြုမှုအားလုံးအား "ပြင်းထန်စွာတားဆီး ပိတ်ပင်" ထားပြီး ပုဒ်မ ၄ (ခ)နှင့်အညီ နိုင်ငံရေးစနစ်၏ ပေါင်းစပ်ခိုင်မာမှု ဖော်ဆောင်ရန် ဆိုက်ဘာလုံခြုံမှု ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များအား ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုနှင့် အစိုးရ၏ စီမံအုပ်ချုပ်မှုအောက်တွင် ပေးအပ်ထားလေသည်။[489] ပုဒ်မ ၈ နှင့် ၁၅ တို့တွင် အစိုးရအား ဆန့်ကျင်သည့် ဝါဒမှိုင်းများအပါအဝင် "အစိုးရအား ပျက်ပြားစေမှု (သို့) အသရေဖျက်မှု" "ငြိမ်ဝပ်ပိပြားမှု ပျက်စေလျက် ပြည်တွင်းဆူပူမှုလှုံ့ဆော်မှု"၊ "နိုင်ငံတော်၊ နိုင်ငံတော်အလံ၊ နိုင်ငံတော်တံဆိပ်၊ နိုင်ငံတော်သီချင်း၊ မြင့်မြတ်သောပုဂ္ဂိုလ်များ၊ ခေါင်းဆောင်ကြီးများ၊ ထင်ရှားပုဂ္ဂိုလ်များ (သို့) နိုင်ငံ့ သူရဲကောင်းများအား စော်ကားခြင်း"၊ "သမိုင်းကြောင်းပျက်ပြားစေခြင်း (သို့) တော်လှန်ရေး အောင်မြင်မှုအားပျက်ပြားစေခြင်း"၊ "လူမှုရေးစံနှုန်းများ (သို့) တိုင်းပြည်၏ ရိုးရာဓလေ့ထုံးထမ်းများ အား အဖျက်အမှောက်ပြုခြင်း"၊ "ရမ်းကားစော်ကားခြင်း (သို့) ရိုင်းစိုင်းခြင်း" နှင့် "လူပုဂ္ဂိုလ်၏ သိက္ခာနှင့်ဂုဏ်သရေအား စော်ကားခြင်း"စသည်တို့ကိုဖြစ်စေသည့် "မည်သို့သော သတင်းအချက် အလက်ကို မဆိုရေးသားပြုလုပ်၊ တင်ပြ၊ ဖြန့်ဝေမှု"ကို ကျယ်ပြန့်စွာ တားမြစ်ထား ပါသည်။ ပုဒ်မ ၂၆ တွင် "လူပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများ၏ ဝက်ဘ်ဆိုက်၊ ဝက်ဘ်ပေါ်တယ် (သို့) လူမှုကွန်ရက်များ ပေါ် ရှိ စာမျက်နှာများ"အား "နိုင်ငံတော်အချုပ်အခြာအာဏာနှင့် လုံခြုံရေးအား ထိပါးနှောင့်ယှက်သည့် သတင်းအချက်အလက်များ ရေးသားပြုလုပ်၊ ထောက်ပံ့၊ ဖြန့်ဝေမှု" မပြုရန် တားမြစ်ထား ပါသည်။[490]

---

[488] See Section III (iv).

[489] Law on Cybersecurity ဆိုက်ဘာလုံခြုံရေးဆိုင်ရာဥပဒေ၊ ပုဒ်မ ၂ မှ ၅ အထိ။
ထိုဥပဒေပါပြဌာန်းချက်များအားလုံးကို အင်္ဂလိပ်ဘာသာပြန်ဆိုထားခြင်းမရှိပေ။ သို့သော်လည်း နောက်ဆုံးမူကြမ်းအား ဤလိပ်စာမှရယူနိုင်ပါသည်။ available at: file:///C:/Users/User/Desktop/ICJ%20DS/2018/VIETNAM/Draft%20Law%20on%20Cybersecurity%20-%2018th%20version%20-%20ENG.pdf

[490] ဆိုက်ဘာလုံခြုံရေးဆိုင်ရာဥပဒေ၊ ပုဒ်မ ၂၆

LOCS ဖြင့် အွန်လိုင်းသတင်းအချက်အလက်များနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုများအား ထိန်းချုပ်ရာတွင် အစိုးရအာဏာပိုင်များယခင်အသုံးပြုခဲ့သည့် နည်းလမ်းဟောင်းများဖြင့်သာမက အင်တာနက်နှင့် နည်းပညာဆိုင်ရာ ကုမ္ပဏီများအားလုံးကို အစိုးရမှ အွန်လိုင်းဆင်ဆာဖြတ် ပိတ်ဆို့မှု ပြုရာတွင် ကူညီပံ့ပေးရန် (မပြုပါက ဥပဒေအရပိတ်ဆို့မည်ဟု) အကြပ်ကိုင် တိုက်တွန်းထားပါသည်။ ထိုဥပဒေသည် လူမှုမီဒီယာဝန်ဆောင်မှုများသာမက ၊ အွန်လိုင်းငွေကြေးဝန်ဆောင်မှု ပေးသော ဘဏ်များ (သို့) မီဒီယာဝန်ဆောင်မှုပေးသူများ၊ အွန်လိုင်းဈေးရောင်းဝယ်ပေါ်တယ်များ၊ အွန်လိုင်းမှအိမ်နေရာထိုင်ခင်းချိတ်ဆက်ပေးသည့် ဝန်ဆောင်မှုများကဲ့သို့သော လုပ်ငန်းများပါဝင်သည့် အွန်လိုင်း လုပ်ဆောင်မှု ကုမ္ပဏီများအားလုံးကို ရည်ညွှန်းထားသော "ဗီယက်နမ်နိုင်ငံအတွင်းရှိ သတင်းအချက် အလက်စနစ်ပိုင်ဆိုင်ထားသည့် (သို့) ဆိုက်ဘာရပ်ဝန်းပေါ် ဝန်ဆောင်မှုပေးလျက်ရှိသည့် ပြည်တွင်း၊ ပြည်ပ အေဂျင်စီများ နှင့် အဖွဲ့အစည်းများအားလုံးအပေါ် လွှမ်းခြုံသက်ရောက်မှုရှိလေသည်။[491] ပုဒ်မ ၂၆ တွင် ကုမ္ပဏီများသည် "အသုံးပြုသူများမှ ၎င်းတို့၏ ဒစ်ဂျစ်တယ်အကောင့်များအား မှတ်ပုံတင်သည့်အခါ သတင်းအချက်အလက်များစစ်မှန်စေရန် လုပ်ငန်းစနစ်တစ်ရပ်ချမှတ်ရမည်" "၎င်းတို့၏ ကွန်ရက်များ (သို့) သတင်းအချက်အလက်စနစ်များပေါ်တင်လိုက်သည့် သတင်းအချက်အလက်များသည် ဥပဒေအား ချိုးဖောက်မှုဖြစ်ခဲ့ပါက "၂၄ နာရီအတွင်း" "ဖြုတ်ချ (သို့) ထိုသို့ချိုးဖောက်မှုမဖြစ်စေရန် ကာကွယ်"ရမည်" နှင့် "ဥပဒေချိုးဖောက်သည့်အကြောင်းအရာများ ပို့စ်တင်သည့်မည်သူကို မဆို ဆက်သွယ်ရေးဝန်ဆောင်မှု (သို့) အင်တာနက်ဝန်ဆောင်မှုပေးခြင်းမှ ရပ်နားရမည်" ဟူ၍ပြန်ဌာန်းထားပါသည်။[492] ထိုဥပဒေတွင် အသုံးပြုသူများ၏ ကိုယ်ရေးလုံခြုံဆိုင်ရာ ချိုးဖောက်မှု ဖြစ်စေသည့် အချက်အနေဖြင့် ကုမ္ပဏီများသည် "လိုအပ်လာပါက" အသုံးပြုသူများ၏ အချက် အလက်များအား ဝန်ကြီးဌာန (MPS) အောက်ရှိ ဆိုက်ဘာလုံခြုံရေးတာဝန်ခံအထူးအဖွဲ့ (သို့) MIC အောက်ရှိ "တာဝန်ရှိအာဏာပိုင်များ"ထံသို့ ပေးရမည်ဖြစ်ပြီး "အာဏာပိုင်များ၏ လိုအပ်ချက် (၎င်းလိုအပ်ချက်သည် သတင်းအချက်အလက်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကဲ့သို့သော

---

[491] ဆိုက်ဘာလုံခြုံရေးဆိုင်ရာဥပဒေပုဒ်မ ၂၆(ခ)၊ See also Duane Morris, "ဗီယက်နမ်နိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးဥပဒေသစ်၊ အကောင်အထည်ဖော်ရာတွင် ပြဿနာများစွာဖြစ်စေနိုင်မှာလား"', July 2018 ('Duane Morris, July 2018'), Available at: https://www.duanemorris.com/articles/static/cooper_le_cybersecurity_practitioner_0718.pdf

[492] ဆိုက်ဘာလုံခြုံရေးဆိုင်ရာဥပဒေပုဒ်မ ၂၆(ခ) ၁၊ ၂၊ ၃။

လူ့အခွင့်အရေးချိုးဖောက်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ) အရ ဥပဒေချိုးဖောက်မှုအား စုံစမ်းစစ်ဆေးမှုနှင့် ပိတ်ပင်တားဆီးမှုတို့ကို အကောင်အထည်ဖော်ရမည်ဟုပါရှိလေသည်။[493] ဥပဒေသည် MPS အား လိုက်နာဆောင်ရွက်မှု စောင့်ကြည့်ရန် "ဆိုက်ဘာလုံခြုံမှုစစ်ဆေးမှု" ဆောင်ရွက်ခွင့်ပြု ထားလေသည်။[494]

LOCS သည် "အစိုးရက မည်သို့သောသတင်းအချက်အလက်များကို ပြည်တွင်းတွင် သိမ်းဆည်း မည်၊ မည်သည့်လုပ်ငန်းက ၎င်းတို့၏ ရုံးချုပ်ကို နိုင်ငံတွင်းထားရှိရမည်စသဖြင့် ဆုံးဖြတ် နိုင်စေရန် ကုမ္ပဏီများ အနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့်စပ်လျဥ်း၍ အရေးပါသော အချက် အလက်များနှင့် ဝန်ဆောင်မှု အသုံးပြုသူများ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ပြည်တွင်းတွင်သိမ်းဆည်းရန်" နှင့် ကုမ္ပဏီများ၏ ရုံးချုပ် (သို့) ဌာနကိုယ်စားလှယ်ရုံးများကို ဗီယက်နမ်တွင်ထားရန်"ဟူသည့် ဒေတာများ နိုင်ငံတွင် စုစည်းတည်ဆောက်ခြင်းကြောင့် များစွာ ရှုပ်ထွေးမှု ဖြစ်စေလေသည်။[495] ထိုလိုအပ်ချက်များမှာ ဝေဝါးပြီး အသုံးပြုသူများ၏ ကိုယ်ရေးကိုယ်တာလျှို့ဝှက်အချက် အလက်များ အားပေါက်ကြားစေလျက် ကိုယ်ရေးကိုယ်တာ လုံခြုံရေးဆိုင်ရာ ချိုးဖောက်မှုမဖြစ်နိုင်ဟူ အာမခံချက်မရှိဘဲ နိုင်ငံတော်အာဏာပိုင်များ၏ အကြွင်းမဲ့လုပ်ပိုင်ခွင့် ထဲတွင်သာရှိလေသည်။[496] ပြည်သူ့ရေးရာမူဝါဒများနှင့်စပ်လျဥ်းသည် အင်တာနက်ကုမ္ပဏီများအား ကိုယ်စားပြုအဖွဲ့ဖြစ်သည့် အာရှအင်တာနက်ညွန့်ပေါင်းအဖွဲ့က ဒေတာနိုင်ငံတွင်းစုစည်းတည် ဆောက်ခြင်းသည် မူဝါဒချမှတ်သူများထောက်ပြသည့်အတိုင်း အချက်အလက်များ လုံခြုံစိတ်ချရမှု ကိုမဖြစ်စေဘဲ ဆိုက်ဘာတိုက်ခိုက်မှု ဖိတ်ခေါ်သကဲ့သို့ ဖြစ်စေပြီး ဆိုက်ဘာလုံခြုံရေးတွင် ဗီယက်နမ်၏ ထိခိုက်ပျက်စီးလွယ်မှုပိုမိုဖြစ်စေမည်ဖြစ်သည်။[497]

---

[493] ဆိုက်ဘာလုံခြုံရေးဆိုင်ရာဥပဒေပုဒ်မ ၂၆(၁) ၁၊ ၂၊ ၃၊ (ဃဃ)

[494] ဆိုက်ဘာလုံခြုံရေးဆိုင်ရာဥပဒေပုဒ်မ ၁၂၊ ၂၄

[495] ဆိုက်ဘာလုံခြုံရေးဆိုင်ရာဥပဒေပုဒ်မ ၂၆(၁) ၄၊ ၂၆(၇)။

[496] Duane Morris, July 2018.

[497] "ဖြစ်ရပ်အများစုတွင် ဒေတာပြည်တွင်းစုဆောင်းတည်ဆောက်မှုသည် စီးပွားရေးလုံခြုံမှု (သို့) ဒေတာလုံခြုံစိတ်ချရမှုကိုတိုးမြှင့်ပေးနိုင်ခြင်းမရှိပေ။ ထို့ကြောင့် အထူးသိရှိလက်ခံရန်လိုသည်မှာ ဒေတာ၊ အချက်အလက်များ လုံခြုံစိတ်ချရမှုမှာ မည်သည့်နိုင်ငံတွင်သိမ်းဆည်းရမည်ဟူသောအချက်ပေါ်မတူတည်ဘဲ သိမ်းဆည်းရာတွင် အသုံးပြုသည့်နည်းလမ်းများနှင့်သာသက်ဆိုင်လေသည်။ ဒေတာလုံခြုံစိတ်ချရမှုသည် အချက်အလက်အား မည်သည့် နေရာတွင် သိမ်းဆည်းထားစေကာမူ ချမှတ်ထားသည့် နည်းပညာ၊ရုပ်ပိုင်းဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့် သက်ဆိုင်လေသည်။" See AIC, 13 December 2018, p6.

LOCS ဥပဒေပြဋ္ဌာန်းချက်များထဲတွင် အမှီအခိုကင်းကင်း စောင့်ကြည့်ကြပ်ရှုကာ၊ မကျေနပ်ချက်ဖြေရှင်းဆောင်ရွက်ပြီး တာဝန်ခံမှုရှိစေခြင်းဆိုင်ရာ လုပ်ငန်းစနစ်များပါရှိခြင်းမရှိပေ။ တရားရုံးတစ်ခု (သို့) အခြားလွတ်လပ်သောအဖွဲ့အစည်းတစ်ခုမှ ချမှတ်ထားသောအမိန့်များသည် ဆင်ဆာဖြတ်တောက်မှုလိုအပ်ချက်များ၊ ဆိုက်ဘာလုံခြုံရေးစစ်ဆေးမှု၊ အစီရင်ခံတင်ပြမှု လိုအပ်ချက်များ၊ အသုံးပြုသူ အချက်အလက်များအား ပြုပြင်ဖန်တီးခြင်း (သို့) ဒေတာနိုင်ငံတွင်း စုစည်းတည်ဆောက်ခြင်းတို့ လိုက်နာလုပ်ဆောင်ရန်ပျက်ကွက်ခဲ့သော ကုမ္ပဏီများအား အစိုးရ အာဏာပိုင်များ အရေးယူအပြစ်ပေးရန်မလိုအောင်ပင် အပြစ်ဒဏ်များတပါးတည်းချမှတ် ထားပါသည်။ MPS နှင့် MIC တို့က ဤဥပဒေအောက်တွင် ချမှတ်ထားသောအမိန့်များအား အယူခံတင်သွင်း ခွင့်ပြုသော ပြဋ္ဌာန်းချက်များမပါရှိပေ။[498]

LOCS သည် အွန်လိုင်းသတင်းအချက်အလက်နှင့် ထုတ်ဖော်ပြောဆိုရေးသားမှုများအား ဖိနှိပ်ချုပ်ချယ်ရာတွင် အစိုးရမှ လွဲမှားစွာအသုံးချလာနိုင်သည့် ဥပဒေပြဋ္ဌာန်းချက်တစ်ရပ် ဖြစ်လာ နိုင်ပါသည်။[499] လက်တွေ့တွင်အမှန်တကယ်ပင် လူ့အခွင့်အရေးကာကွယ်သူများ၊ တက်ကြွ လှုပ်ရှားသူများနှင့် ပြင်ပဘလော့ဂါများအား နှိပ်ကွပ်မှုများအပါအဝင် အွန်လိုင်းပြောဆိုရေးသားမှု များအား အစိုးရမှတိုးမြှင့်ထိန်းချုပ်လျက်ရှိစဉ်အတွင်း ထိုဥပဒေအား ပြဋ္ဌာန်းအတည်ပြုခဲ့သည်။[500]

၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် ဗီယက်နမ်နိုင်ငံ၏ သတင်းအချက်အလက်နှင့် ပြန်ကြား ဆက်သွယ်ရေးဝန်ကြီးက ၎င်း၏ဝန်ကြီးဌာနသည် နည်းပညာကုမ္ပဏီများဖြစ်သည့် ဂူးဂဲလ် (Googles) နှင့် ဖေ့စ်ဘွတ် (Facebook)တို့အား "ဆိုးရွားပြီးအဆိပ်အတောက်ဖြစ်စေသည့် အကြောင်းအရာများ ပါဝင်သည့် ဗီဒီယိုကလစ်ပေါင်း ၃၃၆၇" နှင့် ဥပဒေချိုးဖောက်သည့်

---

498 BSA The Software Alliance အဖွဲ့ကထိုအချက်အား အမိန့်မူကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲတစ်ခုတွင် ဗီယက်နမ် အစိုးရအား ၎င်းတို့၏အမြင်သဘောထားပြုခဲ့သည်။ See BSA, 13 December 2018

499 ၂၀၁၈ ခုနှစ်၊ မေလတွင် LOCS ဥပဒေပြန်လည်သုံးသပ်သည့် လွှတ်တော်ကော်မတီဝင် ၁ ဦးဖြစ်သည့် Nguyen Thanh Hong က "ဒီဥပဒေသည် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၏ အကျိုးစီးပွားအား မထိခိုက်ဘူးလို့ ပြောရင် မမှန်နိုင်ပါဘူး ...ဒါပေမယ့် နိုင်ငံတော်လုံခြုံရေးနှင့် အင်တာနက်အသုံးပြုခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်စသော လူတိုင်း၏ ဥပဒေအရအခွင့်အရေးကာကွယ်ခြင်းတို့အကြား ရွေးချယ်မှုတစ်ခုတော့လုပ်ရမည်" ဟုထုတ်ဖော်ပြော ဆိုခဲ့သည်။ See Bao Ha, "ဆိုက်ဘာလုံခြုံရေးဥပဒေပါကန့်သတ်ချက်များသည် ဗီယက်နမ်လွှတ်တော်အမတ်များစိုးရိမ်းပူပန်မှုများဖြစ်စေခဲ့", VN Express International, 29 May 2018, Available at: [https://e.vnexpress.net/news/news/cyber-security-law-restrictions-worry-vietnameselegislators3756271.html](https://e.vnexpress.net/news/news/cyber-security-law-restrictions-worry-vietnameselegislators3756271.html)

500 See Section III (iv).

အကြောင်းအရာများပါဝင်သည့် အကောင့်ပေါင်း ၆၀၀ ကျော်တို့အား ဖြုတ်ချရန် တောင်းဆိုခဲ့သည်ဟုပြောကြားခဲ့သည်။[501] ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် အင်တာနက်အား စောင့်ကြည့်လေ့လာပြီး အစိုးရနှင့်ပတ်သက်၍ အွန်လိုင်းပေါ် ထုတ်ဖော်ပြောဆိုလျက်ရှိသော "မှားယွင်းသောအမြင်သဘောထားများ" နှင့် "လွဲမှားသော အထင်များ" အား တိုက်ဖျက်ရန် လူပေါင်း ၁၀၀၀၀ ခန့်ပါဝင်သော စစ်ဘက်ဆိုက်ဘာယူနစ် "တပ်ဖွဲ့ ၄၇" ကိုဖွဲ့စည်းခဲ့သည်။[502] ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ဗီယက်နမ်သတင်းထောက်များအသင်းသည် အဖွဲ့ဝင်သတင်းထောက်များအနေဖြင့် အစိုးရအား "ဆန့်ကျင်သည့်" သတင်းများ၊ ဓာတ်ပုံများ (သို့) အမြင်မှတ်ချက်များ လူမှုမီဒီယာများပေါ်တွင် ရေးသားတင်ခြင်းမပြုနိုင်ရန် ပိတ်ပင်တားဆီးမှုများ ပါဝင်သည့် လူမှုမီဒီယာအသုံးပြုရာတွင် လိုက်နာရမည့် စည်းမျဉ်အသစ်ထုတ်ပြန်ခဲ့သည်။[503]

LOCS ဥပဒေဖြင့် အင်တာနက်နှင့် နည်းပညာကုမ္ပဏီများအပေါ် တင်းကြပ်သည့် စည်းမျဉ်းများ ချမှတ်ထားခြင်းသည် ကုမ္ပဏီများအနေဖြင့် အစိုးရမှ ၎င်းတို့အပေါ် ပိတ်ပင်တားဆီးမှု မပြုနိုင်ရန် အလို့ငှာ ကိုယ်ရေးကိုယ်တာလုံခြုံခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် ရယူခွင့်တို့အား ချိုးဖောက်သည့် လုပ်ငန်းစဉ်များအား ချမှတ်ဆောင်ရွက်မှု ဖြစ်လာနိုင်ချေ မြင့်မား စေပါသည်။ ၂၀၁၉ ခုနှစ်၊

---

[501] Human Rights Watch, 'ဗီယက်နမ်-အငြင်းပွားဖွယ်ဆိုက်ဘာလုံခြုံရေးဥပဒေအားပယ်ဖျက်ပါ', 7 June 2018 ('HRW, Vietnam Cyber Security Law'), Available at: https://www.hrw.org/news/2018/06/07/vietnam-withdraw-problematic-cyber-security-law; Referring to [Vietnamese] Khôi Nguyên,'Google và Facebook tiếp tục gỡ bỏ, ngăn chặn thông tin xấu độc', Baó Moí, 14 July 2017,Available at: https://baomoi.com/google-va-facebook-tiep-tuc-go-bo-ngan-chan-thong-tin-xaudoc/c/22753780.epi

[502] HRW, Vietnam Cyber Security Law; Referring to [Tiếng Việt] Thời Sự, 'Hơn 10.000 người trong'Lực lượng 47' đấu tranh trên mạng', Tuổi Trẻ, 25 December 2017, Available at: https://tuoitre.vn/hon-10-000-nguoi-trong-luc-luong-47-dau-tranh-tren-mang-20171225150602912.htm; James Hookway, 'အွန်လိုင်းဝေဖန်ချက်များအား တိုက်ဖျက်သည့် ဗီယက်နမ်၏လက်နက်အသစ်ဖြစ်သည့် တပ်ဖွဲ့ ၄၇ အားမိတ်ဆက်ဖွဲ့စည်းခဲ့ခြင်း', Wall Street Journal, 31 December 2017, Available at: https://www.wsj.com/articles/introducing-force-47-vietnams-new-weapon-against-online-dissent1514721606

[503] Associated Free Press, 'ဝေဖန်ကန့်ကွက်နေသည့်ကြားကပင် ဗီယက်နမ်နိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးဥပဒေအား အတည်ပြုပြဋ္ဌာန်းခဲ့သည်', Straits Times, 2 January 2019, Available at: https://www.straitstimes.com/asia/vietnams-cyber-security-law-takeseffect-amid-criticism

ဇွန်လတွင် MIC က YouTube ဗီဒီယိုပေါင်း ၅၅၀၀၀ တွင် "ထိခိုက်နစ်နာစေ" မည့် အကြောင်းအရာများ တွေ့ရှိကြောင်း (ဗီယက်နမ်အာဏာပိုင်များ၏ တောင်းဆိုမှုကြောင့် ၎င်းဗီဒီယိုများအနက် ၈၀၀၀ ကျော်အား ဖြုတ်ချခဲ့သည်) ထုတ်ပြန်လျက် အင်တာနက်အသုံးပြုသူများ၊ ကုမ္ပဏီများအား "အစိုးရဆန့်ကျင်ဝါဒဖြန့်" မြှင့်တင်သည့် YouTube ဗီဒီယိုများတွင် ကြော်ငြာများ ထည့်သွင်းခြင်းမပြုရန် သတိပေးထုတ်ပြန်ခဲ့သည်။[504] တစ်ဘက်တွင်လည်း Facebook က ထုတ်ပြန် သည့် ပွင့်လင်းမြင်သာမှုဆိုင်ရာအစီရင်ခံစာတွင် ၂၀၁၈ ခုနှစ်၊နှောင်းပိုင်း ၆ လအတွင်း ၎င်းအနေဖြင့် ၁၅၅၃ ပို့စ်၊ အကောင့်ပရိုဖိုင်း ၃ ခုအား ပိတ်ပင်ကန့်သတ်ခဲ့ရပြီး ၂၀၁၈ ခုနှစ်အစောပိုင်း ၆ လတွင် ပိတ်ပင်ကန့်သတ်မှုပေါင်း ၂၆၅ ခု နှင့် ၂၀၁၇ ခုနှစ်၊ နှောင်းပိုင်း ၆ လတွင် ၂၂ ခုတို့ကိုသာ ပြုလုပ်ခဲ့ရကြောင်း ပါရှိသည်။ ၂၀၁၇ ခုနှစ်တွင် ပြုလုပ်ခဲ့သော ပိတ်ပင်ကန့်သတ်မှုများမှာ အသရေဖျက်မှုနှင့်စပ်လျဉ်းသည့် လျှို့ဝှက်တိုင်ကြားမှုများကြောင့် ပြုလုပ်ခဲ့ပြီး ၂၀၁၈ ခုနှစ် ပြုလုပ် ခဲ့သည့် ပိတ်ပင်ကန့်သတ်မှုများမှာ MPS နှင့် MIC တို့၏တိုင်ကြားမှုကြောင့် ဖြစ်ကာ ၂၀၁၈ ခုနှစ် နှောင်းပိုင်း ကန့်သတ်မှုများမှာ အစိုးရဆန့်ကျင်အကြောင်းအရာများ၊ အစိုးရဝန်ထမ်းများအား အသရေဖျက်မှုနှင့် မှားယွင်းသောသတင်းအချက်အလက်များဖြန့်ဝေမှုတို့အပါအဝင် ဒီဂရီ အမိန့်အမှတ် 72/2013/ND-CP အားချိုးဖောက်မှုနှင့်စပ်လျဉ်းသည့် တိုင်ကြားချက်များကြောင့် ဖြစ်သည်ဟု ရှင်းလင်း ခဲ့သည်။[505]

ထိုကိန်းဂဏန်းများသည် Google ၏ YouTube နှင့် ဖေ့စ်ဘွတ်တို့ ဖယ်ရှားဖြုတ်ချခဲ့သည့် အကြောင်းအရာများအားလုံးကို ဖော်ပြနိုင်ခြင်းမရှိပေ။ ၎င်းဖော်ပြနေသည်မှာ အိုင်စီတီ ICT ကုမ္ပဏီများအနေဖြင့် ဆိုက်ဘာလုံခြုံရေးဥပဒေကိုအသုံးချကာ ဒေတာများဖယ်ရှားဖြုတ်ချရန် ဟူသောအစိုးရ၏ ဖိအားများနှင့်ရင်ဆိုင်နေရမှုဖြစ်ပြီး LOCS ဥပဒေအားအလားတူ လွဲမှားစွာ အသုံးချနိုင်သည်ဟူသော စိုးရိမ်မှုများတိုးမြှင့်လာနိုင်စေပါသည်။[506]

---

[504] James Pearson, 'ဗီယက်နမ်အစိုးရသည် Google ၏ YouTubeမှတဆင့် ကြော်ငြာသူများအား ဖိအားပေးလျက်ရှိသည်။', Reuters, 12 June 2019, Available at: https://www.reuters.com/article/us-vietnam-cybergoogle/vietnam-ramps-uppressure-on-googles-youtube-advertisers-idUSKCN1TD0FC

[505] Data available at: https://transparency.facebook.com/content-restrictions/country/VN

[506] ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် ဗီယက်နမ် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများနှင့် လွတ်လပ်သည့်မီဒီယာအုပ်စုများ စုစုပေါင်း ၅၀ ကျော်က ဖေ့စ်ဘွတ်ကုမ္ပဏီ၏ တည်ထောင်သူ/အမှုဆောင်အရာရှိချုပ်ဖြစ်သူ အား အိတ်ဖွင့်ပေးစာ

ဗီယက်နမ်အစိုးရသည် LOCS ဥပဒေအား ဆိုက်ဘာလုံခြုံရေးတိုးမြှင့်ရန် ပြဌာန်းခဲ့သော်လည်း ဥပဒေပါပြဌာန်းချက်များမှာ အင်တာနက်အသုံးပြုသူများ၏ အွန်လိုင်းသတင်း အချက်အလက်နှင့် လွတ်လပ်စွာ ထုတ်ဖော်ရေးသားမှုများအား ကန့်သတ်ခြင်းနှင့် အကြောင်းအရာများ ထိန်းချုပ်ခြင်း တို့အပေါ် အလေးပေးစဉ်းစားထားခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဥပဒေသည်- တာဝန်ယူ/ တာဝန်ခံမှု နည်းနိုင်သော ပုဂ္ဂလိကကုမ္ပဏီများအား ဥပဒေအရထိန်းချုပ်ဆောင်ရွက်မှုပြုလုပ်စေကာ- အိုင်စီတီ ကုမ္ပဏီများကို ပိတ်ပင် ကန့်သတ်မှုများအား အစိုးရ၏လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် တာဝန်ပေးအပ်ထားပါသည်။[507]

ဆီလျော်သော ဆိုက်ဘာလုံခြုံရေးဥပဒေဟုဆိုပါက အနည်းဆုံး (ရာဇဝတ်မှုဟု မသတ်မှတ်သင့်သော) "ဝါဒဖြန့်မှု" (သို့) "အသရေဖျက်မှု"စသော ရာဇသတ်ကြီးဥပဒေပါ ဝေဝါးကျယ်ပြန့်သည့် ပြဌာန်းချက်များပေါင်းစပ်ထည့်သွင်းမှုအား ရှောင်ကျဉ်သင့်လေသည်။ ဥပဒေရေးဆွဲရာတွင် အိုင်စီတီ ကုမ္ပဏီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် နည်းပညာ ကျွမ်းကျင်သူများစသော အကျိုးသက်ဆိုင်သူပေါင်းစုံမှ လေ့လာသုံးသပ်ချက်၊ အကြံညဏ်များ ရယူ၍ အတည်ပြုပြဌာန်း သင့်လေသည်။

## ထိုင်းနိုင်ငံ

၂၀၁၉ ခုနှစ်၊ မေလတွင် **ဆိုက်ဘာလုံခြုံရေး အက်ဥပဒေ B.E 2562 (2019)** ('ဆိုက်ဘာလုံခြုံရေးအက်ဥပဒေ) ကိုအတည်ပြုပြဌာန်းခဲ့သည်။ ဥပဒေမူကြမ်းပါ ကျယ်ပြန့်သော ပြဌာန်းချက်များ နှင့် စောင့်ကြပ်ကြည့်ရှုမှု နှင့်တာဝန်ခံမှုရှိစေခြင်းဆိုင်ရာ လုပ်ငန်းစနစ်များ မပါဝင်ခြင်းတို့ကြောင့် အစိုးရက အွန်လိုင်းပြန်ကြားဆက်သွယ်မှုများနှင့် ပုဂ္ဂလိကဒေတာများ

---

ပေးခဲ့သည်။ ယင်းစာထဲတွင် "အွန်လိုင်းထုတ်ဖော်ရေးသားပြောဆိုမှုများအား ဖိနှိပ်ကန့်သတ်ပြီး တက်ကြွလှုပ်ရှားသူများအား ထောင်ချအပြစ်ပေးလျက်ရှိသော ဗီယက်နမ်အစိုးရနှင့် ဖေ့စ်ဘွတ်တို့ ညှိနှိုင်း၍ သဘောတူချက်ချခဲ့ပြီးနောက်ပိုင်း အကောင့်ဖျက်သိမ်းမှုများနှင့် ပို့စ်များဖြုတ်ချမှုများပိုမိုများပြားလာခဲ့သည်ဟု ထောက်ပြရေးသားခဲ့သည်။ See Mai Nguyen, "ဗီယက်နမ်တက်ကြွလှုပ်ရှားသူများက ဖေ့စ်ဘွတ်၏ ဝေဖန်ထောက်ပြရေးသားမှုများအား ဖိနှိပ်မှုကြောင့် ၎င်းအား စောဒကတက်မေးခွန်းထုတ်လျက်ရှိ", Reuters, 10 April 2018, Available at: https://www.reuters.com/article/us-facebook-privacy-vietnam/vietnam-activists-question-facebook-onsuppressing-dissentidUSKBN1HH0DO

[507] လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်ရေးသားခွင့်ကာကွယ်မြှင့်တင်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ၊ 6 April 2018, A/HRC/38/35 ('A/HRC/38/35'), စာမျက်နှာ ၁၇။

စောင့်ကြည့်ရာတွင် အာဏာ အလွဲသုံးစားပြုဆောင်ရွက်လာနိုင်ဟု အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပညာရှင်များ၊ အတိုက်အခံ နိုင်ငံရေးသမားများနှင့် အင်တာနက်ကုမ္ပဏီများအား ထောက်ပြ ဝေဖန်နေသည့် ကြားထဲကပင် လွှတ်တော်[508] မှ ၎င်းဥပဒေအား ကန့်ကွက်သူမရှိ အတည်ပြုခဲ့သည်။[509]

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် Manushya Foundation ဟုအမည်ရှိ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုက အက်ဥပဒေပါ ချို့ယွင်းချက်များနှင့် အခက်အခဲများကို အသေးစိတ် ထည့်သွင်းထားသည့် အစီရင်ခံစာတစ်စောင်ထုတ်ပြန်ခဲ့ပြီး ပညာရှင်များ၊ ဒစ်ဂျစ်တယ် အခွင့်အရေး မြှင့်တင်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရအရာရှိများအားလုံးပါဝင်သည့် တိုင်ပင် ဆွေးနွေးပွဲများကျင်းပကာ အကြံပြုချက်များတင်သွင်းခဲ့သည်။[510] ၎င်းတို့ထောက်ပြခဲ့သည့် အချက် များတွင် အက်ဥပဒေအား အကောင်အထည်ဖော်ရာတွင် အုပ်ချုပ်ရေးကဏ္ဍအာဏာပိုင်များ၏ လုပ်ပိုင်ခွင့်အလွန်အကျွံကျင့်သုံးမှုဖြစ်စေသည့် ရှင်းလင်းပြတ်သားမှုမရှိဘဲကျယ်ပြန့်သော ပြဋ္ဌာန်းချက်များဖြစ်ခြင်း၊ အစိုးရအနေဖြင့် အွန်လိုင်းလုပ်ဆောင်ချက်များနှင့် ရေးသားထုတ်ဖော်ပြောဆိုမှု များအား စောင့်ကြည့်လေ့လာခွင့်ရှိခြင်း၊ အက်ဥပဒေအား အကောင်အထည်ဖော်ရာတွင် အုပ်ချုပ်ရေး ကဏ္ဍအား အပြန်အလှန်ထိန်းကျောင်းနိုင်မှုမရှိခြင်း၊ နှင့် အခွင့်အရေးချိုးဖောက်မှုများ၊

---

[508] ထောက်ခံမဲ ၁၃၃ မဲ၊ ကြားနေ ၁၆ မဲနှင့် ကန့်ကွက်သူမရှိ။

[509] Patpicha Tanakasempipat, ''အင်တာနက်မာရှယ်လော"သဏ္ဌာန်ပြုထားသည့် အင်တာနက်လုံခြုံရေးဥပဒေအား ပြဋ္ဌာန်းလိုက်သည့်ထိုင်းနိုင်ငံ၊ Reuters, 28 February 2019, Available at: https://www.reuters.com/article/us-thailand-cyber/thailand-passes-internet-security-law-decried-as-cyber-martial-law-idUSKCN1QH1OB; Baker

and McKenzie, '၂၀၁၉ ခုနှစ် ထိုင်းဆိုက်ဘာလုံခြုံရေးအက် ဥပဒေ, B.E. 2562 အသက်ဝင်လေပြီး', May 2019, Available at: http://bakerxchange.com/rv/ff004c3c7fb28fa5221d901d0f4f9b725497f42f; Tech Crunch, 'ထိုင်းအစိုးရသည် အစိုးရမှစောင့်ကြည့်လေ့လာမှုအားခွင့်ပြုသည့် အငြင်းပွားဖွယ်ဆိုက်ဘာလုံခြုံရေးဥပဒေအား ပြဋ္ဌာန်းလိုက်သည်၊, 28 February 2019, Available at: https://techcrunch.com/2019/02/28/thailand-passes-controversialcybersecurity-law/; Pravit Rojanaphruk, "အာဏာရှင်၏ ဆိုက်ဘာဥပဒေအား ပြင်ဆင်နိုင်ရန်ကြိုးပမ်း လျက်ရှိသော Future Forward အဖွဲ့, Khaosod English, 24 September 2019, Available at: http://www.khaosodenglish.com/politics/2019/09/24/future-forward-seeks-to-amend-juntas-cyber-law/

[510] The ICJ သည် Manushya Foundation အဖွဲ့က အစီရင်ခံစာရေးသားနိုင်ရန်ကျင်းပသည့် ကျွမ်းကျင်သူများ တွေ့ဆုံပွဲသို့ တက်ရောက်ပါဝင်ခဲ့ပါသည်။

အလွဲသုံးစား လုပ်မှုများပေါ်ပေါက်လာခဲ့ပါက ဖြေရှင်းကုစားနိုင်သည့် ပြဋ္ဌာန်းချက်များနည်းပါးခြင်း စသည်တို့ ပါဝင်ခဲ့သည်။[511]

"ဆိုက်ဘာခြိမ်းခြောက်မှုများ" (သို့) "လျှို့ဝှက်တိုက်ခိုက်မှုများ" တိုက်ဖျက်ရန် ပြဋ္ဌာန်းထားသည့် ဆိုက်ဘာလုံခြုံရေး အက်ဥပဒေသည် တိုင်းပြည်၏" အရေးကြီးသော သတင်းအချက်အလက် အခြေခံ အဆောက်အဦစနစ်" (CII) အား "ခြိမ်းခြောက်မှု အန္တရာယ်များ"မှ ကာကွယ်ခြင်း အားဖြင့် "နိုင်ငံတော်လုံခြုံရေး" ကာကွယ်ရေးဟူသော ကျယ်ပြန့်သည့် မူဘောင်အောက်တွင် အွန်လိုင်းသတင်း အချက်အလက်များ စောင့်ကြည့်လေ့လာခွင့်နှင့် အီလက်ထရောနစ်ဒေတာနှင့်ကိရိယာပစ္စည်းများရှာဖွေ သိမ်းဆည်းခွင့်တို့ကို အစိုးရအာဏာပိုင်များထံသို့ အပ်နှင်းထားလေသည်။[512] "နိုင်ငံတော်လုံခြုံရေး" နှင့် CII တို့ကိုမူတိတိကျကျ အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းမရှိပေ။ အက်ဥပဒေ၊ ပုဒ်မ ၃ တွင် CII အား "အစိုးရဌာနအဖွဲ့အစည်းများ (သို့) ပုဂ္ဂလိကအဖွဲ့အစည်းများက နိုင်ငံတော်လုံခြုံရေး။ အများပြည်သူဘေးကင်းလုံခြုံရေး၊ နိုင်ငံတော်စီးပွားရေးခိုင်မာရေး တည်တံ့နိုင်ရန် ၎င်းတို့၏လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုသော ကွန်ပျူတာ နှင့် ကွန်ပျူတာစနစ်များ အားလုံး (သို့) ပြည်သူ့အကျိုးစီးပွားနှင့်ကိုက်ညီသည့်အခြေခံအဆောက်အဦးများ" ဟု ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ဆိုထားပါသည်။[513] ထို့ကြောင့်ပင် အက်ဥပဒေ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်လုံခြုံရေး (သို့) အများပြည်သူဘေးကင်းရေးဟူသောအကြောင်းပြချက်ဖြင့် အစိုးရအောက်ရှိ မည်သို့သော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်မဆို လုပ်ပိုင်ခွင့် အကန့်အသတ်မဲ့ ကျင့်သုံးဆောင်ရွက်မှုများ ဖြစ်ပေါ်လာစေပါသည်။

---

511 Manushya Foundation, 'ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးအက်ဥပဒေ- ဆိုက်ဘာခြိမ်းခြောက်မှုအန္တရာယ်များအား ဖြေရှင်းပြီး အွန်လိုင်းလွတ်လပ်ခွင့်၊ လုံခြုံမှုတို့အားကာကွယ်ပေးနိုင်သည့် လူသားအခြေပြုအက်ဥပဒေဆီသို့', September 2019 ('ManushyaFoundation 2019 report') Available at:file:///C:/Users/User/Desktop/Manushya%20TH%20Cybersecurity%20Act%20report.pdf

512 [Thai] Cybersecurity Act B.E. 2562 (2019)('Cybersecurity Act'), section 3, Available at: http://www.ratchakitcha.soc.go.th/DATA/PDF/2562/A/069/T_0020.PDF; အက်ဥပဒေအင်္ဂလိပ်ပြန်ဆိုချက်နှင့် ဆက်နွယ်ကိစ္စရပ်များအတွက် Manushya Foundation ၏ ၂၀၁၉ ခုနှစ်ထုတ်အစီရင်ခံစာအား လေ့လာဖတ်ရှုပါ။

513 ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးအက်ဥပဒေ၊ ပုဒ်မ ၃ ၊ Manushya Foundation ၏ ၂၀၁၉ ခုနှစ်ထုတ်အစီရင်ခံစာအား၊ စာမျက်နှာ ၁၇ ကိုကြည့်ရန်။

ဥပဒေအား အဓိပ္ပါယ်ကောက်အကောင်အထည်ဖော်ရန် တာဝန်ပေးအာဏာအပ်နှင်းခြင်း ခံထားရသည့် အစိုးရအဖွဲ့အစည်းများမှာ အမှီအခိုကင်းသော စောင့်ကြည့်လေ့လာမှုလုပ်ငန်းစနစ် (သို့) အာဏာပိုင်များဟုတ်ကြပေ။ ထိုအက်ဥပဒေဖြင့် CSA အကောင်အထည်ဖော်နိုင်ရေး မူဝါဒ စံနှုန်းများချမှတ်နိုင်ရေး ဝန်ကြီးချုပ် Prayuth Chan-o-cha ဦးဆောင်ပြီး၊ ကာကွယ်ရေးဝန်ကြီး၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့်လူအသိုင်းအဝိုင်းဝန်ကြီးဌာနဝန်ကြီး၊ (MDES)၊ တရားရေးဝန်ကြီး၊ ဘဏ္ဍာရေး ဝန်ကြီး၊ တော်ဝင်ထိုင်းရဲတပ်ဖွဲ့၏ ရဲမင်းကြီးချုပ် (RTP) နှင့် နိုင်ငံတော်လုံခြုံရေးကောင်စီ (NSC) ၏ ညွှန်ကြားရေးမှူးချုပ်စသဖြင့်ပါဝင်သော နိုင်ငံတော်ဆိုက်ဘာလုံခြုံရေးကော်မတီ ('NCSC') ကိုဖွဲ့စည်းထားသည်။[514] ထိုကော်မတီရုံး၏ ကူညီပံ့ပိုးမှုဖြင့် ဆိုက်ဘာလုံခြုံမှု ထိန်းချုပ်ရေးကော်မတီ ('CRC')ကို ဖွဲ့စည်းထားပြီး MDES မှ ဦးဆောင်ပြီး တော်ဝင်ထိုင်းတပ်ဖွဲ့နှင့် RTP တို့မှ အဆိုပါ စံနှုန်းများအား အကောင်အထည်ဖော်လေသည်။[515]

NCSC သည် အခြားသောလုပ်ပိုင်ခွင့်များအပါအဝင် တိုင်းပြည်၏ CII များစွာထိခိုက်မှု ဖြစ်နိုင်သောအန္တရာယ်များ "ဆိုက်ဘာခြိမ်းခြောက်မှု"များကို "အရေးမကြီး"၊ "အရေးကြီး"၊ "အကြပ် အတည်း"စသဖြင့် ၃ ဆင့်ခွဲခြားသတ်မှတ်နိုင်သောလုပ်ပိုင်ခွင့်ရှိလေသည်။[516] ခြိမ်းခြောက်မှုသည် "တိုင်းပြည်လုံခြုံရေး၊ အများပြည်သူဘေးကင်းမှု (သို့) ငြိမ်ဝပ်ပိပြားမှုတို့အား ထိခိုက်မှု" ဖြစ်စေသည့် အဆင့်ဖြစ်ပါက "အရေးကြီး" (သို့) "အကြပ်အတည်း"အဆင့်သို့သတ်မှတ်သည်။[517] NCSC သည် မည်သို့သောအဖွဲ့အစည်းကိုမဆို CII အဖြစ်သတ်မှတ် (သို့) ဆုံးဖြတ်နိုင်ခွင့်ရှိပြီး "ခြိမ်းခြောက်မှု" မည်သို့ စတင်ဖြစ်ပေါ်လာပုံ (ဖြစ်စေသည့်အရာများ) ကိုလည်း သတ်မှတ်နိုင် လေသည်။[518] ထိုအက် ဥပဒေသည်

---

[514] ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးအက်ဥပဒေ၊ ပုဒ်မ ၅၊ ၉၊ ၄၁ မှ ၄၃ အထိ၊ ၊ Manushya Foundation ၏ ၂၀၁၉ ခုနှစ်ထုတ် အစီရင်ခံစာအား၊ စာမျက်နှာ ၂၈ မှ ၃၁ အထိ ကိုကြည့်ရန်။

[515] ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးအက်ဥပဒေ၊ ပုဒ်မ ၁၂၊ ၁၃၊ ၂၂၊ ၆၁ မှ ၆၆ အထိ၊ Manushya Foundation ၏ ၂၀၁၉ ခုနှစ်ထုတ်အစီရင်ခံစာအား၊ စာမျက်နှာ ၂၈ မှ ၃၁ အထိ ကိုကြည့်ရန်။

[516] ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးအက်ဥပဒေ၊ ပုဒ်မ ၆၀ (ဂ) ၁။

[517] ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးအက်ဥပဒေ၊ ပုဒ်မ ၆၀၊ Manushya Foundation ၏ ၂၀၁၉ ခုနှစ်ထုတ်အစီရင်ခံစာအား၊ စာမျက်နှာ ၂၂ မှ ၂၃ အထိ ကိုကြည့်ရန်။

[518] ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးအက်ဥပဒေ၊ ပုဒ်မ ၃၊ ၄၉၊ Manushya Foundation ၏ ၂၀၁၉ ခုနှစ်ထုတ် အစီရင်ခံစာအား၊ စာမျက်နှာ ၁၄ မှ ၁၅အထိ၊ ၁၈ ကိုကြည့်ရန်။

အစိုးရအာဏာပိုင်များအား ထိခိုက်မှုဖြစ်စေသည့် လက်ဆုပ်လက်ကိုင် သက်သေပြစရာ မလိုဘဲ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား တရားဥပဒေအတိုင်း အပြစ်ပေးပိုင်ခွင့်ပြုထားပြီး[519] တရားဝင်ညီညွတ်မှု၊ မရှိမဖြစ်လိုအပ်မှု၊ ကျိုးကြောင်းဆီလျော်မျှတမှုဆိုင်ရာ မူများကို ချိုးဖောက်လျက်[520] အာဏာပိုင်များအနေဖြင့် တရားစီရင်ချက်များပြန်လည်သုံးသပ်ရန်ခွင့်မပြုပေ။[521]

"ခြိမ်းခြောက်မှုအန္တရာယ်သည် "အရေးကြီး" (သို့) "အကြပ်အတည်း"အဆင့်သို့ "ရောက်ရှိပုံ" ရပါက အစိုးရအား ခွင့်ပြုထားသောလုပ်ကိုင်ခွင့်ပမာဏမှာ သတ်မှတ်ထားခြင်းမရှိသဖြင့် အုပ်ချုပ်ရေးကဏ္ဍ အကန့်အသတ်မဲ့ လုပ်ပိုင်ခွင့်ပေးထားမှုအပေါ် စိုးရိမ်ဖွယ်ဖြစ်လေသည်။[522] "အရေးကြီး" အဆင့်၌ CRC သည် ဥပဒေနှင့်ကိုက်ညီသူ မည်သူကိုမဆို စုံးစမ်းစစ်ဆေးမှု၊ ပရဝုဏ်အတွင်းဝင်ရောက်၊ ပုဂ္ဂလိကအဖွဲ့အစည်းများထံမှာ အီလက်ထရောနစ်ဒေတာနှင့် ကိရိယာပစ္စည်းများရှာဖွေသိမ်းယူ၊ ထိုဒေတာများ ကူယူး၊ အီလက်ထရောနစ်ကိရိယာများနှင့် စနစ်များအားစစ်ဆေးမှုစသည်တို့ကို ဆောင်ရွက်ရန် အမိန့်ချမှတ်နိုင်လေသည်။[523] အရာရှိများသည် ပုဂ္ဂလိကအဖွဲ့အစည်းများ လက်ဝယ်ထားသောသတင်းအချက်အလက်များအား "အချိန်နှင့် တပြေးညီ" ရယူခွင့်တောင်းခံနိုင်လေသည်။[524] တရားရေး စောင့်ကြပ်ထိန်းကျောင်းမှုတို့ကို "အရေးမကြီး"သည့်အဆင့်တွင် ခွင့်ပြုထည့်သွင်း ထားသော်လည်း[525] "ဆိုက်ဘာခြိမ်းခြောက်မှု

---

[519] Manushya Foundation ၏ ၂၀၁၉ ခုနှစ်ထုတ် အစီရင်ခံစာအား၊ စာမျက်နှာ ၁၉၊ ၂၀ ကိုကြည့်ရန်။

[520] ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးအက်ဥပဒေ၊ ပုဒ်မ ၆၁ မှ ၆၈ အထိ

[521] ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးအက်ဥပဒေ၊ ပုဒ်မ ၆၉

[522] . ထိုင်းနိုင်ငံ၏ဆိုက်ဘာလုံခြုံရေးအက်ဥပဒေ၊ ပုဒ်မ ၆၁၊ ၆၄ မှ ၆၆အထိတွင် "အရေးကြီးအဆင့်အန္တရယ်" ဖြစ်ကြောင်းနှင့် ဖြစ်နိုင်ကြောင်း CRC မှလက်ခံပါက CRC သည် NCSC ရုံးအဖွဲ့အား အရေးယူဆောင်ရွက်ရန် အမိန့်ချမှတ် နိုင်သည်ဟု ဖော်ပြထားသည်။ ပုဒ်မ ၆၂ သည် "ဆိုက်ဘာခြိမ်းခြောက်မှုများကြောင့် ထိခိုက်မှုများအား ခွဲခြမ်းလေ့လာမှု ပြန်ရန်အလို့ငှာ" အာဏာပိုင်များကို အမိန့်ပေးနိုင်ရန် NCSC အတွင်းရေးမှူးချုပ်အား လုပ်ပိုင်ခွင့်ပေးထားပါသည်။ "အကြပ်အတည်း" အဆင့်ရှိ အန္တရာယ်များအတွက် ပုဒ်မ ၆၇ တွင် NCSC အားဖြေရှင်းရန်လုပ်ပိုင်ခွင့်ပေးထားပြီး အရေးပေါ်အခြေအနေတွင် ပုဒ်မ ၆၈သည် အတွင်းရေးမှူးချုပ်အား တရားရုံးအမိန့်မပါဘဲ ဆောင်ရွက်ခွင့်ပြုထားပါ သည်။

[523] ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးအက်ဥပဒေ၊ ပုဒ်မ ၆၆ မှ ၆၉ အထိ

[524] ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးအက်ဥပဒေ၊ ပုဒ်မ ၆၈ (ခ)။

[525] တရားစီရင်မှုဆိုင်ရာထိန်းကျောင်းမှုအား အချို့ဆိုက်ဘာအန္တရာယ်များနှင့်စပ်လျဉ်း၍ပေးအပ်ထားခြင်းမရှိပေ။ ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးအက်ဥပဒေ၊ ပုဒ်မ ၆၆၊ အထူးသဖြင့် ၆၆(က)(၂) တို့ကိုကြည့်ရန်။

အန္တရာယ်"သည် "အရေးကြီး" အဆင့်တွင်ရှိသည့် "အရေးကြီးသည့်" အန္တရာယ်ဖြစ်ပါက NCSC ၏ ညွှန်ကြားရေးမှူးချုပ်သည် တရားရုံးဝရမ်းမလိုအပ်ဘဲ အထက်ပါလုပ်ဆောင်ချက်အားလုံးကို ပြုလုပ်ခွင့်ရှိပြီး ထိုဆုံးဖြတ်ချက်အား တရားရုံးတွင် အယူခံတင်ခွင့် မရှိပေ။[526] ထိုအမိန့်အား လိုက်နာရန်ပျက်ကွက်ခဲ့ပါက ထောင်ဒဏ် ၃ နှစ်အထိနှင့် ငွေဒဏ် ထိုင်းဘတ် ၁၀၀၀၀ ကျော် (အမေရိကန်ဒေါ်လာထောင်ပေါင်းများစွာနှင့်ညီသော) အထိ အပြစ်ပေးခြင်း ခံရမည်ဖြစ်သည်။[527]

ဆိုက်ဘာလုံခြုံရေးအက်ဥပဒေပါ ပြင်းထန်သည့်ကန့်သတ်ချက်များသည် စစ်တပ်ဦးဆောင်သည့် အစိုးရအာဏာပိုင်များက ပြည်သူများ၏ကိုယ်ရေးကိုယ်တာလုံခြုံခွင့်၊ သတင်းအချက်အလက် နှင့် လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့်တို့အား ဆိုးဆိုးရွားရွားချိုးဖောက်မှုများ ဖြစ်ပေါ်စေနိုင် ပါသည်။ "ဆိုက်ဘာခြိမ်းခြောက်မှု"အား "အရေးကြီး" (သို့) "အကြပ်အတည်း" အဆင့်ရှိနေပြီးဟု အာဏာပိုင်များက သတ်မှတ်ပြီးထိုသို့ဖြစ်ပါက အမှီအခိုကင်းသော စောင့်ကြည့်ထိန်းကျောင်းပြီး တာဝန်ခံမှုရှိစေခြင်းဆိုင်ရာ လုပ်ငန်းစနစ်များဖယ်ရှားမှုကို ခွင့်ပြုထားပါသည်။[528] စစ်တပ်ဦးဆောင်သည့် နိုင်ငံတော်လုံခြုံရေးကောင်စီမှာလည်း အက်ဥပဒေပါပြဋ္ဌာန်းချက်များကို လွှမ်းမိုးသည့် "အကြပ်အတည်း" အရေးပေါ်ကာလဆိုင်ရာအခြေအနေနှင့်အညီ အမျိုးသားလုံခြုံရေး ဥပဒေပါ လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်နိုင်လေသည်။ အက်ဥပဒေ အကောင်အထည်ဖော် မှုအား ဖြစ်စေသည့် (ပုံကိုင်မှုဝါဒဖြစ်သည့်) "နိုင်ငံတော်လုံခြုံရေး"ဟူသော အကြောင်းပြချက်ကို အစိုးရ အာဏာပိုင်များက ကျယ်ပြန့်စွာဖွင့်ဆိုအသုံးပြုလျက်ရှိသည်။ အက်ဥပဒေတွင် ပြဋ္ဌာန်းချက် များအား "လိုအပ်မှသာလျှင်" ချမှတ်လုပ်ကိုင်ရမည်ဟု ဖော်ပြထားသော်လည်း (လိုအပ်မှသာ ဟူသော) ထိုအခြေအနေအား လေ့လာ ဆန်းစစ်နိုင်ရန် ညွှန်ကြားချက်များမပါဝင်ပေ။[529]

---

526 ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံမှုအက်ဥပဒေ၊ ပုဒ်မ ၆၈ (က)။ "အရေးမကြီးသည့်" ခြိမ်းခြောက်မှုအတွက်သာလျှင် အယူခံတင်သွင်းနိုင်လေသည်။ ပုဒ်မ ၆၉ ကိုကြည့်ရန်။

527 ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးအက်ဥပဒေ၊ ပုဒ်မ ၇၅၊ ၇၆၊ ပုဒ်မ ၇၅ တွင် ငွေဒဏ်အဖြစ် ထိုင်းဘတ် ၃၀၀၀၀၀ အထိနှင့် အမိန့်အားလိုက်နာမှုမပြုမချင်း တစ်ရက်လျှင် ထိုင်းဘတ် ၁၀၀၀၀ အထိအပြစ်ဒဏ်ချမှတ်ထားသည်။ ပုဒ်မ ၇၆ တွင် ထောင်ဒဏ် ၃ နှစ်အထိနှင့် ငွေဒဏ် ထိုင်းဘတ် ၆၀၀၀၀ အထိ အပြစ်ဒဏ်ချမှတ်ထားသည်။

528 ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးအက်ဥပဒေ၊ ပုဒ်မ ၆၇ Manushya Foundation ၏ ၂၀၁၉ ခုနှစ်ထုတ် အစီရင်ခံစာအား၊ စာမျက်နှာ ၅၃ ကိုကြည့်ရန်။

529 ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးအက်ဥပဒေ၊ ပုဒ်မ ၆၆၊ ၆၈။.

"နိုင်ငံတော်လုံခြုံရေး" နှင့် "နိုင်ငံတော်အရေးပေါ်အခြေအနေ" တို့ကိုသတ်မှတ် ဆုံးဖြတ်နိုင်သည့် မူဝါဒစံနှုန်းများနှင့် စီမံအုပ်ချုပ်မှုချမှတ်ပြုလုပ်နိုင်စွမ်းမှာ အာဏာရအစိုးရနှင့် NCSC မှတဆင့် စစ်တပ်တို့၏ လက်ထဲတွင်လုံးလုံးလျားလျားရှိလေသည်။ တရားရုံးသည် အခြေအနေအချို့တွင် အမိန့်များကိုပြန်လည်သုံးသပ်နိုင်သော်လည်း အက်ဥပဒေတွင် NCSC မှချမှတ်သောအမိန့်များအပေါ် အယူခံတင်သွင်းမှုများအား ကြားနာ၊ စိစစ်နိုင်ရန် လွတ်လပ်ပြီး အမှီအခိုကင်းသည့် အဖွဲ့ (သို့) လုပ်ငန်းစနစ်များပါဝင်ထည့်သွင်းထားခြင်းမရှိပေ။[530] NCSC အဖွဲ့တွင် နည်းပညာဆိုင်ရာ (သို့) ဆိုက်ဘာလုံခြုံရေးကဏ္ဍမှ ပြင်ပပညာရှင်များပါဝင်သော်လည်း ၎င်းတို့ကို စစ်အစိုးရမှ တိုက်ရိုက်ခန့်ထားခြင်းကြောင့် ၎င်းတို့အနေဖြင့် NCSC သည် လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ အုပ်ချုပ်ရေးအာဏာကျင့်သုံးမှုဖြစ်စေရန် စွမ်းဆောင်နိုင်မှုမရှိပေ။

အင်တာနက်ပေါ်ရေးသားမှုများအား တိုးမြှင့်စောင့်ကြည့်လေ့လာရန် လုပ်ဆောင်နေသည့်အတောအတွင်း ဆိုက်ဘာလုံခြုံရေးအက်ဥပဒေအား အတည်ပြုခြင်းသည် အွန်လိုင်းထုတ်ဖော်ပြောဆို ရေးသားမှုများနှင့်သတင်းအချက်အလက်ရယူမှုများအား ကန့်သတ်နိုင်ရန် ၎င်းဥပဒေအား အလွဲသုံးစားပြုလာနိုင်သည်ဟု ဝေဖန်စိုးရိမ်သံများထွက်လာခဲ့သည်။[531] ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုဝန်းကျင်ရေးရာဝန်ကြီးက သတင်းအချက်အလက်အမှားများ တိုက်ဖျက်ရန် "ပြည်သူများက လူထုအကြားကြောက်ရွံ့မှု နှင့် ရှုပ်ထွေးမှုများဖြစ်စေသည့် (သို့) မှန်ကန်မှုမရှိဟု သံသယရှိသော...မည်သည့်သတင်းကိုမဆို ပေးပို့တင်ပြပြီး အစိုးရဝန်ထမ်းများက "၂ နာရီ"အတွင်း "စိစစ်အတည်ပြု"ဖြစ်သဖြင့် ထိုသတင်းပေးပို့ရမည့် "သတင်းတုတိုက်ဖျက်ရေး" ဌာန နှင့် ဝက်ဆိုက်ဘ်တို့အား ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်းကြေညာခဲ့သည်။[532]

---

530 တရားစီရင်ချက်ပြန်လည်သုံးသပ်မှုကို ဥပမာ ပုဒ်မ ၆၅၊ ၆၆ နှင့် ၆၈ တို့တွင်ခွင့်ပြုထားပါသည်။

531 အိုင်စီဂျေ (ICJ)သည် မိတ်ဖက်အဖွဲ့များမှတဆင့် ထိုင်းဖက်ဒရယ်လှုပ်ရှားမှုနှင့်စပ်နွယ်သည့် အချုပ်အခြာအာဏာပိုင်များအား စော်ကားမှု (lèse majesté) နှင့်စပ်လျဉ်းသည့်အမှုတစ်ခုအား သိရှိခဲ့ရပါသည်။ ဖမ်းဆီးခံရသူသည် အချုပ်အခြာအာဏာစော်ကားသည့်အသုံးအနှုန်းများထပ်မံသုံးစွဲခြင်းမပြုရန်သဘောတူလက်မှတ်ရေးထိုးခဲ့ရပြီး ထိုသဘောတူညီချက်တွင် အီလက်ထရောနစ်ကိရိယာများမှ သတင်းအချက်အလက်များရယူမှုနိုင်ရန် ဆိုက်ဘာလုံခြုံရေးအက်ဥပဒေနှင့်အညီ အာဏာပိုင်များ၏ လုပ်ပိုင်ခွင့်ကိုရည်ညွှန်းဖော်ပြထားပါသည်။

532 Associated Press, 'ထိုင်းအစိုးရသည် သတင်းတုများတိုက်ဖျက်ရန် စင်တာဖွဲ့စည်းလိုက်သည်'', Khaosod English, 22 August2019, Available at: http://www.khaosodenglish.com/news/crimecourtscalamity/2019/08/22/thailand-to-set-up-center-to-

Manushya Foundation က CRC မှ ပုဂ္ဂိုလ်များလည်း အဆိုပါဌာနအား ကြီးကြပ်မည်ဖြစ်သောကြောင့် ဆိုက်ဘာလုံခြုံရေးအက်ဥပဒေမှ ပေးအပ်ထားသော လုပ်ပိုင်ခွင့်များကို ဆိုက်ဘာအန္တရာယ်တိုက်ဖျက်မှုနှင့် မဆိုင်သည့် အွန်လိုင်းဝေဖန်ချက်များအား ကန့်သတ်ရာတွင် အလွဲသုံးစားပြုလာနိုင်သည်ဟု ထောက်ပြထားပါသည်။[533] ၂၀၁၉ ခုနှစ်၊အောက်တိုဘာလတွင် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုဝန်းကျင်ရေးရာဝန်ကြီးက အင်တာနက်ဆိုင်ပိုင်ရှင်များအနေဖြင့် အနည်းဆုံး ၃ လအတွင်း ၎င်းတို့၏ဖောက်သည်များ/အသုံးပြုသူများဝင်ရောက်ကြည့်ရှုသည့် ဝက်ဆိုက်ဘ်ဆိုင်ရာဒေတာမှတ်တမ်းများကို အစိုးရထံ ပေးရမည်ဟူသော CCA ပါပုဒ်မ ၂၆ ကိုချမှတ်ကြောင်း ထုတ်ပြန်ခဲ့သည်။ ထိုဒေတာများအား အွန်လိုင်းပေါ် "မှားယွင်းသော၊ ဆီလျော်မှန်ကန်မှုမရှိသော" သတင်းအချက်အလက်များဖော်ထုတ်ရာတွင် "သတင်းတုတိုက်ဖျက်ရေး" ဌာနမှ အသုံးပြုနိုင်ရန်ဟု ပြောကြားခဲ့သည်။[534] ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွင့်လှစ်လိုက်သည့် ထိုဌာနသည် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ကိုယ်ရေးကိုယ်တာအချက်အလက်လုံခြုံခွင့်၊ သတင်းအချက်အလက်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့အား ဥပဒေမဲ့ချိုးဖောက်မှုဖြစ်စေလျက် အစိုးရ၏ အွန်လိုင်းပိတ်ပင် တားဆီးမှု နှင့် စောင့်ကြည့်လေ့လာမှု[535]တို့အား ကူညီပေးနိုင်သည်ဟု ဝေဖန်ထောက်ပြမှုများ ဖြစ်ပေါ်လာ ခဲ့သည်။

---

combat-fake-news/; စင်တာအား မည်သည့်ဥပဒေပြဌာန်းချက်နှင့်အညီ ဖွဲ့စည်းကြောင်းမှာ မသိရပေ။ NCPO ကြေညာချက်စာအမှတ် ၂၆/၂၅၅၇ အရ MDES ဝန်ကြီးသည် "အကြမ်းဖက်မှုလှုံ့ဆော်၊ စည်းရုံးဖြစ်စေပြီး၊ ဥပဒေလေးစားလိုက်နာမှုမရှိဘဲ NCPO ၏ လုပ်ဆောင်ချက်များအားဝေဖန်မှုပြုထားသည့် အကြောင်းအရာများအား စောင့်ကြည့် လေ့လာ၊ ဖြုတ်ချ၊ စုံးစမ်းစစ်ဆေးခွင့်ရှိသော "လုပ်ငန်းအဖွဲ့"ဖွဲ့ခွင့်ရှိလေသည်။ See [Thai] NCPO Announcement No. 26/2557, Available at:

https://library2.parliament.go.th/giventake/content_ncpo/ncpo-annouce26-2557.pdf .

ထိုကြေညာချက်အား နောက်ဆုံးထုတ်ပြန်ထားသည့် ၉-၇-၂၀၁၉ ရက်စွဲပါ HNCPO အမိန့်ဖြင့်လည်း ပယ်ဖျက်ထားခြင်းမရှိပေ။

533. Manushya Foundation ၏ ၂၀၁၉ ခုနှစ်ထုတ် အစီရင်ခံစာအား၊ စာမျက်နှာ ၃၀။

534 Kate Lamb, 'ထိုင်းအင်တာနက်ဆိုင်များသည် အသုံးပြုမှုအချက်အလက်များကိုအတင်းနောက်ကြောင်းလိုက်ယူခဲ့ပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုအား ခြိမ်းခြောက်မှုများဖြစ်စေခဲ့သည်', TheGuardian, 10 October 2019, Available at: https://www.theguardian.com/world/2019/oct/10/thaicafes-forced-to-track-customers-wifi-use-sparking-free-speech-fears

535 Ibid.

## ကမ္ဘောဒီးယားနိုင်ငံ

၂၀၁၂ ခုနှစ်၊ မေလတွင် ကမ္ဘောဒီးယားအစိုးရသည် “မကောင်းသောအဖွဲ့၊လူပုဂ္ဂိုလ်များ၏ “အွန်လိုင်း ၏သတင်းများဖြန့်ဝေမှု”မှ ကာကွယ်ရန်၊ “အစိုးရ၊ ပုဂ္ဂလိကဒေတာများ (သို့) ဝက်ဘ်ဆိုက်များအား ခိုးဝင်ဖျက်ဆီးမှု” မှကာကွယ်ရန် နှင့် “အများပြည်သူအကျိုးစီးပွားကာကွယ်ရန်” စသောရည်ရွယ်ချက်တို့ဖြင့် ဆိုက်ဘာပြစ်မှုဆိုင်ရာဥပဒေအား ရေးဆွဲပြဋ္ဌာန်းမည်ဟု ထုတ်ပြန်ခဲ့သည်။[536] အကျိုးသက်ဆိုင်သူများနှင့် ပြည်သူများက အမြင်သဘောထားမှတ်ချက်ပေးနိုင်ရေးအတွက် ဥပဒေမူကြမ်းအား ပြည်သူများအားချပြရန် ကမ္ဘောဒီးယားအရပ်ဘက်လူမှုအဖွဲ့အစည်းများက အစိုးရထံ တောင်းဆိုခဲ့သော်လည်း အစိုးရသည် ဥပဒေမူကြမ်းအား တရားဝင် ချပြခဲ့ခြင်းမရှိသည့်အပြင် သဘောထားမှတ်ချက်များ/ဆွေးနွေးမှုများပြုနိုင်ရန် ဖိတ်ခေါ်ရယူခဲ့ခြင်းမရှိပေ။[537]

၂၀၁၄ ခုနှစ်၊ ဧပြီလတွင် ဆိုက်ဘာပြစ်မှုဆိုင်ရာဥပဒေ ပထမအကြိမ်မူကြမ်းမှာ ပေါက်ကြားခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့်ပုံ့နှံ့သွားလေသည်။[538] ၂၀၁၅ ခုနှစ်၊မေလတွင် စာတိုက်နှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက ဥပဒေအား “အစိုးရ၏ ဂုဏ်သရေအား ထိပါးခြင်း၊ တရားမဝင် တိုက်ခိုက်ခြင်း၊ နှင့် စော်ကားခြင်း” ပြုသည့် သတင်းအချက်အလက်များအား တိုက်ဖျက်ရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ၎င်းဥပဒေမူကြမ်းအား

---

[536] Cambodian Center for Human Rights (CCHR), ‘CCHR Briefing Note –၂၀၁၄ ခုနှစ်ဆိုက်ဘာပြစ်မှုဆိုင်ရာဥပဒေသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုအား ကာကွယ်သည့် ဥပဒေလော (သို့) ပိတ်ပင်သည့်ဥပဒေလော?’, February 2014, Available at:
https://ifex.org/images/cambodia/2014/03/03/cambodia_cyber_crimes_legislation_cchr.pdf;
CCHR,‘ကမ္ဘောဒီယားအစိုးရသည် ဆိုက်ဘာဥပဒေမူကြမ်းအားရေးဆွဲလျက်ရှိသည်’, 24 May 2012, Available at:
https://www.cchrcambodia.org/index_old.php?url=media/media.php&p=alert_detail.php&alid=21&id=5;
Joshua Wilwohl, ‘အမည်မသိအဖွဲ့က အစိုးရဌာနဝက်ဘက်ဆိုက်များဝင်ရောက်မွှေနှောက်ခဲ့သည်’, Cambodia Daily, 13 September 2013,Available at:
https://www.cambodiadaily.com/news/anonymous%e2%80%88hacks-governmentwebsites-42250/

[537] Ibid., ‘ကမ္ဘောဒီယားတော်ဝင်အစိုးရဝန်ကြီးများထံသို့ပေးအပ်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်းသော အိတ်ဖွင့်ပေးစာ’, Available at:
https://www.ccimcambodia.org/wpcontent/uploads/2014/10/Open_Letter_request_for_draft-laws_EN.pdf

[538] ဆိုက်ဘာပြစ်မှုဆိုင်ရာဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ CCHR ၏အိတ်ဖွင့်ပေးစာ, 28 April 2014 (‘CCHR Open Letter’), Available at: https://cchrcambodia.org/media/files/press_release/488_20colccrdcle_en.pdf

အများပြည်သူဆွေးနွေးအမြင် သဘောထား များပေးနိုင်ရန် ချပြသွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။[539] သို့သော်လည်း ဆွေးနွေးပွဲများ ပေါ်ပေါက်လာခဲ့ခြင်း မရှိပေ။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဒုတိယ မူကြမ်းထပ်မံ ပေါက်ကြား၊ ပျံ့နှံ့ခဲ့လေသည်။[540]

ဥပဒေမူကြမ်းတွင် နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် လူ့အခွင့်အရေးဆိုင်ရာ ကမ္ဘောဒီးယားဌာန (CCHR) မှ ဆိုက်ဘာပြစ်မှုဆိုင်ရာ ဥပဒေပထမအကြိမ် မူကြမ်းနှင့်စပ်လျဉ်း၍ အိတ်ဖွင့်ပေးစာတွင်ဖော်ပြထားသည့်အတိုင်း အငြင်းပွားဖွယ်ပြဋ္ဌာန်းချက် များစွာ ပါဝင်လေသည်။[541] ပထမတစ်ချက်မှာ မူကြမ်းပါ ပုဒ်မ ၂၈ တွင် ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ တည်မြဲမှုများ ထိပါးယုတ်လျော့စေမှု" ၊ "တစ်ဦး (သို့) အစုအဖွဲ့အား မင်းမဲ့ စရိုက်ဆန်ဆန်ဖြစ်လာစေရန်ပြည်သူလူထုအား သွေးထိုးလှုံ့ဆော်မှု" ၊ "မလုံခြုံမှု၊ မတည်ငြိမ်မှုနှင့် နိုင်ငံရေးစည်းလုံးညီညွတ်ရေးပျက်ပြားစေမှု"၊ "အစိုးရအဖွဲ့အစည်းများ၏ မှန်ကန်တည်တံ့မှုအား ထိပါးနှောင့်ယှက်မှု" (သို့) "လိုသလိုကြိုးကိုင်ဖန်တီးမှု၊ အသရေဖျက်မှုနှင့် ဂုဏ်ညှိုးနွမ်းစေမှု" စသည်တို့ကိုဖြစ်စေသည့် အကြောင်းအရာများအားတားမြစ်ပိတ်ပင်သည့် ဝေဝါးကျယ်ပြန့်သော ပြဋ္ဌာန်းချက်များ ပါဝင်လေသည်။[542] ဒုတိယအနေဖြင့် မူကြမ်း၏ အခန်း ၂ တွင်ထိုင်းနိုင်ငံ၏ ဆိုက်ဘာ လုံခြုံရေးအက်ဥပဒေဖြင့် ဖွဲ့စည်းထားသည့် NCSC ကော်မတီနှင့်ဆင်တူသော နိုင်ငံတော် ဆိုက်ဘာပြစ်မှု တိုက်ဖျက်ရေးကော်မတီ ('NACC')ကိုဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထားသည်။

---

[539] Mech Dara, 'ဆိုက်ဘာဥပဒေသည် အစိုးရ၏ဂုဏ်သိက္ခာအားကာကွယ်ရန်ဟု ဝန်ကြီးဌာနပြောကြား', Cambodia Daily, 27 May 2015,Available at: https://www.cambodiadaily.com/news/cyber-law-to-protect-govt-honor-ministrysays-84431/

[540] CCHR, 'CCHR Briefing Note – February 2016 Digital Wrongs?'ကမ္ဘောဒီးယားနိုင်ငံရှိ ဒစ်ဂျစ်တယ်အခွင့်အရေးဆိုင်ရာ အခြေအနေများအား လေ့လာသုံးသပ်ချက်, February 2016 ('CCHR Briefing Note, February 2016')
Availableat:https://cchrcambodia.org/admin/media/analysis/analysis/english/2016_03_03_CCHR_Briefing_Note_Digital_Wrongs_ENG.pdf

[541] See also CCHR Open Letter; CCHR Briefing Note, February 2016, p11

[542] ဆိုက်ဘာဥပဒေ ပထမအကြိမ်မူကြမ်း ('Cybercrime Law First Draft'), ပုဒ်မ ၂၈၊ အလွတ်သဘောအင်္ဂလိပ်ဘာသာ ပြန်ဆိုချက် available at: https://www.article19.org/data/files/medialibrary/37516/Draft-Law-On-CyberCrime_Englishv1.pdf

ၚင်ကော်မတီသည် ဥပဒေအကောင်အထည်ဖော်မှုအားကြီးကြပ်ရန် လွတ်လပ်ပြီး အမှီအခိုကင်းသည့် အဖွဲ့တစ်ခုမဟုတ်ပေ။ NACC အား ဝန်ကြီးချုပ်ဦးဆောင်ပြီး ဒုဝန်ကြီးချုပ်၊ ပြည်ထဲရေးဝန်ကြီး၊ သတင်းအချက်အလက်ဝန်ကြီး၊ ဆက်သွယ်ရေးဝန်ကြီး၊ တရားရေးဝန်ကြီး၊ နိုင်ငံတော်ရဲ တပ်ဖွဲ့မှူး တို့ဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး မူဝါဒကြီးကြပ်ကွပ်ကဲကော်မတီသဖွယ် ဆောင်ရွက်မည်ဖြစ်ကာ ဥပဒေစိုးမိုးမှုဖြစ်စေရန် ကြီးကြပ်မည့် အတွင်းရေးမှူးချုပ်လည်း ပါဝင်မည်ဖြစ်သည်။[543]

အလွတ်သဘောထုတ်ပြန်သည့် ဒုတိယအကြိမ်မူကြမ်းတွင် NACC ဖွဲ့စည်းမှုဆိုင်ရာအခန်းနှင့် ပုဒ်မ ၂၈ တို့ပါဝင်ခြင်းမရှိတော့ပေ။ သို့သော်လည်း ၎င်းမူကြမ်းတွင် အငြင်းပွားဖွယ်ပြဌာန်းချက်များ ပါဝင်ဆဲဖြစ်သည်။ ဒုတိယကြိမ်မူကြမ်းပါ ပုဒ်မ ၂၇ တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ အပါအဝင် တရားဝင်အဖွဲ့အစည်းများအား ၎င်းတို့အဖွဲ့အတွင်းရှိ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် “ဆိုက်ဘာ ပြစ်မှု” ကျူးလွန်ခဲ့ပါက ၎င်းအဖွဲ့အစည်းအား ဖျက်သိမ်းရမည်ဟု ကျယ်ကျယ်ပြန့်ပြန့်ပြဌာန်းထားပြီး လွဲမှားစွာအသုံးချမှုဖြစ်စေမည်ဖြစ်သည်။[544] ဥပမာအားဖြင့် ဒုတိယအကြိမ်မူကြမ်း၏ ပုဒ်မ ၁၃ သည် လျှို့ဝှက်ဖြစ်ပြီး တရားမဝင်ရယူခြင်းမှ ကာကွယ်ထားသည့် မည်သို့သောဒေတာကိုမဆို လက်ဝယ် ထားရယူထားမှုအား ရာဇဝတ်မှုဖြစ်သတ်မှတ်ထားသော်လည်း ၎င်းပြဌာန်းချက်သည် ထိုကဲ့သို့ သတင်းအချက်အလက်များအား အမှတ်မထင်ဘဲ ရရှိထားသောသူများအား ကာကွယ်ပေးထားခြင်း မရှိသည့်အပြင် သတင်းထောက်တင်ပြသည့်အချက်အလက်များကဲ့သို့သော အများပြည်သူ စိတ်ဝင်စားသည့် အကြောင်းအရာများကိုလည်း ကာကွယ်ပေးမှုမရှိပေ။[545] ဒုတိယအကြိမ် မူကြမ်းသည် ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးအက်ဥပဒေကဲ့သို့ပင် သံသယရှိသူများ၏ ပစ္စည်းများ အား ရှာဖွေ သိမ်းဆည်၊ “ဆိုက်ဘာပြစ်မှု” စုံစမ်းစစ်ဆေးနိုင်ရန် ရဲများအား လုပ်ပိုင်ခွင့်များစွာ ပေးထားပြီး အမှီအကင်း၍ ဘက်မလိုက်သောကြီးကြပ်ထိန်းကျောင်းမှု (သို့) လုပ်ထုံးလုပ်နည်းဆိုင်ရာ စိတ်ချမှု တို့ကို မဖြစ်စေပေ။[546]

---

[543] ဆိုက်ဘာပြစ်မှုဆိုင်ရာဥပဒေ ပကြိမ်မူကြမ်း၊ အခန်း-၂။

[544] CCHR Briefing Note, February 2016, p12

[545]Ibid.

[546] Ibid.

ဆိုက်ဘာပြစ်မှုဆိုင်ရာဥပဒေပြဋ္ဌာန်းရန် ကမ္ဘောဒီးယားအစိုးရ၏ အားထုတ်မှုမှာ အစိုးရသည် ကျယ်ပြန့်သည့် အသရေဖျက်မှု၊ အကြည်ညိုပျက်စေမှုနှင့် နိုင်ငံတော်လုံခြုံရေးနှင့်ဆက်နွယ်သည့် ပြစ်မှုများစသည်တို့ကို "ဆိုက်ဘာပြစ်မှုများ"အဖြစ်လိုရာဆွဲသွင်းသတ်မှတ်နိုင်ရန် ကြိုးပမ်းမှုအား ပြည့်စုံစွာမြင်နိုင်သည့်အပြင် ဥပဒေရေးဆွဲမှုလုပ်ငန်းစဉ်များမှာ ဒေသတွင်းရှိ အခြားဥပဒေများတို့က (ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးဆိုင်ရာအက်ဥပဒေ) များစွာလွှမ်းမိုးမှုရှိကြောင်း ဖော်ပြသည့် ဥပမာကောင်းတခုလည်းဖြစ်သည်။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် တရားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေး ဝန်ကြီးဌာနတို့သည် ဆိုက်ဘာပြစ်မှုဆိုင်ရာဥပဒေမူကြမ်းအား လေ့လာသုံးသပ်လျက် ရှိကြောင်း သတင်းထွက်ပေါ်ခဲ့သည်။[547] ဤအစီရင်ခံစာထုတ်ပြန်ချိန်အထိ ဥပဒေမူကြမ်းအား အများပြည်သူ ဆွေးနွေးမှတ်ချက်များ ပေးနိုင်ရန်အတွက် တရားတင်ထုတ်ပြန်ခြင်းမရှိသဖြင့် ထိုဥပဒေသည် မည်သည့်အတိုင်းအတာအထိ အွန်လိုင်းထုတ်ဖော်ရေးသားမှုများအား ထိန်းချုပ်၊ အပြစ်ပေးမည်ကို ကွဲပြားစွာ သိရှိခြင်းမရှိခဲ့ပေ။

## ၉။ အင်တာနက်ဖြတ်တောက်ခြင်းသည် တရားမျှတမှုရှိကြောင်းပြရန်အတွက် အလွဲသုံးစား အသုံးပြုခံ ရသည့် ဥပဒေများ

အမုန်းစကားများ ပြန့်ပွားလာခြင်း၊ အကြမ်းဖက်မှုကျူးလွန်ရန် အွန်လိုင်းလှုံ့ဆော်မှုများ၊ အွန်လိုင်းပေါ်မှ သတင်းမှားများ နှင့် ဆိုက်ဘာတိုက်ခိုက် ခြိမ်းခြောက်မှု အစရှိသည့် အခက်အခဲများကို ဒေသတွင်းနိုင်ငံများ လက်တွေ့ရင်ဆိုင်နေကြရပါသည်။ အထက်ပါအခန်းတွင် ဆိုက်ဘာဘေးကင်း လုံခြုံမှုရှိရန်နှင့် အွန်လိုင်းပေါ်မှ သတင်းမှားများကို တိုက်ဖျက်နိုင်ရန်ဟူသောအဆိုဖြင့် ပြဋ္ဌာန်းခဲ့သည့် ဥပဒေများကို လေ့လာခဲ့ပြီးဖြစ်ပါသည်။ ယခုအပိုင်းတွင် အကြမ်းဖက်မှုကျူးလွန်ခြင်း၊ အွန်လိုင်းလှုံ့ဆော်မှုများနှင့် အမုန်းစကား ပြန့်ပွားလာသည့်အခြေအနေများကို အကြောင်းပြု ပြီး ငြိမ်ဝပ်ပိပြားရေးအတွက် ဟုဆင်ခြေကန်ကာအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ဆက်သွယ် ရေး ဥပဒေကို အသုံးပြု၍ အင်တာနက်ဖြတ်တောက်မှုများ ပြုလုပ်ခဲ့ပုံကို သုံးသပ်လေ့လာပါမည်။ ထို့အပြင် ယခုအခန်းတွင် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံများရှိ ရဲများမှ ငြိမ်ဝပ်ပိပြားရေး အလို့ငှာ အင်တာနက်

---

[547] Mech Dara, 'ဝန်ကြီးဌာနများသည် ဆိုက်ဘာပြစ်မှုဆိုင်ရာဥပဒေမူကြမ်းအားပြန်လည်သုံးသပ်သွားလျက်ရှိ', Phnom Penh Post, 12 July 2019,Available at: https://www.phnompenhpost.com/national/ministries-review-content-draft-lawcybercrime

ဖြတ်တောက်မှုများ ပြုလုပ်ရန်အတွက် ရှင်းလင်းသည့် ဥပဒေ ညွှန်းဆိုမှု မရှိပဲ တောင်းဆိုခဲ့သည့် အခြေအနေများကိုလည်း ဆွေးနွေးထားပါသည်။ ယခုကဲ့သို့ အင်တာနက်ဖြတ် တောက်မှုများ ဖြစ်ပွားခဲ့ရာတွင် အာဏာပိုင်များက ပြည်သူများအား ကြိုတင် အသိပေးခြင်း မရှိပဲ ဖြတ်တောက်ရန် လိုအပ်သည့် အကြောင်းရင်းခံများ (အကြောင်းပြချက်များ) ဖြစ်သည့် တိကျသည့် မူဝါဒ (ပေါ်လစီ)၊ ဥပဒေရည်ရွယ်ချက်များကို လည်း ရေရာစွာ ရှင်းလင်းအသိပေးခဲ့ခြင်း မရှိခဲ့ပါ။

အထက်တွင် ရှင်းလင်းခဲ့သည့်အတိုင်း နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအရ အလုံးစုံ အင်တာနက် ဖြတ်တောက်ခြင်းသည် မည်သည့် အခြေအနေတွင်မှ တရားမျှတခြင်းမရှိပါ။ ပြီးခဲ့သည့် နှစ်များတွင် ဖြစ်ပွားခဲ့သည့် အင်တာနက်ဖြတ်တောက်သည့်ကိစ္စရပ်များကို ကြည့်လျှင် ဒေသတွင်း အစိုးရများမှ အနာဂတ်တွင် ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းရန်အတွက် ဤကဲ့သို့သော လက်လွတ်စပယ်နည်းလမ်းများကို အသုံးပြုခြင်းဖြင့် အခြားလူ့အခွင့်အရေးများအနက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သတင်း အချက်အလက်စီးဆင်းခွင့်၊ လုံခြုံရေး၊ စုဝေး သင်းဖွဲ့ခွင့်၊ ပညာရေး၊ ကျန်းမာရေး နှင့် အလုပ်လုပ်ကိုင်ခွင့် အစရှိသည့် အခွင့်အရေးများကို ဆုံးရှုံးနစ်နာ မှုများ ဖြစ်စေနိုင်ပါသည်။

ကမ္ဘာအနှံ့ရှိ အစိုးရများမှ အင်တာနက်ဖြတ်တောက်မှုများကို လက်ကိုင်ပြုအသုံးပြုသည့် သာဓကများ ပိုမိုများပြားလာသည်ကိုလည်း တွေ့မြင်နေရပါသည်။ Access Now ဒစ်ဂျစ်တယ် အခွင့်အရေး အဖွဲ့အစည်း၏ သုတေသနကို ကိုးကားထားသည့် New York Times ၏ နိုဝင်ဘာ ၂၀၁၉ သတင်း ထုတ်ပြန်ချက်အရ ကမ္ဘာ့နိုင်ငံများ၏ လေးပုံ တစ်ပုံသည် လွန်ခဲ့သည့် လေးနှစ်ခန့်အတွင်း အင်တာနက် ဖြတ်တောက်မှုများ ပြုလုပ်ခဲ့ပြီး၊ အများအားဖြင့် နိုင်ငံတွင်း ဆူပူအုံကြွမှုများ၊ နိုင်ငံရေး မတည်ငြိမ်သည့် အခြေအနေများတွင် ဖြတ်တောက်မှုများ ပြုလုပ်ခဲ့ကြောင်းတွေ့ရပါသည်။[548] Access Now ၏ ၂၀၁၈ အစီရင်ခံစာအရ နိုင်ငံပေါင်း ၂၅ နိုင်ငံတွင် အင်တာနက် ဖြတ်တောက်သည့် ဖြစ်ရပ် ၁၉၆ ခုကျော် ဖြစ်ပွားခဲ့ကြောင်းသိရပြီး သတင်းအမှားများ၊ အမုန်းစကားများ၊ အကြမ်းဖက်မှု ကျူးလွန်ရန် ဦးတည်သည့် အွန်လိုင်းလှုံ့ဆော်မှုများ အစရှိသည်တို့ကို တိုက်ဖျက်ရန်နှင့် နိုင်ငံတော် လုံခြုံရေးနှင့်

[548] NY Times, ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့။

ငြိမ်ဝပ်ပိပြားရေး အလို့ငှာ ရည်ရွယ်ကြောင်း သိရပါသည်။[549] ၂၀၁၈ခုနှစ်တွင် ဖြစ်ပွားခဲ့သည်ဟု သိရှိရသော ဖြစ်ရပ်များ အားလုံး၏ ၆၀ ရာခိုင်နှုန်းနီးပါးတွင် အစိုးရအာဏာပိုင်များက အင်တာနက်ဖြတ်တောက်မှုများကို အမိန့်ပေးခဲ့ခြင်းအတွက် တာဝန်ယူမှု (ဝန်ခံမှု) မရှိပါ။[550]

## မြန်မာနိုင်ငံ

ဤအစီရင်ခံစာ ကနဦးမိတ်ဆက်စာပိုဒ်များတွင် အသားပေးဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံ တွင် အွန်လိုင်းအမုန်းစကား ပြန့်ပွားမှုပြဿနာကို ဆိုးရွားစွာရင်ဆိုင်ကြုံတွေ့နေရပါသည်။ ဖေ့စ်ဘုတ် ပေါ်တွင် အကြမ်းဖက်မှု ကျူးလွန်ရန် လှုံ့ဆော်မှုများ ပြုလုပ်ခြင်း၊ အမုန်းစကားများ အရှိန်အဟုန်မြင့်စွာ ပြန့်ပွားလာခြင်းတို့သည် ကြီးမားသောလူ့အခွင့်အရေးချိုးဖောက်မှုများ၊ လူသားတစ်မျိုးနွယ်လုံးအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ မူဆလင်များ အပေါ် မျိုးနွယ်စုတစ်စုကို မျိုးဖြုတ်ခြင်း ဖြစ်နိုင်ချေများ အစရှိသည့် ကျူးလွန်မှုများ ဖြစ်စေရန် ပံ့ပိုးပေးနေကြောင်း တွေ့ရပါသည်။ မြန်မာအစိုးရ၏ အင်တာနက် ဖြတ်တောက် သည့် နည်းလမ်း အသုံးပြုခြင်းကို ယခုကဲ့သို့သော အခြေအနေများတွင် သာမကပဲ အခြား ဆက်စပ် စဉ်းစားရမည့် နိုင်ငံတဝှမ်း ပိုမိုကျယ်ပြန့်စွာ လူနည်းစု အုပ်စုများကို ခွဲခြားဆက်ဆံသည့် အခြေ အနေများ၊ မတူညီသည့် လူမျိုးစု၊ မျိုးနွယ်၊ ဘာသာရေး အုပ်စုများ အကြား ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခအခြေအနေများတွင် မည်ကဲ့သို့ အသုံးပြုနေပုံကိုလည်း လေ့လာဆန်းစစ်သင့်ပါသည်။[551]

---

[549] ၂၀၁၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံတွင် အင်တာနက်ဖြတ်တောက်မှု ၁၃၄ မှု ဖြစ်ပွားခဲ့ပြီး၊ ဒေသတွင်းနိုင်ငံများထဲမှ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၃ မှုဖြစ်ပွားခဲ့သည် ဟုမှတ်တမ်းတင်ထားပါသည်။ Access Now ၂၀၁၈ အစီရင်ခံစာ၊ စာမျက်နှာ ၂ ကိုကြည့်ပါ။

[550] ၂၀၁၈ ခုနှစ်တွင် အင်တာနက် ဖြတ်တောက်မှု ၂၀၀ ကျော်ခန့်ဖြစ်ပွားခဲ့သည့်အထဲမှ အစိုးရအာဏာပိုင်များက ၇၇ မှုကို ဖြတ်တောက်ရန် အမိန့်ပေးခဲ့ကြောင်း ဝန်ခံခဲ့ပါသည်။ Access Now ၂၀၁၈ အစီရင်ခံစာ၊ စာမျက်နှာ ၂၊ ၄ နှင့် ၅ ကိုကြည့်ပါ။

[551] အပိုင်း ၁ ကို ကြည့်ပါ။ အိုင်စီဂျေမှ ဤပြဿနာများကို မကြာခဏ ဖြေရှင်းခဲ့ပါသည်။ ဥပမာကို ကြည့်ပါ - ICJ, "မြန်မာ - ခွဲခြားမှုနှင့် အကြမ်းဖက်မှုများကို ဖြစ်ပွားစေနိုင်သည့် လူမျိုး နှင့် ဘာသာအခြေခံသည့် ဥပဒေများကို ဖျက်ရန်" ၂၀၁၅ခုနှစ် မတ်လ ၃ ရက်၊ [https://www.icj.org/myanmar-scrap-race-and-religion-laws-that-could-fuel-discrimination-and- violence/](https://www.icj.org/myanmar-scrap-race-and-religion-laws-that-could-fuel-discrimination-and-violence/) တွင် ရယူနိုင်သည်။ ICJ, "မြန်မာ - ရိုဟင်ဂျာလူနည်းစုကို ကာကွယ်ပေးခြင်း၊ ကုလသမဂ္ဂအထူးအစည်းအဝေး" ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၅ ရက်၊ https://www.icj.org/myanmar-un-special-session/

မြန်မာနိုင်ငံတွင် မြန်မာအစိုးရစစ်တပ်နှင့် (ရခိုင်တိုင်းရင်းသား လက်နက်ကိုင်တပ် AA) ရက္ခိုင်တပ်တော် တို့ကြား တိုက်ပွဲများအပြင်းအထန်ဖြစ်ပွားနေသည့် ရခိုင်နှင့် ချင်းပြည်နယ်ရှိ မြို့နယ် ၉ (ကိုး)ခုတွင် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၇၇ ကို အသုံးပြုကာ အင်တာနက် ဖြတ်တောက်မှု များ ပြုလုပ်ခဲ့ပါသည်။[552] ယင်းဒေသများတွင် အင်တာနက်ကို အသုံးပြုပြီး ဥပဒေမဲ့ အဖျက် အမှောင့်လုပ်ငန်းများ ပေါ်ပေါက်လာမည့်အရေးနှင့် နယ်မြေ အေးချမ်းရေးကို ထိခိုက်စေနိုင်သည့် အရေးများကြောင့် ၂၀၁၉ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် ဆက်သွယ်ရေးနှင့် အင်တာနက်ဖုန်းလိုင်း (မိုဘိုင်းကွန်ယက်) ကုမ္ပဏီများကို အင်တာနက်လိုင်းများ ဖြတ်တောက်ထားရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ညွှန်ကြားခဲ့ပါသည်။[553] လူမှုကွန်ယက်ပေါ်တွင် ဝါဒဖြန့်မှုများ၊ လူမျိုးရေးအခြေခံသည့် အမုန်းစကား များကြောင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် လူမျိုးရေး အခြေခံသည့် အမုန်းတရားများကို တုန့်ပြန်ရန်အတွက် အင်တာနက် ဖြတ်တောက်မှုများသည် ဒေသတွင်း

---

တွင် ရယူနိုင်သည်။ ICJ, " အိုင်စီဂျေမှ နိုင်ငံသားနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲစကားဝိုင်းကျင်းပခြင်း" ၂၀၁၉ခုနှစ် ဇွန်လ ၂၄ ရက်၊ https://www. icj.org/icj-convenes-panel-discussion-on-citizenship-and-human-rights-in-myanmar/ တွင် ရယူနိုင်သည်။

[552] မြို့နယ်များမှာ ရခိုင်ပြည်နယ်မှ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ မြောက်ဦး၊ မင်းပြား နှင့် မြေပုံ မြို့များဖြစ်ကြပြီး ချင်းပြည်နယ်မှ ပလက်ဝ မြို့ဖြစ်ပါသည်။ အာရက္ခ စစ်တပ်သည် ရခိုင်ပြည်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရန်အတွက် တိုက်ပွဲဝင်နေသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်။ Free Expression Myanmar လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ၊ "ရခိုင်နှင့် ချင်းပြည်နယ်တွင် အင်တာနက်ဖြတ်တောက်မှုများ" ၂၀၁၉ ခုနှစ် ဇွန်လ ၂၄ ရက် ကို ကြည့်ပါ။ http:// freeexpressionmyanmar.org/internet-shutdown-in-rakhine-and-chin-states/ တွင် ရယူနိုင်သည်။ Myanmar Centre for Responsible Business "အင်တာနက် အသုံးပြုခွင့် ပိတ်ပင်ခြင်းကို ဖြေလျော့ပါ" ၂၀၁၉ ခုနှစ် ဇွန်လ ၂၈ ရက်၊ https://www.myanmar-responsiblebusiness.org/news/lift-the-restrictions-on-internet-access.html တွင် ရယူနိုင်သည်။

[553] Telenor Group, "မြန်မာပြည်တွင် အင်တာနက်လိုင်းများ ဖြတ်တောက်ခြင်း၊ ၂၀၁၉ ခုနှစ် ဇွန်လ ၂၁ရက်" https://www.telenor.com/network-shutdown-in-myanmar-21-june-2019/ တွင် ရယူနိုင်သည်။ Shoon Naing, " ရခိုင်ပြည်နယ်ရှိ ပဋိပက္ခဖြစ်ပွားလျက်ရှိသည့် ဒေသများတွင် မြန်မာအစိုးရမှ အင်တာနက် ဖြတ်တောက်ရန် အမိန့်ပေးခြင်း - တယ်လ်ကို အော်ပရေတာ " https://www.reuters.com/article/us-myanmar-rakhine/myanmar-orders-internet-shutdown-in-conflict-torn-rakhine-state-telco-operator-idUSKCN1TN0AX တွင် ရယူနိုင်သည်။ Reuters, ၂၀၁၉ခုနှစ် ဇွန်လ ၂၂ရက် https://www.telenor.com/update-on-the-network-shutdown-in-myanmar-13-august-2019/ တွင် ရယူနိုင်သည်။ Telenor Group, ""မြန်မာပြည်တွင် အင်တာနက်လိုင်းများ ဖြတ်တောက်ခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအခြေအနေများ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၃ ရက်" https://www.telenor.com/update-on-the-network-shutdown-in-myanmar-13-august-2019/ တွင် ရယူနိုင်သည်။

တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်ပြီး၊ ပြည်သူအားလုံးအတွက် အကျိုးကျေးဇူးများစွာ ရှိသည်ဟု အစိုးရတာဝန်ရှိသူများက ဆိုပါသည်။[554]

ဆက်သွယ်ရေးဥပဒေ အပိုဒ် ၇၇ ပြဋ္ဌာန်းချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သည် အများပြည်သူ အကျိုးအတွက် ဆောင်ရွက်ရန် အခြေအနေ ပေါ်ပေါက်သည့်အခါ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းအား ယာယီရပ်ဆိုင်းရေး၊ ဆက်သွယ် အမျိုးအစားတစ်ရပ်ရပ်ကို မပြုလုပ်ရေး၊ တားဆီးထိန်းသိမ်းထားရှိရေး၊ လိုအပ်သည့် သတင်းအချက် အလက်နှင့် ဆက်သွယ်မှုများကို ရရှိရေး၊ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများနှင့် ဆက်သွယ်ရေး ပစ္စည်းများကို ယာယီထိန်းချုပ် သုံးစွဲရေးတို့အတွက် လုပ်ငန်း လိုင်စင်ရရှိသူအား ညွှန်ကြား နိုင်ပါသည်။[555]

ဥပဒေပြဋ္ဌာန်းချက်ပါ "အရေးပေါ်အခြေအနေ"ကို ဖွင့်ဆိုသည့် တိကျသည့် ရှင်းလင်းချက် မရှိခြင်းနှင့် ဥပဒေက အခြေခံလူ့အခွင့်အရေးများနှင့် လွပ်လပ်ခွင့်များကို မကာကွယ်ပေးနိုင်ခြင်း တို့ကြောင့် မြန်မာနိုင်ငံအစိုးရသည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများနှင့် သွေဖယ်သည့် အင်တာနက် ဖြတ်တောက်မှုများ ပြုလုပ်ပိုင်ခွင့်ပေးပါသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အသားပေး လုပ်ဆောင်သော အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် Article 19 ၏ အစီရင်ခံ စာတွင် အစိုးရ လုပ်ဆောင်မှုများကို သုံးသပ်ထားရာ၌ အင်တာနက်ဖြတ်တောက်မှုများကို ပြုလုပ် ရသည့် သင့်တင့်လျောက်ပတ်သည့် (တရားဝင်) ရည်ရွယ်ချက် (အကြောင်းအရင်း) ကို ထုတ်ပြန်ခဲ့ခြင်းမရှိသေးကြောင်း မီးမောင်းထိုး တင်ပြထားပါသည်။ အဘယ်ကြောင့်ဆိုသော် "အင်တာနက်ကို အသုံးပြုပြီး ဥပဒေမဲ့ အဖျက်အမှောင့်လုပ်ငန်းများ ပေါ်ပေါက်လာမည့်အရေးနှင့် နယ်မြေ အေးချမ်းရေးကို ထိခိုက်စေနိုင်သည့်အရေးများကြောင့်" ဟုဆိုသည့် အကြောင်းပြစွပ်စွဲ ချက်များအတွက် ယုံကြည်စိတ်ချရသော (သို့မဟုတ်) တရားဝင် သတင်းအချက်အလက်များ

[554] မြန်မာတပ်မတော်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက ပြောကြားခဲ့သည်ဟု သိရပြီး၊ မြန်မာ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (telecommunication and posts) ဆိုင်ရာ အင်ဂျင်နီယာချုပ် ဦးမျိုးဆွေ ကလည်း "နယ်မြေအေးချမ်းသွားရင် အင်တာနက်ဆက်သွယ်ရေးပြန်ဖွင့်မယ်" နှင့် အင်တာနက်ဖြတ်တောက်မှုသည် "ပြည်သူများကောင်းဖို့ရန်ဖြစ်ကြောင်း" ပြောကြားခဲ့သည်ဟု သိရပါသည်။ Hannah Beech, Saw Nang, "အစိုးရက အင်တာနက်ကို ဖြတ်တောက်ပစ်သည်၊ မတရားမှုတွေကို ဆက်ပြီး ဖုံးကွယ်ထားတော့မှာလား" နယူးယောက်စ်တိုင်မ်း၊ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂ ရက်၊ https://www. nytimes.com/2019/07/02/world/asia/internet-shutdown-myanmar-rakhine.html တွင် ရယူနိုင်ပါသည်။

[555] ဆက်သွယ်ရေးဥပဒေ အပိုဒ် ၇၇

ထုတ်ပြန်ခြင်း မရှိသည့်အတွက် ဖြစ်ပါသည်။ ထို့ပြင် ယခုကဲ့သို့ ဖြတ်တောက်မှုများသည် မျှတမှုမရှိပဲ၊ နိုင်ငံတော်လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးရရှိရန်အတွက် ကန့်သတ်မှုအနည်းဆုံးဖြစ်မည့် နည်းလမ်း များကို အသုံးပြုရမည့် အစိုးရ၏ တာဝန်တစ်ရပ်ကို ချိုးဖောက်ရာကြပါသည်။[556]

အစိုးရအနေဖြင့် နိုင်ငံတော်လုံခြုံရေး (သို့မဟုတ်) ငြိမ်ဝပ်ပိပြားရေး အခြေခံသည့် လုံလောက်သည့် အကြောင်းပြချက်များ ပေးနိုင်ခဲ့သည်ဆိုလျှင်တောင် ရခိုင်နှင့် ချင်းပြည်နယ်တွင် အလုံးစုံ အင်တာနက် ဖြတ်တောက်ခြင်းသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သတင်းစီးဆင်းခွင့် နှင့် အခြားအခွင့်အရေးများဖြစ်သည့် စုဝေးခွင့်၊ အသင်းဖွဲ့ခွင့်၊ ပညာရေး၊ ကျန်းမာရေး နှင့် အလုပ်လုပ် ကိုင်ခွင့် အစရှိသည့် အခွင့်အရေးများကို နစ်နာဆုံးရှုံးမှု ဖြစ်စေပါသည်။ ယင်းဒေသများတွင် လုပ်ကိုင်နေသည့် လူသားချင်းစာနာထောက်ထားရေးအဖွဲ့အစည်းများက အင်တာနက် အဆက် အသွယ်မရှိဘဲ လူသားချင်းစာနာထောက်ထားရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ချိတ်ဆက် လုပ်ဆောင်ရာတွင် အခက်အခဲရှိကြောင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများကို စောင့်ကြည့်ရာ တွင်လည်း အရေးပါသည့် ကန့်သတ်မှုများဖြစ်စေကြောင်း လူ့အခွင့်အရေးအဖွဲ့အစည်းများက သတင်းပို့ ကြပါသည်။ ထို့အပြင် အင်တာနက် ဖြတ်တောက်ထားချိန်တွင် လက်နက်ကိုင် ပဋိပက္ခများပိုမို ပြင်းထန်လာကြောင်း သိရပြီး၊ ဒေသဆိုင်ရာ ဥပဒေပြုအမတ်များမှလည်း ၎င်းတို့၏ သက်ဆိုင်ရာ မြို့နယ်ရှိလူများမှ သတင်းအချက်အလက်များ (သို့မဟုတ်) နောက်ဆုံးအခြေအနေများကို မရရှိကြောင်း ပြောဆိုပါသည်။[557] မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူး ကိုယ်စားလှယ်ကလည်း ယခုကဲ့သို့ ဖြတ်တောက်မှုများက စစ်တပ်ကို ပြည်သူများ၏ အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်နိုင်ရန် အခြေအနေပေးသကဲ့သို့ ဖြစ်စေပြီး နိုင်ငံတော်လုံခြုံရေးအမည်ခံကာ ၎င်းတို့ စိတ်ကြိုက်ပြုလုပ်မည်ကို စိုးရိမ်ကြောင်း

---

[556] Article 19, "အစီရင်ခံစာ - ရခိုင်နှင့် ချင်းပြည်နယ်တွင် အင်တာနက် ဖြတ်တောက်မှုများ" ၂၀၁၉ ဩဂုတ်လ ၂ ရက်၊ https://www.article19.org/wp-content/uploads/2019/08/2019.08.01-Myanmar-Internet-Shutdown-briefing-.pdf တွင် ရယူနိုင်ပါသည်။

[557] HRW ၂၀၁၉ ခုနစ် ဇွန်လ ၂၈ ရက်၊ ရိုက်တာ ၂၀၁၉ ခုနစ် ဇွန်လ ၂၂ ရက်၊ နယူးယောက်စ်တိုမ်း ၂၀၁၉ ခုနစ် ဇူလိုင် ၂ ရက်၊ ရခိုင်နှင့် ချင်းပြည်နယ်တွင် အင်တာနက်ဖြတ်တောက်မှုများနှင့် စပ်လျဉ်း၍ ဒစ်ဂျစ်တယ် အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် အရပ်ဖက် အဖွဲ့အစည်းများ၏ ပူးတွဲကြေငြာချက် ၂၀၁၉ ဇွန်လ၊ https://www.apc.org/en/pubs/joint-statement-internet-shutdown-rakhine-and-chin-states-digital-rights-organisations-and တွင် ရယူနိုင်ပါသည်။

ပြောဆိုခဲ့ပါသည်။[558] ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကလည်း အင်တာနက် ဖြတ်တောက်ခြင်းသည် တရားဥပဒေ စိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးကို ထိခိုက်ပျက်စီးစေသည်ဟု ထပ်လောင်းပြောဆိုခဲ့သည်။[559] ၂၀၁၉ ခုနစ် နိုဝင်ဘာလတွင် အင်တာနက်ဖြတ်တောက်မှုကို အချို့နေရာများတွင် ပြန်လည် ရုတ်သိမ်းခဲ့ပါသည်။[560]

## ဖိလစ်ပိုင်၊ ဗီယက်နမ် နှင့် အင်ဒိုနီးရှားနိုင်ငံ

ဖိလစ်ပိုင်၊ ဗီယက်နမ် နှင့် အင်ဒိုနီးရှားနိုင်ငံများတွင် နိုင်ငံတော် စီမံချက် (ဆောင်ရွက်မှု) အင်တာနက်ဖြတ်တောက်မှု များအတွက် ရှင်းလင်းတိကျသော ဥပဒေစည်းမျဉ်းများမရှိပါ။ ထိုသို့ပြုလုပ်ခြင်းသည် စီမံခန့်ခွဲရေး ဆောင်ရွက်ချက်များ ပြုလုပ်ရန်လိုအပ်သည့် တရားဝင်ဖြစ်မှု၊ မရှိမဖြစ်လိုအပ်မှု၊ မျှတဆီလျော်မှု အစရှိသည့် လိုအပ်ချက်များ ကိုချိုးဖောက်လျက်ရှိပါသည်။ ထို့အတွက် အင်တာနက်ဖြတ်တောက်မှုများသည် ငြိမ်ဝပ်ပိပြားရေးကို နယ်မြေ အေးချမ်းရေးအတွက် ရည်ရွယ်၍ ပြုလုပ်သည်ဟုဆိုသော်လည်း အောက်ပါကိစ္စရပ်များတွင် အင်တာနက် ဖြတ်တောက်ထားချိန်တွင် အစိုးရအာဏာပိုင်များအနေဖြင့် လူတစ်ဦးစီ၏ အခြေခံလူ့ အခွင့်အရေးများ နှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု လေးစားလိုက်နာသည်ဟုဆိုနိုင်သော လုံလောက်သည့် သက်သေသာဓကများ (သို့မဟုတ်) ဥပဒေ ကျိုးကြောင်းပြချက်များ (သို့မဟုတ်) တရားမျှတခြင်းဆိုင်ရာ (သို့မဟုတ်) တာဝန်ခံမှုဆိုင်ရာ ယန္တရားများ အစရှိသည်တို့ကို စီစဉ် ပေးထားခြင်း မရှိသည်ကို တွေ့ရပါသည်။

၂၀၁၅ ခုနစ် ဇန်နဝါရီလတွင် ဖိလစ်ပိုင်နိုင်ငံ အမျိုးသားဆက်သွယ်ရေးကော်မရှင် (National Telecommunication Commission - NTC)၏ ညွှန်ကြားချက်နှင့်အညီ ပုပ်ရဟန်းမင်းကြီး

[558] Al Jazeera "မြန်မာနိုင်ငံကို အင်တာနက် ဖြတ်တောက်မှုများ ရပ်ရန် တောင်းဆိုရာတွင် အမေရိကန်အစိုးရလည်း အတူပါဝင်ခဲ့ခြင်း" https://www.aljazeera.com/news/2019/06/joins-calls-myanmar-internet-shutdown-190629181233538.html တွင် ရယူနိုင်ပါသည်။

[559] နယူးယောက်စ်တိုင်း ၂၀၁၉ ခုနစ် ဇူလိုင်လ ၂ ရက်

[560] Sam Aung Moon, "ပဋိပက္ခများ ဖြစ်ပွားလျက်ရှိသော ရခိုင်နှင့် ချင်းပြည်နယ်နေရာအချို့တွင် အင်တာနက် ဖြတ်တောက်မှုကို ပြန်လည်ဖယ်ရှားခဲ့ခြင်း" https://www.reuters.com/article/us-myanmar-rakhine/ myanmar-partially-lifts-internet-shutdown-in-con ict-torn-rakhine-chin-states-idUSKCN1VM13J တွင် ရယူနိုင်ပါသည်။

ဖရန်စစ် ရောက်ရှိနေချိန်တွင် ဆက်သွယ်ရေး ကုမ္ပဏီများကို အင်တာနက်လိုင်းများနှင့် မိုဘိုင်းကွန်ယက်များကို ဖြတ်တောက်ထားခဲ့ပါသည်။[561] တယ်လီဖုန်းများကို အသုံးပြုပြီး ဖောက်ခွဲရေးပစ္စည်းများအဖြစ် အသုံးပြုနိုင်သည့်အတွက် ပုပ်ရဟန်းမင်းကြီး၏ လုံခြုံရေးအတွက်ဟူသော အကြောင်းပြချက်ဖြင့် အင်တာနက်များကို ဖြတ်တောက်ခဲ့ပါသည်။[562] ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ဖိလစ်ပိုင်နိုင်ငံ မီဒီယာ စောင့်ကြည့်ရေး အဖွဲ့တစ်ခုဖြစ်သည့် Foundation for Media Alternatives (FMA) က ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း NTC ၏ ခွင့်ပြုမိန့်ဖြင့် Sinulog ၊ Dinagyang ၊ Fesat of the Black Nazarene အစရှိသည့် ပွဲတော်များတွင် အင်တာနက်ဖြတ်တောက်ခဲ့မှု ၁၁ခု ကို ကြည့်ခြင်းအားဖြင့် ဆက်သွယ်ရေးဖြတ်တောက်မှုများသည် ဖြစ်လေ့ဖြစ်ထရှိသည့် အရာတစ်ခု ဖြစ်လာသည့်အတွက် စိုးရိမ်ကြောင်း ထုတ်ဖော် ပြောဆိုခဲ့ပါသည်။[563] FMA သည် အာဏာပိုင်များက အလွဲသုံးစားပြုလုပ်နိုင်ခြေများမှ ကာကွယ်ရန်အတွက် ဆက်သွယ်ရေး ဖြတ်တောက်မှု ပြုလုပ်သည့် လုပ်ထုံးလုပ်နည်းများကို ပွင့်လင်းမြင်သာစွာ ချပြရန် တောင်းဆိုခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အများပြည်သူအား ၎င်းတို့ အချင်းချင်းဖြစ်စေ၊ အာဏာပိုင်များနှင့် ဖြစ်စေ၊ အရေးပေါ်ဝန်ဆောင်မှုများ အားဖြစ်စေ ဆက်သွယ်ရယူပြုလုပ်သည့် ဆက်သွယ်ရေး လမ်းကြောင်းများကို ကန့်သတ် ထားခြင်းအားဖြင့် ၎င်းတို့၏ စီးပွားရေးနှင့် အလုပ်အကိုင်များကို နှောင့်နှေးစေပြီး ၎င်းတို့ကိုလည်း ဘေးအန္တရာယ်ထဲသို့ ပို၍ တွန်းပို့သကဲ့သို့ ဖြစ်စေကြောင်း ဆက်လက်ပြီး အလေးပေး ပြောဆို ခဲ့ပါသည်။[564]

---

[561] Lynda C. Corpus, "ပုပ်ရဟန်းမင်းကြီး အလည်အပတ်ခရီးစဉ်၊ အင်တာနက် အသုံးပြုသူများမှ တယ်လ်ကို ဝန်ဆောင်မှု ပြတ်တောက်မှုများကို တုံ့ပြန်ခြင်း" Rappler ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၆ ရက် https://www.rappler.com/specials/pope-francis-ph/81044-netizens-react-disrupted- telco-services-papal-visit တွင် ရယူနိုင်ပါသည်။

[562] Mick Basa "အင်တာနက် ကွန်ယက် မရှိဘူး? ပုပ်ရဟန်းမင်းကြီးရဲ့ လုံခြုံရေးအတွက် ဟု တယ်လ်ကိုမှ ပြောကြား" Rappler, https://www.rappler.com/specials/pope-francis-ph/80989-telcos-disrupt-signal- pope-visit Rappler " ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ထွက်ခွာသွားသည့်နောက်တွင် အင်တာနက် ဝန်ဆောင်မှုများ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိ" https://www.rappler.com/specials/pope-francis-ph/81369-pope-francis-leaves- network-signals-back-normal တွင် ရယူနိုင်သည်။

[563] Interaksyon, "အင်တာနက် ဖြတ်တောက်မှုများ၊ လုံခြုံရေးနှင့် အများပြည်သူ ဘေးကင်းမှုဆိုင်ရာ အစွဲများ" ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၆ ရက် https://www.interaksyon.com/infotek/2018/01/26/117929/internet-shutdowns-a-myth-of-security-and-public-safety/ တွင် ရယူနိုင်ပါသည်။

[564] အထက်ပါ အတိုင်း

၂၀၁၆ခုနှစ်၊ မေလတွင် အမေရိကန်သမ္မတ (ထိုစဉ်က)ဘားရဒ် အိုဘားမား ဗီယက်နမ်နိုင်ငံသို့ သုံးရက်တာ ရောက်ရှိနေချိန်တွင် လူမှုကွန်ယက်ကို အသုံးပြုပြီး စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်လေ့ရှိသည့် တက်ကြွလှုပ်ရှားသူများ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ (သို့မဟုတ်) အစိုးရနှင့် သဘောထားကွဲလွဲ ဆန့်ကျင်သူများကို နှုတ်ဆိတ်နေစေရန် သိသာထင်ရှားသည့် အားထုတ်မှု တစ်ခုအဖြစ် အစိုးရမှ ဖေ့စ်ဘုတ်ဆက်သွယ်အသုံးပြုခြင်းကို ဖြတ်တောက်ခဲ့ပါသည်။ Access Now က ဗီယက်နမ်အစိုးရ၏ လုပ်ရပ်ကို ဤသို့ ဝေဖန်ခဲ့ပါသည် - အများပြည်သူလုံခြုံရေးကို အကြောင်းပြပြီး အရေးကြီးသည့် သတင်း အချက်အလက်များ ရယူခွင့်ကို ပိတ်ပင်တားမြစ်ရန် ဖြတ်တောက်မှုများကို ပြုလုပ်ခြင်း၊ အွန်လိုင်းပေါ်မှ ငွေကြေးဖလှယ်မှု (e-financing) နှင့် အရေးပေါ် ဝန်ဆောင်မှုများ၊ ပြည်သူလူထုအားလုံးအကြား အကြောက်တရားဖန်တီးခြင်းနှင့် အင်တာနက် ဆက်သွယ်ရေး၏ အသေးစားစီးပွားရေးလုပ်ငန်းများအား ကူညီထောက်ပံ့နိုင်မှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးနိုင်မှု စွမ်းအားများကို ယိမ်းယိုင်စေပါသည်။[565] ဤဖြစ်ရပ်မတိုင်မီ လွှတ်တော်ရွေးကောက်ပွဲများ မကျင်းပခင်ကာလတွင် (ဖြစ်ရပ်နှင့် တစ်လတည်းအတွင်း၌ပင်) သဘာဝပတ်ဝန်းကျင် ဘေးအန္တရာယ်များကြောင့် ဆန္ဒပြမှုများ ပြင်းထန်စွာ ဖြစ်ပွားနေချိန်တွင် ဖေ့စ်ဘုတ်ဆက်သွယ်ရေးကို ကန့်သတ်မှု (သို့မဟုတ်) ပိတ်ပင်မှု အများအပြားဖြစ်ပွားခဲ့ပါသည်။[566]

ရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ပြီးချိန် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဆူပူအုံကြွမှုများ ဖြစ်ပွားခဲ့ပြီး လူပေါင်းရာနှင့်ချီ ဒဏ်ရာရကာ သေဆုံးမှုအချို့ရှိခဲ့သည့်အတွက် ၂၀၁၉ခုနှစ် မေလတွင် အစိုးရက တွစ်တာ၊ ဖေ့စ်ဘုတ်၊ ဝှက်စ်အပ် (WhatsApp)၊ နှင့် အင်စတာဂရမ် အစရှိသည့် ဆိုရှယ်မီဒီယာများ ပေါ်တွင် ဓာတ်ပုံများ၊ အသံဖိုင် ပို့ခြင်းများကို ကန့်သတ်ခဲ့ပါသည်။[567]ဆူပူအုံကြွမှုများအပြီး လူမျိုးရေး ခွဲခြားမှုများ၊ ဘာသာရေး တင်းမာမှုများကို

---

[565] Access Now, "အိုဘားမား အလည်အပတ်ခရီးစဉ်တလျှောက်တွင် ဗီယက်နမ်အစိုးရက ဖေ့ဘုတ်ကို ပိတ်ထားပြီး လူ့အခွင့်အရေးလှုပ်ရှားသူများကို နှိမ်နင်းခဲ့ခြင်း" ၂၀၁၆ ခုနှစ် မေလ ၂၃ ရက်၊ https://www.accessnow.org/vietnam-blocks-facebook-human-rights-obama/ တွင် ရယူနိုင်ပါသည်။

[566] Yasmeen Abutaleb, "အိုဘားမား အလည်အပတ်ခရီးစဉ်တလျှောက်တွင် ဗီယက်နမ်အစိုးရက ဖေ့ဘုတ်စ် အသုံးပြုခွင့် တင်းကျပ်ထားခြင်း၊ လူ့အခွင့်အရေးလှုပ်ရှားသူများ" ၂၀၁၆ ခုနှစ် မေလ ၂၇၊ https://www.reuters.com/article/us-vietnam-obama-facebook- idUSKCN0YH2MZ တွင် ရယူနိုင်သည်။

[567] Netblocks, "ရွေးကောက်ပွဲဆန္ဒပြမှုများ မြင့်တက်လာသည့်အတွက် အင်ဒိုနီးရှားအစိုးရက ဆိုရှယ်မီဒီယာများကို ပိတ်ထားခြင်း" ၂၀၁၉ မေလ ၂၂၊ https://netblocks.org/reports/indonesia-blocks-social-media-as-election-

ပိုမိုဆိုးရွားစေခဲ့သည့် သတင်းမှားများနှင့် သတင်းလိမ်များ လှည့်ကွက်များ(hoaxes) လျင်လျင်မြန်မြန်နှင့် ကျယ်ပြန့်စွာ ပြန့်နှံ့မှုကို ကာကွယ်ရန်ဟု ကန့်သတ်မှုများအတွက် အကြောင်းပြချက် ပေးခဲ့ပါသည်။ နိုင်ငံရေး၊ ဥပဒေနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး ဝီရန်သို (Wiranto)က ပြည်သူများ အကြား သတင်းမှားပြန့်နှံ့မှုများနှင့် ယင်းသို့ဖြစ်ပွားမှုများကို တားဆီးရန် ပြုလုပ်သွားမည်ဟု ပြောကြားပြီး၊ ဆက်သွယ်ရေးနှင့် သတင်းနည်းပညာဆိုင်ရာ ဝန်ကြီး ရူဒီအက်တရ (Rudiantara) ကလည်း ကန့်သတ်မှုများ ပြုလုပ်ခြင်းဖြင့် "ခံစားချက်များကို မီးလောင်ရာလေပင့်" ဖြစ်စေနိုင်သည့် ပုံရိပ်များ စီးဆင်းမှုကို လျှော့နည်းစေပါသည်ဟု ဆိုပါသည်။[568] ဆက်လက်ပြီး ဆက်သွယ်ရေးနှင့် သတင်းနည်းပညာဆိုင်ရာ ဝန်ကြီးက ပြည်သူများကို အမုန်းတရားများ (သို့မဟုတ်) ပဋိပက္ခဖြစ်ပွားရန် လှုံ့ဆော်နေသည့် အကြောင်းအရာများကို မျှဝေစီးဆင်းစေမှုသည် (UU ITE)အရ ရာဇဝတ်မှုဖြစ်သည်ဟု သတိပေးခဲ့ပါသည်။[569]

UU ITE မှ အာဏာပိုင်များကို အွန်လိုင်းပေါ်တွင် သတင်းအမှားများပြန့်နှံ့မှုကို ထိန်းချုပ်နိုင်သည့် အာဏာ ပေးထားသော်ငြားလည်း အစိုးရက ကန့်သတ်မှုများပြုလုပ်ခဲ့ရာ၌ UU ITE အရ သော်လည်းကောင်း၊ မည်သည့် အမိန့်ညွှန်ကြားစာ (သို့မဟုတ်) ဥပဒေ ကျိုးကြောင်းပြချက် ဟူ၍ လည်းကောင်း တိကျစွာ ကိုးကား ညွှန်းဆိုခဲ့မှုများ မရှိသည့်အတွက် အင်ဒိုနီးရှားနိုင်ငံရှိ အွန်လိုင်း၊ အရပ်ဖက် လူ့အဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ လေ့လာသူများက ဤသို့ အာဏာရှင်ဆန်စွာ ဆိုရှယ်မီဒီယာပေါ်တွင် ကန့်သတ်မှုများသည် တရားဥပဒေ စိုးမိုးရေးကို သွေဖယ်နေပါသည်ဟု

---

protests-escalate- XADE7LBg တွင် ရယူနိုင်သည်။ … "နောက်ဆုံးအခြေအနေ - ဆိုရှယ်မီဒီယာကို သုံးရက်ခန့် ကန့်သတ်အပြီးတွင် ပြန်လည်ဖွင့်ပေးခဲ့ခြင်း" .. ၂၀၁၉ ခုနှစ် မေလ ၂၇ ရက် https://www.medianama.com/2019/05/223-indonesia- restricts-social-media/ တွင် ရယူနိုင်သည်။

[568] အထက်ပါအတိုင်း, Coconuts Jakarta, " လျှို့ဝှက် တရုတ်စစ်သားအကြောင်း သတင်းအမှားပြန့်နှံ့ပြီးနောက်တွင် ရဲများက ဆန္ဒပြသူများကို ဖမ်းဆီးရန် ဗလီအတွင်းသို့ ဝင်ရောက်သည့် သတင်းကို ငြင်းဆိုခြင်း" ၂၀၁၉ ခုနှစ် မေလ ၂၂ ရက်၊ https://coconuts.co/jakarta/news/police-deny-entering-mosques-in-pursuit-of-rioters-as-hoaxes-about-secret-chinese-soldiers-go-viral/ တွင် ရယူနိုင်ပါသည်။

[569] Karina Tehusijarana, Jessicha Valentina "ဂျကာတာ ဆန္ဒပြမှု - အစိုးရက ဆိုရှယ်မီဒီယာအသုံးပြုခွင့်နှင့် မက်ဆေ့ချ်ပို့သည့်ကွန်ယက်များကို ခေတ္တကန့်သတ်လိုက်ခြင်း" … ၂၀၁၉ ခုနှစ် မေလ ၂၂၊ https://www. thejakartapost.com/life/2019/05/22/jakarta-riot-government-temporarily-limits-access-to-social- media-messaging-apps.html?src=mostviewed&pg=/ တွင်ရယူနိုင်သည်။

စိုးရိမ်မကင်းဖြစ်ကြောင်း ပြောကြားခဲ့ကြပါသည်။[570] ထို့အပြင် ယခုကဲ့သို့ ဆက်သွယ်ရေး ကန့်သတ်မှုများကို မည်သည့် အချက်ပြအညွှန်းများကို တိတိကျကျ အခြေခံ၍ ပြုလုပ်ခဲ့ခြင်း ဖြစ်သည် ဟုလည်း အစိုးရက ထုတ်ဖော်ပြောဆိုခဲ့ခြင်းမရှိပါ။[571] အစိုးရ၏ အင်တာနက် ထိန်းချုပ်နိုင်မှု အတိုင်းအတာအပေါ် ပွင့်လင်းမြင်သာမှုမရှိခြင်းသည် သတင်းလုံခြုံမှုနှင့် ဆိုရှယ်မီဒီယာများကို အစိုးရ၏ စောင့်ကြည့်မှုနှင့်စပ်လျဉ်းသည့် စိုးရိမ်ပူပန်မှုကိုလည်း မြင့်တက်စေပါသည်။ ဟောပြော ရေးသားသူများ (Commentators) ကလည်း ကန့်သတ်မှုများပြုလုပ်မည့်အစား သတင်းအချက် အလက်ဆိုင်ရာ အသိပညာကို အားကောင်းလာစေရန် ရင်းမြစ်များကို ပိုမိုရင်းနှီးမြှုပ်နှံသင့်သည်ဟု အကြံပေးမှုများ ပြုလုပ်ခဲ့ကြပါသည်။[572]

## ၄။ အလွဲသုံးစားပြုမှု ပုံစံများ

ဤအစီရင်ခံစာတွင် ဖော်ပြထားသော ဥပဒေများနှင့် ယင်းတို့အား အကောင်အထည်ဖော်မှုတို့သည် ဥပဒေရေးရာ စနစ်များ တစ်ခုချင်းစီကို ထင်ဟပ်စေပြီး ၎င်းတို့၏ နိုင်ငံတွင်း အခြေအနေများနှင့်အညီ နားလည်ရန် လိုအပ်မည်ဖြစ်သော်လည်း အရေးကြီးသော ဘုံတူညီမှုများ ပေါ်ပေါက်လာပြီး ဒေသတစ်ခုတွင်းတစ်လျှောက်တွင် အလွဲသုံးစားပြုမှုပုံစံကို ဖော်ထုတ်နိုင်ခဲ့သည်။ သာဓကဖြစ်စဉ်တော်တော်များများတွင် ဥပဒေရေးရာပြဋ္ဌာန်းချက်များ ကိုယ်တိုင်သည် လူ့အခွင့်အရေးများနှင့် ကိုက်ညီမှုမရှိဘဲ ထိုအားနည်းချက်များသည် ၎င်းပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်သည့်ပုံစံကို မူတည်ကာ ပိုမိုဆိုးရွားသွားစေနိုင်သည်။ ထို့ကြောင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် သတင်းအချက်အလက်ရရှိခွင့် အခွင့်အရေးများ နှင့်

[570] Resty Woro Yuniar “အင်ဒိုနီးရှားအစိုးရက သီးသန့် အင်တာနက် စကားဝိုင်းများကို နားထောင်နေခြင်း။ နှင့် ဘယ်လိုပတ်သက်နေလဲ” … South China Morning Post ၂၀၁၉ ခုနစ် ဇွန်လ ၂၄ https://www.scmp. com/week-asia/economics/article/3015612/indonesias-listening-private-internet-chat-groups- whatsapp တွင် ရယူနိုင်သည်။

[571] SCMP, ၂၀၁၉ ခုနစ် ဇွန်လ ၂၄ ရက် လေ့လာစောင့်ကြည့်သူများက WhatsApp က Rudiantara ၏ တောင်းဆိုချက်အရ အသုံးပြုသူများက စည်းကမ်းဖောက်ပျက်မှုများ ပြုလုပ်ခဲ့သည်ဟူသော အဆိုအပေါ်အခြေခံပြီး သုံးစွဲသူပေါင်း ၆၁ ၀၀၀၀ ကို ၎င်းတို့၏ ကွန်ယက်မှ ဆန္ဒပြမှုများ မဖြစ်ပွားမီ တစ်ပတ်အလိုတွင် ဖယ်ရှားခဲ့ပါသည်။ အာဏာပိုင်များက ဤသို့ ပြုလုပ်ရန်အတွက် ဥပဒေ ညွှန်းဆိုကိုးကားမှုများ မပြုလုပ်ခဲ့ကြောင်းကို အထူးမီးမောင်းထိုး ပြောဆိုခဲ့ပါသည်။

[572] SCMP, ၂၀၁၉ ခုနစ် ဇွန်လ ၂၄ ရက်

အခြားလူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းများကို ကန့်သတ်ရန်အတွက် ဥပဒေမူဘောင်များကို စနစ်တကျ အလွဲသုံးစားပြုခဲ့သည်။

### ၁။ "နိုင်ငံတော်လုံခြုံရေး" နှင့် "ငြိမ်ဝပ်ပိပြားရေး"

ပထမဆုံးသော ဘုံတူညီမှုမှာ ဤအစီရင်ခံစာတွင် ဖော်ပြထားသော ဥပဒေများသည် နိုင်ငံတော်လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေးနှင့် ဆက်စပ်သောအကြောင်းအရာများကို အစိုးရ၏ အကျိုးစီးပွား (သို့မဟုတ်) အခြားအင်အားကြီးမားသော အကျိုးစီးပွားတို့နှင့် ပုံမှားရိုက်ကာပေါင်းစပ် အကြောင်းပြလေ့ရှိသည်။ နိုင်ငံတော်အရာရှိများ၊ နိုင်ငံတော်အကြီးအကဲ (သို့မဟုတ်) ဘုရင်မင်းမြတ် (သို့မဟုတ်) တရားစီရင်ရေး အပါအဝင် နိုင်ငံတော်အဆင့် အဖွဲ့အစည်းများ အပါအဝင်ဖြစ်သည့် နိုင်ငံတော်အား ကိုယ်စားပြုသူ တစ်ဦးတစ်ယောက်ချင်းစီ၏ ဂုဏ်သတင်း (သို့မဟုတ်) ဂုဏ်သိက္ခာကို ချိုးဖောက်ခြင်း (သို့မဟုတ်) စော်ကားခြင်းတို့မှ ကာကွယ်ခြင်းတို့နှင့်လည်း ထပ်မံ၍ ပုံမှားရိုက် ပေါင်းစပ်မှုရှိနေသည်။ အဆိုပါ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသည် ဥပဒေနှင့်ညီညွတ်မှု ဆိုင်ရာ အခြေခံမှုနှင့်ကာ မရေမရာဖြစ်ကာ ပြဋ္ဌာန်းချက်များမှာလည်း ဝေဝါးကျယ်ပြီး တိကျမှုမရှိသော အသုံးနှုန်းနှင့် အပြည့်ဖြစ်နေသည်။ ထိုအချက်သည် တာဝန်ခံမှုနည်းပါးသော အာဏာပိုင်များကို များပြားသော ဆုံးဖြတ်ချက်ပိုင်ခွင့် ပေးထားခြင်းဖြင့် အမျိုးမျိုးသောအခြေအနေများတွင် ဤဥပဒေများကို တရားလက်လွတ် အသုံးပြုခြင်းကို ခွင့်ပြုဖြစ်ပေါ်စေသည်။

ဤအစီရင်ခံစာတွင် ရည်ညွှန်းထားသော အမှုများတွင် တစ်စုံတစ်ဦး၏ အွန်လိုင်း ထုတ်ဖော်ပြောဆိုမှုလုပ်ရပ်နှင့် ၎င်းလုပ်ရပ်၏ "ဥပဒေပါ လုံခြုံရေး ဆိုင်ရာ အကျိုးစီးပွားအပေါ် ဖော်ထုတ်ရနိုင်သောထိခိုက်ဆုံးရှုံးနိုင်ချေ/အန္တရာယ် တို့အကြား"တိကျသောဆက်နွယ်မှုအနည်းငယ်ကိုမျှ မပြသနိုင်သည့်[573] ဖြစ်ရပ်များတွင် လည်း ကောင်း၊ ၎င်းတို့အွန်လိုင်းပေါ်တွင် ဖွင့်ချပြသော သတင်းအချက်အလက်များသည် "နိုင်ငံရေး နယ်ပယ်နှင့် အများပြည်သူဆိုင်ရာအဖွဲ့အစည်းများရှိ နာမည်ကျော်လူပုဂ္ဂိုလ်များနှင့်ပတ်သက်ပြီး အများပြည်သူ ဆွေးဆွေးငြင်းခုံမှုများ" ဖြစ်စေသည့် ကိစ္စရပ်များဖြစ် သောကြောင့်

[573] Tshwane အခြေခံမှု ၃။

ကာကွယ်ပေးသင့်သော ထုတ်ဖော်ပြောဆိုမှုဖြစ်သင့်သည့် ဟုလည်း ကောင်း၊[574] စသဖြင့် ခိုင်လုံမှုမရှိသည့် ကိစ္စရပ်များအတွက် ထိုလူတစ်ဦးချင်းစီသည် ထိန်းသိမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ တရားစီရင်ခြင်း၊ နှင့်/သို့မဟုတ် ပြစ်မှုကျူးလွန်မှု များအတွက် ပြစ်ဒဏ်ချမှတ်ခြင်းတို့ ခံခဲ့ရသည်။

အထက်ပါအချက်သည် ဩဇာအာဏာရှိသော လူပုဂ္ဂိုလ်များ (သို့မဟုတ်) အဖွဲ့အစည်းများ၏ အကျိုးစီးပွားများကို ကာကွယ်ရန်အတွက် နိုင်ငံရေးနှင့် အခြားအရေးကြီးသော အွန်လိုင်းပေါ်တွင် ဆွေးနွေးငြင်းခုံမှုများအား ဥပဒေအလွဲသုံးစားပြုခြင်းဖြင့် ထိန်းချုပ်ထားရန် ပစ်မှတ်ထားခံနေရသည့် လူတစ်ဦးချင်းစီနှင့် တရားရေးကဏ္ဍပုဂ္ဂိုလ်များ၏ ဖြစ်ပျက်မှုပုံအလွှာများတွင် သိသာထင်ရှားသည်။ တရားစွဲဆိုမှုများဖြင့် ပစ်မှတ်ထားခံခဲ့ရသူများသည် နိုင်ငံတော်ကို အုပ်ချုပ်နေသောအစိုးရအား ထောက်ခံမှုမရှိဟုယူဆနိုင်သော သတင်းအချက်အလက်များကို ထုတ်ဖော်ပြောဆိုခြင်း (သို့မဟုတ်) နိုင်ငံရေးအတိုက်အခံများနှင့် ဆက်နွယ်နေခြင်းတို့ ရှိခဲ့ကြသည်။ အချို့သောပုဂ္ဂိုလ်များသည် ၎င်းတို့၏ သုတေသန၊ စည်းရုံးလှုံ့ဆော်မှု (သို့မဟုတ်) လွတ်လပ် လုံခြုံစွာ သတင်းတင်ပြနိုင်မှုတို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရများ၏ လုံလောက်သော အကာအကွယ်ပေးခံရမှုမရှိသဖြင့် ပေါ်ပေါက်ခဲ့သည့် လူ့အခွင့်အရေးချိုး ဖောက်မှုများအား မီးမောင်းထိုး ဖော်ပြခဲ့သည့်အတွက် UNGPs အခြေခံမှုများကိုချိုးဖောက်သည့် ကုမ္ပဏီများ၏ ဥပဒေအရ အနိုင်ကျင့် ဖိနှိပ်မှု များ ကြုံတွေ့ခံစားခဲ့ရသည်။

ဤအစီရင်ခံစာသည် ထိုတရားစွဲဆိုမှုများ၏ နိုင်ငံရေးအရင်းခံဖြစ်သော သဘောသဘာဝနှင့် "နိုင်ငံတော်လုံခြုံရေး"ဟူသော အကြောင်းပြချက်ကို အာဏာရအစိုးရအား ဝေဖန်မှုများမှ ကာကွယ်ရန် မည်ကဲ့သို့ မကြာခဏပုံမှားရိုက် ပေါင်းစပ်အသုံးပြုလေ့ရှိကြောင်းကို ထင်ဟပ်စေသော တိကျသောဖြစ်ရပ်များကို မီးမောင်းထိုးပြခဲ့သည်။ Zunar၊ Eric Paulsen နှင့် S. Arutchelvan တို့အား နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုဖြင့် တရားစွဲဆိုမှုသည် မလေးရှားနိုင်ငံတွင် အစိုးရ အပြောင်းအလဲဖြစ်ပြီး မကြာမီတွင် ပြင်းထန်သောစွဲချက်များကို မည်ကဲ့သို့ရုပ်သိမ်းပေးလိုက်သည်ကို ထင်ဟပ်စေသည်။ ၂၀၁၉ ခုနှစ် အထွေထွေရွေးကောက်ပွဲများအပြီးတွင် ဒုတိယသမ္မတ Leni Robredo နှင့် ဖိလစ်ပိုင်နိုင်ငံရှိ အတိုက်အခံ လစ်ဘရယ်ပါတီမှ အရာရှိများအပေါ် ပြုလုပ်ခဲ့သည့် နိုင်ငံတော်အပေါ်

574 CCPR/C/GC/34 ၊ စာပိုဒ် ၃၈။

အကြည်အညိုပျက်စေမှုနှင့် ဆက်စပ်သည့် အလားတူစွဲချက်များသည်လည်း နိုင်ငံရေး အကြောင်းပြချက်များကြောင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ယူဆနိုင်ပြီး ပါတီကိုသာမက သမ္မတဒူတာတေး၏ လုပ်ဆောင်မှုကို ဆန့်ကျင်သည့် သဘောထားကွဲလွဲမှုကို ထုတ်ဖော် ပြောဆို ခဲ့သည့် ခရစ်ယာန်ဘုန်းတော်ကြီးများနှင့် ရှေ့နေများကိုပါ ပစ်မှတ်ထားခဲ့သည်။ အင်ဒိုနီးရှား ရဲတပ်ဖွဲ့သည် သတင်းဌာနများနှင့် သတင်းထောက်များအား တရားစွဲဆိုပြီးနောက် စွဲချက်တင်ထား သော အသရေဖျက်မှုစွဲချက်များကို အလျင်အမြန်ရုပ်သိမ်းနိုင်ခဲ့သည့် အချိန်တွင် Jakarta Globe၊ Okezone နှင့် Harian Bangsa တို့၏အမှုသည် ဆုံးဖြတ်ချက်ချမှုဆိုင်ရာ ယုတ္တိမရှိမှုကို ဖော်ပြခဲ့ သည်။ ထိုင်းနိုင်ငံတွင် စစ်တပ်ဦးဆောင်သည့်အစိုးရ အာဏာရပြီးချိန် နောက်ပိုင်းမှသာ မင်းမျိုး မင်းနွယ်များအား စော်ကားမှုနှင့် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှုဆိုင်ရာ အမှုများကို “နိုင်ငံတော်လုံခြုံရေး” နှင့်ဆက်စပ်သည်ဟူသောအဆိုအရ စစ်ခုံရုံးများ၌စစ်ဆေးခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲမတိုင်မီတွင် ဝန်ကြီးဌာနပေါင်းစုံ အမိန့်တစ်ရပ် (inter-ministerial prakas) ကို အတည်ပြုပြဌာန်းလိုက်ပြီး ရွေးကောက်ပွဲမတိုင်မီရက်ပိုင်းအတွင်း သတင်းဝက်ဘ်ဆိုက်များကို ပိတ်ပစ်လိုက်ခြင်းသည် အစိုးရသည် ရွေးကောက်ပွဲနှင့်ပတ်သက်သော လွတ်လပ်သောသတင်းထုတ်ပြန်မှုကို ဆင်ဆာဖြတ်တောက်ရန်အတွက် ဥပဒေကိုအတည်ပြု ပြဌာန်းခဲ့သည် ဟူသောအချက်ကို ထင်ဟပ်စေသည်။ မလေးရှားနိုင်ငံတွင် မလေးရှားပြည်သူများ၏ လူထုအကျိုးစီးပွားအတွက် 1MDB ရန်ပုံငွေ အရှုပ်တော်ပုံနှင့် ပတ်သက်သည့် သတင်းအချက်အလက် များသည် အလိုအပ်ဆုံးဖြစ်နေသည့်အချိန်တွင် ထိုသတင်းအချက်အလက် ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ကြိုးပမ်းသော အစိုးရ၏ CMA မှတဆင့် Sarawak အစီရင်ခံစာသည် အလားတူပိတ်ပင်ခြင်း ခံခဲ့ရ သည်။

"နိုင်ငံတော်လုံခြုံရေး" နှင့် "ငြိမ်ဝပ်ပိပြားရေး"တို့အား မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ် နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် အင်တာနက်ကို လုံးဝ (သို့မဟုတ်) တစ်စိတ်တစ်ပိုင်း ဖြတ်တောက်မှု အတွက် ဥပဒေရေးရာ အခြေခံများ သတ်မှတ်ပြဋ္ဌာန်းပေးခြင်းမရှိဘဲ မကြာခဏဆိုသလိုပင် မှုမမှန်သော အကြောင်းပြချက်များအဖြစ် အသုံးပြုလျက်ရှိသည်။ ထိုအချက်သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ သတင်း အချက်အလက်ရရှိခွင့်၊ ပညာရေး၊ ကျန်းမာရေးနှင့်အလုပ်အကိုင်လုပ်ကိုင်ခွင့် အခွင့်အရေးများ အပါအဝင် အခွင့်အရေးအမျိုးမျိုးကို ဟန့်တားနှောင့်ယှက်မှုဖြစ်စေသည်။ လုပ်ကြံ သတင်း/

သတင်းအချက်အလက်အမှားများ ပြန့်ပွားမှု၊ အမုန်းစကားများနှင့် အကြမ်းဖက်မှုကို လှုံ့ဆော်မှုတို့နှင့်ပတ်သက်သည့် လုံခြုံရေးအတွက် အမှန်တကယ် ခြိမ်းခြောက်မှုများ ရှိသော်လည်း အစိုးရများသည် ၎င်းတို့၏ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရမည့် တာဝန်ဝတ္တရားများအရ ထိုခြိမ်းခြောက်မှုများတိုက်ဖျက်ရန် ဆောင်ရွက်သည့် အင်တာနက်ဖြတ်တောက်မှု၏ တရားဥပဒေနှင့် ညီညွတ်မှု၊ မျှတဆီလျော်မှု (သို့မဟုတ်) မရှိမဖြစ်လိုအပ်မှုတို့ကို ရှင်းလင်းဖော်ပြသော ဥပဒေရေးရာ အကြောင်းပြချက်များ ပေးရန် ယေဘုယျအားဖြင့် ပျက်ကွက်လျက်ရှိသည်။ အဆိုပါ ဖြတ်တောက်မှုသည် အများပြည်သူ၏ ဘေးကင်းလုံခြုံမှုနှင့် လုံခြုံရေးအတွက် စိုးရိမ်ရမှုများအတွက် ပိုမိုတိုးတက်ကောင်းမွန်လာစေခြင်းထက် ပိုမိုဆိုးရွားမှုကို ဖြစ်စေခဲ့ပြီး မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် အခွင့်အရေးများဆိုင်ရာ စောင့်ကြည့်လေ့လာရေး အဖွဲ့များ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် တက်ကြွလှုပ်ရှားသူများအား အင်တာနက်အသုံးပြုခွင့်ကို ပိတ်ပင်ခြင်းအားဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ပိုမိုဖြစ်လာစေရန် အားပေးအထောက်အကူပြုစေခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် အင်တာနက်ဖြတ်တောက်မှုသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်းနှင့် သတင်းအချက်အလက်များအား အစီရင်တင်ပြခံခြင်းကို တားဆီးပိတ်ပင်သည့် အကျိုးသက်ရောက်မှု ရှိစေခဲ့သည်။

## ၂။ ရေရာမှုမရှိသော၊ ဝေဝါးကျယ်ပြန့်လွန်းသော ဥပဒေပြဋ္ဌာန်းချက်များ

ဥပဒေများအကြား ဒုတိယဘုံတူညီမှုမှာ ထိုဥပဒေများတွင် နိုင်ငံတော် အစိုးရအာဏာပိုင်များအား နှံ့စပ် ကျယ်ပြန့်လွန်းသော လုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားသည့် ရေရာမှုမရှိသော၊ ဝေဝါး ကျယ်ပြန့် လွန်းသော ဥပဒေပြဋ္ဌာန်းချက်များ ပါရှိနေခြင်းနှင့် ထိုကဲ့သို့သော ဥပဒေများကို ပြဋ္ဌာန်းသည့် လူပုဂ္ဂိုလ် (သို့မဟုတ်) အာဏာပိုင်အဖွဲ့၏ လိုအင်ဆန္ဒများနှင့် အညီ ထိန်းချုပ် အကောင်အထည်ဖော်မှုကိုခွင့်ပြုထားခြင်းဖြစ်ပြီး ၎င်းဥပဒေများသည် လူတစ်ဦးချင်းစီ- အမှန်စင်စစ် အားဖြင့် အစိုးရအရာရှိများကိုယ်တိုင်နှင့် တရားစီရင်ရေး အဖွဲ့တို့- အနေဖြင့်

မည်သည့်ထုတ်ဖော်ပြောဆိုမှု (သို့မဟုတ်) မည်သည့်သတင်းအချက်အလက်များအား ကန့်သတ်နိုင်သည်ကို ရှင်းလင်းစွာ ပိုင်းခြားသိမြင်နိုင်မှု မရှိစေရန် ကို တားဆီးထားသည်။

ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူလုံခြုံရေးကိစ္စများအတွက် ဆက်သွယ်ရေးဝန် ဆောင်မှုလုပ်ငန်း၊ ကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် ဆက်သွယ်ရေး ပစ္စည်းများကို "ကြီးကြပ်နိုင်ရန်" အတည်ပြုပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးဥပဒေတွင် "နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး" ကို တိကျရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းမရှိကာ ဤအမျိုးအစားများသည် အခွင့်အရေးများကို ကန့်သတ်နိုင်ရန်အတွက် ကျိုးကြောင်းညီညွတ်သည့် အကြောင်းပြချက်များမဟုတ်ပေ။[575] ဥပဒေပုဒ်မ ၇၇ တွင် အာဏာပိုင်များသည် နိုင်ငံ၏ ဒေသတစ်ခုလုံးကို အင်တာနက်ဖြတ်တောက်မှုများ ချမှတ်နိုင်ရန် ခွင့်ပြုသည့် “အရေးပေါ် အခြေအနေ” ကိုဆုံးဖြတ်နိုင်သည့် ကြိုတင်အခြေအနေသတ်မှတ်ချက်များကို ချမှတ်ပေးထားရန် လည်း ပျက်ကွက်ခဲ့သည်။ အလားတူပင် **ထိုင်းနိုင်ငံ၏ ကွန်ပြူတာနှင့် ဆက်စပ် ရာဇဝတ်မှုများ အက်ဥပဒေ**သည်လည်း “ နိုင်ငံတော်လုံခြုံရေး၊ အများပြည်သူ လုံခြုံရေးကို ပျက်စီးမှုဖြစ်စေနိုင်သည့် (သို့မဟုတ်) ပြည်သူလူထုကို ထိတ်လန့်မှုဖြစ်စေစေနိုင်သည့်" အပြုအမူများနှင့်ပတ်သက်၍ ရှင်းလင်း ပြတ်သားသော လမ်းညွှန်မှုများ မပေးထားပါ။[576] **ထိုင်းနိုင်ငံ ၊ မြန်မာနိုင်ငံ ၊ မလေးရှားနိုင်ငံ ၊ ဘရူနိုင်းနိုင်ငံ** နှင့် **ဖိလစ်ပိုင်နိုင်ငံ**တို့၏ နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု ဥပဒေများတွင် “မငြိမ်မသက်မှု” (သို့မဟုတ်) “မကျေနပ်မှုများ” သည် မည်သည့်အရာကိုဆိုလိုကြောင်း ရှင်းလင်း ပြတ်သားစွာမဖော်ပြထားသော ကျယ်ပြန့်လွန်းသောပြဋ္ဌာန်းချက်များကို မီးမောင်းထိုးပြထားပြီး **လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ** နှင့် **မြန်မာနိုင်ငံ**တို့ရှိ ဥပဒေများတွင် “နိုင်ငံတော်ကိုဆန့်ကျင်သည့် ဝါဒဖြန့်ခြင်း”၊ “ဆူပူမှုစေခြင်း”၊ “လုံခြုံရေး ကျိုးပေါက်စေခြင်း” နှင့် “ရန်သူအတွက် အသုံးဝင်မှုဖြစ်စေခြင်း” စသည်တို့သည် ကျိုးကြောင်းညီညွတ်သည့် ထုတ်ဖော်ပြောဆိုခြင်းအပါအဝင် များစွာသော အပြုအမူများကို လွှမ်းခြုံနိုင်ရန် မရေမရာ အဓိပ္ပါယ်ဖွင့်ဆိုထားကာ သူလျှိုမှုကဲ့သို့သော ပြစ်မှုများအဖြစ်သို့ ကျရောက်စေနိုင်သည်။[577]

[575] မြန်မာနိုင်ငံ ရာဇသတ်ကြီး၊ ပုဒ်မ ၄(င)

[576] အပိုင်း ၃(၁) ကိုကြည့်ပါ။

[577] အပိုင်း ၃(၄) ကိုကြည့်ပါ။

ဥပဒေသစ်များတွင်လည်း ရေရာမှုမရှိသော၊ ဝေးဝါးကျယ်ပြန့်လွန်းသော ဥပဒေပြဌာန်းချက်များ၏ တူညီသောကန့်သတ်မှုများကို ကြုံတွေ့နေရသည်။ "စစ်မှန်သော အန္တရာယ်" အား သမားရိုးကျစီရင်ထုံးများ တွင် မနှစ်မြို့သည့်အမြင်များကို ထုတ်ဖော်ပြောဆိုသူ လူပုဂ္ဂိုလ်တစ်ဦးချင်းစီအား တရားစွဲဆိုမှုကို ခွင့်ပြုရန် လုံလောက်ကျယ်ပြန့်စွာ ဖော်ပြခံထားရစဉ်တွင် စင်ကာပူနိုင်ငံ၏ AJPA ဥပဒေသည် တရားစီရင်ရေးကို မထီမဲ့မြင်ပြုသည့် အပြုအမူ၏ စံအတိုင်းအတာကို တရားစီရင်ရေးအပေါ် ပြည်သူလူထု၏ယုံကြည်မှုကို အားနည်းစေသည့် "အန္တရာယ်" ရှိရုံမျှအထိ နှိမ့်ချထားပြီး ၎င်း၏ POFMA ဥပဒေသည်လည်း စာဖြင့်ရေးသားထားသော၊ အမြင်၊ အသံ (သို့မဟုတ်) အခြား မည်သည့် ဆက်သွယ်ရေးပုံစံအားလုံးနီးပါးကိုမဆို ပစ်မှတ်ထားပြီး ရာဇဝတ်မှု ဖြစ်နိုင်ဖွယ်ရှိသော "မှားယွင်းသော အချက်အလက် ထုတ်ပြန်ချက်" အဖြစ် ပစ်မှတ်ထားခြင်းနှင့် သတ်မှတ်ခြင်း ခံရနိုင်စေရန် ခွင့်ပြုထားပေသည်။ မလေးရှားနိုင်ငံ၏ AFNA ဥပဒေတွင် ၎င်းကိုဖျက်သိမ်းခြင်းမပြုမီက ဖော်ပြထားသကဲ့သို့ ဖိလစ်ပိုင်နိုင်ငံ၏ AFC ဥပဒေကြမ်းတွင်လည်း "သတင်းအတုများ" နှင့် ပတ်သက်၍ မည်သည့်အရာများသည် "မှားယွင်းသော" (သို့မဟုတ်) "အထင်မြင်မှားစေသော" အချက်အလက်များဖြစ်ကြောင်းကို ရှင်းလင်းတိကျသော သတ်မှတ်ချက်များအား ဖော်ပြထားခြင်းမရှိဘဲ "သတင်းတု" နှင့်ပတ်သက်သည့် ဝေးဝါးကျယ်ပြန်သော အဓိပ္ပါယ်ဖွင့်ဆိုချက် များကိုသာ ထည့်သွင်းထားပါသည်။။ ဤလမ်းညွှန်အခြေခံမှုများမရှိခြင်းသည် အာဏာပိုင်များ ကိုယ်တိုင်အပါအဝင် ပြည်သူများအား မည်သည့်သတင်းအချက်အလက်သည် ရာဇဝတ်မှု မြောက်နိုင်ဖွယ်ရှိ/မရှိကို သေချာအောင် လေ့လာစီစစ် သိရှိနိုင်မည်မဟုတ်ချေ။ ဗီယက်နမ်နိုင်ငံ၏ LOCS နှင့် ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးအက်ဥပဒေတို့သည်လည်း "နိုင်ငံတော်လုံခြုံရေး" နှင့် "ငြိမ်ဝပ်ပိပြားရေး" တို့တွင် အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များအား ကာကွယ်ပေးမှုများကို ပါဝင်အနက်ဖွင့်စေရမည်ကို ရှင်းလင်းရန် ပျက်ကွက်ခဲ့ပြီး ဤအကြောင်းပြချက်များသည် ဥပဒေ မူဘောင်တစ်ခုလုံးနှင့် ဥပဒေတွင် အသေးစိတ်ဖော်ပြထားသည့် ဆိုက်ဘာလုံခြုံရေးအစီအမံများကို အကောင်အထည်ဖော်ခြင်းကို ကျောထောက်နောက်ခံပြုထားလျှင်သော်မှ ထိုဝေါဟာရများကို တိတိကျကျမဟုတ်ဘဲ ဝေဝါးကျယ်ပြန့်စွာ ဖွင့်ဆိုထားလေသည်။ ဤဥပဒေများသည်

အုပ်ချုပ်ရေး၏ ဝင်ရောက်စွက်ဖက်မှုလွန်ကဲခြင်း (executive overreach) ကို ခွင့်ပြုထားပြီး ပိုမိုလွယ်ကူစေသည်။

## ၃။ ပြင်းထန်သော ပြစ်ဒဏ်များ

သိသာရှင်းလင်းသော တတိယဘုံတူညီမှုအချက်မှာ ဥပဒေများအရ ပြဋ္ဌာန်းထားသော ပြစ်ဒဏ်များသည် ၎င်းတို့၏ရည်ရွယ်ချက်များအတွက် မရှိမဖြစ်လိုအပ်မှုနှင့် မျှတဆီလျော်မှု မရှိသောကြောင့် ပြင်းထန်သော သဘောထားကွဲလွဲမှုကို ပြစ်ဒဏ်ချမှတ်ရန်နှင့် နှုတ်ဆိတ်စေရန် ပစ်မှတ်ထားဒဏ်ခတ်သည့် ရည်ရွယ်ချက်ကို ထင်ဟပ်စေသည်။

**ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ စင်္ကာပူနိုင်ငံ**နှင့် **ဖိလစ်ပိုင်နိုင်ငံ**တို့တွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့်စံနှုန်းများကိုဆန့်ကျင်ကာ အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည်။ ထို့ကြောင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ က **Alexander Adonis** ၏အမှု၌ ဖိလစ်ပိုင်နိုင်ငံသည် ထိုသတင်းထောက်အား ရာဇဝတ်မှုဆိုင်ရာ အရေးယူမှုများ ချမှတ်ခြင်းဖြင့် ICCPR ကို ချိုးဖောက်ကြောင်း အရေးတကြီး ရှင်းလင်းပြောကြားခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသည် "သက်ဆိုင်ရာ သရေဖျက်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းမှုကို ပြန်လည်သုံးသပ်ခြင်း အပါအဝင် နောင်တွင် အလားတူချိုးဖောက်မှုများ ဖြစ်ပွားခြင်းကို ကာကွယ်ရန် ခြေလှမ်းများကို စတင် ရန် ဝတ္တရားရှိသည်"ဟု ဖော်ပြခဲ့သည်။[578] သို့သော်လည်း ဖိလစ်ပိုင်အစိုးရအနေဖြင့် ထိုကဲ့သို့သော ကြိုတင်ကာကွယ်ရေး ခြေလှမ်းများကို လုပ်ဆောင်ခဲ့ခြင်းမရှိဘဲ အွန်လိုင်းနယ်ပယ်သို့ အသရေဖျက်မှုကို ရာဇဝတ်မှုကျူးလွန်မှုအဖြစ်သတ်မှတ်ခြင်းကို တိုးမြှင့်သက်ရောက်စေသည့် ဆိုက်ဘာ ရာဇဝတ်မှု တားဆီးရေး အက်ဥပဒေ (Cybercrime Prevention Act) ကို မိတ်ဆက်ပြဋ္ဌာန်း ခဲ့ခြင်းနှင့် "ဆိုက်ဘာ အသရေဖျက်မှု" ဟုစွပ်စွဲခံရမှုအတွက် ပြစ်ဒဏ်များကို တိုးမြှင့်ခဲ့ခြင်းတို့ လုပ်ဆောင်ခဲ့သဖြင့် ၎င်းသည် ချိုးဖောက်မှုများကျူးလွန်နိုင်ရန်အတွက် ပြည်တွင်းဥပဒေများ၏ လုပ်နိုင်စွမ်းကို အမှန်တကယ်ပင် ပိုမိုဆိုးရွားစေခဲ့သည်။

[578] CCPR/C/103/D/1815/2008၊ စာပိုဒ် ၁၀။

လူတစ်ဦးချင်းစီအပေါ် ချမှတ်သော လွန်ကဲများပြားသော ပြစ်ဒဏ်များသည် ဒေသတွင်းတွင် တွေ့မြင်နိုင်သည့် သဘောထားကွဲလွဲမှုများအပေါ် အစိုးရများမှချမှတ်ထားသော ဥပဒေအရ အရေးယူမှုများတွင် ပြင်းထန်မှုသက်သက်သာရှိပြီး မျှတဆီလျော်မှုမရှိခြင်းကို မီးမောင်းထိုးပြသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ပိုမိုသိရှိလာစေရန် ကြိုးပမ်းခဲ့သော **ဗီယက်နမ်နိုင်ငံသား** တက်ကြွလှုပ်ရှားသူတစ်ဦးသည် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခံခဲ့ရသည်။ ထိုင်းနိုင်ငံသားများသည် သက်ဦးဆံပိုင်ဘုရင်စနစ်ကို "စော်ကား"သည်ဟု ယူဆနိုင်သော မှတ်ချက်များကို ဖေ့စ်ဘွတ်ခ်ပေါ်တွင် တင်ခဲ့သောကြောင့် တရားစီရင်ခံခဲ့ရပြီး တရားခံများသည် အပြစ်ရှိကြောင်းဝန်ခံခဲ့သဖြင့် မူလ ၇၀ နှစ်၊ ၆၀ နှစ် နှင့် ၅၆ နှစ်တို့မှ တစ်ဝက် လျှော့ပေါ့ပေးခံခဲ့ရကာ ထောင်ဒဏ် ၃၅ နှစ်၊ ၃၀ နှစ် နှင့် ၂၈ နှစ် အသီးသီးချမှတ်ခံခဲ့ရသည်။ **မလေးရှား နိုင်ငံသား** ကာတွန်းဆရာသည် နိုင်ငံရေးသရော်မှုကြောင့် ထောင်ဒဏ် ၄၃ နှစ်ကျခံရမည့် အရေးနှင့် ရင်ဆိုင်ခဲ့ရသည်။ ထိုင်းနိုင်ငံတွင် ရှိနေစဉ် သူတို့၏အစိုးရအား ဖေ့စ်ဘွတ်ခ်ပေါ်တွင် ဝေဖန်ပြော ဆိုမှုများ ပြုလုပ်ခဲ့သည့် **လာအိုလူမျိုးများ**သည် ၁၂ နှစ်၊ ၁၆ နှစ် နှင့်အနှစ် ၂၀ အထိ ထောင်ဒဏ်ချ မှတ်ခံခဲ့ရပြီး လာအို kip ငွေသန်း ၁၁၀ မှ ၂၁၀ အကြား ဒဏ်ငွေပေးဆောင်ခဲ့ရသည်။ ၎င်းဒဏ်ငွေသည် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၁၂,၀၀၀ မှ ၂၄,၀၀၀ အထိရှိပြီး ထိုပမာဏသည် နိုင်ငံသား တစ်ဦးချင်းစီ၏ ဂျီဒီပီ (သို့) လူတစ်ဦးချင်းစီ၏ နေ့စဉ်လုပ်အားခများ ပိုမိုများပြားသည့် တိုင်းပြည်များ တွင်ပင် မတန်တဆများပြားသော ဒဏ်ငွေဖြစ်သည်။ ထိုင်းစစ်တပ်သည် ထိုင်းသတင်းဝက်ဘ်ဆိုက် တစ်ခုအား သတင်းရေးသားတင်ပြခဲ့ခြင်းကြောင့် ထိခိုက်နစ်နာခဲ့ရခြင်းအတွက် ဘတ်ငွေ ၁၀ သန်း (ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၃၃၀,၀၀၀ ခန့်) လျော်ကြေးတောင်းခံခဲ့သည်။ **စင်ကာပူ နိုင်ငံသား** ဘလော့ဂါတစ်ဦးသည်လည်း ဝန်ကြီးချုပ်အား အသရေဖျက်သည်ဟူသော စွပ်စွဲချက်ဖြင့် စင်ကာပူဒေါ်လာ ၁၅၀,၀၀၀ (အမေရိကန်ဒေါ်လာ ၁၁၀,၀၀၀ ခန့်) ကိုပေးဆောင်ခဲ့ရသည်။ **ဘရူနိုင်း** အစိုးရဝန်ထမ်းတစ်ဦးသည် အစိုးရပေါ်လစီအား ဝေဖန်ပြောဆိုခဲ့သည့် မှတ်ချက်ပြုလုပ်ခဲ့ခြင်းအတွက် ဘရူနိုင်းဒေါ်လာ ၁၆,၀၀၀ (ခန့်မှန်းခြေအားဖြင့်ဒေါ်လာ ၁၂,၀၀၀) အထိ ဒဏ်ငွေချမှတ်ခံရမည့် အရေးနှင့် ရင်ဆိုင်ခဲ့ရပြီးနောက် ထွက်ပြေးလွတ်မြောက်ခဲ့သည်။ **မလေးရှားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ**တို့တွင် သတင်းဌာန စာမျက်နှာများသည် သတင်းသမားကောင်းပီသစွာ သတင်းပေးပို့ အစီရင်ခံခဲ့ခြင်းကြောင့် တဖက်သတ်ပိတ်ပင်ထားခံခဲ့ရပြီး ဖိလစ်ပိုင်နိုင်ငံရှိ **Rappler** သည် လွတ်လပ်သောသတင်းထုတ်ပြန်မှုကြောင့် ဥပဒေအရအရေးယူဆောင်ရွက်မှု သီးခြားအမှု ၁၁ မှုနှင့်

ရင်ဆိုင်နေရပြီး တရားရေးစရိတ်အတွက် ကုန်ကျငွေ အများအပြားကိုလည်း ကျခံနေရသည်။ **မြန်မာနိုင်ငံ**ရှိ မြို့နယ်များအားလုံးသည် မိသားစု၊ မိတ်ဆွေသူငယ်ချင်းများ၊ မြို့သူမြို့သားများနှင့် ဆက်သွယ်ခြင်း၊ ကျန်းမာရေး၊ လူမှုရေးနှင့် အရေးပေါ်ဝန်ဆောင်မှုများ ရယူခြင်းတို့အတွက် ပိုမို အရေးကြီးသော လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေသည့်ကာလအတွင်း အင်တာနက် အသုံးပြု ခွင့်မှ ပိတ်ပင်ထားခံခဲ့ရသည်။

ဥပဒေရေးရာ စည်းမျဉ်းစည်းကမ်း အသစ်များ - **စင်ကာပူနိုင်ငံ၏ POFMA၊ လာအိုအစိုးရ၏** လူမှုကွန်ယက်စာမျက်နှာများကို မှတ်ပုံတင်ရန် **အမိန့်၊ ဗီယက်နမ်နိုင်ငံ၏ LOCS** နှင့် **ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးအက်ဥပဒေ** တို့အရ လည်း ပြဿနာများစွာဖြစ်စေသည့် ထောင်ဒဏ်ကာလ နှင့် လုံလောက်သောနှင့် လွတ်လပ်သော ကြီးကြပ်မှုနှင့် တာဝန်ခံမှု ယန္တရားများကို သေချာစေရမည့် ပြဋ္ဌာန်းချက်များမပါဝင်ဘဲလက်သင့်မခံနိုင်လောက်သော ဒဏ်ငွေအများအပြား စသည့် ပြင်းထန်သော ပြစ်ဒဏ်များကို တို့ကို ချမှတ်အရေးယူသည်။

## *၄။ လွတ်လပ်ပြီး အမှီအခိုကင်းသော ကြီးကြပ်မှုယန္တရား မရှိခြင်း*

နိုင်ငံတော်အာဏာပိုင်များသည် ဒေသတွင်းတွင် ဥပဒေများကို စနစ်တကျ နှင့် အခက်အခဲမရှိ အလွဲသုံးစားပြုခဲ့ခြင်း ဟူသောအချက်သည် စတုတ္ထ ဘုံတူညီမှုအချက်ပင်ဖြစ်သည်။ ဤဥပဒေများ သည် ၎င်းတို့၏အလွဲသုံးစားမှုကို ကာကွယ်မှုပေးနိုင်ရန်အတွက် လွတ်လပ်သော ကြီးကြပ်မှုယန္တရား များကို ဖော်ပြထားခြင်း မရှိပါ။

**အင်ဒိုနီးရှားနိုင်ငံ** ရှိ **Anindya Joediono** ၏အမှုတွင် ရဲအရာရှိများကို လိင်ပိုင်းဆိုင်ရာ စော်ကားသည်ဟု စွပ်စွဲထားသည့် မှတ်ချက်ဖြင့် အသရေဖျက်မှုအဖြစ် စွပ်စွဲခံရခြင်းဖြစ်သော်လည်း UU ITE အရ သူမ၏ အသရေဖျက်မှု ရာဇဝတ်မှုအတွက် စုံစမ်းစစ်ဆေးမှုကို ရဲတပ်ဖွဲ့မှ လုပ်ဆောင် ခဲ့သည်။ **ထိုင်းနိုင်ငံ** တွင် စစ်ဘက်တရားရုံးများကို အသုံးပြု၍ အရပ်သားများအား အမှုစစ်ဆေး ကြားနာမှုများပြုကာ ထိုအရပ်သားများ၏ အခြေခံအကျဆုံးအခွင့်အရေးများဖြစ်သည့် တရားမျှတ သော တရားစီရင်မှုကို ရပိုင်ခွင့်အား ချိုးဖောက်ခဲ့သည့်အပြင် ထိုသူတို့အား လွတ်လပ်သော ယန္တရားဖြင့် ပြန်လည်သုံးသပ်ရန်အတွက် ကိုးကားခွင့်ကိုလည်း မပေးထားပါ။ ( ဝန်ကြီးချုပ်၏

မကြာသေးမီကချမှတ်ထားသော အမိန့်သည် ဤအလေ့အကျင့်ကို တဖြည်းဖြည်း ရပ်တန့်ပေးလိမ့်မည်ဟု မျှော်လင့်ရသည်။) **စင်္ကာပူနိုင်ငံ**တွင် **တရားစီမံခန့်ခွဲရေး(ကာကွယ်ခြင်း) ဆိုင်ရာအက်ဥပဒေ**သည် ထိုအက်ဥပဒေအရ အဆိုပြုထားသည့် ပြစ်ဒဏ်များ၏ ပြင်းထန်မှုကို ရှောင်ပြန်ဟပ်ခြင်း (သို့မဟုတ်) တောင်းဆိုခြင်းမရှိသည့် သမားရိုးကျစီရင်ထုံးအရ တရားစီရင်ရေးဆိုင်ရာ တရားဝင်ထုတ်ပြန်ချက်များရှိနေသော်လည်းလွတ်လပ်သော တရားစီရင်ရေး အဖွဲ့များကို တရားရုံးများအား မထီမဲ့မြင်ပြုမှု ကျူးလွန်မှု၏ ရာဇဝတ်မှုဆိုင်ရာ အတိုင်းအတာကို ပြဌာန်းပေးသည်။ **မလေးရှားနိုင်ငံ**နှင့် **ဖိလစ်ပိုင်နိုင်ငံ**တို့တွင် **ဆက်သွယ်ရေးနှင့် မာလ်တီမီဒီယာအက်ဥပဒေ** နှင့် **ဆိုက်ဘာရာဇဝတ်မှု ကာကွယ်ရေး အက်ဥပဒေ**တို့သည် MCMC နှင့် DOJ တို့၏ **Sarawak အစီရင်ခံစာ ၊ Medium ၊ The Malaysian Insider ၊ Maria Ressa နှင့် Reynaldo Santos Jr** အမှုများတွင် အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ချိုးဖောက်ရာရောက်သည့် ဆုံးဖြတ်ချက်များကို သမာသမတ်ကျစွာ ပြန်လည်သုံးသပ်နိုင်ရန် လွတ်လပ်သော ယန္တရားများချမှတ်ပေးပြီး လုပ်ပိုင်ခွင့် အာဏာများ ပေးအပ်ခြင်း မပြုထားပါ။ ထိုအချိန်မှာပင် **လာအိုနိုင်ငံ** နှင့် **ဗီယက်နမ်နိုင်ငံ**တို့၏ ဥပဒေများတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာများကို လာအိုပြည်သူ့ တော်လှန်ရေးပါတီ (Lao Peoples' Revolutionary Party)နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ (Communist Party of Vietnam) တို့က အတိအလင်း ထိန်းချုပ်ထားပြီး အတူတကွရောယှက် ထားသောကြောင့် လွတ်လပ်သော ကြီးကြပ်ရေးယန္တရားသည် မဖြစ်နိုင်သလောက်ပင် ဖြစ်နေသည်။

လူပုဂ္ဂိုလ်တစ်ဦးချင်း (သို့မဟုတ်) တရားရေးကဏ္ဍပုဂ္ဂိုလ်များမှ နိုင်ငံတော် ကိုယ်စားပြုသူ တစ်ဦးချင်းစီ (သို့မဟုတ်) အစိုးရအာဏာပိုင်များအား တူညီသောဥပဒေများကို ချိုးဖောက်မှုဖြင့် တိုင်ကြားမှုများကို ဆုံးဖြတ်ရန်အတွက် လွတ်လပ်သော ကြီးကြပ်မှုယန္တရားရှိခြင်း အကောင်းဆုံး အခြေအနေပင်ဖြစ်သည်။ လက်ရှိတွင် ဤစာတမ်းတွင် ပါဝင်သည့် ဥပဒေအများစုတွင် နိုင်ငံတော် ကိုယ်စားပြုသူများ (သို့မဟုတ်) အဖွဲ့များအပေါ် တိုင်ကြားမှုများကို ခွင့်ပြုသည့် ဥပဒေပြဌာန်းချက်များ ပါဝင်ခြင်းမရှိပါ။ အမှုများအများစုတွင် အစိုးရရှေ့နေများ၊ ရဲတပ်ဖွဲ့၊ စစ်တပ် (သို့မဟုတ်) နိုင်ငံတော်နှင့်ဆက်နွယ်မှုရှိသည့် အခြားအာဏာပိုင်များ နှင့် စီးပွားရေးလုပ်ငန်းစုများသည်လည်း လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် တရားဝင်လူပုဂ္ဂိုလ်များအပေါ် တရားစွဲဆိုမှုများ ပြုလုပ်နိုင်သော်လည်း ပစ်မှတ်ထားခံရသူ တစ်ဦးချင်းစီအတွက်မူ ၎င်းတို့၏ ခုခံကာကွယ်မှု တောင်းဆိုချက်များအား လွတ်လပ်စွာ အကဲဖြတ်မှုကို တောင်းဆိုရန် တရားစီရင်ရေး၊ အုပ်ချုပ်ရေးနှင့် အခြားလမ်းကြောင်းများ မရှိပါ။

ကြီးကြပ်မှုယန္တရားများ၏ ထိရောက်မှုကို အကဲဖြတ်ရာတွင် တရားစီရင်ရေးကဏ္ဍ၏ လွတ်လပ်မှုသည်လည်း အရေးကြီးသော ထည့်တွက်စဉ်းစားရမည့် အချက်တစ်ချက်ပင်ဖြစ်သည်။ ထိုကဲ့သို့သောအကဲဖြတ်မှုသည် ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်းမပြုသင့်ဘဲ အုပ်ချုပ်ရေး၏ ဝင်ရောက်စွက်ဖက်မှုလွန်ကဲခြင်း (executive overreach) နှင့် ကြီးမားသော ငွေကြေးပြစ်ဒဏ်များကို ခွင့်မပြုသင့်သော ထုတ်ဖော်ပြောဆိုမှုများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်းရှိ/မရှိနှင့် မည်ကဲ့သို့ ရာဇဝတ်မှုအဖြစ်သတ်မှတ်ကြောင်း အပါအဝင် ပြည်တွင်းဥပဒေများအရ တရားရုံးများအား ခွင့်ပြုထားသည့် တရားစီရင်ရေး အခွင့်အာဏာ၏ အတိုင်းအတာကို ထည့်သွင်းစဉ်းစားစီစစ် ရမည်ဖြစ်သည်။ဥပဒေရေးရာစနစ်များသည် တိကျသော အမှုတစ်မှုချင်းစီတွင် စည်းကမ်းထိန်းကျောင်းရေး အဖွဲ့များအား တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်မှုအတွက်သာမက **ဆိုက်ဘာရာဇဝတ်မှု ကာကွယ်တားဆီးရေးအက်ဥပဒေ**အပေါ် **ဖိလစ်ပိုင်နိုင်ငံ**တရားရုံးချုပ်၏ ပြန်လည်သုံးသပ်မှု အဖြစ်အပျက်ကဲ့သို့ ဥပဒေကိုယ်၌အား ပြန်လည်သုံးသပ်ရန် ခွင့်ပြုရမည်ဖြစ်သည်။

ဤအစီရင်ခံစာတွင် မီးမောင်းထိုးပြသော အမှုဖြစ်ရပ်များသည် အထူးသဖြင့် တရားစီရင်ရေး ကဏ္ဍလွတ်လပ်မှုမရှိသောနိုင်ငံများတွင် တရားစီရင်ရေးစနစ်အား တစ်ခုတည်းသော ကြီးကြပ်ရေးယန္တရားအဖြစ် အမြဲတမ်း မှီခိုအားထားနိုင်ခြင်းမရှိကြောင်း ညွှန်ပြနေသည်။ တစ်ချိန်တည်းမှာပင် တရားစီရင်ရေးကဏ္ဍသည် လွတ်လပ်စွာ လည်ပတ်နေသည့်တိုင် အွန်လိုင်း စာမျက်နှာများအပေါ် အထူးသဖြင့် သက်ရောက်သော မျက်မှောက်ခေတ် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ပေါ်ထွန်းလာခြင်းကြောင့် ICT နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုရှိသည့် လွတ်လပ်သော လူပုဂ္ဂိုလ်တစ်ဦးချင်းစီသာမက ဤ" ပြစ်မှု" အသစ်များအရ စွဲဆိုခံရသော အမှုများကို ပြန်လည်သုံးသပ်ရာတွင် လူ့အခွင့်အရေး ဗဟိုပြု ချဉ်းကပ်မှုကို ပေါင်းစပ်လုပ်ဆောင်နိုင်သည့် ပညာရှင်များ၊ ရှေ့နေများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၏ အကြံပေးမှု၊ ခွဲခြမ်းစိတ်ဖြာမှုနှင့် အကဲဖြတ်မှုတို့ကိုပါ တိုးမြှင့် လိုအပ်လာပြီးဖြစ်သည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အွန်လိုင်း သတင်းအချက်အလက် ရရှိခွင့် အခွင့်အရေးများကို ချိုးဖောက်မှု များမှ ကာကွယ်ရန် လွတ်လပ်၍ ဘက်မလိုက်သော ကြီးကြပ်မှုယန္တရားများ ထားရှိသင့်သည်။

## ၅။ ထိရောက်သော ပြန်လည်ကုစားမှု (သို့မဟုတ်) တာဝန်ခံမှုပေးရန် ပျက်ကွက်ခြင်း

ပဥ္စမ ဘုံတူညီမှုအချက်မှာ - အုပ်ချုပ်ရေးကဏ္ဍမှ ဝင်ရောက်စွက်ဖက်မှုလွန်ကဲခြင်း (executive overreach)နှင့် လွတ်လပ်သော ကြီးကြပ်မှုယန္တရားများ ကင်းမဲ့ခြင်းတို့ကြောင့် ပိုမိုဆိုးရွားစေသည့် - တရားစီရင်ရေးဆိုင်ရာ ကုစားမှု (သို့မဟုတ်) တာဝန်ခံမှုအပါအဝင် ထိရောက်သော ပြန်လည်ကုစားမှုအတွက် ဥပဒေဆိုင်ရာပြဌာန်းချက်များ မရှိခြင်းဖြစ်ကာ ၎င်းအချက်သည် လူတစ်ဦးချင်းစီအား ပြင်းထန်သော ပြစ်ဒဏ်များ ချမှတ်ခြင်းကို တခါတည်း ပြန်လည်စဉ်းစားမှုမရှိ ဆောင်ရွက်ပုံထင်ဟပ်ဖော်ပြသည်။

ထိရောက်သော ပြန်လည်ကုစားမှု အခွင့်အရေးတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် ရရှိခွင့်အခွင့်အရေးများအား ချိုးဖောက်မှုများကို တားဆီးရန်အတွက် ဥပဒေ၏ပြဌာန်းချက်များတွင် လုံလောက်သောနှင့် ထိရောက်သောဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် အခြားသင့်လျော်သော ယန္တရားများအား ထည့်သွင်းလိုအပ်မှုနှင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အခွင့်အရေးများချိုးဖောက်ခြင်းခံရပါက တရားရုံးများဆောင်ရွက်မှ ကိုးကားဆောင်ရွက်သင့်သည့် လျော်ကြေးပေးခြင်း၊ ကျေနပ် ကြေအေးခြင်း၊ ပြန်လည် ထူထောင်ခြင်း (နှင့်/သို့မဟုတ်) ထပ်ခါတလဲလဲ ကျူးလွန်မှုမရှိစေရန် အာမခံချက်များအပါအဝင် လျင်မြန်၊ ထိရောက်သော ပြန်လည်ကုစားမှုများ (သို့မဟုတ်) ပြန်လည်ပေးလျော်မှုများကို အာမခံသည့် တိကျသော ဥပဒေပြဌာန်းချက်များလိုအပ်မှုတို့ ပါဝင်လေသည်။[579]

အသရေဖျက်မှုနှင့် မင်းမျိုးမင်းနွယ်များအား စော်ကားမှု ဥပဒေများနှင့်စပ်လျဉ်း၍ ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ်များကိုလုံးဝဖယ်ရှားပစ်သင့်ပြီး အများပြည်သူ အကျိုးစီးပွားနှင့် သက်ဆိုင်သည်ဟု ယူဆနိုင်သော သတင်းအချက်အလက်များ ပုံနှိပ်ထုတ်ဝေမှုကို ကာကွယ်ပေးသည့်- အမှန်တရားနှင့် မျှတသော မှတ်ချက်များအား ကာကွယ်မှုများကို ထိုလုပ်ရပ်များကို ထိန်းချုပ်သည့် ပြည်သူ့ရေးရာ ဥပဒေစနစ်များတွင် ဖော်ပြထားရမည်ဖြစ်သည်။ ဥပဒေများတွင် မှားယွင်းစွာထုတ်ဝေခဲ့ သော်လည်း တမင်မသမာသော အကြံမရှိဘဲ အများပြည်သူ အကျိုးစီးပွားအတွက် ဖော်ပြခဲ့သည့် မှားယွင်းသော ထုတ်ပြန်ချက်များကို အပြစ်ပေး အရေးယူနိုင်ရန် ဥပဒေအား အသုံးချ၍ မခရနိုင်ကြောင်းလည်း

[579] ICJ ၊ ' ဆိုးဝါးသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ အတွက် ထိရောက်သော ပြန်လည်ကုစားမှု (သို့မဟုတ်) ပြန်လည်ပေးလျော်မှု : လက်တွေ့ကျင့်သုံးသူများ လက်စွဲ ၊ ၂၀၁၈ ခုနှစ် ပြင်ဆင်ထုတ်ဝေမှု'၊ စာမျက်နှာ ၅၃၊၅၄။

ဖော်ပြထားသင့်သည်။[580] "အပြစ်ကင်းသော ဖြန့်ဝေမှု" ၏ ကာကွယ်မှုသည်လည်း အွန်လိုင်းပေါ်တွင် သတင်းအချက်အလက်ပျံ့နှံ့မှုနှင့် ပတ်သက်၍ စွပ်စွဲခံထားရသည့် ပြစ်မှုကျူးလွန်မှုကို "အမှန်တကယ် သိရှိမှု မရှိကြောင်း" ၊ စွပ်စွဲခံရသည့် ပြစ်မှုကျူးလွန်မှုနှင့် စပ်လျဉ်း၍ မည်သည့်" အသိပေး အကြောင်းကြားရန် အခြေအနေကိုမဆို" မသိခဲ့ကြောင်း နှင့် ပြစ်မှုကျူးလွန်မှုနှင့် ပတ်သက်ပြီး "ရှာဖွေဖော်ထုတ်ရန် ပျက်ကွက်ခဲ့ခြင်းတွင် ပေါ့ဆမှုကျူးလွန်မရှိကြောင်း" ပြသနိုင်သည့် "ဆင့်ပွား / ဒုတိယမြောက်" ရေးသားထုတ်ဝေသူများကို ကာကွယ်ရန် အလွန်အရေးကြီးသည်။[581]

ထိုကာကွယ်မှုများသည် နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု၊ တရားရုံးများအား မထီမဲ့မြင်ပြုမှုတို့နှင့် ထိုကျူးလွန်မှုများအား ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်းကို အွန်လိုင်းနယ်ပယ်သို့ တိုးချဲ့သော အွန်လိုင်း သတင်းအချက်အလက်ရရှိခွင့်ကို ထိန်းကျောင်းသည့် ဥပဒေများအရ ဖြစ်ပွားသောအမှုများတွင်လည်း အသုံးပြုသင့်သည်။ တရားရုံးအား မထီမဲ့မြင်ပြုမှုနှင့် ပတ်သက်၍ "အပြစ်ကင်းသော ဖြန့်ဝေမှု" အား ကာကွယ်မှုသည် ဥပမာအားဖြင့် သတင်းထောက်တစ်ဦးမှ တရားရုံးအမှုနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ဖြန့်ဝေခဲ့သည့်အချိန်တွင် တရားရုံးတွင် အမှုစစ်ဆေးနေဆဲဖြစ်သည်ကို သတိမပြုမိသောကြောင့် ဖြန့်ဝေခဲ့ခြင်းကို ကာကွယ်ရန်လည်း သက်ဆိုင်သည်။[582]

"အွန်လိုင်းပေါ်တွင် လုပ်ကြံသတင်း/သတင်းအချက်အလက်အမှား ပြန့်ပွားမှု" နှင့် "ဆိုက်ဘာလုံခြုံရေးကို ထိခိုက်စေမှု" ပြစ်မှုများသည် အသစ်အဆန်းဖြစ်သောကြောင့် ထိုကဲ့သို့သော ပြစ်မှုများ ကျူးလွန်သည်ဟု စွပ်စွဲခံရသူတစ်ဦးချင်းစီအတွက် သင့်လျော်ပြီး ထိရောက်သော

---

[580] CCPR/C/GC/34 ၊ စာပိုဒ် ၄၇။

[581] David Potts ၊ 'ရှေးထုံးတမ်းဥပဒေတွင် အပြစ်ကင်းသော ဖြန့်ဝေမှုကို ကာကွယ်ခြင်း' ၊ http://www.cyberlibel.com/?page_id=761 တွင်ကြည့်ရှုနိုင်သည်။ ကနေဒါနိုင်ငံရှိ တေးရေးဆရာ၊ စာရေးဆရာ နှင့် ဂီတထုတ်ဝေသူများ အသိုင်းအဝိုင်း နှင့် အင်တာနက် ပံ့ပိုးပေးသူများဆိုင်ရာ ကနေဒါအသင်းတို့၏ အမှုကို ရည်ညွှန်းထားသည်။ SCC 45 (CanLII) [2004] 2 S.C.R. 427 at [89] ။

[582] UK ၏ ဥပဒေကော်မရှင်အနေဖြင့် တရားရုံးများအား မထီမဲ့မြင်ပြုမှု အမှုများ၏ အခြေအနေတွင် ဤကာကွယ်မှုကို ၎င်း၏ 'ဥပဒေကော်မရှင် ညှိနှိုင်း တိုင်ပင်မှုစာတမ်း အမှတ် ၂၀၉ - တရားရုံးများအား မထီမဲ့မြင်ပြုမှု - ကျွမ်းကျင်သူမဟုတ်သူများအတွက် အကျဉ်းချုပ်'တွင် ရှင်းလင်းပြောကြားခြင်းကိုကြည့်ပါ။ http://www.lawcom.gov.uk/app/uploads/2015/03/cp209_contempt_of_court_summary.pdf တွင်ကြည့်ရှုနိုင်သည်။

ပြန်လည် ကုစားမှုနှင့် တာဝန်ခံမှု ယန္တရားများကို ဆန်းစစ်ခြင်းကို ICT နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုရှိသည့် လူပုဂ္ဂိုလ်များအပါအဝင် လူ့အခွင့်အရေးဆိုင်ရာ မူဘောင်ချမှတ်မှုနှင့် ခွဲခြမ်းစိတ်ဖြာမှုတို့ကို ပြုလုပ်ရာတွင် ကူညီပေးနိုင်သည့် ရှေ့နေများ၊ ပညာရှင်များနှင့် အရပ်ဘက် လူမှုအဖွဲ့ အစည်းများစသည်တို့ ဖြင့် ဖွဲ့စည်းထားသော လွတ်လပ်ပြီး ဘက်မလိုက်သော ကော်မတီ များအား ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် ကောင်းစွာ တာဝန်ယူနိုင်လိမ့်မည် ဖြစ် သည်။ လွတ်လပ်ပြီး ဘက်မလိုက်သော ကော်မရှင်များကို ဥပဒေအသစ်များအရ ချမှတ်ထားသော အုပ်ချုပ်ရေး (သို့မဟုတ်) တရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များအား အကဲဖြတ်ဆန်းစစ်ပြီး ပြန်လည် သုံးသပ်ရန် လုပ်ငန်းစနစ် (ယန္တရား) တစ်ခုအဖြစ်သတ်မှတ်နိုင်ပြီး ၎င်းကော်မရှင်သည် ဥပဒေမူဘောင် တစ်ရပ်ပေါ်ထွန်းလာရေးအတွက် အကြံပေးနိုင်မည်ဖြစ်သည်။ အမှန်တရား၊ မျှတသောမှတ်ချက်များ နှင့် "အပြစ်ကင်းသော ဖြန့်ဝေမှု" တို့အား ကာကွယ်ပေးမှုကို "အွန်လိုင်းသတင်းမှား/လုပ်ကြံသတင်း ဖြန့်ဝေမှု" (သို့) "ဆိုက်ဘာလုံခြုံရေးပျက်ပြားစေမှု" ကျူးလွန်သည့်စွပ်စွဲခံရသည့် လူပုဂ္ဂိုလ်များအား ကာကွယ်ပေးရာတွင်လည်း အကျုံးဝင်ရမည်ဖြစ်သည်။ ဤကော်မရှင်များသည် ခေတ်ပြိုင်ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် တာဝန်ပေးအပ်ခံထားရသည့် အခြားသော ဒေသတွင်းဆိုင်ရာ (သို့မဟုတ်) အပြည်ပြည်ဆိုင်ရာယန္တရားများနှင့် အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်သင့် ပြီး၊ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းခြင်းနှင့် ထိရောက်သော ပြန်လည်ကုစားမှုကို တည်ထောင်ခြင်းတို့တွင် နိုင်ငံတွင်း၊ ဒေသတွင်း နှင့် အပြည်ပြည်ဆိုင်ရာ အမြင်ရှုထောင့်များကို ပေါင်းစပ်လုပ်ဆောင်သင့်သည်။

### ၆။ နယ်နိမိတ်ပြင်ပ ကျော်လွန်၍ အသုံးချမှု

ဤအစီရင်ခံစာတွင် ဖော်ပြထားသော ဥပဒေ မူဘောင်များမှ သိသာမြင်သာသော ဆင့်မပြောက် ဘုံတူညီမှုအချက်မှာ နိုင်ငံနယ်နိမိတ် ကျော်လွန်၍ သက်ရောက်နိုင်ရန် ကြိုးပမ်းမှုဖြစ်သည်။ လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း ပြဋ္ဌာန်းခဲ့ပြီး အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကာ ရေးသားထားသည့် (သို့မဟုတ်) ပြောဆိုထားသည့် ထုတ်ဖော်ပြောဆိုမှု၊ (သို့မဟုတ်) တိုင်းပြည်အတွင်း ပုံနှိပ်ထုတ်ဝေသည့် စာ (သို့မဟုတ်) ရုပ်ပုံများအပေါ် သက်ရောက်သည့် ဥပဒေများအား နိုင်ငံ၏ နယ်နိမိတ်ပြင်ပမှလာသည့် သတင်းအချက်အလက်များ အပေါ်တွင် လည်း ပိုမိုတိုး၍ သက်ရောက်ကျင့်သုံးခဲ့ကြသည်။ ဤဥပဒေများသည် အများပြည်သူ ရရှိနိုင်သည့် စာမျက်နှာများနှင့်

ပုဂ္ဂလိကဆက်သွယ်သည့်(ကုဒ်ဖြင့် ဝှက်ထားသည့်) စာမျက်နှာများ ပေါ် တွင် ထုတ်ဖော်ပြောဆိုမှုများကို ရောနှောပေါင်းစည်းခြင်းအားဖြင့် အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိကဆက်သွယ်ရေးများအကြား ခွဲခြားသတ်မှတ်ထားမှုကို ပျက်ယွင်းစေရန်လည်း ကြိုးပမ်းခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေတွင် အပြည်ပြည်ဆိုင်ရာ မူဘောင်အရ အစိုးရ၏ တာဝန်ဝတ္တရားများသည် သူတို့၏ ပိုင်နက်နယ်နိမိတ်အတွင်းသာမက နယ်နိမိတ်ပြင်ပသို့ပါ သက်ရောက်ပါဝင်သည်ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားသည် - နိုင်ငံများအနေဖြင့် လုပ်ပိုင်ခွင့် အာဏာ (သို့မဟုတ်) ထိရောက်သော ထိန်းချုပ်မှုတို့ကို အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အညီ ကျင့်သုံးမှု ရှိသည်ဖြစ်စေ/မရှိသည်ဖြစ်စေ ၎င်းတို့အနေဖြင့် ထိုကဲ့သို့သောထိန်းချုပ်မှုကို ကျင့်သုံးသည့် အခြေအနေများတွင်သာမက နိုင်ငံများ၏ လုပ်ရပ်များ (သို့မဟုတ်) ပျက်ကွက်မှုများသည် ၎င်းတို့၏ ပိုင်နက်နယ်နိမိတ် အတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ လူ့အခွင့်အရေး ရရှိခံစားခွင့်အပေါ် ကြိုတင်မြင်နိုင်သော သက်ရောက်မှုများကို ဖြစ်ပေါ်စေသော အခြေအနေများတွင်ပါ ပြည်သူ့ရေးရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ အခွင့်အရေးများ အပါအဝင် လူ့အခွင့်အရေးများကို လေးစားရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းရန် ဝတ္တရားများ ရှိသည်။[583]

*နယ်နိမိတ်ပြင်ပအသုံးချမှု*

**စင်ကာပူနိုင်ငံ၏ POFMA** နှင့် **ဗီယက်နမ်နိုင်ငံ၏ LOCS** ကဲ့သို့သော အချို့သောဥပဒေများတွင် နယ်နိမိတ်ပြင်ပအသုံးချမှုကို တိတိကျကျပြဋ္ဌာန်းထားသော်လည်း ဤအစီရင်ခံစာတွင် ဖော်ပြ

[583] ဤအချက်ကို ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ၏ အထွေထွေမှတ်ချက် အမှတ် ၃၁၊ နယ်နိမိတ်ပြင်ပ တာဝန်ဝတ္တရားများဆိုင်ရာ Maastricht အခြေခံမူများ (အောက်ခြေမှတ်ချက် ၈၃ ကိုကြည့်ပါ) နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးမှ သူ၏ လုံခြုံမှု အခွင့်အရေးဆိုင်ရာ ၂၀၁၄ ခုနှစ် အစီရင်ခံစာ(အောက်ခြေမှတ်ချက် ၅၂)တွင် အတည်ပြုခဲ့သည်။ ICJ ၊ 'နက်ခြားများကို ကျော်လွန်၍ လူ့အခွင့်အရေးများကို ကာကွယ်ခြင်း'၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်၊ https://www.icj.org/protecting-human-rights-beyond-borders/ ကို လည်းကြည့်ရှုပါ။ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ၊ 'အထွေထွေမှတ်ချက် အမှတ် ၃၁ - ပဋိညာဉ်တွင် ပါဝင်သည့် နိုင်ငံများအပေါ်ချမှတ်ထားသော အထွေထွေ ဥပဒေရေးရာ တာဝန်ဝတ္တရားများ၏ သဘောသဘာဝ' ၊ ၂၀၀၄ ခုနှစ် မေလ ၂၆ ရက်၊ CCPR/C/21/Rev.1/Add. 13။

ထားသည့် အခြားဥပဒေများသည် နိုင်ငံတော်တရားစီရင်ပိုင်ခွင့်အတွင်း နေထိုင်မှုမပြုသော တစ်ဦးချင်းအပေါ်သို့ နယ်နိမိတ်ပြင်ပ သက်ရောက်မှု ဆိုင်ရာစိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေသည်။ အင်တာနက်၏ တစ်ကမ္ဘာလုံးဆိုင်ရာ သဘောသဘာဝအရ တိကျသော တရားစီရင်ပိုင်ခွင့် တစ်ခုအတွင်းရှိ ဆင်ဆာဖြတ်တောက်ခြင်းသည် ထိုပိုင်နက်နယ်နိမိတ်ပြင်ပရှိ ထိုကဲ့သို့သော သတင်းအချက်အလက်များကို လက်လှမ်းမီရယူနိုင်ရန် ရှာဖွေသည့်လူများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် (သို့မဟုတ်) သတင်းအချက်အလက်ရရှိခွင့် အခွင့်အရေးများကိုပါ ပါဝင်သက်ရောက်စေသည်။ ၎င်းအချက်သည် နိုင်ငံအတွင်းရှိ လူများသာမက အခြားသူများပါဝင်ရောက်ဖတ်ရှုသည့် အွန်လိုင်းသတင်းဝက်ဆိုက်ဘ်များ ပိတ်ထားသည့်ဖြစ်ရပ် ( အင်တာနက်ဆက်သွယ်မှုလည်းပိတ်ထားသည့်ဖြစ်ရပ်) ပတ်သက်ပြီး အထူးသဖြင့် သိသာမြင်သာသည်။

ဥပမာအနေဖြင့် **Manager Online** ၏အမှုတွင် အသရေဖျက်မှု တရားစွဲဆိုမှုများ သည် ဝက်ဘ်ဆိုက်စာမျက်နှာပေါ်တွင် "ရှင်းလင်းထုတ်ပြန်ချက်" ရေးသားရန် အတင်းအကျပ် ခိုင်းစေခံရသည့် ကျေအေးပေးမှုကို ဖြစ်စေခဲ့သည်။ ၎င်းအချက်များသည် **ထိုင်းနိုင်ငံ**ပြင်ပတွင် နေထိုင် သည့် ပညာရှင်များ၊ သုတေသန ပညာရှင်များ (သို့မဟုတ်) အရပ်ဘက် လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များ၏ တိုင်းပြည်အတွင်း ညှင်းပန်းနှိပ်စက်မှု (သို့မဟုတ်) ဆိုးဝါးစွာပြုမူဆက်ဆံ ခံရမှုများနှင့် ပတ်သက်သည့် တိကျသော သတင်းအချက်အလက်များကို ရရှိရန်အခွင့်အရေးများ အပေါ် ဆိုးကျိုးသက်ရောက်မှုဖြစ်စေသည်။ ထိုနည်းတူစွာပင် **မြန်မာနိုင်ငံ**တွင်လည်း ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အင်တာနက်ဖြတ်တောက်ခြင်းသည် မြို့နယ်များအတွင်းရှိ လူပုဂ္ဂိုလ်များနှင့် ဥပဒေပြုသူများ၏ သတင်းအချက်အလက် ရရှိခွင့်များကို ကန့်သတ်ခြင်းသာမက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် လူ့အခွင့်အရေးဆိုင်ရာ ဝန်ဆောင်မှုများပေးရန် ထိုသတင်းအချက်အလက်များကိုလိုအပ်သည့် အဆိုပါ အဖွဲ့အစည်းများတွင် လုပ်ကိုင်နေသူများ၏ လက်လှမ်းမီရရှိခွင့်တို့ကိုပါ ကန့်သတ်ထားသည်။

နယ်နိမိတ်ပြင်ပ သက်ရောက်မှုသည် လူတစ်ဦးချင်းစီ၏ အခွင့်အရေးများချိုးဖောက် ခံရနိုင်ချေ မြင့်တက်စေရုံသာမက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် သတင်းအချက်အလက်ရရှိခွင့်တို့ကို ကာကွယ်ရန်ဖြစ်သည့် ၎င်းတို့၏တာဝန် ဝတ္တရားများကို အကောင်အထည်ဖော်နေသော အခြားတရားစီရင်ပိုင်ခွင့်ရှိသော အာဏာပိုင်များ (သို့မဟုတ်)

ကော်ပိုရေးရှင်း အဖွဲ့အစည်းများအပေါ် အတားအဆီးများနှင့် ကြီးမားသောလို အပ်ချက်များကိုလည်း ဖြစ်ပေါ်စေသည်။ ထို့ကြောင့် **စင်္ကာပူနိုင်ငံ၏ POFMA** သည် အင်တာနက် ဝန်ဆောင်မှုပေးသူများနှင့် ဝန်ဆောင်မှု ချိတ်ဆက်ပေးသူများအား အမှန်တကယ်အသုံးပြုသူများ သည် စင်ကာပူနိုင်ငံတွင်တည်ရှိနေပါက ဥပဒေချိုးဖောက်သည်ဟုယူဆသော မည်သည့် ထုတ်ဖော် ပြောဆိုမှု (သို့မဟုတ်) သတင်းအချက်အလက်ကိုမဆို ကန့်သတ်ရန် တာဝန်ပေးအပ် ဝန်ထုတ် ဝန်ပိုးဖြစ်စေသည်။ ထိုဝန်ထုပ်ဝန်ပိုးများသည် ICT ကုမ္ပဏီများကိုသာမက သတင်းဌာနများကိုပါ အကျိုးသက်ရောက်မှု ရှိနိုင်သည်။ နိုင်ငံတကာ သတင်းအဖွဲ့အစည်းများသည် စင်ကာပူနိုင်ငံရှိ ဥပဒေကို ချိုးဖောက်သည်ဟု ယူဆသောကိစ္စရပ်များကို သတင်းတင်ပြခြင်းအတွက် အသရေဖျက်မှု ဆိုင်ရာ တရားစွဲဆိုမှုများခံရပြီး ပမာဏများပြားသော ဒဏ်ငွေများဖြင့် ဒဏ်ခတ်ခံခဲ့ရသည်။ **ဗီယက်နမ်နိုင်ငံ၏ LOCS** သည် အချက်အလက်များကို ဗီယက်နမ်နိုင်ငံတွင် တည်ဆောက်ထားရှိစေခြင်းအားဖြင့် လူတစ်ဦးချင်းစီ၏ လုံခြုံမှု အခွင့်အရေးချိုးဖောက်ခံနိုင်ချေမြင့် လာစေသည်သာမက ICT ကုမ္ပဏီများအပေါ်တွင်လည်း ဗီယက်နမ်နိုင်ငံ ပြင်ပရှိ သုံးစွဲသူများ၏ အခွင့်အရေးများအပေါ် သက်ရောက်စေမည့် ၎င်းတို့၏စာမျက်နှာများမှ သတင်းအချက်အလက်များကို ဖယ်ရှားရန် ဝန်ထုတ်ဝန်ပိုးကိုပါ သက်ရောက်စေသည်။ နိုင်ငံများ အနေဖြင့် ICT ကုမ္ပဏီများအား အွန်လိုင်းပေါ်မှ အခွင့်အရေးချိုးဖောက်မှုများမှ ကာကွယ်ပေးမှု သေချာစေရန်အတွက် ထိန်းကျောင်းရန် လုပ်ပိုင်ခွင့် အခွင့်အရေးရှိသော်လည်း ဤဥပဒေစည်းမျဉ်း စည်းကမ်းများအား အခွင့်အရေးချိုးဖောက်မှုများကို အထောက်အကူ ပြုစေသည့် (သို့မဟုတ်) ခွင့်ပြုသည့်နည်းလမ်းများဖြင့် ရေးဆွဲခြင်း၊ အနက်ဖွင့်ခြင်းနှင့် အတည်ပြု ပြဋ္ဌာန်းခြင်း တို့ကိုမဆောင်ရွက်သင့်ပါ။

*အများပြည်သူ သိရှိရန် ရည်ရွယ်သည့် သတင်းအချက်အလက် နှင့် လျှို့ဝှက်ရန် ရည်ရွယ်သည့် သတင်း အချက်အလက်*

ပုဂ္ဂလိကနှင့် အများပြည်သူဆိုင်ရာ ဆက်သွယ်ရေးများအကြား ယခင်က ရှင်းလင်း ပြတ်သားသော ကွဲပြားခြားနားမှုများကို ဤဥပဒေမူဘောင်အချို့က ရှုပ်ထွေးစေခဲ့သည်။ ဖေ့စ်ဘွတ်ခ်တွင် “Public/အများပြည်သူ” ဆက်တင်များ၌ မျှဝေထားသော ပို့စ်များ (သို့မဟုတ်) သတင်းအချက်အလက်များကို ယေဘုယျအားဖြင့် အများပြည်သူသိရှိစေရန် ရည်ရွယ်၍

မျှဝေထားသည်[584] ဟုမှတ်ယူနိုင်ပြီး Whatsapp မှတစ်ဆင့် တစ်ဦးချင်းအကြားမျှဝေသည့် သတင်းစကားများသည် ယေဘုယျအားဖြင့် ပုဂ္ဂလိကဆက်သွယ်မှု (သို့) လျှို့ဝှက်ဖြစ်သည်ဟု ရည်ရွယ်သည်။ ထိုကဲ့သို့သော လုံခြုံမှုအတွက် ထုတ်လုပ်သူများမှ အပလီကေးရှင်းတွင် (နှစ်ဦးနှစ်ဘက်ပိတ်ဆို့ဟန့်တားထားသည့်နည်းပညာ)end-to-end encryption ကိုထည့်သွင်းထားသည်ကို ကြည့်ခြင်းဖြင့် သိနိုင်သည်။ [585] ဤအစီရင်ခံ စာတွင် ICT ကုမ္ပဏီများသည် ၎င်းတို့၏အသုံးပြုသူများ၏ လုံခြုံမှုအခွင့်အရေးကို လုံလောက်စွာ အကာအကွယ်ပေးခြင်းရှိမရှိနှင့် ပတ်သက်၍ သက်ဆိုင်သော မေးခွန်းများ တည်ရှိနေကြောင်း မှတ်ချက်ပြုထားသည်။ သို့သော်လည်း သီးသန့် လူပုဂ္ဂိုလ်တစ်ဦးကို ကုဒ်ဖြင့်ဝှက်ထားသည့် ဝန်ဆောင်မှုဖြင့် ပေးပို့သော သတင်းစကားများ၏ ဆန့်ကျင်ဘက်အနေဖြင့် အများပြည်သူ မြင်တွေ့နိုင်ရန် အွန်လိုင်းစာမျက်နှာများပေါ်တွင် တင်လိုက်ခြင်းသည် ထိုကဲ့သို့သောအချက်အလက်များ မူလပိုင်ရှင်၏ ကွဲပြားခြားနားသော ရည်ရွယ်ချက်များကို ထင်ဟပ်ဖော်ပြကြောင်း ယေဘုယျအားဖြင့်လက်ခံနိုင်ပါသည်။[586]

ဒေသတွင်းတွင် ဖြစ်ပေါ် သည့် အမှုဖြစ်စဉ်များအရ အစိုးရများသည် အများပြည်သူ မြင်တွေ့နိုင်ရန် အွန်လိုင်းစာမျက်နှာတွင် ထုတ်ဖော်ပြောဆိုခြင်း (သို့မဟုတ်) သတင်းအချက် အလက်များကို မျှဝေခြင်းကိုသာမက ပြုစု (သို့မဟုတ်) ဖြန့်ဝေသူမှ လျှို့ဝှက်ရန်ရည်ရွယ်သည့် အကြောင်းအရာများကိုပါ သက်ရောက်အကျုံးဝင်မှုရှိစေရန် လူ့အခွင့်အရေးနှင့် မကိုက်ညီသော ဥပဒေများကို ပြဌာန်းအကောင်အထည်ဖော်ရန် ဆန္ဒရှိနေကြသည်။ **ဘရူနိုင်းနိုင်ငံ**တွင် WhatsApp သတင်းစကားများတွင် ရဲတပ်ဖွဲ့ကို ဝေဖန်မှုများအတွက် အမျိုးသမီးတစ်ဦးကို ရဲတပ်ဖွဲ့မှ ဖမ်းဆီးထိန်းသိမ်းကာ စစ်ဆေးမေးမြန်းခဲ့ပြီး **မလေးရှားနိုင်ငံ**တွင် ယခင်ဝန်ကြီးချုပ်ဟောင်း Najib


[584] ဖေ့စ်ဘွတ်ခ် ၊ 'ဖေ့စ်ဘွတ်ခ်ပေါ်မှ အများပြည်သူဆိုင်ရာ သတင်းအချက်အလက်များမှာ မည်သည့်အရာများနည်း?' ၊ https://www.facebook.com/help/203805466323736 တွင်ကြည့်ရှုနိုင်သည်။

[585] End-to-end encryption သည် သတင်းစကားတစ်ခုစီတွင် လုံခြုံမှုကို တိုးမြှင့်ပေးသော "တမူထူးသော သော့ခလောက်နှင့် သော့တံ"ပါရှိကြောင်း သေချာစေကာ အသုံးပြုသူနှစ်ဦးအကြား သတင်းအချက်အလက်များကို ထိန်းသိမ်းထားခြင်းကို သေချာကြောင်း ဆောင်ရွက်ခြင်းဖြစ်သည်။ Whatsapp ၊'Whatsapp လုံခြုံမှု' ၊ https://www.whatsapp.com/security/ ကိုလည်း ကြည့်ရှုပါ။

[586] ICT ကုမ္ပဏီများနှင့် သုံးစွဲသူများ၏ လုံခြုံမှု အခွင့်အရေး၊ Amnesty International ၊ 'Surveillance Giants : ဂူဂဲလ်နှင့်ဖေ့စ်ဘွတ်ခ်တို့၏ စီးပွားရေးပုံစံသည် လူ့အခွင့်အရေးကို မည်သို့ထိခိုက်စေသနည်း' ၂၀၁၉ ခုနှစ် နိုဝင်ဘာလ၊ https://www.amnesty.org/download/Documents/POL3014042019ENGLISH.PDF တွင် ကြည့်ရှုနိုင်သည်။

Razak ကိုစော်ကားသည်ဟု ယူဆရသော Whatsapp မှတဆင့် ပေးပို့ခဲ့သော သတင်းစကားကြောင့် အမျိုးသားတစ်ဦးသည် ၃ ရက်ကြာ ထိန်းသိမ်းခံခဲ့ရသည်။ **စင်ကာပူနိုင်ငံတွင် Li Shengwu** သည် သတင်းအချက်အလက်ကို ရွေးချယ်ထားသော လူအရေအတွက်ကိုသာ ကန့်သတ်သိမြင်ရန် ရည်ရွယ်သည်ဟု နားလည်နိုင်သည့် "သူငယ်ချင်းများသာလျှင်" လုံခြုံရေးဆက်တင်ဖြင့် ရေးသားခဲ့သည့် ဖေ့စ်ဘွတ်ခ်ပို့စ်တစ်ခု ကြောင့် တရားရုံးအား မထီမဲ့မြင်ပြုမှုဖြင့် တရားစွဲဆိုမှုကို ရင်ဆိုင်ခဲ့ရသည်။

**ဗီယက်နမ် LOCS ဥပဒေ** အရ အချက်အလက်များကို ဗီယက်နမ်နိုင်ငံအတွင်းတည်ဆောက် ရရှိစေခြင်းနှင့် နိုင်ငံတော်အာဏာပိုင်များအား နေအိမ်ဥပစာများအတွင်း ဝင်ရောက်ခြင်း၊ အီလက်ထရောနစ် အချက်အလက်နှင့် ပစ္စည်းကိရိယာများအား တရားဝင် လူပုဂ္ဂိုလ်များထံမှ ရှာဖွေခြင်းနှင့် သိမ်းဆည်းခြင်း၊ ထိုကဲ့သို့သော အချက်အလက်များကို မိတ္တူကူးယူခြင်း၊ အီလက်ထရောနစ် ပစ္စည်းများ (သို့မဟုတ်) စနစ်များကို စမ်းသပ်စစ်ဆေးခြင်းနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ သတင်းအချက်အလက်များကို "အချိန်နှင့်တပြေးညီ" ရယူရန်တောင်းဆိုခြင်းတို့ကို ခွင့်ပြုသည့် **ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေး အက်ဥပဒေ** ပြဋ္ဌာန်းချက်များစသည့် ဆောင်ရွက်ချက်များနှင့်စပ်လျဥ်း၍ ဤစိုးရိမ်ပူပန်မှုသည် တရားဝင် ပြဋ္ဌာန်းသတ်မှတ် ထားခြင်း (သို့မဟုတ်) မျှတဆီလျော်မှုရှိစွာ အတည်ပြုပြဋ္ဌာန်းနိုင်ခြင်းမရှိသော "နိုင်ငံတော်လုံခြုံရေး" သို့မဟုတ် "ငြိမ်ဝပ်ပိပြားရေး" ကို ထိန်းသိမ်းရန်ဟူသော ရည်ရွယ်ချက်အတွက် လုံခြုံမှုအခွင့်အရေးကို ကျူးကျော်ဝင်ရောက်မှုများ တိုးပွားလာခြင်းနှင့် ပတ်သက်၍လည်း စိုးရိမ်ပူပန်မှုများကိုဖြစ်ပေါ်စေပါသည်။



## ၅။ ရှေ့ဆက်လမ်းစဉ်

အရှေ့တောင်အာရှနိုင်ငံများရှိ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများသည် လူ့အခွင့်အရေးနှင့်မကိုက်ညီသည့် နည်းလမ်းများဖြင့် ဆက်လက် ရေးဆွဲဆွဲခြင်းခံနေရပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် အွန်လိုင်း သတင်းအချက်အလက်ရရှိခွင့်တို့ကို လွန်လွန်ကဲကဲ ကန့်သတ်ရန်အတွက် အနက်ဖွင့်ကာ အသုံးချခံနေရသည်။ ထို့ကြောင့် နိုင်ငံများအနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စံနှုန်းများကို အကောင်အထည် ဖော်ရန်နှင့် ထိုအခွင့်အရေးများနှင့်စပ်လျဉ်းသည့် ၎င်းတို့၏ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရား များကို အပြည့်အဝသက်ရောက်မှုရှိစေရန် အရေးတကြီးလိုအပ်လျက် ရှိနေသည်။ အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံနှုန်းများသည် အခြားပေါ်ထွက်လာသော ဥပဒေနှင့် မူဝါဒဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်ကြိုးပမ်းသည်ဖြစ်သောကြောင့် နိုင်ငံများ၏ အွန်လိုင်း ပေါ်ရှိ လူ့အခွင့်အရေးများအား ကာကွယ် လေးစား ဖြည့်ဆည်းရန် ကြိုးပမ်းမှုများကို သတင်းပို့ရန်နှင့် သက်သေပြနိုင်ရန် လက်ခံနိုင်ဖွယ်အကောင်းဆုံး မူဘောင်တစ်ခုကို ထောက်ပံ့ပေးလေသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူး ကိုယ်စားလှယ်သည် ၂၀၁၁ ခုနှစ်တွင် ICCPR အား လူပုဂ္ဂိုလ်များအနေဖြင့် "မည်သည့်မီဒီယာမှ တစ်ဆင့်မဆို" နှင့် "နယ်နိမိတ်ကန့်သတ်ချက်မရှိဘဲ" ၎င်းတို့၏ အခွင့်အရေးများ ကို ကျင့်သုံးခွင့်ရှိ စေရန် "အနာဂတ်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများကို ပါဝင်ရန်နှင့် ထည့်သွင်း စဉ်းစားရန် ကြိုတင်မျှော်မြင်မှု" ဖြင့်ရေးဆွဲထားကြောင်းကို တိတိကျကျရှင်းလင်း ပြောကြား ခဲ့သည်။[587] အနည်းဆုံး ဤအစီရင်ခံစာတွင် ဖော်ပြထားသော ဥပဒေများနှင့် တို့ဥပဒေများ၏ အသုံးချမှုများအတွက် အိုင်စီဂျေ (ICJ) အနေဖြင့် ဤထုတ်ပြန်ချက်သည် မှန်ကန်သည်ဟု ခံယူထားသည်။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အွန်လိုင်းစာမျက်နှာများတွင် သတင်းအချက်အလက်ရရှိခွင့်တို့အပေါ် ရုပ်ပိုင်းဆိုင်ရာကန့်သတ်ချက်များကို ခွင့်ပြုရန်နှင့် သက်ရောက်မှုရှိစေရန် ICT ကုမ္ပဏီများအပေါ် နိုင်ငံအစိုးရများအနေဖြင့် တာဝန်ဝတ္တရားများနှင့် တောင်းဆိုမှုများကို ပြုလုပ်လျက်ရှိသောကြောင့် UNGPs သည် အွန်လိုင်းပေါ်တွင် လူ့အခွင့် အရေးများကို

---

[587] အပိုင်း ၂ (၅) ကိုကြည့်ပါ။

ကာကွယ်ရန်နှင့် မြှင့်တင်ရန် နိုင်ငံများ၏တာဝန်ဝတ္တရားများနှင့် စပ်လျဉ်းပြီး အရေးတကြီးသက်ဆိုင်လျက်ရှိသည်။ ၂၀၁၈ ခုနှစ် အစီရင်ခံစာတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်သည် အွန်လိုင်း အကြောင်းအရာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတွင် နိုင်ငံနှင့် စီးပွားရေးလုပ်ငန်းစုတို့၏ အပြန်အလှန်မှီခိုမှုနှင့် ပတ်သက်ပြီး စိုးရိမ်မှုများကို ဖော်ပြခဲ့ပြီး ၎င်းသည် အခြားကမ္ဘာအခြားဒေသများနည်းတူ အရှေ့တောင်အာရှတွင်လည်း သက်ဆိုင်နေသည် :

" "အစွန်းရောက်ဝါဒ"၊ ဘုရားသခင်နှင့် မြင့်မြတ်သောအရာများကို စော်ကားမှု၊ အသရေဖျက်မှု၊ "စော်ကားသော" သတင်းစကား၊ "သတင်းအမှား" နှင့် "ဝါဒဖြန့်ခြင်း" တို့နှင့် ပတ်သက်၍ ကျယ်ပြန့်စွာ စကားလုံးရွေးချယ်သုံးနှုန်းထားသည့် ကန့်သတ်ချုပ်ချယ်သော ဥပဒေများအား ကုမ္ပဏီများအား ကျိုးကြောင်းညီညွတ်သည့် ဟောပြောချက်ကို ဖိနှိပ်ရန် တောင်းဆိုခြင်း၏ အကြောင်းပြချက်အဖြစ် အသုံးချလာနိုင်သည်။ နိုင်ငံများသည် အထူးသဖြင့် အွန်လိုင်းစာမျက်နှာများပေါ်မှ အကြောင်းအရာ များကို တိုး၍ ပစ်မှတ်ထားလာသည်။ လွတ်လပ်သော သတင်းမီဒီယာများကို လက်လှမ်းမီ အသုံးပြုနိုင်မှုနှင့် ယုံကြည်စိတ်ချရနိုင်မှုတို့ကို ကန့်သတ်ရန်အတွက် နိုင်ငံအတော်များများသည် လုပ်ကြံသတင်း/သတင်းအချက်အလက်အမှားများနှင့် ဝါဒဖြန့်ချိရေးကိရိယာများကိုလည်း အသုံးချနေကြသည်။ တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းမရှိဘဲ ပြင်းထန်သော ပြစ်ဒဏ်များဖြင့် ခြိမ်းခြောက်လျက် အကြောင်းအရာများကို ရေရာမှုမရှိသော (သို့မဟုတ်) ရှုပ်ထွေးသော ဥပဒေရေးရာစံနှုန်းများအရ ကန့်သတ်ရန်အတွက် အချို့နိုင်ငံများသည် ကုမ္ပဏီများအား တာဝန်ဝတ္တရားများကို ချမှတ်ပေးထားပါသည်။

*ထိုကဲ့သို့သော စည်းမျဉ်းစည်းကမ်းများတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အတွက် အန္တရာယ်များ၊ တရားဝင်ဖြစ်သောအကြောင်းအရာများကို ဖယ်ရှားနိုင်မည့် တာဝန်ရှိမှုကို ရှောင်ရှားရန်အတွက် ကုမ္ပဏီများ၏ ကျယ်ကျယ်ပြန့် ပြန့်အားထုတ်မှုကဲ့သို့သော ကုမ္ပဏီများအပေါ် သိသာထင်ရှားသော ဖိအားပေးမှုတို့ ပါဝင်သည်။ ၎င်းတို့တွင် တာဝန်ခံမှုပြုနိုင်သည့် နည်းလမ်းများ မကျင့်သုံးသော ပုဂ္ဂလိကကဏ္ဍများသို့ ထိန်းကျောင်းရေးတာဝန် လွှဲအပ်ခြင်းများလည်း ပါဝင်သည်။ မြန်ဆန်ပြီး အလိုအလျောက် ဖယ်ရှားမှုအား တောင်းဆိုမှုများသည် မူပိုင်ခွင့်အခြေအနေတွင် ဖန်တီးနိုင်စွမ်းရှိသော ကြိုးပမ်းမှုများကို ခြိမ်းခြောက်နေသည့် ကြိုတင်ထိန်းချုပ်ကန့်သတ်မှု*

*ပုံစံအသစ်များ၏ အန္တရာယ်ကို ဖြစ်ပေါ်စေသည်။ အချက်အလက်နှင့် ဥပဒေဆိုင်ရာ ရှုပ်ထွေးသောမေးခွန်းများကို ယေဘုယျအားဖြင့် ၎င်းတို့၏ လက်ရှိလုပ်ငန်းစဉ်များသည် တရားဝင်လုပ်ထုံးလုပ်နည်း စံနှုန်းများနှင့် ကိုက်ညီမှုမရှိဘဲ ရည်ရွယ်ချက်သည်လည်း အဓိကအားဖြင့် စီးပွားရေးသာဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍများမဟုတ်ဘဲ အများပြည်သူဆိုင်ရာအဖွဲ့အစည်းများမှသာ အကဲဖြတ်ဆုံးဖြတ်သင့်သည်။"*[588]

ထိုနောက် ကုလသမဂ္ဂအထူးကိုယ်စားလှယ်သည် ဒစ်ဂျစ်တယ်ခေတ်၏ မျက်မှောက်ခေတ် အခြေအနေတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် အွန်လိုင်း သတင်းအချက် အလက်ရရှိခွင့် အခွင့်အရေးများကို ကာကွယ်ရန်အတွက် နိုင်ငံများအား ၎င်းတို့၏ ကြိုးပမ်းမှုများကို လမ်းညွှန်ရန် အကြံပြုချက်များပေးခဲ့သည်။[589] အရှေ့တောင်အာရှရှိ အစိုးရများသို့ အောက်ပါအကြံပြုချက်များကို အထူးကိုယ်စားလှယ်၏ ဖော်ထုတ်ချက်များနှင့်အညီ လမ်းညွှန်ထားပါသည်။

(က) နိုင်ငံများသည် အွန်လိုင်း (သို့မဟုတ်) အော့ဖ်လိုင်း ထုတ်ဖော်ပြောဆိုမှုကို ရာဇဝတ်မှု အဖြစ် သတ်မှတ် (သို့မဟုတ်) အလွန်အမင်း ကန့်သတ်ချုပ်ချယ်ထားသော မည်သည့်ဥပဒေ၊ စည်းမျဉ်းစည်းကမ်း (သို့မဟုတ်) ဥပဒေမူဘောင်ကိုမဆို ပယ်ဖျက်ခြင်း (သို့မဟုတ်) ပြင်ဆင်ရန် လိုအပ်သော ဆောင်ရွက်မှုများ ပြုလုပ်ခြင်း (သို့မဟုတ်) အဆိုပါဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ (သို့မဟုတ်) ဥပဒေမူဘောင်များကို အပြည်ပြည်ဆိုင်ရာ ဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ကိုက်ညီစေရန် ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်သင့်သည်။

(ခ) နိုင်ငံများသည် ၎င်းတို့၏ အပြည်ပြည်ဆိုင်ရာ တာဝန်ဝတ္တရားများနှင့်အညီ အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ်သတ်မှတ်သည့် မည်သည့်ဥပဒေ၊ စည်းမျဉ်းစည်းကမ်း (သို့မဟုတ်) ဥပဒေ မူဘောင်ကိုမဆို ပယ်ဖျက်သင့်သည်။

(ဂ) နိုင်ငံများသည် တရားဥပဒေနှင့် ညီညွတ်သည့် ထုတ်ဖော်ပြောဆိုမှုများကို အဆုံးအဖြတ် ပေးသူများသည် တရားစီရင်ရေးဆိုင်ရာ အာဏာပိုင်များမဟုတ်ဘဲ

[588] A/HRC/38/35 ၊ စာပိုဒ် ၁၃၊ ၁၅။

[589] A/HRC/38/35 ၊ စာပိုဒ် ၆၄

နိုင်ငံတော်အာဏာပိုင်များ (သို့မဟုတ်) အဖွဲ့အစည်းများဖြစ်မှုကိုခွင့်ပြုသည့် ဥပဒေမူဘောင်များ (သို့မဟုတ်) စည်းမျဉ်းစည်းကမ်းပုံစံများကို အတည်ပြု ပြဋ္ဌာန်းခြင်း မှ ရှောင်ကြည်သင့်ပြီး နှင့် တည်ဆဲမူဘောင်များ (သို့မဟုတ်) စည်းမျဉ်းစည်းကမ်း ပုံစံများ ကို ပြင်ဆင်ခြင်း သင့်သည်။

(ဃ) နိုင်ငံများသည် သုံးစွဲသူများကိုထိခိုက်နစ်နာစေသည့် လူ့အခွင့်အရေးတန်ဖိုးများအပေါ် စီးပွားရေးလုပ်ငန်းစုများ၏ ဆုံးဖြတ်မှုကို အားပေးသည့် ကုမ္ပဏီများအား အကြောင်းအရာများကို အကဲဖြတ်ရန် လုပ်ပိုင်ခွင့်တာဝန်လွှဲပြောင်းပေးအပ်သည့် ဥပဒေ မူဘောင်များ (သို့မဟုတ်) စည်းမျဉ်းစည်းကမ်းပုံစံများကို အတည်ပြု ပြဋ္ဌာန်းခြင်း မှ ရှောင်ကြည်သင့်ပြီး နှင့် တည်ဆဲမူဘောင်များ (သို့မဟုတ်) စည်းမျဉ်းစည်းကမ်း ပုံစံများ ကို ပြင်ဆင်ခြင်း သင့်သည်။ (င) နိုင်ငံများအနေဖြင့် လွတ်လပ်ပြီး ဘက်မလိုက်သော တရားစီရင်ရေးအာဏာပိုင်အဖွဲ့၏ အမိန့်အရ တရားဥပဒေနှင့် ညီညွတ်မှု၊ မရှိမဖြစ်လိုအပ်မှုနှင့် တရားဝင်မှု စံချိန်စံနှုန်းများနှင့်အညီသာ အွန်လိုင်းပေါ်ရှိ အကြောင်းအရာများကို ကန့်သတ်ရန် ကြိုးပမ်းသင့်သည်။ အွန်လိုင်းအကြောင်းအရာများအား ထိန်းချုပ်မှု ဆိုင်ရာ တည်ဆဲ ဥပဒေမူဘောင်များ (သို့မဟုတ်)စည်းမျဉ်းစည်းကမ်းပုံစံများကိုလည်း သင့်လျော်စွာပြင်ဆင်သင့်သည်။ တင်းကျပ်လွန်းသော ရှုထောင့်အခြေပြု စည်းမျဉ်း စည်းကမ်းများ မဟုတ်ဘဲ တင်းကျပ်စွာ ပစ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများသည် အများပြည်သူအား အွန်လိုင်းနယ်ပယ်များတွင် ပါဝင်သင့်/မသင့်နှင့် မည်ကဲ့သို့ပါဝင်ရမည်တို့နှင့် ပတ်သက်ပြီး ရွေးချယ်ခွင့်ပြုရန် ကုမ္ပဏီ၏ ပွင့်လင်းမြင်သာမှုနှင့် ပြန်လည်ကုစားမှုများကို အာရုံစိုက်ကာ အမှီပြုကာ ချမှတ်သင့်သည်။

(စ) နိုင်ငံများသည် အွန်လိုင်းပေါ်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ၎င်းတို့၏ သိသိသာသာ ကြောက်မက်ဖွယ်ကောင်းသော အကျိုးသက်ရောက်မှုများကို ပေးနိုင်သော လူတစ်ဦးချင်းစီ၊ အင်တာနက်ချိတ်ဆက်ပေးသူများ (သို့မဟုတ်) အင်တာနက်ဝန်ဆောင်မှု ပေးသူများအား လွန်ကဲများပြားသော ဒဏ်ငွေ(သို့မဟုတ်) ထောင်ဒဏ်ချမှတ်ခြင်းစသည့် မျှတဆီလျော်မှုမရှိသော ပြစ်ဒဏ်များချမှတ်ခြင်းမှ ရှောင်ကြဉ်သင့်သည်။

(ဆ) နိုင်ငံများသည် လုံခြုံမှု အခွင့်အရေးကို ချိုးဖောက်ပြီး ပုံနှိပ်ထုတ်ဝေခြင်းမတိုင်မီ ဆင်ဆာဖြတ် တောက်ခြင်းကို လွယ်ကူစွာ ပြုလုပ်ခံရစေနိုင်သည့် အွန်လိုင်းပေါ်ရှိ အကြောင်းအရာများအား "ကြိုတင်" စောင့်ကြည့်ခြင်း (သို့မဟုတ်) စစ်ထုတ်ခြင်းများကို ခွင့်ပြုသည့် ဥပဒေ မူဘောင်များ (သို့မဟုတ်) စည်းမျဉ်းစည်းကမ်းပုံစံများ အတည်ပြုပြဋ္ဌာန်း ခြင်းမှရှောင်ကြဉ်သင့်သည်။

(ဇ) နိုင်ငံများသည် လူတစ်ဦးချင်းစီ၊ အင်တာနက်ချိတ်ဆက်ပေးသူများနှင့် အင်တာနက်ဝန်ဆောင်မှု ပေးသူများအား ထုတ်ပြန်သည့် အကြောင်းအရာများနှင့်သက်ဆိုင်သည့် တောင်းဆိုမှုများအားလုံးကို အသေးစိတ်ဖော်ပြထားသည့် ပွင့်လင်းမြင်သာမှုရှိသည့် အစီရင်ခံစာများအား လူသိရှင်ကြားထုတ်ပြန်သင့်ပြီး လူထုအခြေပြုအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ရှေ့နေများ၊ ICT ကျွမ်းကျင်သူများနှင့် အခြားလွတ်လပ်သော မူဝါဒဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ (သို့မဟုတ်) နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများ အပါအဝင် အများပြည်သူထံမှ စစ်မှန်သော အကြံပေးမှုများကို သင့်လျော်သောဥပဒေမူဘောင်များ (သို့မဟုတ်) စည်းမျဉ်းစည်းကမ်း ပုံစံများအားလုံးတွင် ပါဝင်စေရမည်။[590]

(ဈ) နိုင်ငံများအနေဖြင့် အင်တာနက်ကို အလုံးစုံဖြတ်တောက်ခြင်းမှ ရှောင်ကြဉ်သင့်သည်။ စေ့စပ်ပြီး မျှတဆီလျော်ကာ ကန့်သတ်သော အပြုအမူဖြင့် အင်တာနက် လက်လှမ်းမီရရှိမှု (သို့မဟုတ်) အွန်လိုင်းဝန်ဆောင်မှုများ ရယူခွင့်အား တရားဝင် ရည်ရွယ်ချက်များအတွက် ခြွင်းချက်အခြေအနေများတွင် ကန့်သတ်သည့်အခါ နိုင်ငံများသည် ထိုကဲ့သို့သောကန့်သတ်ချက်များအတွက် အကြောင်းပြချက်များ နှင့် လူတစ်ဦးချင်းစီ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သတင်းအချက်အလက်ရရှိခွင့်၊ လုံခြုံရေး၊ စုဝေးသင်းဖွဲ့ခွင့်၊ ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင် လုပ်ကိုင်ခွင့်အခွင့်အရေးများကို ထိန်းသိမ်းပေးနိုင်သည့် လက်လှမ်းမီရရှိမှုအတွက် အစားထိုးအစီအမံများတို့ကို ရှင်းလင်းစွာနှင့် လူသိရှင်ကြား ထုတ်ပြန်သင့်သည်။

ဤအကြံပြုချက်များသည် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ (သို့မဟုတ်) ဥပဒေမူဘောင်များ သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ တင်မြင်ယူဆခွင့်၊ လုံခြုံမှုနှင့်

---

[590] (က) မှ (ဆ) သည် အထူးကိုယ်စားလှယ်၏ အစီရင်ခံစာမှ ထုတ်နုတ်ထားသည် ၊ A/HRC/38/35 ၊ စာပိုဒ် ၆၅ မှ ၆၉ ကိုကြည့်ပါ။

အွန်လိုင်းသတင်းအချက်အလက်ရရှိခွင့် အခွင့်အရေးများကို အလွန်အမင်းကန့်သတ်မှုများ ပြုလုပ်သောအခါ များစွာသက်ရောက်ခံရသည့် အွန်လိုင်းလုံခြုံမှု အခွင့်အရေးကို လေးစားရန် အစိုးရနှင့် ICT ကုမ္ပဏီများ၏ ကြိုးပမ်းမှုများနှင့်အတူတကွ လုပ်ဆောင် ရမည်ဖြစ်ပြီး ထိုလုပ်ဆောင်မှုကို အထောက်အကူလည်း ပြုလိမ့်မည်ဖြစ်သည်။

## ၆။ သုံးသပ်ချက်

ဒီမိုကရေစီစနစ် လည်ပတ်မှုအတွက် မရှိမဖြစ်လိုအပ်သော အများပြည်သူအကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များအပါအဝင် ပုဂ္ဂလိကနှင့် အများပြည်သူလူသိရှင်ကြား ထုတ်ဖော်ပြောဆိုမှုပုံစံ အားလုံးနီးပါးအတွက် အင်တာနက်သည် ဆက်သွယ်ရေး၊ ဆွေးနွေးငြင်းခုံမှုနှင့် ဆွေးနွေးမှုများအတွက် ပင်မစာမျက်နှာ/နေရာဖြစ်လာသည်။ အွန်လိုင်း (သို့မဟုတ်) အော့ဖ်လိုင်းမှ ပြုလုပ်သော၊ ပုဂ္ဂလိက(နှင့်/သို့မဟုတ်) အများပြည်သူဆိုင်ရာ ဆက်သွယ်ရေးများအကြား ခြားနားမှုများသည် ပိုမိုကျဉ်းမြောင်းလာသည်။

အခွင့်အရေးများကိုကာကွယ်ရန်ရေးဆွဲပြဋ္ဌာန်းထားသည့် ဥပဒေနှင့် စည်းမျဉ်း စည်းကမ်း မူဘောင်များသည် ကျင့်ဝတ်များ၊ ဥပဒေ၊ စီးပွားရေးနှင့် နည်းပညာ နယ်နိမိတ်များ နှင့် - ၎င်းတို့ အပြန်အလှန်သက်ရောက်ကာ ထိတွေ့ရင်ဆိုင်ရသည့် ဆိုက်ဘာနယ်ပယ်၏ အဆက်မပြတ် ပြောင်းလဲနေမှုနှင့် စဉ်ဆက်မပြတ် ဆင့်ကဲတိုးတက်ပြောင်းလဲမှုဖြစ်စဉ် အခြေအနေတွင် တည်ရှိနေသော မျက်မှောက်ခေတ် စိန်ခေါ်မှုများကို ထည့်သွင်းစဉ်းစားနိုင်ရန် ရုန်းကန်နေရလျက်ရှိ သည်။ မည်သို့ပင်ဖြစ်စေ အဓိက လူ့အခွင့်အရေး အခြေခံမှုများ၊ ဥပဒေရေးရာ တာဝန်ဝတ္တရားများနှင့် အခြားစံနှုန်းများသည် အွန်လိုင်းနှင့် အော့ဖ်လိုင်းတွင် အသုံးချရန် ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး အခြေခံမှုအနေဖြင့်လည်း ဆက်လက်ရှိနေသင့်သည်။ နည်းပညာအသစ်များကို ထိန်းကျောင်းသည့် ဥပဒေများတွင် လိုအပ်ချက်မည်သို့ပင်ရှိနေသော်လည်း ဤအစီရင်ခံစာတွင် ဖော်ပြထားသော အမှုဖြစ်ရပ်များနှင့် အခြေအနေများသည် ကောင်းမွန်စွာအခြေတည်ထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေကို ရိုးသားဖြောင့်မတ်စွာ အကောင်အထည်ဖော်ခြင်းဖြင့် ရိုးရှင်းစွာ ဖြေရှင်းမှုကို အထောက်အကူဖြစ်စေလိမ့်မည်။

ထို့ကြောင့် ဤအစီရင်ခံစာသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအနေဖြင့် အင်တာနက်ခေတ်၌ ထုတ်ဖော်ပြောဆိုမှုများ၊ သတင်းအချက်အလက်မျှဝေခြင်းနှင့် နိုင်ငံရေးတွင် ပါဝင်မှုတို့အပေါ် သက်ရောက်သည့် ဥပဒေရေးရာမူဘောင်များ ရေးဆွဲပြဌာန်းမှုနှင့် အကောင်အထည်ဖော်မှုတို့ကို အထောက်အကူပြု နိုင်သည့်နည်းလမ်းများအားဖောထုတ်ရန် ပိုမို၍ ပြည့်စုံပြီး အနာဂတ်အတွက် မျှော်မှန်းသော စကားဝိုင်း ပေါ်ပေါက်လာစေရေးအတွက် ကနဦးကြိုးပမ်းချက်တစ်ခုပင်ဖြစ်ပါသည်။

သတင်းအမှားများ၊ အမုန်းစကားနှင့် အွန်လိုင်းပေါ်တွင် အကြမ်းဖက်မှုများကို လှုံ့ဆော်ခြင်းတို့၏ ပြန့်ပွားမှု(သို့မဟုတ်) ဆိုက်ဘာတိုက်ခိုက်မှုတို့နှင့် ပတ်သက်သော စိုးရိမ်ပူပန်မှုများသည် ဖြေရှင်းရန် နည်းလမ်းများကို တောင်းဆိုသော ကြီးမားသောပြဿနာများပင် ဖြစ်သည်။ ဤခေတ်ပြိုင် ပြဿနာများသည် အရေးတကြီးနှင့် ထိရောက်သော အရေးယူဆောင်ရွက်မှုကို လိုအပ်ပြီး ထိုအရေးယူဆောင်ရွက်မှုသည် လူတစ်ဦးချင်းစီ၏ ဘဝရှင်သန်ခွင့်၊ လုံခြုံရေး၊ ရုပ်ခန္ဓာဆိုင်ရာ တည်ကြည်မှု နှင့် လုံခြုံမှု အခွင့်အရေးများအပါအဝင် သူတို့၏ အခွင့်အရေးများကိုလည်း ကာကွယ်စောင့်ရှောက်ပေးသည်။ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များအပေါ် သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားခြင်းမရှိပါက ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသည့် ထိုကဲ့သို့သော စိန်ခေါ်မှုများကို ရင်ဆိုင်ရန် အစိုးရများ၏ ပွင့်လင်းမှုမရှိသောနှင့် ရိုးသားဖြောင့်မတ်မှုမရှိသော ကြိုးပမ်းမှုများသည် ထိရောက်မှုရှိလိမ့်မည် မဟုတ်ဘဲ လူမှုရေးပျက်စီးယိုယွင်းမှုနှင့် ကြီးမားသော ကုန်ကျမှုတို့ကိုဖြစ်စေမည်ဖြစ်သည်။

ဉာဏ်ရည်အတုနှင့် အလိုအလျောက် ထောက်လှမ်းစောင့်ကြည့်ခြင်း နည်းပညာများအပါအဝင် ထောက်လှမ်းစောင့်ကြည့်ခြင်းနှင့် ထိန်းချုပ်ခြင်း နည်းပညာများ ပိုမိုတိုးတက်လာသည်နှင့်အမျှ အစိုးရများသည် တိုကဲ့သို့သော ထိန်းချုပ်မှုသည် ၎င်းတို့၏ရည်ရွယ်ချက်များနှင့် အံဝင်ခွင်ကျ ဖြစ်သည့်အခါ ပိုမိုကြီးမားသောထိန်းချုပ်မှုကို အသုံးပြုလာရန် သွေးဆောင်ခံရလိမ့်မည်။ ထိုနည်းပညာများ၏ သက်ရောက်မှုများအပေါ် လုံလောက်သော ထည့်သွင်းစဉ်းစားမှုမရှိဘဲ နိုင်ငံတော်အဆင့်နှင့် နိုင်ငံတကာအဆင့်တို့မှ ခေတ်နောက်ကျနေပြီဖြစ်သော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းမူဘောင်များနှင့် ယန္တရားများဖြစ်ပါက ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသော ချိုးဖောက်မှုအမျိုးအစားများသည် ပုံမှန်ဖြစ်နေကျအတိုင်း ကြီးစိုးဖြစ်ပွားလာလိမ့်မည်ဟူသော အန္တရာယ်ရှိနေပါသည်။ ဤအချက်သည် ကျွန်တော်တို့အား

လူ့အခွင့်အရေးအခြေခံမူများနှင့် နည်းလမ်းများကို ယခုပင် ထည့်သွင်းစဉ်းစားကြောင်း သေချာစေရန် အလွန်အရေးကြီးကြောင်း သိမြင်သဘောပေါက်စေ သည်။

ဤကိစ္စနှင့် ပတ်သက်၍ ထည့်သွင်းစဉ်းစားသင့်သည့် အောက်ပေါ် အဆုံးသတ်အချက်များကို ဖော်ပြလိုက်ရပါသည်။

**ပထမအချက်အနေဖြင့်** အင်တာနက်သည် တစ်ကမ္ဘာလုံးဆိုင်ရာ အတိုင်းအတာ၌ မကြုံစဖူး သတင်းအချက်အလက်စီးဆင်းမှုကို ဖွင့်ပေးခဲ့ပြီး နိုင်ငံတစ်နိုင်ငံရှိ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် (သို့မဟုတ်) သတင်းအချက်အလက်ရရှိခွင့်တို့ကို ချိုးဖောက်သော ပြည်တွင်းဥပဒေများသည် အခြား ဒေသများမှ လူတစ်ဦးတစ်ယောက်၏ အခွင့်အရေးများအပေါ် သေချာပေါက် အကျိုးသက်ရောက်မှု ရှိစေသည်။ ဆုံးဖြတ်ချက်များနှင့် နည်းပညာများသည် အများပြည်သူအပေါ်တွင် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှ လူတစ်ဦးသည် အင်တာနက်ဖြတ်တောက်မှုကြောင့် မလေးရှားနိုင်ငံရှိ ဆွေမျိုး တစ်ဦးနှင့် မဆက်သွယ်နိုင်ခြင်း (သို့မဟုတ်) အက်စ်တိုးနီးယားနိုင်ငံ အခြေစိုက် သတင်းထောက် တစ်ဦးသည် စင်ကာပူနိုင်ငံ၏ လုံခြုံရေးကို ထိခိုက်နစ်နာစေသည်ဟု ယူဆနိုင်သော ဆောင်းပါးကို ဖြန့်ချိခြင်းကြောင့် တရားစွဲဆိုခံရခြင်း စသည့်နယ်နိမိတ်များကို ကျော်လွန်၍ အကျိုးသက်ရောက်မှုရှိ စေသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတစ်နိုင်ငံမှ အွန်လိုင်းသတင်းအချက်အလက်များကို တင်းကြပ်စွာ စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်း (သို့မဟုတ်) အခြားတစ်နေရာတွင် အချက်အလက် များကို တည်ထောက်ထားရှိစေခြင်း များသည် အခြားတစ်နိုင်ငံရှိ လူပုဂ္ဂိုလ်များအား ဥပဒေရေးရာ ထိခိုက်လွယ်မှုများ (သို့မဟုတ်) ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ခံရစေနိုင်သည်။

**ဒုတိယအချက်အနေဖြင့်** အင်တာနက်သည် အချက်အလက် ခွဲခြမ်းစိတ်ဖြာမှု နည်းစနစ်များ အား လေ့ကျင့်သင်ကြားထားသော အာဏာပိုင်များလက်ထဲသို့ အချက်အလက် အမြောက်အများကို ပေးအပ်ခြင်းဖြင့် သတင်းအချက်အလက်များအပေါ် အမြတ်ထုတ်မှုကို ပိုမိုလွယ်ကူစွာ ပြုလုပ်နိုင်စေသည့် ကျယ်ပြန့်သော အချက်အလက် ကောက်ယူစုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို ပြုလုပ်နိုင်စွမ်းရှိစေသည်။ လူမှုကွန်ယက် စာမျက်နှာများတွင် 'ကြိုက်နှစ်သက်ခြင်း' သို့မဟုတ် 'မျှဝေခြင်း' သည် “နိုင်ငံတော်ကို ထိခိုက်နစ်နာစေသည်” ဟုယူဆနိုင်သော အကြောင်းအရာများကို သတင်းစာများမှတဆင့် ဖြန့်ဖြူးခြင်း (သို့မဟုတ်) ဖြန့်ဝေခြင်းများထက် ပိုမိုလျှင်မြန်စွာ ဖြန့်ဝေနေသည်။ ဥပမာအားဖြင့် အွန်လိုင်း

စာမျက်နှာများသည် “ ဘုရင်မင်းမြတ်အား စော်ကားသည်” ဟုယူဆရသော ဗီဒီယိုတစ်ခုကို ထိုစာမျက်နှာ၏ ပိုင်ရှင်မှ သိရှိခြင်း (သို့မဟုတ်) နားလည်သဘောပေါက်ခြင်းပင် မရှိဘဲ မိနစ်ပိုင်းအတွင်း၌ ဖြန့်ဝေနိုင်သည်။ အလွန်ကြီးမားသော သတင်းအချက်အလက်များသည် ဥပမာအားဖြင့် ဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး (သို့မဟုတ်) သယ်ယူပို့ဆောင်ရေးများကို တိုးတက်လာစေ ခြင်းအားဖြင့် လူသားများ၏ နေထိုင်မှု တိုးတက်လာစေရန် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများအတွက် အပြုသဘောဆောင်သည့် တိုးတက်မှုများကို ဖော်ထုတ်နိုင်သည့်အလားအလာရှိနေစဉ်တွင် ထိုအချက်အလက်များသည် လူတစ်ဦးချင်းစီ၏ အခွင့်အရေးကို စောင့်ကြည့်ထောက်လှမ်းရန်၊ ထိန်းချုပ်ရန်နှင့် ချိုးဖောက်ရန်အတွက် နိုင်ငံများ၏ ကြိုးကိုင်ခြယ်လှယ် (သို့မဟုတ်) အလွဲသုံးစားပြုမှုတို့ကို ခံရနိုင်သည်။

**တတိယအချက်အနေဖြင့်** ဤစာတမ်းတွင် ပါရှိသည့် အင်တာနက်ထိန်းချုပ်မှုနှင့် ထိန်းကျောင်းမှုများကို ခွင့်ပြုသည့် ဥပဒေရေးရာ မူဘောင်များအားလုံးသည် အစိုးရနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းအကြား မညီမျှသောယှဉ်ပြိုင်မှုအခင်းအကျင်းကို ဖန်တီးရန်အတွက် လည်ပတ်နေသည်။ အစိုးရများသည် မှားမှားမှန်မှန် မည်သို့သော သတင်းအချက်အလက်များကိုမဆို အွန်လိုင်းပေါ်တွင် လွတ်လပ်စွာထုတ်လွှင့်နိုင်ပြီး “နိုင်ငံတော်လုံခြုံရေး” (သို့မဟုတ်) "ငြိမ်ဝပ်ပိပြားရေး" ဆင်ခြေကန်ကာ “မရှိမဖြစ် လိုအပ်သည်” (သို့မဟုတ်) "သင့်လျော်မှုရှိသည်"ဟု ၎င်းတို့ယူဆပါက လူပုဂ္ဂိုလ် တစ်ဦးချင်းစီ၏ မည်သည့်အချက်အလက်ကိုမဆို လွတ်လပ်စွာ လုပ်ပိုင်ခွင့်ရှိနေစဉ်တွင် လူတစ်ဦး ချင်းစီသည် အွန်လိုင်းပေါ်တွင် ပစ်မှတ်ထားကာ ထိန်းချုပ်ခံရခြင်းနှင့် အင်တာနက်အသုံးပြုခွင့် ပိတ်ပင်ခံရခြင်းတို့ကို ခံရနိုင်သည်။ သာမန်အရပ်သားတစ်ဦးတွင် ၎င်းနှင့်ပတ်သက်သော အွန်လိုင်းပေါ်တွင် ရရှိနိုင်သည့် သတင်းအချက်အလက်များ၏ အတိုင်းအတာအပြည့်အဝကို လေ့လာစိစစ်နိုင်ရန် (သို့မဟုတ်) နားလည်နိုင်ရန်ပင် အရင်းအမြစ်အနည်းငယ်သာ ရှိနေပြီး လွန်ခဲ့သောနှစ်များက ပြောဆိုခဲ့သည့် (သို့မဟုတ်) ပို့စ်တင်ခဲ့သည့် အရာများအတွက် အလွယ်တကူပင် ပစ်မှတ်ထားခံရနိုင်သေးသည်။

**နောက်ဆုံးအနေဖြင့်** ယနေ့ခေတ်အင်တာနက်သည် နိုင်ငံများအနေဖြင့် နိုင်ငံရေးသြဇာ လွှမ်းမိုးမှု၊ အာဏာနှင့် ထိန်းချုပ်မှုတို့အတွက် ကမ္ဘာလုံးဆိုင်ရာကုမ္ပဏီကြီးများ အထူးသဖြင့်

နည်းပညာ ကုမ္ပဏီကြီးများနှင့် ယနေ့ခေတ်တွင် ထိပ်တိုက်ရင်ဆိုင်နေရသည့် အဓိကနယ်ပယ် အခင်း အကျင်းတစ်ရပ်ဖြစ်ကာလာ ထိုရင်ဆိုင်နေရသည့် လုပ်ငန်းစဉ်အတွင်း လူတစ်ဦးချင်းစီ၏ ထင်မြင်ယူဆချက်/အသံများနှင့် စိုးရိမ်ပူပန်မှုများကို တဖြည်းဖြည်း တိမ်မြုပ်ပျောက်ကွယ်လာလေသည်။ ယနေ့ခေတ်တွင် လုံခြုံရေးကို ကာကွယ် စောင့်ရှောက်ရန် နိုင်ငံများ၏ တာဝန်ဝတ္တရားသည် နိုင်ငံတော်အာဏာပိုင်များထံတွင်သာ လုံးလုံးလျားလျားရှိသည်သာ မဟုတ်တော့ဘဲ နည်းပညာကုမ္ပဏီကြီးများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ထိုနည်းပညာ ကုမ္ပဏီကြီးများ၏ လုပ်ငန်းလည်ပတ်မှုများအပေါ် ကန့်သတ်မှုများကိုလည်း နိုင်ငံတော်၏ ရည်မှန်းချက်များကို အကျိုးသက်ရောက်စေရန်အတွက် တိုး၍လိုအပ်မှုရှိလာသည်။ ၂၀၁၇ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံအစိုးရသည် ဆီလီကွန်တောင်ကြားနှင့်ပတ်သက်ပြီး နိုင်ငံတော်၏ အကျိုးစီးပွားကို ကိုယ်စားပြုရန်နှင့် နိုင်ငံ၏ လူမှုအသိုင်းအဝိုင်းအပေါ် နည်းပညာ၏ သက်ရောက် မှုများကို ဩဇာလွှမ်းမိုးရန်ကြိုးပမ်းမှုအတွက် နည်းပညာလုပ်ငန်းနယ်ပယ်ဆိုင်ရာ သံအမတ်ကြီး တစ်ဦးကို ခန့်အပ်သည့် ကမ္ဘာပေါ်တွင် ပထမဦးဆုံးသော နိုင်ငံဖြစ်လာခဲ့သည်။ သံအမတ်ကြီး Casper Kynge မှ ပြောကြားခဲ့သည်မှာ "ကျွန်တော်တို့၏ တန်ဖိုးများ၊ ကျွန်ုပ်တို့၏အဖွဲ့အစည်းများ၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးများသည် နည်းပညာအသစ်များ ပေါ်ပေါက်လာခြင်းကြောင့် ယခု အချိန်တွင် စိန်ခေါ်မှုများရှိနေပြီဖြစ်သည်။ ဤကုမ္ပဏီများသည် စီးပွားရေးအကျိုးအမြတ်ရှိသော ကုမ္ပဏီများအဖြစ်မှ မြေပြင်တွင်လွှမ်းမိုးမှု (de facto) အမှန်တကယ်ပင်ရှိသော နိုင်ငံခြားရေး မူဝါဒဆိုင်ရာ လှုပ်ရှားသူများဖြစ်လာနေပြီ ဖြစ်သည်။" ဤခေတ်ပြိုင် ပြောင်းလဲမှုအရွေ့တွင် နိုင်ငံများကြောင့်သာမက ကမ္ဘာလုံးဆိုင်ရာ အတိုင်းအတာတွင် လည်ပတ်လုပ်ကိုင်နေသော ကုမ္ပဏီများကြောင့်ပါ အခွင့်အရေးများ ထိခိုက်ပျောက်ပျက်စီးစေနိုင်ချေရှိနေသည်။

၂၁ ရာစုတွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုသည် ဥပဒေရေးရာ၊ လူ့အခွင့်အရေး ဆိုင်ရာနှင့် ICT ကျွမ်းကျင်သူများ၊ ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာ အာဏာပိုင်များစသည်တို့နှင့် အပြည့်အဝတိုင်ပင်ဆွေးနွေးရ မည်ဟု သတ်မှတ်ထားသော အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စည်းမျဉ်းစည်းကမ်းမူဘောင်များကိုချမှတ်ရန်လိုလာပြီးဖြစ်သည်။ ထိုသို့ ချမှတ်ရာတွင် ကမ္ဘာလုံးဆိုင်ရာ အတိုင်းအတာတွင် လည်ပတ်လုပ်ကိုင်နေသော နည်းပညာကုမ္ပဏီများ၏ ပူးပေါင်းပါဝင်မှုကိုရယူခြင်းဖြင့် ထိရောက်စွာအောင်မြင်ပြီးမြောက်နိုင်မည်ဖြစ်သည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရရှိခွင့်တို့ကို အွန်လိုင်းပေါ်တွင် ကာကွယ်ရန်သာမက အမုန်းစကားများပြန့်ပွားခြင်း၊ အွန်လိုင်းပေါ်တွင် အကြမ်းဖက်မှုကို လှုံ့ဆော်ခြင်းနှင့် လုပ်ကြံသတင်း/သတင်းအချက်အလက်အမှားများ၊ ဆိုက်ဘာတိုက်ခိုက်မှုများနှင့် အခြားဆိုက်ဘာရာဇဝတ်မှုများကြောင့် ဖြစ်ပေါ်လာသောခြိမ်းခြောက်မှုများမှ ကာကွယ်ရန် အတွက်ပါ လူ့အခွင့်အရေးများကို အွန်လိုင်းပေါ်တွင် ကာကွယ်ရန်လိုအပ်ပါသည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရရှိခွင့်တို့ကို ထိန်းကျောင်းသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးမူဘောင်သည် ယနေ့အချိန်တွင် အရေးတကြီး သက်ဆိုင်နေပြီး ဤအစီရင်ခံစာတွင်ပါရှိသည့် ဥပဒေ မူဘောင်များနှင့် အရှေ့တောင်အာရှရှိ အစိုးရများမှ ထိုမူဘောင်များအား လူတစ်ဦးချင်းစီ၏ အခြေခံလွတ်လပ်ခွင့်များကို အာဏာသုံး၍ ထိန်းချုပ် ရန်အတွက် အလွဲသုံးစားပြုမှုများနှင့် ပတ်သက်၍ လုံလောက်သည်ထက်ပိုသော လမ်းညွှန်ချက် များကိုပေးထားပါသည်။ ဤဥပဒေမူဘောင်များသည် နည်းလမ်းအမျိုးမျိုးဖြင့် ရည်ရွယ်ချက်နှင့် ကိုက်ညီမှုမရှိကြောင်းကို ပြသခဲ့ပြီး တရားဥပဒေစိုးမိုးရေး အတွက်လိုအပ်သော တရားဝင်မှု၊ မရှိမဖြစ်လိုအပ်မှုနှင့် မျှတဆီလျော်မှုဆိုင်ရာ အခြေခံမှုများနှင့်အညီ စစ်မှန်သောရည်ရွယ်ချက်များ ပြဌာန်း ဆောင်ရွက်နိုင်ခြင်း မရှိပါ။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအရ နိုင်ငံများ၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းမှုကိုဦးတည်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် သတင်းအချက်အလက်ရရှိခွင့်တို့ကို ထိန်းကျောင်းသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အခြေခံမှုများနှင့် ကိုက်ညီစေရန် ဤဥပဒေမူဘောင်များကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း (သို့မဟုတ်) အခြားနည်းဖြင့် ပြုပြင်ခြင်းများ ပြုလုပ်သင့်ပေသည်။

## ၇။ နောက်ဆက်တွဲ

## ဤအစီရင်ခံစာတွင် ရည်ညွှန်းထားသော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေ ကြမ်းများ

(အစီရင်ခံစာတွင် ပါဝင်လာသည့် အစဉ်အလိုက်)

| | |
|---|---|
| ဘရူနိုင်းဒါရူဆလမ်နိုင်ငံ | - ၁၉၄၈ ခုနှစ် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေ |
| | - ၁၉၈၂ ခုနှစ် ပြည်တွင်းလုံခြုံရေး အက်ဥပဒေ |
| | - ၁၉၇၄ ခုနှစ် ဆက်သွယ်ရေး အက်ဥပဒေ |
| ကမ္ဘောဒီးယားနိုင်ငံ | ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ |
| | ပြန်ကြားရေး ဝန်ကြီးဌာန ၊ ပြည်ထဲရေး ဝန်ကြီးဌာန နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနတို့မှ အတည်ပြုသည့် ၂၀၁၈ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမိန့် (Inter-ministerial order (prakas)) |
| | ဆိုက်ဘာရာဇဝတ်မှုဆိုင်ရာ ဥပဒေ မူကြမ်း (ဥပဒေ သက်ဝင်မှုမရှိသေး) |
| အင်ဒိုနီးရှားနိုင်ငံ | ရာဇသတ်ကြီး |
| | ၂၀၀၈ ခုနှစ် အီလက်ထရောနစ် သတင်းအချက်အလက်နှင့် အရောင်းအဝယ်ဥပဒေ |
| လာအိုပြည်သူ့သမ္မတနိုင်ငံ | ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ |
| | အင်တာနက်ပေါ်တွင် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ အမိန့်အမှတ် ၃၂၇ |
| | ၂၀၁၉ ခုနှစ် “လူမှုကွန်ယက်စာမျက်နှာများတွင် လုပ်ကြံသတင်း/ သတင်းအချက်အလက်အမှားများပြန့်ပွားမှုကို ထိန်းချုပ်ခြင်း” ဆိုင်ရာ အစိုးရ၏အမိန့် |
| | ၂၀၁၅ ခုနှစ် ဆိုက်ဘာရာဇဝတ်မှု တားဆီးရေးနှင့် တိုက်ဖျက်ရေးဥပဒေ |
| | ၂၀၀၈ ခုနှစ် ပြန်လည်ပြင်ဆင်ထားသော မီဒီယာဥပဒေ |
| မလေးရှားနိုင်ငံ | ၁၉၄၈ ခုနှစ် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေ |
| | ၂၀၁၅ ခုနှစ် နိုင်ငံတော်အပေါ် အကြည်အညိုပျက်စေမှု အက်ဥပဒေ (ပြန်လည်ပြင်ဆင်ချက်) |
| | ၁၉၉၈ ခုနှစ် ဆက်သွယ်ရေးနှင့် မာလ်တီမီဒီယာအက်ဥပဒေ |
| | ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ |
| | ၂၀၁၈ ခုနှစ် သတင်းအမှား ဆန့်ကျင်ရေးအက်ဥပဒေ (AFNA) (ယခုဖျက်သိမ်းရန် အချိန်တန်နေပြီ) |

| | |
|---|---|
| မြန်မာနိုင်ငံ | ရာဇသတ်ကြီး |
| | ၂၀၁၃ ခုနှစ် ဆက်သွယ်ရေး အက်ဥပဒေ |
| | ၁၉၂၃ ခုနှစ် တရားဝင် လျှို့ဝှက်ချက်များဆိုင်ရာ အက်ဥပဒေ |
| ဖိလစ်ပိုင်နိုင်ငံ | ပြန်လည်ပြင်ဆင်ထားသော ရာဇသတ်ကြီး |
| | ၂၀၁၂ ခုနှစ် ဆိုက်ဘာရာဇဝတ်မှု ကာကွယ်ရေးအက်ဥပဒေ |
| | 'မှားယွင်းသော အကြောင်းအရာ ဆန့်ကျင်ရေး' ဥပဒေကြမ်း (ဥပဒေ သက်ဝင်မှုမရှိသေး) |
| စင်ကာပူနိုင်ငံ | ရာဇသတ်ကြီး |
| | ၂၀၁၄ ခုနှစ် အသရေဖျက်မှုအက်ဥပဒေ |
| | တရားမျှတမှု စီမံခန့်ခွဲမှု (ကာကွယ်ခြင်း) အက်ဥပဒေ |
| | ၂၀၁၉ ခုနှစ် အွန်လိုင်းပေါ်မှ အမှားများနှင့် ကြိုးကိုင်ခြယ်လှယ်ခြင်းတို့မှ ကာကွယ်ခြင်း အက်ဥပဒေ |
| ထိုင်းနိုင်ငံ | ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ |
| | ကွန်ပြူတာနှင့်ဆိုင်သောပြစ်မှုများအက်ဥပဒေ B.E. 2560 (2017) |
| | တရားမကျင့်ထုံးဥပဒေ |
| | ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးဆိုင်ရာ ပြဋ္ဌာန်းဥပဒေ |
| | ၂၀၁၉ ခုနှစ် ဆိုက်ဘာလုံခြုံရေးအက်ဥပဒေ B.E. 2562 |
| ဗီယက်နမ်နိုင်ငံ | ၁၉၉၉ ခုနှစ် ရာဇသတ်ကြီး |
| | ၂၀၁၅ ခုနှစ် ရာဇသတ်ကြီး |
| | ၂၀၁၈ ခုနှစ် ဆိုက်ဘာလုံခြုံရေး ဥပဒေ |
| | ၂၀၁၃ ခုနှစ် အင်တာနက် ဝန်ဆောင်မှုနှင့် အွန်လိုင်းသတင်းအချက်အလက်များကို စီမံခန့်ခွဲခြင်း၊ ထောက်ပံ့ခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ အမိန့်အမှတ် ၇၂ |

| | |
|---|---|
| | ၂၀၁၈ ခုနှစ် ဆိုက်ဘာလုံခြုံရေးဥပဒေကို အကောင်အထည်ဖော်သည့် အမိန့်မူကြမ်း |

## ဤအစီရင်ခံစာတွင် ရည်ညွှန်းထားသော အမှုဖြစ်ရပ်များတွင် အောက်ပါ လူပုဂ္ဂိုလ်များ ပါဝင်သည် :

- Alexander Adonis

- Angkhana Neelapaijit

- Anindya Joediono

- Anuphong Phanthachayangkun

- Asheeq Ali Sethi Alivi

- Alex Au

- Ali Abd Jalil

- Arun Kasi

- Azham Akhtar Abdullah

- Ban Samphy

- Brad Bowyer

- Clare Rewcastle Brown

- Daniel De Costa

- Dao Quang Thuc

- Eric Liew

- Eric Paulsen

- Eugene Thuraisingam

- Fadiah Nadwa Fikri

- Fahmi Reza

- Houayheuang Xayabouly

- Isma-ae Tae

- John Tan

- Jolovan Wham

- Karn Pongpraphapan

- ကေခိုင်ထွန်း

- Khalid Mohd Ismath

- Kheang Navy

- ကိုဆွေဝင်း

- Kovit Wongsurawat

- ကျော်စိုးဦး

- Le Van Sinh

- Leni Robredo

- Li Shengwu

- Lod Thammavong

- Maria Ressa

- မောင်ဆောင်းခ

- မင်းထင်ကိုကိုကြီး

- Muhammad Amirul Azwan Mohd Shakri

- နန်းဝင်း

- Ngamsuk Rattanasatiean

- Nguyen Nang Tinh

- Nguyen Ngoc Anh

- Nguyen Quoc Duc Vuong

- Nguyen Van Cong Em

- Nguyen Van Phuoc

- Nur Alia Astaman

- ငြိမ်းချမ်းစိုး

- Pai Dao Din

- ပိုင်ဖြိုးမင်း

- ပိုင်ရဲသူ

- Pham Xuan Hao

- Phongsak

- Roy Ngerng

- Reynaldo Santos Jr.
- S. Arutchelvan
- Sarinee Achavanuntakul
- Sasiwimol
- Shahiransheriffuddin
- Somphone Phimmasone
- Soukane Chaithad
- ဆုရတနာမြင့်
- Suchanee Rungmuanporn
- Sutharee Wannasiri
- Suthasinee Kaewleklai
- Terry Xu
- Thanakorn
- Thiansutham
- Uon Chhin
- Vichai
- ဝလုံး
- Wan Ji Wan Hussin
- Watana Muangsook

- Yeang Sothearin
- ဇော်လင်းထွဋ်
- ဇေယျာလွင်
- Zunar

## Commission Members

March 2021 (for an updated list, please visit www.icj.org/commission)

**President:**

Prof. Robert Goldman, United States

**Vice-Presidents:**

Prof. Carlos Ayala, Venezuela

Justice Radmila Dragicevic-Dicic, Serbia

**Executive Committee:**

Justice Sir Nicolas Bratza, UK

Dame Silvia Cartwright, New Zealand

(Chair) Ms Roberta Clarke, Barbados-Canada

Mr. Shawan Jabarin, Palestine

Ms Hina Jilani, Pakistan

Justice Sanji Monageng, Botswana

Mr Belisário dos Santos Júnior, Brazil

**Other Commission Members:**

Professor Kyong-Wahn Ahn, Republic of Korea
Justice Chinara Aidarbekova, Kyrgyzstan
Justice Adolfo Azcuna, Philippines
Ms Hadeel Abdel Aziz, Jordan
Mr Reed Brody, United States
Justice Azhar Cachalia, South Africa
Prof. Miguel Carbonell, Mexico
Justice Moses Chinhengo, Zimbabwe
Prof. Sarah Cleveland, United States
Justice Martine Comte, France
Mr Marzen Darwish, Syria
Mr Gamal Eid, Egypt
Mr Roberto Garretón, Chile
Ms Nahla Haidar El Addal, Lebanon
Prof. Michelo Hansungule, Zambia
Ms Gulnora Ishankanova, Uzbekistan
Ms Imrana Jalal, Fiji
Justice Kalthoum Kennou, Tunisia
Ms Jamesina Essie L. King, Sierra Leone
Prof. César Landa, Peru
Justice Ketil Lund, Norway
Justice Qinisile Mabuza, Swaziland
Justice José Antonio Martín Pallín, Spain
Prof. Juan Méndez, Argentina
Justice Charles Mkandawire, Malawi
Justice Yvonne Mokgoro, South Africa
Justice Tamara Morschakova, Russia
Justice Willly Mutunga, Kenya
Justice Egbert Myjer, Netherlands
Justice John Lawrence O'Meally, Australia
Ms Mikiko Otani, Japan
Justice Fatsah Ouguergouz, Algeria
Dr Jarna Petman, Finland
Prof. Mónica Pinto, Argentina
Prof. Victor Rodriguez Rescia, Costa Rica
Mr Alejandro Salinas Rivera, Chile
Mr Michael Sfard, Israel
Prof. Marco Sassoli, Italy-Switzerland
Justice Ajit Prakash Shah, India
Justice Kalyan Shrestha, Nepal
Ms Ambiga Sreenevasan, Malaysia
Justice Marwan Tashani, Libya
Mr Wilder Tayler, Uruguay
Justice Philippe Texier, France
Justice Lillian Tibatemwa-Ekirikubinza, Uganda
Justice Stefan Trechsel, Switzerland
Prof. Rodrigo Uprimny Yepes, Colombia

International
Commission
of Jurists

P.O. Box 91
Rue des Bains 33
CH 1211 Geneva 8
Switzerland

**t** +41 22 979 38 00
**f** +41 22 979 38 01
www.icj.org